# နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်

## အရှင်ပဏ္ဍိတာဘိဝံသ

လွင်သစ္စာ စာပေ

အမှတ်–၃၈၊ မလွှကုန်းလမ်း၊ ကျော့ကက်ခြောင်း၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း–၅၄၁၄၂၁

## ဒို့တာဝန်အရေးသုံးပါး


| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



"မဟာဗောဓိဆရာတော်
နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ရေးသားနေပုံ"

# နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❒ | ၇၇၉/၂၀၀၀ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❒ | ၇၁/၂၀၀၁ (၁) |
| ထုတ်ဝေသူ | ❒ | ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)<br>မင်္ဂလာဒုံ။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ❒ | ဦးထွန်းစိန် (မြဲ-၀၃၆၃)<br>နဂါးမင်းပုံနှိပ်တိုက်<br>အမှတ်-၁၇၅၊ ၃၆-လမ်း<br>ကျောက်တံတားမြို့နယ်။ |

၂၀၀၁-ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ (၅၀၀)

တန်ဖိုး ၄၅၀ ကျပ်

ရန်ကုန်မြို့
မဟာဗောဓိ-ပရိယတ္တိစာသင်တိုက်
နာယကဆရာတော်
အရှင်ပဏ္ဍိတာဘိဝံသ
စီစဉ်ရေးသားအပ်သော

# နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်

# နိဒါန်း

## နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင် ရေးသားရခြင်းအကြောင်း

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် ရေးသားရကြောင်းမှာ မြန်မာနိုင်ငံအနှံ့ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ ဆင်နွှဲ ကျင်းပနေကြပါသည်။ စာရေးသူတို့ သီတင်းသုံးနေထိုင်ရာ ရန်ကင်းမြို့နယ် ဆိုလျှင် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံ အဖွဲ့မှ ဦးဆောင်လျက် ၁၃၂၇ ခုနှစ်မှ စ၍ နှစ်စဉ်နှစ်တိုင်း နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ စည်ကား သိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၃၅ နှစ်ပင် ရှိပြီ ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်းပင် ရပ်ကွက် အသီးသီးမှာ မိမိတို့ မဲကျရာ ဘုရား သီတင်းသုံးရန် ယာယီ စံကျောင်း မဏ္ဍပ် ဆောက်လုပ်၍ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့မှ စ၍ ၁၅ ရက်နေ့ အထိ ငါးရက် တိုင်တိုင် ပူဇော်ကြပါသည်။ ၎င်းရက်များ အတွင်း ဘုရားရှင် ယာယီ သီတင်းသုံးတော်မူရာ စံကျောင်းမဏ္ဍပ်မှာ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဘုရားရှိခိုးခြင်း၊ ပရိတ် ဓမ္မစကြာတရားများကို ရွတ်ပွား ပူဇော်ခြင်း၊ ကျွေးမွေးဧည့်ခံခြင်း စသော ကောင်းမှုအမျိုးမျိုး ပြုလုပ်ကြသည်မှာ လွန်စွာ ကြည်နူးဖွယ် ကောင်းလှပါသည်။

တန်ဆောင်မုန်းလပြည့်နေ့မှာမူ မိမိတို့ ရပ်ကွက်အသီးသီးသို့ ပင့်ဆောင် ပူဇော်ထားသည့် ဘုရားရှင်များကို အမြဲတမ်း သီတင်းသုံးတော်မူရာ (၁၅) ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံသို့ ပြန်လည် ပင့်ဆောင်သည့် အခမ်းအနား ကျင်းပပါသည်။ ယင်းသို့ ပြန်လည် ပင့်ဆောင်ရာမှာ လည်း မိမိတို့ ရပ်ကွက်မှ အမြဲတမ်း သီတင်းသုံးတော်မူရာ နှစ်ကျိပ်

ရှစ်ဆူ ဓမ္မာရုံသို့ ပြန်လည် ပင့်ဆောင်ရုံမျှ မဟုတ်ဘဲ မိမိတို့ ရပ်ကွက် အသီးသီးမှ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံမှ မဲကျရာ နံပါတ်စဉ်အတိုင်း တစ်မြို့နယ်လုံးအနှံ့ လပြည့်နေ့ တစ်ညလုံး နီးပါး အတီးအမှုတ် အကအခုန်များဖြင့် စည်ကား သိုက်မြိုက်စွာ စီတန်း လှည့်လည် ပူဇော်ကြပါသည်။ မပျောက်ပျက်အောင် အမြဲတမ်း ထိန်းသိမ်းထားသင့်သည့် ဘာသာရေးပွဲတော်တစ်ခု ဖြစ်ပါသည်။ ယခုမူ ရန်ကုန်မြို့တော်တွင် မြို့နယ်အသီးသီးမှာ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ ကျင်းပနေကြသည်ကို ကြားသိနေရပါသည်။ နယ်များမှာလည်း နှစ်ကျိပ် ရှစ်ဆူ ပူဇော်ပွဲ ကျင်းပနေကြကြောင်း သတင်းစာများတွင် ဖတ်ရှုရ သဖြင့် လွန်စွာ ဝမ်းမြောက် ကြည်နူးမှု ဖြစ်ရပါသည်။

သို့သော် မိမိတို့ ပူဇော်သော ဘုရားရှင်၏ ဖြစ်စဉ်ဗုဒ္ဓဝင်ကို သိရှိသူ နည်းပါးလိမ့်မည် ထင်ပါသည်။ သိရှိ နားလည်မှုရှိပြီး ပူဇော်ခြင်း နှင့် မသိရှိ နားမလည်ဘဲ ပူဇော်ခြင်းသည် ကုသိုလ်တရား ဖြစ်ပွားမှု လေးနက်မှု ကွာခြားပါသည်။ သို့ဖြစ်၍ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ကြသူတိုင်း မိမိတို့ ပူဇော်သည့် ဘုရားရှင်၏ ဖြစ်စဉ်ဗုဒ္ဓဝင်ကို သိသင့်ပါသည်။ ထိုသို့ သိရှိနိုင်ကြစေရန် စေတနာအရင်းခံဖြင့် ဤ 'နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်' ကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ အကြံပြုလိုသည်မှာ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ကြသူတိုင်း မိမိတို့ ပူဇော်သည့် ဘုရားရှင်၏ ဖြစ်စဉ် ဗုဒ္ဓဝင်ကို ဦးဆောင်သူ တစ်ဦးဦးက ရှေးဦးစွာ ဖတ်ပြပြီး ပူဇော်ကြမည် ဆိုလျှင် ပို၍ လေးနက်မှုရှိပြီး ပို၍ သဘာဝကျမည် ထင်ပါသည်။ မိမိတို့၏ စိတ်အာရုံတွင်လည်း ပို၍ ကြည်နူးမှု ဖြစ်နိုင်ပါ သည်။ သို့ဖြစ်ပါ၍ ယင်းသို့ ပူဇော်ကြပါရန် အကြံပြု တင်ပြအပ်ပါသည်။

## နှစ်ကျိပ်ရှစ်ဆူ ဆိုသော်လည်း ၂၅ ဆူကိုသာ ဘုရား ဟောတော်မူခြင်း

'နှစ်ကျိပ်ရှစ်ဆူ နှစ်ကျိပ်ရှစ်ဆူ' ဟု ပြောစမှတ် ပြုနေကြ သော်လည်း ဂေါတမဘုရားသည် မိမိနှင့် တကွ မိမိ နိယတဗျာဒိတ် ခံယူတော်မူခဲ့ရာ ဒီပင်္ကရာမှ စ၍ နှစ်ဆယ့်ငါးဆူသော ဘုရားရှင်တို့၏

ဖြစ်စဉ်ဗုဒ္ဓဝင်ကိုသာ ဟောတော်မူခဲ့ပါသည်။ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဟူသော ဘုရားရှင် သုံးဆူတို့၏ ဖြစ်စဉ်ဗုဒ္ဓဝင်ကို ဘုရားဟောတော်မမူခဲ့ပါ။ အဘယ်ကြောင့် ဟောတော်မမူပါသနည်းဟူမူ–ထို ဘုရားရှင်တို့ အထံတော်၌ နိယတဗျာဒိတ်ပန်း ဆင်မြန်း ပန်ဆင်မှု မပြုခဲ့သောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ရှေးအဋ္ဌကထာ၌ ဒီပင်္ကရာဘုရားရှင်နှင့် တကွ တစ်ကမ္ဘာတည်း အတူ ပွင့်တော်မူကြကုန်သော ဘုရားရှင် အားလုံးတို့ကို ညွှန်ပြခြင်းငှာ အောက်ပါ ဂါထာများကို မိန့်ဆိုထားပါသည်။

တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော၊
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။
မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ၊
အနောမဒဿီ ပဒုမော၊ နာဒရော ပဒုမုတ္တရော။
သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော၊
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။
တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခိ ဝေဿဘူ၊
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါစာပိ နာယကော။
ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ၊
သတရံသီဝ ဥပ္ပန္နာ၊ မဟာတမဝိနောဒနာ၊
ဇလိတွာ အဂ္ဂိက္ခန္ဓာဝ၊ နိဗ္ဗုတာ တေ သသာဝကာ။

သို့ဖြစ်၍ ဒီပင်္ကရာ ဘုရားရှင်နှင့် တကွ တစ်ကမ္ဘာတည်း အတူ ပွင့်တော်မူကြသော တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားရှင်များကို ထည့်သွင်း ရေတွက်၍ 'နှစ်ကျိပ်ရှစ်ဆူ' ဟု အမှတ်ပြုကာ ပြောဆိုနေကြခြင်း ဖြစ်ပါသည်။ (အပ၊ ဌ၊ ၁၊ ၅၄။ ဗုဒ္ဓဝံ၊ ဌ၊ ၁၅၉။ စရိယာ၊ ဌ၊ ၁၄။ ဇာ၊ ဌ၊ ၁၊ ၅၂။)

## မြတ်စွာဘုရားဂုဏ် ပွားများထုံ ကောင်းကျိုးအဖုံဖုံ

ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးသွင်း ပွားများခြင်းဖြင့် အမျိုးမျိုးအဖုံဖုံသော ကောင်းကျိုးတရားများကို ရရှိနိုင်ပါသည်။ ဘုရားရှင် အာရုံရှိသော ပီတိအဟုန်ဖြင့် ကောင်းကင်သို့ပင် ပျံတက်နိုင်ပါသည်။ သာဓက တင်ပြပါမည်။ သီဟိုဠ်ကျွန်းဝယ် ပုဏ္ဏဝလ္လိကာ အရပ်၌ သီတင်းသုံးနေသော မဟာတိဿမထေရ်သည် လပြည့်နေ့ ညချမ်းအချိန်၌ ပုဏ္ဏဝလ္လိကာကျောင်းတိုက် အတွင်းရှိ စေတီ ရင်ပြင်သို့ သွားရောက် ဖူးမြော်၍ လရောင်ကို ကြည့်ကာ မဟာစေတီတော်ကို အာရုံရှေးရှု ကောင်းစွာပြုလျက် ယခုအချိန်မှာမူ ပရိသတ်လေးပါးတို့သည် မဟာစေတီတော်ကို ကောင်းစွာ တုပ်ဝပ် ရှိခိုးနေကြယောင် တကားဟု ရှေးက မြင်ဖူးသော မဟာစေတီမြတ်အာရုံ စိတ်၌ ထုံကာ ပွားများနေစဉ်မှာပင် ဥဗ္ဗေဂါပီတိ၏ အစွမ်းဖြင့် ကိုယ်သည် ကောင်းကင်သို့ ပျံတက်၍ မဟာစေတီ ရင်ပြင်သို့ ရောက်သွားလေသည်။

**ထိုမှတစ်ပါး**

သီဟိုဠ်ကျွန်း ဂိရိကဏ္ဍကကျောင်းတိုက် ဘုရားပွဲသဘင် ဆင်ယင် ကျင်းပလေသည်။ ဘုရားပွဲ ဆိုသော်လည်း မြန်မာပြည်မှ ဘုရားပွဲများကဲ့သို့ ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့် ရောထွေးစွာ ကျင်းပသည် မဟုတ်၊ ပန်း ဆီမီးတို့ဖြင့် ပူဇော်ခြင်း၊ ဘုရားဝတ်ပြုခြင်း၊ ရဟန်းသံဃာတော်တို့က တရားဓမ္မ ရွတ်ပွား သရဇ္ဈာယ်ခြင်း စသည်ဖြင့် ကုသိုလ်မှု သက်သက်ပြုသည့် ဘုရားပွဲမျိုး ဖြစ်ပါသည်။ ထိုအချိန် အခါဝယ် ဂိရိကဏ္ဍကကျောင်းတိုက်၏ ဆွမ်းခံရွာ ဖြစ်သော ဝတ္တကါလက ရွာနေ အမျိုးသမီး တစ်ယောက်သည် မိဘများနှင့်အတူ ဘုရားဖူး လိုက်ပါလိုသော်လည်း မိဘများက "ချစ်သမီး... ညည်းမှာ ကိုယ်လေး လက်ဝန် ရှိနေတယ်၊ အချိန်မတော် သွားလို့ လာလို့ မတော်ဘူး။ သမီးအတွက်လည်း ကုသိုလ်ပြုခဲ့ပါမယ်။ အိမ်မှာ နေရစ်ခဲ့ပါ" ဟု ပြောဆို၍ ဘုရားဖူး သွားကြသည်။

ထိုအမျိုးသမီးသည် ဘုရားဖူး လိုက်လိုသော်လည်း မိဘတို့၏ စကားကို မပယ်လှန်ဝံ့သဖြင့် အိမ်တွင် ကျန်ရစ်ခဲ့ရသည်။ အမျိုးသမီးသည် အိမ်တံခါးဝ၌ ရပ်လျက် လရောင်ဖြင့် ဂီရိကဏ္ဍကကျောင်းတိုက် တောင်ဝှမ်းပေါ်တွင် တည်ထားသည့် စေတီတော်မြတ်ကို လှမ်းမျှော်၍ ဖူးမြော်နေစဉ် ပရိသတ်လေးပါး စေတီတော်ကို ပန်း ဆီမီးတို့ဖြင့် ပူဇော်နေကြပုံ၊ လက်ယာရစ် လှည့်၍ စေတီတော်ကို ဖူးမြင်နေကြပုံတို့ကို ခပ်ရေးရေး တွေ့မြင်ရသည်။ ထို့ပြင် ရဟန်းသံဃာများ ရွတ်ပွား သရဇ္ဈာယ်နေကြသော တရားသံကိုလည်း ခပ်သဲ့သဲ့ ကြားနေရလေသည်။

ထိုအခါ အမျိုးသမီးသည် "ဂီရိကဏ္ဍက ကျောင်းတိုက်သို့ သွားရောက်၍ စေတီရင်ပြင်မှာ လှည့်လည်ကာ ဘုရားဖူးခွင့်၊ ပန်း ဆီမီးတို့ဖြင့် ပူဇော်ခွင့်၊ ချိုမြိန်သော တရားစကားကို နာကြားခွင့် ရသူတွေဟာ ဘုန်းကံကြီးမားပါပေကုန်စွ" ဟု ကြံစည် အောက်မေ့လျက် ပုလဲစုပမာ ဖြူဖြူဆွတ်ဆွတ် စေတီထွတ်ကို လှမ်း၍ ဖူးမြော်နေစဉ်မှာပင် ဥဗ္ဗေဂါပီတိအဟုန်ဖြင့် ကောင်းကင်သို့ ပျံတက်၍ မိဘတို့ အလျင် စေတီရင်ပြင်သို့ ရောက်သွားလေသည်။ ဤသို့လျှင် ဘုရားလျှင် အာရုံရှိသော ဗုဒ္ဓါရမ္မဏ ပီတိအဟုန်သည် ကောင်းကင်သို့ပင် ပျံတက်နိုင်စွမ်း ရှိပါသည်။ (အဘိ၊ ဋ္ဌ၊ ၁၊ ၁၅၉။)

## ဘုရားဂုဏ်တော် ပွားကျိုး ၁၁ မျိုး

(၁) ကိလေသာတို့ ထကြွ နှောင့်ယှက် နိုပ်စက်မှု မရှိခြင်း။
(၂) ဖြောင့်မတ် တည်ကြည်သောစိတ် ရှိခြင်း။
(၃) ဘုရားရှင်၌ ရိုသေ ကျိုးနွံမှု ရှိခြင်း။
(၄) သဒ္ဓါ သတိ ပညာတရားတို့ ပြန့်ပြော များပြားခြင်း။
(၅) နှစ်သက် ဝမ်းမြောက်မှု များခြင်း။
(၆) ဆင်းရဲခြင်းနှင့် ကြောက်မက်ဖွယ်ဘေးကို သည်းခံနိုင်ခြင်း။
(၇) စေတီအိမ်အတူ အပူဇော်ခံထိုက်ခြင်း။

(၈) ဘုရားရှင်နှင့် အတူတကွ နေရသည့်အသွင် စိတ်ဝယ် ထင်ခြင်း။
(၉) ဟိရီ ဩတ္တပ္ပတရား ရှိခြင်း။
(၁၀) ဘုရားအရာ၌ စိတ်ညွတ်ခြင်း။
(၁၁) သုဂတိဘုံသို့ ရောက်ရခြင်း။ (ဝိသုဒ္ဓိ၊ ၁၊ ၂၀၆။)

## ပူဇော်သူအား လွန်ကျိုးများ

ဘုရားရှင်နှင့် အရိယာသာဝကတို့အား ပူဇော်ခြင်းသည် အကျိုးအသင်္ချေယျ အပမေယျ မရေတွက် မပိုင်းခြားနိုင်သော အကျိုးတရားများကို ရရှိနိုင်သည်ဟု ကျမ်းဂန်တို့၌ ဆိုပါသည်။ ယင်းပူဇော်ခြင်းသည် အာမိသပူဇာ၊ ဓမ္မပူဇာဟု နှစ်မျိုး ရှိပါသည်။ ထိုတွင် ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထုတို့ဖြင့် ပူဇော်ခြင်းသည် အာမိသပူဇာ မည်၏။ ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးအိမ်၌ ကပ်၍ အထပ်ထပ်အခါခါ ပွားများခြင်း စသည်ဖြင့် ပူဇော်ခြင်းသည် ဓမ္မပူဇာ မည်၏။ ယင်း နှစ်မျိုးတို့တွင် ဓမ္မပူဇာသည် အာမိသပူဇာထက် သာလွန် မြင့်မြတ်၏။ ဘုရားအား ပူဇော်ခြင်းကြောင့် ရအပ်သော ကောင်းမှုကုသိုလ်ကို "ဤ ကောင်းမှုကုသိုလ်သည် ဤမျှရှိ၏" ဟု တစ်စုံတစ်ယောက်သောသူသည် ရေတွက်ခြင်းငှာ မတတ်နိုင်ဟု ဗုဒ္ဓရှင်တော် မိန့်တော်မူခဲ့ပါသည်။ (ဓမ္မပဒ၊ ၄၂။)

## စာရေးသူ စေတနာဆန္ဒ

စာရေးသူ၏ စေတနာဆန္ဒမှာ စာရှုသူများ ဤ ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကို ဖတ်ရှုပြီး ဗုဒ္ဓဘုရားရှင် အပေါ် ကြည်ညိုသည့် သဒ္ဓါ ထက်သန်စွာ ဖြစ်ပွားစေလိုသည့် စေတနာဆန္ဒပင် ဖြစ်ပါသည်။ အကယ်တိတိလည်း ဤ ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို သေချာ စူးစိုက် ဉာဏ်ဖြင့် လိုက်၍ ဖတ်ရှုသွားမည် ဆိုလျှင် ဘုရားရှင်၏ ဉာဏ်တော်၊ ဝီရိယတော်၊ ဝေနေယျသတ္တဝါများအပေါ် ထားရှိသည့် မေတ္တာတော်၊

မဟာကရုဏာတော်များကို သိရှိပြီး ဗုဒ္ဓဘုရားအပေါ် ကြည်ညိုသည့် သဒ္ဓါတရား တဖွားဖွား ဖြစ်ပွားနေမည်သာ ဖြစ်ပါသည်။ ဘုရားရှင်သည် နောက်ဆုံး ပစ္ဆိမသာဝက သုဘဒ္ဒ၏ တရားထူး ရရေးအတွက် ပရိနိဗ္ဗာန် ပြုခါနီး အထိ မည်မျှလောက် အပင်ပန်းခံကာ ဆောင်ရွက်တော်မူသွား သည်ကို ဤ ဗုဒ္ဓဝင်ဖတ်ရှုက တွေ့ရှိရမည်သာ ဖြစ်ပါသည်။

စာရှုသူများသည် ဤ ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို ဖတ်ရှုပြီး ဗုဒ္ဓ ဘုရားရှင်အပေါ် ကြည်ညိုသည့် သဒ္ဓါတရား ထက်သန်စွာ ဖြစ်ပွား ကြပါစေ။ ယင်းသို့ ဘုရားရှင်အပေါ် ကြည်ညိုသည့် ဗုဒ္ဓါရမ္မဏာပီတိ ကို အခြေခံပြုလျက် တရားအဆင့်ဆင့် တက်ကာ နိဗ္ဗာန်တရားမြတ် အငြိမ်းဓာတ်ကို ကိုယ်တွေ့ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ သတည်း။

**အရှင်ပဏ္ဍိတာဘိဝံသ**
**သ၊ စ၊ အ– ဓမ္မာစရိယ**
မဟာဗောဓိပရိယတ္တိစာသင်တိုက်
မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

## နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး

တံ မေ သ ဒီ ကော မံ သု ရေ၊
သော အ ပ နာ ပ သု သု ပိ။
အ ဓံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဂေါ နမာမဟံ။

| | | | |
|---|---|---|---|
| ၁။ | တံ၊ | တဏှင်္ကရာ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂။ | မေ၊ | မေဓင်္ကရာ | မြတ်စွာဘုရားလည်းကောင်း။ |
| ၃။ | သ၊ | သရဏင်္ကရာ | မြတ်စွာဘုရားလည်းကောင်း။ |
| ၄။ | ဒီ၊ | ဒီပင်္ကရာ | မြတ်စွာဘုရားလည်းကောင်း။ |
| ၅။ | ကော၊ | ကောဏ္ဍည | မြတ်စွာဘုရားလည်းကောင်း။ |
| ၆။ | မံ၊ | မင်္ဂလာ | မြတ်စွာဘုရားလည်းကောင်း။ |
| ၇။ | သု၊ | သုမန | မြတ်စွာဘုရားလည်းကောင်း။ |
| ၈။ | ရေ၊ | ရေဝတ | မြတ်စွာဘုရားလည်းကောင်း။ |
| ၉။ | သော၊ | သောဘိတ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၀။ | အ၊ | အနောမဒဿီ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၁။ | ပ၊ | ပဒုမ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၂။ | နာ၊ | နာရဒ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၃။ | ပ၊ | ပဒုမုတ္တရ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၄။ | သု၊ | သုမေဓာ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၅။ | သု၊ | သုဇာတ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၆။ | ပိ၊ | ပိယဒဿီ | မြတ်စွာဘုရားလည်းကောင်း။ |

| | | | |
|---|---|---|---|
| ၁၇။ | အ၊ | အတ္ထဒဿီ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၈။ | ဓံ၊ | ဓမ္မဒဿီ | မြတ်စွာဘုရားလည်းကောင်း။ |
| ၁၉။ | သိ၊ | သိဒ္ဓတ္ထ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၀။ | တိ၊ | တိဿ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၁။ | ဖု၊ | ဖုဿ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၂။ | ဝိ၊ | ဝိပဿီ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၃။ | သိ၊ | သိခီ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၄။ | ဝေ၊ | ဝေဿဘူ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၅။ | က၊ | ကကုသန် | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၆။ | ကော၊ | ကောဏာဂုံ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၇။ | က၊ | ကဿပ | မြတ်စွာဘုရားလည်းကောင်း။ |
| ၂၈။ | ဂေါ၊ | ဂေါတမ | မြတ်စွာဘုရားလည်းကောင်း။ |

ဣတိ၊ ဤသို့။ အဋ္ဌဝီသတိ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ နိဗ္ဗာန် ဓာတ်နန်း အောင်ကြငှန်းသို့ ကြွမြန်းစံဝင် ဘုရားရှင်တို့ကို။ အဟံ၊ အကျွန်ုပ်မည်ခေါ် တပည့်တော်သည်။ နမာမိ၊ မနိမ္မြေကွန့်မြူး သဒ္ဓါစူး၍ ညွတ်နူးကြည်သာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

## ၁
# ဒီပင်္ကရာ ဘုရားရှင် ဗုဒ္ဓဝင်

ဒီပင်္ကရာ မြတ်စွာဘုရားသည် ဤကမ္ဘာမြေမှ ပြန်၍ ရေသော် လေး–သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက် သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူကြသော တဏှင်္ကရာ၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား၊ ဒီပင်္ကရာဘုရား ဟူသော လေးဆူသော ဘုရားတို့တွင် တစ်ဆူ အပါအဝင် ဖြစ်သည်။ ဂေါတမမြတ်စွာဘုရား ဗျာဒိတ်ခံယူရာ ဘုရား နှစ်ဆယ့်လေးဆူတို့တွင် အစဆုံး ဘုရားရှင် ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူ တို့တွင် လေးဆူမြောက် ဘုရားရှင် ဖြစ်သည်။

ရမ္မဝတီ နေပြည်တော်ဝယ် ခမည်းတော် သုဒေဝမင်း၊ မယ်တော် သုမေဓာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ အနှစ်တစ်သောင်း ကာလပတ်လုံး ဟံသာ၊ ကောဉ္စာ၊ မယူရာ ဟူသော နန်းသုံးဆောင်၌ ကြင်ယာတော် ပဒုမဒေဝီ အမှူးပြုသည့် မောင်းမအပေါင်း သုံးသိန်း ခြံရံလျက် နန်းစည်းစိမ်ကို ခံစားတော်မူသည်။

သားတော်ကား ဥသဘက္ခန္ဓာတည်း။ ထိုသို့ နန်းစည်းစိမ်ကို ခံစားစဉ် နိမိတ်ကြီးလေးပါး မြင်သဖြင့် သံဝေဂ ဖြစ်ပွားကာ ~~ဆင်မဟာဉ်ဆောင်~~ စီး၍ နန္ဒာရာမ တောင်မြိုင်အရပ်သို့ တောထွက်တော်မူ သည်။ ဆယ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ညောင်ကြပ်ဖော်ဓိပင် အောက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

နန္ဒာရာမ ကျောင်းတိုက်ဝယ် တရားဦး ဓမ္မစကြာကို ဟောကြားတော်မူသည်။ အဂ္ဂသာဝကအစုံကား သုမင်္ဂလထေရ်နှင့်

တိဿထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမ အစုံသည် နန္ဒာထေရီမနှင့် သုနန္ဒာထေရီမတို့ ဖြစ်ကြသည်။ သာဂတထေရ်သည် အလုပ်အကျွေး ရဟန်းတော်ဖြစ်သည်။ တပုဿနှင့် ဘလ္လိကတို့ကား အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများကား သိရိမာနှင့် ကောဏာတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင် ရှစ်ဆယ် ရှိ၍ အသက်တမ်းကား အနှစ်တစ်သိန်းတည်း။ ဓမ္မစကြာ တရားဦး ဟောရာ နန္ဒာရာမ ကျောင်းတိုက်မှာပင် ပရိနိဗ္ဗာန် ဝင်စံတော် မူသည်။ ဒီပင်္ကရာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ် စံပယ်ရာ စေတီတော်ကား ၃၆ ယူဇနာ အမြင့်ရှိသည်။

မှတ်ချက်။ ။ အကယ်၍ မြတ်စွာဘုရား၏ ဖွားမြင်ရာမြို့၊ ခမည်းတော်၊ မယ်တော် စသည်ကို မပြဆိုပါမူ ဤပုဂ္ဂိုလ်၏ ဖွားမြင်ရာ မြို့၊ ခမည်းတော်၊ မယ်တော်တို့သည် ထင်ရှားမရှိ။ ဤပုဂ္ဂိုလ်သည် နတ်လေလော၊ သိကြားလေလော၊ မာရ်နတ်လေလော၊ ဗြဟ္မာလေလော ဟု ယုံမှားသံသယ ဖြစ်ရာသည်။ နတ် စသည်တို့၏ ဤကဲ့သို့သော တန်ခိုးပြာဋိဟာသည် အံ့ဩဖွယ် မဟုတ်ဟု ယူဆပြီး ယုံကြည်မှု သဒ္ဓါတရား မဖြစ်ပွားနိုင်။ ထိုသို့ သဒ္ဓါတရား မဖြစ်ပွားခြင်းကြောင့် မဂ် ဖိုလ် ရခြင်း မဖြစ်နိုင်။ မဂ် ဖိုလ် မရလျှင် မြတ်စွာဘုရား ပွင့်တော် မူခြင်းသည် အကျိုးမရှိ ဖြစ်ရာ၏။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း နိယျာနိကသာသနာ မဖြစ်နိုင်။ ထို့ကြောင့် မြတ်စွာဘုရား၏ မွေးဖွားရာ မြို့ စသည်ကို ဟောကြားအပ်သည်။ (ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၁၅၅-၆။)

## မေဃာဘိယမယ = တရားပွဲကြီး သုံးကြိမ်

(၁) ဒီပင်္ကရာ မြတ်စွာဘုရားသည် ဘုရား အဖြစ်သို့ ရောက်တော် မူပြီးနောက် သတ္တသတ္တာဟ = ခုနစ်ရက် ခုရက်လီ ၄၉ ရက် စံတော် မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ နန္ဒာရာမ ကျောင်းတိုက်၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။ ထိုအခါ ကုဋေတစ်ရာသော လူ နတ်တို့သည်

တရားထူး သိမြင်ကြသည်။ ဤကား ပဌမာဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

(၂) ထို့နောက် ဒီပင်္ကရာမြတ်စွာဘုရားသည် သားတော် ဥသဘက္ခန္ဓာ၏ ပါရမီဉာဏ် ရင့်ကျက်မှုကို သိမြင်တော်မူ၍ သားတော် ဥသဘက္ခန္ဓာ အမှူးပြုသည့် နတ်လူတို့အား ရာဟုလောဝါဒသုတ် ဒေသနာနှင့် တူသည့် တရားဒေသနာကို ဟောကြားတော်မူသောအခါ ကုဋေကိုးဆယ်သော လူနတ်တို့သည် တရားထူး သိမြင်ကြသည်။ ဤကား ဒုတိယာဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

(၃) တစ်ဖန် မြတ်စွာဘုရားသည် အမရဝတီ မြို့တံခါးအနီး ကြီးမားလှသည့် ကုက္ကိုပင်ရင်း၌ ယမကပြာဋိဟာကို ပြတော်မူပြီးသည့် အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ မယ်တော် သုမေဓာ ဒေဝီ အမှူးပြုသည့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောတော်မူသောအခါ ကုဋေ ကိုးသောင်းသော နတ်ဗြဟ္မာတို့သည် တရားထူး သိမြင်ကြသည်။ ဤကား တတိယာဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝကအစည်းအဝေးကြီး သုံးကြိမ်

၁။ ဒီပင်္ကရာ မြတ်စွာဘုရားသည် နန္ဒာရာမကျောင်းတိုက်ဝယ် ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေတစ်သိန်းမျှသော လူနတ် ဗြဟ္မာတို့၏ အစည်းအဝေးသည် ဖြစ်၏။ ဤကား ပဌမမဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် ဒီပင်္ကရာ မြတ်စွာဘုရားသည် နာရဒ နတ်ဘီလူးအား ချေချွတ် ဆုံးမတော်မူသောအခါ ကုဋေတစ်ရာမျှသော လူတို့သည် မြတ်စွာဘုရားထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထို ရဟန်းတော်များ ခြံရံလျက် တပို့တွဲလပြည့်နေ့၌ အလုံးစုံ ဧဟိဘိက္ခု ဖြစ်ခြင်း၊ အလုံးစုံ ဆဠာဘိည ရဟန်းဖြစ်ခြင်း၊ အလုံးစုံ မပင့်ဖိတ်ဘဲ ကြွလာတော်မူခြင်း၊ တစ်ဆယ့်ငါးရက် ဥပုသ်နေ့ ဖြစ်ခြင်း ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် အစည်းအဝေး၌ ဩဝါဒ

ပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယမဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ အခါတစ်ပါး၌ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုဒဿန တောင်၌ ဝါကပ်တော်မူ၏။ ထိုအခါ ဇမ္ဗူဒိပ် ကျွန်းသူ၊ ကျွန်းသားတို့သည် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် တောင်ထိပ်ပွဲသဘင် ဆင်ယင် ကျင်းပကြကုန်၏။ ပွဲသဘင်လာ များစွာသော လူတို့သည် မြတ်စွာဘုရားကို ဖူးမြော်၍ မြတ်စွာဘုရား၏ တရားတော်ကို နာယူရသဖြင့် ရဟန်း ပြုကြလေသည်။ မဟာပဝါရဏာနေ့၌ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အလိုအဈ္ဈာသယနှင့် လျော်ညီသည့် ဒေသနာဓမ္မ ဟောပြတော်မူသည်။ ဒေသနာတော် အဆုံး၌ အလုံးစုံသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဂုဏ်ကျေးကိုးသောင်းသော ရဟန်းတော်တို့နှင့် အတူ ပဝါရဏာ ပြုတော်မူသည်။ ဤကား တတိယမဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်း ဗျာဒိတ်တော် ခံယူခြင်း

ဘုရားအလောင်းတော်သည် ထိုအခါအစဉ်က သုမေဓာရှင်ရသေ့ ဖြစ်၍ တစ်နေ့သော အခါဝယ် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူစဉ် ရမ္မဝတီ မြို့သူ မြို့သားတို့သည် ဒီပင်္ကရာ ဘုရားရှင်အတွက် လမ်း ပြုပြင်နေသည်ကို မြင်သဖြင့် ကောင်းကင်မှ ဆင်းသက်၍ မေးမြန်း စုံစမ်းလေသည်။ ထိုအခါ ဒီပင်္ကရာဘုရားရှင်နှင့် ရဟန္တာ လေးသိန်းတို့ ကြွတော်မူရန်အတွက် လမ်းပြုပြင်နေကြကြောင်း သိရှိသဖြင့် မိမိအတွက် လမ်းပြုပြင်ဖို့ တစ်နေရာ ပေးရန် တောင်းပန်လေသည်။ ရမ္မဝတီ မြို့သူ မြို့သားတို့သည် သုမေဓာရှင်ရသေ့အတွက် ပြုပြင်ရန် ခက်ခဲ သည့် လမ်းနေရာကို ပေးအပ်ကြလေသည်။ သုမေဓာရှင်ရသေ့သည် မိမိ၏ လုပ်အားဖြင့် ကြိုးစား၍ လမ်းပြုပြင်လေရာ မိမိအတွက် လမ်း ပြုပြင်၍ မပြီးသေးမီ အချိန်မှာပင် ဒီပင်္ကရာဘုရားရှင်သည် ရဟန္တာ ထေရ်ပေါင်း လေးသိန်း ခြံရံလျက် ကြွတော်မူလာလေသည်။ ထိုအခါ

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်၏ လွန်စွာ တင့်တယ် သပ္ပာယ်တော်မူလှသော ရုပ်အသွင်တော်ကို ဖူးမြင်ရသဖြင့် ကြည်ညို သည့် သဒ္ဓါစိတ် တဖိတ်ဖိတ်တက်ကာ "ယနေ့ ငါသည် ဘုရားရှင်အား အသက်ကို ပေးလှူသင့်၏" ဟု ကြံစည် အောက်မေ့လျက် ရွံ့ညွှန်ပေါ်တွင် မိမိ၏ ခန္ဓာကိုယ်ကို ဝပ်စင်းကာ ဘုရားဆု ပန်ဆင် ပြီးလျှင် ဘုရားရှင်နှင့် တကွ ရဟန္တာ လေးသိန်းတို့ မိမိ၏ ခန္ဓာကိုယ်ကို တံတားအဖြစ် ကြွလျှောက်တော်မူရန် လျှောက်တင်လေသည်။ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူလျက် "ဤ ရှင်ရသေ့သည် ဤကမ္ဘာမှ စ၍ ရေလစ် ကမ္ဘာ တစ်သိန်း အလွန်ရှိသော လေး–သင်္ချေထက်၌ ဂေါတမ ဟု နာမထင်ရှား ဘုရားမြတ် တစ်ဆူ ဖြစ်ပေလိမ့်မည်" ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## ၂
## ကောဏ္ဍညဘုရားရှင် ဗုဒ္ဓဝင်

ကောဏ္ဍည ဘုရားရှင်သည် ဒီပင်္ကရာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ကမ္ဘာအသင်္ချေအလွန် သာရကမ္ဘာ၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ငါးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိပ်ပေးတော်မူသော ဘုရား နှစ်ဆယ့်လေးဆူတွင် နှစ်ဆူမြောက် ဖြစ်သည်။

ရမ္မဝတီ နေပြည်တော်ဝယ် ခမည်းတော် သုနန္ဒမင်း၊ မယ်တော် သုဇာတာ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ အနှစ်တစ်သောင်း ကာလပတ်လုံး ရာမ၊ သုရာမ၊ သုဘ မည်သော နန်းသုံးဆောင်၌ ကြင်ယာတော် ရုစိဒေဝီ အမှူးပြုသည့် မောင်းမအပေါင်း သုံးသိန်း ခြံရံလျက် ထီးနန်း စိုးစံတော်မူသည်။ သားတော်ကား ဝိဇိတသေန တည်း။ ဝိဇိတသေနသားတော် ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါး မြင်၍ အာဇာနည်မြင်းကသော ရထားကို စီးလျက် တောထွက်ကာ ရဟန်းပြုတော်မူသည်။ ဆယ်ကုဋေသော လူတို့သည်လည်း ကောဏ္ဍည ဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ဆယ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီး၍ ကဆုန်လပြည့်နေ့၌ သုနန္ဒရွာနေ သူဌေးသမီး ယသောဓရာ လှူဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော် အတွင်းမှာပင် နေ့သန့်စင်တော်မူသည်။ ညနေချမ်းအချိန်ဝယ် မဟာဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး အကြား၌ သုနန္ဒကတက္ကတွန်း လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ သာလကလျာဏီ ဗောဓိပင်အောက်ဝယ် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်း အပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား အဖြစ်သို့ ရောက်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဇ္ဇပါလမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသော ဆယ်ကုဋေသော ရဟန်းတို့ကို အရုန္ဓဝတီမြို့အနီး ဒေဝဝန ခေါ် နတ်သစ်ပင်တော၌ ဓမ္မစကြာတရားဦး ဟောတော်မူသည်။

အဂ္ဂသာဝကအစုံကား ဘဒ္ဒထေရ်နှင့် သုဘဒ္ဒထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံသည် တိဿာထေရီမနှင့် ဥပတိဿာထေရီမတို့ ဖြစ်ကြသည်။ အနုရုဒ္ဓထေရ်သည် အလုပ်အကျွေး ရဟန်းတော် ဖြစ်သည်။ သောဏဥပါသကာနှင့် ဥပသောဏဥပါသကာတို့ကား အလုပ်အကျွေး ဒါယကာတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ နန္ဒာနှင့် သိရိမာတို့ ဖြစ်ကြသည်။ အရပ်တော်ကား ရှစ်ဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား အနှစ်တစ်သိန်းတည်း။ စန္ဒာရုံ ကျောင်းတိုက်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ကောဏ္ဍည ဘုရားရှင်၏ စေတီတော်သည် ခုနစ်ယူဇနာ အမြင့်ရှိ၏။ ကောဏ္ဍည ဘုရားရှင်၏ ဓာတ်တော်တို့သည် မပြိုမကွဲဘဲ ရွှေဆင်းတု ကဲ့သို့ တစ်လုံး တစ်ခဲတည်း တည်ရှိလေသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ကောဏ္ဍည ဘုရားရှင်သည် အရုန္ဓဝတီမြို့အနီး ဒေဝဝနခေါ် နတ်သစ်ပင်တော၌ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ ကုဋေ တစ်သိန်းမျှသော လူ နတ် ဗြဟ္မာတို့သည် သစ္စာလေးအင် တရားထူး သိမြင်ကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းသည် သေးငယ် သိမ်မွေ့သော အတ္တဘောကို ဖန်ဆင်းလျက် ဤစကြဝဠာ၌ စုဝေးကြသည်။ ထိုပရိသတ်တွင် တစ်ဦးသော နတ်သားသည် ဘုရားရှင်ကို မင်္ဂလာတရား မေးမြန်း လျှောက်ထားလေသည်။ ဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းအား မင်္ဂလာတရား ဟောကြားတော်

မှု၏။ ကုဋေကိုးသောင်းသော လူ နတ် ဗြဟ္မာတို့သည် အရဟတ္တဖိုလ် ပန်ဆင် ကျွတ်တမ်းဝင်ကြသည်။ ဤကား ဒုတိယာ အဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ တစ်ဖန် ကောဏ္ဍညဘုရားရှင်သည် ကောင်းကင်ပြင်၌ တိတ္ထိတို့ကို နှိမ်နင်းခြင်း အကျိုးငှာ ရေ မီး အစုံ အစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသော အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ မယ်တော်နတ်သား အမှူးထားသည့် နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောကြားတော်မူသည်။ ထိုအခါ ကုဋေရှစ်သောင်းသော နတ်ဗြဟ္မာအပေါင်းတို့သည် သစ္စာသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား တတိယာ အဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝကအစည်းအဝေးကြီး သုံးကြိမ်

၁။ ကောဏ္ဍညဘုရားရှင်သည် ဘုရား ဖြစ်ပြီးနောက် ပထမဝါကို စန္ဒဝတီမြို့အနီး စန္ဒရုံကျောင်းတိုက်၌ ဝါကပ်တော်မူသည်။ ထိုအခါ သုစိန္ဓရပုဏ္ဏား၏သား ဘဒ္ဒလုလင်နှင့် ယသောဓရပုဏ္ဏား၏သား သုဘဒ္ဒလုလင်တို့ မြတ်စွာဘုရားထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီး မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ထိုအခါ မြတ်စွာဘုရားသည် နယုန်လပြည့်နေ့ဝယ် သုဘဒ္ဒထေရ် အမှူးပြုသည့် ရဟန်းတော် ကုဋေတစ်သိန်း ခြံရံလျက် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် ကောဏ္ဍည ဘုရားရှင်သည် သားတော် ဝိဇိတသေန ရဟန်းပြုပြီး အရဟတ္တဖိုလ်သို့ ရောက်သောအခါ ဝိဇိတသေနထေရ် အမှူးပြုသည့် ကုဋေတစ်ရာမျှသော ရဟန်းအပေါင်း ခြံရံလျက် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = ဒုတိယအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၃။ အခါတစ်ပါး မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူစဉ် ဥဒေနမင်း အမှူးပြုသည့် ကုဋေကိုးဆယ်သော လူတို့သည် မြတ်စွာ

ဘုရား အထံတော်၌ ရဟန်းပြုကြသည်။ ထိုရဟန်းတော်တို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည့်နေ့၌ ဥဒေနထေရ် အမှူးပြုသည့် ကုဋေကိုးဆယ်သော ရဟန္တာထေရ်အပေါင်း ခြံရံလျက် သြဝါဒ ပါတိမောက် ပြတော်မူသည်။ ဤကား တတိယမဟာသန္နိပါတ = တတိယအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုစဉ်အခါ ဘုရားအလောင်းတော်သည် ဝိဇိတာဝီ မည်သော စကြာမင်း ဖြစ်၍ စန္ဒဝတီမြို့တော်၌ စိုးအုပ်၍ နေ၏။ ကောဏ္ဍည ဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျက် စန္ဒဝတီမြို့သို့ ကြွရောက်လာသောအခါ ဝိဇိတာဝီ စကြာမင်းသည် ခရီးဦး ကြိုဆိုလျက် ကောဏ္ဍည ဘုရားရှင်အား စန္ဒဝတီမြို့တော်၌ ဝါကပ်တော်မူပါရန် လျှောက်ထား ပြီးလျှင် ဝါတွင်းသုံးလပတ်လုံး ဘုရား အမှူးရှိသော ရဟန်းသံဃာအား အလှူကြီး ပေးလှူလေသည်။ ထိုအခါ ကောဏ္ဍညဘုရားရှင်သည် ဝိဇိတာဝီစကြာမင်းအား **"ဂေါတမဟု နာမသင်းကြူ ဘုရားတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။ ထို့နောက် ဝိဇိတာဝီစကြာမင်းကြီးသည် တိုင်းပြည်ကို အပ်နှင်းကာ ရဟန်းပြုပြီးလျှင် ပရိယတ်၊ ပဋိပတ်တရား ကြိုးစား ပွားများသဖြင့် ဗြဟ္မာ့ပြည်၌ ဖြစ်လေသည်။

## ၃
## မင်္ဂလဘုရားရှင် ဗုဒ္ဓဝင်

မင်္ဂလဘုရားရှင်သည် ကောဏ္ဍညဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးနောက် ကမ္ဘာအသင်္ချေအလွန် ဝရကမ္ဘာ၌ ပွင့်တော်မူသည်။ ထိုဝရကမ္ဘာ၌ မင်္ဂလဘုရား၊ သုမနဘုရား၊ ရေဝတဘုရား၊ သောဘိတဘုရား ဟု ဘုရားလေးဆူ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ခြောက်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိပ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် သုံးဆူမြောက် ဖြစ်သည်။

ဥတ္တရမြို့၌ ခမည်းတော် ဥတ္တရမင်း၊ မယ်တော် ဥတ္တရာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ဥတ္တရမဓုရ ဥယျာဉ်တော်တွင် ဖြစ်သည်။ အနှစ်ကိုးထောင်ကာလပတ်လုံး ယသဝန္တ၊ ရုစိမန္တ၊ သိရိမန္တ မည်သော ရွှေနန်းသုံးဆောင်၌ ကြင်ရာတော် ယသဝတီ အမှူးပြုသည့် မောင်းမအပေါင်း သုံးသောင်းခြံရံလျက် နန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် သီလဝ ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ပဏ္ဍရ အာဇာနည်မြင်းတော်ကို စီး၍ တောထွက် ရဟန်းပြုတော်မူသည်။ သုံး–ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း မင်္ဂလဘုရားလောင်းနှင့် အတူတောထွက် ရဟန်းပြုကြလေသည်။ ရှစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ဥတ္တရရွာ သူဌေးသမီး ဥတ္တရာ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော အတွင်းမှာပင် နေ့သန့်စင်တော်မူသည်။

ညနေချမ်းအချိန်ဝယ် မဟာဗောဓိမဏ္ဍိုင် အသွား လမ်းခရီး အကြား၌ ဥတ္တရပာဏ္ဍုတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကံ့ကော်ဗောဓိပင်အောက်ဝယ် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်း အပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူ သည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တာသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်း ကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသော သုံး ကုဋေမျှသော ရဟန်းတော်တို့ကို သိရိဝဍ္ဎနမြို့အနီး သိရိဝဍ္ဎန တောအုပ်၌ ဓမ္မစကြာ တရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သုဒေဝထေရ်နှင့် ဓမ္မသေနထေရ်တို့ ဖြစ် ကြသည်။ အဂ္ဂသာဝိကာမ အစုံသည် သီဝလာထေရီမနှင့် အသောကာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ပါလိတ ထေရ် ဖြစ်သည်။ နန္ဒသူဌေးနှင့် ဝိသာခသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အနုလာ ဥပါသိကာမနှင့် သုတနာ ဥပါသိကာမတို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား ရှစ်ဆယ့်ရှစ်တောင် အမြင့်ရှိသည်။ သက်တမ်းကား အနှစ်ကိုးသောင်းတည်း။ ဥတ္တရဥယျာဉ်၌ ပရိနိဗ္ဗာန် စံတော်မူသည်။ မင်္ဂလဘုရားရှင်၏ စေတီတော်ကား ယူဇနာသုံးဆယ် အမြင့်ရှိသည်။ မင်္ဂလဘုရားရှင်၏ ဓာတ်တော်တို့သည် မပြိုမကွဲဘဲ တစ်လုံးတစ်ခဲ တည်း တည်ရှိလေသည်။

## ဓမ္မာဘိသမယ= တရားပွဲကြီး သုံးကြိမ်

၁။ မင်္ဂလဘုရားရှင်သည် သိရိဝဍ္ဎနမြို့အနီး သိရိဝဍ္ဎန တောအုပ်၌ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ ကုဋေတစ်သိန်းမျှသော လူ နတ် ဗြဟ္မာတို့သည် သစ္စာလေးပါး မြတ်တရားကို ဟုတ်တိုင်းမှန်စွာ သိမြင်ကြသည်။ ဤကား ပဌမာ အဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် စိတ္တမြို့ကို အမှီပြု၍ သီတင်းသုံး နေတော်မူစဉ် စကားဝါပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်း အကျိုးငှာ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသော အဆုံး၌ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ကမ္ဗလာကမ္ဗလာ မြကျောက်ဖျာထက်၌ ထိုင်နေတော်မူလျက် နတ်ဗြဟ္မာ အပေါင်းတို့အား အဘိဓမ္မာတရား ဟောကြားတော်မူသည်။ ထိုအခါ ကုဋေတစ်သိန်းမျှသော နတ်ဗြဟ္မာတို့သည် သစ္စာလေးအင် တရားထူး သိမြင်ကြသည်။ ဤကား ဒုတိယာ အဘိသမယ= ဒုတိယအကြိမ် တရားပွဲကြီးတည်း။

၃။ ထို့နောက် သုနန္ဒစကြာမင်းသည် တပည့်သံဃာအပေါင်းနှင့် တကွ မင်္ဂလဘုရားရှင်အား ကြီးကျယ် ခမ်းနားလှစွာသော အလှူကြီး ပေးလှူလေသည်။ မင်္ဂလဘုရားရှင်သည် သုနန္ဒစကြာမင်း အမှူးပြုသည့် ပရိသတ်အပေါင်းတို့အား အနုပုဗ္ဗိကထာ ဒါန၊ သီလ စသည့် အစဉ် အတိုင်းသော တရားဒေသနာတော်ကို ဟောကြားတော်မူသည်။ သုနန္ဒာ စကြာမင်းနှင့် တကွ ကုဋေကိုးဆယ်သော ပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ် ပေါက် တရားထူးကို မျက်မှောက်ပြုနိုင်ကြသည်။ ဤကား တတိယာ ဘိသမယ= တတိယအကြိမ် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ= သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ အခါတစ်ပါး မင်္ဂလဘုရားရှင်သည် မေခလပြည်၌ သီတင်း သုံးတော်မူစဉ် လုလင်ပျို တစ်ထောင်စီ အခြံအရံရှိသော အဂ္ဂသာဝက လောင်းလျာ သုဒေဝလုလင်နှင့် ဓမ္မသေန လုလင်တို့သည် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် တပို့တွဲလပြည့်နေ့၌ အခြံအရံ ရဟန်းတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ထိုအခါ ဘုရားရှင်သည် ကုဋေတစ်သိန်းသော ရဟန်းတို့၏ အလယ်၌ ဩဝါဒ ပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ= ပထမ အကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ တစ်ဖန် ဥတ္တရ မည်သော ဥယျာဉ်ကြီးအတွင်း ဆွေတော်မျိုးတော်တို့၏ အစည်းအဝေးဝယ် ကုဋေတစ်ထောင်သော ရဟန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ= ဒုတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။

၃။ ထို့နောက် သုနန္ဒစကြ္ကဝတေးမင်း ရဟန်း အမှူးပြုသည့် ကုဋေ ကိုးဆယ်သော ရဟန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ= တတိယအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအချိန်ခါဝယ် ဘုရားအလောင်းတော်သည် သုရုစိ ပုဏ္ဏားရွာ၌ သုရုစိပုဏ္ဏား ဖြစ်၍ ဗေဒင်သုံးပုံတို့၌ ပါရဂူမြောက် တတ်ကျွမ်း၏။ သုရုစိပုဏ္ဏားသည် မင်္ဂလဘုရားရှင်၏ ချိုမြိန်သော တရားစကားကို ကြားနာရ၍ ဘုရားရှင်၌ ကြည်ညိုသဒ္ဓါတရား ဖြစ်ပွားပြီးလျှင် ဘုရား အမှူးရှိသော သံဃာအား ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူဒါန ပြုလုပ်လေသည်။ မင်္ဂလဘုရားရှင်သည် အနုမောဒနာတရား ဟောကြားပြီးနောက် **“ဤယောကျ်ားမြတ်သည် ကမ္ဘာတစ်သိန်း အလွန် ရှိသော နှစ်သင်္ချေထက်၌ ဂေါတမ ဟု အမည်ထင်ရှား ဘုရား တစ်ဆူ ဖြစ်လိမ့်မည်”** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။ သုရုစိ ပုဏ္ဏားသည် နိယတဗျာဒိတ်ပန်း ဆင်မြန်းပြီးနောက် ဘုရား သာသနာတော်သို့ ဝင်၍ ရဟန်းပြုလေသည်။

## မင်္ဂလဘုရားရှင် ရောင်ခြည်တော် ထူးခြားပုံ

မင်္ဂလဘုရား အလောင်းတော်မြတ် ဗောဓိသတ်သည် သား မယားတို့နှင့်တကွ ဝင်္ကပဗ်တောင်ခေါင်း၌ ခိုအောင်း နေထိုင်စဉ် ခရဒါဌိက ဘီလူးသည် အလှူခံ ပုဏ္ဏားအသွင် ဖန်ဆင်းလျက် သားတော်၊ သမီးတော်တို့ကို အလှူခံလေသည်။ ခရဒါဌိကဘီလူးသည်

သားတော်၊ သမီးတော်တို့ကို ခံယူပြီးနောက် စကြံ့စွန်းရှိ တံကဲပျဉ်ကို မှီလျက် အလောင်းတော်မြတ် ရှုကြည့်နေစဉ်ပင် သားတော်၊ သမီးတော်တို့ကို ဝါးစားလေသည်။

အလောင်းတော်သည် ဘီလူးကို ကြည့်လျက် ဘီလူး၏ ခံတွင်းမှ ရဲရဲညီးညီး သွေးလျှံတွေ စီးကျနေသည်ကို မြင်ရသော်လည်း ဆံခြည်ဖျားမျှ စိတ်နှလုံး တုန်လှုပ်ခြင်း မရှိပေ။ **"ငါ၏ ဤဒါန အကျိုးဆက်ကြောင့် ဤ သွေးလျှံတောက်ပသည့်နှယ် ငါ၏ ကိုယ်မှ ရောင်ခြည်တို့ ထွန်းလင်း တောက်ပပါစေသတည်း"** ဟု ဆုတောင်းအမှု ပြုခဲ့လေသည်။

ထို့ပြင်တစ်ပါး မင်္ဂလဘုရား အလောင်းတော်ဘဝက တစ်ဆူသော ဘုရားရှင်၏ စေတီတော်ကို ဖူးမြော်နေစဉ် သဒ္ဓါပိုမို ကြည်ညိုလှသဖြင့် 'ဤစေတီအား ငါ၏ အသက်ကို ပေးလှူအံ့' ဟု ကြံစည်ပြီးလျှင် မိမိ၏ ခန္ဓာကိုယ် တစ်ခုလုံးကို ထောပတ်ဆီ ဆွတ်သော အဝတ်တို့ဖြင့် ရစ်ပတ်စေလျက် တစ်တောင်ခန့်ရှိ အဖိုးတစ်သိန်းတန် ရွှေခွက်၌ ထောပတ်ဆီ ထည့်ပြီးလျှင် ရွှေခွက်၌ မီးစာတစ်ထောင်ကို ညှိထွန်း၍ ဦးခေါင်းဖြင့် ရွက်လျက် မိမိကိုယ်ကိုလည်း မီးညှိစေ၍ စေတီတော်မြတ်ကို လက်ယာရစ် လှည့်ကာ တစ်ညဉ့်ပတ်လုံး ပူဇော်ခဲ့လေသည်။

ဤသို့ ဆုတောင်းခဲ့သည့် အကြောင်းတစ်ဖုံ ပြုလုပ်ခဲ့သည့် ကောင်းမှုတစ်ရပ် ဤအကျင့်မြတ်ကြောင့် မင်္ဂလဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် လောကဓာတ်တိုက်ဘောင် တစ်ခုလုံး ထွန်းလင်း တောက်ပလေသည်။

## ၄
## သုမနဘုရားရှင် ဗုဒ္ဓဝင်

သုမန ဘုရားရှင်သည် မင်္ဂလဘုရား ပရိနိဗ္ဗာန် စံတော်မူ ပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ်ကိုးသောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ခုနစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် လေးဆူမြောက် ဖြစ်သည်။

မေခလ နေပြည်တော်၌ ခမည်းတော် သုဒတ္တမင်း၊ မယ်တော် သိရိမာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ နှစ်ပေါင်း ကိုးထောင် (၉၀၀၀) ကာလပတ်လုံး စန္ဒ၊ သုစန္ဒ၊ ဝဋံသ မည်သော ရွှေနန်း သုံးဆောင်၌ ကြင်ရာတော် ဝဋံသိကာ အမှူးပြုသည့် မောင်းမအပေါင်း ခြောက်သန်း သုံးသိန်း ခြံရံလျက် နန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် အနုပမမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဆင်ယာဉ် စီး၍ တောင်မြိုင်ခရီးသို့ ထွက်ကာ ရဟန်း ပြုတော်မူလေသည်။

ကုဋေသုံးဆယ်မျှသော အမျိုးကောင်းသားတို့သည်လည်း သုမန ဘုရားလောင်းနှင့် အတူ တောထွက် ရဟန်းပြုကြလေသည်။ ဆယ်လ ပတ်လုံး ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် အနောမနိဂုံးနေ အနောမသူဌေး၏ သမီး အနုပမာ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော အတွင်းမှာပင် နေ့သန့်စင်တော်မူသည်။

ညနေချမ်း အချိန်ဝယ် မဟာဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး အကြား၌ အနုပမာတက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကံ့ကော် ဗောဓိပင်အောက်ဝယ် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်း အပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော် မူသည်။

ဘုရား ဖြစ်တော်မူပြီးနောက် သတ္တာသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့် အတူ ရဟန်းပြုကြသော ကုဋေသုံးဆယ်သော ရဟန်းတို့နှင့် အခြံအရံများစွာနှင့် တကွ ညီတော် သရဏမင်းသား၊ ပုရောဟိတ်သား ဘာဝိတတ္တလုလင်တို့ကို မေခလမြို့အနီး မေခလဥယျာဉ်၌ ဓမ္မစကြာ တရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သရဏထေရ်နှင့် ဘာဝိတတ္တထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံကား သောဏာထေရီမနှင့် ဥပသောဏာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ဥဒေနထေရ် ဖြစ်သည်။ ဝရဏသူဌေးနှင့် သရဏသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ စာလာနှင့် ဥပစာလာ တို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ကိုးဆယ် အမြင့်ရှိသည်။ အသက်တမ်းကား အနှစ်ကိုးသောင်း တည်း။ အဂ္ဂဥယျာဉ်၌ ပရိနိဗ္ဗာန် စံတော်မူသည်။ သုမနဘုရားရှင်၏ ဓာတ်တော်တို့သည်လည်း မပြိုမကွဲဘဲ တစ်လုံးတစ်ခဲတည်း တည်ရှိ လေသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ သုမနဘုရားရှင်သည် မေခလမြို့အနီး မေခလဥယျာဉ်၌ ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ မိမိနှင့်အတူ ရဟန်း ပြုကြသည့် ကုဋေသုံးဆယ်သော ရဟန်းတော်တို့နှင့် တကွ သရဏ မင်းသား၊ ဘာဝိတ္တလုလင် အမှူးပြုသည့် ကုဋေတစ်သိန်းမျှသော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်

ကြသည်။ ဤကား ပဌမာ အဘိသမယ = ပထမအကြိမ် တရားပွဲကြီး တည်း။

၂။ အခါတစ်ပါး၌ဝယ် သုနန္ဒာဝတီမြို့အနီး သရက်ပင်ရင်းဝယ် တိတ္ထိတို့ကို နှိမ်နင်းခြင်းအကျိုးငှာ ရေ မီး အစုံစုံသော တ န်ခိုး ပြာဋိဟာကို ပြတော်မူလျက် တရားအမြိုက်ဆေး တိုက်ကျွေးတော်မူသောအခါ ကုဋေတစ်သိန်းမျှသော သတ္တဝါတို့သည် သစ္စာလေးပါး တရားသိမြင်ကြသည်။ ဤကား ဒုတိယာ ဘိသမယ = ဒုတိယအကြိမ် တရားပွဲကြီး တည်း။

၃။ ထို့နောက် စကြဝဠာတိုက်တစ်သောင်းမှ လာရောက်ကြသော နတ်ဗြဟ္မာများနှင့် တကွ အရိန္ဒမမင်းမြတ်တို့က 'နိရောဓသမာပတ်ကို အဘယ်သို့ ဝင်စားပါသနည်း။ အဘယ်သို့လျှင် နိရောဓသမာပတ် ဝင်စားသူ ဖြစ်ပါသနည်း၊ နိရောဓသမာပတ်မှ အဘယ်သို့ ထပါသနည်း' စသည်ဖြင့် နိရောဓသမာပတ်နှင့် စပ်သည့် အမေးပြဿနာ လျှောက်တင်သောအခါဝယ် နိရောဓသမာပတ် ပုစ္ဆာပြဿနာ ဖြေရှင်း၍ တရားဒေသနာ ကောင်းစွာ ဟောကြားတော်မူသဖြင့် ကုဋေကိုးသောင်းသော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် သစ္စာလေးပါး တရားသိမြင်ကြသည်။ ဤကား တတိယာ အဘိသမယ = တတိယ အကြိမ် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝကအစည်းအဝေးကြီး သုံးကြိမ်

၁။ သုမန မြတ်စွာဘုရား မေခလမြို့၌ ဝါကပ်တော်မူသောအခါ သီတင်းကျွတ်လပြည့် ပဌမပဝါရဏာနေ့၌ ရဟန္တာပေါင်း ကုဋေတစ်သိန်းတို့နှင့် တကွ ပဝါရဏာ ပြုတော်မူသည်။ ဤကား ပဌမမဟာသန္နိပါတ= ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ အခါတစ်ပါး၌ သုမန မြတ်စွာဘုရားသည် သင်္ကဿမြို့နှင့် မနီးမဝေး ရွှေတောင်ထွတ်ပေါ်၌ သီတင်းသုံး နေတော်မူသောအခါ အရိန္ဒမမင်း၏ အခြံအရံ မင်းယောကျာ်းပေါင်း ကုဋေကိုးသောင်းတို့သည် တရားတော် အဆုံး၌ ရဟန်းပြုကြ၍ ရဟန်းပြုသည့် နေ့၌ပင်

အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ရဟန္တာထေရ်ပေါင်း ကုဋေ ကိုးသောင်းတို့၏ အလယ်၌ သုမနဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = ဒုတိယအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ သိကြားမင်းသည် သုမန မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှာ ဆည်းကပ်လာသော အခါ၌ သုမန ဘုရားရှင်သည် ကုဋေရှစ်သောင်းသော ရဟန္တာထေရ်တို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယမဟာသန္နိပါတ= တတိယအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုစဉ်အခါဝယ် ဘုရားအလောင်းတော်သည် အတုလနဂါးမင်း ဖြစ်၏။ ''လောက၌ မြတ်စွာဘုရား ဖြစ်ထွန်း ပွင့်ပေါ်တော်မူလေပြီ'' ဟူသော သတင်းစကား ကြားသိရသဖြင့် ဆွေမျိုးအပေါင်းနှင့် တကွ မိမိနေရာ ဘုံဗိမာန်မှ ထွက်၍ ဘုရားရှင်အား နတ်တူရိယာ တန်ဆာပလာတို့ဖြင့် တီးမှုတ် ပူဇော်ပြီးလျှင် အလှူကြီးပေး၍ သရဏဂုံ ခံယူ ဆောက်တည်လေသည်။ သုမနဘုရားရှင်သည် အတုလနဂါးမင်း ကို **"ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

# ၅
# ရေဝတဘုရားရှင် ဗုဒ္ဓဝင်

ရေဝတ ဘုရားရှင်သည် သုမနဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အန္တရကပ်တစ်ခု အလွန် အနှစ်ခြောက်သောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတို့တွင် ရှစ်ဆူမြောက် ဖြစ်၍ ဂေါတမ ဘုရားကို ဗျာဒိတ်ပေးတော်မူသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် ငါးဆူမြောက် ဖြစ်သည်။

သုဓညဝတီ နေပြည်တော်၌ ခမည်းတော် ဝိပုလမင်း၊ မယ်တော် ဝိပုလာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ နှစ်ပေါင်း ခြောက်ထောင် ကာလပတ်လုံး သုဒဿန၊ ရတနဂ္ဃိ၊ အာဝေဠ မည်သော ရွှေနန်း သုံးဆောင်၍ ကြင်ရာတော် သုဒဿနာ အမှူးပြုသည့် မောင်းမအပေါင်း သုံးသောင်းသုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ဝရဏမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် အာဇာနည်မြင်းကသော ရထားကို စီး၍ တောထွက် ရဟန်း ပြုတော်မူသည်။ တစ်–ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း ရေဝတဘုရားလောင်းနှင့် အတူ တောထွက် ရဟန်းပြုကြလေသည်။

ခုနစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန် လပြည့်နေ့၌ သာဓုဒေဝီ သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်း ကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်း အချိန်အခါဝယ် မဟာဗောဓိမဏ္ဍိုင် သို့ အသွား လမ်းခရီးကြား၌ ဝရုဏိန္ဒရတက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကံ့ကော်ဗောဓိပင်ရင်းဝယ် မြက်ရှစ်ဆုပ်

ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်တော်မူပြီးနောက်သတ္တာသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြသည့် တစ်ကုဋေမျှသော ရဟန်းတော်တို့နှင့် တကွ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ဝရဏာ ဉယျာဉ်၌ ဓမ္မစကြာ တရားဒေသနာကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား ဝရဏာထေရ်နှင့် ဗြဟ္မဒေဝထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကမအစုံကား ဘဒ္ဒါထေရီမနှင့် သုဘဒ္ဒါထေရီမ တို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား သမ္ဘဝထေရ် ဖြစ်သည်။ ပဒုမသူဌေးနှင့် ကုဉ္ဇရသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ သိရိမာနှင့် ယသဝတီတို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား အတောင် ရှစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား အနှစ်ခြောက်သောင်း တည်း။ သုဓညဝတီ မြို့တော်နှင့် မနီးမဝေး ကံ့ကော်တောဉယျာဉ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ရေဝတဘုရားရှင်၏ ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်ချက်ဖြင့် တစ်လုံးတစ်ခဲတည်း မတည်ဘဲ အစိတ် အစိတ် ကွဲကာ ပျံ့နှံ့ တည်ရှိ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော် ကို ခံတော်မူသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ရေဝတဘုရားရှင်သည် ဝရဏာဉယျာဉ် အတွင်း၌ ဓမ္မစကြာ တရား ဟောတော်မူသောအခါ ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုကြ သည့် တစ် ကုဋေသော ရဟန်းတော်တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ အောက်မဂ်၊ အောက်ဖိုလ်ကို ရကြသူတို့ကား အရေအတွက် အပိုင်းအခြား မရှိ အလွန်ပင် များလှဘိ၏။ ဤကား ပဌမာ အဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ဘုရားရှင်ကိုယ်တော်မြတ်သည် အရိန္ဒမမင်း နန်းစံရာ ဥတ္တရမြို့သို့ ဒေသစာရီ ကြွချီတော်မူသည်။ ထိုအခါ အရိန္ဒမမင်းသည် ဘုရား အမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်တိုင်တိုင် ကြီးစွာသော အလှူကြီး ပေးလှူ၍ များပြားလှစွာသော ဆီမီးတို့ဖြင့် ထွန်းညှိ ပူဇော်လေသည်။ ရေဝတဘုရားရှင်သည် အရိန္ဒမမင်း၏ စရိုက်နှင့် လျော်ညီသော တရားဒေသနာ ဟောကြားတော်မူရာ ကုဋေတစ်ထောင်သော နတ်လူတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား ဒုတိယာ အဘိသမယ= ဒုတိယအကြိမ် တရားပွဲကြီးတည်း။

၃။ အခါတစ်ပါးဝယ် ရေဝတဘုရားရှင်သည် ဥတ္တရနိဂုံး၌ သီတင်းသုံး နေတော်မူစဉ် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားတော်မူသည်။ နိရောဓသမာပတ်မှ ထတော်မူသောအခါ လူ နတ် ဗြဟ္မာတို့အား နိရောဓသမာပတ်၏ ကျေးဇူးဂုဏ်အင် အကျိုးအာနိသင်ကို ဟောကြားတော်မူသည်။ ထိုအခါ ကုဋေတစ်ရာမျှသော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် ရဟတ္တဖိုလ်ပေါက် ကိုယ်တွေ့ မျက်မှောက်ပြုနိုင်ကြသည်။ ဤကား တတိယာအဘိသမယ = တတိယအကြိမ် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ရေဝတဘုရားရှင်သည် သုဓညဝတီ မြို့တော်၌ ရေတွက်မရ များပြားလှစွာသော ရဟန္တာအရှင်မြတ်တို့ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် မေခလမြို့ဝယ် ကုဋေတစ်သိန်းမျှသော ရဟန္တာအရှင်မြတ်တို့ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် ရေဝတဘုရားရှင်သည် ပညာအရာ ဧတဒဂ်ရ လက်ယာတော်ရံ အဂ္ဂသာဝက ဝရုဏထေရ် မကျန်းမမာ ဖြစ်တော်မူ သောအခါ သူ့နှာ မေးလာကြသူ များစွာသော လူအပေါင်းတို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကို ပိုင်းခြားထင်ထင် ပြက်ပြက် မြင်အောင် ဟောကြားတော်မူသည်။ ထိုအခါ ကုဋေတစ်သိန်းမျှသော အမျိုးကောင်းသားတို့သည် ရဟန်းပြုကာ အရဟတ္တဖိုလ်၌ တည်ကြလေ သည်။ ထို ကုဋေတစ်သိန်းမျှသော ရဟန္တာအရှင်မြတ်တို့ အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ၌ ဘုရားအလောင်းတော်သည် ရမ္မဝတီပြည်ဝယ် အတိဒေဝ မည်သော ပုဏ္ဏားဖြစ်၍ ပုဏ္ဏားတို့၏ အတတ်၌ တစ်ဖက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်၏။ ရေဝတဘုရားရှင် ကို ဖူးမြင်ရ၍ ဘုရားရှင်၏ တရားစကားကို နာကြားရသဖြင့် ဂါထာ တစ်ထောင်တို့ဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကော်ရော် ပူဇော်ပြီးလျှင် အဖိုးတစ်သိန်းထိုက်သော အပေါ်ရုံ ခြုံထည်ကို ဘုရားရှင် အား လှူဒါန်းလေသည်။ ရေဝတဘုရားရှင်သည် အတိဒေဝပုဏ္ဏားကို **"ဂေါတမ ဟု ဘုရားတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်ပန်း ဆင်မြန်းပေးတော်မူသည်။

## ၆
# သောဘိတဘုရားရှင် ဗုဒ္ဓဝင်

သောဘိတ ဘုရားရှင်သည် ရေဝတဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အန္တရကပ်တစ်ခု အလွန် အနှစ်ကိုးသောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတို့တွင် ကိုးဆူမြောက် ဖြစ်၍ ဂေါတမ ဘုရားကို ဗျာဒိတ်ပေးတော်မူသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် ခြောက်ဆူမြောက် ဖြစ်သည်။

သုဓမ္မနေပြည်တော်၌ ခမည်းတော် သုဓမ္မမင်း၊ မယ်တော် သုဓမ္မာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သုဓမ္မာဥယျာဉ်တော်တွင် ဖြစ်၏။ နှစ်ပေါင်းကိုးထောင် ကာလပတ်လုံး ကုမုဒ၊ နာဠိန၊ ပဒုမ မည်သော နန်းမသုံးဆောင်၌ ကြင်ရာတော် မခိလဒေဝီ အမှူးပြုသည့် ရံရွေတော်ပေါင်း သုံးသောင်း ခုနစ်ထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် သီဟမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် သံဝေဂဉာဏ် ဖြစ်ပွားကာ ရွှေနန်းတော်မှာပင် ရဟန်းပြုလေသည်။ ရဟန်းပြုပြီးနောက် စတုတ္ထဈာန် တိုင်အောင် အာနာပါန ဘာဝနာ ပွားများလျက် ရွှေနန်းတော်မှာပင် ခုနစ်ရက် ကာလပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ဖြည့်ကျင့်တော်မူသည်။ ထို့နောက် ဘုရား ဖြစ်မည့် ကဆုန်လပြည့်နေ့၌ ကြင်ရာတော် မခိလဒေဝီ လှူဒါန်းအပ် သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် အလောင်းတော်၏ အဓိဋ္ဌာန်ချက်ဖြင့် ရွှေနန်းတော်ကြီးနှင့် တကွပင် ကောင်းကင်ခရီးမှ ပျံသန်းလျက် တောထွက်တော်မူသည်။ ထို့နေ့မှာပင် ကံ့ကော်ဗောဓိ

ပင်ရင်း၌ မာရ်စည်သည်အပေါင်းကို အောင်မြင်ကာ သမ္မာသမ္ဗုဒ္ဓ ဘုရား အဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အသမမင်းသားနှင့် သုနေတ္တမင်းသား ညီတော်မင်းနှစ်ပါး အမှူးထား သည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သုမဗ္မာဥယျာဉ် အတွင်း၌ ဓမ္မစကြာတရားဦး ဒေသနာတော်ကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား အသမထေရ်နှင့် သုနေတ္တထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကမ အစုံကား နကုလာထေရီမနှင့် သုဇာတာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား အနောမထေရ် ဖြစ်သည်။ ရမ္မသူဌေးနှင့် သုဒတ္တသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ နကုလာနှင့် မိတ္တာတို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား ငါးဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား အနှစ်ကိုးသောင်းတည်း။ သီဟ မည်သော ဥယျာဉ်အတွင်း၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။ သောဘိတ ဘုရားရှင်၏ ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်ချက်ဖြင့်ပင် တစ်လုံးတစ်ခဲတည်း မတည်ရစ်ဘဲ အစိတ်အစိတ် အမြွှာအမြွှာ ကွဲပြားကာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင် ပျံ့နှံ့ တည်နေ၍ လူ နတ် ဗြဟ္မာတို့၏ အပူဇော်ကို ခံယူတော်မူလေသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ သောဘိတ ဘုရားရှင်သည် သုဓမ္မဥယျာဉ် အတွင်း၌ အသမ မင်းသားနှင့် သုနေတ္တမင်းသား ညီတော်မင်းနှစ်ပါး အမှူးပြုသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ဓမ္မစကြာတရား ဟောကြားတော်မူသော အခါ အရေအတွက် အပိုင်းအခြားမရှိ များဘိသောင်းသောင်း လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြသည်။ ဤကား ပထမာ အဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၀ယ် သုဒဿန မြို့တံခါးအနီး သခွတ်ပင်ကြီး၏ တစ်ဝိုက်၌ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံကို ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်က သစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ အဘိဓမ္မာတရား ဟောကြားတော်မူသည်။ ဒေသနာတော် အဆုံး၌ ကုဋေ ကိုးသောင်းမျှသော နတ် ဗြဟ္မာအပေါင်းတို့သည် သစ္စာလေးပါး တရား သိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား ဒုတိယာ အဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၀ယ် သုဒဿနမြို့၌ ဇယသေန မင်းသားသည် ကြီးကျယ် ခမ်းနားလှစွာသော ကျောင်းတော်ကြီး ဆောက်လုပ်၍ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းလေသည်။ ထို ကျောင်းလွှတ် ပူဇော်ပွဲ၌ မြတ်စွာဘုရားသည် ကျောင်းအနုမောဒနာ တရား ဟောကြား တော်မူသောအခါ ကုဋေတစ်သိန်းမျှသော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြ သည်။ ဤကား တတိယာ အဘိသမယ = သုံးကြိမ်မြောက် တရားပွဲ ကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ဥဂ္ဂတမင်းသည် သုနန္ဒမြို့၌ သုနန္ဒာရာမ ကျောင်းတိုက်ကြီး တည်ဆောက်၍ ဘုရား အမှူးရှိသော သံဃာအား လှူဒါန်းလေသည်။ ယင်း ကျောင်းလွှတ်ပူဇော်ပွဲ၌ ရဟန္တာထေရ်ပေါင်း ကုဋေတစ်ရာ စုဝေး မိကြလေသည်။ ထို ရဟန္တာကုဋေတစ်ရာတို့၏ အလယ်၌ သောဘိတ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပထမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ တစ်ဖန် မေခလမြို့၌ ဓမ္မဂဏ အသင်းကြီးသည် ဓမ္မဂဏာ ရာမ ကျောင်းတိုက်ကြီး တည်ဆောက်၍ ဘုရား အမှူးရှိသော သံဃာအား လှူဒါန်းလေသည်။ ယင်း ကျောင်းလွှတ် ပူဇော်ပွဲ၌ ရဟန္တာထေရ်ပေါင်း ကုဋေကိုးဆယ် စုဝေးမိကြလေသည်။ ထိုရဟန္တာ ကုဋေကိုးဆယ်တို့၏

အလယ်၌ သောဘိတ ဘုရားရှင်သည် သြဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ တစ်ဖန် သောဘိတ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူပြီး၍ ပဝါရဏာပြုရန် နတ်ဗြဟ္မာ အပေါင်း ခြံရံလျက် လူ့ပြည်သို့ သက်ဆင်းတော်မူသောအခါ ရဟန္တာထေရ်ပေါင်း ကုဋေရှစ်ဆယ်တို့နှင့် အတူ ပဝါရဏာ ပြုတော်မူလေသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ရမ္မဝတီ မြို့တော်ဝယ် သုဇာတပုဏ္ဏား ဖြစ်၍ သောဘိတဘုရားရှင်၏ တရားဓမ္မကို နာကြားရသဖြင့် ကြည်ညိုသဒ္ဓါစိတ် တဖိတ်ဖိတ် ဖြစ်ပွားလျက် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား ဝါတွင်းသုံးလပတ်လုံး အလှူကြီးပေးကမ်း လှူဒါန်းလေသည်။ သောဘိတဘုရားရှင်သည် သုဇာတပုဏ္ဏားကို "ဂေါတမ ဟု နာမထင်ရှား ဘုရားမြတ်တစ်ဆူ ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ် တံဆိတ်ခတ်ကာ သတ်မှတ်တော်မူသည်။

၇
# အနောမဒဿီဘုရားရှင် ဗုဒ္ဓဝင်

အနောမဒဿီ ဘုရားရှင်သည် သောဘိတဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် တစ်သင်္ချေ အလွန် သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူကြသော အနောမဒဿီဘုရား၊ ပဒုမဘုရား၊ နာရဒဘုရား သုံးဆူတို့တွင် အစဆုံး ပွင့်တော်မူသည့် ဘုရားရှင် ဖြစ်သည်။ နှစ်ကျိပ် ရှစ်ဆူတို့တွင် ဆယ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ် ပေးတော်မူသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် ခုနစ်ဆူမြောက် ဖြစ်သည်။

စန္ဒဝတီ နေပြည်တော်၌ ခမည်းတော် ယသဝါမင်း၊ မယ်တော် ယသောဓရာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သုစန္ဒန ဥယျာဉ်တော်တွင် ဖြစ်သည်။ အနှစ်တစ်သောင်း ကာလပတ်လုံး သိရိ၊ ဥပသိရိ၊ ဝဍ္ဎ မည်သော ရွှေနန်း သုံးဆောင်၌ ကြင်ရာတော် သိရိမာ မိဖုရား အမှူးပြုသည့် ရံရွေတော်ပေါင်း နှစ်သောင်း သုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ဥပဝါဏမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ရွှေထမ်းစင် စီးကာ တောထွက် ရဟန်းပြုတော်မူသည်။ သုံးကုဋေ မျှသော အမျိုးကောင်းသားတို့သည်လည်း အနောမဒဿီ ဘုရားလောင်း နှင့်အတူ တောထွက် ရဟန်းပြုကြလေသည်။

ဆယ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ အနောပမ ပုဏ္ဏားရွာနေ အနောပမသူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင်

ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်း အချိန် အခါဝယ် မဟာဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးကြား၌ အနောမ ဇက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ထောက်ကြံ့ ဗောဓိပင်အောက်ဝယ် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်း ပြု၍ ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြသည့် သုံးကုဋေ မျှသော ရဟန်းတော်များ အမှူးထားသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သုဒဿန ဥယျာဉ်ကြီး အတွင်း၌ ဓမ္မစကြာ တရားဦး ဒေသနာကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား နိသဘထေရ်နှင့် အနောမထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကမအစုံကား သုန္ဒရီထေရီမနှင့် သုမနာထေရီမ တို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ဝရုဏထေရ် ဖြစ်သည်။ နန္ဒိဝဍ္ဍသူဌေးနှင့် သိရိဝဍ္ဍသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ ဥပ္ပလာနှင့် ပဒုမာတို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား ငါးဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား တစ်သိန်းတည်း။ သီတင်းသုံးတော် မူရာ ဓမ္မာရာမ ကျောင်းတိုက်ကြီး၌ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ အနောမဒဿီဘုရားရှင်၏ စေတီတော်ကား နှစ်ဆယ့်ငါးယူဇနာ အမြင့် ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ အနောမဒဿီ ဘုရားရှင်သည် သုဘဝတီမြို့အနီး သုဒဿန ဥယျာဉ်ကြီး အတွင်း၌ မိမိနှင့်အတူ ရဟန်းပြုကြသည့် သုံးကုဋေမျှ သော ရဟန်းတော်များ အမှူးထားသည့် လူ နတ် ဗြဟ္မာတို့အား ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေတစ်ရာမျှသော သတ္တဝါ တို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား

ပထမာဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ဩသဓိမြို့အနီး ပိတောက်ပင်ကြီး တစ်ဝိုက်၌ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံကို ပြတော်မူပြီးသော အဆုံး၌ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ အဘိဓမ္မာတရား ဟောတော်မူသောအခါ ကုဋေရှစ်ဆယ်သော နတ်ပြဟ္မာတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား ဒုတိယာဘိသမယ= နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ မင်္ဂလပုစ္ဆာပြဿနာကို ခွဲခြမ်း စိတ်ဖြာ ဟောကြား ဖြေဆိုတော်မူသောအခါ ခုနစ်ဆယ့်ရှစ်ကုဋေသော သတ္တဝါတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ အနောမဒဿီဘုရားရှင်သည် သောရေယျမြို့၌ ဣသိဒတ္တမင်း အား တရားဟောတော်မူသောအခါ ဘုရားရှင်အား ကြည်ညိုကြသဖြင့် ရှစ်သိန်းသော အမျိုးကောင်းသားတို့သည် ရဟန်းပြုကြသည်။ ရဟန်း ပြုပြီး မကြာမီ ရဟန္တာ ဖြစ်ကြသောအခါ ယင်း ရဟန္တာရှစ်သိန်းတို့၏ အလယ်၌ အနောမဒဿီ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူ သည်။ ဤကား ပထမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ အနောမဒဿီ ဘုရားရှင်သည် ရာဓဝတီမြို့၌ သုန္ဒရိန္ဒရမင်းအား တရားဟောတော်မူသောအခါ ခုနစ်သိန်းသော အမျိုးကောင်းသားတို့သည် ရဟန်းပြုကြသည်။ ရဟန်း ပြုပြီး မကြာမီ ရဟန္တာ ဖြစ်ကြသောအခါ ယင်း ရဟန္တာပေါင်း ခုနစ်သိန်း တို့၏ အလယ်၌ အနောမဒဿီဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ တစ်ဖန် သောရေယျမြို့၌ပင် သောရေယျမင်းနှင့် တကွ အမျိုးကောင်းသား ခြောက်သိန်းတို့သည် ရဟန်းပြုကြသည်။ ရဟန်းပြုပြီး မကြာမီ ရဟန္တာ ဖြစ်ကြသောအခါ ယင်း ရဟန္တာ ခြောက်သိန်းတို့၏ အလယ်၌ အနောမဒဿီဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအချိန်အခါ၌ ဘုရားအလောင်းတော်သည် နတ်ဘီလူး စစ်သူကြီး ဖြစ်၍ "လောက၌ ဘုရား ပွင့်တော်မူပြီ" ဟု သတင်းစကား ကြားသိရသဖြင့် ဘုရားရှင်ထံမှောက် လာရောက်ပြီးလျှင် ရတနာ ခုနစ်ပါးတို့ဖြင့် မွမ်းမံ ပြင်ဆင်ထားသည့် ရတနာမဏ္ဍပ်ကြီး ဖန်ဆင်း ပြုလုပ်လျက် ရတနာမဏ္ဍပ် အတွင်း၌ ဘုရား အမှူးရှိသော ရဟန်း သံဃာအား ခုနစ်ရက်ပတ်လုံး အလှူကြီး လှူဒါန်းလေသည်။ အနောမဒဿီဘုရားရှင်သည် နတ်ဘီလူး စစ်သူကြီးကို **"ဂေါတမ ဟု ဘွဲ့မည်သတ်မှတ် ဘုရားမြတ်တစ်ဆူ ဖြစ်လိမ့်မည်"** ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

၈

# ပဒုမဘုရားရှင် ဗုဒ္ဓဝင်

ပဒုမဘုရားရှင်သည် အနောမဒဿီဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်တစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိပ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် ရှစ်ဆူမြောက် ဖြစ်သည်။

စမ္ပက မင်းနေပြည်တော်၌ ခမည်းတော် အသမမင်း၊ မယ်တော် အသမာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ စမ္ပက ဥယျာဉ်တော်တွင် ဖြစ်သည်။ အနှစ်တစ်သောင်း ကာလပတ်လုံး နန္ဒုတ္တရ၊ ဝသုတ္တရ၊ ယသုတ္တရ မည်သော ရွှေနန်းသုံးဆောင်၌ ကြင်ရာတော် ဥတ္တရာဒေဝီ အမှူးပြုသည့် ရံရွေတော်ပေါင်း သုံးသောင်းသုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ရမ္မမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် အာဇာနည်မြင်းကသော ရထားကို စီးကာ တောထွက် ရဟန်းပြုတော်မူသည်။ တစ်ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း ပဒုမ ဘုရားလောင်းနှင့် အတူ တောထွက် ရဟန်းပြုကြလေသည်။

ရှစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ ဓညဝတီမြို့နေ ဓညဝတီ သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်း အချိန်အခါဝယ် မဟာဗောဓိ

မဏ္ဍိုင်သို့ အသွား လမ်းခရီးကြား၌ တိတ္ထကတက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကြောင်လျှာကြီး ဖောခ်ပင်ရင်းဝယ် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြသည့် တစ်ကုဋေမျှသော ရဟန်းတော်များ အမှူးထားသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ခေမဝတီမြို့ အနီး ခေမဥယျာဉ်ကြီး အတွင်း၌ ဓမ္မစကြာတရားဦး ဒေသနာကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သာလထေရ်နှင့် ဥပသာလထေရ်တို့ ဖြစ်ကြသည်။ အဂ္ဂသာဝိကမအစုံကား ရာမာထေရီမနှင့် သုရာမာထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ဝရုဏထေရ် ဖြစ်သည်။ ဘိယျသူဌေးနှင့် အသမသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ ရုစိနှင့် နန္ဒရာမာတို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား ငါးဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား အနှစ်တစ်သိန်းတည်း။ ဓမ္မာရာမ ကျောင်းတိုက်ကြီး အတွင်းမှာပင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ပဒုမဘုရားရှင်၏ ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ်အမြွာမြွာ ကွဲပြားကာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်ဝယ် ပျံ့နှံ့တည်နေ၍ လူ နတ် ဗြဟ္မာတို့၏ အပူဇော်ကို ခံယူတော်မူသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ပဒုမဘုရားရှင်သည် ခေမဝတီမြို့အနီး ခေမဥယျာဉ်ကြီး အတွင်း၌ မိမိနှင့်အတူ ရဟန်းပြုကြသည့် တစ်ကုဋေမျှသော ရဟန်းတော်များ အမှူးထားသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ ကုဋေ တစ်ရာမျှသော

လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် မဂ်ဖိုလ်တရားထူးကို ဆွတ်ခူး ရရှိကြသည်။ ဤကား ပဌမာဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ ပဒုမမြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ အခြံအရံနှင့်တကွ ညီတော် သာလမင်းသား၊ ဥပသာလမင်းသားတို့ကို ရဟန်းပြုပေးတော်မူသည်။ ရဟန်းပြုပြီးနောက် တရားဓမ္မ ဟောပြ ဆုံးမတော်မူသောအခါ ကုဋေကိုးဆယ်သော နတ် လူတို့သည် မဂ် ဖိုလ် တရားထူးကို ဆွတ်ခူး ရရှိကြသည်။ ဤကား ဒုတိယာဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် ပဒုမမြတ်စွာဘုရားသည် သားတော် ရမ္မထေရ်အား တရားပြ၍ ဆုံးမတော်မူသောခါ ကုဋေရှစ်ဆယ်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား တတိယာဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ သုဘာဝိတတ္တမင်းသည် အခြံအရံပရိသတ် ကုဋေတစ်သိန်းနှင့်တကွ ပဒုမဘုရားရှင်ထံ၌ ရဟန်းပြုကြသည်။ ပဒုမဘုရားရှင်သည် ထို ရဟန်းပရိသတ် အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ အခါတစ်ပါးဝယ် ပဒုမဘုရားရှင်သည် ဥသဘဝတီမြို့၌ ဝါကပ်တော်မူသည်။ ထိုအခါ မြတ်စွာဘုရားသည် ဘုရားဖူးရန် လာရောက်ကြသော မြို့သူမြို့သား လူအများတို့အား တရားဓမ္မ ဟောပြတော်မူသည်။ တရားတော်အဆုံး၌ များစွာသော အမျိုးကောင်းသားတို့သည် ရဟန်း ပြုကြသည်။ ထို့နောက် ပဒုမ မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ ဥသဘဝတီမြို့သား ရဟန်းတော်များနှင့် တကွ စုစုပေါင်း ရဟန္တာသုံးသိန်းနှင့် အတူ ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူသည်။ **'ဝိသုဒ္ဓိပဝါရဏာ'** ဟူသည် ရဟန္တာအရှင်မြတ်တို့ချည်း

ပြုသော ပဝါရဏာတည်း။ ဤကား ဒုတိယ မဟာသန္နိပါတ= နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ဥသဘဝတီ မြို့သူ မြို့သား ဒါယကာ၊ ဒါယိကာမများသည် ကထိန် အာနိသင်တရား ကြားနာရသဖြင့် သံဃာအား ကထိန်လျာ သင်္ကန်း လှူဒါန်း ဆက်ကပ်ကြလေသည်။ ထို ကထိန်လျာသင်္ကန်းကို ရဟန်းတော်တို့သည် 'ဓမ္မသေနာပတိ' ဘွဲ့ခံ လက်ယာတော်ရံ အရှင်သာလထေရ်အား ကထိန်ခင်းရန် ဉတ်ကမ္မဝါစာဖြင့် လှူဒါန်း အပ်နှင်းကြသည်။ ထိုသင်္ကန်းကို နေ့ချင်းပြီးအောင် ဝိုင်းဝန်း ချုပ်လုပ်ကြသောအခါ သံဃာ့ကိစ္စ ဖြစ်၍ ဘုရားရှင် ကိုယ်တော်တိုင်ပင် သံဃာတော်များနှင့်အတူ ပါဝင် ချုပ်လုပ်တော်မူသည်။ ကထိန်ခင်းခြင်းကိစ္စ ပြီးစီးသောအခါ ပဒုမဘုရားရှင်သည် ရဟန်းတော်သုံးသိန်းနှင့် အတူ ဒေသစာရီ ကြွချီတော်မူသည်။ ထို့နောက် အခါတစ်ပါးဝယ် ပဒုမဘုရားရှင်သည် အလွန် မွေ့လျော်ဖွယ်ကောင်းသည့် ဆိတ်ငြိမ် အေးချမ်းလှသော တောအုပ်ကြီး တစ်ခုအတွင်း၌ ဝါကပ်တော်မူသည်။ ထိုအခါ များစွာသော လူအပေါင်းသည် ဘုရားရှင်ကို ဖူးမြော်၍ တရားတော်ကို ကြားနာရသောအခါ ဘုရားရှင်ထံ ရဟန်းပြုကြလေသည်။ ထိုအခါ ပဒုမဘုရားရှင်သည် ရဟန်းနှစ်သိန်း ခြံရံလျက် ပဝါရဏာ ပြုတော်မူသည်။ ဤကား တတိယ မဟာယသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် တစ်ခုသော တောအုပ်အတွင်းဝယ် ခြင်္သေ့မင်း ဖြစ်၍ ထိုတောအုပ် အတွင်း၌ ပဒုမဘုရားရှင် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စား၍ နေတော်မူသည်ကို ဖူးမြင်ရသဖြင့် ကြည်ညိုသဒ္ဓါတရား တဖွားဖွား ဖြစ်ပွားပြီးလျှင် ခုနစ်ရက်ပတ်လုံး ဘုရားရှင်ကို အာရုံပြု၍ ပီတိချမ်းသာဖြင့်သာ နေထိုင်လျက် ဘုရားရှင်အတွက် အသက်ကို စွန့်ကာ ဆည်းကပ် ခစား၍ တည်နေလေသည်။ ခုနစ်ရက် ပြည့်မြောက်သောအခါ ဘုရားရှင်သည်

နိရောဓသမာပတ်မှ ထတော်မူ၍ ငြိမ်သက်စွာ ဆည်းကပ်၍နေသော ခြင်္သေ့မင်းကို မြင်တော်မူလျှင် ရဟန်းသံဃာ၌လည်း ခြင်္သေ့မင်း သဒ္ဓါတရား ဖြစ်ပွားစေရန် ရည်ရွယ်၍ "ရဟန်းသံဃာတော်များ ဤအရပ်သို့ လာရောက်စေသတည်း" ဟု အဓိဋ္ဌာန်ပြုတော်မူသည်။ အဓိဋ္ဌာန်ပြုတော်မူပြီးသည်နှင့် တစ်ပြိုင်နက် ရဟန်းသံဃာတော်များ ကြွရောက်တော်မူလာကြသည်။ ခြင်္သေ့မင်းသည် ဘုရားရှင်နှင့်တကွ သံဃာတော်များ၌ ကြည်ညိုသဒ္ဓါတရား ဖြစ်ပွားလေသည်။ ပဒုမဘုရားရှင်သည် ခြင်္သေ့မင်း၏ ထက်သန်သော သဒ္ဓါစိတ်ကို သိမြင်တော်မူသဖြင့် ဤခြင်္သေ့မင်းသည် **"နောင်အခါ ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## ၉
# နာရဒဘုရားရှင် ဗုဒ္ဓဝင်

နာရဒဘုရားရှင်သည် ပဒုမဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အန္တရကပ်တစ်ခု အလွန် အနှစ်ကိုးသောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်နှစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတို့တွင် ကိုးဆူမြောက် ဖြစ်သည်။ ဓညဝတီ နေပြည်တော်၌ ခမည်းတော် သုဒေဝစကြာမင်း၊ မယ်တော် အနောမာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ဓနဥ္စယ ဥယျာဉ်တော်တွင် ဖြစ်သည်။ အနှစ်ကိုးထောင် ကာလပတ်လုံး ဇိတ၊ ဝိဇိတ၊ အဘိရာမ မည်သော ရွှေနန်းသုံးဆောင်၌ ကြင်ရာတော် ဝိဇိတ သေနာ မိဖုရား အမှူးပြုသည့် ရံရွေတော်ပေါင်း တစ်သိန်း နှစ်သောင်း ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် နန္ဒုတ္တရ မင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် စစ်အင်္ဂါ လေးပါး ခြံရံကာ မင်္ဂလာဥယျာဉ်တော်သို့ ခြေလျင် ကြွသွား၍ ရဟန်း ပြုတော်မူသည်။ အမျိုးကောင်းသား တစ်သိန်းတို့သည်လည်း နာရဒ ဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။

မင်္ဂလာဥယျာဉ်တော် အတွင်းမှာပင် ခုနစ်ရက်ကြာမျှ ဒုက္ကရစရိယာအကျင့်ကို ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ ကြင်ရာတော် ဝိဇိတသေနာမိဖုရား လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထို မင်္ဂလာဥယျာဉ်တော်မှာပင် နေ့သန့်စင်တော်မူသည်။ ညနေချမ်း အချိန်အခါဝယ် မဟာဗောဓိမဏ္ဍိုင်သို့ အသွားလမ်းခရီးကြား၌ သုဒဿနဥယျာဉ်မှူး လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကြောင်လျှာနီ ဗောဓိပင်ရင်းဝယ် မြက်ရှစ်ဆုပ်ကို

ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြသည့် တစ်သိန်းသော ရဟန်းတော်များ အမှူးထားသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ခနဋ္ဌယဥယျာဉ်ကြီး အတွင်း၌ ဓမ္မစကြာ တရားဦးဒေသနာကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား ဘဒ္ဒသာလထေရ်နှင့် ဝိဇိတမိတ္တထေရ်တို့ ဖြစ်ကြသည်။ အဂ္ဂသာဝိကာမအစုံကား ဥတ္တရာ ထေရီမနှင့် ဖဂ္ဂုနီထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ဝါသေဋ္ဌထေရ် ဖြစ်သည်။ ဥဂ္ဂရိန္ဒသူဌေးနှင့် ဝသဘသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ ဣန္ဒဝရီနှင့် ဝဏ္ဏီတို့သည် အလုပ်အကျွေး ဒါယိကာမများ ဖြစ်ကြသည်။ အရပ်တော်ကား ရှစ်ဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား အနှစ်ကိုးသောင်းတည်း။ သုဒဿနမြို့၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ နာဒရဘုရားရှင်၏ စေတီတော်ကား လေး ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ နာရဒဘုရားရှင်သည် မိမိနှင့်အတူ ရဟန်းပြုကြသည့် ရဟန်းတော် တစ်သိန်း အမှူးပြုသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ခနဋ္ဌယဥယျာဉ်ကြီး အတွင်း၌ ဓမ္မစကြာတရား ဟောကြားတော်မူသော အခါ ကုဋေတစ်သိန်းမျှသော လူ နတ် ဗြဟ္မာတို့သည် မဂ်ဖိုလ်တရားထူးကို ဆွတ်ခူး ရရှိကြသည်။ ဤကား ပဌမာဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ဒေါဏ နဂါးမင်းသည် မဟာဒေါဏမြို့အနီး ဂင်္ဂါမြစ်ကမ်း၌ စိုးမိုး၍နေ၏။ တန်ခိုးအာနုဘော်ကြီးမားလှ၏။ လူအပေါင်းတို့က ရိုသေလေးမြတ် ပူဇော်ကြသည်။

ထိုအခါ နာရဒဘုရားရှင်သည် ဒေါဏနဂါးမင်းအား ကိုယ်တော်မြတ် သွားရောက် ဆုံးမလျှင် လူနတ်အများ မဂ်ဖိုလ် ရကြမည်ကို မြင်တော် မူသဖြင့် ရဟန်းများစွာ ခြံရံလျက် နဂါးမင်းနေရာ ဘုံဌာနသို့ ကြွသွား တော်မူသည်။ ထိုအခါ နာရဒဘုရားရှင်သည် လူအပေါင်းတို့က နဂါးမင်းထံ မသွားဖို့ရန် လျှောက်ထားသည့် စကားကို ပယ်မြစ်တော် မူကာ ကြွသွားတော်မူပြီးလျှင် နဂါးမင်းအတွက် ခင်းထားအပ်သော ပန်းအခင်းထက်၌ ထိုင်နေတော်မူသည်။

လူအပေါင်းသည်လည်း မြတ်စွာဘုရားနှင့် နဂါးမင်းတို့ တန်ခိုး ပြိုင်ပွဲ ကြည့်ရှုရန် များစွာ စုဝေး ရောက်ရှိလာကြသည်။ တန်ခိုးပြိုင်ပွဲ တွင် အဘိညာဉ်တန်ခိုးဖြင့် ဘုရားရှင်က နဂါးမင်းအပေါ် အနိုင်ယူ ပြီးလျှင် လူအပေါင်းတို့ သဒ္ဓါပိုမို တိုး၍ ကြည်ညိုစေရန် ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံကို ပြတော်မူလျက် တရားဓမ္မ ဟောပြတော် မူသည်။ ထိုအခါ ကုဋေကိုးသောင်းသော လူနတ်တို့သည် အရဟတ္တဖိုလ် ပေါက် ကိုယ်တွေ့ မျက်မှောက်ပြုနိုင်ကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် နာရဒဘုရားရှင်သည် သားတော် နန္ဒုတ္တရမင်းသားကို တရားဓမ္မ ဆုံးမ ဟောပြတော်မူ၏။ ထိုအခါ ကုဋေရှစ်သောင်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ဆွတ်ခူး ရရှိကြသည်။ ဤကား တတိယာဘိသမယ = သုံးကြိမ်မြောက် တရားပွဲ ကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ထုလ္လကောဋ္ဌိတမြို့တွင် အဂ္ဂသာဝက လောင်းလျာ ဘဒ္ဒသာလနှင့် ဝိဇိတမိတ္တ ပုဏ္ဏားလုလင် နှစ်ဦးသည် အမြိုက်တရား ကို ရှာမှီးနေကြစဉ် နာရဒဘုရားရှင်ကို တွေ့မြင်ကြသည်။ ဘုရားရှင်၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့ လက္ခဏာတော် ကို တွေ့မြင်လေလျှင် "ဤပုဂ္ဂိုလ်ကား ဘုရားစင်စစ် ဧကန်ပင် ဖြစ်၏" ဟု ယုံကြည် ဆုံးဖြတ်လျက်အခြံအရံနှင့်တကွ ဘုရားရှင်ထံ ရဟန်း

ပြုကြလေသည်။ ထိုရဟန်းတော်များ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောအခါ ဘုရားရှင်သည် ရဟန်းတော်ပေါင်း ကုဋေတစ်သိန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် နာရဒဘုရားရှင်သည် ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင် ဒေသနာတော်ကို ဟောကြားတော်မူသည်။ ထိုအခါ ရဟန္တာပေါင်း ကုဋေကိုးသောင်းတို့ စုဝေးမိကြလေသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် ဝေရောစန နဂါးမင်းသည် ဂင်္ဂါမြစ်ကမ်းအနီး ရတနာမဏ္ဍပ်ကြီး ဖန်ဆင်း ပြုလုပ်ပြီးလျှင် သံဃာတော်များနှင့် တကွ ဘုရားရှင်အား ကြီးကျယ်လှစွာသော အလှူကြီးကို ပေးလှူလေသည်။ မြတ်စွာဘုရားသည် တရားဒေသနာ ဟောကြားတော်မူသောအခါ လူအပေါင်းတို့ ဘုရားရှင်ထံ ရဟန်းပြုကြလေသည်။ ထိုအခါ ဘုရားရှင်သည် ရဟန်းတော်ပေါင်း ရှစ်သန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ရသေ့ ရဟန်းပြု၍ ဟိမဝန္တာ တောင်စောင်း သစ်မ်းကျောင်းဝယ် အဘိညာဉ်ငါးပါး သမာပတ်တရားတို့ကို လေ့လာ ပွားများလျက် နေတော်မူ၏။ ထိုအခါ နာရဒ ဘုရားရှင်သည် ရဟန္တာများစွာ ထေရ်သံဃာနှင့် အနာဂါမ် ဥပါသကာ တစ်သောင်း ခြံရံလျက် အလောင်းတော်ရသေ့၏ သစ်မ်းကျောင်းသို့ ကြွတော်မူသည်။ အလောင်းတော်ရသေ့သည် ဘုရားရှင်ကို ဖူးမြင်ရသဖြင့် ဝမ်းမြောက် ရွှင်လန်း သဒ္ဓါပန်းဖြင့် အခြံအရံနှင့် တကွ ဘုရားရှင် သီတင်းသုံးတော်မူရန် သစ်မ်းကျောင်းကို စီမံလေသည်။ ထို့နောက် သစ်မ်းကျောင်း အတွင်း၌ အခြံအရံပရိသတ်နှင့် တကွ ဘုရားရှင်

သီတင်းသုံးတော် မူသောအခါ တစ်ညဥ့်ပတ်လုံး ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို ချီးကျူးကော်ရော် ပူဇော်ပြီးလျှင် ဘုရားရှင် ဟောကြားအပ်သော တရားတော်မြတ်ကို နာယူလေသည်။

နောက်တစ်နေ့ နံနက်အချိန်မှ စ၍ ခုနစ်ရက်ပတ်လုံး အခြံအရံ ပရိသတ်နှင့်တကွ ဘုရားရှင်အား ကြီးစွာသော အလှူဒါန ပေးလှူ ပြီးလျှင် အဖိုးများစွာ ထိုက်တန်သည့် စန္ဒကူးနံ့သာနီဖြင့်လည်း လှူဒါန်း ပူဇော်လေသည်။ ထိုအခါ နာရဒဘုရားရှင်သည် အလောင်းတော်ရသေ့ ကို **“နောင်အခါဝယ် ဂေါတမဘုရားဟု ဘုရားစင်စစ် ဧကန် ဖြစ်လိမ့် မည်”** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## ၁၀
# ပဒုမုတ္တရဘုရားရှင် ဗုဒ္ဓဝင်

ပဒုမုတ္တရဘုရားရှင်သည် နာရဒဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးနောက် ကမ္ဘာ တစ်သင်္ချေ အလွန် သာရကမ္ဘာ၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်သုံးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် ဆယ်ဆူမြောက် ဖြစ်သည်။

ဟံသာဝတီနေပြည်တော်၌ ခမည်းတော် အာနန္ဒမင်း၊ မယ်တော် သုဇာတာ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ဟံသာဝတီ မင်္ဂလာဥယျာဉ်တော်တွင် ဖြစ်၏။ နှစ်ပေါင်း တစ်သောင်း ကာလပတ်လုံး နရဝါဟန၊ ယသဝါဟန၊ ဝသဝတ္တီ မည်သော ရွှေနန်းမသုံးဆောင်၌ ဝသုဒတ္တာဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း တစ်သိန်းနှစ်သောင်း ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ဥတ္တရမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီး လေးပါးမြင်သဖြင့် ဘုရားအလောင်း၏ အဓိဋ္ဌာန်ချက်ဖြင့် ဝသဝတ္တီ ရွှေနန်းပြာသာဒ်နှင့် တကွပင် ကောင်းကင်ခရီးမှ မဟာဗောဓိပင် ရှိရာ အရပ်သို့ ပျံသန်းလျက် တောထွက် ရဟန်းပြုတော်မူသည်။ များစွာသော အမျိုးကောင်းသားတို့သည်လည်း ပဒုမုတ္တရ ဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။

မဟာဗောဓိပင်နှင့် မနီးမဝေး တောအုပ်အတွင်းမှာပင် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့ဝယ် ဥဇ္ဇေနီနိဂုံးနေ ရုစာနန္ဒသူဌေးသမီး လှူဒါန်းအပ်သော

နို့ဃနာဆွမ်းကို ဘုဥ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ သုမိတ္တတက္ကတွန်းလှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ထင်းရှူး ဗောဓိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တာသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အဂ္ဂသာဝကလျောင်းလျာ ဒေဝလမင်းသားနှင့် သုဇာတမင်းသား နှစ်ပါး အမှူးထားသည့် များစွာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့အား မိတ္ထိလာမြို့ အနီး မိတ္ထိလာမြို့တော်ဥယျာဉ်၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား ဒေဝလထေရ်နှင့် သုဇာတထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံသည် အမိတာ ထေရီမနှင့် အသမာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်သည် သုမနထေရ် ဖြစ်သည်။ ဝိတိဏ္ဏသူဌေးနှင့် တိဿသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ဟဋ္ဌာ ဥပါသိကာမနှင့် ဝိစိတ္တာ ဥပါသိကာမများ ဖြစ်ကြသည်။ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား တစ်သိန်းတည်း။ နန္ဒာရာမ ဥယျာဉ်ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ ပဒုမုတ္တရဘုရားရှင်၏ စေတီတော်ကား တစ်ဆယ့်နှစ်ယူဇနာ အမြင့်ရှိသည်။

## မဟာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ပဒုမုတ္တရဘုရားရှင်သည် အဂ္ဂသာဝကလောင်းလျာ ဒေဝလမင်းသားနှင့် သုဇာတမင်းသား နှစ်ပါး အမှူးထားသည့် များစွာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့အား မိတ္ထိလာမြို့အနီး မိတ္ထိလာမြို့တော်ဥယျာဉ်၌ ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေတစ်သိန်းသော

နတ် လူတို့သည် မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ပဒုမုတ္တရဘုရားရှင်သည် သရာ ရသေ့၏ ပရိသတ်အစည်းအဝေး၌ တရားဒေသနာ ဟောတော်မူသော အခါ သုံးသန်း ခုနစ်သိန်းသော နတ် လူတို့သည် မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် ခမည်းတော် အာနန္ဒမင်းကြီး သည် အခြံအရံ မင်းမှူထမ်းပေါင်း နှစ်သောင်းနှင့် တကွ အမတ် နှစ်ဆယ် တို့ကို မိတ္ထိလာမြို့၌ သီတင်းသုံး နေတော်မူသော သားတော်ဘုရားကို အပင့်လွှတ်လိုက်လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားထံ ရောက်၍ တရားတော် နာယူရသောအခါ အားလုံး ရဟန်းပြုလေသည်။ ထို ရဟန်းအပေါင်း ခြံရံလျက် ခမည်းတော် စံရာ ဟံသာဝတီမြို့တော်သို့ ကြွတော်မူ၍ ထိုမြို့မှာပင် သီတင်းသုံး နေတော်မူသည်။ ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူသည်။ ငါးသန်းသော နတ် လူတို့သည် မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား တတိယာ ဘိသမယ= သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ပဒုမုတ္တရ ဘုရားရှင်သည် မိတ္ထိလာမြို့အနီး မိတ္ထိလာ ဥယျာဉ်ကြီး အတွင်းဝယ် တပို့တွဲလပြည့်နေ့၌ ကုဋေတစ်သိန်းသော ရဟန်းတို့၏ အစည်းအဝေးတွင် သြဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေး ကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ပဒုမုတ္တရဘုရားရှင်သည် ဝေဘာရတောင်ထွတ်၌ ဝါကပ်တော်မူ၏။ ထိုစဉ် ဝေဘာရတောင်ကို ကြည့်ရှုရန် လာရောက်ကြသော လူအပေါင်းတို့အား တရားဟောတော်

မူသောအခါ ကုဋေကိုးသောင်းသော အမျိုးကောင်းသားတို့သည် ရဟန်းပြုကြသည်။ ထိုရဟန်းတော်တို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် ပဒုမုတ္တရ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ ထိုထို မြို့ရွာနိဂုံးမှ ရဟန်းပြုကြသော ရဟန်းတော်တို့၏ အစုအဝေးသည် ကုဋေရှစ်သောင်း ရှိ၏။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ကုဋေများစွာ ကြွယ်ဝသည့် ဇဋိလ မည်သော တိုင်းကြပ်မင်းကြီး ဖြစ်၍ ဘုရား အမှူးရှိသော ရဟန်းသံဃာအား သင်္ကန်း စသော လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်း ပူဇော်လေသည်။ ပဒုမုတ္တရဘုရားရှင်သည် အနုမောဒနာတရား ဟောကြားပြီးသည့် အဆုံး၌ ဇဋိလတိုင်းကြပ်မင်းကြီးကို **"နောင် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမ ဟု နာမထင်ရှား ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ် ဘွဲ့တံဆိပ် ခတ်နှိပ်တော်မူသည်။

## ၁၁
# သုမေဓဘုရားရှင် ဗုဒ္ဓဝင်

သုမေဓဘုရားရှင်သည် ပဒုမုတ္တရ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ကမ္ဘာပေါင်း ခုနစ်သောင်း အလွန် မဏ္ဍကမ္ဘာ၌ ပွင့်တော်မူသည်။ ထို မဏ္ဍကမ္ဘာ၌ သုမေဓဘုရား၊ သုဇာတဘုရား ဟူ၍ ဘုရားနှစ်ဆူ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်လေးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရားနှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်တစ်ဆူမြောက် ဖြစ်သည်။

သုဒဿန နေပြည်တော်၌ ခမည်းတော် သုဒတ္တမင်း၊ မယ်တော် သုဒတ္တာဒေဝီတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သုဒဿန မင်္ဂလာဥယျာဉ်တော်တွင် ဖြစ်၏။ နှစ်ပေါင်း ကိုးထောင် ကာလပတ်လုံး သုစန္ဒန၊ ကဥ္စန၊ သိရိဝဍ္ဎန မည်သော ရွှေနန်းမ သုံးဆောင်၌ သုမနဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း လေးသောင်းရှစ်ထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ပုနဗ္ဗသုမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဆင်ယာဉ် စီးကာ တောထွက် ရဟန်းပြုတော်မူသည်။

ကုဋေ တစ်ရာသော အမျိုးကောင်းသားတို့သည် သုမေဓဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ တစ်ဆယ့်ငါးရက်ကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့ဝယ် နကုလ နိဂုံးနေ နကုလ သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး

အကြား၌ သိရိဝဍ္ဍတက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကျည်းပင်ဗောဓိပင်ရင်း မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တာသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အဂ္ဂသာဝကလောင်းလျာ ညီတော် သရဏမင်းသား၊ သဗ္ဗကာမ မင်းသား နှစ်ပါး၊ မိမိနှင့်အတူ ရဟန်းပြုကြသည့် ကုဋေတစ်ရာမျှသော ရဟန်းတော်များ အမှူးပြုသည့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သုဒဿနမြို့ အနီး သုဒဿန ဥယျာဉ်တော်ကြီး၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သရဏထေရ်နှင့် သဗ္ဗကာမထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံသည် ရာမာထေရီမနှင့် သုရာမာထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်သည် သာဂရထေရ် ဖြစ်သည်။ ဥရုဝေလသူဌေးနှင့် ယသဝါသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ယသောဓရာ ဥပါသိကာမနှင့် သိရိမာ ဥပါသိကာမများ ဖြစ်ကြသည်။ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား ကိုးသောင်းတည်း။ မေရာရာမဥယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ သုမေဓဘုရားရှင်၏ ဓာတ်တော်တို့သည် အဓိဋ္ဌာန်တော် မူချက်အရ အစိတ်အစိတ် အမြွာအမြွာ ကွဲပြားလျက် ဇမ္ဗူဒိပ်ကျွန်း တစ်ခွင် ပျံ့နှံ့တည်ရှိ၍ လူ နတ် ဗြဟ္မာတို့၏ အပူဇော်ကို ခံယူတော်မူသည်။

## ဗောဓိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ သုမေဓဘုရားရှင်သည် အဂ္ဂသာဝကလောင်းလျာ ညီတော် သရဏမင်းသား၊ သဗ္ဗကာမမင်းသား နှစ်ပါးနှင့် မိမိနှင့်အတူ ရဟန်း ပြုကြသည့် ကုဋေတစ်ကုဋေမျှသော ရဟန်းတော်များ အမှူးထားသည့် လူ

နတ် ဗြဟ္မာတို့အား သုဒဿနမြို့ အနီး သုဒဿန ဥယျာဉ်တော်ကြီး၌ ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေတစ်သိန်းသော နတ် လူတို့သည် မဂ်ဖိုလ် တရားထူးကို ရရှိကြသည်။ ဤကား ပဌမာဘိသမယ = ပထမအကြိမ် တရားပွဲတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ သုမေဓဘုရားရှင်သည် လူသားကို စားသည့် ကုမ္ဘကဏ္ဏဘီလူးကို ချေချွတ် ဆုံးမတော်မူသောအခါ ကုဋေကိုးသောင်းသော နတ် လူတို့သည် မဂ်ဉာဏ် အမြင်ထူးကို ရရှိကြသည်။ ဤကား ဒုတိယာဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ သုမေဓဘုရားရှင်သည် ဥပကာရီမြို့ အနီး သိရိနန္ဒနဥယျာဉ်တော် အတွင်း၌ နတ် လူ အပေါင်းတို့အား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဖန်၍ ဟောပြတော်မူသည်။ ထိုအခါ ကုဋေရှစ်သောင်းသော နတ် လူတို့သည် မဂ်ဖိုလ် တရားထူးကို ရရှိကြသည်။ ဤကား တတိယာ ဘိသမယ= သုံးကြိမ်မြောက် တရားပွဲတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ သုမေဓဘုရားရှင်သည် သုဒဿန နေပြည်တော်သို့ ကြွတော်မူသောအခါ ကုဋေတစ်ရာမျှသော ရဟန္တာတို့၏ အစည်းအဝေးသည် ဖြစ်၏။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ သုမေဓဘုရားရှင်သည် ဒေဝကူဋတောင်တွင် ဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ကထိန်ပွဲကျင်းပရာ၌ ကုဋေကိုးဆယ်သော ရဟန်းတော်တို့ စုဝေးမိကြသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ သုမေဓဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူ၏။ ယင်းသို့ ဒေသစာရီ ကြွချီတော်မူရာ၌ ကုဋေရှစ်ဆယ်သော ရဟန်းတော်တို့ စုဝေးမိကြသည်။ ဤကား

တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေး ကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ဥတ္တရ မည်သော လုလင်ပျို ဖြစ်၍ သိမ်းဆည်းထားသော ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို စွန့်လွှတ်၍ ဘုရား အမှူးရှိသော ရဟန်းသံဃာအား အလှူကြီး ပေးလှူလေသည်။ ထိုအလှူပွဲတွင် ဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် ဘုရားရှင်ထံ ရဟန်း ပြုလေတော့သည်။ သုမေဓ ဘုရားရှင်သည် အလောင်းတော် ဥတ္တရရဟန်းကို **"နောင်အခါဝယ် ဂေါတမ ဟု ဘုရား စင်စစ် ဧကန် ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်ပန်းကို ဆင်မြန်း ပေးတော်မူသည်။

## ၁၂
# သုဇာတဘုရားရှင် ဗုဒ္ဓဝင်

သုဇာတ ဘုရားရှင်သည် သုမေဓ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ်ကိုးသောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်ငါးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်နှစ်ဆူမြောက် ဖြစ်သည်။

သုမင်္ဂလနေပြည်တော်၌ ခမည်းတော် ဥဂ္ဂတမင်း၊ မယ်တော် ပဘာဝတီဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ အနှစ်ကိုးထောင် ကာလပတ်လုံး သိရိ၊ ဥပသိရိ၊ သိရိနန္ဒ မည်သော ရွှေနန်းမသုံးဆောင်၌ သိရိနန္ဒာဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း နှစ်သောင်းသုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ဥပသေနမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဟံသဝဟ မည်သော မင်္ဂလာမြင်းတော်ကို စီးကာ တောထွက် ရဟန်းပြုတော်မူသည်။

တစ် ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း သုဇာတ ဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ကိုးလပတ်လုံး ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့ဝယ် သိရိနန္ဒန မြို့နေ သိရိနန္ဒန သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး အကြား၌ သုနန္ဒတက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူ

တော်မူ၍ ကြခတ်ဝါးဖောခိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အင္ဂသာဝကလောင်းလျာ ညီတော် သုဒဿနမင်းသားနှင့် ပုရောဟိတ်၏ သား သုဒေဝလုလင်တို့ကို အဦးထား၍ နတ် လူ အပေါင်းတို့အား သုမင်္ဂလ မြို့တော်အနီး သုမင်္ဂလ မင်းဥယျာဉ်တော် အတွင်း၌ ဓမ္မစကြာ တရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သုဒဿနထေရ်နှင့် သုဒေဝထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံသည် နာဂါထေရီမနှင့် နာဂသမာလာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်သည် နာရဒထေရ် ဖြစ်သည်။ သုဒတ္တသူဌေးနှင့် စိတ္တသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ သုဘဒ္ဒါ ဥပါသိကာမနှင့် ပဒုမာ ဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ငါးဆယ် အမြင့်ရှိသည်။ အသက်တမ်းကား ကိုးသောင်း တည်း။ သိလာရာမ အာရာမ်အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ သုဇာတဘုရားရှင်၏ စေတီတော်သည် သုံးဂါဝုတ် အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

(၁) သုဇာတဘုရားရှင်သည် အဂ္ဂသာဝကလောင်းလျာ ညီတော် သုဒဿနမင်းသားနှင့် ပုရောဟိတ်သား သုဒေဝလုလင် အဦးပြုသည့် နတ် လူတို့အား သုမင်္ဂလမြို့တော်အနီး သုမင်္ဂလ မင်းဥယျာဉ်တော် အတွင်း၌ ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေရှစ်ဆယ်သော နတ် လူတို့သည် မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ အခါတစ်ပါး၌ သုဇာတ ဘုရားရှင်သည် သုဒဿန ဥယျာဉ်တော် အနီး အင်ကြင်းပင်ကြီး အပါး၌ ရေ မီ အစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသော အဆုံး၌ တာဝတိံသာနတ်ပြည်သို့

ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဏုကမ္ဗလာ မြကျောက်ဖျာထက်၌ အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ထိုအခါ သုံးသန်း ခုနစ်သိန်းသော နတ်ဗြဟ္မာတို့ မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ အခါတစ်ပါး၌ သုဇာတဘုရားရှင်သည် သုမင်္ဂလမြို့တော် ခမည်းတော်မင်းကြီးထံ ကြွရောက်၍ တရားဓမ္မ ဟောပြတော်မူသော အခါ ခြောက်သန်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ သုဇာတ ဘုရားရှင်သည် သုဓမ္မဝတီမြို့ အနီး သုဓမ္မ ဉယျာဉ်တော်အတွင်း တရားဟောတော်မူသောအခါ ခြောက်သန်းသော အမျိုးကောင်းသားတို့သည် ရဟန်းပြုကြသည်။ ထိုရဟန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာ သန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ သုဇာတ ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော် မူသောအခါ ငါးသိန်းသော ရဟန်းသံဃာတို့၏ အစည်းအဝေးသည် ဖြစ်၏။ ဤကား ဒုတိယမဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီး တည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် "ညီတော် သုဒဿန ရဟန်း ပြု၍ အရဟတ္တဖိုလ်သို့ ရောက်ပြီ" ဟူသော သတင်းကို ကြားသိရ သဖြင့် လေးသိန်းသော အမျိုးကောင်းသားတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ရဟန်း ပြုကြလေသည်။ သုဇာတ ဘုရားရှင်သည် ထိုရဟန်းတို့၏ အစည်းအဝေး၌ ဩဝါဒပါတိမောက် ပြတော်မူသည်။

ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက၊ အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုစဉ်အခါဝယ် ဘုရားအလောင်းတော်သည် စကြဝတေးမင်း ဖြစ်၍ "လောက၌ ဗုဒ္ဓတစ်ဆူ ပွင့်တော်မူပြီ" ဟူသော သတင်းစကား ကို ကြားသိရ၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် ဘုရားရှင် ထံမှ တရားတော်ကို နာယူလေသည်။ တရားတော်ကို နာယူပြီးနောက် ဘုရား အမှူးရှိသော သံဃာအား ရတနာခုနစ်ပါးနှင့် တကွ ထီးနန်းစည်းစိမ် ကို စွန့်လွှတ်လျက် ဘုရားရှင်ထံ ရဟန်းပြုလေသည်။ ဇမ္ဗူဒိပ်ကျွန်းသား လူအများတို့သည် အာရာမ်စောင့် ပြုလုပ်လျက် တိုင်းပြည်မှ ထွက်သော အခွန်ဘဏ္ဍာများကို ယူဆောင်ကာ ဘုရား အမှူးရှိသော သံဃာအား အမြဲမပြတ် ကြီးစွာသော အလှူဒါန ပြုကြလေသည်။ သုဇာတဘုရားရှင် သည် အလောင်းတော် ရဟန်းမြတ်ကို **"နောင်သောအခါ ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု ရွှေနှုတ်တော် ဖွင့်ဟ၍ နိယတ ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## ၁၃
# ပိယဒဿီဘုရားရှင် ဗုဒ္ဓဝင်

ပိယဒဿီ ဘုရားရှင်သည် သုဇာတဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ကမ္ဘာပေါင်း တစ်ထောင့်နှစ်ရာ အလွန် တစ်ခုသော ဝရကမ္ဘာတွင် ပွင့်တော်မူသည်။ ထို ဝရကမ္ဘာတွင် ပိယဒဿီဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရား ဟူ၍ ဘုရားသုံးဆူ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်ခြောက်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူ တွင် တစ်ဆယ့်သုံးဆူမြောက် ဖြစ်သည်။

သုဓညဝတီ နေပြည်တော်၌ ခမည်းတော် သုဒတ္တမင်း၊ မယ်တော် စန္ဒာဒေဝီမိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ဝရဏာ ဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၉၀၀၀) ကိုးထောင် ကာလပတ်လုံး သုနိမ္မလ၊ ဝိမလ၊ ဂိရိဂုဟာ မည်သော ရွှေနန်းမ သုံးဆောင်၌ ဝိမလာဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၃၃၀၀၀) သုံးသောင်း သုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ကဥ္စနာဝေဠမင်းသား ဖွားမြင်ပြီးသော အခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် အာဇာနည်မြင်းကသော ရထား စီးကာ တောထွက် ရဟန်းပြုတော်မူသည်။

တစ်ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း ပိယဒဿီ ဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ခြောက်လ ကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ ဝရဏာ ပုဏ္ဏားရွာနေ ဝသဘပုဏ္ဏား၏ သမီး လျှဒါန်းအပ်သော နို့ဃနာဆွမ်း

ကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင် တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး အကြား၌ သုဇာတတက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ရေခံတက် ဖဗာဓိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ် သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော် မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသည့် တစ်ကုဋေမျှသော ရဟန်းတော်များ အမှူးထားသည့် နတ် လူအပေါင်းတို့အား ဥသဘ မြို့တော်အနီး ဥသဘဝတီ မင်းဥယျာဉ်တော် အတွင်း၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား ပါလိတထေရ်နှင့် သဗ္ဗဒဿီထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ သုဇာတာထေရီမနှင့် ဓမ္မဒိန္နာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်သည် သောဘိတ ထေရ် ဖြစ်သည်။ သန္ဓကသူဌေးနှင့် ဓမ္မက သူဌေးတို့သည် အလုပ် အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ဝိသာခါ ဥပါသိကာမနှင့် ဓမ္မဒိန္နာ ဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ရှစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၉၀၀၀၀) ကိုးသောင်းတည်း။ ညောင်ဗုဒ္ဓဟေ အာရာမ်ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ ပိယဒဿီဘုရားရှင်၏ စေတီတော်ကား သုံး ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ပိယဒဿီဘုရားရှင်သည် မိမိနှင့်အတူ ရဟန်းပြုကြသည့် ရဟန်းတော်များ အမှူးထားသည့် နတ် လူတို့အား ဥသဘဝတီမြို့ အနီး ဥသဘဝတီ မင်းဥယျာဉ်တော်၌ ဓမ္မစကြာတရား ဟောတော် မူသောအခါ ကုဋေ တစ်သိန်းသော နတ် လူတို့သည် မဂ် ဖိုလ် တရားထူး

ကို ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ ပိယဒဿီ ဘုရားရှင်သည် ဥသဘဝတီမြို့အနီး သုဒဿနတောင်၌ စိုးအုပ်၍နေသည့် သုဒဿန နတ်ဘီလူးကို ချေချွတ် ဆုံးမတော်မူသောအခါ ကုဋေကိုးသောင်းသော နတ် လူတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ အခါတစ်ပါးဝယ် ပိယဒဿီ ဘုရားရှင်သည် ကုမုဒ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူစဉ် သောဏရဟန်းနှင့် ကုမုဒဘုရင်၏ သား မဟာပဒုမမင်းသားတို့ ပူးပေါင်း ကြံစည်ကာ နင်းသတ်စေရန် ဒေါဏမုခ ဆင်ကြမ်းကို မောင်းလွှတ်လိုက်လေသည်။ ထိုအခါ ဘုရားရှင်သည် မေတ္တာအအေးဓာတ်ဖြင့် ဒေါဏမုခ ဆင်ကြမ်းကို ဖြန့်ကြက် ပျံ့နှံ့စေကာ ချေချွတ် ဆုံးမတော်မူသည်။ ထိုသို့ ဆုံးမတော်မူသောအခါ ကုဋေ ရှစ်သောင်းသော သတ္တဝါတို့သည် မဂ် ဖိုလ် တရားထူးကို ရရှိကြသည်။ ဤကား တတိယာ ဘိသမယ= သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ပိယဒဿီဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူစဉ် သုမင်္ဂလမြို့သို့ ရောက်ရှိလာရာ ထိုမြို့နေ အဂ္ဂသာဝကလောင်းလျာ ပါလိတမင်းသားနှင့် ပုရောဟိတ်၏ သား သဗ္ဗဒဿီလုလင်တို့သည် ဘုရား အမှူးရှိသော သံဃာအား ကြီးကျယ် ခမ်းနားလှစွာသော အလှူကြီး ပေးလှူကြသည်။ အလှူ အနုမောဒနာတရား အဆုံး၌ ပါလိတမင်းသားနှင့် သဗ္ဗဒဿီလုလင်တို့သည် ကုဋေတစ်သိန်းသော အခြွေအရံ အမျိုးကောင်းသားတို့နှင့် တကွ ဘုရားရှင်ထံ ရဟန်းပြုကြလေသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သော အခါ ထို ရဟန္တာပေါင်းတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒ

ပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမ အကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် သုဒဿန နတ်ဘီလူးကို ချေချွတ် ဆုံးမတော်မူသော အခါ၌လည်း ကုဋေ ကိုးဆယ်သော အမျိုးကောင်းသားတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြလေသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန္တာပေါင်း ကုဋေကိုးဆယ်တို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် ဒေါဏမုခ ဆင်ကြမ်းကို ချေချွတ် ဆုံးမတော်မူသော အခါ၌လည်း ကုဋေ ရှစ်ဆယ်သော အမျိုးကောင်းသားတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထို ရဟန္တာပေါင်း ကုဋေရှစ်ဆယ် ခြံရံလျက် ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် 'ကဿပ' မည်သော ပုဏ္ဏားလုလင် ဖြစ်၍ ဗေဒင်သုံးပုံတို့၌ ပါရဂူမြောက် တတ်ကျွမ်း၏။ ပိယဒဿီဘုရားရှင်၏ တရားဓမ္မ နာကြားရ၍ ကုဋေတစ်သိန်းသော ဥစ္စာ ရွှေငွေတို့ကို စွန့်လွှတ်၍ သံဃာ့ အာရာမ်ကြီး တည်ဆောက်ပြီးလျှင် ဘုရား အမှူးရှိသော သံဃာအား လှူဒါန်းလေသည်။ သရဏဂုံ သုံးပါးနှင့် တကွ ငါးပါးသီလကိုလည်း မြဲမြံစွာ ဆောက်တည် ကျင့်သုံးလေသည်။ ပိယဒဿီဘုရားရှင်သည် အလောင်းတော် 'ကဿပ' လုလင်ကို **"ဤကာလမှ နောက်ကမ္ဘာ တစ်ထောင့်ရှစ်ရာမြောက်၌ ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ် ဘွဲ့တံဆိပ်ကို ခတ်နှိပ်တော်မူသည်။

# ၁၄
# အတ္ထဒဿီဘုရားရှင် ဗုဒ္ဓဝင်

အတ္ထဒဿီဘုရားရှင်သည် ပိယဒဿီဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်ခုနစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်လေးဆူမြောက် ဖြစ်သည်။

သောဘဏနေပြည်တော်၌ ခမည်းတော် သာဂရမင်း၊ မယ်တော် သုဒဿနာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သုစိန္ဓနဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၁၀၀၀၀) တစ်သောင်း ကာလပတ်လုံး အမရဂိရိ၊ သုဂိရိ၊ ဝါဟန မည်သော ရွှေနန်းမသုံးဆောင်၌ ဝိသာခါဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၃၃၀၀၀) သုံးသောင်းသုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် သေလမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် သုဒဿန မည်သော အာဇာနည်မြင်းတော်ကို စီးကာ တောထွက် ရဟန်းပြုတော်မူသည်။

ကိုးကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း အတ္ထဒဿီဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ရှစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ သုစိန္ဓရနဂါးမလှူဒါန်းသည့် နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ မဟာရုစိနဂါးမင်း လှူဒါန်းအပ်သော

မြက်ရစ်ဆုပ်ကို ခံယူတော်မူ၍ စကားဗောဓိပင်ရင်း၌ မြက်ရစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသည့် ကိုးကုဋေသော ရဟန်းတော်များ အမှူးထားသည့် နတ် လူအပေါင်းတို့အား အနောမမြို့ အနီး အနောမ ဉယျာဉ်တော်ကြီး၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝက အစုံကား သန္တထေရ်နှင့် ဥပသန္တထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ ဓမ္မာထေရီမနှင့် သုဓမ္မာထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား အဘယထေရ် ဖြစ်သည်။ နကုလသူဌေးနှင့် နိသဘသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ မကိလာ ဥပါသိကာမနှင့် သုနန္ဒာ ဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ရှစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၁၀၀၀၀) တစ်သိန်းတည်း။ အနောမဉယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ အတ္ထဒဿီဘုရားရှင်၏ ဓာတ်တော်တို့သည် အဓိဋ္ဌာန်တော်မူချက်အရ အစိတ်အစိတ် ကွဲကာ ဇမ္ဗူဒိပ်ကျွန်း တစ်ခွင် ပျံ့နှံ့တည်၍ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော် မူသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ အတ္ထဒဿီဘုရားရှင်သည် အနောမမြို့ အနီး အနောမ ဉယျာဉ်တော်အတွင်း၌ မိမိနှင့်အတူ ရဟန်းပြုကြသည့် ကိုးကုဋေသော ရဟန်းတော်များ အမှူးထားသည့် နတ်လူတို့အား ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေတစ်သိန်းသော နတ် လူတို့ မဂ်ဖိုလ် တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ အတ္ထဒဿီဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ အဘိဓမ္မာတရား ဟောတော်မူသောအခါ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့ မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ အတ္ထဒဿီဘုရားရှင်သည် ခမည်းတော် စံရာ သောဘဏမြို့သို့ ကြွတော်မူ၍ ခမည်းတော် သာဂရမင်းကြီး အမှူးရှိသော ဆွေတော်မျိုးတော်တို့အား တရားဟောတော်မူသောအခါ ကုဋေတစ်သိန်းမျှသော သတ္တဝါတို့သည် မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ အတ္ထဒဿီဘုရားရှင်သည် သုစန္ဒကမြို့သို့ ကြွတော်မူသောအခါ အဂ္ဂသာဝကလောင်းလျာ သန္တမင်းသား၊ ပုရောဟိတ်၏ သား ဥပသန္တလုလင်တို့သည် ဘုရား အမှူးရှိသော သံဃာအား ခုနစ်ရက်ပတ်လုံး ကြီးကျယ် ခမ်းနားလှစွာသော အလှူကြီး ပေးလှူလေသည်။ ခုနစ်ရက်မြောက်နေ့၌ မြတ်စွာဘုရား ထံမှ တရားတော်ကို နာယူရသောအခါ သန္တမင်းသား၊ ဥပသန္တလုလင်တို့နှင့် အတူ ကိုးသောင်းရှစ်ထောင်သော အမျိုးကောင်းသားတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြလေသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထို ရဟန္တာပေါင်း ကိုးသောင်း ရှစ်ထောင် ခြံရံလျက် အတ္ထဒဿီဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ အတ္ထဒဿီဘုရားရှင်သည် သားတော် သေလရဟန်းအား တရားဟောတော်မူသောအခါ ရှစ်သောင်းရှစ်ထောင်သော အမျိုးကောင်းသားတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထို

ရဟန္တာတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် မဟာမင်္ဂလာတရား ဟောတော်မူသောအခါ ခုနစ်သောင်း ရှစ်ထောင်သော အမျိုးကောင်းသားတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန်းတော်တို့၏ အစည်းအဝေး၌ ဘုရားရှင်သည် ဩဝါဒ ပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ= သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် စမ္ပကမြို့၌ သုသိမ မည်သော ပုဏ္ဏားသူဌေး ဖြစ်၍ စည်းစိမ်ဥစ္စာ များစွာတို့ကို အထီးကျန်မွဲ သူဆင်းရဲတို့အား စွန့်လှူပြီးလျှင် ဟိမဝန္တာသို့ ဝင်၍ ရသေ့ ရဟန်း ပြုကာ ဈာန်အဘိညာဉ်တရားတို့ကို ပွားများ အားထုတ်နေသည်။ လူအပေါင်းတို့အားလည်း တရားဓမ္မ ဟောပြော ပြသတော်မူသည်။ ထို့နောက် အတ္ထဒဿီဘုရားရှင် ပွင့်တော်မူ၍ သုဒဿနမြို့တော်၌ တရားအမြိုက်မိုး ရွာသွန်းဖြိုးသည်ရှိသော် ဘုရားရှင်၏ တရားတော် ကို နာကြားရသဖြင့် သုသိမရှင်ရသေ့သည် နတ်ပန်းမျိုးစုံတို့ဖြင့် ဘုရားရှင်အား ပူဇော်လေသည်။ ထိုအခါ အတ္ထဒဿီဘုရားရှင်သည် သုသိမရှင်ရသေ့ကို **“နောင်အခါဝယ် ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့် မည်”** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## ၁၅
## ဓမ္မဒဿီဘုရားရှင် ဗုဒ္ဓဝင်

ဓမ္မဒဿီဘုရားရှင်သည် အတ္ထဒဿီဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် ဆယ့်ရှစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်ငါးဆူမြောက် ဖြစ်သည်။

သရဏနေပြည်တော်၌ ခမည်းတော် သရဏမင်း၊ မယ်တော် သုနန္ဒာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သရဏမင်း ဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင် ကာလပတ်လုံး အရဇ၊ ဝိရဇ၊ သုဒဿန မည်သော ရွှေနန်းမ သုံးဆောင်၌ ဝိစိကောဠိဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၄၃၀၀၀) လေးသောင်း သုံးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ပုညဝဍ္ဎနမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် သုဒဿန ရွှေနန်းပြာသာဒ်နှင့် တကွပင် တောထွက် ရဟန်းပြုတော်မူသည်။

ကုဋေတစ်သိန်းမျှသော အမျိုးကောင်းသားတို့သည်လည်း ဓမ္မဒဿီဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ခုနစ်ရက်ကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ ဝိစိကောဠိမိဖုရား လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ဆီးပင်တောကြီး အတွင်း၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး

အကြား၌ သိရိဝဍ္ဎန မည်သော ဂျုံခင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ သံသတ်ဗောဓိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တာသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသည့် ကုဋေတစ်သိန်းမျှသော ရဟန်းတော်များ အမှူးထားသည့် နတ် လူအပေါင်းတို့အား မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝက အစုံကား ပဒုမထေရ်နှင့် ဖုဿဒေဝထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံကား ခေမာထေရီမနှင့် သဗ္ဗနာမာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား သုနေတ္တထေရ် ဖြစ်သည်။ သုဘဒ္ဒသူဌေးနှင့် ကဋ္ဌိဿဟသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမ များမှာ သာဋ္ဌိယာဥပါသိကာမနှင့် ကဋ္ဌိယာဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင် ရှစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၁၀၀၀၀၀) တစ်သိန်းတည်း။ သာလဝတီမြို့ အနီး သာလာရာမ အာရာမ်ဥယျာဉ်ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ ဓမ္မဒဿီဘုရားရှင်၏ စေတီတော်ကား သုံး–ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ဓမ္မဒဿီ ဘုရားရှင်သည် ဣသိပတန မည်သော မိဂဒါဝုန်တော၌ မိမိနှင့်အတူ ရဟန်းပြုကြသည့် ကုဋေတစ်သိန်းမျှသော ရဟန်းတော်တို့ အမှူးပြုသည့် နတ် လူတို့အား ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေတစ်သိန်းမျှသော သတ္တဝါတို့ မဂ်ဖိုလ် တရားထူးကို ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် သဥ္စယရသေ့ အမှူးပြုသည့် ကုဋေကိုးဆယ်သော ရသေ့တို့အား တရားဒေသနာ ဟောတော်မူသောအခါ ထိုရသေ့ အားလုံးတို့သည် မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ သိကြားမင်း အမှူးပြုသည့် နတ် အပေါင်းတို့အား တရားဟောတော်မူသောအခါ ကုဋေရှစ်ဆယ်သော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ဓမ္မဒဿီဘုရားရှင်သည် သရဏမြို့တော်၌ ဝါကပ်တော်မူစဉ် အဂ္ဂသာဝက လောင်းလျာ ညီတော် ပဒုမမင်းသားနှင့် ဖုဿဒေဝ မင်းသားတို့သည် အခြံအရံပရိသတ်နှင့် တကွ ဘုရားရှင်ထံ ရဟန်း ပြုကြသည်။ ဝါကျွတ်သောအခါ ရဟန္တာ ဖြစ်ကြသည့် ကုဋေတစ်သိန်း သော ရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် ဝိသုဒ္ဓိပဝါရဏာ ပြုတော် မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ ဓမ္မဒဿီဘုရားရှင်သည် အဘိဓမ္မာ တရား ဟောကြားပြီး၍ တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်သောအခါ ကုဋေတစ်ရာသော ရဟန်းတို့၏ အစည်းအဝေး သည် ဖြစ်၏။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် ဓမ္မဒဿီဘုရားရှင်သည် သုဒဿနာရာမ ကျောင်းတိုက်၌ ဓုတင် တစ်ဆယ့်သုံးပါးတို့၏ အကျိုး အာနိသင်ကို ဟောပြပြီးလျှင် အရှင်ဟရိတထေရ်ကို ဓုတင်အရာ၌ ဧတဒဂ် ထားတော်မူသည်။ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား

တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေး ကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် သိကြားမင်း ဖြစ်၍ နတ်အပေါင်း ခြံရံလျက် ဘုရားရှင်ထံမှောက် ရောက်လာပြီးလျှင် ဘုရားရှင်အား နတ်ပန်းတို့ဖြင့် လည်းကောင်း၊ နတ်တူရိယာတို့ဖြင့် လည်းကောင်း သီဆို တီးမှုတ်ကာ ပူဇော်လေသည်။ ထိုအခါ ဓမ္မဒဿီ ဘုရားရှင်သည် အလောင်းတော် သိကြားမင်းကို **"နောင်သောအခါ ဂေါတမဟု ဘုရားစင်စစ် ကေန် ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်ပန်း ဆင်မြန်းပေးတော်မူသည်။

# ၁၆
# သိဒ္ဓတ္ထဘုရားရှင် ဗုဒ္ဓဝင်

သိဒ္ဓတ္ထဘုရားရှင်သည် ဓမ္မဒဿီဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ကမ္ဘာပေါင်း (၁၇၀၆) တစ်ထောင့်ခုနစ်ရာ အလွန် ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်လေးကမ္ဘာထက်၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် တစ်ဆယ့်ခြောက်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်ခြောက်ဆူမြောက် ဖြစ်သည်။

ဝေဘာရ နေပြည်တော်၌ ခမည်းတော် ဥဒေနမင်း၊ မယ်တော် သုဖဿာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ဝိရိယဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၁၀၀၀၀) တစ်သောင်း ကာလပတ်လုံး ကောသ၊ သုပ္ပလ၊ ကောကနာဒ မည်သော ရွှေနန်းမသုံးဆောင်၌ သောမနဿဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၄၈၀၀၀)၊ လေးသောင်းရှစ်ထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် အနုပမမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဝါဆိုလပြည့်နေ့၌ တောထွက် ရဟန်းပြုတော်မူသည်။

ကုဋေ တစ်သိန်းမျှသော အမျိုးကောင်းသားတို့သည်လည်း သိဒ္ဓိတ္ထဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ဆယ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ အသဒိသ ပုဏ္ဏားရွာနေ သုနေတ္တာပုဏ္ဏေးပျိုမ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ဆီးပင်တောကြီး အတွင်း၌

နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ ဝရဏ မည်သော ဂျုံခင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ မဟာလှေကား ဗောဓိပင်ရင်း မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရား အဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဠမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသည့် ကုဋေတစ်သိန်းမျှသော ရဟန်းတော်များ အဦးထားလျက် လူအပေါင်းတို့အား မိဂါဒါဝုန်တော၌ ဓမ္မစကြာတရား ကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သမ္ဗလထေရ်နှင့် သုမိတ္တထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ သီဝလာ ထေရီမနှင့် သုရာမာ ထေရီမတို့ ဖြစ်သည်။ အလုပ်အကျွေး ရဟန်းတော်သည် ရေဝတထေရ် ဖြစ်သည်။ သုပ္ပိယသူဌေးနှင့် သမုဒ္ဒသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ရမ္မာ ဉပါသိကာမနှင့် သုရမ္မာ ဉပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ခြောက်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၁၀၀၀၀) တစ်သိန်းတည်း။ ကဥ္စနဝေဠုမြို့ အနီး အနောမ ဉယျာဉ်အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ သိဒ္ဓတ္ထဘုရားရှင်၏ စေတီတော်ကား လေး ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ သိဒ္ဓတ္ထဘုရားရှင်သည် မိဂါဒါဝုန်တော၌ မိမိနှင့်အတူ ရဟန်း ပြုကြသည့် ကုဋေတစ်သိန်းမျှသော ရဟန်းတော်များ အဦးထားလျက် နတ်လူတို့အား ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေ တစ်သိန်းမျှသော နတ် လူတို့သည် တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ သိဒ္ဓတ္ထဘုရားရှင်သည် ဘီမရထ မင်း၏ ပင့်ဖိတ်ချက်အရ ဘီမရထမြို့သို့ ကြွတော်မူ၍ မြို့တော်အလယ် မင်းခန်းမ၌ တရားဟောတော်မူသောအခါ ကုဋေကိုးဆယ်သော သတ္တဝါတို့ မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် ဝေဘာရမြို့တော်သို့ ကြွတော်မူ၍ ခမည်းတော် ဥဒေနမင်းကြီး အမှူးပြုသော ဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်ဒေသနာ ဟောပြတော်မူသောအခါ ကုဋေကိုးဆယ်သော ပုဂ္ဂိုလ်တို့ မဂ်ဖိုလ် တရားထူး ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ် မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ သိဒ္ဓတ္ထဘုရားရှင်သည် အမရမြို့သို့ ကြွတော်မူ၍ အမရ ဥယျာဉ် ကျောက်ဖျာအပြင်၌ အဂ္ဂသာဝကလောင်းလျာ သမ္ဗလမင်းနှင့် သုမိတ္တမင်း နှစ်ပါး အမှူးပြုသည့် အခြံအရံ ပရိသတ်တို့အား တရား ဟောတော်မူသည်။ ထိုအခါ အခြံအရံ ပရိသတ်နှင့် တကွ မင်းနှစ်ပါးတို့ ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ် သို့ ရောက်သောအခါ ထို ကုဋေတစ်ရာသော ရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် ဝေဘာရမြို့ ဆွေတော် မျိုးတော်တို့၏ အစည်းအဝေးတွင် ရဟန်းပြုကြသည့် ကုဋေ ကိုးဆယ်သော ရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီး တည်း။

၃။ ထို့နောက် သုဒဿန ကျောင်းတော်ကြီးတွင် စုဝေးမိကြသော ကုဋေရှစ်ဆယ်သော ရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒ

ပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ= သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်း ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် သုရသေနမြို့၌ 'မင်္ဂလ' မည်သော ပုဏ္ဏားဖြစ်၍ ဗေဒင်သုံးပုံတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်၏။ နောင်သောအခါ မိမိပိုင် ကုဋေများစွာ ဥစ္စာတို့ကို ဆင်းရဲသူတို့အား စွန့်လှူပြီးလျှင် ရသေ့ရဟန်းပြုလျက် ဈာန်အဘိညာဉ် တရားများကို ပွားများကာ နေထိုင်လေသည်။ ထိုသို့ နေစဉ် "လောက၌ သိဒ္ဓတ္ထဘုရား ထင်ရှား ပွင့်တော်မူပြီ" ဟူသော သတင်းစကား ကြားသိရသဖြင့် ဘုရားရှင်ထံမှောက် လာရောက်၍ တရားတော်ကို နာယူလေသည်။ တရားတော်ကို နာကြားရသဖြင့် ကြည်ညိုသဒ္ဓါတရား ဖြစ်ပွားပြီးလျှင် ဇမ္ဗူသပြေပင်မှ ဇမ္ဗူသပြေသီး တို့ကို ဆောင်ယူ၍ ရဟန်းသံဃာတို့နှင့် တကွ ဘုရားရှင်အား လှူဒါန်း ဆက်ကပ်လေသည်။ ထိုအခါ သိဒ္ဓတ္ထဘုရားရှင်သည် အလောင်းတော် မင်္ဂလရသေ့ကို **"ဤကမ္ဘာမှ နောက် ၉၄ ကမ္ဘာမြောက်၌ ဂေါတမ ဟု ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ် ခတ်နိုပ်တော် မူသည်။

## ၁၇
# တိဿဘုရားရှင် ဗုဒ္ဓဝင်

တိဿဘုရားရှင်သည် သိဒ္ဓတ္ထဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် တစ်ကမ္ဘာအလွန် ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာမြောက် မဏ္ဍကမ္ဘာ၌ ပွင့်တော်မူသည်။ ထို မဏ္ဍကမ္ဘာ၌ တိဿဘုရား၊ ဖုဿဘုရား ဟူ၍ ဘုရားနှစ်ဆူ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် အဆူနှစ်ဆယ်မြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်ခုနစ်ဆူမြောက် ဖြစ်သည်။

ခေမက နေပြည်တော်၌ ခမည်းတော် ဇနသန္ဓမင်း၊ မယ်တော် ပဒုမာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ အနောမဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၇၀၀၀) ခုနစ်ထောင် ကာလပတ်လုံး ဂုဟာသေလ၊ နာရိသယ၊ နိသဘ မည်သော ရွှေနန်းမသုံးဆောင်၌ ကြင်ယာတော် သုဘဒ္ဒါဒေဝီမိဖုရား အမှူးရှိသော ရံရွေတော်ပေါင်း (၃၀၀၀၀) သုံးသောင်း ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် အာနန္ဒမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် သောနုတ္တရ မည်သော အာဇာနည်မြင်း စီးလျက် တောထွက် ရဟန်းပြုတော်မူသည်။

တစ် ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း တိဿဘုရားလောင်းနှင့်အတူ ရဟန်းပြုကြလေသည်။ ရှစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ ဝီရနိဂုံးနေ ဝီရသူဌေး၏ သမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး

သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ထင်းရှူးတောကြီး အတွင်း၌ နေ့သန့်စင် တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး အကြား၌ ဝိဇိတသင်္ဂါမက မည်သော ဂျုံစင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ပိတောက် ဗောဓိပင်ရင်း၌ မြက်ရှစ်ဆုပ် ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရားဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အခြံအရံပရိသတ်နှင့် တကွ အဂ္ဂသာဝကလောင်းလျာ ဗြဟ္မဒေဝ မင်းသားနှင့် ဥဒယမင်းသားတို့အား ယသဝတီမြို့အနီး မိဂဒါယ ဥယျာဉ်တော်ကြီး အတွင်း၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ သည်။

အဂ္ဂသာဝကအစုံကား ဗြဟ္မဒေဝထေရ်နှင့် ဥဒယထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ ဖုဿာထေရီမနှင့် သုဒတ္တာထေရီမ တို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်သည် သမင်္ဂထေရ် ဖြစ်သည်။ သမ္ဗလသူဌေးနှင့် သီရိမာသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ကိသာ ဂေါတမီ ဥပါသိကာမနှင့် ဥပသေနာ ဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ခြောက်ဆယ် အမြင့်ရှိသည်။ အသက်တမ်း ကား (၁၀၀၀၀၀) တစ်သိန်းတည်း။ သုနန္ဒဝတီမြို့အနီး နန္ဒာရာမ အာရာမ် ဥယျာဉ်အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည်။ တိဿဘုရားရှင် ၏ စေတီတော်ကား သုံး ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ တိဿဘုရားရှင်သည် ယသဝတီမြို့ အနီး မိဂဒါယ ဥယျာဉ်တော်ကြီး အတွင်း၌ အခြံအရံနှင့် တကွ အဂ္ဂသာဝက လောင်းလျာ ဗြဟ္မဒေဝမင်းသားနှင့် ဥဒယမင်းသားတို့အား ဓမ္မစကြာ တရား ဟောတော်မူသောအခါ ကုဋေတစ်ရာမျှသော လူ နတ် ဗြဟ္မာတို့

သစ္စာလေးပါး တရားသိမြင်ကြသည်။ ဤကား ပဌမာ ဘိသမယ= ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် တိဿဘုရားရှင်သည် ယသဝတီမြို့အနီး မိဂဒါယ ဥယျာဉ်တော်ကြီး အတွင်း၌ပင် မိမိနှင့်အတူ ရဟန်းပြုတော်မူကြသည့် တစ်ကုဋေမျှသော ရဟန်းတော်တို့အား တရားဟောတော်မူသောအခါ ထို ကုဋေ တစ်ရာမျှသော ရဟန်းတော်တို့နှင့်တကွ ကုဋေ ကိုးဆယ်မျှ သော နတ် လူတို့ တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ တိဿဘုရားရှင်သည် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား မင်္ဂလာတရား ဟောတော်မူသောအခါ ဒေသနာတော် အဆုံး၌ ကုဋေ ခြောက်ဆယ်သော နတ်လူတို့ တရားထူး ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ယသဝတီမြို့တွင် ဝါဆိုဦးမှာ ရဟန်းပြုပြီး ဝါတွင်းကာလ၌ ရဟန္တာ ဖြစ်ကြသည့် ရဟန္တာ တစ်သိန်း ခြံရံလျက် တိဿဘုရားရှင် သည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ တိဿဘုရားရှင်သည် နာရိဝါဟန မြို့သို့ ဒေသစာရီ ကြွချီတော်မူသောအခါ နာရိဝါဟနဘုရင်သည် ဘုရား အမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးလှူပြီးလျှင် အခြံအရံများနှင့်တကွ ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ထိုအခါ တိဿဘုရားရှင်သည် ရဟန်းတော်ပေါင်း ကိုးသန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာ သန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါးဝယ် ခေမကမြို့တော်၌ ဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်ဒေသနာ ဟောတော်မူသောအခါ ရှစ်သန်းသော အမျိုးသားတို့ ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်ကြသောအခါ ထို ရဟန္တာရှစ်သန်း ခြံရံလျက် တိဿဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ယသဝတီမြို့၌ သုဇာတမည်သော မင်းဖြစ်၍ မင်းစည်းစိမ်ကို စွန့်လွှတ်လျက် တောထွက်ကာ ရသေ့ရဟန်း ပြုလေသည်။ "လောက၌ တိဿဘုရားရှင် ပွင့်တော်မူပြီ" ဟူသော သတင်းစကား ကြားသိရသဖြင့် ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်အား နတ်ပန်းတို့ဖြင့် ပူဇော်ပြီးလျှင် ပဒုမ ထီးတော်ဖြင့် မြတ်စွာဘုရား၏ ဦးခေါင်းတော်ပေါ်မှ ဆောင်းမိုးလျက်လည်း ပူဇော်လေသည်။ ထိုအခါ တိဿဘုရားရှင်သည် အလောင်းတော် သုဇာတရှင်ရသေ့ကို **"ဤကမ္ဘာမှ (၉၂) ကမ္ဘာမြောက်၌ ဂေါတမဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

၁၈

# ဖုဿဘုရားရှင် ဗုဒ္ဓဝင်

ဖုဿဘုရားရှင်သည် တိဿဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ် (၉၀၀၀၀) ကိုးသောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် နှစ်ဆယ့်တစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်ရှစ်ဆူမြောက် ဖြစ်သည်။

ကာသိကနေပြည်တော်၌ ခမည်းတော် ဇယသေနမင်း၊ မယ်တော် သိရိမာဒေဝီမိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သိရိမာဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၉၀၀၀) ကိုးထောင် ကာလပတ်လုံး ဂရုဠပက္ခ၊ ဟံသ၊ သုဝဏ္ဏဘာရ မည်သော ရွှေနန်းမသုံးဆောင်၌ ကြင်ရာတော် ကိသာဂေါတမီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၃၀၀၀၀) သုံးသောင်း ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် အနုပမမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဆင်ယာဉ် စီးလျက် တောထွက် ရဟန်းပြုတော်မူသည်။

တစ် ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း ဖုဿဘုရားလောင်းနှင့်အတူ ရဟန်း ပြုကြလေသည်။ ခြောက်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ သိရိဝမှာ သူဌေးသမီး လှူဒါန်းသည့် နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ယင်းတိုက်တော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ သိရိဝမှာ ရသေ့

လျှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ရှိရှားဗောဓိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရား အဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသည့် တစ်ကုဋေမျှသော ရဟန်းတော်များ အမှူးထားသည့် နတ် လူ အပေါင်းတို့အား သက်သမြို့အနီး ဣသိပတန မည်သော မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ သည်။

အဂ္ဂသာဝက အစုံကား သုရက္ခိတထေရ်နှင့် ဓမ္မသေနထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ စာလာထေရီမနှင့် ဥပစာလာထေရီမ တို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား သဘိယထေရ် ဖြစ်သည်။ ခနဉ္စယသူဌေးနှင့် ဝိသာခ သူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ပဒုမာ ဥပါသိကာမနှင့် နာဂါဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား ငါးဆယ့်ရှစ်တောင် အမြင့်ရှိသည်။ အသက်တမ်းကား (၉၀၀၀၀) ကိုးသောင်းတည်း။ ကုသိနာရာမြို့အနီး သေနာ မည်သော အာရာမ် ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ဖုဿဘုရားရှင်၏ ဓာတ်တော်တို့သည် အဓိဋ္ဌာန်တော်မူချက်အရ အစိတ်အစိတ် ကွဲကာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင် ပျံ့နှံ့ တည်ရှိ၍ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ဖုဿဘုရားရှင်သည် မိမိနှင့်အတူ ရဟန်းပြုကြသည့် တစ် ကုဋေမျှသော ရဟန်းတော်များ အမှူးထားသည့် နတ် လူတို့အား သက်သမြို့အနီး ဣသိပတန မည်သော မိဂဒါဝုန်တော၌ ဓမ္မစကြာ တရား ဟောတော်မူသောအခါ ကုဋေ တစ်သိန်းမျှသော နတ် လူတို့

မင်္ဂဖိုလ်တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမ အကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် ဖုဿဘုရားရှင်သည် ဗာရာဏသီပြည်၊ သိရိဝမုန ရသေ့ အမှူးပြုသည့် ကိုးသန်းမျှသော ရသေ့တို့၏ နေရာသို့ ကြွတော်မူ၍ တရားဟောတော်မူသောအခါ ကိုးသန်းမျှသော ရသေ့တို့ မင်္ဂဖိုလ် တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ် မြောက် တရားပွဲကြီးတည်း။

ထို့နောက် အခါတစ်ပါး၌ ဖုဿဘုရားရှင်သည် သားတော် အနုပမမင်းသားအား တရားဟောတော်မူသောအခါ ရှစ်သန်းမျှသော နတ် လူတို့ မင်္ဂဖိုလ်တရားထူး ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ဖုဿဘုရားရှင်သည် ကဏ္ဏကုဇ္ဇမြို့သို့ ကြွတော်မူသောအခါ အဂ္ဂသာဝကလောင်းလျာ သုရက္ခိတမင်းသား၊ ပုရောဟိတ်၏ သား ဓမ္မသေနလုလင်တို့သည် ဘုရား အမှူးရှိသော သံဃာအား ခုနစ်ရက် ပတ်လုံး အလှူကြီး ပေးလှူကြသည်။ လှူဒါန်းပြီးနောက် ဘုရားရှင် ထံမှ တရား နာယူရသောအခါ အခြံအရံ ခြောက်သန်းနှင့် အတူ ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန္တာ ခြောက်သန်း ခြံရံလျက် ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ= ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ကာသိကနေပြည်တော်၌ ခမည်းတော် ဇယသေနမင်းကြီး အမှူးပြုသည့် ဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်ဒေသနာ ဟောတော်မူသောအခါ ငါးသန်းမျှသော အမျိုးကောင်း သားတို့ ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်း ပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန္တာ ငါးသန်းတို့၏ အလယ်၌

ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ= မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ ဖုဿဘုရားရှင်သည် မင်္ဂလာ တရား ဟောတော်မူသောအခါ လေးသန်းမျှသော အမျိုးကောင်းသားတို့ ဘုရားရှင်ထံ ရဟန်း ပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ် သို့ ရောက်သောအခါ ထိုရဟန္တာ လေးသန်း ခြံရံလျက် ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာ သန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် အရိန္ဒမပြည်၌ ဝိဇိတာဝီမင်း ဖြစ်၍ ဖုဿဘုရားရှင်၏ တရားကို နာယူရသဖြင့် ဘုရားရှင်၌ လွန်စွာ ကြည်ညိုသည်ဖြစ်၍ အလှူကြီး ပေးလှူလေသည်။ ထို့နောက် တိုင်းပြည်ကို စွန့်၍ ဘုရားရှင်ထံ ရဟန်းပြုပြီးလျှင် ပိဋကသုံးပုံကို ဆောင်သည့် 'တိပိဋကဓရ' ပုဂ္ဂိုလ်ဖြစ်ကာ လူအများအား တရားဓမ္မ ဟောပြခြင်း စသည်ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည်။ ထိုအခါ ဖုဿဘုရားရှင်သည် ဝိဇိတာဝီ ရဟန်းတော်ကို **"ဤကမ္ဘာ နောက် (၉၂) ကမ္ဘာမြောက်၌ ဂေါတမဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

# ၁၉
# ဝိပဿီဘုရားရှင် ဗုဒ္ဓဝင်

ဝိပဿီဘုရားရှင်သည် ဖုဿဘုရား ပွင့်တော်မူရာ ကမ္ဘာအလွန် ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် (၉၁) ကိုးဆယ့်တစ်ကမ္ဘာမြောက် သာရကမ္ဘာ၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် နှစ်ဆယ့် နှစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် တစ်ဆယ့်ကိုးဆူမြောက် ဖြစ်သည်။

ဗန္ဓုမတီ နေပြည်တော်၌ ခမည်းတော် ဗန္ဓုမမင်း၊ မယ်တော် ဗန္ဓုမတီဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ မိဂါဒါဝုန် ဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင် ကာလပတ်လုံး နန္ဒ၊ သုနန္ဒ၊ သိရိမာ မည်သော ရွှေနန်းမ သုံးဆောင်၌ ကြင်ရာတော် သုတနုဒေဝီမိဖုရား အမှူးထားသည့် ရံရွှေတော်ပေါင်း (၁၂၀၀၀၀) တစ်သိန်း နှစ်သောင်း ခြံရံလျက် ထီးနန်း စည်းစိမ်ကို ခံစားတော်မူသည်။ သားတော် သာမဝတ္တက္ခန္ဓမင်းသား ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် အာဇာနည်မြင်းကသော ရထား စီးလျက် တောထွက် ရဟန်းပြုတော်မူသည်။

ရှစ်သောင်းလေးထောင်သော အမျိုးကောင်းသားတို့သည်လည်း ဝိပဿီဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ရှစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ သုဒဿန သူဌေးသမီး လှူဒါန်းသည့် နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်စင်တော် မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌

သုဇာတာ ဂျုံခင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ သခွတ်ဗောဓိပင်ရင်းဝယ် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင် ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အဂ္ဂသာဝကလောင်းလျာများ ဖြစ်ကြသည့် ညီတော် ခဏ္ဍမင်းသားနှင့် ပုရောဟိတ်၏သား တိဿလုလင်တို့ကို အမှူးထားလျက် နတ် လူ အပေါင်းတို့အား ဗန္ဓုမတီမြို့တော်အနီး ခေမာ မည်သော မိဂဒါဝုန် ဥယျာဉ်အတွင်း၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝက အစုံကား ခဏ္ဍထေရ်နှင့် တိဿထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ စန္ဒာထေရီမနှင့် စန္ဒမိတ္တာထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား အသောကထေရ် ဖြစ်သည်။ ပုနဗ္ဗသုမိတ္တသူဌေးနှင့် နာဂသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ သီရိမာ ဥပါသိကာမနှင့် ဥတ္တရာ ဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ရှစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၈၀၀၀၀) ရှစ်သောင်းတည်း။ သုမိတ္တ မည်သော အာရာမ် ဥယျာဉ်တော်ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ဝိပဿီဘုရားရှင်၏ စေတီတော် သည် ခုနစ်ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ဝိပဿီဘုရားရှင်သည် အဂ္ဂသာဝကလောင်းလျာများ ဖြစ်ကြ သည့် ညီတော် ခဏ္ဍမင်းသားနှင့် ပုရောဟိတ်၏ သား တိဿလုလင် တို့ကို အမှူးထားလျက် နတ် လူတို့အား ဗန္ဓုမတီမြို့တော်အနီး ခေမာ မည်သော မိဂဒါဝုန် ဥယျာဉ်အတွင်း၌ ဓမ္မစကြာတရား ဟောတော် မူသောအခါ ခဏ္ဍမင်းသား၊ တိဿလုလင်တို့နှင့်တကွ မရေတွက်နိုင် သော လူ နတ် ဗြဟ္မာတို့ မဂ်ဖိုလ်တရားထူးကို ရရှိကြသည်။ ဤကား ပဌမ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် "ခဏ္ဍမင်းသားနှင့် တိဿလုလင်တို့ ဘုရားရှင်ထံ ရဟန်းပြုကြပြီ" ဟု ကြားသိရသဖြင့် ရှစ်သောင်း လေးထောင်မျှသော အမျိုးသားတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ထို ရှစ်သောင်း လေးထောင်သော ရဟန်းတို့အား ဘုရားရှင်သည် တရားအမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ် မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် ဝိပဿီ ဘုရားရှင်သည် မိမိနှင့်အတူ ရဟန်း ပြုကြသည့် ရှစ်သောင်း လေးထောင်သော ရဟန်းတို့အား ဗန္ဓုမတီ မြို့တော်အနီး ခေမာ မည်သော မိဂါဒါဝုန် ဥယျာဉ်တော်၌ပင် တရားဓမ္မ ဟောပြတော်မူသည်။ ထိုအခါ အားလုံးသော ရဟန်းတော်တို့သည် မဂ်ဖိုလ် တရားထူးကို ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ ဝိပဿီ ဘုရားရှင်သည် မိမိသို့ အတုလိုက်ကာ ရဟန်း ပြုကြသည့် ရဟန်းတော်ပေါင်း ရှစ်သောင်းလေးထောင်၊ အဂ္ဂသာဝက လောင်းလျာ ခဏ္ဍမင်းသားနှင့် တိဿလုလင်တို့သို့ အတုလိုက်ကာ ရဟန်းပြုကြသည့် ရဟန်းတော်ပေါင်း ရှစ်သောင်းလေးထောင်၊ ရဟန်းတော်ပေါင်း (၁၆၈၀၀) တစ်သိန်း ခြောက်သောင်း ရှစ်ထောင် တို့၏ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ ဘုရားရှင်၏ ရေ မီး အစုံစုံ တန်ခိုး ပြာဋိဟာ အဖုံဖုံကို ပြတော်မူသည်ကို ဖူးမြင် ကြည်ညိုကြသဖြင့် ဘုရားရှင်ထံ ရဟန်း ပြုကြသည်။ ထိုအခါ တစ်သိန်းမျှသော ရဟန်းတော်တို့၏ အစည်းအဝေးသည် ဖြစ်၏။ ဤကား ဒုတိယ ဘိသမယ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ ရန်သူပုန်ကို အောင်မြင်စွာ နှိမ်နင်း နိုင်သဖြင့် ဗန္ဓုမမင်းကြီး ထံမှ ဘုရားရှင်ကို လုပ်ကျွေး ပြုစုခွင့်

ရကြသည့် ညီနောင်မင်းသား သုံးဦးတို့သည် ဝိပဿီဘုရားရှင်အား မိမိတို့ အပိုင်စား ရရှိရာ မြို့ ရွာသို့ ပင့်ဖိတ်၍ ပူဇော်သက္ကာရ ပြုကြလေသည်။ ဝိပဿီဘုရားရှင် ထံမှ တရားတော်ကို နာယူရသောအခါ ရှစ်သောင်းသော အမျိုးသားတို့သည် ဘုရားရှင်ထံ ရဟန်း ပြုကြသည်။ ရဟန်း ပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထို ရဟန္တာထေရ်ပေါင်း ရှစ်သောင်း ခြံရံလျက် ခေမ မည်သော မိဂဒါဝုန် ဥယျာဉ်အတွင်း၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် အတုလနဂါးမင်း ဖြစ်၍ အခြံအရံများစွာနှင့် အတူ ဝိပဿီဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ပင့်ဖိတ်လျက် ရတနာမဏ္ဍပ် အတွင်း၌ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးလှူသည်။ ထိုမှတစ်ပါး ဘုရားရှင်အား အဖိုးအနဂ္ဃ ထိုက်တန်သည့် ရွှေအင်းပျဉ်ကိုလည်း လှူဒါန်းလေသည်။ အနုမောဒနာတရား ဟောကြားပြီးသော အဆုံး၌ ဝိပဿီဘုရားရှင်သည် အလောင်းတော် အတုလနဂါးမင်းကို **"ဤကမ္ဘာမှ နောက် (၉၁) ကမ္ဘာမြောက်၌ ဂေါတမ ဟု နာမထင်ရှား ဘုရားတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်ပန်း ဆင်မြန်းပေးတော်မူသည်။

## ၂၀
## သိခိဘုရားရှင် ဗုဒ္ဓဝင်

သိခိဘုရားရှင်သည် ဝိပဿိဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် (၅၉) ငါးဆယ့်ကိုးကမ္ဘာ အလွန် ဤကမ္ဘာမှ ပြန်၍ ရေတွက်လျှင် (၃၁) သုံးဆယ့်တစ် ကမ္ဘာမြောက် မဏ္ဍကမ္ဘာ၌ ပွင့်တော်မူသည်။ ထို မဏ္ဍကမ္ဘာ၌ သိခိဘုရား၊ ဝေဿဘူဘုရား ဟူ၍ ဘုရားနှစ်ဆူ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် နှစ်ဆယ့်သုံးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် အဆူ နှစ်ဆယ်မြောက် ဖြစ်သည်။

အရုဏဝတီ နေပြည်တော်၌ ခမည်းတော် အရုဏမင်း၊ မယ်တော် ပဘာဝတီဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ နိသဘ ဉယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၇၀၀၀) ခုနစ်ထောင် ကာလပတ်လုံး သုစန္ဒက၊ ဂိရိ၊ ဝသဘ မည်သော ရွှေနန်းမသုံးဆောင်၌ ကြင်ရာတော် သဗ္ဗကာမာဒေဝီ မိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၂၄၀၀၀) နှစ်သောင်း လေးထောင် ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် အတုလ မင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဆင်ယာဉ် စီးကာ တောထွက် ရဟန်းပြုတော်မူသည်။

ခုနစ်သန်းမျှသော အမျိုးကောင်းသားတို့သည်လည်း သိခိဘုရားလောင်းနှင့် အတူ ရဟန်းပြုကြလေသည်။ ရှစ်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော် မူပြီးနောက် ကဆုန်လပြည့်နေ့၌ သုဒဿန နိဂုံးနေ ပိယဒဿီသူဌေး၏ သမီး လျှုဒါန်းသည့် နို့ဃနာဆွမ်းကို

ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ရှားပင်ပျိုတောအတွင်း၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ အနောမဒဿီရနေ့သော လှူဒါန်းအပ်သော မြက်ရှစ်ဆုပ် ကို ခံယူတော်မူ၍ သရက်ဖြူ ဗောဓိပင်ရင်း မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုကြသည့် ခုနစ်သန်းမျှသော ရဟန်းတော်များ အမှူးထားသည့် နတ် လူ အပေါင်းတို့အား အရုဏဝတီ နေပြည်တော် အနီး မိဂါဇိန ဥယျာဉ်အတွင်း၌ ဓမ္မစကြာတရားကို ဟောကြားတော် မူသည်။ အဂ္ဂသာဝက အစုံကား အဘိဘူထေရ်နှင့် သမ္ဘဝထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမ အစုံမှာ သခိလာထေရီမနှင့် ပဒုမာထေရီမ တို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ခေမင်္ကရထေရ် ဖြစ်သည်။ သိရိဝဍ္ဍသူဌေးနှင့် နန္ဒသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ စိတ္တာ ဥပါသိကာမနှင့် သုဂုတ္တာဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင် ခုနစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၇၀၀၀၀) ခုနစ်သောင်းတည်း။ သီလဝတီမြို့အနီး အဿ မည်သော ဥယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ သိခီဘုရားရှင်၏ ဓာတ်တော် တို့သည် မပြိုမကွဲ တစ်လုံးတစ်ခဲတည်း ရှိသည်။ စေတီတော်ကား သုံးယူဇနာ အမြင့်ရှိသည်။

### ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ သိခီဘုရားရှင်သည် မိမိနှင့်အတူ ရဟန်းပြုတော်မူကြသည့် ရဟန်းတော်များ အမှူးထားသည့် နတ် လူတို့အား အရုဏဝတီ နေပြည်တော်အနီး မိဂါဇိန ဥယျာဉ်အတွင်း၌ ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေ တစ်သိန်းမျှသော နတ် လူတို့ မဂ် ဖိုလ်

တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အရုဏဝတီ နေပြည်တော် အနီးမှာပင် အခြံအရံများနှင့်တကွ အဘိဘူမင်းသား၊ သမ္ဘဝမင်းသားတို့အား တရားဟောတော်မူသောအခါ ကုဋေ ကိုးသောင်းမျှသော နတ် လူတို့ တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ မဟာဘိသမယ= နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ သူရိယဝတီ မြို့တံခါးအနီး စကားပင်ကြီးအောက်၌ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တရားဟောတော်မူသောအခါ ကုဋေ ကိုးသောင်းမျှသော နတ် လူတို့ မဂ်ဖိုလ် တရားထူးကို ရရှိကြသည်။ ဤကား တတိယာ မဟာဘိသမယ= သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ အခြံအရံနှင့်တကွ ရဟန်း ပြုကြသော အဘိဘူမင်းသားနှင့် သမ္ဘဝမင်းသားတို့ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ရဟန္တာ တစ်သိန်း ခြံရံလျက် သိခီဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ= ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် အရုဏဝတီမြို့တော် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ရဟန်းပြုကြသော ရှစ်သောင်းမျှသော ရဟန်းတို့၏ အလယ်၌ သိခီဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ ဓနဥ္စယမြို့ဝယ် ဓနပါလ ဆင်ပြောင်ကြီးကို ချေချွတ် ဆုံးမတော်မူသောအခါ ရဟန်း ပြုကြသည့် ခုနစ်သောင်းမျှသော ရဟန်းတို့၏ အလယ်၌ သိခီဘုရားရှင်သည် ဩဝါဒ

ပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ= သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းသည် ပရိဘုတ္တမြို့၌ အရိန္ဒမမင်း ဖြစ်၍ သိခိဘုရားရှင် ပရိဘုတ္တမြို့သို့ ကြွတော်မူလာသောအခါ ခရီးဦး ကြိုဆိုလျက် မိမိ၏ နန်းတော်ကို ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်ခုနစ်လီ အလှူကြီး ပေးလှူလေသည်။ ထို့ပြင် ဘုရား အမှူးရှိသော **သံဃာအား** **အဖိုးများစွာ** ထိုက်တန်သည့် အဝတ်အထည်ပေါင်း **များစွာနှင့်** **စီးတော်ယာဉ်** မင်္ဂလာဆင်နှင့် တန်ဖိုးညီမျှသော ကပ္ပိယဝတ္ထု တို့ကိုလည်း လှူဒါန်းလေသည်။ ထိုအခါ သိခိဘုရားရှင်သည် အလောင်းတော် အရိန္ဒမမင်းကို **"ဤကမ္ဘာမှ နောက် (၃၁) ကမ္ဘာမြောက်၌ ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု ခွန်ကြုချိုသ ရွှေနှုတ်တော် ဟ၍ နိယတဗျာဒိတ်စကား မြွက်ကြားတော်မူသည်။

## ၂၁
## ဝေဿဘူဘုရားရှင် ဗုဒ္ဓဝင်

ဝေဿဘူဘုရားရှင်သည် သိခီဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ် (၆၀၀၀၀) ခြောက်သောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် နှစ်ဆယ့်လေးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် နှစ်ဆယ့်တစ်ဆူမြောက် ဖြစ်သည်။

အနောမ နေပြည်တော်၌ ခမည်းတော် သုပ္ပတီတမင်း၊ မယ်တော် ယသဝတီဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ အနုပမဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၆၀၀၀) ခြောက်ထောင် ကာလပတ်လုံး ရုစိ၊ သုရုစိ၊ ရတိဝဍ္ဎန မည်သော ရွှေနန်းမသုံးဆောင်၌ ကြင်ရာတော် သုစိတ္တာဒေဝီမိဖုရား အမှူးထားသည့် ရံရွေတော်ပေါင်း (၃၀၀၀၀) သုံးသောင်း ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် သုပ္ပဗုဒ္ဓမင်းသား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ရွှေထမ်းစင် စီးကာ ဥယျာဉ်တော်သို့ ထွက်၍ ရဟန်းပြုတော်မူသည်။

သုံးသောင်း ခုနစ်ထောင်မျှသော အမျိုးကောင်းသားတို့သည်လည်း ဝေဿဘူ ဘုရားလောင်းနှင့် အတူ ရဟန်း ပြုကြလေသည်။ ခြောက်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ သုစိတ္တာနိဂုံးသူ သိရိဝဍ္ဎနာအမျိုးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတောဝ၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား

လမ်းခရီးအကြား၌ နရိန္ဒနဂါးမင်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ အင်ကြင်း ဗောဓိပင်ရင်း မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ အဂ္ဂသာဝကလောင်းလျာ ညီတော် သောဏမင်းသားနှင့် ဥတ္တရမင်းသား နှစ်ပါး အဦးထားသည့် နတ် လူ အပေါင်းတို့အား အနုပမမြို့အနီး အရဏဥယျာဉ် အတွင်း၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား သောဏထေရ်နှင့် ဥတ္တရထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမအစုံမှာ ရာမာထေရီမနှင့် သမာလာထေရီမ တို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ဥပသန္တထေရ် ဖြစ်သည်။ သောတ္ထိကသူဌေးနှင့် ရမ္ဘသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ ဂေါတမီ ဥပါသိကာမနှင့် သိရိမာဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်ခြောက်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၆၀၀၀၀) ခြောက်သောင်းတည်း။ ဥသဘဝတီမြို့အနီး ခေမဥယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ဝေဿဘူ ဘုရားရှင်၏ ဓာတ်တော်တို့သည် အဓိဋ္ဌာန်တော်မူချက်အရ အစိတ်အစိတ် ကွဲကာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင် ပျံ့နှံ့ တည်ရှိ၍ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ဝေဿဘူ ဘုရားရှင်သည် အဂ္ဂသာဝကလောင်းလျာ ညီတော် သောဏမင်းသားနှင့် ဥတ္တရမင်းသားနှစ်ပါး အဦးထား၍ နတ် လူတို့အား အနုပမမြို့အနီး အရဏဥယျာဉ် အတွင်း၌ ဓမ္မစကြာတရား ဟောတော်မူသောအခါ ကုဋေရှစ်သောင်းမျှသော နတ် လူတို့ မဂ်ဖိုလ်

တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် ဝေဿဘူဘုရားရှင်သည် မြို့ရွာအသီးသီးသို့ ဒေသစာရီ ကြွချီတော်မူ၍ တရားဒေသနာ ဟောတော်မူသောအခါ ကုဋေခုနစ်သောင်းမျှသော နတ် လူတို့ မဂ် ဖိုလ် တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် ဝေဿဘူ ဘုရားရှင်သည် အနုပမ မြို့တော်မှာပင် ကိုး ယူဇနာ ကျယ်ဝန်းသော ဒေသ၌ စုဝေးညီလာ ရောက်လာကြသော လူ နတ် ဗြဟ္မာတို့အား ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံကို ပြတော်မူလျက် တရားအမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ထိုအခါဝယ် ကုဋေခြောက်ဆယ်မျှသော နတ် လူတို့ တရားထူး ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး သုံးကြိမ်

၁။ အဂ္ဂသာဝကလောင်းလျာ သောဏထေရ်နှင့် ဥတ္တရထေရ်တို့ အခြံအရံနှင့်တကွ ရဟန်း ပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ကုဋေ ရှစ်သောင်းမျှသော ရဟန္တာတို့၏ အလယ်၌ ဝေဿဘူ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ပဌမ မဟာသန္နိပါတ = ပထမအကြိမ် သာဝက အစည်းအဝေးကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ ဝေဿဘူဘုရားရှင်သည် မိမိနှင့် အတူ ရဟန်းပြုကြသည့် သုံးသောင်း ခုနစ်ထောင်သော ရဟန်းတော်တို့အား သောရေယျမြို့၌ တရားဟောတော်မူ၏။ ထိုအခါ အားလုံး ရဟန္တာ ဖြစ်ကြသဖြင့် ယင်း သုံးသောင်း ခုနစ်ထောင်မျှသော ရဟန္တာထေရ်တို့၏ အလယ်၌ ဝေဿဘူဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား ဒုတိယ မဟာသန္နိပါတ = နှစ်ကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ ဝေဿဘူ ဘုရားရှင်သည် နာရိဝါဟနမြို့သို့ ကြွတော်မူသည်။ ထိုအခါ နာရိဝါဟနဘုရင် ဥပသန္တမင်းသည် မြို့သူ မြို့သားများနှင့်တကွ ဘုရားရှင်အား ခရီးဦးကြိုပြုပြီး ကြီးကျယ်စွာ အလှူဒါန ပြုလေသည်။ အလှူဒါန ပြုပြီးနောက် ဘုရားရှင်ထံမှ တရားတော် နာယူရသောအခါ ဥပသန္တမင်းနှင့်တကွ အမျိုးကောင်းသား ခြောက်သောင်းတို့သည် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်း ပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန္တာ ခြောက်သောင်း ခြံရံလျက် ဝေဿဘူ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူသည်။ ဤကား တတိယ မဟာသန္နိပါတ = သုံးကြိမ်မြောက် သာဝက အစည်းအဝေးကြီးတည်း။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် သရဘဝတီ မြို့၌ သုဒဿနမင်း ပြုလုပ်၍ နေ၏။ ဝေဿဘူဘုရားရှင်သည် သရဝတီ မြို့သို့ ကြွတော်မူလာသောအခါ ဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် လွန်စွာ ကြည်ညို သဒ္ဓါပိုလျက် ဘုရား အမှူးရှိသော သံဃာအား အလှူကြီး ပေးလှူပြီးလျှင် သရဘဝတီမြို့၌ပင် ဘုရားရှင် သီတင်းသုံးရန် ဂန္ဓကုဋီ ကျောင်းတော်ကြီးနှင့် ထို ဂန္ဓကုဋီ ကျောင်းတော်ကြီးကို ဝန်းရံလျက် ရဟန်းတော်များ သီတင်းသုံးရန် ကျောင်းပေါင်း တစ်ထောင်တို့ကို ဆောက်လုပ် လှူဒါန်းလေသည်။ ထို့နောက် မိမိ၏ စည်းစိမ်ဥစ္စာတို့ကို ဘုရား သာသနာတော်၌ သဒ္ဓါရဲရဲ စွန့်ကြဲပြီးလျှင် ဘုရားရှင်ထံ ရဟန်း ပြုလေသည်။ ထိုအခါ ဝေဿဘူ ဘုရားရှင်သည် အလောင်းတော် သုဒဿန ရဟန်းတော်မြတ်ကို **"ဤကမ္ဘာမှ နောက် (၃၁) ကမ္ဘာမြောက်၌ ဂေါတမ ဟု ဗုဒ္ဓတစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ် ဘွဲ့တံဆိပ် ခတ်နှိပ်တော်မူသည်။

## ၂၂
# ကကုသန်ဘုရားရှင် ဗုဒ္ဓဝင်

ကကုသန် ဘုရားရှင်သည် ဝေဿဘူဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် (၂၉) နှစ်ဆယ့်ကိုးကမ္ဘာအလွန် ဤ ဘဒ္ဒကမ္ဘာ၌ ရှေးဦးစွာ ပွင့်တော်မူသည့် ဘုရားရှင် ဖြစ်သည်။ ဤဘဒ္ဒကမ္ဘာ၌ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရား၊ အရိမေတ္တေယျဘုရား ဟူ၍ ဘုရားငါးဆူ ပွင့်တော်မူသည်။ နှစ်ကျိပ် ရှစ်ဆူတွင် နှစ်ဆယ့်ငါးဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ် ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် နှစ်ဆယ့်နှစ်ဆူမြောက် ဖြစ်သည်။

ခေမဝတီ နေပြည်တော်၌ ခမည်းတော် ခေမင်္ကရမင်း၏ ပုရောဟိတ် အဂ္ဂဒတ္တပုဏ္ဏား၊ မယ်တော် ဝိသာခါ ပုဏ္ဏေးမတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ခေမဝတီ ဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၄၀၀၀) လေးထောင် ကာလ ပတ်လုံး ကာမ၊ ကာမဝဏ္ဏ၊ ကာမသုဒ္ဓိ မည်သော ပြာသာဒ် သုံးဆောင်၌ ကြင်ဖက်တော် ရောစိနီပုဏ္ဏေးမ အမှူးထားသည့် ရံရွေတော်ပေါင်း (၃၀၀၀၀) သုံးသောင်း ခြံရံလျက် လောကီစည်းစိမ်ကို ခံစားတော် မူသည်။ သားတော် ဥတ္တရသတို့သား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီး လေးပါး မြင်သဖြင့် အာဇာနည်မြင်းကသော ရထားစီးလျက် တောထွက် ရဟန်းပြုတော်မူသည်။

အမျိုးကောင်းသား လေးသောင်းတို့သည်လည်း ကကုသန် ဘုရားလောင်းနှင့်အတူ တောထွက် ရဟန်းပြုကြလေသည်။ ရှစ်လ

ကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ သုစိရိန္ဒ နိဂုံးနေ ဝဇိရိန္ဒပုဏ္ဏား၏ သမီး လှျူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ရှားတောအတွင်း၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွားလမ်းခရီးအကြား၌ သုဘဒ္ဒ မည်သော ဂျုံခင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ကုက္ကိုဗောဓိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမသတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုတော်မူကြသည့် ရဟန်းတော် လေးသောင်းကို အဦးထားလျက် နတ် လူ အပေါင်းတို့အား မကိလမြို့အနီး ဣသိပတန မည်သော မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား ဝိဓုရထေရ်နှင့် သိဉ္ဇီဝထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကအစုံမှာ သာမာထေရီမနှင့် စမ္ပာထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား ဗုဒ္ဓိဇထေရ် ဖြစ်သည်။ အစ္စုတသူဌေးနှင့် သုမနသူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ နန္ဒာဥပါသိကာမနှင့် သုနန္ဒာဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင် လေးဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၄၀၀၀၀) လေးသောင်းတည်း။ ခေမ မည်သော အာရာမ်ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်၊ ကကုသန်ဘုရားရှင်၏ စေတီတော်ကား တစ်ဂါဝုတ် အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ကကုသန်ဘုရားရှင်သည် မိမိနှင့် ရဟန်းပြုကြသည့် ရဟန်းတော် လေးသောင်းကို အဦးထားလျက် နတ်လူတို့အား

မကိုဋ္ဌလမြို့ အနီး ဣလသိပတန မည်သော မိဂဒါဝုန်တောသို့ ဓမ္မစကြာ တရား ဟောတော်မူသောအခါ ကုဋေ လေးသောင်းမျှသော နတ် လူတို့ မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ= ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ကကုသန်ဘုရားရှင်သည် ကဏ္ဏကုဇ္ဇမြို့ တံခါးအနီး အင်ကြင်ပင်ကြီး အနီးအပါး၌ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလျက် တရားဟောတော်မူသောအခါ ကုဋေ သုံးထောင်မျှသော နတ် လူတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ ခေမဝတီမြို့အနီး နရဒေဝ နတ်ဘီလူး၏ ဗိမာန်၌ စံနေတော်မူလျက် ယင်း နတ်ဘီလူး အမှူးရှိသော ဝေနေယျသတ္တဝါ အပေါင်းတို့အား တရား ဟောတော်မူသောအခါ အတိုင်းမသိ များပြားလှသော နတ် လူတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ် မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး တစ်ကြိမ်

ကကုသန်ဘုရားရှင်သည် ကဏ္ဏကုဇ္ဇမြို့ အနီး ဣလသိပတန မည်သော မိဂဒါဝုန်တောဝယ် ကိုယ်တော်မြတ်နှင့် အတူ ရဟန်း ပြုကြသည့် ရဟန္တာပေါင်း လေးသောင်း ခြံရံလျက် တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက် ပြတော်မူသည်။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ခေမ မည်သော မင်းဖြစ်၍ ဘုရား အမှူးရှိသော သံဃာအား သပိတ်၊ သင်္ကန်း၊ ဆေးပစ္စည်း စသော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းပြီးလျှင် ဘုရားရှင်ထံမှ တရားတော်ကို

နာကြားရသဖြင့် ဘုရားရှင်ထံ ရဟန်းပြုလေသည်။ ကကုသန်ဘုရားရှင်သည် အလောင်းတော် ခေမရဟန်းကို **"ဤဘဒ္ဒကမ္ဘာ၌ ဂေါတမ ဟု ဘုရားမြတ်တစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပေးတော်မူသည်။

## ၂၃
## ကောဏာဂုံဘုရားရှင် ဗုဒ္ဓဝင်

ကောဏာဂုံဘုရားရှင်သည် ကကုသန်ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ် (၃၀၀၀၀) သုံးသောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် နှစ်ဆယ့်ခြောက်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသောဘုရား နှစ်ဆယ့်လေးဆူတွင် နှစ်ဆယ့်သုံးဆူမြောက် ဖြစ်သည်။

သောဘဝတီ မင်းနေပြည်တော်၌ ခမည်းတော် ယညဒတ္တပုဏ္ဏား၊ မယ်တော် ဥတ္တရာပုဏ္ဏေးမတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ သုဘဝတီ ဥယျာဉ်တော်တွင် ဖြစ်သည်။ နှစ်ပေါင်း (၃၀၀၀) သုံးထောင် ကာလပတ်လုံး ကုသိတ၊ သန္တုသိတ၊ သန္တုဋ္ဌ မည်သော ပြာသာဒ် သုံးဆောင်၌ ကြင်ဖက်တော် ရုစိဂတ္တာပုဏ္ဏေးမ အမှူးထားသည့် ရံရွေတော်ပေါင်း (၁၆၀၀၀) တစ်သောင်းခြောက်ထောင် ခြံရံလျက် လောကီစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် သတ္တဝါဟ သတို့သား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဆင်ယာဉ် စီးကာ တောထွက် ရဟန်းပြုတော်မူသည်။

အမျိုးကောင်းသား သုံးသောင်းတို့သည်လည်း ကောဏာဂုံဘုရားလောင်းနှင့် အတူ တောထွက် ရဟန်းပြုကြလေသည်။ ခြောက်လကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ အဂ္ဂိသေနာ ပုဏ္ဏေးပျိုမ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ရှားတော၌ နေ့သန့်စင်တော်မူသည်။

ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ ဇဋိတိန္ဒုက မည်သော ဂျုံခင်းစောင့် လုလင်ပေးသော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ရေသဖန်း ဗောဓိပင်ရင်း၌ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်ဝယ် သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုတော်မူကြသည့် သုံးသောင်းမျှသော ရဟန်းတော် များ အဦးထားလျက် နတ် လူ အပေါင်းတို့အား သုဒဿနမြို့ အနီး ဣသိပတန မည်သော မိဂါဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား ဘိယျောသထေရ်နှင့် ဥတ္တရထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမ အစုံမှာ သမုဒ္ဒါထေရီမနှင့် ဥတ္တရာထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား သောတ္ထိဇထေရ် ဖြစ်သည်။ ဥဂ္ဂသူဌေးနှင့် သောမဒေဝ သူဌေးတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမများမှာ သီဝလာ ဥပါသိကာမနှင့် သာမာဥပါသိကာမတို့ ဖြစ်ကြသည်။ အရပ်တော်ကား အတောင်သုံးဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၃၀၀၀၀) သုံးသောင်းတည်း။ ပဗ္ဗတ မည်သော အာရာမ်အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ကောဏာဂုံဘုရားရှင်၏ ဓာတ်တော်တို့သည် အဓိဋ္ဌာန်တော်မူချက်အရ အစိတ်အစိတ် ကွဲကာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင် ပျံ့နှံ့ တည်ရှိ၍ နတ် လူတို့၏ အပူဇော်ကို ခံယူတော်မူသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

၁။ ကောဏာဂုံဘုရားရှင်သည် မိမိနှင့်အတူ ရဟန်းပြုကြသည့် သုံးသောင်းမျှသော ရဟန်းတော်များ အဦးထားလျက် နတ်လူတို့အား သုဒဿနမြို့အနီး ဣသိပတန မည်သော မိဂါဒါဝုန်တော၌ ဓမ္မစကြာ တရား ဟောတော်မူသောအခါ ကုဋေသုံးသောင်းမျှသော နတ် လူတို့

မင်္ဂ ဖိုလ် တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ= ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါးဝယ် ကောဏာဂုံဘုရားရှင်သည် သုန္ဒရမြို့ အနီး အင်ကြင်ပင်ကြီး အနီးအပါး၌ ရေ မီး အစုံစုံ တန်ခိုး ပြာဋိဟာကို ပြတော်မူလျက် တရား ဟောတော်မူသောအခါ ကုဋေ နှစ်သောင်းမျှသော နတ်လူတို့ သစ္စာလေးပါး မင်္ဂဖိုလ် တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် ကောဏာဂုံ မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ကမ္ဗလာကမ္ဗလာ မြကျောက်ဖျာထက်၌ ထိုင်နေတော်မူလျက် နတ် ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောတော်မူသောအခါ ကုဋေ တစ်သောင်းမျှသော နတ်ဗြဟ္မာတို့ သစ္စာလေးပါး မင်္ဂဖိုလ် တရားထူး ရရှိကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး တစ်ကြိမ်

ကောဏာဂုံ ဘုရားရှင်သည် သုန္ဒရဝတီမြို့အနီး သုရိန္ဒဒေဝ ဥယျာဉ်တွင်း၌ အခြံအရံ သုံးသောင်းနှင့်တကွ အဂ္ဂသာဝကလောင်းလျာ ဘိယျောသမင်းသားနှင့် ဥတ္တရမင်းသားတို့အား တရားဟောတော် မူသည်။ ထိုအခါ ထိုသူအားလုံးပင် ဘုရားရှင်ထံ ရဟန်းပြုကြသည်။ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန္တာ သုံးသောင်းတို့၏ အလယ်၌ ကောဏာဂုံ ဘုရားရှင်သည် ဩဝါဒ ပါတိမောက် ပြတော်မူသည်။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် မိတ္ထိလာမြို့တော်၌ 'ပဗ္ဗတ' မည်သော မင်းဖြစ်၏။ ကောဏာဂုံဘုရား မိတ္ထီလာမြို့သို့

ကြွတော်မူလာသောအခါ အခြံအရံနှင့်တကွ ခရီးဦးကြိုဆို၍ ဘုရား အမှူးရှိသော သံဃာအား အလှူကြီး ပေးလှူလေသည်။ ထို့နောက် မိတ္ထီလာမြို့တော်၌ပင် ဘုရားရှင် ဝါကပ်တော်မူပါရန် လျှောက်ထား ပြီးလျှင် ဝါတွင်းသုံးလပတ်လုံး ဘုရား အမှူးရှိသော သံဃာအား နေ့စဉ် ဆွမ်း ပြုစုလုပ်ကျွေး၍ ပဋ္ဋုဏ္ဏတိုင်း၊ စိန့်တိုင်း၌ ဖြစ်သော အဝတ်အထည် အမျိုးမျိုးတို့ကို လှူဒါန်းလေသည်။ ထိုအခါ ကောဏာဂုံဘုရားရှင်သည် အလောင်းတော် ပဗ္ဗတမင်းကို **"ဤဘဒ္ဒကမ္ဘာ၌ပင် ဂေါတမ ဟု ဘုရားမြတ်တစ်ဆူ ဖြစ်လိမ့်မည်"** ဟု နိယတဗျာဒိတ်စကား မိန့်ကြား တော်မူသည်။

## ၂၄
## ကဿပဘုရားရှင် ဗုဒ္ဓဝင်

ကဿပဘုရားရှင်သည် ကောဏာဂုံဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အန္တရကပ် တစ်ခုအလွန် အနှစ် (၂၀၀၀၀) နှစ်သောင်းတမ်း၌ ပွင့်တော်မူသည်။ နှစ်ကျိပ်ရှစ်ဆူတွင် နှစ်ဆယ့်ခုနစ်ဆူမြောက် ဖြစ်၍ ဂေါတမဘုရားကို ဗျာဒိတ်ပေးတော်မူကြသော ဘုရား နှစ်ဆယ့်လေးဆူတွင် နောက်ဆုံး နှစ်ဆယ့်လေးဆူမြောက် ဖြစ်သည်။

ကိကီမင်းကြီး နန်းစံရာ ဗာရာဏသီပြည်၌ ခမည်းတော် ဗြဟ္မဒတ္တပုဏ္ဏား၊ မယ်တော် ဓနဝတီပုဏ္ဏေးမတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ဣသိပတန မည်သော မိဂဒါဝုန်တော အရပ်တွင် ဖြစ်၏။ နှစ်ပေါင်း (၂၀၀၀) နှစ်ထောင် ကာလပတ်လုံး ဟံသ၊ ယသ၊ သိရိနန္ဒ မည်သော ပြာသာဒ်သုံးဆောင်၌ ကြင်ဖက်တော် သုနန္ဒာပုဏ္ဏေးမ အမှူးထားသည့် ရံရွေတော်ပေါင်း (၄၈၀၀၀) လေးသောင်းရှစ်ထောင် ခြံရံလျက် လောကီစည်းစိမ်ကို ခံစားတော်မူသည်။ သားတော် ဝိဇိတသေနသတို့သား ဖွားမြင်ပြီးသောအခါ နိမိတ်ကြီးလေးပါး မြင်သဖြင့် ဘုရားအလောင်း၏ တောထွက်တော်မူရန် စိတ်အကြံ ဖြစ်သည်နှင့် တစ်ပြိုင်နက် စံမြန်းရာ ပြာသာဒ်နှင့် တကွပင် ကောင်းကင်ခရီးမှ မဟာဗောဓိပင် ရှိရာ အရပ်သို့ ပျံသန်းလျက် တောထွက် ရဟန်းပြုတော်မူသည်။

တစ် ကုဋေမျှသော အမျိုးကောင်းသားတို့သည်လည်း ကဿပဘုရားလောင်းနှင့် အတူ တောထွက် ရဟန်းပြုကြလေသည်။ ခုနစ်ရက်

ကြာမျှ ဒုက္ကရစရိယာ ဖြည့်ကျင့်တော်မူပြီးနောက် ကဆုန်လပြည့်နေ့၌ ကြင်ဖက်တော် သုနန္ဒာပုဏ္ဏေးမ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးလျှင် ထိုအရပ်ရှိ ရှားတော အတွင်း၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်းအခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီးအကြား၌ သောမ မည်သော ဂျုံခင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ ပဒေါင်ဗောဓိပင်ရင်း မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ်သော ပလ္လင်ထက်၌ သမ္မာသမ္ဗောဓိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရား ဖြစ်ပြီးနောက် သတ္တသတ္တာဟ စံတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟဝယ် မဟာဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မိမိနှင့်အတူ ရဟန်းပြုတော်မူကြသည့် တစ်ကုဋေမျှသော ရဟန်းတော်များ အဦးထားလျက် နတ် လူ အပေါင်းတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

အဂ္ဂသာဝကအစုံကား တိဿထေရ်နှင့် ဘာရဒွါဇထေရ်တို့ ဖြစ်သည်။ အဂ္ဂသာဝိကာမ အစုံမှာ အနုလာ ထေရီမနှင့် ဥရုဝေလာ ထေရီမတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ရဟန်းတော်ကား သဗ္ဗမိတ္တထေရ် ဖြစ်သည်။ သုမင်္ဂလနှင့် ဃဋိကာရ အိုးထိန်းတို့သည် အလုပ်အကျွေး ဒါယကာများ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမ များမှာ ဝိဇိတသေနာ ဥပါသိကာမနှင့် ဘဒ္ဒါ ဥပါသိကာမတို့ ဖြစ်ကြ သည်။ အရပ်တော်ကား အတောင် နှစ်ဆယ် အမြင့်ရှိသည်။ အသက်တမ်းကား (၂၀၀၀၀) နှစ်သောင်းတည်း။ ကာသိတိုင်း၊ သေတဗျ မြို့အနီး သေတဗျဥယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ကဿပဘုရားရှင်၏ စေတီတော်ကား တစ်ယူဇနာ အမြင့်ရှိသည်။

## ဓမ္မာဘိသမယ = တရားပွဲကြီး ငါးကြိမ်

၁။ ကဿပဘုရားရှင်သည် မိမိနှင့် အတူ ရဟန်းပြုကြသည့် ရဟန်းတော်များ အဦးထားလျက် နတ် လူတို့အား ဗာရာဏသီပြည် အနီး ဣသိပတန မည်သော မိဂါဒါဝုန် တောအတွင်း၌ ဓမ္မစကြာတရား

ဟောတော်မူသောအခါ ကုဋေ နှစ်သောင်းမျှသော နတ် လူတို့ မဂ်ဖိုလ် တရားထူး ရရှိကြသည်။ ဤကား ပဌမာ ဘိသမယ = ပထမအကြိမ် တရားပွဲကြီးတည်း။

၂။ ထို့နောက် အခါတစ်ပါး၌ ထိုထို မြို့ရွာနိဂုံးတို့ကို ဒေသစာရီ ကြွချီတော်မူ၍ တရားဟောတော်မူသောအခါ ကုဋေတစ်သောင်းမျှသော နတ်လူတို့ မဂ်ဖိုလ်တရားထူး ရရှိကြသည်။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

၃။ ထို့နောက် အခါတစ်ပါး၌ သုန္ဒရမြို့တော် အနီး ပိတောက် ပင်ကြီး အနီးအပါး၌ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံကို ပြတော် မူလျက် တရားဟောတော်မူသောအခါ ကုဋေ ကိုးထောင်မျှသော နတ် လူတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။

၄။ ထို့နောက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ သုဓမ္မာ နတ်သဘင်ခန်းမ၌ နတ် ဗြဟ္မာ အပေါင်းတို့အား အဘိဓမ္မာတရား ဟောတော်မူသောအခါ ကုဋေ သုံးထောင်မျှသော နတ် ဗြဟ္မာတို့ သစ္စာ လေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။ ဤကား စတုတ္ထာ ဘိသမယ = လေးကြိမ်မြောက် တရားပွဲကြီးတည်း။

၅။ ထို့နောက် အခါတစ်ပါး၌ ကဿပဘုရားရှင်သည် နရဒေဝ နတ်ဘီလူးကို ချေချွတ် ဆုံးမတော်မူသောအခါ ရေတွက်မရ များပြား လှစွာသော နတ် လူတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြသည်။ ဤကား ပဉ္စမာ ဘိသမယ = ငါးကြိမ်မြောက် တရားပွဲကြီး တည်း။

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး တစ်ကြိမ်

ကဿပဘုရားရှင် တောထွက် ရဟန်းမပြုမီကပင် ဟိမဝန္တာ တောသို့ ဝင်၍ ရှင်ရသေ့ ပြုနှင့်သော တိဿရှင်ရသေ့သည် အခြံအရံ ရသေ့ နှစ်သောင်းနှင့် တကွ ဘုရားရှင်ထံ လာ၍ ရဟန်း ပြုလေသည်။ ရဟန်း ပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ထိုရဟန္တာ

နှစ်သောင်း ခံရံလျက် ကဿပဘုရားရှင်သည် တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက် ပြတော်မူသည်။

## ဂေါတမ ဘုရားအလောင်းတော် ဗျာဒိတ်တော် ခံယူခြင်း

ထိုအခါ ဘုရားအလောင်းတော်သည် ဇောတိပါလလုလင် ဖြစ်၍ ဗေဒင်သုံးပုံတို့၌ ပါရဂူမြောက် တတ်ကျွမ်းတော်မူ၏။ ဘုရားရှင်၏ အလုပ်အကျွေး အိုးထိန်းသည် ဃဋိကာရ၏ သူငယ်ချင်း ဖြစ်၏။ ဇောတိပါလ လုလင်သည် ဃဋိကာရနှင့်အတူ ကဿပဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် ဘုရားရှင်ထံ ရဟန်း ပြုလေသည်။ ရဟန်း ပြုပြီးနောက် ပိဋကတ်သုံးပုံကို သင်ယူပြီးလျှင် သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ဆောင်လျက် ကဿပဘုရားရှင် သာသနာတော်ကို တင့်တယ် ထွန်းပြောင်စေသည်။ ကဿပဘုရားရှင်သည် အလောင်းတော် ဇောတိပါလ ရဟန်းမြတ်ကို **“ဤ ဘဒ္ဒကမ္ဘာ၌ပင် ဂေါတမ ဟု ဘုရားမြတ် တစ်ဆူ ဖြစ်လိမ့်မည်”** ဟု နိယတဗျာဒိတ် ဘွဲ့တံဆိပ်ကို ခတ်နှိပ်တော်မူသည်။

## ၂၅
## ဂေါတမဘုရားရှင် ဗုဒ္ဓဝင်

ဒီပင်္ကရာ ထွန်ချာသနင်း ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့သည်မှ စ၍ နှစ်ဆယ့် လေးဆူသော ဘုရားရှင်တို့၏ အထံတော်တွင် နိယတဗျာဒိတ်ပန်း ဆင်မြန်း ပန်ဆင်ပြီးလျှင် တုသိတာ နတ်ပြည်ဝယ် သေတကေတု နတ်သားအဖြစ် စံမြန်းနေတော်မူစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ် ဗြဟ္မာအပေါင်းတို့က “လူ့ပြည်သို့ သက်ဆင်း၍ ဘုရားအဖြစ် ခံယူဖို့ရန်” လာရောက် တောင်းပန်ကြသဖြင့် (၁) ကာလ= ဘုရားဖြစ်ရာ အချိန်အခါ၊ (၂) ဒီပ= ဘုရားဖြစ်ရာကျွန်း (ဇမ္ဗူဒိပ်ကျွန်း)၊ (၃) ဒေသ= ဘုရားဖြစ်ရာအရပ် (မဇ္ဈိမဒေသ)၊ (၄) ကုလ= ဘုရားဖြစ်ရာအမျိုး (မင်းမျိုး၊ ပုဏ္ဏားမျိုး)၊ (၅) မာတုအာယု ပရိစ္ဆေဒ= ဘုရားမယ်တော်၏ အသက်အပိုင်းအခြား ဟူသော ကြည့်ခြင်းကြီး ငါးမျိုးတို့ကို ကြည့်တော်မူပြီးလျှင် မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် အာသဠ္ဍီနက္ခတ်နှင့် ယှဉ်လျက် ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ နန်းမ တောင်ညာ အဂ္ဂမဟေသီ ကြင်ရာသက်ထား မဟာမာယာဒေဝီ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ကိန်းပိုက် သန္ဓေနေတော်မူသည်။

ပဋိသန္ဓေ တည်နေပြီး၍ ဆယ်လစေ့သဖြင့် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူရာ အရပ်မှာ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင် အကြား လွန်စွာ ရှုမောဖွယ်ကောင်းသည့် လုမ္ဗနီ အင်ကြင်းဥယျာဉ်တော်တွင် ဖြစ်၏။ အတူဖွားသည့် ဖွားဖက်တော်

များမှာ ယသော်ဓရာဒေဝီ၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကာဠုဒါယီ အမတ်၊ ကဏ္ဍကမြင်းတော်၊ မဟာဗောဓိပင်နှင့် ရွှေအိုးကြီးလေးလုံးတို့ ဖြစ်သည်။ ဖွားမြင်တော်မူပြီးနောက် မြောက်အရပ်သို့ ခုနစ်ဖဝါး လှမ်းကြွသွားတော် မူပြီးလျှင် **“အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ”** ဟူသော သုံးခွန်းသော စကားကို ရဲရဲရင့်ရင့် မြွက်ဆို ကျူးရင့်တော်မူလေသည်။

**ဖွားမြင်ခါစ စကားပြောသည့် သုံးဘဝ**

ဘုရားအလောင်းတော်သည် မဟောသဓာ ပညာရှိဘဝ၊ ဝေဿန္တရာမင်းဘဝ၊ နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝ ဤသုံးဘဝတို့၌ ဖွားမြင်ပြီးစ အချိန်ကာလမှာပင် စကားပြောဆိုသည်။

**သုဒ္ဓေါဒနမင်းကြီး ပထမဆုံးအကြိမ် ရှိခိုးခြင်း**

ဖွားမြင်ပြီးနောက် ကပိလဝတ် နေပြည်တော်သို့ ဆောင်ယူ၍ သုဒ္ဓေါဒနမင်းကြီး၏ ဆရာ ရှာန်အဘိညာဉ်ရ ကာဠဒေဝီ ရသေ့အား ရှိခိုးစေသောအခါ ဘုရားအလောင်းတော်အတွက် ဤဘဝ၌ မိမိ ရှိခိုးထိုက်သူ မရှိသဖြင့် အလောင်းတော်၏ ခြေတော်အစုံတို့သည် ခုန်ပျံ မြောက်တက်၍ ကာဠဒေဝီရသေ့၏ ဦးခေါင်းပေါ်သို့ ရောက်သွားလေ သည်။ ဤသို့ ထူးဆန်း အံ့ဩဖွယ်ကို တွေ့မြင်ရသဖြင့် သုဒ္ဓေါဒန မင်းကြီးသည် အလောင်းတော်အား ပထမဆုံးအကြိမ် ဦးနှိမ်ချ၍ ရှိခိုးလေသည်။

**ကာဠဒေဝီရသေ့၏ ရယ်ခြင်း ငိုခြင်းအကြောင်း**

ကာဠဒေဝီ ရသေ့သည် ဘုရားလောင်း၏ လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍ ဧကန် ဘုရား ဖြစ်လတ္တံ့ဟု သိမြင်သဖြင့် “ဤသူကား အံ့ဩဖွယ် ယောကျ်ားပါတကား” ဟု ပြုံးရွှင်ခြင်းကို ပြုလေသည်။ ထို့နောက် “ငါသည် ဘုရားရှင်ကို ကိုယ်တိုင် ဒိဋ္ဌ ဖူးမြင်ရပါမည်လော” ဟု အဘိညာဉ်ဖြင့် ဆင်ခြင်လတ်သော် ဘုရား

မဖြစ်သေးမီကြား သေလွန်၍ အရူပဘုံ၌ ဖြစ်မည်ဟု သိသဖြင့် "ငါ့အတွက် ကြီးစွာသော ဆုံးရှုံးခြင်းပါတကား" ဟု အောက်မေ့၍ ငိုကြွေးလေသည်။

## နာမည်မှည့်မင်္ဂလာပြုခြင်း

ဖွားမြင်ပြီးနောက် ငါးရက်မြောက်နေ့၌ ဘုရားအလောင်းတော်ကို ဦးခေါင်းဆေးမင်္ဂလာပြု၍ ၁၀၈ ယောက်သော ပုဏ္ဏားတို့ကို ဖိတ်ကြားပြီးလျှင် ကြန်အင်လက္ခဏာကို စစ်ဆေးစေသည်။ ထိုပုဏ္ဏားတို့တွင် ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တိ၊ ဘောဇ၊ သုယာမ၊ သုဒတ္တ ဟူသော ဗြဟ္မဏပညာရှိ ခုနစ်ဦးတို့က လက်နှစ်ချောင်း ထောင်၍ "လူ့ဘောင်မှာ နေလျှင် စကြာမင်း ဖြစ်မည်၊ ရဟန်းပြုလျှင် ဘုရားဖြစ်မည်" ဟု ဟောကိန်းထုတ်လေသည်။ အငယ်ဆုံး ကောဏ္ဍည ဗြဟ္မဏ ပညာရှိကမူ လက်တစ်ချောင်း ထောင်၍ "ဧကန်မုချ ဘုရားဖြစ်မည်" ဟု ဟောကိန်းထုတ်လေသည်။ အလုံးစုံသော လောက၏ အကျိုးစီးပွားကို ပြီးစီးအောင် ဆောင်ရွက်နိုင်မည့်သူ ဖြစ်ခြင်းကြောင့် 'သိဒ္ဓတ္ထ' ဟု အမည်သညာ မှည့်ခေါ်ကြလေသည်။

## လယ်ထွန်မင်္ဂလာ

သုဒ္ဓေါဒနမင်းကြီးသည် မြို့တော်မှ ထွက်၍ လယ်ထွန်မင်္ဂလာပြုလုပ်ရာ အရပ်သို့ သွားသောအခါ သားတော်ကိုပါ ခေါ်၍ သွားသည်။ လယ်ထွန်မင်္ဂလာ ပြုလုပ်ရာအရပ် ဇမ္ဗုသပြေပင် အောက်ဝယ် ကောင်းမွန်စွာ ခင်းကျင်းလျက် ဗိတာန် မျက်နှာကြက် တင်းထိမ်ကန့်လန့်ကာတို့ဖြင့် မိုးကာပြီးလျှင် သားတော်ကို ကောင်းမွန်စွာ စောင့်ရှောက်၍ ထားလေသည်။ ဘုရားလောင်းကို ခြံရံလျက် စောင့်ရှောက်ကြသော အထိန်းတော်တို့သည် လယ်ထွန်မင်္ဂလာပွဲကျင်းပသည်ကို ရှုကြည့်လိုသဖြင့် တင်းတိမ်ကန့်လန့်ကာ အတွင်းမှ အပြင်သို့ ထွက်နေစဉ် ဘုရားအလောင်းတော်လေးသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် အာနာပါနကို ရှုမှတ်ကာ ပထမဈာန်ကို ဝင်စား၍

နေလေသည်။ သုဒ္ဓေါဒန မင်းကြီးသည် အထိန်းတော်များ လျှောက်ထားချက်အရ ဤသို့ ထူးဆန်း အံ့ဩဖွယ်ကို တွေ့မြင်ရသဖြင့် ဘုရားအလောင်းတော်အား ဒုတိယအကြိမ် ဦးနှိမ်ချ၍ ရှိခိုးလေသည်။

## နန်းတက်မင်္ဂလာ

အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားသည် တဖြည်းဖြည်း ကြီးပြင်း၍လာရာ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် သားတော်အတွက် ဥတုသုံးလီနှင့် လျော်ပတ်သည့် ရမ္မ၊ သုဘ၊ သုရမ္မ မည်သော နန်းပြာသာဒ် သုံးဆောင်ကို ဆောက်လုပ်စေသည်။ ထို့နောက် သာကီဝင်မင်း အပေါင်းတို့အား သူ၏ သားတော်အတွက် သမီးကညာများ ဆက်သကြရန် စာချွန်တော် ပို့သလေသည်။ ထိုအခါ သာကီဝင်မင်းမျိုး အပေါင်းတို့က "သိဒ္ဓိတ္ထဟာ အဆင်းလှပေမဲ့ အချင်း ဆိုတဲ့ အတတ်ပညာ မရှိသဖြင့် သူတို့၏ သမီး ကညာများကို မဆက်သနိုင်" ဟု ပြောဆိုကြသည်။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား ထိုအကြောင်းအရာ များကို ပြောပြ၍ လေး အတတ်ပညာကို ပြသစေသည်။ သိဒ္ဓတ္ထမင်းသား သည် ဗိုလ်ခြေတစ်ထောင် တင်ရ ချရသော လေးကို မိမိ၏ အားအစွမ်း ဖြင့် တင်ခြင်း ချခြင်းကို ပြု၍ အမျိုးမျိုး အဖုံဖုံသော လေး အတတ်ပညာ အစွမ်းကို ပြသလေသည်။ ထို့ပြင် အဋ္ဌာရသ သိပ္ပမျိုးစုံကိုလည်း ပြသ လေသည်။ ထိုအခါ သာကီဝင်မင်းအပေါင်းတို့သည် မိမိတို့၏ သမီး ရတနာများကို ရတနာမျိုးစုံ ဆင်မြန်း၍ ပေးဆက်ကြသည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာဒေဝီနှင့် စုလျား ရစ်ပတ် လက်ထပ်ပြီးလျှင် နန်းတက်မင်္ဂလာ အဘိသိက် သွန်းလောင်းမှု ကို ခံယူတော်မူလေသည်။

## တောထွက်တော်မူခြင်း

ဤသို့ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ၁၃ နှစ် ကာလပတ်လုံး ယသော်ဓရာဒေဝီမိဖုရား အမှူးရှိသည့် မောင်းမမိဿံ

ခြွေရံအပေါင်း လေးသောင်း ခြံရံလျက် ထီးနန်းစည်းစိမ်ကို ခံစားနေစဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါး မြင်သဖြင့် သားတော် ရာဟုလာ ဖွားမြင်သည့် နေ့မှာပင် ဆန္နအမတ်ကို ခေါ်ဆောင်လျက် ကဏ္ဍကမြင်းတော်ကို စီးကာ မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့၊ ညဥ့်သန်းခေါင်ယံအချိန် အာသဠှိ နက္ခတ်နှင့် စန်းယှဉ်ခိုက်တွင် အနောမာသောင်သို့ တောထွက်တော်မူသည်။

## ရဟန်းပြုတော်မူခြင်း

ဘုရားအလောင်းတော်သည် တောထွက်ပြီးနောက် အနော်မာ သောင်ပြင် အရောက်ဝယ် လက်ယာလက်ဖြင့် သန်လျက်ကို စွဲကိုင်လျက် လက်ဝဲလက်ဖြင့် မကိုဋ်နှင့်တကွ ဆံထုံးကို ကိုင်၍ ဆံတော်ကို ဖြတ်ပယ်တော်မူသည်။ ဆံတော်တို့သည် လက်နှစ်သစ်ပမာဏ အညီအမျှ ကြွင်းကျန်ရစ်လျက် လက်ယာရစ် လည်ကာ ဦးခေါင်းတော်မှာ ကပ်ရှိတည်နေလေသည်။ ဘုရားအလောင်းတော်သည် မကိုဋ်နှင့်တကွ ဆံထုံးကို ကိုင်ကာ “ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မည် မှန်ပါက ဤဆံထုံးတော်သည် ကောင်းကင်၌ တည်ပါစေသား” ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်၌ မြှောက်တင်လိုက်ရာ မကိုဋ်နှင့်တကွ ဆံထုံးတော်သည် ချိတ်ဆွဲထားသည့် ပန်းဆိုင်းအလား ကောင်းကင်၌ တည်နေလေသည်။

## စူဠာမဏိစေတီ တည်ထား ကိုးကွယ်ခြင်း

ထိုအခါ သိကြားမင်းသည် မကိုဋ်နှင့် တကွသော ဆံတော်ကို ရတနာပန်းတောင်းဖြင့် ခံယူပြီးလျှင် မိမိစံရာ တာဝတိံသာနတ်ပြည်၌ ဌာပနာသွင်း၍ ‘စူဠာမဏိစေတီတော်’ တည်ထား ကိုးကွယ်လေသည်။

## ဒုဿစေတီ တည်ထား ကိုးကွယ်ခြင်း

ထို့နောက် ဘုရားအလောင်းတော်သည် ဃဋိကာရ ဗြဟ္မာမင်း ဆက်ကပ် လှူဒါန်းသော ရွှေကြာသင်္ကန်းကို ဝတ်ရုံ ဆင်မြန်းပြီးလျှင်

အဓိဋ္ဌာန်ပြု၍ ဝတ်လဲတော်များကို ကောင်းကင်သို့ မြှောက်တင်လေသည်။ ထိုအခါ ဃဋိကာရ ဗြဟ္မာမင်းသည် ယူဆောင်၍ ဗြဟ္မာ့ပြည်ဝယ် ဌာပနာသွင်း၍ 'ဒုဿစေတီတော်' တည်ထား ကိုးကွယ်လေသည်။

ထိုသို့ ရဟန်းပြုပြီးသောအခါ ဘုရားအလောင်းတော်သည် ဆန္နအမတ်ကို နေပြည်တော် ပြန်ရန် ပြောဆိုလွှတ်လိုက်လေသည်။ ဆန္နအမတ်သည် အလောင်းတော်ကို အရိုအသေပြုပြီးလျှင် ကဏ္ဍက မြင်းတော်ကို ဆွဲဆောင်လျက် နေပြည်တော်သို့ ပြန်လေသည်။ ထိုအခါ ကဏ္ဍကမြင်းတော်သည် ဘုရားအလောင်းတော် သခင်နှင့် ကွေကွင်းရခြင်း ဒုက္ခကို သည်းမခံနိုင်ရှာဘဲ ဘုရားအလောင်းတော်၏ မျက်စိဖြင့် မမြင်ကွယ်ရာ အရောက်တွင် နှလုံးကွဲ၍ သေပွဲဝင်ရှာလေသည်။ သေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်၌ 'ကဏ္ဍကနတ်သား' ဖြစ်လေသည်။

ရဟန်းပြုပြီးနောက် အနောမာသောင်ပြင် အနီး အနုပိယ သရက်ဥယျာဉ်၌ ခုနစ်ရက်ပတ်လုံး သမဏသုခကို ခံစားလျက် နေထိုင်တော်မူသည်။ ထို့နောက် ခြေလျင်ခရီးဖြင့် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်သည်။ ထို့နောက် ရာဇဂြိုဟ်မြို့မှ ထွက်ခွာ၍ ပဏ္ဍဝတောင်ထိပ်ရှိ ဂူဝမှာ ထိုင်လျက် ဆွမ်းဘုဉ်းပေးနေစဉ် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ လာရောက်ဖူးမြော်၍ မင်းစည်းစိမ်ဖြင့် ဖိတ်ကြားသည်ကို ငြင်းပယ်တော်မူသည်။ ထိုသို့ မင်းအဖြစ်ကို ငြင်းပယ်တော်မူသဖြင့် ဘုရင်ဗိမ္ဗိသာရသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ရှေးဦးစွာ မိမိ၏ နိုင်ငံသို့ ကြွရောက်တော်မူပါရန် ရိုသေစွာ ဖိတ်ကြား လျှောက်ထားပြီးလျှင် ရာဇဂြိုဟ်မြို့တွင်းသို့ ပြန်ဝင်လေသည်။

ထို့နောက် ဘုရားအလောင်းတော်သည် အာဠာရရသေ့၊ ဥဒက ရသေ့တို့ထံ ချဉ်းကပ်၍ သမာပတ်ရှစ်ပါး တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်လေသည်။ ယင်းနောက် သမာပတ်ရှစ်ပါး အကျင့်တရားသည် ''ဘုရားအဖြစ်သို့ ရောက်ရန် လမ်းစဉ်မှန် မဟုတ် ဟု ဆင်ခြင်ပြီးလျှင် ဥရုဝေလတောအရပ်သို့ သွား၍ မဆုတ်မနစ်သော ဝီရိယဓာတ် အခြေခံလျက် ထွက်လေ ဝင်လေ နှစ်ပါးကို အောင့်ချုပ်

ထားခြင်း၊ အလိုလို ကြွေကျသော သစ်သီး ကြီးငယ်ကိုသာ စားသုံးခြင်း၊ တစ်လက်ခုပ်မျှလောက်သော ပဲပြုတ်ရည်ကိုသာ စားသုံးခြင်း စသည်ဖြင့် လူသာမန်တို့ ပြုနိုင်ခဲသည့် အလွန် ပြင်းထန်သော ဒုက္ကရစရိယာ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်လေသည်။ ယင်းသို့ ဒုက္ကရ စရိယာအကျင့်ကို ခြောက်နှစ်ကြာ ကျင့်ကြံကြိုးကုတ် အားထုတ် ပြီးနောက် "ဤလမ်းစဉ်သည်လည်း ဘုရားဖြစ်ရန် လမ်းစဉ်မှန် မဟုတ်" ဟု ဆင်ခြင်တော်မူပြီးလျှင် ထိုထို ရှာနိဂုံးတို့ကို ဆွမ်းခံ လှည့်လည်၍ ဆွမ်းဘုဉ်းပေးတော်မူသည်။ ထိုအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားအလောင်းတော် ထံပါးမှ ထွက်ခွာ၍ ဗာရာဏသီမြို့အနီး ဣသိပတနတောသို့ ကြွသွားကြသည်။ ထို့နောက် ဘုရားအလောင်းတော် သည် ကဆုန်လပြည့်နေ့၌ သေနာနိဂုံးနေ သေနာသူဌေးကြီး၏ သမီး သုဇာတာ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံယူတော်မူလျက် နေရဥ္စရာမြစ်ကမ်းနား၌ ၄၉ လုတ် မယုတ်မပို ဘုဉ်းပေးတော်မူသည်။

ယင်းသို့ နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်ပြီးနောက် "ငါသည် ယနေ့ ဘုရားဧကန် အမှန်ဖြစ်ပါလျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား" ဟု အဓိဋ္ဌာန်ပြုလျက် ရွှေခွက်ကို နေရဥ္စရာ မြစ်ရေကြောသို့ မျှောလိုက်လေသည်။ ထို့နောက် နေရဥ္စရာ မြစ်ကမ်းအနီးရှိ အင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ ညနေချမ်း အခါ ဗောဓိမဏ္ဍိုင်သို့ အသွား လမ်းခရီး အကြား၌ သောတ္ထိယ မြက်ထမ်းပုဏ္ဏားသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော် မူလျက် ဇေယျာဗုဒ္ဓဟေ ဗောဓိပင်ရင်း မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းအပ် သော ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်၊ မာရ်နတ်ရန်ကို အောင်တော်မူလျက် ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံဝယ် အာသဝက္ခယဉာဏ်ကို ရတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် သမ္မာသမ္ဗုဒ္ဓအစစ် ဘုရား အဖြစ်သို့ ရောက်တော်မူသည်။

## သတ္တသတ္တာဟ စံနေတော်မူပုံ

ဤသို့လျှင် ဘုရား အဖြစ်သို့ ရောက်တော်မူပြီးနောက် အပရာဇိတ ပလ္လင်ထက်၌ ခုနစ်ရက်၊ ပလ္လင်တော်မှ ဆင်းသက်၍ ပလ္လင်တော်၏ အရှေ့မြောက်အရပ်၌ ရပ်တော်မူပြီးလျှင် ဗောဓိပင်နှင့် ပလ္လင်တော်ကို မမှိတ်သော မျက်လုံးတော်ဖြင့် ကြည့်ရှုလျက် ခုနစ်ရက်၊ ပလ္လင်တော်နှင့် 'အနိမိသစေတီ' အကြား အရှေ့ အနောက် အလျား ရှိသည့် ရတနာစင်္ကြံ၌ စင်္ကြံ လျှောက်တော်မူလျက် ခုနစ်ရက်၊ မဟာ ဗောဓိပင်မှ အနောက်မြောက်ထောင့် အရပ်၌ တည်ရှိသည့် ရတနာဃရ ရွှေအိမ်၌ ခုနစ်ရက်၊ မဟာဗောဓိပင်မှ အရှေ့အရပ်၌ တည်ရှိသည့် အဇပါလညောင်ပင်ရင်း၌ ခုနစ်ရက်၊ မဟာဗောဓိပင်မှ အရှေ့တောင် အရပ်ရှိ မုစလိန္ဒအိုင် အနီး ကျည်းပင်ရင်း၌ ခုနစ်ရက်၊ မဟာဗောဓိပင် ၏ တောင်မျက်နှာရှိ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်၊ ဤသို့ သတ္တသတ္တာဟ= ခုနစ်ရက်ခုနစ်လီ ၄၉ ရက်ပတ်လုံး ဖလသမာပတ် ဝင်စားကာ သီတင်းသုံး နေတော်မူသည်။

## တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင် ဒွေဝါစိကသရဏဂုံတည်ခြင်း

ထိုအခါ ဥက္ကလာတိုင်းမှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် ရှေးဘဝက ဆွေမျိုးတော်စပ်ဖူးသည့် နတ်သား၏ လမ်းညွှန်မှုဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား မုန့်ကြွပ်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို လှူဒါန်းလေသည်။ မြတ်စွာဘုရား သည် နတ်မင်းကြီးလေးယောက် လှူဒါန်းအပ်သော ပဲနောက် အဆင်း ရှိသည့် ကျောက်သပိတ် လေးလုံးကို တစ်လုံးတည်း ဖြစ်အောင် အဓိဋ္ဌာန်အပ်သော သပိတ်တော်ဖြင့် ခံယူ ဘုဉ်းပေးတော်မူသည်။ ကုန်သည်ညီနောင်တို့သည် အနုမောဒနာတရား နာယူပြီးသည့် အဆုံး၌ 'ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ' ဟု ဒွေဝါစိက သရဏဂုံ ဆောက်တည်ကြလေသည်။ ထို့နောက် ကုန်သည်ညီနောင်

တို့၏ လျှောက်ထားချက်အရ ကိုးကွယ်ရန် ဆံတော်ဓာတ်တို့ကို ချီးမြှင့်ပေးသနားတော်မူသည်။

## ဓမ္မစကြာတရား ဟောရန် မိဂဒါဝုန်တောသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ တရားဟောတော်မူအံ့ဟု ကြံစည် အောက်မေ့လျက် "ငါသည် အာဠာရနှင့် ဥဒကတို့အား ရှေးဦးစွာ တရားဟောအံ့" ဟု ဆင်ခြင်လတ်သော် အာဠာရနှင့် ဥဒကတို့ ကွယ်လွန်ကြပြီဖြစ်ကြောင်း သိတော်မူသဖြင့် "ကိုယ်တော်မြတ်အပေါ် ကျေးဇူးများလှသော ပဉ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာ တရားဟောအံ့" ဟု ကြံစည်လျက် မဟာဗောဓိမှ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ကြွသွားတော်မူသည်။

မြတ်စွာဘုရားသည် မဟာဗောဓိမှ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ကြွသွားတော်မူစဉ် လမ်းခရီးအကြား၌ ဥပကတက္ကတွန်းနှင့် တွေ့၍ ဥပကတက္ကတွန်းက ဘုရားရှင်ကို "ငါ့ရှင် သင်၏ ကိုယ်ရေအဆင်းသည် ကြည်လင် တောက်ပလှ၏။ သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုခဲ့သနည်း။ သင်၏ ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏ တရားကို နှစ်သက်ပါသနည်း" ဟု မေးမြန်းလေသည်။

ထိုအခါ ဘုရားရှင်သည် "ငါသည် အလုံးစုံသော တရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်း သိမြင်သူ ဖြစ်သောကြောင့် အဘယ်သူကို ငါ၏ ဆရာဟု ညွှန်ပြရပါအံ့နည်း။ ငါ့အား ဆရာ မရှိ၊ ငါ၏ အမည် 'ဇိန' မည်၏ဟု မိန့်တော်မူသည်။ ဥပကတက္ကတွန်းသည် ဟုတ်ပေရာ၏ဟု ပြောဆိုလျက် ဦးခေါင်းညိတ်ကာ လမ်းခရီးမှ ဖဲခွာလျက် ဝင်္ကဟာရဇနပုဒ်သို့ ကြွသွားလေသည်။

မြတ်စွာဘုရားသည် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူလတ်သော် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေချမ်း အချိန်တွင် ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော ပဉ္စဝဂ္ဂီငါးဦးတို့ထံ ဆိုက်ရောက်တော်မူသည်။

ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင်အား ရှိမခိုးကြစတမ်း၊ ခရီးဦး ကြိုဆိုမှု မပြုကြစတမ်း၊ သပိတ်၊ သင်္ကန်း လှမ်း၍ မယူကြစတမ်း ဟု ကတိကဝတ် ပြုထားကြသော်လည်း ဘုရားရှင်၏ မေတ္တာတေဇော် အာနုဘော်ကြောင့် ငါးဦးလုံးပင် ဘုရားရှင်အား ခရီးဦး ကြိုဆို၍ ဝတ်ကြီး ဝတ်ငယ် ပြုကြလေသည်။ ထိုအခါ ဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား မိမိသည် သမ္မာသမ္ဗုဒ္ဓ အစစ် ဘုရားဖြစ်ကြောင်း မိန့်တော်မူပြီးလျှင် နေမင်းသည် အနောက်ဂေါယာကျွန်းသို့ ယွန်းလုလု လမင်းကလည်း အရှေ့လောကဓာတ်မှ ထွက်ပြူစအချိန်တွင် 'ဓမ္မစက္ကဝတ္တန' သုတ် ဒေသနာကို ဟောကြားတော်မူလေသည်။ ဒေသနာတော် အဆုံး၌ 'အရှင် ကောဏ္ဍညမထေရ်' သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## မိဂဒါဝုန်တော၌ ပထမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ပင် ပထမ ဝါကပ်တော် မူ၍ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့တွင် 'အနတ္တလက္ခဏ' သုတ် ဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာတော် အဆုံး၌ ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်ကြလေသည်။

## ယသသူဌေးသား ရဟန်းပြုခြင်း

သေနနိဂုံးသူ ဗာရာဏသီ သူဌေးကတော် သုဇာတာ၏ သားဖြစ်သူ ယသ အမျိုးကောင်းသားသည် လူ့ဘောင်ကို ငြီးငွေ့သဖြင့် တစ်ယောက်တည်း အိမ်မှ ထွက်လာခဲ့ရာ ဗာရဏသီပြည် အနီး မိဂဒါဝုန်တော အရောက်တွင် ဘုရားရှင်နှင့် တွေ့ဆုံလေသည်။ ဘုရားရှင် သည် ယသ အမျိုးကောင်းသားအား ဓမ္မအထွေထွေ ဟောပြလေရာ ဒေသနာတော် အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ယသအမျိုးသား၏ ဖခင် သူဌေးကြီးသည် မိဂဒါဝုန်တောဘက် သို့ သားပျောက် အရှာလာခဲ့ရာ ဘုရားရှင်ကို တွေ့မြင်လေသည်။

ထိုအခါ သူဋ္ဌေးကြီးသည် ဘုရားရှင်အား "အမျိုးကောင်းသား တစ်ယောက်ကို တွေ့မြင်ပါသလား ဘုရား" ဟု မေးလျှောက်လေရာ ဘုရားရှင်သည် ယသသူဋ္ဌေးသားကို ဖခင် သူဋ္ဌေးကြီး မမြင်ရအောင် တန်ခိုးတော်ဖြင့် ဖုံးကွယ်လျက် သူဋ္ဌေးကြီးအား တရားဓမ္မ ဟောပြတော်မူသည်။ သူဋ္ဌေးကြီးသည်လည်း ဒေသနာတော် အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို့နောက် သူဋ္ဌေးကြီးသည် 'ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ' ဟု တေဝါစိက သရဏဂုံ ဆောက်တည်လေသည်။ ယသ၏ ဖခင်သူဋ္ဌေးကြီးသည် ဤသာသနာတော်ဝယ် ပထမဆုံး 'တေဝါစိက သရဏဂုံ' တည်သည့် ဥပါသကာ ဖြစ်လေသည်။

ယသသူဋ္ဌေးသားသည် ဖခင်သူဋ္ဌေးကြီးအား မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်ကို နာယူစဉ်ပင် အာသဝေါ ကင်းကွာ ရဟန္တာ ဖြစ်လေသည်။ သူဋ္ဌေးကြီးသည် ဘုရားရှင် အနီးတွင် ထိုင်နေသော သားဖြစ်သူ ယသကို တွေ့မြင်ရသဖြင့် အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကာ ယသမထေရ်နှင့် တကွ ဘုရားရှင်ကို ဆွမ်းစားပင့်ကာ ဘုရားထံမှ ဖဲခွာသွားလေသည်။ ဖခင်သူဋ္ဌေးကြီး ဖဲခွာသွား၍ မကြာမြင့်မီပင် ယသသူဋ္ဌေးသားသည် ဘုရားရှင်ထံ ရဟန်း ပြုလေသည်။ ထိုအခါ ဤလောက၌ ဘုရားရှင်နှင့်တကွ ရဟန္တာခုနစ်ပါး ထင်ရှားစွာ ဖြစ်ပေါ်လေသည်။

မြတ်စွာဘုရားသည် နံနက်မိုးသောက် အလင်းရောက်သောအခါ အရှင်ယသနှင့်အတူ သူဋ္ဌေးကြီး အိမ်သို့ ဆွမ်းစား ကြွတော်မူသည်။ ထိုအခါ မိမိအထံ ချဉ်းကပ်လာသော ယသမိခင် သူဋ္ဌေးကတော်ကြီး သုဇာတာနှင့် ယသ၏ ဇနီးဟောင်းတို့အား တရားဓမ္မ ဟောပြတော်မူရာ ဒေသနာတော် အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို့နောက် ဘုရားရှင်ထံ 'တေဝါစိကသရဏဂုံ' ဆောက်တည်ကြလေသည်။ ထိုသူနှစ်ဦးတို့သည် ဤသာသနာတော်ဝယ် ပထမဆုံး တေဝါစိကသရဏဂုံ တည်သည့် ဥပါသိကာမများ ဖြစ်လေသည်။

## အရှင်ယသ၏ သူငယ်ချင်း ၅၄ ဦးတို့ ရဟန်းပြုကြခြင်း

“ယသသူဋ္ဌေးသား ရဟန်းပြုသွားပြီ” ဟု ကြားသိလေလျှင် သူငယ်ချင်းများ ဖြစ်ကြသော ‘ဝိမလ၊ သုဗာဟု၊ ပုဏ္ဏ၊ ဂဝမ္ပတိ’ ဟူသော သူဋ္ဌေးသားလေးဦးတို့သည် မြတ်စွာဘုရားထံ ရဟန်းပြုကြလေသည်။ ရဟန်းပြုပြီး၍ မကြာမြင့်မီ အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြလေသည်။ ထို့နောက် ဇနပုဒ်သား သူငယ်ချင်း ငါးကျိပ်တို့သည်လည်း “ယသသူဋ္ဌေးသား ရဟန်းပြုသွားပြီ” ဟုကြားသိသဖြင့် မြတ်စွာဘုရားထံ ရဟန်း ပြုကြလေသည်။ ထို ငါးကျိပ်သော အမျိုးကောင်းသားတို့သည်လည်း ရဟန်းပြုပြီး၍ မကြာမြင့်မီ ရဟန္တာဖြစ်ကြလေသည်။ ထိုအခါ ဤလောက၌ ဘုရားရှင်နှင့်တကွ ရဟန္တာ ၆၁ ပါး ထင်ရှားစွာ ဖြစ်ထွန်းလေသည်။

## ရဟန္တာ ၆၀ ပါးတို့အား သာသနာပြု စေလွှတ်တော်မူခြင်း

မြတ်စွာဘုရားသည် ခြောက်ကျိပ်သော ရဟန္တာမထေရ်တို့အား “ချစ်သား ရဟန်းတို့... သင်တို့သည် များစွာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ လောကီ၊ လောကုတ္တရာ စီးပွားချမ်းသာ အလို့ငှာ ထိုထို အရပ်မျက်နှာသို့ ဒေသစာရီ ကြွချီကြကုန်လော၊ တရားအမြိုက်ဆေး တိုက်ကျွေးကြကုန်လော၊ တရားစည်ကြီးကို မြည်ဟီးအောင် တီးကြကုန်လော၊ တစ်ကြောင်းတည်းသော လမ်းခရီး၌ ရဟန်းနှစ်ပါး ပေါင်း၍ မသွားကြကုန်လင့်” ဟု သာသနာပြု စေလွှတ်တော်မူသည်။

## ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ ရဟန်းပြုခြင်း

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ပင် တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် နေထိုင်တော်မူပြီးနောက် ကိုယ်တော်တစ်ပါးတည်း ဥရုဝေလတောသို့ ပြန်ကြွတော်မူလာခဲ့ရာ လမ်းခရီးအကြား ကပ္ပါသိက တောအုပ်အတွင်း တစ်ခုသော သစ်ပင်ရင်း၌

ထိုင်နေတော်မူသည်။ ထိုအခါ ဘဒ္ဒဝဂ္ဂီမင်းသား ညီနောင် သုံးကျိပ်တို့သည် မိမိတို့၏ ဇနီး မယားများနှင့် တကွ 'ကပ္ပါသိက' တောအုပ်တွင်းသို့ ပျော်ပွဲစား ထွက်လာခဲ့ကြသည်။ ထိုမင်းသားတို့တွင် တစ်ယောက်သော မင်းသားသည် မိမိပိုင် ဇနီးမယား မရှိသဖြင့် ပြည့်တန်ဆာ တစ်ဦးကို အငှားမယား အဖြစ် ခေါ်ဆောင်လာခဲ့သည်။ ထိုပြည့်တန်ဆာမသည် မင်းသားများ မူးယစ် သောက်စားကာ မေ့လျော့၍ နေကြစဉ် ပစ္စည်းဥစ္စာများကို ခိုးယူကာ ထွက်ပြေးလေသည်။ ထိုအခါ မင်းသားများသည် မိန်းမပျောက် ရှာဖွေရင်း ဘုရားရှင်ကို တွေ့မြင်ကြရာ ဘုရားရှင်အား "အရှင်ဘုရား... မိန်းမတစ်ယောက်ကို တွေ့မြင်လိုက်ပါသလား ဘုရား" ဟု လျှောက်ထား မေးမြန်းလေသည်။ မြတ်စွာဘုရားက "မင်းသားတို့... သင်တို့သည် မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကို ရှာခြင်း ဤနှစ်မျိုးတို့တွင် အဘယ်ရှာခြင်းက ကောင်းမြတ်ပါသနည်း" ဟု မေးမြန်းတော်မူ၍ တရားဓမ္မ ဟောပြတော်မူလေရာ ဒေသနာတော် အဆုံး၌ အချို့ သောတာပတ္တိဖိုလ်၊ အချို့က သကဒါဂါမိဖိုလ်၊ အချို့က အနာဂါမိဖိုလ်၌ တည်ကြလေသည်။ ယင်းသို့ တရားဓမ္မကို ထိုးထွင်း သိမြင်ပြီးနောက် ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့သည် မြတ်စွာဘုရားထံ၌ ရဟန်းပြုကြလေသည်။

## ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချွတ်တော်မူခြင်း

မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့ကို ရဟန်းပြုပေးပြီးနောက် ခရီးစဉ်အတိုင်း ကြွတော်မူလတ်သော် ဥရုဝေလတောအရပ်သို့ ရောက်တော်မူလေသည်။ ဥရုဝေလ တောအုပ်အတွင်း၌ ဥရုဝေလကဿပ အမျိုးပြုသည့် ရသေ့ငါးရာ၊ နဒီကဿပ အမျိုးပြုသည့် ရသေ့သုံးရာ၊ ဂယာကဿပ အမျိုးရှိသည့် ရသေ့နှစ်ရာတို့သည် နေရဉ္စရာ မြစ်စဉ်တစ်လျှောက် သင်္ခမ်းကျောင်း ပြုလုပ်၍ နေထိုင်ကြလေသည်။ မြတ်စွာဘုရားသည် ဥရုဝေလကဿပ၏ သင်္ခမ်းကျောင်းသို့ ရောက်တော်မူလေလျှင် ဥရုဝေလကဿပ၏ မီးတင်းကုပ် အတွင်း၌ နေထိုင်ခွင့် တောင်းလျက် မီးတင်းကုပ် အတွင်းမှာပင် နဂါးမင်းကို

အမျိုးမျိုးသော တန်ခိုးပြာဋိဟာ ပြလျက် ချေချွတ်တော်မူသည်။ ထို့နောက် သခ်မ်းတောအုပ်၌ နေထိုင် သီတင်းသုံးတော်မူစဉ် စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ သန်းခေါင်ယံအချိန်တွင် လာရောက် ဖူးမြော်ခြင်း၊ သိကြားမင်း လာရောက် ဖူးမြော်ခြင်း၊ သဟမ္ပတိဗြဟ္မာမင်း လာရောက် ဖူးမြော်ခြင်း၊ သေနနိဂုံးသူ ကျွန်မ အလောင်းကောင်မှ အဝတ်ကို ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူသော အခါ မြေလျင်တုန်လှုပ်ခြင်း အမျိုးမျိုး အဖုံဖုံသော တန်ခိုးပြာဋိဟာကို ပြတော်မူလျက် ဥရုဝေလကဿပ အမှူးရှိသည့် ရသေ့ငါးရာကို ချေချွတ်တော်မူသည်။ ချေချွတ်ဆုံးမတော်မူသောအခါ ဥရုဝေလကဿပ အမှူးရှိသည့် ရသေ့ငါးရာတို့သည် မိမိတို့၏ ရသေ့ ပရိက္ခရာများကို နေရဉ္စရာ မြစ်ကြော၌ မျှောလိုက်ပြီး မြတ်စွာဘုရားထံ ရဟန်း ပြုကြလေသည်။

## နဒီကဿပနှင့် ရသေ့သုံးရာတို့ ရဟန်းပြုကြခြင်း

နဒီကဿပရသေ့သည် နောင်တော်ကြီး ဥရုဝေလကဿပ ရသေ့နှင့် ရသေ့ငါးရာတို့ နေရဉ္စရာ မြစ်ကြော၌ မျှောလိုက်သော ပရိက္ခရာတို့ကို တွေ့မြင်ရလေလျှင် နောင်တော်ရသေ့အား တစ်စုံတစ်ခု သော ဘေးဥပဒ်အန္တရာယ် ဖြစ်လေပြီဟု ဆင်ခြင် အောက်မေ့လျက် ဥရုဝေလကဿပ သီတင်းသုံးရာ အရပ်သို့ လာရောက်လေရာ နောင်တော် ဥရုဝေလကဿပကို ရဟန်း အသွင်နှင့် တွေ့မြင်ရသဖြင့် နဒီကဿပနှင့် တကွ ရသေ့ သုံးရာတို့သည်လည်း မြတ်စွာဘုရားထံ ရဟန်း ပြုကြလေသည်။

## ဂယာကဿပနှင့် ရသေ့နှစ်ရာတို့ ရဟန်းပြုကြခြင်း

ဂယာကဿပ ရသေ့သည်လည်း နောင်တော် ရသေ့နှစ်ပါး မျှောလိုက်သော ရသေ့ ပရိက္ခရာများကို တွေ့မြင်ရလေလျှင် နောင်တော် ရသေ့နှစ်ပါးအား တစ်စုံတစ်ခုသော ဘေးဥဒ်အန္တရာယ် တွေ့ပြီလော ဟု ဆင်ခြင် အောက်မေ့လျက် ဥရုဝေလကဿပ သီတင်းသုံးသည့်

အရပ်သို့ တက်ရောက်၍ လာလေရာ နောင်တော် ရသေ့နှစ်ပါးအား ရဟန်း အသွင်နှင့် တွေ့ရ၍ ဂယာကဿပနှင့် တကွ ရသေ့ နှစ်ရာတို့သည်လည်း မြတ်စွာဘုရားထံ ရှင်ရဟန်း ပြုကြလေသည်။

## အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူခြင်း

မြတ်စွာဘုရားသည် ဥရုဝေလကဿပ တောအုပ်၌ သီတင်းသုံး နေထိုင်ပြီးနောက် နောက်တော်ပါ ရဟန်းသံဃာ တစ်ထောင်နှင့် တကွ ဂယာရွာ အနီး ဂဟာသီသသို့ ကြွရောက်တော်မူ၍ ဂယာသီသ မည်သော ကျောက်ဖျာပြင်၌ ရဟန်းတော်တို့အား–

ဒွါရ ခြောက်ပါး၊ အာရုံ ခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ ဖဿ ခြောက်ပါး၊ ဝေဒနာတရားတို့ကို ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး ဟူသော ၁၁ မီးတို့ အမြဲ တောက်လောင်နေပုံတို့ကို ညွှန်ပြတော်မူသည့် 'အာဒိတ္တပရိယာယသုတ်' ကို ဟောကြားတော်မူသည်။ ဒေသနာတော် အဆုံး၌ ရဟန်း တစ်ထောင်တို့သည် ရဟန္တာ ဖြစ်ကြလေသည်။

## မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ဂယာသီသ အရပ်၌ သီတင်းသုံး နေထိုင်တော်မူပြီးနောက် ပြာသိုလပြည့်နေ့၌ ရဟန္တာတစ်ထောင် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် အနီး ထန်းတော ဥယျာဉ် အတွင်းဝယ် 'သုပ္ပတိဋ္ဌ' မည်သော ပညောင်ပင်ရင်း၌ သီတင်းသုံး နေထိုင်တော်မူလေသည်။ ထိုအခါ ဥယျာဉ်မှူး၏ လျှောက်တင်ချက်အရ ဗိမ္ဗိသာရမင်း ကြားသိလေလျှင် ဗိမ္ဗိသာရ မင်းတရားသည် မဂဓတိုင်းသား ပုဏ္ဏားသူဌေးပေါင်း တစ်သိန်း နှစ်သောင်း ခြံရံလျက် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ မိမိနှင့် သင့်လျော်သည့် အရပ်၌ ထိုင်နေလေသည်။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်း အမှူးပြုသည့် မဂဓတိုင်းသား ပုဏ္ဏားသူဌေးပေါင်း တစ်သိန်း နှစ်သောင်းတို့အား တရားဓမ္မ ဟောပြ တော်မူလေသည်။ ဒေသနာတော် အဆုံး၌ ဗိမ္ဗိသာရမင်း အမှူးပြုသည့် ပုဏ္ဏားသူဌေးပေါင်း တစ်သိန်းတစ်သောင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ကျန်သော ပုဏ္ဏားတစ်သောင်းတို့ကား သရဏဂုံတည် ဥပါသကာများ ဖြစ်ကြလေသည်။

## ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းခြင်း

ထို့နောက် ဗိမ္ဗိသာရမင်းတရားသည် မြတ်စွာဘုရား အမှူးရှိသည့် သံဃာတော်တို့အား "နက်ဖြန် ဖြစ်လတ္တံ့သော ကောင်းမှုကုသိုလ် အလို့ငှာ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ ဘုရား" ဟု ဆွမ်းစား ပင့်လျှောက်၍ နန်းတော်သို့ ပြန်လေသည်။ မြတ်စွာဘုရား သည် နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်သောအခါ ရာဇဂြိုဟ် မြို့တွင်းသို့ ဝင်တော်မူ၍ နန်းတော်တွင်းဝယ် ဘုရားရှင် အတွက် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် ဆွမ်း ဘုဉ်းပေးတော်မူသည်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဗိမ္ဗိသာရမင်းတရား သည် ဘုရား အမှူးရှိသော သံဃာအား မိမိ ပိုင်ဆိုင်သည့် ဝေဠုဝန် ဥယျာဉ်တော်ကြီးကို "ဧတာဟံ ဘန္တေ ဝေဠုဝနံ ဥယျာနံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿဒမ္မိ= မြတ်စွာဘုရား တပည့်တော်သည် ဤဝေဠုဝန် ဥယျာဉ်ကို ဘုရား အမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းပါ၏" ဟု နှုတ်မြွက်ဆို၍ ရေစက်ချ လှူဒါန်းလေသည်။

## ဥပတိဿနှင့် ကောလိတတို့ မြတ်စွာဘုရားထံ ရဟန်းပြုခြင်း

အချိန်ကား မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့သို့ ရောက်ပြီး နောက် လဝက်ခန့် အကြာ တပို့တွဲလဆန်း ၁ ရက်နေ့ အချိန်အခါ လောက်တွင် ဖြစ်၏။ ဥပတိဿနှင့် ကောလိတတို့သည် ပွဲလမ်းသဘင်

ကြည့်ရှုနေစဉ်ပင် "ဤ ပွဲကြည့်သူ အားလုံးတို့သည် အသက်တစ်ရာ မပြည့်မီ သေကြရကုန်လိမ့်မည်။ ငါတို့သည် မသေရာ အမြိုက်တရားကို ရှာမှီးသင့်၏" ဟု သံဝေဂဉာဏ် ဖြစ်ပွားပြီးလျှင် သိဥ္စည်းဆရာကြီးထံ ပရိဗိုဇ်ရဟန်း ပြုကြလေသည်။ ပရိဗိုဇ် ရဟန်းပြုပြီး၍ နှစ်ရက်၊ သုံးရက် အတွင်းမှာပင် သိဥ္စည်းဆရာကြီး၏ အကျင့်လမ်းစဉ်၌ အပြီးအဆုံးသို့ ရောက်ရှိလေသည်။ ထို့နောက် ဤအကျင့်လမ်းစဉ်သည် အမြိုက်နိဗ္ဗာန် ရရှိရန် လမ်းစဉ်မှန် မဟုတ်ဟု ဆင်ခြင်လျက် ထိုထို မြို့ရွာနိဂုံးတို့သို့ လှည့်လည်၍ အမှန်တရားကို ရှာမှီးနေစဉ် ရှင်သာရိပုတ္တာလောင်း ဥပတိဿသည် အရှင်အဿဇိမထေရ်နှင့် တွေ့မြင်သဖြင့် အရှင်အဿဇိ မထေရ်ထံမှ–

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့သည် သမုဒယသစ္စာ တဏှာ လောဘလျှင် အကြောင်းရင်း ရှိကုန်၏။ ထိုထို ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားတို့၏ အကြောင်းသမုဒယသစ္စာ တဏှာလောဘကို လည်းကောင်း၊ ထို ဒုက္ခသမုဒယ နှစ်ပါးတို့၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ နှစ်ပါးကို လည်းကောင်း ငါတို့၏ ဆရာ မြတ်စွာဘုရား သည် ဟောကြားတော်မူ၏။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဤသို့ အယူရှိ၏ ဟူသော ဒေသနာတော်ကို ကြားနာ ရသဖြင့် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထို့နောက် ပရိဗိုဇ်ကျောင်း အာရာမ်သို့ ပြန်သွားပြီးလျှင် ကောလိတအား 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' စသော ဂါထာကို ဟောပြ လေရာ ကောလိတသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို့နောက် တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်နှင့် အတူတကွ ဥပတိဿ ကောလိတတို့သည် မြတ်စွာဘုရားထံ သွား၍ ရဟန်း ပြုကြလေသည်။ ရဟန်းပြုပြီး၍ မကြာမီ မြတ်စွာဘုရား၏ တရားတော်ကို နာယူရသဖြင့်

တပည့်နှစ်ရာ့ငါးဆယ်တို့သည် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ကြလေသည်။ အရှင်မောဂ္ဂလာန်မထေရ်သည် ရဟန်း ပြုပြီးနောက် ခုနစ်ရက်မြောက်နေ့၌ မဂဓတိုင်း၊ ကလ္လဝါဠပုတ္တ ရွာငယ်အနီး တောအုပ်အရပ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်ကို နာယူစဉ် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်လေသည်။ (အံ၊ ၂၊ ၄၆၁)။ အရှင်သာရိပုတ္တာမထေရ်သည် ရဟန်း ပြုပြီးသည်မှ တစ်ဆယ့်ငါးရက်မြောက်နေ့ (တပို့တွဲလပြည့်နေ့) ၌ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင် သူကရခတလှိုင်ဂူ၌ မြတ်စွာဘုရားသည် ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ္တန်ခေါ်သည့် ဒီဃနခသုတ် (မ၊ ၂၊ ၁၆၅) ကို ဟောကြားတော်မူစဉ် ဒေသနာတော် အစဉ်ကို ဉာဏ်ဖြင့် ဆင်ခြင်လျက် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ (ဝိ၊ ၃၊ ၅၀။ အံ၊ ၄၊ ၁၊ ၁၂၂။ ဓမ္မ၄၊ ၁၊ ၅၆။)

## မဟာသန္နိပါတ = သာဝက အစည်းအဝေးကြီး တစ်ကြိမ်

မြတ်စွာဘုရားသည် 'ဒီဃနခသုတ္တန်' ကို ဟောတော်မူပြီးနောက် ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းတော်မူခဲ့၍ ဝေဠုဝန်ကျောင်းတော်သို့ ရောက်လေလျှင် (၁) တပို့တွဲလပြည့်နေ့ ဖြစ်ခြင်း၊ (၂) မည်သူ တစ်ဦးတစ်ယောက်မျှ မပင့်ဖိတ်ဘဲ ရဟန်းတော်ပေါင်း (၁၂၅၀) တစ်ထောင့်နှစ်ရာ့ငါးဆယ်တို့ စုဝေးမိခြင်း၊ (၃) ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ခြင်း၊ (၄) ဆဠဘိညရဟန္တာချည်း ဖြစ်ခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် သာဝက အစည်းအဝေးကြီး၌ အရှင်သာရိပုတ္တာ၊ အရှင်မဟာမောဂ္ဂလာန် မထေရ်နှစ်ပါးကို 'အဂ္ဂသာဝက' ရာထူးကို အပ်နှင်းပေးသနားတော်မူလျက် ထိုနေ့မှာပင် ဩဝါဒပါတိမောက် ပြတော်မူသည်။ (မ၊ ၄၊ ၂၊ ၁၄၆)

## ဓမ္မာဘိသမယ = တရားပွဲကြီး သုံးကြိမ်

မြတ်စွာဘုရားသည် ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူသောအခါ အရှင်ကောဏ္ဍညမထေရ်နှင့် တကွ

ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြလေသည်။ ဤကား ပဌမာ ဘိသမယ = ပထမ အကြိမ် တရားပွဲကြီးတည်း။

ထို့နောက် မင်္ဂလသုတ်ဒေသနာကို ဟောကြားတော်မူသော အခါ ကုဋေ တစ်သိန်းသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့၏ အရေအတွက်ကား အပိုင်းအခြား မရှိ များပြားဘိ၏။ ဤကား ဒုတိယာ ဘိသမယ = နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

တစ်ဖန် အရှင်ရာဟုလာအား စူဠရာဟုလောဝါဒသုတ် ဒေသနာ (မ၊ ၃၊ ၃၂၄) ကို ဟောကြားတော်မူသောအခါ အရှင်ရာဟုလာနှင့်တကွ များလှစွာသော နတ် ဗြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြလေသည်။ ဤကား တတိယာ ဘိသမယ = သုံးကြိမ်မြောက် တရားပွဲကြီးတည်း။ (ဗုဒ္ဓဝံ၊ ၃၈၀၊ သုတ္တနိ၊ ဌ၊ ၂၊ ၃၆။ ဗုဒ္ဓဝံ ဌ၊ ၃၄၄)

## မြတ်စွာဘုရား ကပိလဝတ် နေပြည်တော်သို့ ကြွတော်မူခြင်း

အချိန်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် အချိန်အခါလောက် ဖြစ်၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏" ဟူသော သတင်းစကား ကြားသိရသဖြင့် မြတ်စွာဘုရားကို ကပိလဝတ် နေပြည်တော်သို့ ပင့်ဆောင်ရန် အခြံအရံတစ်ထောင်နှင့်တကွ အမတ် ကိုးယောက်တို့ကို ကိုးကြိမ် ကိုးခါ စေလွှတ်ပါသော်လည်း အခြံအရံနှင့်တကွ အမတ်များသည် မြတ်စွာဘုရားထံ ရောက်ရှိသောအခါ မြတ်စွာဘုရားထံမှ တရားစကား ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကာ မြတ်စွာဘုရားထံ ရဟန်းပြုကြလေသည်။

ထို့နောက် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရား၏ သတင်းစကားကို တစ်စုံတစ်ခုမျှ မကြားသိရသဖြင့် ကာဠုဒါယီ

အမတ်ကို အခြံအရံတစ်ထောင်နှင့်တကွ မြတ်စွာဘုရားထံ စေလွှတ်ပြန်သည်။ အခြံအရံတစ်ထောင်နှင့်တကွ ကာဠုဒါယီအမတ်သည်လည်း မြတ်စွာဘုရားထံမှောက် ရောက်သောအခါ မြတ်စွာဘုရားထံမှ တရားတော်ကို နာယူရသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကာ မြတ်စွာဘုရားထံ ရဟန်းပြုကြလေသည်။

ကာဠုဒါယီမထေရ် ဝေဠုဝန်ကျောင်းတော်သို့ ရောက်ပြီး၍ ခုနစ်ရက်၊ ရှစ်ရက် လွန်မြောက်သည့် တပေါင်းလပြည့်နေ့ အချိန်အခါတွင် ကာဠုဒါယီမထေရ်သည် ဂါထာခြောက်ဆယ်တို့ဖြင့် တန်ဆာဆင်ကာ ဘုရားရှင်ကိုယ်တော်မြတ် ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားလေသည်။

ထိုသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် တပေါင်းလပြည့်ကျော် (၁) ရက်နေ့မှ စ၍ ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်မှ ယူဇနာ ခြောက်ဆယ် ဝေးကွာသည့် ကပိလဝတ်နေပြည်တော်သို့ တစ်ရက်လျှင် တစ်ယူဇနာနှုန်းဖြင့် ဖဝါးစက်ချီကြွမြန်းတော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကပိလဝတ် နေပြည်တော်သို့ ကောင်းစွာ ရောက်တော်မူသည်။ ကပိလဝတ် နေပြည်တော်သို့ ရောက်တော်မူသောအခါ ဘုရားရှင်အတွက် ကြိုတင် ပြင်ဆင်ထားသည့် နိဂြောဓသာကီဝင်မင်း၏ အာရာမ်ဥယျာဉ်ဖြစ်သော နိဂြောဓာရုံ အာရာမ်ကျောင်း၌ ကိန်းအောင်း မွေ့လျော်စံနေတော်မူသည်။

## တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

ဘုရားကိုယ်တော်မြတ် နိဂြောဓာရုံ အာရာမ်ဥယျာဉ်ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ် ဘုရားရှင်၏ ဆွေတော်မျိုးတော်တို့သည် ဇာတိမာန်ဖြင့် ဘုရားရှင်အား ရှိမခိုးဘဲ နေကြလေရာ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ ဇာတိမာန်ကို ချိုးနှိမ်ခြင်း အကျိုးငှာ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံတို့ကို ပြသတော်မူသည်။

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အံ့ဖွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာကို ဖူးမြင်ရသဖြင့် လက်အုပ်ချီမိုး ရှိခိုးလေသည်။ ဤကား သုဒ္ဓေါဒနမင်းကြီး၏ သုံးကြိမ်မြောက် ရှိခိုးခြင်းတည်း။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရှိခိုးသဖြင့် ကြွင်းသော ဆွေတော်မျိုးတော် အပေါင်းတို့သည်လည်း ဇာတိမာန် ကျိုးလျက် ဦးခေါင်းညွတ်ကျိုး ရှိခိုးကြလေသည်။

## ကပိလဝတ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူခြင်း

မြတ်စွာဘုရားသည် နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်သောအခါ ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ကပိလဝတ်မြို့တွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူသည်။ ထိုအခါ ယသော်ဓရာမိဖုရားသည် ခြသေ့ခံသော လေသာပြတင်းကို ဖွင့်၍ ကြည့်ရှုပြီးလျှင် သားတော်ရာဟုလာအား "ဟောဟိုက ရဟန်းသံဃာတို့၏ ရှေးဦးတင့်တယ် သပ္ပာယ်စွာ ဖူးမြင်ရသူကား သင်ချစ်သား၏ ခမည်းတော်နတ်ကျေးဇူးရှင်မြတ်ပါတည်း" ဟု နရသီဟ ဆယ်ဂါထာဖြင့် ချီးမွမ်းစကားပြောကြားလျက် ပြသလေသည်။

ထို့နောက် ယသော်ဓရာမိဖုရားသည် သုဒ္ဓေါဒနမင်းကြီးထံသွားရောက်၍ မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ဆွမ်းခံ လှည့်လည်တော်မူနေပါကြောင်း လျှောက်တင်လေသည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားထံမှောက် သွားရောက်၍ အိမ်စဉ်လှည့်၍ ဆွမ်းမခံသင့်ကြောင်း လျှောက်ထားလေရာ မြတ်စွာဘုရားက "ခမည်းတော်မင်းကြီး အိမ်စဉ်မပြတ် ဆွမ်းရပ် လှည့်လည်ခြင်းသည် ရှေးဘုရားရှင်တို့၏ ထုံးစံဓမ္မတာတည်း" ဟု မိန့်တော်မူပြီးလျှင် ခရီးလမ်းမဉ္ဇပင် –

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ရဟန်းတို့သည် ဒကာ ဒကာမတို့၏ အိမ်တံခါးဝယ် ရပ်၍ ရအပ်သော ဆွမ်း၌ မမေ့မလျော့ရာ၊ ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံ လှည့်လည်ခြင်းအကျင့်ကို ကျင့်သုံးရာ၏။ ဆွမ်းခံကျင့်ဝတ်ကို မချွတ် ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန် ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေထိုင်ရ၏ ဟူသော ဂါထာဒေသနာ ကို ဟောကြား၍ သစ္စာလေးပါးတရား ပြပြီးသည်၏ အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ သည်။

## သုဒ္ဓေါဒနမင်းကြီး သကဒါဂါမ် တည်၍ မိထွေးတော် ဂေါတမီ သောတာပန်တည်ခြင်း

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရား၏ လက်တော်မှ သပိတ်ကို ကိုယ်တိုင် လှမ်းယူ ကိုင်ဆောင်ကာ နောက်ပါ ရဟန္တာပေါင်း နှစ်သောင်းနှင့်တကွ ဘုရားရှင်ကို ရွှေနန်းတော်သို့ ပင့်ဆောင်လေသည်။ ဘုရားရှင်သည် မိမိအတွက် ခင်းထားအပ်သော မြတ်သောနေရာ၌ သီတင်းသုံး နေထိုင်လျက် တရားဓမ္မ ဟောပြတော် မူရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိဖိုလ်၌ တည်လေ သည်။ မိထွေးတော် ဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်လေ သည်။ မြတ်စွာဘုရားသည် ရွှေနန်းတော်၌ ဆွမ်းကိစ္စ ပြီးစီးသည့်နောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် အတူတကွ ကြင်ဖက်သက်လျာ ယသော်ဓရာမိဖုရား၏ နန်းဆောင်သို့ ကြွတော်မူ၍ ယသော်ဓရာ အမှူးရှိသည့် မောင်းမအပေါင်းတို့အား 'စန္ဒကိန္နရီဇာတ်' ကို ဟောကြား တော်မူသည်။

## ညီတော် နန္ဒမင်းသား ရဟန်းပြုခြင်း

ဘုရားရှင်သည် ကပိလဝတ် နေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်

သားတော် နန္ဒမင်းသားအား ဇနပဒကလျာဏီ မင်းသမီးနှင့် စုလျားရစ်ပတ် ထိမ်းမြားလက် ထပ်၍ အိမ်ရှေ့စံ ထီးဖြူကို ဆောင်နှင်းပေးအပ်သည့် မင်္ဂလာသဘင် ဆင်ယင် ကျင်းပလေသည်။ ထိုအခါ မြတ်စွာဘုရားသည် နန်းတော်သို့ ကြွရောက်တော်မူ၍ မင်္ဂလာဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ညီတော် နန္ဒမင်းသားလက်၌ သပိတ်တော်ကို အပ်နှင်းယူဆောင်စေကာ ကျောင်းတော်သို့ ပြန်ကြွလေသည်။ ညီတော် နန္ဒမင်းသားသည် မြတ်စွာဘုရား သပိတ်တော်ကို ပြန်ယူနိုးနိုး မျှော်ကိုးလျက် သပိတ်တော်ထမ်းကာ ဘုရားရှင် နောက်တော်ပါးက လိုက်ပါလာရာ နိဂြောဓာရုံကျောင်းတော်သို့ ရောက်လေသည်။ ကျောင်းတော်သို့ ရောက်တော်မူသောအခါ မြတ်စွာဘုရားသည် ညီတော် နန္ဒမင်းသားအား ရဟန်း ပြုပေးလေသည်။

## သားတော် ရာဟုလာကို ရှင်သာမဏေပြုပေးခြင်း

မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်သို့ ရောက်၍ ခုနစ်ရက်မြောက်နေ့၌ ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ခမည်းတော်ကြီး၏ နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသည်။ ထိုအခါ ယသော်ဓရာမိဖုရားသည် သားတော် ရာဟုလာအား "ချစ်သား ရဟန်းမင်းမြတ် ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ထိုအရှင်မြတ်သည်ကား သင်ချစ်သား၏ ခမည်းတော်နတ် ကျေးဇူးရှင်မြတ်ပါပေတည်း။ သားမောင် သွား၍ အမွေတောင်းပါလေ" ဟု ဘုရားရှင်ထံ သားတော် ရာဟုလာကို အမွေတောင်း လွှတ်လိုက်လေသည်။ ထိုအခါ ရာဟုလာ မင်းသားလေးသည် ဘုရားရှင်ထံ ချဉ်းကပ်၍ "ခမည်းတော်နတ် ရဟန်းမြတ်ဘုရား... အရှင်ဘုရား၏ အရိပ်သည် လွန်စွာ အေးမြလှပါ၏။ အကျွန်ုပ်အား အမွေဥစ္စာ ပေးတော်မူပါဘုရား" ဟု အမွေတောင်းခံလေသည်။ မြတ်စွာဘုရားသည် မည်သို့မျှ မိန့်တော်မမူဘဲ ဆွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာတရား ဟောကြားပြီးနောက် ကျောင်းတော်သို့ ပြန်ကြွလေသည်။ ရာဟုလာမင်းသားလေးသည် ဘုရားရှင် နောက်သို့ အမွေဥစ္စာ တောင်းခံရင်း တကောက်ကောက်

လိုက်ပါလေရာ ဘုရားရှင်နှင့်အတူ ကျောင်းတော်သို့ ရောက်ရှိလေသည်။ ကျောင်းတော်သို့ ရောက်တော်မူသောအခါ ဘုရားရှင်သည် အရှင်သာရိပုတ္တရာအား ခေါ်တော်မူ၍ ရာဟုလာမင်းသားလေးအား လောကုတ္တရာအမွေ ရှင်သာမဏေ ပြုပေးလေသည်။ မြတ်စွာဘုရားသည် ရှင်ရာဟုလာအား အခါအားလျော်စွာ သာမဏေရပဥှာ (ခု၊ ၁၊ ၃)၊ အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် (မ၊ ၂၊ ၇၇)၊ ရာဟုလသုတ် (သုတ္တနိ၊ ၃၂၈)၊ ရာဟုလသံယုတ် (သံ၊ ၁၊ ၄၃၉-၄၄၅)၊ မဟာရာဟုလောဝါဒသုတ် (မ၊ ၂၊ ၈၃-၉)၊ စူဠရာဟုလောဝါဒသုတ် (မ၊ ၃၊ ၃၂၄)၊ စသော ဓမ္မအထွေထွေကို ဟောပြတော်မူလေသည်။

## ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမိဖိုလ်၌ တည်ခြင်း

ထို့နောက် တစ်နေ့သ၌ မြတ်စွာဘုရားသည် ရဟန္တာပေါင်းနှစ်သောင်း ခြံရံလျက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းတော်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူ၏။ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက "သားတော်မြတ်ဘုရား... အရှင်မြတ်ဘုရား ဒုက္ကရစရိယာကျင့်တော်မူစဉ် အခါက နတ်များ လာ၍ အရှင်မင်းကြီး၏သား အစာအာဟာရပြတ်၍ သေလွန်ခဲ့လေပြီ ဟု ပြောကြားလာပါသည် ဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက "ခမည်းတော်မင်းကြီး ထိုသို့ နတ်များ လာရောက် ပြောကြားသောအခါ ယုံကြည်ပါသလော" ဟု မိန့်တော်မူရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက "မယုံကြည်ပါ ဘုရား" ဟု ပြန်ကြား လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးအား 'ဓမ္မပါလဇာတ်' ကို ဟောကြား၍ သစ္စာလေးပါး ပြပြီးသည်အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေသည်။

## သာကီဝင်သား တစ်ထောင်နှင့် မင်းသား ခြောက်ဦးတို့ မြတ်စွာဘုရားထံ ရဟန်းပြုကြခြင်း

မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား အနာဂါမိဖိုလ်ရောက် ချီးမြှောက်တော်မူပြီးနောက် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ကပိလဝတ် နေပြည်တော်မှ ထွက်ခွာ၍ ရာဇဂြိုဟ်ပြည်ဘက်သို့ ဒေသစာရီ ကြွချီတော်မူလာခဲ့ရာ မလ္လတိုင်း အနုပိယနိဂုံး အနီး အနုပိယ သရက်ဥယျာဉ်တော၌ တန့်နား သီတင်းသုံး နေထိုင်တော်မူ၏။ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ တိုက်တွန်း နှိုးဆော်မှုဖြင့် သာကီဝင်မင်းသား တစ်ထောင်တို့သည် မြတ်စွာဘုရား တန့်နား သီတင်းသုံး နေတော်မူရာ အနုပိယနိဂုံး အနီး အနုပိယ သရက်ဥယျာဉ်တောသို့ လိုက်၍ မြတ်စွာဘုရားထံ ရဟန်းပြုကြလေ သည်။

ထို့နောက် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသား ဟူသော မင်းသား ခြောက်ဦးတို့သည်လည်း ဥပါလိဆေတ္တာသည်နှင့် အတူ မြတ်စွာဘုရားထံ ရဟန်းပြုရန် တိုင်းပြည်မှ ထွက်ခွာလာကြလေသည်။ ထိုသို့ ထွက်ခွာ လာပြီးနောက် မလ္လတိုင်းအတွင်းသို့ ရောက်သောအခါ မင်းသား ခြောက်ဦးတို့သည် မိမိတို့ ဝတ်ဆင်လာသော လက်ဝတ်တန်ဆာ ရတနာများ ချွတ်ကာ အထုပ် ပြုပြီးလျှင် ဥပါလိဆေတ္တာသည်အား ဤ လက်ဝတ်တန်ဆာ ရတနာထုပ်ကို ယူပြီး တိုင်းပြည်သို့ ပြန်ရန် မိန့်ကြားလေသည်။ ထိုအခါ ဥပါလိဆေတ္တာသည် သည် "ဤမင်းသား များသည် ကြီးကျယ် ခမ်းနားလှစွာသော နန်းစည်းစိမ်နှင့် အဖိုးအနဂ္ဃ ထိုက်တန်သည့် ဤလက်ဝတ်တန်ဆာ ရတနာများကို တံတွေးပေါက် ကဲ့သို့ စွန့်ပစ်ကာ ရဟန်းပြုနိုင်ကြသေး၏။ ငါမူကား အဘယ်မှာ ရဟန်း မပြုနိုင်ဘဲ ရှိအံ့နည်း" ဟု ကြံစည် တွေးတောလျက် လက်ဝတ် တန်ဆာ ရတနာများကို သစ်ပင်၌ ချိတ်ဆွဲထားခဲ့ကာ မင်းသား ခြောက်ဦးနှင့်အတူ မြတ်စွာဘုရားထံ သွားကြလေသည်။

မြတ်စွာဘုရား သိတင်းသုံးတော်မူရာ အနုပိယနိဂုံး အနီး အနုပိယ သရက်ဥယျာဉ်တောသို့ ရောက်ကြသောအခါ မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးလျက် အပြစ်ခြောက်ပါး ကင်းလွတ်ရာ အရပ်၌ ထိုင်နေကြပြီးလျှင် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... တပည့်တော်များ သာကီဝင်မင်းတို့သည် လွန်စွာ ဇာတိမာန် ခက်ထန်ကြပါသည် ဘုရား။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... ဤ ဥပါလိဆတ္တာသည် သည် တပည့်တော်တို့၏ ယုံကြည်ရသော အလုပ်အကျွေး ဖြစ်ပါသည် ဘုရား။ တပည့်တော်များ သာကီဝင်မင်းတို့၏ ဇာတိမာန်ကို ချိုးနှိမ်ခြင်း အကျိုးငှာ ဥပါလိဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ ဘုရား" ဟု လျှောက်ထားကြလေသည်။ ထိုအခါ မြတ်စွာဘုရားသည် မင်းသားများ လျှောက်ထားသည့်အတိုင်း ဥပါလိဆတ္တာသည်ကို ရှေးဦးစွာ ရဟန်း ပြုပေးတော်မူသည်။ ထို့နောက်မှ မင်းသားခြောက်ဦးတို့ကို ရဟန်း ပြုပေးတော်မူသည်။

## ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်း၌ ဒုတိယ၊ တတိယ၊ စတုတ္ထဝါ ကပ်တော်မူခြင်း

မြတ်စွာဘုရားသည် မလ္လတိုင်း၊ အနုပိယနိဂုံး အနီး အနုပိယ သရက်ဥယျာဉ်တောမှ ထွက်ခွာတော်မူ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန် ကျောင်းတော်သို့ ကြွတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန် ကျောင်းတော်၌ ဒုတိယဝါကို လည်းကောင်း၊ တတိယဝါကို လည်းကောင်း၊ စတုတ္ထဝါကို လည်းကောင်း သုံးဝါတိုင်တိုင် ဆက်လက်၍ ဝါကပ်တော် မူသည်။

## ဇေတဝန်ကျောင်းတော် ဆောက်လုပ် လှူဒါန်းခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ဒုတိယ ဝါကပ်တော်မူသည့် အချိန်အခါ သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေး

သည် ရာဇဂြိုဟ်ပြည်၊ ရာဇဂြိုဟ်သူဌေး အိမ်သို့ ကုန်ရောင်း ကုန်ဝယ် ကိစ္စဖြင့် ရောက်ရှိလာသည်။ ရာဇဂြိုဟ်သူဌေးနှင့် အနာထပိဏ်သူဌေး တို့ကား အချင်းချင်း မောင်လှယ် နှမလှယ် သမီးယောက်ဖ တော်စပ် ကြသည်။ ထိုအချိန်အခါဝယ် ရာဇဂြိုဟ်သူဌေး အိမ်၌ နက်ဖြန် ဘုရား အမှူးရှိသော သံဃာတော်များအား ဆွမ်းဆက်ကပ်ရန် စီမံ ချက်ပြုတ် နေကြလေသည်။ အနာထပိဏ်သူဌေးသည် ဆွမ်းဟင်းလျာ များစွာ ချက်ပြုတ်နေသည်ကို တွေ့မြင်ရသောအခါ "မည်သည့်ကိစ္စအတွက် ဆွမ်းဟင်းလျာ များစွာ ချက်ပြုတ်နေကြပါသနည်း" ဟု စုံစမ်း မေးမြန်းရာ "မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များအား ဆက်ကပ် လှူဒါန်းရန် ချက်ပြုတ်နေကြကြောင်း" ကြားသိရလေသည်။

ထိုအခါ အနာထပိဏ်သူဌေးသည် "မြတ်စွာဘုရား" ဟူသော အသံကို ကြားသိရလေလျှင်ပင် ပါရမီဓာတ်ခံ ရင့်သန်သည့် ပုဂ္ဂိုလ် ဖြစ်သည့် အားလျော်စွာ မြတ်စွာဘုရားကို ဖူးမြင်လိုသည့်ဆန္ဒ လွန်စွာ ပြင်းပြနေပေသည်။ သို့ဖြစ်၍ နံနက်မိုးသောက် အလင်းမရောက်မီပင် ရာဇဂြိုဟ်မြို့တော်မှ ထွက်၍ မြတ်စွာဘုရားထံ သွားရောက် ဖူးမြော် လေသည်။ မြတ်စွာဘုရားထံမှောက် ရောက်သောအခါ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးနှိမ်ရိုကျိုး ရှိခိုးပြီးလျှင် မြတ်စွာဘုရားကို "အရှင် ဘုရား... ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လော" ဟု နှုတ်ဆက် စကား မေးမြန်း လျှောက်ထားလေရာ ဘုရားရှင်က-

သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော။
ယော န လိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။

အကြင်ပုဂ္ဂိုလ်သည် ဝတ္ထုအာရုံကာမဂုဏ်တို့၌ ငြိကပ် တွယ်တာ ခြင်း မရှိ၊ အပူခပ်သိမ်း အေးငြိမ်းသည်ဖြစ်၍ ကပ်၍ နှိပ်စက်တတ်သော ကိလေသာတရားတို့မှ ကင်းဝေးတော်မူ၏။ မကောင်းမှုကို အပပြုပြီး သော အပူဓာတ်သိမ်း ငြိမ်းတော်မူပြီးသော ထိုပုဂ္ဂိုလ်သည် အခါခပ်သိမ်း ချမ်းသာစွာ အိပ်စက်ရ၏ဟု မိန်တော်မူပြီးလျှင် တရားဓမ္မ ဟောပြ

တော်မူရာ တရားတော် အဆုံး၌ အနာထပိဏ် သူဌေးကြီးသည် 'သောတာပတ္တိဖိုလ်' ၌ တည်လေသည်။

ထို့နောက် အနာထပိဏ်သူဌေးကြီးသည် ဘုရား အမှူးရှိသော သံဃာအား နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်ပြီးလျှင် ရာဇဂြိုဟ်သူဌေး အိမ်သို့ ပြန်၍ ဆွမ်းဆက်ကပ်ရန် စီမံလေသည်။ နောက်တစ်နေ့ နံနက် မိုးသောက် အလင်းရောက်သောအခါ ရာဇဂြိုဟ်သူဌေးအိမ်တွင် ဘုရား အမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက်ကပ် လှူဒါန်းပြီးလျှင် ဘုရားရှင်အား သာဝတ္ထိပြည်သို့ ကြွရောက်၍ ဝါကပ် သီတင်းသုံးပါမည့် အကြောင်း လျှောက်ထား ခတောင်းပန်လေသည်။ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူသည်။ အနာထပိဏ်သူဌေးကြီး သည် ဘုရားရှင် လက်ခံတော်မူသည်ကို သိသဖြင့် သာဝတ္ထိပြည်သို့ ပြန်၍ ကျောင်းဆောက်လုပ်ရန် စီမံလေသည်။

အနာထပိဏ်သူဌေးကြီးသည် ဇေတမင်းသား၏ ဥယျာဉ်ခြံမြေကို ၁၈ ကုဋေသော ငွေအသပြာတို့ဖြင့် စီခင်း၍ ဝယ်ယူကာ အလယ်ဗဟို ဌာန၌ ဘုရားရှင် သီတင်းသုံးရန် ဂန္ဓကုဋီကျောင်းတော် ဘေးပတ်လည်၌ ရှစ်ကျိပ်သော မထေရ်တို့ သီတင်းသုံးရန် ရှစ်ဆယ်သော ကျောင်းတော် တို့နှင့် တကွ အထွတ်တစ်ခု တပ်သော ဇရပ်၊ အထွတ်နှစ်ခု တပ်သော ဇရပ်၊ ဇရပ်ဝိုင်း၊ ဇရပ်တန်းလျား၊ လေးထောင့်ဇရပ်။ မဏ္ဍပ် စသော နေထိုင်စရာ အဖြာဖြာတို့ အပြင် စင်္ကြံ၊ မီးတင်းကုပ်၊ ဇရုံးအိမ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို အသပြာငွေ ၁၈ ကုဋေ အကုန်ခံ၍ ဆောက်လုပ် လေသည်။

ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ် ပြီးစီးသောအခါ အနာထပိဏ်သူဌေးကြီး၏ ပင့်ဖိတ် လျှောက်ထားချက်အရ ဘုရားရှင် သည် နောက်လိုက်များစွာ ထေရ်သံဃာတို့ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ခရီးတူရူ ကြွချီတော်မူသည်။ အနာထပိဏ်သူဌေးကြီး ၏ သံတော်ဦးတင်ချက်ဖြင့် ပသေနဒီကောသလမင်းကြီးသည် သမီးတော် သုမနမင်းသမီးကို ငါးရာသော မိန်းမပျိုတို့နှင့်တကွ ရေပြည့်အိုး၊ ပန်းနံ့သာ စသည် လက်စွဲလျက် ခရီးဦး ကြိုဆိုရန် စေလွှတ် လိုက်လေသည်။

ဘုရားရှင်သည် အကြိုဆိုက်ရောက်လာသော သုမနမင်းသမီး အမှူးပြုသည့် ပရိသတ်အပေါင်းအား တရားဓမ္မ ဟောပြတော်မူသည်။ တရားတော်အဆုံး၌ သုမနမင်းသမီးသည် ငါးရာသော မိန်းမပျိုတို့နှင့် အတူ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို့ပြင် အခြားသော မိန်းမပျို ငါးရာ၊ အိမ်ရှင်မ အမျိုးသမီး ငါးရာ၊ ဥပါသကာ ငါးရာတို့လည်း သောတာပတ္တိဖိုလ်၌ တည်လေသည်။ ဤသို့လျှင် ဘုရားရှင် ဇေတဝန်ကျောင်းသို့ ကြွတော်မူရာ ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည် လမ်းခရီးအကြား၌ နှစ်ထောင်သော ပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ဝင်သောအခါ အနာထပိဏ်သူဌေးကြီး၏ သား 'ကာလ' သည် ငါးရာသော လုလင်ပျိုတို့နှင့်အတူ ငါးရောင်ခြယ် အောင်လံတံခွန်တို့ကို ကိုင်ဆောင်ကာ ရှေ့ဆုံးမှ ဝင်လေသည်။ လုလင်ပျိုတို့နောက်မှ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သူဌေးသမီး နှစ်ယောက်တို့သည် ငါးရာသော မိန်းမပျိုတို့နှင့် အတူ ရေပြည့်အိုးတို့ကို ရွက်ဆောင်ကာ လိုက်ပါလာကြသည်။ ၎င်းမှနောက်၌ သူဌေးကတော်ကြီးသည် ငါးရာသော အိမ်ရှင်မများနှင့် အတူ လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ကို ကိုင်ဆောင်ကာ လိုက်ပါလာကြသည်။

အနာထပိဏ်သူဌေးကြီးကား သစ်လွင်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် ငါးရာသော သူဌေးတို့နှင့်အတူ နောက်ဆုံးမှ လိုက်ပါလေသည်။ ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီး အမှူးပြုသော ဥပါသကာ၊ ဥပါသိကာမ အပေါင်းကို ရှေ့သွားပြုလျက် နောက်တော်မှ ရဟန်းတော်အပေါင်း ခြံရံကာ ရွှေရည်ပက်ဖျန်း တောင်မြိုင်စခန်းကဲ့သို့ တုနှိုင်းမကုန် ဘုရားရှင်၏ အသရေဂုဏ် အစုံစုံတို့ဖြင့် ကွန့်မြူးစံပယ် တင့်တယ်တော်မူလျက် ဇေတဝန်ကျောင်းတော်သို့ ကြွဝင်တော်မူသည်။

အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်၏ အလိုတော်နှင့် အညီ ရွှေကရားကို ကိုင်ကာ ဘုရားရှင်၏ လက်တော်၌ အလှူရေစက်ကို သွန်ချပြီးလျှင် "ဤ ဇေတဝန်ကျောင်းတော်ကို ရောက်ဆဲ ရောက်လတ္တံ့သော အရပ်လေးမျက်နှာရှိ ရဟန်းသံဃာအား လှူဒါန်းပါ၏" ဟု

လျှောက်ထားကာ လှူဒါန်းလေသည်။ ဇေတဝန်ကျောင်းလွှတ် ပူဇော်ပွဲကို ၁၈–ကုဋေသော အသပြာငွေတို့ကို စွန့်ကြဲ လှူဒါန်းကာ ကျင်းပပူဇော်လေသည်။ အနာထပိဏ်သူဌေးကြီးသည် ကျောင်းမြေနေရာအတွက် ၁၈–ကုဋေ ကျောင်းအဆောက်အအုံအတွက် ၁၈– ကုဋေ၊ ကျောင်းလွှတ် ပူဇော်ပွဲအတွက် ၁၈–ကုဋေ အားဖြင့် ဇေတဝန်ကျောင်းတော်အတွက် ၅၄–ကုဋေ အသပြာငွေတို့ကို စွန့်ကြဲပေးကမ်းလှူဒါန်းလေသည်။ (ဝိ၊ ၄၊ ၃၀၁–၇။ အံ၊ ဋ၊ ၁၊ ၁၇၅။ အံ၊ ဋ၊ ၃၊ ၁၅။ အပ၊ ဋ၊ ၁၊ ၁၀၈။ ဇာ၊ ဋ၊ ၁။ ၁၀၈–၉။)

## ညီတော် နန္ဒရဟန်း အရဟတ္တဖိုလ်သို့ ရောက်ခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူပြီး၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ညီတော်နန္ဒရဟန်းသည် သာသနာတော်၌ မပျော်ပိုက်ကြောင်း မြတ်စွာဘုရားအား လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် ညီတော်နန္ဒအား မိမိ၏ တန်ခိုးတော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်၍ ညီတော်နန္ဒရဟန်း၏ စိတ်ကို ဇနပဒကလျာဏီမင်းသမီး၏ အာရုံမှ ခိုခြေအသွေးနီထွေးသော အဆင်းရှိသည့် နတ်သမီးငါးရာတို့ အာရုံသို့ ပြောင်းရွှေ့စေလျက် သာသနာတော်ဝယ် ပျော်ပိုက်အောင် ဆွဲဆောင်တော်မူသည်။

တာဝတိံသာနတ်ပြည်မှ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူသောအခါ ညီတော်နန္ဒသည် မမေ့မလျော့သော လုံ့လဖြင့် မိမိ၏စိတ်ကို နိဗ္ဗာန်သို့ စေလွှတ်လျက် ရဟန်းတရားများ အားထုတ်တော်မူလေလျှင် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ကိုယ်တွေ့ ဆိုက်ရောက်မျက်မှောက်ပြုနိုင်လေသည်။ မြတ်စွာဘုရားသည် ညီတော် နန္ဒရဟန်းကို အကြောင်းပြု၍ ဤနှစ်ဂါထာကို ဟောကြားတော်မူသည်။

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌီ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။

ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

ကောင်းစွာ မမိုးအပ်သော အိမ်ကို မိုးရေသည် ထိုးဖောက် ဝင်ရောက်သကဲ့သို့ ဤအတူ သမထ ဝိပဿနာတရား မပွားများအပ်သော စိတ်ကို ကိလေသာရာဂသည် ထိုးဖောက် ဝင်ရောက်၏။

ကောင်းစွာ မိုးအပ်သော အိမ်ကို မိုးရေသည် မထိုးထောက် မဝင်ရောက်နိုင်သကဲ့သို့၊ ဤအတူ သမထ၊ ဝိပဿနာတရား ပွားများအပ်သော စိတ်ကို ကိလေသာရာဂသည် မထိုးဖောက် မဝင်ရောက်နိုင်။ (ဓမ္မ၊ ၄၊ ၁၊ ၇၃-၈။)

## ဝေသာလီပြည်ဝယ် ရတနသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်ဝယ် ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ် ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါး အစာရှားခြင်းဘေး၊ ဘီလူး သရဲဘေး၊ အနာရောဂါဘေး ဟူသော ဘေးကြီးသုံးမျိုးတို့ ကပ်ရောက်လေသည်။ ထိုအခါ မင်းနှင့်တကွ ပြည်သူ ပြည်သားအပေါင်းတို့သည် ဆွေးနွေးတိုင်ပင်လျက် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ဘုရားရှင်အား ဝေသာလီ ပြည်သူ ပြည်သားတို့၏ ချမ်းသာစီးပွား အလို့ငှာ ဝေသာလီပြည်သို့ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားကြလေသည်။ ထိုအခါ ဘုရားရှင်သည် သတ္တဝါအများ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည်ကို သိမြင်တော်မူသဖြင့် လက်ခံ သာယာတော်မူသည်။

ရာဇဂြိုဟ်နှင့် ဝေသာလီပြည်ကား ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်ကမ်းအထိ ငါး ယူဇနာ၊ ဂင်္ဂါမြစ်၏ တစ်ဖက်ကမ်းမှ ဝေသာလီပြည် အထိ သုံး ယူဇနာ ဝေးကွာလေသည်။ ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်ကမ်းအထိ ငါး ယူဇနာ လမ်းခရီးကို ဗိမ္ဗိသာရမင်းကြီးက ကောင်းမွန်အောင် ပြုပြင် စီမံ၍ ဂင်္ဂါမြစ် တစ်ဖက်ကမ်းမှ ဝေသာလီပြည် အထိ သုံး ယူဇနာ

ခရီးကို လိစ္ဆဝီမင်းတို့က ကောင်းမွန်အောင် ပြုပြင် စီမံကြသည်။ မြတ်စွာဘုရားသည် ရဟန်းတော်ငါးရာ ခြံရံလျက် နှစ်ပြည်ထောင်မင်းတို့ ကောင်းမွန်စွာ ပြင်ဆင် တင့်တယ်စွာ ဆင်ယင်အပ်သော လမ်းခရီးဖြင့် ဝေသာလီပြည်သို့ ကြွတော်မူလေသည်။

ဘုရားရှင်သည် ဝေသာလီပြည်သို့ ရောက်တော်မူသောအခါ ဝေသာလီပြည် တံခါးဝ၌ ရောက်ရှိလာသည့် ပရိသတ်အပေါင်းတို့အား 'ရတနသုတ်' ဒေသနာကို ဟောကြားတော်မူသည်။ ထို့နောက် အရှင်အာနန္ဒာမထေရ်အား ဝေသာလီပြည် တံတိုင်းသုံးထပ်တို့၏ အကြား၌ ညဥ့်သုံးယံပတ်လုံး 'ရတနသုတ်' ဒေသနာကို ရွတ်ပွား သရဇ္ဈာယ်စေသည်။ ထိုမှနောက်၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မြို့လယ်လွှတ်ရုံးခန်းမဆောင်၌ 'ရတနသုတ်' ဒေသနာကိုပင် ခုနစ်ရက်ပတ်လုံး ဟောကြားတော်မူ၍ သစ္စာလေးပါး တရားပြပြီးသည်၏ အဆုံး၌ ငါးသိန်း ရှစ်သောင်း ရှစ်ထောင် သချှာဆောင်သည့် သတ္တဝါအပေါင်းတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။ ဝေသာလီပြည်သည်လည်း ရတနသုတ် ပရိတ်တန်ခိုးကြောင့် ဘေးကြီးသုံးမျိုး ကင်းပျောက်၍ အေးချမ်း သာယာခြင်းသို့ ရောက်လေသည်။

## ပရိတ်ရွတ်သူ၏ အင်္ဂါလေးပါးနှင့် ပရိတ်နာသူ အင်္ဂါသုံးပါး

### ပရိတ်ရွတ်သူ အင်္ဂါလေးပါး

(၁) အက္ခရာပုဒ် ပါဠ်ကျန မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၊ (၂) ပရိတ်တော်၏ အနက် အဓိပ္ပာယ်ကို တိကျ မှန်ကန်စွာ သိခြင်း၊ (၃) လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ခြင်း၊ (၄) မေတ္တာရှေ့သွားပြုကာ စင်ကြယ်သော စိတ်ထားဖြင့် ရွတ်ပွား သရဇ္ဈာယ်ခြင်း။

### ပရိတ်နာသူ အင်္ဂါသုံးပါး

(၁) အမိကို သတ်ခြင်း၊ အဖကို သတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ သံဃာ ကွဲပြားအောင် ပြုလုပ်ခြင်း၊ ဘုရားရှင်ကို သွေးခြေစုအောင်

ပြုလုပ်ခြင်း ဟူသော ပဉ္စာနန္တရိယကံ ငါးပါးကို မကျူးလွန်ခြင်း။ (၂) နိယတမိစ္ဆာဒိဋ္ဌိ မယူမရှိခြင်း၊ (၃) ပရိတ်တရားကို ယုံကြည်စွာ နာယူခြင်းတို့ ဖြစ်သည်။

## ဝေသာလီပြည်၌ ပဌမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည် အနီး မဟာဝုန် တောအတွင်းဝယ် ဆောက်လုပ်အပ်သော စုလစ်မွန်းချွန် အထွတ်တပ်သည့် ကူဋာဂါရ ကျောင်းတိုက်၌ ငါးဝါမြောက် ပဌမ ဝါကပ်တော်မူသည်။

သုဒ္ဓေါဒနမင်းကြီး ထီးဖြူတော်အောက်၌ ပရိနိဗ္ဗာန်စံခြင်း

ဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီပြည်၊ မဟာဝုန်တောကူဋာဂါရ ကျောင်းတိုက်၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည်၊ ရွှေနန်းတော်တွင်းဝယ် မင်္ဂလာထီးဖြူအောက်၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ထိုနေ့မှာပင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ (အံ၊ ၄၊ ၁၊ ၂၆၃)

## ဘိက္ခုနီ သာသနာတော်ကို ခွင့်ပြုတော်မူခြင်း

ဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီပြည်၊ မဟာဝုန်တောကူဋာဂါရ ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူစဉ် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာတို့နှင့် ဆွေးနွေးတိုင်ပင်ပြီးလျှင် ဆံကေသာတို့ကို ဖြတ်တောက် ရိတ်ပယ်ကာ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံလျက် ဘိက္ခုနီမ ပြုလုပ်ရန် ဝေသာလီပြည်သို့ ခြေလျင်ခရီးဖြင့် ကြွလာကြလေသည်။ ကပိလဝတ်ပြည်နှင့် ဝေသာလီပြည်ကား ၅၁ ယူဇနာခရီး လွန်စွာ ဝေးကွာလှ၏။ မဟာပဇာပတိ ဂေါတမီနှင့် သာကီဝင်မင်းသမီးတို့သည် နူးညံ့ သိမ်မွေ့လှသည့် မင်းသမီးများ ဖြစ်ကြသည့် အားလျော်စွာ အလွန် ဝေးကွာသည့် ခရီးကို ခြေလျင် သွားကြရသဖြင့် လွန်စွာပင် ပင်ပန်း နွမ်းနယ်ကြ၏။ ခြေဖဝါး

နှစ်ဖက် အစုံတို့သည် ဖူးရောင် ပေါက်ကွဲ၍ နေကြသည်။ တစ်ကိုယ်လုံး မှာလည်း မြူမှုန် အလိမ်းလိမ်း ကပ်လျက် ပင်ပန်း နွမ်းနယ်စွာဖြင့် တဖြည်းဖြည်း ကြွလှမ်းလာကြရာ ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတိုက် တံခါးမုခ် အနီးသို့ ရောက်ရှိ၍ ဘုရားထံ ဝင်ရန် မဝံ့ကြသဖြင့် ထိုတံခါးမုခ် အနီးမှာပင် ရပ်တည်၍ နေကြလေသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် အကျိုးအကြောင်း လာရောက် မေးမြန်းပြီးလျှင် ဘုရားရှင်အား "မဟာပဇာပတိ ဂေါတမီ အမှူးရှိသည့် သာကီဝင်မင်းသမီး ငါးရာတို့ကို ဘိက္ခုနီမ ပြုခွင့် ပေးသနားပါရန်" လျှောက်ထား တောင်းပန်လေသည်။ ဘုရားရှင်သည် အရှင်အာနန္ဒာ၏ လျှောက်ထား တောင်းပန်မှုကို သုံးကြိမ်သုံးခါ ပယ်မြစ် တော်မူသည်။ ထို့နောက်မှ အရှင်အာနန္ဒာမထေရ်သည် စကားတစ်မျိုး ပြောင်းလွှဲလျက် "မြတ်စွာဘုရား မာတုဂါမများသည် ဤသာသနာတော်၌ ဘိက္ခုနီမ ပြုလုပ်လျက် ဖိုလ်လေးပါးကို မျက်မှောက်ပြုရန် ဖြစ်နိုင်ပါ သလော" ဟု လျှောက်ထားလေသည်။

ထိုသို့ လျှောက်ထားသောအခါ ဘုရားရှင်သည် "ချစ်သား အာနန္ဒာ... မာတုဂါမများသည် ဤသာသနာတော်၌ ဘိက္ခုနီမ ပြုလုပ်လျက် ဖိုလ်လေးပါးကို မျက်မှောက်ပြုရန် ဖြစ်နိုင်ပေ၏" ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာ ဘုရားအား "မြတ်စွာဘုရား... မဟာပဇာပတိ ဂေါတမီသည် ရှင်တော် ဘုရား အပေါ်၌ အလွန် ကျေးဇူးများလှပါသည်။ ရှင်တော်ဘုရား၏ မိထွေးတော် အရင်းလည်း ဖြစ်ပါသည်။ ဖဝါး လက်နှစ်လုံး ပခုံး လက်နှစ်သစ် ဖွားသစ်စ အချိန်ကပင် အစပြုကာ ယုယပိုက်ထွေး ကျွေးမွေးခဲ့သူလည်း ဖြစ်ပါသည်။ တစ်နေ့ နှစ်ကြိမ် သုံးကြိမ် နို့သာရေမိုး ချိုးပေးလျက် စောင့်ရှောက်ပေးခဲ့သူလည်း ဖြစ်ပါသည်။ အရှင်ဘုရား၏ မယ်တော်ဘုရား နတ်ရွာလားသောအခါ အရှင်ဘုရားကို နို့ချိုတိုက်ကျွေး၍ ကိုယ်တိုင် မွေးမြူခဲ့သူလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကိုယ်စိတ်နှစ်ပါး အပင်ပန်း အဆင်းရဲခံကာ အလွန် ဝေးကွာလှသည့် ခရီးမှ ဘိက္ခုနီမ ပြုရန် စိတ်ထက်သန်လှစွာဖြင့် ရောက်ရှိလာကြသည့် မိထွေးတော်

ဂေါတမီ အမှူးပြုသည့် သာကီဝင်မင်းသမီး ငါးရာတို့ကို ဘိက္ခုနီမ ပြုရန် ခွင့်ပေးသနားသင့်ပါသည် ဘုရား” ဟု လျှောက်ထား တောင်းပန် လေသည်။

ထိုအခါ ဘုရားရှင်သည် မိထွေးတော်ဂေါတမီ အမှူးပြုသည့် သာကီဝင်မင်းသမီး ငါးရာတို့အား ဂရုဓမ်တရား ရှစ်ပါးကို ဟောကြား လိုက်နာစေလျက် သာသနာတော်၌ ဘိက္ခုနီမ ပြုခွင့် ပေးသနားတော် မူသည်။ (ဝိ၊ ၄၊ ၄၄၂–၈။ အံ၊ ၃၊ ၁၊ ၂၆၃။)

## ဂရုဓမ်တရား ရှစ်ပါးသရုပ်

(၁) ဝါတစ်ရာ ရပြီးသော ဘိက္ခုနီမသည် ယနေ့ ပဉ္စင်းခံသော ရဟန်းကို ရှိခိုးရခြင်း။

(၂) ရဟန်းယောကျ်ားတို့နှင့် မနီးသော ကျောင်း၌ ဝါမဆို ရခြင်း။

(၃) လခွဲတိုင်း ရဟန်းသံဃာမှ ဥပုသ်မေးခြင်း၊ ဆုံးမ ခံယူခြင်းဟု ကပ်ခြင်းဟူသော တရားနှစ်ပါးကို လိုလား တောင့်တ လိုက်နာရခြင်း။

(၄) ဝါကျွတ်သောအခါ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်မျိုး၌ ပဝါရဏာပြုရခြင်း။

(၅) သံဃာဒိသိသ်သို့ ရောက်သောအခါ ဘိက္ခုသံဃာ၊ ဘိက္ခုနီ သံဃာ နှစ်မျိုး၌ ၁၅ ရက် မာရ်နတ်ကျင့်ရခြင်း။

(၆) နှစ်နှစ်ပတ်လုံး ခြောက်ပါးသော တရားတို့၌ ကျင့်ပြီးသော သိက္ခာရှိသော သိက္ခမာန်အား ဘိက္ခုသံဃာ၊ ဘိက္ခုနီ သံဃာ နှစ်မျိုး၌ ပဉ္စင်းခံခြင်းကို ရှာမှီးရခြင်း။

(၇) တစ်စုံတစ်ခုသော အကြောင်းမျှဖြင့် ရဟန်းယောကျ်ားကို မဆဲရေးရခြင်း။

(၈) ဘိက္ခုနီမတို့အား ဘိက္ခုတို့၌ ပြောဆို ဆုံးမခြင်းကို တားမြစ်၍ ဘိက္ခုတို့အား ဘိက္ခုနီမတို့၌ ပြောဆို ဆုံးမခြင်း ကို မတားမြစ်ခြင်းတို့ ဖြစ်သည်။

## မကုဋဓတောင်၌ ဆဋ္ဌမဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ငါးဝါမြောက် ပဉ္စမဝါကို ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတိုက်၌ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ သတ္တဝါအပေါင်းကို ချီးမြှောက်ရန် အလို့ငှာ သာဝတ္ထိ၊ ရာဇဂြိုဟ် စသော ထိုထို မြို့ ရွာ နိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ခြောက်ဝါမြောက် ဆဋ္ဌမဝါကို သမုဒ္ဒရာ၏ အနီး ချယားတော တံတိုင်း အာရာမ်ရှိသည့် မကုဋဓတောင်၌ ဝါကပ်တော်မူသည်။ (အံ၊ ဋ္ဌ၊ ၂၊ ၃၀။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၄။)

## အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် စန္ဒကူးသပိတ်ကို ယူဆောင်တော်မူခြင်း

ဘုရားရှင်သည် မကုဋဓတောင်၌ ခြောက်ဝါမြောက် ဆဋ္ဌမဝါ ကပ်တော်မူပြီးနောက် ဝါကျွတ်သောအခါ အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ရာဇဂြိုဟ်သို့ ရောက်တော်မူ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသည်။

ထိုအခါ ရာဇဂြိုဟ်မှ သူဌေးတစ်ဦးသည် ဂင်္ဂါမြစ်တွင်းသို့ အခြံအရံများနှင့် တကွ ရေချိုး သက်ဆင်းစဉ် ဂင်္ဂါမြစ်အတွင်းမှ ရရှိခဲ့သော စန္ဒကူးနီနှစ်ကို သပိတ်ပြုလုပ်ကာ အတောင် ၆၀ အမြင့် ရှိသည့် ဝါးတိုင်ထိပ်၌ ချိတ်ဆွဲပြီးလျှင် "ဤလောက၌ ရဟန္တာအစစ် ဧကန်ဖြစ်သူသည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ဤစန္ဒကူးသပိတ်ကို ယူဆောင်တော်မူပါ" ဟု ကြေညာသတင်း ထုတ်လွှင့်လေသည်။

ထိုအခါ တိတ္ထိဆရာကြီးတို့သည် စန္ဒကူးသပိတ် ရရှိရေးအတွက် အမျိုးမျိုး ကြိုးစား အားထုတ်ကြသော်လည်း မရရှိပေ။ စန္ဒကူးသပိတ် ချိတ်ဆွဲပြီး၍ ခုနစ်ရက်မြောက်နေ့၌ အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်တို့သည် ဆွမ်းခံ ကြွတော်မူစဉ်

သေရည်သောက်စား အရက်သမားတို့ သာသနာတော်အား ထိပါး ပြောဆိုသော စကားကို ကြားရသဖြင့် အရှင်မဟာမောဂ္ဂလာန်မထေရ်၏ တိုက်တွန်းချက်ဖြင့် အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် စန္ဒကူး သပိတ်တော်ကို ဈာန်အဘိညာဉ် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်၍ ယူဆောင်တော်မူလေသည်။ ထိုအခါ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် နောက်သို့ လူအများ ဝိုင်းအုံကာ ဆူညံသောအသံကို ဘုရားရှင် ကြားသိ ရသဖြင့် ရဟန်းသံဃာများကို စည်းဝေးပြီးလျှင် တန်ခိုးပြာဋိဟာ မပြရန် "န ဘိက္ခဝေ ဣဒ္ဓိ ပါဋိဟာရိယံ ဒဿေတဗ္ဗံ၊ သော ဒဿေယျ၊ အာပတ္တိ ဒုက္ကဋဿ = ရဟန်းတို့ တန်ခိုးပြာဋိဟာကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ" ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

## တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူခြင်း

တိတ္ထိတို့သည် ဘုရားရှင်၏ တန်ခိုးပြာဋိဟာ မပြရန် သိက္ခာပုဒ် ပညတ်တော်မူသည်ကို အခွင့်ကောင်းယူကာ "ငါတို့သည် ရဟန်း ဂေါတမနှင့် တန်ခိုးပြိုင်အံ့" ဟု လှည့်လည်၍ လိမ်လည် ဝါကြွား စကားဆိုကြလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဘုရင်ဗိမ္ဗိသာရ မင်းကြီးအား "ယနေ့မှ နောက် လေးလမြောက် ဝါဆိုလပြည့်နေ့ဝယ် သာဝတ္ထိပြည်၊ ကဏ္ဍ သရက်ပင် အနီး၌ တန်ခိုးပြာဋိဟာ ပြသမည်" ဟု မိန့်တော်မူလျက် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်။

ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် မဟာသက္ကရာဇ် ၁ဝ၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ ရဟန်း အပေါင်း ခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၍ ကဏ္ဍ မည်သော ဥယျာဉ်မှူးသည် စိုက်ပျိုးအပ်သော ကဏ္ဍသရက်ပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းအကျိုးငှာ ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ အဖုံဖုံတို့ကို ပြသတော်မူပြီးသည်၏ အဆုံး၌ နှစ်လမ်း သုံးဖဝါး နင်းကြွသွားတော်မူလျက် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ နေမင်းကဲ့သို့

တင့်တယ်စွာ ထိုင်နေတော်မူလျက် မယ်တော် ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သား အမှူးရှိသည့် စကြာဝဠာတိုက်တစ်သောင်းမှ ညီညာဖြဖြ ရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ဖြင့် လူ နတ် နိဗ္ဗာန် သုံးတန် ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလ ပတ်လုံး ဟောကြားတော်မူသည်။

မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူစဉ် ဆွမ်းခံချိန် ရောက်သောအခါ နိမ္မိတ ရုပ်ပွား ကိုယ်တော်စားကို တရားဟောရန် ထားခဲ့တော်မူ၍ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူသည်။ ဆွမ်းခံတော်မူပြီးနောက် အနောတတ်အိုင်၏ သာယာသပ်ရပ် ဆိပ်ကမ်းအရပ်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နေ့သန့်တော်မူရန် စန္ဒကူးတောသို့ ကြွဝင်တော်မူသည်။ ထိုအခါ အရှင် သာရိပုတ္တရာသည် စန္ဒကူးတောသို့ သွားရောက်၍ မြတ်စွာဘုရားအား ဝတ်ကြီး ဝတ်ငယ် ပြုပြီးလျှင် အပြစ်ကင်းကွာသည့် အရပ်၌ ထိုင်နေတော်မူသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား "ချစ်သား သာရိပုတ္တရာ... ငါသည် ဤမျှသော တရားကို ဟောကြားခဲ့ပြီ" ဟု အကျဉ်းချုပ်တရားတော်ကို ဟောပြတော်မူသည်။ အရှင်သာရိပုတ္တရာ မထေရ်သည် ဘုရားရှင်၏ အကျဉ်းချုပ်တရားတော်ကို နည်းပေါင်း အရာ အထောင် အသိန်းတို့ဖြင့် အကျယ်ချဲ့ထွင်၍ သိမြင်တော်မူသည်။ အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်ဝယ် နတ်ဗြဟ္မာများအား ဟောကြားသည့် ဒေသနာလောက် လည်း မကျယ်၊ မိမိအား ဘုရားရှင် ဟောကြားအပ်သော ဒေသနာ လောက်လည်း မကျဉ်း၊ မကျဉ်းလွန်း မကျယ်လွန်းသော = နာတိဝိတ္ထာ ရနာတိသင်္ခေပနည်းဖြင့် ကဿပဘုရားရှင် လက်ထက်က လင်းနို့သား ဖြစ်ခဲ့ဖူးသည့် မိမိတပည့်သား ရဟန်းငါးရာတို့အား အဘိဓမ္မာတရား ဟောကြား သင်ပြတော်မူသည်။ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြား ပြီးဆုံးသည်နှင့်

တစ်ပြိုင်နက် အရှင်သာရိပုတ္တရာသည်လည်း မိမိ၏ တပည့်သား ရဟန်းငါးရာတို့အား အဘိဓမ္မာတရား ဟောကြား သင်ပြမှု ပြီးဆုံးလေသည်။

## တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကဿမြို့တံခါးသို့ သက်ဆင်းတော်မူခြင်း

မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်၌ ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၈ ခုနှစ်၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သိကြားမင်းအား ပန်ကြား ပြောဆို၍ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းတော်မူသည်။ ထိုသို့ သက်ဆင်းတော်မူသောအခါ ဘုရားရှင်သည် အလယ်မှ ပတ္တမြား စောင်းတန်းဖြင့် ခြောက်ရောင်ခြည် ကွန့်မြူးလျက် အထူး တင့်တယ် သပ္ပာယ်လှစွာ သက်ဆင်းတော်မူသည်။ လက်ယာဘက် ရွှေစောင်းတန်းမှ နတ်ဒေဝါအပေါင်း ခြံရံလျက် ထို နတ်ဒေဝါအပေါင်းတို့တွင် ပဉ္စသိခ နတ်သားသည် ဗေလုဝစောင်းကို ပိုက်လျက် ဘုရားရှင်၏ ဂုဏ်တော်နှင့် စပ်သော တေးကဗျာတို့ကို သီဆို တီးမှုတ်လျက် ပူဇော်ကာ သုယာမ နတ်မင်းသည် စာမရီသားမြီးယပ်ကို ခတ်လျက်၊ သန္တုဿိတနတ်မင်း သည် ပတ္တမြားယပ်ဝန်းကို တလွဲလွဲခတ်လျက်၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက် ဘုရားရှင်ကို ခြံရံကာ လိုက်ပါ ပူဇော် ကြလေသည်။ လက်ဝဲဘက် ငွေစောင်းတန်းဖြင့် ဗြဟ္မာအပေါင်းတို့သည် ထီးဖြူတော်ကို ဆောင်းမိုးလျက် ဘုရားရှင်ကို ခြံရံကာ လိုက်ပါ ပူဇော် ကြသည်။ ဘုရားရှင်သည် သင်္ကဿမြို့တံခါးဝ ပတ္တမြားစောင်းတန်းဦးသို့ သက်ဆင်းတော်မူသည်။ သင်္ကဿမြို့တံခါးဝ လက်ယာခြေတော်ချရာ အရပ်သည် **အဝိဇဟိတဋ္ဌာန** = ဘုရားရှင်တိုင်း မစွန့်အပ်သည့် အရပ်ဋ္ဌာန ဖြစ်သည်။ ထိုအချိန်အခါက ဘုရားရှင်၏ အသရေတော်ကို ဖူးမြော်ကြရကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဘုရား အဖြစ်ကို မတောင့်တသူ မရှိ၊ အားလုံး ဘုရား အဖြစ်ကို တောင့်တကြ

သည်။ ဘုရားရှင်သည် သင်္ကဿမြို့တံခါးဝ၌ ရောက်ရှိလာကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့အား တရားဓမ္မ ဟောပြတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ငါးရာ အရဟတ္တဖိုလ် တည်၍ ကုဋေသုံးဆယ်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြလေသည်။ (ဓမ္မ၊ ၄၊ ၂၊ ၁၃၀။ သုတ္တနိ၊ ၄၊ ၂၊ ၂၈၅- ၂၉၀။ အပ၊ ၄၊ ၁၊ ၁၂၉- ၁၃၁။)

## စိဉ္စမာဏဝိကာပရိဗိုဇ်မကို အောင်မြင်တော်မူခြင်း

မြတ်စွာဘုရား သင်္ကဿမြို့တံခါးဝ၌ ရောက်ရှိလာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးနောက် သာဝတ္ထိမြို့သို့ ဒေသစာရီ ကြွချီတော်မူ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူသည်။ ထိုအခိုက်ဝယ် တိတ္ထိတို့သည် ဘုရားရှင် ပွင့်ထွန်း ဖြစ်ပေါ်လာခြင်းကြောင့် လာဘ်လာဘ နည်းပါးကြသဖြင့် မိမိတို့၏ လာဘ်လာဘ ပေါများရေးအတွက် ဘုရားရှင်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြုရန် မိမိတို့ထံ၌ ဆည်းကပ်နေသူ ပရိယာယ်မာယာရှင် စိဉ္စမာဏဝိကာကို စေခိုင်းကြသည်။ စိဉ္စမာဏဝိကာသည် ဝမ်းဗိုက်၌ ဝန်းဝိုင်းသော ပျဉ်ချပ်ကို ကပ်ချီပြီးလျှင် အနီရောင် အပေါ်ရုံကို ဝတ်ခြုံကာ ပင်ပန်း နွမ်းနယ်နေသော ကိုယ်ဝန်ဆောင်မိန်းမ အသွင်ဖြင့် ဘုရားရှင် တရားဟောရာ ဓမ္မသဘင်သို့ ဝင်ရောက်၍ "သူ၏ ပဋိသန္ဓေကိုယ်ဝန်သည် ဘုရားရှင်ကြောင့် ဖြစ်ပေါ်ရသော ကိုယ်ဝန် ဖြစ်ပါသည်" ဟု ပဝင်းသော လမင်းစန္ဒာကို ရွံ့စရာ မစင်ပုပ်ဖြင့် လိမ်းသုတ်ရန် အားထုတ်သည့် အလား ပရိသတ်အများ၏ အလယ်၌ ဘုရားရှင်ကို စွပ်စွဲ ဆဲရေးလေသည်။ ထိုအခါ ဘုရားရှင်သည် စိဉ္စမာဏဝိကာအား ဣန္ဒြေမပျက် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အသံတော်ဖြင့် "နှမ စိဉ္စမာဏဝိကာ... သင် ယခု ပြောကြားအပ်သော စကား၏ မှန် မမှန်ကို သင်နှင့် ငါတို့ နှစ်ဦးသာ သိကြကုန်၏" ဟု မိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူသော အခါ စိဉ္စမာဏဝိကာ မိန်းမယုတ်သည် နောက်မဆုတ်ဘဲ

"ဟုတ်ပါတယ် ရဟန်းကြီးရယ် သင်နှင့် ငါတို့ နှစ်ဦးသာ သိကြသော ကြောင့်ပင် ယခုလို ကိုယ်ဝန် အရင့်အမာ ဖြစ်ပေါ်လာရပါတယ်" ဟု ထပ်၍ တစ်ဖန် စွပ်စွဲပြန်လေသည်။ ထိုအခိုက်ဝယ် သိကြားမင်းသည် စိဉ္စမာဏဝိကာ၏ မဟုတ်မမှန် စွပ်စွဲမှုကို ထင်ရှားပြရန် နတ်သား လေးယောက်နှင့် အတူတကွ ရောက်ရှိလာသည်။ နတ်သား လေးယောက်တို့သည် ကြွက်ငယ် အသွင်ဆောင်ကာ ပျဉ်ချပ်ကို ချီနှောင်သည့် ကြိုးတို့ကို ကိုက်ဖြတ်ကြသည်။ အပေါ်ရုံ ခြုံထည်သည် လေတိုက်လွင့်သဖြင့် လွင့်ပါလေသည်။ လူအများသည် "ဟယ် သူယုတ်မ... သင်သည် ဘုရားရှင်ကို မဟုတ်မတရား စွပ်စွဲ ဆဲရေးဘိ၏" ဟု ပြောဆို၍ ရိုက်နှက် မောင်းပုတ်ကြကာ ဇေတဝန် ကျောင်းတော်မှ နှင်ထုတ်ကြသည်။ ဘုရားရှင် မမြင်လောက်ရာ အရပ်သို့ ရောက်သောအခါ မဟာပထဝီမြေကြီးသည် နှစ်ဖြာကွဲလျက် ဟင်းလင်းအပေါက် ဖြစ်လေသည်။ အဝီစိငရဲမှ မီးလျှံတို့သည် အထက်သို့ လျှံတက်လာကြသည်။ စိဉ္စမာဏဝိကာသည် မိဘဆွေမျိုးတို့ ပေးအပ်သည့် ကမ္ဗလာနီဝတ်ရုံကို လွှမ်းခြုံသည့်အလား ငရဲမီးအကြားမှ အဝီစိသို့ ရောက်ရှိသွားလေသည်။ (ဓမ္မ၊ ၌၊ ၂၊ ၁၁၆-၇-၈။ အပ၊ ၌၊ ၁၊ ၁၃၂-၃။ ဇာ၊ ၌၊ ၄၊ ၁၈၈-၉။)

## သံသုမာရဂိရိမြို့၌ အဋ္ဌမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ခုနစ်ဝါမြောက် သတ္တမဝါ ကပ်တော်မူ၍ ဝါကျွတ်သောအခါ သင်္ကဿမြို့တံခါးသို့ ဆင်းသက်တော်မူပြီးလျှင် တရားဓမ္မ ဟောပြပြီးနောက် သာဝတ္ထိ၊ ရာဇဂြိုဟ် စသော ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ လှည့်လည်တော်မူ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့ အနီး ဘေသကဠာ တောအုပ်၌ ရှစ်ဝါမြောက် အဋ္ဌမဝါကပ်တော်မူသည်။

## နကုလပိတာသူကြွယ် ဇနီးမောင်နှံနှစ်ဦးအကြောင်း

ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် သံသုမာရဂိရမြို့၊ ဘေသကဠာ တောအုပ်၌ သီတင်းသုံး နေတော်မူစဉ် နကုလပိတာ၊ နကုလမာတာ ဇနီးမောင်နှံ နှစ်ဦးတို့သည် သံသုမာရဂိရ မြို့သူ မြို့သားများနှင့်အတူ မြတ်စွာဘုရား ထံမှောက် ဖူးမြော်ရန် ရောက်ရှိကြသည်။ ထိုအခါ နကုလပိတာ၊ နကုလမာတာ ဇနီးမောင်နှံ နှစ်ဦးတို့သည် ဘုရားရှင်ကို ဖူးမြင်ရလျှင်ပင် "ဤသူကား ငါတို့၏ သားတည်း" ဟု သား၌ဖြစ်သော ချစ်ခြင်းမေတ္တာတရား ဖြစ်ပွားကြပြီးလျှင် ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် "ချစ်သား... သင် ချစ်သားသည် ဤမျှ ကာလကြာအောင် ငါတို့ မိဘနှစ်ပါးကို စွန့်ပစ်ထားပြီး အဘယ် အရပ်သို့များ သွားလာနေပါသနည်း" ဟု လျှောက်ထား ပြောကြားကြလေသည်။

နကုလပိတာ၊ နကုလမာတာ ဇနီးမောင်နှံ နှစ်ဦးတို့ ဘုရားရှင်ကို မြင်လျှင် မြင်ခြင်း မေတ္တာသက်ဝင် ချစ်ခင်ခြင်း၏ အကြောင်းရင်းမှာ ပုဗ္ဗေသံနိဝါသ = ဘဝများစွာက အတူ နေထိုင်ခဲ့ဖူးသည့် ဘဝ ရေစက်ကြောင့် ဖြစ်ပေသည်။ မှန်ပေသည်၊ နကုလပတာသူကြွယ်သည် ဘဝငါးရာ ဘုရားရှင်၏ ဖခင် တော်စပ်ခဲ့ဖူးသည်။ ဘဝငါးရာ ဘကြီး၊ ဘဝငါးရာ ဘထွေး၊ ဘဝငါးရာ ဦးကြီး တော်စပ်ခဲ့ဖူးလေသည်။ နကုလ မာတာ သူကြွယ်ကတော်သည်လည်း ဘဝငါးရာ ဘုရားရှင်၏ မိခင် တော်စပ်ခဲ့ဖူးလေသည်။ ဘဝငါးရာ ဒေါ်လေး၊ ဘဝငါးရာ ဒေါ်ကြီး၊ ဘဝငါးရာ အရီး တော်စပ်ခဲ့ဖူးလေသည်။

ဘုရားရှင်သည် သူကြွယ် ဇနီးမောင်နှံ နှစ်ဦးတို့ ဖူးမြော်၍ အားရ တင်းတိမ် ပြောဆို၍ ကျေနပ်ပြီး စိတ်ဓာတ် တည်ငြိမ်လောက်သည့် အချိန်၌ တရားဓမ္မ ဟောပြတော်မူသည်။ တရားဒေသနာတော် အဆုံး၌ သူကြွယ်ဇနီးမောင်နှံ နှစ်ဦးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ သည်။ နောင်အခါဝယ် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ဥပါသကာ၊ ဥပါသိကာမ အပေါင်းတို့အား ဧတဒဂ် ရာထူးဖြင့် ချီးမြှင့်

တော် မူသောအခါ နကုလပိတာ၊ နကုလမာတာ သူကြွယ်ဇနီးမောင်နှံ နှစ်ဦးကို "ဘုရားရှင်နှင့် အကျွမ်းတဝင် ခင်မင် ရင်းနှီးသော စကားကို ပြောဆိုသည့်အရာဝယ် အမြတ်ဆုံး အသာဆုံး 'ဧတဒဂ်' " ဘွဲ့ထူးကို ချီးမြှင့်လေသည်။ (အံ၊ ၁၊ ၂၇-၈။ အံ၊ ၄၊ ၁၊ ၃၀၇-၈။)

## နကုလပိတုသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် သံသုမာရဂိရမြို့၊ ဘေသကဠာ တောအုပ်၌ သီတင်းသုံးတော်မူစဉ် နကုလပိတာ၏ လျှောက်ထားချက်ဖြင့် "သူကြွယ် အကြင်သူသည် ဤခန္ဓာဝန်ကြီးကို ဆောင်ရွက်နေရပါလျက် တစ်ခဏမျှသော်လည်း အနာရောဂါ မရှိ၊ ကျန်းမာဘိ၏ဟု ဝန်ခံငြားအံ့။ ထိုသူအား အသိပညာမရှိ မိုက်မဲသည်၏ အဖြစ်မှတစ်ပါး အခြား ဆိုဖွယ် မရှိချေ" ဟု မိန့်တော်မူပြီး 'အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ = ငါ၏ ခန္ဓာကိုယ်သည် ကျင်နာခံခက် ရောဂါဝေဒနာ အနှိပ်စက် ခံနေရပါသော်လည်း ငါ၏ စိတ်ကို ဝေဒနာ အနှိပ်စက် မခံရအောင် စိတ်ဆင်းရဲခြင်း ကင်းအောင် နေထိုင်မည်" ဟု ကျင့်သုံး ဆောက်တည်သင့်၏ဟု မိန့်တော်မူကာ "ခန္ဓာငါးပါးကို ငါ ဟူသော မာနစွဲ၊ ငါ့ဥစ္စာ ဟူသော တဏှာစွဲ၊ မြဲ၏၊ ခိုင်မာ၏၊ အနှစ်သာရ ရှိ၏ ဟူသော ဒိဋ္ဌိစွဲအားဖြင့် စွဲယူသူ ပုထုဇဉ် အန္ဓ ပုဂ္ဂိုလ်တို့အား ခန္ဓာကိုယ်မှာလည်း ရောဂါဝေဒနာ အနှိပ်စက် ခံရ၍ စိတ်မှာလည်း ဝေဒနာ အနှိပ်စက် ခံရသည်။ "ခန္ဓာငါးပါးကို ငါ ဟူသော မာနစွဲ၊ ငါ့ဥစ္စာ ဟူသော တဏှာစွဲ၊ မြဲ၏၊ ခိုင်မာ၏၊ အနှစ်သာရရှိ၏ ဟူသော ဒိဋ္ဌိစွဲ အစွဲသုံးမျိုး ကင်းသူ အရိယာ သူတော်ကောင်းတို့မှာမူ ခန္ဓာကိုယ်မှာသာ ရောဂါဝေဒနာ အနှိပ်စက်ခံရ၍ ထိုသူတို့၏ စိတ်မှာ ဝေဒနာအနှိပ်စက် ခံရခြင်း၊ စိတ်ဆင်းရဲခြင်း အလျှင်းမရှိတော့ပြီ" ဟု ဖော်ညွှန်းပြသည့် 'နကုလပိတုသုတ်' ကို ဟောကြားတော်မူသည်။ (သံ၊ ၂၊ ၁။)

## ပဋ္ဌမသမဇီဝိသုတ်ကို ဟောတော်မူခြင်း

နကုလပိတာ၊ နကုလမာတာ ဇနီးမောင်နှံ နှစ်ဦးတို့က "မြတ်စွာဘုရား... တပည့်တော်များသည် ဤပစ္စုပ္ပန်ဘဝ၊ နောင်ဘဝ သံသရာ ဤနှစ်ဖြာတို့၌ အတူလက်တွဲ ပျော်ပွဲဆင်ကာ ပေါင်းသင်း ဆက်ဆံ နေထိုင်လိုပါသည် ဘုရား" ဟု လျှောက်ထားသဖြင့် ဘုရားရှင် ကိုယ်တော်မြတ်က "ဤပစ္စုပ္ပန်ဘဝ၊ နောင်ဘဝသံသရာ ဤနှစ်ဖြာတို့၌ အတူလက်တွဲ ပျော်ပွဲဆင်ကာ ပေါင်းသင်းဆက်ဆံ နေထိုင်လိုကြသည့် ဇနီးမောင်နှံ နှစ်ဦးတို့သည် (၁) သမသဒ္ဓါ = တူမျှသော သဒ္ဓါတရား ရှိခြင်း၊ ယုံကြည်ချက်တူ ဘာသာအယူဝါဒ တူမျှသူဖြစ်ခြင်း။ (၂) သမသီလ = တူမျှသော ကိုယ်ကျင့်သီလရှိခြင်း၊ ကိုယ်ကျင့်သီလ ကောင်းမွန်သူချည်း ဖြစ်ခြင်း။ (၃) သမစာဂ = တူမျှသော စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုရှိခြင်း။ (၄) သမပညာ =· အသိဉာဏ် တူမျှ၍ တရားသဖြင့် မွေးမြူမှုရှိခြင်း ဟူသော အင်္ဂါလေးပါးနှင့် ပြည့်ရမည်ဟု ညွှန်ပြသည့် 'ပဌမသမဇီဝိ' သုတ်ကို ဟောကြားတော်မူသည်။ (အံ၊ ၁၊ ၃၇၂။)

## နကုလပိတုသုတ်ကို ဟောတော်မူခြင်း

နကုလပိတာ ခင်ပွန်းလင် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေစဉ် နကုလမာတာ အိမ်ရှင်ဇနီးသည်က နကုလပိတာ ခင်ပွန်းလင်အား "ချစ်လင်... ငဲ့ကွက် တွယ်တာခြင်း ရှိလျက် မသေပါလင့်။ ငဲ့ကွက် တွယ်တာခြင်း ရှိလျက် သေရခြင်းသည် ဆင်းရဲလှ၏။ ငဲ့ကွက် တွယ်တာခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော် မူပါ၏။ ငါ ကွယ်လွန်လျှင် နကုလမာတာသည် အိမ်ထောင်မှုကို ထိန်းသိမ်း စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်။ နောက်အိမ်ထောင် ပြုလိမ့်မည်။ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့နှင့် ဖူးမြော်ရန် သွားလိမ့်မည် မဟုတ်။ အကျင့်သီလတို့၌ ဖြည့်ကျင့် ဆည်းပူးလိမ့်မည် မဟုတ်။ စိတ်၏ တည်ငြိမ်မှု သမာဓိရှိသူ မဟုတ်။ ဘုရား သာသနာတော်၌

ခိုင်မြဲစွာ သက်ဝင် ယုံကြည်သူ မဟုတ်ဟု မမှတ်ထင်ပါလင့်" ဤသို့ စသော နကုလမာတာ အိမ်ရှင်မ၏ အဆုံးအမကြောင့် နကုလပိတာ ရောဂါ ပျောက်ကင်းလျက် ဘုရားရှင်ထံ သွားနိုင်ကြောင်း ညွှန်ပြသည့် 'နကုလပိတု' သုတ်ကိုလည်း ဟောတော်မူသည်။ (အံ၊ ၂၊ ၂၆၁။)

## နကုလမာတာသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် နကုလမာတာ အိမ်ရှင်မအား (၁) လင်ယောကျ်ားကို ကောင်းမွန်စွာ ပြုစု လုပ်ကျွေးခြင်း၊ (၂) လင်ယောကျ်ား၏ မိဘ ကိုးကွယ်သည့် ရဟန်းသာမဏ တို့ကို ရိုသေ လေးမြတ် ပူဇော်ခြင်း၊ (၃) အိမ်တွင်းကိစ္စတို့၌ မပျင်းမရိ ဆောင်ရွက်ခြင်း၊ (၄) အိမ်တွင်း အစေအပါး အလုပ်သမားများ၏ အလုပ်ကိစ္စ ဆောင်ရွက်ခြင်း ရှိ မရှိ သိအောင်ပြု၍ သင့်လျော်အောင် ဝေဖန် ပေးကမ်းခြင်း၊ (၅) လင်ယောကျ်ား ရှာဖွေအပ်သော ပစ္စည်းဥစ္စာတို့ကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ (၆) ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ (၇) သီလရှိခြင်း၊ (၈) စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုရှိခြင်း ဟူသော ဤတရား ရှစ်ပါးနှင့် ပြည့်စုံသော အမျိုးသမီးသည် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ရကြောင်း ညွှန်ပြသည့် 'နကုလမာတာ' သုတ်ကိုလည်း ဟောတော်မူသည်။ (အံ၊ ၃၊ ၉၅)

၎င်းပြင် ဘုရားရှင် သံသုမာရဂိရမြို့ အနီး ဘေသကဠာ တောအုပ်၌ သီတင်းသုံး နေထိုင်တော်မူစဉ် ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောတော်မူသည့် 'ဗောဓိရာဇကုမာရ' သုတ်ကိုလည်းကောင်း (မ၊ ၂၊ ၂၇၇) အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ဝမ်း၌ မာရ်နတ် ဝင်သည်ကို ပြဆိုသည့် 'မာရတဇ္ဇနီယ' သုတ်ကိုလည်းကောင်း (မ၊ ၁၊ ၄၀၇။) ဤသို့ စသည့် ဓမ္မအထွေထွေကို ဟောမိန့်တော်မူသည်။

## ကောသမ္ဗီပြည်၌ နဝမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာရဂိရမြို့ အနီး ဘေသကဋာ တောအုပ်၌ ရှစ်ဝါမြောက် အဋ္ဌမ ဝါကပ်တော်မူပြီး၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေစာရီ ကြွချီတော်မူ၍ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် ကောသမ္ဗီပြည်၊ ဃောသိတာရုံ ကျောင်းတိုက်၌ ကိုးဝါမြောက် နဝမ ဝါကပ်တော်မူသည်။

## သူဌေးသုံးဦး

ကောသမ္ဗီပြည်၌ ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေး ဟူ၍ သူဌေးသုံးဦး ရှိသည်။ သူဌေးသုံးဦးတို့သည် ဘုရားရှင်အား ကျောင်းတိုက် အသီးသီး ဆောက်လုပ် လှူဒါန်းကြသည်။ ဃောသက သူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတိုက်သည် 'ဃောသိတာရုံ ကျောင်းတိုက်' မည်၍၊ ကုက္ကုဋသူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတိုက်သည် 'ကုက္ကုဋာရုံကျောင်းတိုက်'၊ ပါဝါရိကသူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတိုက်သည် 'ပါဝါရိကမ္ဗဝန ကျောင်းတိုက်' မည်၏။ ဘုရားရှင်သည် ထိုကျောင်းတိုက်ကြီး သုံးတိုက် တို့၌ အလှည့်အကြိမ်ဖြင့် သီတင်းသုံး နေထိုင်တော်မူသည်။

## ဃောသကသူဌေး၏ ကံကြမ္မာ

ဃောသကသူဌေးကား ပြည့်တန်ဆာမ တစ်ဦး၏ သားဖြစ်သည်။ ကောသမ္ဗီသူဌေးကြီး၏ သားအရင်း မဟုတ်၊ မွေးစားသား ဖြစ်သည်။ ကောသမ္ဗီသူဌေးကြီးသည် သားအရင်း မွေးဖွားလာသောအခါ မွေးစား သား ဖြစ်သော ဃောသက သူဌေးလောင်းလျာကို နွားခြံပေါက်ဝ၌ ချထားစေခြင်း၊ သုသာန်၌ စွန့်ပစ်စေခြင်း၊ လှည်းလမ်း၌ ပစ်ချထား စေခြင်း၊ ချောက်ကမ်းပါး၌ ပစ်ချစေခြင်း၊ အိုးဖုတ်သမားကို အိုးဖိုအတွင်း ၌ မီးတိုက်၍ အသတ်ခိုင်းခြင်း၊ ဇနပုဒ်မှ လယ်သမားမှူးကို အသတ်

ခိုင်းခြင်း စသည်ဖြင့် ခြောက်ကြိမ် ခြောက်ခါ သေကြောင်းကြံပါ သော်လည်း သေကံမရောက် သက်မပျောက်ဘဲ သူဌေးကြီး ဖြစ်လာသည်။ ဃောသကသူဌေး၏ ကံကြမ္မာကား ဆန်းကြယ်လှပါပေစွ။ (ဓမ္မ၊ ၄၊ ၁၊ ၁၁၁။)

## မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ ကျွတ်တမ်းဝင်ခြင်း

မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ကြွသွားတော်မူစဉ် လမ်းခရီးအကြား ကမ္မာသဒမ္မနိဂုံးအနီး မာဂဏ္ဍီ ပုဏ္ဏားကြီးနှင့် တွေ့ဆုံ လေသည်။ မာဂဏ္ဍီပုဏ္ဏားကြီးသည် ဘုရားရှင်ကို တွေ့မြင်လေလျှင်ပင် "ငါ့သမီး မာဂဏ္ဍီနှင့် ရုပ်အဆင်းတူမျှ သင့်လျော် ထိုက်တန်သည့် ယောကျ်ားမြတ်ကို တွေ့လေပြီ" ဟု ကြံစည် အောက်မေ့လျက် အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ်သို့ ရောက်သောအခါ မာဂဏ္ဍီပုဏ္ဏေးမကြီးကို အကျိုးအကြောင်း ပြောပြပြီးလျှင် သမီး မာဂဏ္ဍီကို ခေါ်၍ ဘုရားရှင်နှင့် တွေ့ရာအရပ်သို့ ထွက်လာကြသည်။ ထိုအခါ ဘုရားရှင်သည် မာဂဏ္ဍီ ပုဏ္ဏားကြီးနှင့် တွေ့ဆုံရာအရပ်၌ ခြေတော်ရာ = ပါဒစေတီကို ချထားခဲ့၍ မြို့တွင်းသို့ ဆွမ်းခံကြွ ဝင်လေသည်။

မာဂဏ္ဍီပုဏ္ဏေးမကြီးသည် ဘုရားရှင်၏ ခြေတော်ရာ = ပါဒ စေတီကို ဖူးမြင်ရလျှင်ပင် "ဤခြေတော်ရာ၏ ပိုင်ရှင်ပုဂ္ဂိုလ်ကား ကိလေသာ တည်းဟူသော အမိုးကို ဖျက်ချိုး ဖွင့်လှစ်ပြီးသော သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင်တည်း" ဟု ပြောကြားလျက်–

"ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ အဝကမိုတံ ပဒံ၊
မူဠ္ဟဿ ဟောတိ သဟသာ နုပီဠိတံ၊
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ရာဂများသူ၏ ခြေရာသည် အလယ်၌ မထိဘဲ ရှိတတ်၏။ ဒေါသ များသူ၏ ခြေရာသည် နောက်သို့ ငင်သကဲ့သို့ ရှိတတ်၏။ မောဟ

များသူ၏ ခြေရာသည် ခြေဖျား ဖနောင့်တို့ဖြင့် ဖိ၍ နင်းသကဲသို့ ရှိ၏။ ဤခြေရာကား ကိလေသာအမိုးကို ဖျက်ချိုး ဖွင့်လှစ်ပြီးသူ သဗ္ဗညု ဘုရားရှင်၏ ခြေတော်ရာတည်း" ဟု ပြောဆိုလေသည်။ မာဂဏ္ဍီ ပုဏ္ဏားကြီးသည် မာဂဏ္ဍီပုဏ္ဏေးမကြီးက ဤသို့ ပြောဆိုပါသော်လည်း နားဝင်မှု မရှိဘဲ ဘုရားရှင် ဆွမ်းခံ ပြန်လာ၍ ဘုရားရှင်ကို တွေ့မြင်သောအခါ သမီး မာဂဏ္ဍီကို ထိန်းသိမ်းသမှု ဇနီးမယားပြုရန် အပ်နှင်းလေသည်။

ထိုအခါ ဘုရားရှင်သည် မာဂဏ္ဍီပုဏ္ဏားကြီးအား "ရွံစဖွယ်အတိ ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်လျှမ်း၍နေသော သင့်သမီး မာဂဏ္ဍီ၏ ကိုယ်ကို ခြေဖျားမျှဖြင့်ပင် မတို့ထိလို" ဟု မိန့်တော်မူ၍ 'မာဂဏ္ဍိယ' သုတ် (သုတ္တနိ၊ ၄၀၉) ကို ဟောကြားပြီးသည်၏ အဆုံး၌ မာဂဏ္ဍီ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် အနာဂါမိဖိုလ်၌ တည်လေသည်။ ထို့နောက် မိမိတို့၏ သမီး မာဂဏ္ဍီ သတို့သမီးကို မာဂဏ္ဍီပုဏ္ဏားကြီး၏ ညီထံ အပ်နှံ၍ ဘုရားရှင်ထံ ရဟန်း ပြုကြရာ မကြာမီမှာပင် ပုဏ္ဏားကြီး ဇနီးမောင်နှံ နှစ်ဦးတို့ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ကြလေသည်။ (အံ၊ ဋ္ဌ၊ ၁၊ ၃၃၄–၆။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၂၈–၁၃၀။ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၅၇။)

## မာဂဏ္ဍီမိဖုရား ဘုရားရှင်အား ပြစ်မှားခြင်း

မြတ်စွာဘုရား ကောသမ္ဗီပြည်၌ ဝါကပ်တော်မူသောအချိန် မာဂဏ္ဍီ သတို့သမီးကား ဥတေနမင်း၏ ကြင်ရာသက်ထား အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်နေလေပြီ။ မာဂဏ္ဍီမိဖုရားသည် မိမိအား ဘုရားရှင်က "ရွံစဖွယ်အတိ ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်လျှမ်း၍နေသော သင့်သမီး မာဂဏ္ဍီ၏ ကိုယ်ကို ခြေဖျားမျှဖြင့်ပင် မတို့ထိလို" ဟု မိန့်တော်မူသည့် စကားကြောင့် မလိုမုန်းပွား ဘုရားရှင်အပေါ် ရန်ငြိုး ထားခဲ့လေသည်။ သို့ဖြစ်၍ သေသောက်ကြူးတို့အား တံစိုးလက်ဆောင် ပေး၍ ဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့အား ဆဲရေးကြရန် စေခိုင်း ထားလေသည်။ ဘုရားရှင်သည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံဝင်သောအခါ သေသောက်ကြူးတို့သည်

နောက်မှ တကောက်ကောက် လိုက်၍ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များကို အမျိုးမျိုးအဖုံဖုံ ဆဲဆိုကြလေကုန်သည်။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်အား "မြတ်စွာဘုရား... ဤမြို့မှာ မနေဘဲ အခြားမြို့သို့ သွားကြပါကုန်စို့" ဟု လျှောက်ထားလေသည်။ ဘုရားရှင်သည် အရှင်အာနန္ဒာအား "ချစ်သား... အခြားမြို့သို့ လိုက်၍ ဆဲရေးကြလျှင် အဘယ်အရပ်သို့ သွားမည်နည်း။ ဤအရပ်၌ ဖြစ်ပေါ်လာသော အဓိကရဏ်းကို ဤအရပ်၌ပင် ငြိမ်းအေးအောင် ပြုပြီးမှ အခြားအရပ်သို့ သွားသင့်၏။ စစ်မြေပြင်၌ ဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှ ပစ်လွှင့်လာသော မြားတို့ကို သည်းခံခြင်းငှာ စွမ်းနိုင်သကဲ့သို့ ငါတို့သည်လည်း များစွာသော ဒုဿီလပုဂ္ဂိုလ်တို့ ကဲ့ရဲ့ပြောဆိုသော စကားတို့ကို သည်းခံနိုင်ရမည်။ ချစ်သား အာနန္ဒာ... မစိုးရိမ်ပါလင့်။ ဤကဲ့ရဲ့သင်္ဂြိုဟ် ဆဲဆိုမှုသည် ခုနစ်ရက်သာ ကြာရှည်လိမ့်မည်။ ခုနစ်ရက်လွန်က အလိုလိုပင် ငြိမ်းပျောက်ပေလိမ့်မည်" ဟု မိန့်တော်မူသည်။ (အံ၊ ဋ၊ ၁၊ ၃၃၆။ ဓမ္မ၊ ဋ၊ ၁၊ ၁၃၅-၆။ ဓမ္မ၊ ဋ၊ ၂၊ ၃၀၈။)

## သံဃဝိဝါဒါဓိကရဏ်းမှု ဖြစ်ပေါ်လာခြင်း

ဘုရားရှင်ကိုယ်တော်မြတ် ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်းတိုက်၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ် သုတ္တန်ဆောင်ရဟန်းတော်များနှင့် ဝိနည်းဆောင် ရဟန်းတော်များကို အကြောင်းပြု၍ သံဃဝိဝါဒ ဓိကရဏ်းမှုကြီး ဖြစ်ပွားလေသည်။ တစ်နေ့သ၌ သုတ္တန်ဆောင် ရဟန်းသည် ဝစ္စကုဋီဝင်ပြီးနောက် သန့်သက်ရေခွက်၌ ရေကြွင်းရေကျန်ကို ထား၍ ထွက်ခဲ့လေသည်။ ထို့နောက် ဝိနည်းဆောင် ရဟန်းသည် ဝစ္စကုဋီသို့ ဝင်သောအခါ ထိုရေကြွင်းရေကျန်ကို တွေ့မြင်ရ၍ ဝစ္စကုဋီမှ ထွက်ခဲ့ပြီးလျှင် သုတ္တန်ဆောင် ရဟန်းကို "ငါ့ရှင်... ဤသန့်သက်ရေကြွင်းကို သင် ထားခဲ့ပါသလော" ဟု မေးလေသည်။ သုတ္တန်ဆောင် ရဟန်းက "ဟုတ်ပါတယ် ငါ့ရှင်" ဟု ဖြေကြားလေလျှင် ဝိနည်းဆောင်ရဟန်းက "ငါ့ရှင်သည် သန့်သက်ရေကြွင်းကို ထားရာ၌ အာပတ်သင့်သည်ကို မသိပါသလော" ဟု ထပ်၍

မေးမြန်းလေသည်။ သုတ္တန်ဆောင်ရဟန်းက “မသိပါ ငါ့ရှင်” ဟု ဖြေဆိုလတ်သော် ဝိနည်းဆောင်ရဟန်းက “ငါ့ရှင် ဤသို့ သန့်သက်ရေကြွင်းကို ခွက်အတွင်း ထားခဲ့ရာ၌ အာပတ်သင့်၏” ဟု ပြောဆိုလေသည်။ ထိုအခါ သုတ္တန်ဆောင်ရဟန်းက “အာပတ်သင့်လျှင် ဒေသနာ ပြောကြားပါမည်” ဟု ပြောဆိုလတ်သော် ဝိနည်းဆောင်ရဟန်းက “အကယ်၍ စေတနာမရှိဘဲ မသိ၍ ပြုမိခဲ့လျှင် အာပတ်မသင့်ပါ” ဟု ပြောဆိုလေသည်။

ထိုသို့ ပြောဆိုပြီးနောက် ဝိနည်းဆောင် ရဟန်းသည် မိမိ၏ တပည့်ရဟန်းများကို “သုတ္တန်ဆောင်ရဟန်းသည် အာပတ်သင့်လျက် အာပတ်သင့်မှန်း မသိ” ဟု ကဲ့ရဲ့ရှုတ်ချသည့်စကား ပြောကြားလေသည်။ ယင်းသို့ ပြောကြားသည်မှ အစပြု၍ သုတ္တန်ဆောင် သံဃာအုပ်စုနှင့် ဝိနည်းဆောင် သံဃာအုပ်စုတို့သည် တစ်ဖက်နှင့် တစ်ဖက် အကြီးအကျယ် အငြင်းပွားမှု ဝိဝါဒါဓိကရုဏ်း ဖြစ်ပွားကြလေသည်။ ဘုရားရှင်ကိုယ်တော်တိုင် နှစ်ဖက် သံဃာအဖွဲ့သို့ ကြွတော်မူ၍ တရားဓမ္မ ဟောပြောပြပါသော်လည်း လိုက်နာကြခြင်း မရှိကြပေ။

ထိုအခါ ဘုရားရှင်သည် နံနက်အချိန်အခါ၌ ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူ၍ ဆွမ်းခံရာမှ ဖဲခွာတော်မူကာ အိပ်ရာနေရာတို့ကို သိုမှီး သိမ်းဆည်းပြီးလျှင် ကိုယ်တော်တိုင်ပင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ‘ဗာလကကောဏကရွာ’ သို့ ကြွသွားတော်မူသည်။ (ဝိ၊ ၃၊ ၄၈၀–၄၉၇။ ဝိ၊ ၅၊ ၃၊ ၄၃၁။)

ထိုအချိန်အခါဝယ် ‘ဗာလကလောဏက’ ရွာ၌ အရှင်ဘဂုမထေရ် သီတင်းသုံး နေထိုင်တော်မူသည်။ အရှင်ဘဂုမထေရ်သည် မြတ်စွာဘုရား ကြွတော်မူလာသည်ကို မြင်၍ ခရီးဦးကြိုဆိုကာ ဘုရားရှင်အတွက် နေရာခင်းပေးလေသည်။ ဘုရားရှင်သည် မိမိအတွက် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၍ အရှင်ဘဂုမထေရ်နှင့် “ကျန်းမာပါ၏လော၊ ဣရိယာပထ မျှတပါ၏လော” ဟု ပဋိသန္ထာရစကား မိန့်ကြားပြီးလျက် ခေတ္တမျှ သီတင်းသုံးတော်မူပြီးနောက် အရှေ့ဝါးတောသို့ ခရီးဆက်ကာ ကြွသွားတော်မူသည်။ (ဝိ၊ ၃၊ ၄၉၇)

## မထေရ်သုံးပါးတို့ ညီညွတ်စွာ နေထိုင်ကြပုံ

ထိုအချိန်အခါဝယ် အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ မထေရ်သုံးပါးတို့သည် အရှေ့ဝါးတောဌ် နေထိုင် သီတင်းသုံးကြသည်။ မထေရ်သုံးပါးတို့သည် မြတ်စွာဘုရား ကြွတော်မူလာသည်ကို မြင်လျှင်ပင် ခရီးဦးကြိုဆိုကာ ဘုရားရှင်အတွက် နေရာခင်းပေးကြလေသည်။ ဘုရားရှင်သည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၍ "ကျန်းမာပါ၏လော၊ ဣရိယာပထ မျှတပါ၏လော" ဟု ပဋိသန္ထာရ စကား မိန့်ကြားတော်မူပြီးလျှင် "ချစ်သား အနုရုဒ္ဓါ... သင်တို့ သုံးပါးသည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေထိုင်ကြပါ၏လော" ဟု မိန့်တော်မူသည်။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်မြတ်က "မြတ်စွာဘုရား တပည့်တော်များသည် အချင်းချင်း အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေထိုင်ကြပါသည် ဘုရား။ တပည့်တော်သည် အရှင်နန္ဒိယ၊ အရှင်ကိမိလ တို့၏ အပေါ်၌ အမြဲတမ်း ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာတရား ထားရှိပါသည် ဘုရား။ တပည့်တော်သည် မိမိ၏ စိတ်ဆန္ဒ စိတ်အလိုကို ဘေးဖယ်ထားပြီး ဤ အရှင်နန္ဒိယ၊ အရှင်ကိမိလ တို့၏ စိတ်ဆန္ဒ စိတ်အလိုအတိုင်း ကျင့်သုံး နေထိုင်ပါသည် ဘုရား။ မြတ်စွာဘုရား... တပည့်တော်များသည် ခန္ဓာကိုယ်ကသာ တစ်ပါးစီ ကွဲပြားနေပါသော်လည်း စိတ်ဆန္ဒက တစ်ခုတည်း တစ်မျိုးတည်းသာ ဖြစ်ပါသည် ဘုရား" ဟု လျှောက်ထားလေသည်။ ထို့နောက် အရှင် နန္ဒိယမထေရ်၊ အရှင်ကိမိလထေရ်တို့ကလည်း အရှင်အနုရုဒ္ဓါ နည်းတူ လျှောက်ထားကြလေသည်။

ထို့နောက် မြတ်စွာဘုရားသည် "ချစ်သားတို့... သင်တို့သည် မမေ့မလျော့ နေထိုင်ကြကုန်၏လော" ဟု မိန့်တော်မူသည်။ ထိုအခါ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က "မြတ်စွာဘုရား... တပည့်တော်များ သည် မမေ့မလျော့ နေထိုင်ကြပါသည် ဘုရား။ မြတ်စွာဘုရား... တပည့်တော်တို့ သုံးပါးအနက် ရှေးဦးစွာ ဆွမ်းခံ ပြန်ရောက်သော

ရဟန်းသည် ဆွမ်းစားရန် နေရာခင်းပါ၏။ ခြေဆေးရေ၊ ခြေဆေးအင်ပျဉ်၊ ခြေပွတ်အိုးခြမ်းတို့ကို ချထားပါ၏။ ဆွမ်းဦးထည့်သော ခွက်ကို ချထားပါ၏။ သောက်ရေ သုံးရေကို တည်ထားပါ၏။ နောက်ဆုံးမှ ဆွမ်းခံရွာမှ ပြန်လာသော ရဟန်းသည် ဆွမ်းကြွင်း ဆွမ်းကျန် ရှိ၍ စားလိုလျှင် စားပါ၏။ မစားလိုလျှင် အပြစ်ကင်းသည့် အရပ်၌ စွန့်ပစ်ပါ၏။ နေရာကို သိမ်းဆည်းပါ၏။ ခြေဆေးရေ၊ ခြေဆေးအင်ပျဉ်၊ ခြေပွတ်အိုးခြမ်းတို့ကို နေရာတကျ သိမ်းထားပါ၏။ ဆွမ်းဦး ထည့်သော ခွက်ကို ဆေးကြော၍ သိမ်းဆည်းခဲ့ပါ၏။ သောက်ရေ၊ သုံးရေကိုလည်း သိုမှီး သိမ်းဆည်းခဲ့ပါ၏။ ဆွမ်းစားကျောင်းကိုလည်း တံမြက်လှည်းခဲ့ပါ၏။

သောက်ရေအိုး၊ သုံးရေအိုး၊ ဝစ္စကုဋီဝယ် သန့်သက်ရေအိုးတို့ ရေမရှိသည်ကို မြင်လျှင် မြင်သောရဟန်းက ရေကို ထည့်လောင်း တည်ထားပါ၏။ အကယ်၍ မချိမ,နိုင်ပါလျှင် အဖော်ကို လက်ယပ် ခေါ်ကာ ရေအိုးကို မ,ယူ တည်ထားပါ၏။ မြတ်စွာဘုရား... တပည့်တော်များသည် ငါးရက် တစ်ကြိမ် တစ်ညဥ့်ပတ်လုံး တရားစကား ဆွေးနွေး ပြောကြားကြပါကုန်၏" ဟု လျှောက်ထားလေသည်။ ထို့နောက် မြတ်စွာဘုရားသည် ပါလိလေယျကရွာသို့ ခရီးဆက်ကာ ကြွသွားတော်မူသည်။

## ပါလိလေယျကတော၌ ဒသမဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ပါလိလေယျကရွာသို့ ရောက်တော်မူသော အခါ ပါလိလေယျကရွာနှင့် မနီးမဝေး ရက္ခိတ တောအုပ်အတွင်း 'ဘဒ္ဒသာလ' မည်သော အင်ကြင်းပင်ကြီး၏ အနီး ကျောင်း၌ ဆယ်ဝါ မြောက် ဒသမ ဝါကပ်တော်မူသည်။ မြတ်စွာဘုရားသည် ထိုသို့ ရက္ခိတ တောအုပ်အတွင်း 'ဘဒ္ဒသာလ' မည်သော အင်ကြင်းပင်ကြီး၏ အနီးအောက်၌ ကိုယ်တော်တစ်ပါးတည်း ကိန်းအောင်း မွေ့လျော် စံနေ တော်မူစဉ် "ငါသည် ရှေးအခါက ငြင်းခုံ စကားခိုက်ရန်ပွားသည့် ကောသမ္ဗီရဟန်းတို့နှင့် နေရသည်ဖြစ်၍ ချမ်းသာမှု မရ၊ ယခုမှာမူ ငြင်းခုံ စကားခိုက်ရန်ပွားသည့် ကောသမ္ဗီရဟန်းတို့နှင့် ကင်းကွာ၍

အဖော်မမှီး တစ်ပါးတည်း နေရသည်ဖြစ်၍ ချမ်းသာလှပါပေစွ” ဟု ကြံစည် အောက်မေ့တော်မူ၏။ ထိုအခိုက်ဝယ် တစ်ကောင်သော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းနှင့် နေရသည်ကို ငြီးငွေ့သဖြင့် ဆင်အပေါင်းမှ ဖဲခွာ၍ ပါလိလေယျကရွာ ရက္ခိတ တောအုပ်အတွင်း ဘုရားရှင် သီတင်းသုံးတော်မူရာ အင်ကြင်းပင်ကြီး၏ အနီးသို့ ချဉ်းကပ်ရောက်ရှိလာသည်။ ပါလိလေယျကရွာအနီး ရက္ခိတတောအုပ် အတွင်းသို့ ရောက်လာသောကြောင့် 'ပါလိလေယျကဆင်မင်း' ဟု ခေါ်စမှတ်ပြုကြသည်။

## ပါလိလေယျကဆင်မင်း ဘုရားရှင်အား ပြုစု လုပ်ကျွေးပုံ

ပါလိလေယျကဆင်မင်းသည် ဘုရားရှင် ထံမှောက်သို့ ရောက်လာသည်မှ စ၍ ဘုရားရှင် သီတင်းသုံးတော်မူရာ အင်ကြင်းပင်ကြီး အနီး သခ်မ်းကျောင်း ပတ်ဝန်းကျင်၌ မြက်၊ သစ်ပင်များ မရှိအောင် ပြုလုပ်ပြီးလျှင် သစ်ခက်ဖြင့် နေ့စဉ် တံမြက်လှည်း၏။ ဘုရားရှင် အသုံးပြုတော်မူရန် မျက်နှာသစ်ရေကို ဆက်ကပ်၏။ ချိုးရေကို သယ်ခပ်၏။ ဒန်ပူကို ဆက်ကပ်၏။ တောအတွင်းမှ ချိုမြိန် ကောင်းမြတ်သော သစ်သီး ကြီးငယ်တို့ကို ယူဆောင် ဆက်ကပ်၏။ ဘုရားရှင် ရွာတွင်းသို့ ဆွမ်းခံကြွ ဝင်တော်မူသောအခါ ရွာ၏ ဥပစာ အထိ သပိတ်၊ သင်္ကန်း ယူဆောင်ကာ လိုက်ပို့၏။ ဘုရားရှင် ဆွမ်းခံရွာမှ ပြန်ကြွလာသောအခါ ခရီးဦးကြိုဆို၍ ဘုရားရှင်ကို ကျောင်းသခ်မ်းအရောက် ပို့ဆောင်၏။ ညဥ့်အချိန်အခါ၌လည်း ဘုရားရှင်ကို အန္တရာယ်မပြုနိုင်အောင် အမြဲ စောင့်ရှောက်ပေး၏။ ဤသို့လျှင် ဘုရားရှင်သည် ပါလိလေယျက ဆင်မင်း၏ ပြုစုလုပ်ကျွေးမှုကို ခံယူကာ ဝါတွင်းသုံးလပတ်လုံး ပါလိလေယျကရွာအနီး ရက္ခိတ တောအုပ်၌ သီတင်းသုံး နေထိုင်တော်မူသည်။

## ကောသမ္ဗီရဟန်းတို့ မြတ်စွာဘုရားထံ လာရောက် ကန်တော့ကြခြင်း

ဝါကျွတ်သောအခါ အရှင်အာနန္ဒာမထေရ်နှင့် သံဃာတော်များ လာရောက် ပင့်ဆောင်ကြသဖြင့် ဘုရားရှင်သည် သာဝတ္ထိပြည်သို့ ကြွတော်မူ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသည်။ ကောသမ္ဗီရဟန်းတို့သည်လည်း ကောသမ္ဗီ ပြည်သူ ပြည်သား ဒကာ၊ ဒကာမများက ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ဆည်းကပ်ခြင်း၊ ဆွမ်း၊ သင်္ကန်း စသည် လောင်းလှူ ပူဇော်ခြင်း စသည် မပြုကြသဖြင့် အချင်းချင်း ငြင်းခုံ စကားခိုက်ရန်ပွားခြင်း မရှိကြတော့ဘဲ ညီညွတ်ကြလေတော့သည်။ ထို့နောက် ဝါကျွတ်သောအခါ ကောသမ္ဗီရဟန်းတို့သည် ဘုရားရှင်အား တောင်းပန်စကား လျှောက်ထားကြရန် သာဝတ္ထိပြည်သို့ လာကြလေသည်။ သာဝတ္ထိပြည် အနီးသို့ ရောက်သောအခါ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်အား "အရှင်ဘုရား... တပည့်တော်သည် ကောသမ္ဗီရဟန်းတို့ကို နိုင်ငံတော်အတွင်းသို့ ဝင်ခွင့်မပေးလိုပါ ဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "ဒကာတော် မင်းကြီး... ကောသမ္ဗီရဟန်းတို့သည် သီလရှိသူများ ဖြစ်ကြသည်။ အချင်းချင်း ငြင်းခုံ စကားခိုက်ရန် ပွားကြသည့် အတွက်သာ ငါဘုရား၏ စကားကို မနာယူကြခြင်း ဖြစ်သည်။ ယခုအခါမှာမူ ငါဘုရားထံ ကန်တော့ရန် လာကြခြင်းဖြစ်၏။ ဝင်ခွင့်ပေးလိုက်ပါ" ဟု မိန့်တော်မူသည်။ ကောသမ္ဗီရဟန်းတို့သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့ ဆိုက်ရောက်သောအခါ မြတ်စွာဘုရားအား ရှိခိုး ကန်တော့ကြကာ တောင်းပန်စကား လျှောက်ထားကြလေသည်။ ထိုအခါ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်တော်မူကြသဖြင့် သံဃဝိဝါဒါ ဓိကရဏ်းမှုကြီးသည် ငြိမ်းအေး ပြီးပြတ်လေတော့သတည်း။ (ဝိ၊ ၃၊ ၄၉၇-၅၀၇။ ဓမ္မ၊ ဋ၊ ၁၊ ၃၄-၄၂။)

## ကေနာဠပုဏ္ဏားရွာ၌ ကောဒသမ ဝါကပ်တော်မူခြင်း

ဘုရားရှင်သည် ပါလိလေယျကရွာအနီး ရက္ခိတတောအုပ်၌ ၁၀– ဝါမြောက် ဒသမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားရေအေး တိုက်ကျွေးတော်မူပြီးလျှင် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ် ကေနာဠ ပုဏ္ဏားရွာ၌ ၁၁–ဝါမြောက် ကောဒသမ ဝါကပ်တော်မူသည်။

## ကသိဘာရဒွါဇပုဏ္ဏားအကြောင်း

ဘုရားရှင်ကိုယ်တော်မြတ် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ် ကေနာဠပုဏ္ဏားရွာ၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ် ကသိဘာရဒွါဇ ပုဏ္ဏားသည် ထွန်းကိုင်လုပ်သား ငါးရာ အပါအဝင် လယ်ဆင်းပရိသတ်ပေါင်း မြောက်မြားစွာဖြင့် စည်ကား သိုက်မြိုက်လှသော လယ်ထွန်မင်္ဂလာသဘင် ဆင်ယင် ကျင်းပလေသည်။ ထိုပွဲသဘင်ရှိ ကျွေးမွေးရာဌာနသို့ ဘုရားရှင်ကိုယ်တော်မြတ် တစ်ပါးတည်း ဆွမ်းခံ ကြွတော်မူသောအခါ ကသိဘာရဒွါဇပုဏ္ဏားက "ရဟန်းဂေါတမ ကျွန်ုပ်တို့လို ထွန်ယက် စိုက်ပျိုး စားသောက်ပါ" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က "ပုဏ္ဏား ငါသည် ထွန်ယက် စိုက်ပျိုး စားသောက်၏" ဟု မိန့်တော်မူ၏။ အကျွန်ုပ်သည် ရဟန်းဂေါတမ၏ ထမ်းပိုး၊ ထွန်းတုံး စသည်ကို မတွေ့မြင်ရပါဘဲလျက် "ငါသည် ထွန်ယက် စိုက်ပျိုး စားသောက်၏ ဟု မိန့်တော်မူဘိ၏" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က "ကသိဘာရဒွါဇပုဏ္ဏား... ငါဘုရားသည် ပညာ တည်းဟူသော ထမ်းပိုး၊ ထွန်တုံး၊ ဟိရိဩတ္တပ္ပ တည်းဟူသော ထွန်သန်များကို သမာဓိ တည်းဟူသော ထွန်ညှင်းကြိုး၊ ထမ်းပိုးကြိုး၊ နွားချည်ကြိုးတို့ဖြင့် ပူးကပ် ဖွဲ့ချည်၍ ပညာ တည်းဟူသော ထွန်တုံး၌ သတိ တည်းဟူသော ထွန်သွားကို တပ်ဆင်ပြီးလျှင် ထို သတိ တည်းဟူသော နှင်တံကြိမ်လုံးကို ဆွဲကိုင်ကာ ပါတိမောက္ခ သံဝရ

သီလ ခေါ်သည့် ကာယသုစရိုက် ဟူသော ဆူးစည်းရိုး၊ ဝစီသုစရိုက် ဟူသော သစ်ပင်စည်းရိုး၊ အာဇီဝပါရိသုဒ္ဓိသီလ ခေါ်သည့် အစာအာဟာရ၌ အတိုင်းအတာသိမှု၊ ဘောဇနေမတ္တညုတာ ဟူသော တံတိုင်းစည်းရိုး ဤအကာအရံ သုံးမျိုးတို့ဖြင့် ကောင်းမွန်စွာ ကာရံလုံခြုံစေလျက် ချွတ်ယွင်း ဖောက်ပြန် မမှန်မကန်ခြင်း ဟူသော ပေါင်းမြက်တို့ကို မဖောက်မပြန် မှန်ကန် ပြတ်သားခြင်း သစ္စာဟူသော တံစဉ်ဖြင့် ရိတ်ဖြတ် ပယ်ရှားပြီးနောက် ငါ၏ သန္တန်ဝယ် နိဗ္ဗာန်၌ မွေ့လျော်တတ်သော အရဟတ္တဖိုလ်တရား ဖြစ်ပွား ပေါ်ပေါက်၍ လာခြင်းကြောင့် အမြဲ ထွန်ယက် စိုက်ပျိုးနေရသော သင်ပုဏ္ဏားကဲ့သို့ မဟုတ်ဘဲ နောက်ထပ်တစ်ဖန် ထွန်ယက် စိုက်ပျိုးဖွယ် မရှိလုပ်ကိုင်စရာ ဟူသမျှမှ လွတ်ခြင်းကြီး လွတ်မြောက်ရသည့်အတွက် နိဗ္ဗာန်သို့ ရှေးရှုဆောင်တတ်သော ပြန်လည် ဆုတ်နစ်ခြင်း မရှိ၊ ရှေ့သို့သာ ချီတက်တတ်သည့် ဝီရိယ တည်းဟူသော ခိုင်းနွားတို့ကို မောင်းနှင်ကာ ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် စောင့်ထိန်းခြင်း ဣန္ဒြိယသံဝရသီလ တည်းဟူသော မိုးရေဖြင့် ထောက်ကူအပ်သည့် သဒ္ဓါတည်းဟူသော မျိုးစေ့ကို ငါ၏ အဇ္ဈတ္တသန္တာန် ဟူသော လယ်မြေ၌ ငါဘုရား ထွန်ယက် စိုးပျိုးတော်မူခဲ့လေပြီ။ ထို ထွန်ယက်စိုက်ပျိုးမှုသည် ဖိုလ်လေးပါးသို့ ရောက်စေတတ်သော ထွန်ယက်စိုက်ပျိုးမှု ဖြစ်၍ နိဗ္ဗာန်ဟူသော အသီးအပွင့် အကျိုးကို ရရှိသည့်အတွက် ငါဘုရားနှင့် ကျွတ်ထိုက်သူအားလုံး ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ လွတ်မြောက်ရ၏” ဟူသော ဒေသနာမွေ့ကို ဟောပြတော်မူသည်။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် နက်နဲသော တရားဒေသနာကို ကြားနာရလေသောကြောင့် ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသဖြင့် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၌ နို့ဃနာများ လောင်းထည့်၍ “အရှင်ဂေါတမ... အရှင်ဂေါတမသည် နိဗ္ဗာန်အထိ အကျိုးရရှိသော လယ်ကို ထွန်ယက် စိုက်ပျိုးသူဖြစ်၍ လယ်သမားစစ်စစ် ဧကန် ဖြစ်ပါပေသည်။ ဤ နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပါ ဘုရား” ဟု ရိုသေစွာ ဆက်ကပ် လျှုဒါန်းလေသည်။

ထိုအခါ ဘုရားရှင်က "ကသိဘာရဒွါဇပုဏ္ဏား... ပင်ကို သဒ္ဒါ တရား မဟုတ်ဘဲ ဂါထာပါဒဖြင့် သီဆို ဟောပြ၍ ရအပ်သော ဆွမ်းကို ငါဘုရား မသုံးဆောင်" ဟု ပယ်မြစ်တော်မူလေလျှင် "အရှင်ဂေါတမ ဤနို့ဃနာဆွမ်းကို အဘယ်ပုဂ္ဂိုလ်အား လှူဒါန်းရပါမည်နည်း" ဟု လျှောက်ထားလေသည်။ "ကသိဘာရဒွါဇပုဏ္ဏား... နတ်လူလောကၥ ငါဘုရားနှင့် ငါ၏ တပည့်သာဝကမှ တစ်ပါး သင် လှူဒါန်းသော နို့ဃနာဆွမ်း ကြေညက်အောင် စားသုံးနိုင်သူကို ငါဘုရား မြင်တော်မမူ။ ထို့ကြောင့် စိမ်းစိုသော မြက်သစ်ပင် မရှိရာ၌ဖြစ်စေ၊ ပိုးမွှားမရှိသော ရေ၌ဖြစ်စေ သွန်းလောင်းပစ်ပါလေ" ဟု မိန့်တော်မူသဖြင့် မိန့်တော် မူသည့်အတိုင်း ပိုးမွှားမရှိသော ရေ၌ သွန်းလောင်းလိုက်ရာ 'ဖျစ်ဖျစ်' မြည်သံကိုလည်း ကြားရသည်။ အခိုးအလျှံ ထွက်သည်ကိုလည်း မြင်ရ လေသည်။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် ထိတ်လန့်ခြင်း သံဝေဂ တရား ဖြစ်ပွားပြီးလျှင် ဘုရားရှင်ထံ ရဟန်းပြုလေသည်။ ရဟန်ပြုပြီး၍ မကြာမီ လုံ့လကြိုးကုတ် တရားအလုပ်ကို အားထုတ်သဖြင့် အရဟတ္တဖိုလ် သို့ ဆိုက်ရောက်လေသည်။ (သံ၊ ၁၊ ၁၇၄။ သုတ္တနိ၊ ၂၉၁။ သံ၊ ၄။ ၁၊ ၂၂၂)

## ဗုဒ္ဓကိစ္စ ငါးဖြာ သိကောင်းစရာ

ဘုရားရှင်သည် နံနက်စောစော အိပ်ရာမှ ထတော်မူ၍ ကိုယ်လက် သုတ်သင်ပြီးလျှင် ကျွတ်ထိုက်သော ဝေနေယျပုဂ္ဂိုလ်တို့ကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသည်။ ထို့နောက် ဆွမ်းခံချိန် မတိုင်မီ ဆိတ်ငြိမ်ရာအရပ်၌ ဖလသမာပတ် ဝင်စားတော်မူ၍ ဆွမ်းခံချိန် ရောက်လျှင် ဆွမ်းခံကြွတော်မူသည်။ ဆွမ်းခံကြွတော်မူသောအခါ ရံခါ ကိုယ်တော် တစ်ပါးတည်း ကြွတော်မူ၍ ရံခါ ရဟန်းအပေါင်း ခြံရံလျက် ကြွတော်မူသည်။ ဆွမ်းခံကြွတော်မူခိုက်၌လည်း သတ္တဝါတို့ကို တရားဓမ္မ ဟောပြတော်မူ၍ တရားထူး တရားမြတ်ကို သိစေတော် မူသည်။ ထို့နောက် ကျောင်းတော်သို့ ပြန်ကြွတော်မူ၍ ရဟန်းတော်တို့၏

ဆွမ်းဘုဉ်းပေးခြင်း ပြီးသည်တိုင်အောင် ငံ့လင့်တော်မူလျက် စည်းဝေးရာ ဓမ္မာရုံဝယ် ဘုရားရှင်အတွက် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူသည်။ ဤကား ပုရေဘတ္တ = နံနက်ပိုင်းကိစ္စတည်း။

ထို့နောက် ဂန္ဓကုဋီကျောင်းတော်သို့ ကြွသွားတော်မူ၍ ဂန္ဓကုဋီကျောင်းတော်အနီး ခြေဆေးအင်းပျဉ်၌ ရပ်တော်မူလျက် ရဟန်းတော်တို့အား 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပါဒေထ' စသည်ဖြင့် ဒုလ္လဘတရား ငါးပါးကို နေ့စဉ် ဟောကြားတော်မူသည်။ ထိုအရပ်မှာပင် အချို့ရဟန်းတို့က ကမ္မဋ္ဌာန်းတရား တောင်းကြသည်။ ဘုရားရှင်သည် ရဟန်းတို့၏ စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူသည်။ ထို့နောက် ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်သို့ ဝင်၍ လက်ယာနံပါးဖြင့် သတိသမ္ပဇဉ် အမြဲယှဉ်လျက် ခေတ္တခဏ ကျိန်းစက်တော်မူသည်။ ထို့နောက် နေ့လယ်ပိုင်း ဒုတိယအချိန်၌ သတ္တလောကကို ကြည့်ရှု ဆင်ခြင်တော်မူသည်။ တတိယအချိန် ညနေချမ်းအခါ၌ လူပရိသတ်တို့အား တရားဓမ္မ ဟောပြတော်မူသည်။ ဤကား ပစ္ဆာဘတ္တ = နေ့ပိုင်းကိစ္စတည်း။

ယင်းသို့ နေ့ပိုင်းကိစ္စ ဆောင်ရွက်တော်မူပြီးနောက် ဘုရားရှင်သည် ရေချိုးလိုလျှင် ရေချိုးတော်မူသည်။ ထို့နောက် ဂန္ဓကုဋီပရိဝုဏ်အတွင်း ခင်းထားအပ်သော ဘုရားရှင်နေရာ၌ ထိုင်နေတော်မူသည်။ ထိုအခါ ရဟန်းတော်တို့သည် ထိုထိုအရပ်မှ ကြွလာ၍ အချို့က ပုစ္ဆာပြဿနာ မေးကြသည်၊ အချို့က ကမ္မဋ္ဌာန်းတောင်းကြသည်၊ အချို့က တရားဟောရန် လျှောက်ထား တောင်းပန်ကြသည်။ ဘုရားရှင်သည် ထိုထိုရဟန်းတို့၏ အလိုကို ပြီးပြည့်စုံစေလျက် ညဉ့်ဦးယံကို ကုန်လွန်စေသည်။ ဤကား ပုရိမယာမကိစ္စ = ညဉ့်ဦးယံကိစ္စတည်း။ ထို့နောက် ရဟန်းတော်တို့သည် ဘုရားရှင်ထံမှ ဖဲခွာသွားကြသည်ရှိသော် လောကဓာတ်တစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ပုစ္ဆာပြဿနာ မေးမြန်းကြသည်။ ဘုရားရှင်သည် နတ်ဗြဟ္မာတို့၏ အမေးပုစ္ဆာကို ဖြေကြားတော်မူလျက်ပင် သန်းခေါင်ယံကို ကုန်လွန်စေသည်။ ဤကား မဇ္ဈိမယာမကိစ္စ = သန်းခေါင်ယံ ကိစ္စတည်း။

မိုးသောက်ယံကိုကား သုံးစုခွဲ၍ ပထမပိုင်း၌ နံနက်အခါမှ စ၍ ထိုင်နေတော်မူခြင်းကြောင့် ဖြစ်သော ခန္ဓာကိုယ်၏ ပင်ပန်း ညောင်းညာမှုကို ပယ်ဖျောက်ရန်အလို့ငှာ စင်္ကြံကြွတော်မူသည်။ ဒုတိယပိုင်း၌ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်၍ လက်ယာနံပါးဖြင့် သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် ကျိန်းစက် အနားယူတော်မူသည်။ တတိယပိုင်း၌မူ ကျိန်းစက်ရာမှ ထတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျပုဂ္ဂိုလ်တို့ကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသည်။ ဤကား ပစ္ဆိမယာမကိစ္စ = နောက်ဆုံး မိုးသောက်ယံကိစ္စတည်း။ (ဒီ၊ ဋ၊ ၁၊ ၄၆– ၈။ သံ၊ ဋ၊ ၁၊ ၂၂၄– ၆။)

## ဝေရဉ္ဇာမြို့၌ ဒွါဒသမဝါကပ်တော်မူခြင်း

ဘုရားရှင် မဂဓတိုင်း၊ ဒက္ခိဏာဂိရိဇနပုဒ် ဧကနာဠပုဏ္ဏားရွာ၌ (၁၁) ဝါမြောက် ဧကာဒသမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် ဝေရဉ္ဇာမြို့၊ နဠေရု မည်သော တမာပင်ကြီး၏ အနီး ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသည်။

ထိုအခါ ဝေရဉ္ဇပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြား ပြီးလျှင် မြတ်စွာဘုရားကို "အရှင်ဂေါတမ... အရှင်ဂေါတမသည် အသက်အရွယ် ကြီးရင့်သူတို့ကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာ ပေးခြင်း စသည်မပြု ဟု အကျွန်ုပ် ကြားဖူးပါသည်။ ယခု အကျွန်ုပ် ကြားဖူးသည့်အတိုင်း မှန်ကန်နေပါသည်။ အရှင်ဂေါတမသည် အသက် အရွယ် ကြီးရင့်သူတို့ကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း စသည် မပြုခြင်းသည် မသင့်လျော်ပါ" ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား... လူ နတ် ဗြဟ္မာနှင့် တကွ အလုံးစုံသော လောက၌ ငါဘုရားသည် ရှိခိုးထိုက်၊ ခရီးဦး ကြိုဆိုထိုက်၊ နေရာပေးထိုက်သောသူကို မြင်တော်မမူ။ အကယ်၍ ငါဘုရားသည် အကြင်သူကို ရှိခိုးခြင်း စသည် ပြုငြားအံ့၊ ထိုသူ၏

ဦးခေါင်းသည် တောင်းလောင်းပြတ်ကြွေ မြေသို့ ကျလေရာ၏” ဟု မိန့်တော်မူသည်။ ထိုအခါ ဝေရဉ္စပုဏ္ဏားကြီးသည် ကြီးသူတို့အား ရှိခိုးခြင်း စသည် မပြုခြင်းကိုပင် ဘုရားရှင်အပေါ် မကျေနပ်နိုင်သဖြင့် ထို ကြီးသူတို့အား ရှိခိုးခြင်း စသည် မပြုခြင်းကိုပင် ရည်ရွယ်ကာ (၁) မြတ်စွာဘုရားကို ‘အရသရူပေါ = အရသာကင်းသော သဘောရှိသူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ သာယာခြင်း အရသာတို့ကို အကြွင်းမဲ့ ပယ်ပြီးသည်ဖြစ်၍ ငါဘုရားကို ‘အရသရူပ = အရသာကင်းသော သဘောရှိသူ’ ဟု ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူသည်။ (၂) ထို့နောက် မြတ်စွာဘုရားကို “နိဗ္ဘောဂ= သုံးဆောင်ခြင်း မရှိသူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အိုပုဏ္ဏား... ငါဘုရားသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ သုံးဆောင် ခံစားခြင်းကို အကြွင်းမဲ့ ပယ်ပြီးသည် ဖြစ်၍ ငါဘုရားကို ‘နိဗ္ဘောဂ = သုံးဆောင်ခြင်း မရှိသူ” ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူသည်။ (၃) ထို့နောက် မြတ်စွာဘုရားကို “အကိရိယဝါဒ = မပြုထိုက်ဟူသော အယူရှိသူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါဘုရားသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် တရားများနှင့် ယုတ်ညံ့သော အကုသိုလ်တရားများကို မပြုထိုက်ဟု ဟောကြားတော်မူသည် ဖြစ်၍ ငါဘုရားကို ‘အကိရိယဝါဒ = မပြုထိုက် ဟူသော အယူရှိသူ’ ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူ သည်။

(၄) ထို့နောက် မြတ်စွာဘုရားကို “ဥစ္ဆေဒဝါဒ = ဖြတ်အပ်၏ ဟူသော အယူရှိသူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါဘုရားသည် ရာဂ၊ ဒေါသ၊ မောဟနှင့် များစွာသော အကုသိုလ်တရားတို့ကို ဖြတ်အပ်၏ ဟု ဟောကြားတော် မူသည်ဖြစ်၍ ငါဘုရားကို ‘ဥစ္ဆေဒ = ဖြတ်အပ်၏ဟူသော အယူရှိသူ ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူသည်။

(၅) ထို့နောက် မြတ်စွာဘုရားကို “ဇေဂုစ္ဆီ = စက်ဆုပ်ခြင်းသဘောရှိသူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါဘုရားသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် တရားများနှင့် ယှဉ်သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းကို စက်ဆုပ်တော်မူသည်ဖြစ်၍ ငါဘုရားကို ‘ဇေဂုစ္ဆီ= စက်ဆုပ်ခြင်းသဘောရှိသူ’ ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူသည်။

(၆) ထို့နောက် မြတ်စွာဘုရားကို “ဝေနယိက = ပယ်ဖျောက် ဖျက်ဆီးတတ်သူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါဘုရားသည် ရာဂ၊ ဒေါသ၊ မောဟနှင့် များစွာသော အကုသိုလ်တရားတို့ကို ပယ်ဖျောက် ဖျက်ဆီးခြင်းငှာ တရားတော်ကို ဟောကြားသည်ဖြစ်၍ ငါဘုရားကို ‘ဝေနယိက= ပယ်ဖျောက် ဖျက်ဆီးတတ်သူ’ ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူသည်။

(၇) ထို့နောက် မြတ်စွာဘုရားကို “တပဿီ = ပူပန်စေတတ်သော သဘောရှိသူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါဘုရားသည် ပူပန်စေတတ်သော ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တရားများနှင့် ယှဉ်သော အကုသိုလ်တရားများကို အကြွင်းမဲ့ ပယ်ပြီးသည်ဖြစ်၍ ငါဘုရားကို ‘တပဿီ = ပူပန်စေတတ်သော သဘောရှိသူ’ ဟု ပြောဆိုလိုက ပြောဆိုနိုင်ပါ၏” ဟု မိန့်တော်မူ၏။

(၈) ထို့နောက် မြတ်စွာဘုရားကို “အပဂဗ္ဘော = နတ်ပြည် ရောက်ခြင်းငှာ မထိုက်သူ” ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ထိုအခါ ဘုရားရှင်က “အို ပုဏ္ဏား... ငါဘုရားသည် နောင်တစ်ဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးပြီ။ ပဋိသန္ဓေနေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ပြုတတ်သော အဝိဇ္ဇာ၊ တဏှာ ဟူသော ဝဋ်မြစ်ကို အကြွင်းမဲ့ ပယ်နုတ်ပြီးပြီ။ သို့ဖြစ်၍ ငါဘုရားကို ‘အပဂဗ္ဘော=

နတ်ပြည်ရောက်ခြင်းငှာ မထိုက်သူ' ဟု ပြောဆိုလိုက ပြောဆိုနိုင်ပါ၏" ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဝေရဉ္ဇပုဏ္ဏားကြီးကို "အို ပုဏ္ဏား... ဥပမာအားဖြင့် ကြက်မ၌ ရှစ်လုံးဖြစ်စေ၊ ဆယ်လုံးဖြစ်စေ၊ တစ်ဆယ့်နှစ်လုံးဖြစ်စေ ဥတို့သည် ရှိကုန်ရာ၏။ ထိုဥတို့ကို ကြက်မသည် ကောင်းစွာဝပ်ခြင်း၊ ကောင်းစွာ အငွေ့ပေးခြင်း၊ ကောင်းစွာ ကြက်နံ့ကို ထုံစေခြင်းကြောင့် ထိုကြက်ဥများ အတွင်းမှာ ရှိသည့် ကြက်ငယ်အပေါင်းတို့တွင် ခြေသည်းဖျား၊ နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ပေါက်ဖွားလာသော ကြက်ငယ်ကို 'အကြီးဆုံး' ဟူ၍ ဆိုအပ်သကဲ့သို့၊ ထို့အတူ ငါဘုရားသည် သစ္စာလေးပါး အမှန်တရားကို ဖုံးကာ မြေးယှက်တတ်သော အဝိဇ္ဇာဟူသော ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ကိုယ်တိုင် ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိမြင်သူ ဖြစ်ရကား ငါဘုရားသည် လောက၌ အကြီးဆုံး အမြတ်ဆုံး" ဖြစ်၏။

"အို ပုဏ္ဏား... ငါဘုရားသည် အားထုတ်အပ်သော ဝီရိယ၊ မေ့လျော့ခြင်းမရှိသော သတိ၊ ပူပန်ခြင်းမရှိ ငြိမ်းအေးသော ပဿဒ္ဓိ၊ တည်ကြည်သော သမာဓိ ရှိသည်ဖြစ်၍ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟူသော ဈာန်တရားလေးပါးတို့ကို ကောင်းစွာ မိမိ ရရှိလေပြီ။ ထို့ပြင် ငါဘုရားသည် ရှေး၌ ဖြစ်ဖူးသည့် ဘဝများစွာကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်'၊ အလုံးစုံသော သတ္တဝါတို့၏ စုတိပဋိသန္ဓေကို မြင်စွမ်းနိုင်သော 'ဒိဗ္ဗစက္ခုဉာဏ်'၊ လောဘ၊ ဒေါသ စသည် ကိလေသာ အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော 'အာသဝက္ခယဉာဏ်' တို့ကို ကောင်းစွာ မသွေ ထိုးထွင်း၍ သိခဲ့လေပြီ" ဟု မိန့်တော်မူသည်။

ဤသို့ ဘုရားရှင် မိန့်တော်မူလတ်သော် ဝေရဉ္ဇပုဏ္ဏားကြီးသည် ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ သရဏဂုံတည် ဥပါသကာ အဖြစ်ကို ခံယူ၍ ရဟန်းသံဃာများနှင့် အတူတကွ ဘုရားရှင်သည် ဝေရဉ္ဇမြို့၌ ဝါကပ်တော်မူပါရန် တောင်းပန် လျှောက်ထားလေသည်။

ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူသည်။ ဝေရဉ္စ ပုဏ္ဏားကြီးသည် ဘုရားရှင် လက်ခံတော်မူသည်ကို သိမြင်သဖြင့် ဘုရားရှင်ကို ရှိခိုး၍ နေရာမှ ထကာ ဖဲခွာသွားလေသည်။

ထိုအခါဝယ် ဝေရဉ္စမြို့၌ ငတ်မွတ်ခေါင်းပါး အစာရှားသည့် ဒုဗ္ဘိက္ခဘေး ဆိုက်ရောက်၍ နေ၏။ အိမ်စဉ်လှည့်လည်ကာ ဆွမ်းခံပါသော်လည်း ရဟန်းတော်များသည် မျှတရုံမျှ ဆွမ်းကိုပင် မရရှိပေ။ ထို့ပြင် မာရ်နတ်သည် ဝေရဉ္စပုဏ္ဏားကြီးနှင့် ဝေရဉ္စ မြို့သူ၊ မြို့သားများ ဘုရားရှင်နှင့် ရဟန်းတော်များကို သတိမေ့လျော့အောင် လှည့်ပတ်ဆွဲဆောင်ထားသောကြောင့်လည်း ရဟန်းတော်များ ဆွမ်းခံ၍ မရရှိခြင်းဖြစ်သည်။ ဥတ္တရပထတိုင်းမှ ရောက်ရှိလာကြသည့် မြင်းကုန်သည်တို့သည် ရဟန်းတော်များ ဆွမ်းမရသည်ကို သိရှိသဖြင့် ရဟန်းတော်များကို မိမိတို့ ခေတ္တနေထိုင်ရာ မြင်းဝိုင်းသို့ ပင့်ဆောင်၍ တစ်ပါးတစ်ပါးလျှင် တစ်စလယ် တစ်စလယ်စီသော မုယောဆန်တို့ကို လှူဒါန်းလေသည်။

ထိုအခါ ရဟန်းတို့သည် မုယောဆန်တို့ကို ဆုံငယ်၌ ထောင်း၍ ရေနှင့်ဖျော်ကာ ဘုဉ်းပေး သုံးဆောင်ကြသည်။ ဘုရားရှင်အတွက်မူ အရှင်အာနန္ဒာမထေရ်သည် မုယောဆန်ကို အမှုန့်ကြိတ်၍ ထောပတ်၊ ပျားသကာတို့နှင့် ရောစပ်ကာ ဘုရားရှင်အား ဆက်ကပ်လေသည်။ ဘုရားရှင်သည် အရှင်အာနန္ဒာ ဆက်ကပ်သည့် မုယောမုန့်ကို ဘုဉ်းပေး၍ ဖလသမာပတ် ဝင်စားကာ နေထိုင်တော်မူသည်။ ဝေရဉ္စမြို့တွင်းသို့ ဆွမ်းခံကြွတော်မမူပေ။

## ဘုရားရှင် ကောင်းချီးနှုမော် သာဓုခေါ်တော်မူခြင်း

ဘုရားရှင်သည် ဆုံငယ်ထောင်းသံ ကြား၍ မေးမြန်းတော်မူသဖြင့် အရှင်အာနန္ဒာမထေရ်သည် အကြောင်းစုံကို ပြန်ကြား လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် "သာဓု သာဓု အာနန္ဒာ" ဟု ကောင်းချီးနှုမော် သာဓု ခေါ်တော်မူသည်။ ထို့နောက် ဘုရားရှင်သည် "ချစ်သား အာနန္ဒာ... သင်တို့သည် အလိုကြီးခြင်း = မဟိစ္ဆသဘောသို့

မလိုက်ကြဘဲ မုယောဆန်မှုန့်ဖြင့်သာ တင်းတိမ် ရောင့်ရဲနိုင်ကြသဖြင့် အလိုနည်းခြင်း = အပ္ပစ္ဆတာဂုဏ်၊ ရောင့်ရဲလွယ်ခြင်း = သန္တုဋ္ဌိဂုဏ် စသည့် သူတော်ကောင်းဂုဏ်တို့နှင့် ပြည့်စုံကြပါပေစွ။ သင်တို့သည် ယုတ်ညံ့သော အလိုဆိုးရှိခြင်း၊ အလိုကြီးခြင်းဟူသော လောဘနိုင်ငံကို အောင်နိုင်လေပြီ။ ချစ်သား အာနန္ဒာ... သင်တို့၏ အပိစ္ဆတာဂုဏ်၊ သန္တုဋ္ဌိတဂုဏ် စသည်ကို အာရုံပြုကာ ဒကာ၊ ဒကာမများက သာသနာတော်၌ ကြည်ညိုသဒ္ဓါတရား ဖြစ်ပွားကာ ပြည့်စုံစွာ လှူဒါန်းကြသဖြင့် နောင်လာနောက်သား ရဟန်းတော်များသည် သလေးသားပြွမ်းဆွမ်းကိုပင် အထင်သေးမှု မထေမဲ့မြင် ပြုကြပေလိမ့်မည်။ မွန်မြတ် ကောင်းမွန်သည့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ကိုပင် ဤဆွမ်းက မနပ်ဘူး၊ ဤဆွမ်းက ပျော့လွန်းတယ်၊ ဤဟင်းက ဆားမပါဘူး၊ ဤဟင်းက ဆားငန်လွန်းတယ်၊ အချဉ်မပါဘူး၊ အချဉ်များလွန်းတယ်၊ ဖွန်း၊ ပန်းကန် မရှိဘူးလား၊ ပုဂံခွက်ယောက်တွေက ညံ့လွန်းတယ် စသည်ဖြင့် အပြစ်တင်စကား ပြောကြားကြပေလိမ့်မည်" ဟု မိန့်တော်မူသည်။

## ဝါကျွတ်သောအခါ ဒေသစာရီ ကြွချီရန် ပန်ကြားတော်မူခြင်း

ပင့်ဖိတ်သူကို ပန်ကြား ပြောဆိုပြီးမှ ဒေသစာရီ ကြွချီတော်မူခြင်းသည် ဘုရားရှင်တို့၏ ဓမ္မတာတည်း။ သို့ဖြစ်၍ မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ အရှင်အာနန္ဒာမထေရ်ကို ခေါ်၍ ဝေရဉ္စပုဏ္ဏားကြီး၏ နေအိမ်သို့ ကြွသွားတော်မူပြီးလျှင် ဘုရားရှင်အတွက် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူသည်။ ထိုအခါ မြတ်စွာဘုရားသည် မိမိထံ ချဉ်းကပ်လာသော ဝေရဉ္စပုဏ္ဏားကြီးအား ဒေသစာရီ ကြွချီတော်မူမည့်အကြောင်း မိန့်ကြားလေသည်။ ထိုသို့ မိန့်ကြားလေသော် ဝေရဉ္စပုဏ္ဏားကြီးသည် မြတ်စွာဘုရားနှင့် သံဃာတော်များကို ဝေရဉ္စမြို့၌ ဝါကပ်တော်မူပါရန် ဖိတ်မန်ထားသည်ကို သတိရပြီးလျှင် မြတ်စွာဘုရားအား "အရှင်ဘုရား... နက်ဖြန်

ကောင်းမှုကုသိုလ် အလို့ငှာ ရဟန်းသံဃာနှင့် တကွ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ ဘုရား” ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူကာ နက်ဖြန် မိုးသောက် အလင်းရောက်၍ ဆွမ်းစားချိန် ရောက်သောအခါ ရဟန်းများ ခြံရံလျက် ဝေရဉ္စပုဏ္ဏားကြီး အိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူသည်။ ထိုအခါ ဝေရဉ္စ ပုဏ္ဏားကြီးသည် ဘုရား အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ် လှူဒါန်းပြီးလျှင် ဘုရားရှင်အား တိစီဝရိတ် သင်္ကန်းတစ်စုံနှင့် ရဟန်းတော်ငါးရာတို့အား တစ်ပါး တစ်ပါးလျှင် တစ်စုံ တစ်စုံစီသော သင်္ကန်းလျာ အဝတ်တို့ကို လှူဒါန်း ဆက်ကပ်လေသည်။ ထိုမှတစ်ပါး အဖိုးများစွာ ထိုက်တန်သည့် ရဟန်း ပရိက္ခရာ အဖြာဖြာတို့ကိုလည်း ဆက်ကပ် လှူဒါန်းလေသည်။ ထို့နောက် မြတ်စွာဘုရားသည် အနုမောဒနာတရား ဟောကြား၍ ကျောင်းတော်သို့ ပြန်ကြွပြီးလျှင် ဝေရဉ္စမြို့၌ အလိုတော်ရှိသလောက် သီတင်းသုံး နေထိုင်လျက် ဒေသစာရီ ကြွချီတော်မူသည်။ (ဝိ၊ ၁။ ၁။ အံ၊ ၃၊ ၁၈– ၂၄။ ဝိ၊ ၅၊ ၁။ ၇၉– ၁၆၈။)

## စာလိယတောင်၌ တေရသမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ဝေရဉ္စမြို့၊ နဠေရု မည်သော တမာပင်ကြီး၏ အနီးကျောင်း၌ (၁၂) ဝါမြောက် ဒွါဒသမ ဝါကပ်တော်မူ၍ ထိုထို မြို့ရွာ နိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားဓမ္မ ဟောပြတော် မူပြီးလျှင် စာလိကာမြို့ အနီး စာလိက တောင်ပေါ်ကျောင်း၌ (၁၃) ဝါမြောက် တေရသမ ဝါကပ်တော်မူသည်။

## အရှင်မေဃိယမထေရ်အား တရားဟောတော်မူခြင်း

ဘုရားရှင်ကိုယ်တော်မြတ် စာလိကာမြို့ အနီး စာလိက တောင်ပေါ်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူစဉ် အရှင်

မေဃိယမထေရ်သည် ဘုရားရှင်၏ အလုပ်အကျွေး ဖြစ်၏။ တစ်နေ့သ၌ အရှင်မေဃိယမထေရ်သည် ဘုရားရှင်အား လျှောက်ထား၍ ဇန္တုရွာ၌ ဆွမ်းခံကြွဝင်လေသည်။ ဆွမ်းခံပြီးနောက် ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော် ဇန္တုရွာမှ ဖဲခွာ၍ ကိမိကာဠာ မြစ်ကမ်းနား၌ အညောင်းပြေ လမ်းလျှောက်စဉ် သာယာကြည်နူးဖွယ်ကောင်းသည့် သရက်ဥယျာဉ်ကြီးကို တွေ့မြင်လေသည်။ ထိုအခါ အရှင်မေဃိယ မထေရ်သည် "ဤသရက်ဥယျာဉ်ကြီး အတွင်း၌ တရားအားထုတ်ရပါမူ ကောင်းလေစွ" ဟု အကြံအစည် ဖြစ်ပေါ်လာသည်။ ထို့နောက် အရှင် မေဃိယမထေရ်သည် မြတ်စွာဘုရားထံ သွားရောက်၍ သရက် ဥယျာဉ်ကြီးသို့ တရားအားထုတ်ရန် သွားရောက်လိုပါကြောင်း လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် အရှင်မေဃိယ မထေရ်အား မသင့်လျော်ကြောင်း သုံးကြိမ်သုံးခါ တားမြစ်ပါသော်လည်း မလိုက်နာဘဲ အရှင်မေဃိယမထေရ်သည် သရက်ဥယျာဉ်ကြီးသို့ တရားအားထုတ်ရန် ကြွသွားလေသည်။

သရက်ဥယျာဉ်ကြီး အတွင်းသို့ ရောက်သောအခါ အရှင်မေဃိယ မထေရ်သည် တစ်ခုသော သစ်ပင်ရင်းရှိ ကျောက်ဖျာပေါ်၌ ထိုင်လျက် ကမ္မဋ္ဌာန်းတရား ရှုမှတ် ပွားများလေသည်။ ထိုအခါ အရှင်မေဃိယ မထေရ်၏ စိတ်အစဉ်၌ ကမ္မဋ္ဌာန်းအာရုံများ မထင်လာဘဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် ဟူသော အကုသိုလ်တရားများသာ တဖွားဖွား ဖြစ်ပေါ်၍ လာလေသည်။ ထိုသို့ အကုသိုလ်တရားများ တဖွားဖွား ဖြစ်ပေါ်လာသောအခါ အရှင်မေဃိယမထေရ်သည် "သြော်... အံ့ဩဖွယ်ကောင်းပါပေစွ။ ငါသည် သဒ္ဓါတရားဖြင့် ရဟန်း ပြုလာသူ ဖြစ်ပါလျက် အကုသိုလ်ဝိတက်တရား သုံးပါးတို့သည် ငါ၏ သန္တာန်၌ အဖန်ဖန် ဖြစ်ပေါ်၍ နေဘိ၏" ဟု ကြံစည် တွေးတောမိလေ သည်။

ထိုအခါ အရှင်မေဃိယမထေရ်သည် "ဘုရားရှင်သည် ဤအကြောင်းအရာကို မြင်တော်မူ၍ ငါ့အား တားမြစ်တော်မူခြင်း

ဖြစ်ပေလိမ့်မည်” ဟု သတိတရားရကာ ဘုရားထံသို့ အမြန်ကြွသွား၍ ဘုရားရှင်အား မိမိစိတ်၌ အကုသိုလ်ဝိတက်တရားများ ဖြစ်ပွားပုံ အလုံးစုံကို လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် အရှင်မေဃိယမထေရ်အား “ချစ်သား မေဃိယ (၁) မိတ်ကောင်း ဆွေကောင်းရှိခြင်း၊ (၂) အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၃) အလိုနည်းမှု= အပ္ပိစ္ဆနှင့် စပ်သောစကား၊ ရောင့်ရဲလွယ်မှု= သန္တုဋ္ဌိနှင့် စပ်သောစကား၊ ဆိတ်ငြိမ်မှု= ဝိဝေကနှင့် စပ်သောစကား၊ လူသူတို့နှင့် မရောနှောမှုနှင့် စပ်သောစကား၊ အားထုတ်မှု= ဝီရိယနှင့် စပ်သောစကား၊ သီလနှင့် စပ်သောစကား၊ သမာဓိနှင့် စပ်သောစကား၊ ပညာနှင့်စပ်သောစကား၊ ဝိမုတ္တိ= အရဟတ္တဖိုလ်နှင့် စပ်သောစကား၊ ဝိမုတ္တိဉာဏဒဿန= အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာ ဉာဏ်အမြင်နှင့် စပ်သောစကား ဤသို့ စကားဆယ်မျိုးကို နာကြား ပြောဆိုခြင်း၊ (၄) အကုသိုလ်တရား ပယ်ရှား၍ ကုသိုလ်တရား ဖြစ်ပွားစေရန် ထက်သန်သော လုံ့လဝီရိယရှိခြင်း၊ (၅) ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း၊ ဤတရားငါးမျိုးတို့သည် မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှ ထွက်မြောက်မှု= စေတောဝိမုတ္တိကို ရင့်ကျက်စေရန် ဖြစ်ကုန်၏။ ချစ်သား မေဃိယ... ရဟန်းသည် ထိုတရားငါးမျိုးတို့၌ တည်၍ ရာဂကို ပယ်ရန် အသုဘကမ္မဋ္ဌာန်းကို ပွားများရမည်၊ ဒေါသဗျာပါဒကို ပယ်ရန် မေတ္တာကို ပွားများရမည်၊ ဝိတက်ကို ပယ်ဖြတ်ရန် အာနာပါနဿတိကို ပွားများရမည်။ ငါ ဟူသော အသ္မိမာနကို ပယ်ရန် မမြဲဟူသောအမှတ်= အနိစ္စသညာကို ပွားများရမည်၊ အနိစ္စသညာ ထင်မြင်သူအား အနှစ်သာရအတ္တမရှိ ဟူသော အမှတ်= အနတ္တသညာ ထင်မြင်၏။ အနတ္တသညာ ထင်မြင်သူသည် ငါ ဟူသော အသ္မိမနာ ကင်းကွာ၍ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်နိုင်၏” ဟု မိန့်တော်မူသည်။ ဒေသနာတော်အဆုံး၌ အရှင်မေဃိယမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ (အံ၊ ၃၊ ၁၆၆။ ဥဒါန၊ ၁၁၆။ ဓမ္မ၊ ၄၊ ၁၈၂။)

## သာဝတ္ထိပြည်၌ စုဒ္ဒသမဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် စာလိကာမြို့အနီး စာလိက တောင်ပေါ် ကျောင်းတိုက်၌ (၁၃) ဝါမြောက် တေရသမ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထိုမြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားဓမ္မ ဟောပြတော်မူပြီးလျှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ (၁၄) ဝါမြောက် စုဒ္ဒသမ ဝါကပ်တော်မူသည်။

## စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ (၁၄) ဝါမြောက် စုဒ္ဒသမ ဝါကပ်တော်မူစဉ် ရဟန်းဖြစ်စ သားတော် အရှင်ရာဟုလာအား စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူသည်။ တစ်နေ့သ၌ မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာသို့ ကပ်လျက် တစ်ပါးတည်း ကိန်းအောင်းနေစဉ် "ရာဟုလာအား အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်သော သဘောတရားတို့သည် ရင့်ကျက်ကုန်ပြီ။ ငါသည် ရာဟုလာအား တစ်ဆင့်တက်၍ အာသဝေါတို့၏ ကုန်ခန်းမှု၌ သွန်သင်ဆုံးမရပါမူ ကောင်းလေစွ" ဟု စိတ်အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်၍ ဆွမ်းစားပြီးနောက် အရှင်ရာဟုလာကို ခေါ်၍ အန္ဓဝန်တောသို့ ကြွတော်မူသည်။ ထိုအခါ များစွာသော နတ်တို့သည် "ယနေ့ မြတ်စွာဘုရားသည် အရှင်ရာဟုလာကို တစ်ဆင့်တက်၍ အာသဝေါတို့၏ ကုန်ခန်းမှု၌ သွန်သင်တော်မူလတ္တံ့" ဟု နှလုံးပိုက်၍ မြတ်စွာဘုရားနောက်သို့ အစဉ်လိုက်ကြကုန်၏။ မြတ်စွာဘုရားသည် အန္ဓဝန်တောအုပ်အတွင်း တစ်ခုသော သစ်ပင်ရင်း၌ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၍ အရှင်ရာဟုလာအား အမေး၊ အဖြေ ပြုလုပ်ကာ တရားဓမ္မ ဟောပြတော်မူသည်။ "ချစ်သား ရာဟုလာ... စက္ခုပသာဒသည် မြဲသလော၊ မမြဲသလော" ဟု မေးတော်မူ၏။ "မမြဲပါ အရှင်ဘုရား" ဟု လျှောက်၏။ "မမြဲသော စက္ခုပသာဒသည် ဆင်းရဲလော၊ ချမ်းသာလော" ဟု မေးတော်မူ၏။

"ဆင်းရဲပါ အရှင်ဘုရား" ဟု လျှောက်၏။ မမြဲသော၊ ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော စက္ခုပသာဒကို "ဤစက္ခုပသာဒသည် ငါ့ဉစ္စာတည်း၊ ငါတည်း၊ ငါ၏ ခိုင်မြဲသော အတ္တတည်း ဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ရှုမြင်ခြင်းငှာ သင့်ပါမည်လော" ဟု မေးတော်မူသည်။ "မသင့်ပါ အရှင်ဘုရား" ဟု လျှောက်၏။

ထို့အတူ ရူပါရုံ၊ စက္ခုပသာဒ၌ မှီသော စက္ခုဝိညာဉ်စိတ်၊ စက္ခုပသာဒကို မှီ၍ဖြစ်သော တွေ့ထိမှု= စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း မေးမြန်းတော်မူသည်။

ထို့နောက် "ချစ်သား ရာဟုလာ... သောတပသာဒသည် မြဲသလော ဟု မေးတော်မူ၏။ "မမြဲပါ အရှင်ဘုရား" ဟု လျှောက်၏။ "မမြဲသော သောတပသာဒသည် ဆင်းရဲလော၊ ချမ်းသာလော" ဟု မေးတော်မူ၏။ "ဆင်းရဲပါ အရှင်ဘုရား" ဟု လျှောက်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော သောတပသာဒကို "ဤ သောတပသာဒသည် ငါ့ဉစ္စာတည်း၊ ငါတည်း၊ ငါ၏ ခိုင်မြဲသော အတ္တတည်း ဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ရှုမြင်ခြင်းငှာ သင့်ပါမည်လော" ဟု မေးတော်မူသည်။ "မသင့်ပါ အရှင်ဘုရား" ဟု လျှောက်၏။

ထို့အတူ သဒ္ဒါရုံ၊ သောတပသာဒ၌ မှီသော သောတဝိညာဉ်စိတ်၊ သောတပသာဒကို မှီ၍ ဖြစ်သော တွေ့ထိမှု= သောတသမ္ဖဿ၊ သောတသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း မေးမြန်းတော်မူသည်။

"ချစ်သား ရာဟုလာ... ဃာနပသာဒသည် မြဲသလောဟု မေးတော်မူ၏။ "မမြဲပါ အရှင်ဘုရား" ဟု လျှောက်၏။ "မမြဲသော ဃာနပသာဒသည် ဆင်းရဲလော၊ ချမ်းသာလော" ဟု မေးတော်မူ၏။ "ဆင်းရဲပါ အရှင်ဘုရား" ဟု လျှောက်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော ဃာနပသာဒကို 'ဤဃာနပသာဒသည် ငါ့ဉစ္စာတည်း၊ ငါတည်း၊ ငါ၏ ခိုင်မြဲသော အတ္တတည်း ဟု တဏှာ၊

မာန၊ ဒိဋ္ဌိတို့ဖြင့် ရှုမြင်ခြင်းငှာ သင့်ပါမည်လော'' ဟု မေးတော်မူသည်။ မသင့်ပါ အရှင်ဘုရား ဟု လျှောက်၏။

ထို့အတူ ဂန္ဓာရုံ၊ ဃာနပသာဒဥ္စ မှီသော ဃာနဝိညာဉ်စတ်၊ ဃာနပသာဒကို မှီ၍ဖြစ်သော တွေ့ထိမှု= ဃာနသမ္ဖဿ၊ ဃာန သမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်တို့ကိုလည်း မေးမြန်းတော်မူသည်။

''ချစ်သား ရာဟုလာ... ဇိဝှါပသာဒသည် မြဲသလော ဟု မေးတော်မူ၏။ ''မမြဲပါ အရှင်ဘုရား'' ဟု လျှောက်၏။ ''မမြဲသော ဇိဝှာပသာဒသည် ဆင်းရဲလော၊ ချမ်းသာလော'' ဟု မေးတော်မူ၏။ ''ဆင်းရဲပါ အရှင်ဘုရား'' ဟု လျှောက်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော ဇိဝှာပသာဒကို ''ဤဇိဝှာပသာဒသည် ငါ့ဥစ္စာတည်း၊ ငါတည်း၊ ငါ၏ ခိုင်မြဲသော အတ္တတည်း ဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ရှုမြင်ခြင်းငှာ သင့်ပါမည်လော'' ဟု မေးတော်မူသည်။ ''မသင့်ပါ အရှင်ဘုရား'' ဟု လျှောက်၏။

ထို့အတူ ရသာရုံ၊ ဇိဝှါပသာဒဥ္စ မှီသော ဇိဝှါဝိညာဉ်စိတ်၊ ဇိဝှါပသာဒကို မှီ၍ဖြစ်သော တွေ့ထိမှု= ဇိဝှါသမ္ဖဿ၊ ဇိဝှါသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း မေးမြန်းတော်မူသည်။

''ချစ်သား ရာဟုလာ... ကာယပသာဒသည် မြဲသလော'' ဟု မေးတော်မူ၏။ ''မမြဲပါ အရှင်ဘုရား'' ဟု လျှောက်၏။ ''မမြဲသော ကာယပသာဒသည် ဆင်းရဲလော၊ ချမ်းသာလော'' ဟု မေးတော်မူ၏။ ''ဆင်းရဲပါ အရှင်ဘုရား'' ဟု လျှောက်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော ကာယပသာဒကို ''ဤကာယပသာဒ သည် ငါ့ဥစ္စာတည်း၊ ငါတည်း၊ ငါ၏ ခိုင်မြဲသော အတ္တတည်း ဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ရှုမြင်ခြင်းငှာ သင့်ပါမည်လော'' ဟု မေးတော်မူသည်။ ''မသင့်ပါ အရှင်ဘုရား'' ဟု လျှောက်၏။ ထို့အတူ ဖောဋ္ဌဗ္ဗာရုံ၊ ကာယ

ပသာဒ၌ မှီသော ကာယဝိညာဉ်စိတ်၊ ကာယပသာဒကို မှီ၍ဖြစ်သော တွေ့ထိမှု= ကာယသမ္ဖဿ၊ ကာယသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တို့ကိုလည်း မေးမြန်းတော်မူသည်။

"ချစ်သား ရာဟုလာ... မနောဒွါရသည် မြဲသလော" ဟု မေးတော်မူ၏။ "မမြဲပါ အရှင်ဘုရား" ဟု လျှောက်၏။ "မမြဲသော မနောဒွါရသည် ဆင်းရဲလော၊ ချမ်းသာလော" ဟု မေးတော်မူ၏။ ဆင်းရဲပါ အရှင်ဘုရား" ဟု လျှောက်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော မနောဒွါရကို "ဤမနောဒွါရသည် ငါ့ဥစ္စာတည်း၊ ငါတည်း၊ ငါ၏ ခိုင်မြဲသော အတ္တတည်း ဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ရှုမြင်ခြင်းငှာ သင့်ပါမည်လော" ဟု မေးတော်မူသည်။ "မသင့်ပါ အရှင်ဘုရား" ဟု လျှောက်၏။

ထို့အတူ ဓမ္မာရုံ၊ မနောဝိညာဉ်စိတ်၊ မနောကို မှီ၍ဖြစ်သော တွေ့ထိမှု= မနောသမ္ဖဿ၊ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း မေးမြန်းတော်မူသည်။

"ချစ်သား ရာဟုလာ... ဤသို့ ရှုမြင်သော အရိယာတပည့်သည် စက္ခုပသာဒ စသည်တို့၌ ငြီးငွေ့၏၊ ငြီးငွေ့လျှင် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းသော် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် "ကိလေသာမှ လွတ်မြောက်ပြီ" ဟု သိသော ပစ္စဝေက္ခဏာဉာဏ် ဖြစ်၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအတွက် နောက်ထပ် ပြုဖွယ်မရှိတော့ပြီ ဟု သိ၏" ဟု ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အရှင်ရာဟုလာသည် အရဟတ္တဖိုလ်၌ တည်လေသည်။ များစွာသော နတ်ဗြဟ္မာတို့သည် အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာ ဖြစ်ကြလေသည်။

## အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်သည့် တရား ၁၅ ပါး

(၁) သဒ္ဓါတရား မရှိသူကို ရှောင်ကြဉ်ခြင်း၊ (၂) သဒ္ဓါတရား ရှိသူကို ဆည်းကပ်ခြင်း၊ (၃) ကြည်ညိုဖွယ် သုတ္တန်များကို ဆင်ခြင်ခြင်း၊ (၄) ပျင်းရိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ (၅) ဝီရိယရှိသူကို ဆည်းကပ်ခြင်း၊ (၆) သမ္မပ္ပဓာန် ဝီရိယနှင့် စပ်သော သုတ္တန်များကို ဆင်ခြင်ခြင်း၊ (၇) မေ့လျော့သူကို ရှောင်ကြဉ်ခြင်း၊ (၈) သတိရှိသူကို ဆည်းကပ်ခြင်း၊ (၉) သတိပဋ္ဌာန်တရားတို့ကို ဆင်ခြင်ခြင်း၊ (၁၀) သမာဓိ မရှိသူကို ရှောင်ကြဉ်ခြင်း၊ (၁၁) သမာဓိရှိသူကို ဆည်းကပ်ခြင်း၊ (၁၂) ဈာန်ဝိမောက္ခတရားတို့ကို ဆင်ခြင်ခြင်း၊ (၁၃) ပညာမရှိသူကို ရှောင်ကြဉ်ခြင်း၊ (၁၄) ပညာရှိသူကို ဆည်းကပ်ခြင်း၊ (၁၅) နက်နဲသော သုတ္တန်များကို ဆင်ခြင်ခြင်းတို့ ဖြစ်ပါသည်။ (မ၊ ဌ၊ ၄၊ ၂၄၃။)

## ဘဒ္ဒေကရတ္တသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စုဒ္ဒသမ ဝါကပ်တော်မူစဉ် ရဟန်းတို့အား "ချစ်သား ရဟန်းတို့... အတိတ်ခန္ဓာ ချုပ်ပြီးပြီ။ ထို့ကြောင့် အတိတ်ခန္ဓာသို့လည်း တဏှာ ဒိဋ္ဌိတို့ဖြင့် အစဉ်မလိုက်ရာ။ အနာဂတ်ခန္ဓာသည် မရောက်လာသေး။ ထို့ကြောင့် အနာဂတ်ခန္ဓာကိုလည်း တဏှာ ဒိဋ္ဌိတို့ဖြင့် မတောင့်တရာ။ ပစ္စုပ္ပန်သဘောတရားကို ထိုထို ဖြစ်ဆဲခဏ၌ပင် ရှုမှတ်သော ယောဂီ ပုဂ္ဂိုလ်သည် တွန့်ဆုတ် ပျက်စီးခြင်း မရှိသော ထို ရှုမှတ်မှုကို အဖန်ဖန် ပွားများ အားထုတ်ရာ၏။

အဘယ်သူသည် နက်ဖြန်၌ သေရမည်ကို သိနိုင်အံ့နည်း။ ယနေ့ကပင် အားထုတ်သင့်သော ကောင်းမှုကုသိုလ် အလုပ်ကို အားထုတ်သင့်၏။ ငါတို့အား များသော စစ်သည်ရှိသော သေမင်းနှင့် ချိန်းဆိုထားချက် မရှိပေ။ ဤသို့ ဝိပဿနာ ရှုမှတ်ကာ နေလေ့ရှိသော နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ရဟန်းကို "ဘဒ္ဒေကရတ္တ= ကောင်းသော ညဥ့်တစ်ညဥ့်ရှိသော ရဟန်း" ဟူ၍ အပူခပ်သိမ်း

ငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် ဟောကြားအပ်၏ ဟု မိန့်တော်မူသည်။ (မ၊ ၃၊ ၂၂၆။)

## ကပိလဝတ်ပြည်၌ ပန္နရသမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ (၁၄) ဝါမြောက် စုဒ္ဒသမ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထိုမြို့ရွာ နိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားဓမ္မ ဟောပြပြီးလျှင် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတိုက်၌ (၁၅) ဝါမြောက် ပန္နရသမ ဝါကပ်တော်မူသည်။

## ဆွေတော်မျိုးတော်တို့၏ စစ်ပွဲကို ငြိမ်းအေးစေသော အကြောင်းဝတ္ထု

ဘုရားရှင်၏ ဆွေတော်မျိုးတော်တို့ စိုးစံရာ ကပိလဝတ်ပြည်နှင့် ကောလိယ နှစ်ပြည်ထောင် နယ်စပ်ဝယ် ရောဟိဏီမြစ်သည် ခြားဆီးလျက် ရှိ၏။ နှစ်ပြည်ထောင်မှ လယ်သမားများသည် ရောဟိဏီမြစ်ရေကို အမှီပြု၍ ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးကြသည်။ တစ်နှစ်သ၌ နွေနှောင်းကာလ နယုန်လအခါဝယ် ကောက်ပင်တို့သည် ညှိုးနွမ်းလတ်သော် နှစ်ပြည်ထောင်သား လယ်သမားများသည် ရောဟိဏီမြစ်ရေ ခွဲဝေသုံးစွဲရေးအတွက် စည်းဝေး တိုင်ပင်ကြသည်။ ယင်းအစည်းအဝေး၌ ကောလိယပြည်သား လယ်သမားများက "ဤမြစ်ရေကို နှစ်ပြည်ထောင် ခွဲဝေ သုံးစွဲပါက မလောက်မငနှင့် နှစ်ဦးနှစ်ဖက် အကျိုးမရှိဘဲ ဖြစ်ပေလိမ့်မည်။ ငါတို့ ကောက်ပင်များသည် ရေတစ်ကြိမ် ပေးသွင်းက အောင်မြင်မည်ဖြစ်၍ ဤရေကို ငါတို့အား ပေးပါ" ဟု အရေးဆိုကြသည်။

ကပိလဝတ်ပြည်သား လယ်သမားများလည်း "ငါတို့သည် ရွှေငွေ အသပြာတို့ကို ယူဆောင်၍ သင်တို့ အိမ်တံခါးဝသို့ လာရောက် တောင်းခံခြင်းငှာ အလိုမရှိကြပါ။ ငါတို့၏ ကောက်ပင်များလည်း ရေ

တစ်ကြိမ် ပေးသွင်းက အောင်မြင်မည်ပင် ဖြစ်သည်။ ထို့ကြောင့် ဤရေကို ငါတို့အားသာ ပေးကြပါ" ဟု ပြောဆိုကြပြန်သည်။

ယင်းသို့ ငြင်းခုံ ပြောဆိုနေကြစဉ် စိတ်မြန်သော သူတစ်ယောက်က တစ်ယောက်သောသူအား ရိုက်ပုတ်သည်မှ အစပြု၍ အမျိုးဇာတ်ကို ထိခိုက် ပြောဆိုကာ ခိုက်ရန် ဖြစ်ပွားကြသည်။ ယင်းရန်ပွဲသည် အထက်မင်းတို့ တိုင်အောင် ပေါက်ကြားသဖြင့် နှစ်ပြည်ထောင်ဖွား သာကီဝင်မင်းသားတို့သည် စစ်တိုက်အံ့သောငှာ ရောဟိဏီ မြစ်ကမ်းတွင် လာရောက် ပေါင်းဆုံကြသည်။

ဆွေတော်မျိုးတော်တို့၏ စစ်ဖြစ်ပွားကြမည့် အခြေအနေကို သိတော်မူသော ဘုရားရှင်သည် ကိုယ်တော် တစ်ပါးတည်း ကောင်းကင်ခရီးဖြင့် ကြွချီတော်မူ၍ နှစ်ဖက်သော စစ်သည်တို့၏ အကြား ရောဟိဏီ မြစ်ပြင်အလယ် အထက်ကောင်းကင်ဝယ် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသည်။ ဘုရားရှင်ကို ဖူးမြင်ရသဖြင့် နှစ်ဖက်သော ဆွေတော်မျိုးတော်တို့သည် မိမိတို့ ကိုင်ဆောင်ထားသော လက်နက်တို့ကို စွန့်ပယ်၍ ဘုရားရှင်အား ဦးခေါင်းညွှတ်ကျိုး ရှိခိုးကြသည်။ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား တရားရေအေး တိုက်ကျွေးတော်မူသည်။

စစ်တိုက်အံ့သောငှာ လာရောက် ပေါင်းဆုံရာ ရောဟိဏီ မြစ်ကမ်းသာဝယ် ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား ကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတို့ အချင်းချင်း ရန်ငြိုးထားကြသဖြင့် နှစ်ဦးနှစ်ဖက် ပျက်စီးကြရသည့် ဖန္ဒနဇာတ် (ဇာ၊ ၁၊ ၂၅၉။) ကိုလည်းကောင်း၊ အသိဉာဏ်မဲ့သည့် ယုန်၏ စကားကို ယုံစားမိသဖြင့် ဟိမဝန္တာတောနေ သတ္တဝါအပေါင်းတို့ သမုဒ္ဒရာအတွင်း၌ ကျရောက်ပျက်စီးလုနီးပါး ဖြစ်ကြရသည့် ပထဝိဥန္ဒြီယဇာတ် (ဇာ၊ ၁၊ ၁၀၄။) ကို လည်းကောင်း၊ အင်အားသေးလျက် အင်အားကြီးသည့် ရန်သူ၏ အာဏာစက်ကို ဖြိုဖျက်နိုင်သည့် လဋုကိကဇာတ် (ဇာ၊ ၁၊ ၁၂၄။) ကို လည်းကောင်း ဟောတော်မူသည်။ ထိုမှတစ်ပါး ညီညွတ်ခြင်း၏ အကျိုးကို ပြဆိုသော ရုက္ခဓမ္မဇာတ် (ဇာ၊ ၁၊ ၁၇။) ဝဋ္ဋကဇာတ် တို့ကို လည်းကောင်း ဟောတော်မူသည်။ ထို့ပြင် သုတ္တနိပါတ်လာ

အတ္တဒဏ္ဍသုတ် (သုတ္တနိ၊ ၄၂၄။) ကိုလည်း ဟောတော်မူသည်။ ဆွေတော်မျိုးတော်တို့သည်လည်း ဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် နှစ်ပြည်ထောင် ရန်စစ်မီး အေးလျက် ငြိမ်းချမ်းရေး ရကြလေသည်။

## မဟာသမယသုတ်တို့ကို ဟောတော်မူခြင်း

ထိုအခါ နှစ်ပြည်ထောင်မင်းတို့သည် "ငါတို့သည် မြတ်စွာဘုရားကို အမှီပြု၍ အသက်ချမ်းသာမှုကို ရအပ်ပေပြီ" ဟု ဆင်ခြင် အောက်မေ့လျက် ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါတရား အားကြီးစွာ ဖြစ်ပွားလျက် တစ်ပြည်ထောင်လျှင် မင်းသား နှစ်ရာ့ငါးဆယ်စီဖြင့် မင်းသား ငါးရာတို့ကို ဘုရားရှင်အား လှူဒါန်းကြလေသည်။ ဘုရားရှင်သည် ထို မင်းသား ငါးရာတို့ကို ရဟန်းပြုပေးပြီးလျှင် ကပိလဝတ်ပြည် အနီး မဟာဝုန်တောကြီး အတွင်းသို့ ခေါ်ဆောင်ကာ ကြွသွားတော်မူလေသည်။

ထို ရဟန်းငါးရာတို့သည် ရဟန်းပြုပြီးနောက် မကြာမြင့်မီပင် မိမိတို့ ဆန္ဒအလျောက် ရဟန်း ပြုလာကြသူများ မဟုတ်သည်က တစ်ကြောင်း၊ ဇနီးဟောင်းတို့ကလည်း စာလွှာ သတင်းစကား ပေးပို့ ပြောကြားကြသည်က တစ်ကြောင်းတို့ကြောင့် သာသနာတော်ဝယ် မပျော်ပိုက်ကြပေ။ ဘုရားရှင်သည် ရဟန်းငါးရာတို့၏ သာသနာတော်၌ မပျော်ပိုက်ကြောင်းကို သိတော်မူသဖြင့် ထို ရဟန်းငါးရာတို့ကို မိမိ၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဟိမဝန္တာတောအတွင်း ကုဏာလရေအိုင်သို့ ခေါ်ဆောင် ကြွသွားတော်မူသည်။ ကုဏာလအိုင်သို့ ရောက်သောအခါ ဘုရားရှင်သည် ရဟန်းတော်တို့၏ သာသနာတော်၌ မပျော်ပိုက်မှုကို ပယ်ဖျောက်ခြင်း အကျိုးငှာ ကုဏာလရေအိုင် အတွင်းရှိ ငါးတို့၏ အမည်များ၊ ဟိမဝန္တာတော အတွင်းရှိ စိတ်ဝင်စားဖွယ်ရာ သစ်ပင်များ၊ တောင်စဉ်များ၊ တိရစ္ဆာန်အမျိုးမျိုးတို့၏ အမည်များကို ပြောပြတော်မူသည်။ ထိုအခိုက်ဝယ် ဥဩငှက်ပျိုမ နှစ်ကောင်သည် တုတ်တစ်ချောင်းကို အစွန်းတစ်ဖက်စီ၌ ကိုက်ချီပြီးလျှင် အလယ်၌ ဥဩငှက်မင်းကို

ထိုင်နေစေလျက် ထက်အောက် ရှေ့နောက် တောင်မြောက် ဝဲယာမှ ဥသြင်္ဂုက်ပျိုမ ရှစ်ကောင်စီ ခြံရံလျက် ကောင်းကင်ထက်၌ ပျံသန်း လာသည်ကို ရဟန်းတော်တို့ တွေ့မြင်ကြလေသည်။ ထိုအခါ ရဟန်း တော်တို့သည် မြတ်စွာဘုရားအား ထိုငှက်တို့အကြောင်းကို မေးမြန်း လျှောက်ထားကြသည်။

မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ဤငှက်မျိုးအစဉ်သည် ငါဘုရား၏ ရှေး၌ ဖြစ်ခဲ့ဖူးသော အမျိုးအနွယ် အစဉ်ပေတည်း” ဟု မိန့်တော်မူပြီးလျှင် မိန်းမတို့၏ ပြုမူတတ်ပုံ အမျိုးမျိုးကို ညွှန်ပြသည့် ကုဏာလဇာတ် (ဇာ၊ ၂၊ ၁၁၄–၁၃၁။) ကို ဟောတော်မူသည်။ ဒေသနာ နိဂုံး တရားအဆုံး၌ ရဟန်းတော် ငါးရာတို့သည် တန်ခိုးအဘိညာဉ်နှင့် တကွ သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ထို့နောက် မြတ်စွာ ဘုရားသည် ရဟန်းတော်တို့နှင့် တကွ ကောင်းကင်ခရီးဖြင့် မဟာဝုန် တောသို့ ပြန်ကြွတော်မူသည်။ မဟာဝုန်တောအတွင်း ခင်းထားအပ် သော နေရာ၌ ထိုင်တော်မူပြီးလျှင် ရဟန်းတော်တို့အား အထက် မဂ် သုံးပါးအတွက် ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူသည်။ ရဟန်းတော် တို့သည် မြတ်စွာဘုရား ထံမှ ကမ္မဋ္ဌာန်းတရားကို နာယူပြီးလျှင် အသီးသီး ဆိတ်ငြိမ်ရာသို့ ကပ်လျက် လုံ့လကြိုးကုတ် အားထုတ်ကြ သဖြင့် မကြာမီ ရဟန်းတော် ငါးရာလုံး အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ကြလေသည်။

မြတ်စွာဘုရားသည် နယုန်လပြည့်နေ့ ညနေချမ်းအချိန်ဝယ် ရဟန္တာ ဖြစ်ပြီးစ မင်းသား ရဟန္တာငါးရာ ခြံရံလျက် တင့်တယ်စွာ သီတင်းသုံး ထိုင်နေတော်မူသည်။ ထိုအခါ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရားနှင့် တကွ ရဟန္တာသစ်လွင် ငါးရာတို့ကို ဖူးမြင်ခြင်းငှာ လာရောက်ကြသဖြင့် မဟာဝုန်တော အတွင်း၌ များစွာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အစည်းအဝေးကြီး သည် ဖြစ်၏။ ထိုအစည်းအဝေးကြီး၌ မြတ်စွာဘုရားသည် ရဟန်းတော် တို့အား နတ်ဗြဟ္မာတို့၏ အမည်များကို ညွှန်ပြသည့် ‘မဟာသမယ သုတ်’ (ဒီ၊ ၂၊ ၂၀၃။) ကို ဟောတော်မူသည်။ ထိုမှတစ်ပါး ရာဂစရိုက်

# ဏ္ဍုမသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် ဤ ဣဏ္ဍုမသုတ် ဒေသနာတော်ကို သာဝတ္ထိပြည်မြှန် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ထံနီးမျက်မှောက် ချဉ်းကပ် ရောက်ရှိလာသော အနာထပိဏ်သူဌေးကြီးအား ဟောကြားတော်မူ သည်။

ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီးကို "ဒကာတော် လောက၌ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ရနိုင်ခဲ သော တရားငါးပါး ရှိတယ်။ အဲဒီ ငါးပါးကတော့ အသက်ရှည်ခြင်းသည် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ရနိုင်ခဲသော အကျိုးတရား တစ်ခုဖြစ်တယ်။ အဆင်းလှခြင်းသည် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ရနိုင်ခဲသော အကျိုးတရား တစ်ခု ဖြစ်တယ်။ ချမ်းသာခြင်းသည် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ရနိုင်ခဲသော အကျိုးတရား တစ်ခု ဖြစ်တယ်။ အခြံအရံ များခြင်းသည် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ရနိုင်ခဲသော အကျိုးတရား တစ်ခုဖြစ်တယ်။ တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်ရခြင်းသည် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ရနိုင်ခဲသော အကျိုးတစ်ခု ဖြစ်တယ်။

ထို အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံများခြင်း၊ တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်ရခြင်းကို နှုတ်ဖြင့် တောင်းဆိုခြင်းဖြင့် ဖြစ်စေ၊ စိတ်ဖြင့် တောင်းတခြင်းဖြင့် ဖြစ်စေ ရအပ် ရနိုင်တယ်လို့ ငါဘုရား ဟောတော်မမူဘူး။ အကယ်၍ ထိုတရား ငါးမျိုးကို နှုတ်ဖြင့် တောင်းဆို၍ စိတ်ဖြင့် တောင့်တ၍ ဆုတောင်း၍ ရရှိပါမူ ဤလောက၌ အဘယ်သူသည် အသက်မရှည်သူ၊ အဆင်းမလှသူ၊ မချမ်းသာသူ၊ အခြံအရံ မများသူ ရှိတော့ မည်နည်း။

ဒကာတော် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံ များခြင်း၊ တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်ရခြင်းကို အလိုရှိသော အရိယာ တပည့်သည် အသက်ရှည်ခြင်း စသော အကျိုးငါးမျိုး ရဖို့အတွက် နှုတ်ဖြင့် တောင်းဆိုခြင်း၊ စိတ်ဖြင့် တောင့်တခြင်း၊ ဆုတောင်းခြင်းကို မပြုသင့် မပြုထိုက်ဘူး။

အသက်ရှည်ခြင်းကို အလိုရှိသော အရိယာတပည့်သည် အ သက် ရှည်ခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ်ရမယ်။

အသက်ရှည်ခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ်သော အရိယာတပည့်သည် လူ နတ် နှစ်တန် အသက်ရှည်ခြင်း အကျိုးကို မုချကေန် အမှန်ရရှိမှာ ဖြစ်တယ်။

အဆင်းလှခြင်းကို အလိုရှိသော အရိယာတပည့်သည် အဆင်းလှခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ် ရမယ်။ အဆင်းလှခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ် အလုပ်ကို ပြုလုပ်သော အရိယာတပည့်သည် လူ နတ် နှစ်တန် အဆင်းလှခြင်း အကျိုးကို မုချကေန် အမှန်ရရှိမှာ ဖြစ်တယ်။

ချမ်းသာခြင်းကို အလိုရှိသော အရိယာတပည့်သည် ချမ်းသာ ခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ် ရမယ်။ ချမ်းသာခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ် အလုပ်ကို ပြုလုပ်သော အရိယာတပည့်သည် လူ နတ် နှစ်တန် ချမ်းသာခြင်း အကျိုးကို မုချကေန် အမှန်ရရှိမှာ ဖြစ်တယ်။

အခြံအရံများခြင်းကို အလိုရှိသော အရိယာတပည့်သည် အခြံအရံ များခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ်ရမယ်။ အခြံအရံ များခြင်းကို ဖြစ်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ်သော အရိယာတပည့်သည် လူ နတ် နှစ်တန် အခြံအရံများခြင်း အကျိုးကို မုချကေန် အမှန်ရရှိမှာ ဖြစ်တယ်။

တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်ရခြင်းကို အလိုရှိသော အရိယာတပည့်သည် တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ်ရမယ်။ တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်စေနိုင်တဲ့ ဒါန၊ သီလ စသော ကုသိုလ်အလုပ်ကို ပြုလုပ်သော အရိယာတပည့်သည် တမလွန်ဘဝဝယ် နတ်ပြည်သို့ ရောက်ခြင်းအကျိုးကို မုချကေန် အမှန်ရရှိမှာ ဖြစ်တယ်" ဟု ဟောတော်မူသည်။ (ဣဋ္ဌသုတ်၊ အံ ၂၊ ၄၁။)

များသော နတ်ဗြဟ္မာတို့အတွက် 'သမ္မာပရိဗ္ဗာဇနီယသုတ်' (သုတ္တနိ၊ ၃၃၂။) ဒေါသစရိုက်များသော နတ်ဗြဟ္မာတို့အတွက် 'ကလဟဝိဝါဒသုတ်' (သုတ္တနိ၊ ၄၁၃။)၊ မောဟစရိုက်များသော နတ်ဗြဟ္မာတို့အတွက် 'မဟာဗျူဟသုတ်' (သုတ္တနိ၊ ၄၁၈)၊ ဝိတက်များသော နတ်ဗြဟ္မာတို့အတွက် 'စူဠဗျူဟသုတ်' (သုတ္တနိ၊ ၄၁၅။)၊ သဒ္ဓါစရိုက်များသော နတ်ဗြဟ္မာတို့အတွက် 'တုဝဋ္ဋကသုတ်' (သုတ္တနိ၊ ၄၂၁။)၊ ပညာစရိုက်များသော နတ်ဗြဟ္မာတို့အတွက် 'ပုရာဘေဒသုတ်' (သုတ္တနိ၊ ၄၁၁။) တို့ကိုလည်း ဟောကြားတော်မူသည်။ ဒေသနာတော် အဆုံး၌ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ သောတာပန် စသည် အရေအတွက်ကား များပြားလှ၏။ (ဒီ၊ ဋ္ဌ၊ ၂၊ ၂၆၆။ သံ၊ ဋ္ဌ၊ ၁၊ ၆၄။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၆၅။ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၈၉။ ဇာ၊ ဋ္ဌ၊ ၅၊ ၄၄၁။)

## ပထမမဟာနာမသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ် မဟာနာမ် သာကီဝင်မင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား... ကပိလဝတ်ပြည်သည် ပြည့်စုံ ကြွယ်ဝ၏။ စည်ပင်ဝပြော၏။ များသော လူဦးရေ ရှိ၏။ တပည့်တော်သည် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့ကို ဆည်းကပ် ခစားပြီးနောက် ညနေချမ်းအချိန်၌ ကပိလဝတ်ပြည်သို့ ဝင်သည်ရှိသော် လှည့်လည် သွားလာနေသော ဆင်တွေနှင့်လည်း တွေ့ဆုံရပါ၏၊ မြင်းတွေနှင့်လည်း တွေ့ဆုံရပါ၏၊ ရထားတွေနှင့်လည်း တွေ့ဆုံရပါ၏၊ လှည့်လည် သွားလာနေသော ယောကျ်ား၊ မိန်းမတွေနှင့်လည်း တွေ့ဆုံရပါ၏။ ထိုအခါ တပည့်တော်အား ဘုရားကို အာရုံပြု၍ ဖြစ်သော သတိ၊ တရားကို အာရုံပြု၍ဖြစ်သော သတိ၊ သံဃာကို အာရုံပြု၍ ဖြစ်သော သတိသည် လွတ်သွားပါ၏။ ငါသည် ဤအချိန်အခါမျိုး၌ သေလွန်ပါမူ အဘယ်

ဘုံဘဝ လားရောက်ရမည်နည်းဟု ကြံစည် အောက်မေ့မိပါ၏” ဟု လျှောက်ထား၏။

“မဟာနာမ်... မကြောက်ပါနှင့်၊ သင့်အား မကောင်းသော သေခြင်း မဖြစ်နိုင်၊ မဟာနာမ် ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ထောပတ်အိုးကို ဖြစ်စေ၊ ဆီအိုးကို ဖြစ်စေ၊ နက်လှစွာသော ရေအိုင်၌ ဆင်း၍ ခွဲပြားအံ့၊ ထိုရေအိုင်၌ ထိုအိုး၏ အိုးခြမ်း ကြီး ငယ်တို့သည် အောက်သို့ ကျဆင်း၍ ထောပတ်သည် လည်းကောင်း၊ ဆီသည် လည်းကောင်း အထက်သို့သာ တက်ရာသကဲ့သို့၊ ထို့အတူပင် ရုပ်ခန္ဓာသည် မြေသို့ ကျဆင်း၍ ပျက်စီးခြင်းသို့ ရောက်သော်လည်း ထိုသူ၏ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံအပ်သောစိတ်၊ သီလဖြင့် ထုံအပ်သောစိတ်၊ အကြားအမြင်= သုတဖြင့် ထုံအပ်သောစိတ်၊ စွန့်ကြဲခြင်း= စာဂဖြင့် ထုံအပ်သောစိတ်၊ ပညာဖြင့် ထုံအပ်သော စိတ်သည် အထက်သို့သာ တက်လေ့ရှိ၏။ မဟာနာမ်... သင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံအပ်သောစိတ်၊ သီလဖြင့် ထုံအပ်သောစိတ်၊ သုတဖြင့် ထုံအပ်သောစိတ်၊ စာဂဖြင့် ထုံအပ်သော စိတ်၊ ပညာဖြင့် ထုံအပ်သောစိတ် ရှိသူဖြစ်၏။ မဟာနာမ် မကြောက်ပါလင့်။ သင့်အား မကောင်းသော သေခြင်း မဖြစ်နိုင်” ဟု ဟောတော်မူသည်။ (သံ၊ ၃၊ ၃၂၁။)

## ဒုတိယမဟာနာမသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ် မဟာနာမ် သာကီဝင်မင်းကြီးအား “မဟာနာမ်... ဥပမာအားဖြင့် အရှေ့အရပ်သို့ ညွတ်ကိုင်းသော သစ်ပင်သည် အမြစ်အရင်းကို ဖြတ်သည်ရှိသော် အရှေ့အရပ်သို့သာ လဲကျရာသကဲ့သို့ ထို့အတူပင် မြတ်စွာဘုရား၌ မတုန်မလှုပ် ခိုင်မြဲစွာ ကြည်ညိုခြင်း၊ တရားတော်၌ မတုန်မလှုပ် ခိုင်မြဲစွာ ကြည်ညိုခြင်း၊ သံဃာတော်၌ မတုန်မလှုပ် ခိုင်မြဲစွာ ကြည်ညိုခြင်း၊ မကျိုးမပေါက် မပြောက်မကျား အရိယာကန္တ ငါးပါးသီလနှင့် ပြည့်စုံခြင်း၊ ဤ တရား

လေးမျိုးနှင့် ပြည့်စုံသော အရိယာတပည့်သည် နိဗ္ဗာန်သို့ ကိုင်း၏။ နိဗ္ဗာန်သို့ ရှိုင်း၏" ဟု ဟောတော်မူသည်။ (သံ၊ ၃၊ ၃၂၃။)

## အာဠဝီပြည်၌ သောဠသမဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ ၁၅ ဝါမြောက် ပန္နရသမ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားရေအေး အမြိုက်ဆေး ကို တိုက်ကျွေးတော် မူပြီးလျှင် အာဠဝီပြည်၌ ၁၆ ဝါမြောက် သောဠသမ ဝါကပ်တော်မူသည်။

## အာဠဝကသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် အာဠဝီပြည် အနီး အာဠာဝကဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အာဠာဝကဘီလူးသည် မြတ်စွာဘုရားထံ ချဉ်းကပ်လျက် မြတ်စွာဘုရားအား "ရဟန်း ဂေါတမ ထွက်လော့" ဟု ပြောဆို၏။ "ကောင်းပါပြီ" ဟု မိန့်ဆို၍ ထွက်တော်မူ၏။ "ရဟန်းဂေါတမ ဝင်လော့" ဟု ပြောဆို၏။ "ကောင်းပါပြီ" ဟု မိန့်ဆို၍ ဝင်တော်မူ၏။ ဤနည်းဖြင့် သုံးကြိမ်သုံးခါ ထွက်လော့၊ ဝင်လော့ ဟု အာဠာဝကဘီလူးက ပြောဆို ကြိမ်းမောင်း၏။ မြတ်စွာ ဘုရားသည် သုံးကြိမ်တိုင်တိုင် ထွက်ချည် ဝင်ချည် ပြုတော်မူ၏။ လေးကြိမ်မြောက် အာဠာဝကဘီလူးက မြတ်စွာဘုရားအား "ရဟန်း ဂေါတမ ထွက်လော့" ဟု ပြောဆိုသောအခါ "အာဠာဝက ငါ မထွက် တော့ပြီ၊ သင့်အား ပြုဖွယ်ကိစ္စ ရှိက ထို ပြုဖွယ်ကိစ္စကို ပြုလော့" ဟု မိန့်တော်မူ၏။ ထိုအခါ အာဠာဝကဘီလူးသည် မြတ်စွာဘုရားအား "ရဟန်းဂေါတမ... သင့်အား ပြဿနာကို မေးအံ့။ အကယ်၍ မဖြေဆို နိုင်မူ သင်၏ စိတ်ကို ပျံ့လွင့်စေ၍ သင်၏ နှလုံးကို ခွဲပြီးလျှင် ခြေ နှစ်ချောင်း ကိုင်၍ ဂင်္ဂါမြစ် တစ်ဖက်ကမ်းသို့ ပစ်လွှင့်အံ့" ဟု ပြောဆို ကြိမ်းမောင်းလေသည်။ ထိုအခါ မြတ်စွာဘုရားက "အာဠာဝက...

ဤလောက၌ ငါဘုရား၏ စိတ်ကို ပွဲ့လွှင့်နိုင်စေသူ၊ နှလုံးကို ဖောက်ခွဲနိုင်သူ၊ ငါဘုရား၏ ခြေနှစ်ချောင်းကို ကိုင်၍ ဂင်္ဂါမြစ် တစ်ဖက်ကမ်းသို့ ပစ်လွှင့်နိုင်သူကို ငါဘုရား မြင်တော်မမူ။ အာဠဝက... သင် မေးလိုရာကိုသာ မေးမြန်းပါလော့" ဟု မိန့်တော်မူ၏။ ထိုအခါ အာဠဝကဘီလူးသည် မြတ်စွာဘုရားအား-

**မေး**။ လောက၌ အမြတ်ဆုံးဥစ္စာကား အဘယ်ပါနည်း။ အပြတ် လေ့ကျက် ပွားများအပ်သော အဘယ်တရားသည် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်ပါသနည်း။ အရသာတို့တွင် အဘယ် အရသာသည် အမြတ်ဆုံး ဖြစ်ပါသနည်း။ အဘယ်သို့သော အသက်မွေးခြင်းသည် မြတ်သော အသက်မွေးခြင်း ဖြစ်ပါသနည်းဟု မေးလျှောက်၏။

**ဖြေ**။ လောက၌ အမြတ်ဆုံးဥစ္စာကား သဒ္ဓါတရားတည်း။ မပြတ် လေ့ကျက် ပွားများအပ်သော ဒါန သီလ ဘာဝနာ တရားသည် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်၏။ အရသာတို့တွင် နိဗ္ဗာန် ဟူသော ပရမတ္ထသစ္စာနှင့် မှန်ကန်စွာ ပြောဆိုခြင်း ဝစီသစ္စာသည် အမြတ်ဆုံး အရသာတည်း။ အသိဉာဏ်ပညာဖြင့် အသက်မွေးခြင်းသည် မြတ်သော အသက်မွေးခြင်း မည်၏ဟု ဘုရားရှင် ဖြေကြားတော်မူသည်။

**မေး**။ အဘယ်တရားဖြင့် ဩဃလေးဖြာကို ကူးမြောက်နိုင်ပါသနည်း။ အဘယ်တရားဖြင့် ဘဝသံသရာ သမုဒ္ဒရာကို ကူးမြောက်နိုင်ပါသနည်း။ အဘယ်တရားဖြင့် ဝဋ္ဋဆင်းရဲကို လွန်မြောက်နိုင်ပါသနည်း၊ အဘယ်တရားဖြင့် ကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်နိုင်ပါသနည်းဟု မေးလျှောက်၏။

**ဖြေ**။ သဒ္ဓါတရားဖြင့် ဩဃလေးဖြာကို ကူးမြောက်နိုင်၏။ မမေ့မလျော့ခြင်း= အပ္ပမာဒတရားဖြင့် ဘဝသံသရာသမုဒ္ဒရာကို ကူးမြောက်နိုင်၏။ ဝီရိယတရားဖြင့် ဝဋ္ဋဆင်းရဲကို လွန်မြောက်နိုင်၏။ အသိဉာဏ်တရားဖြင့် ကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်နိုင်၏ဟု ဘုရားရှင် ဖြေကြားတော်မူသည်။

**မေး**။ အဘယ်သို့သောသူသည် ပညာကို ရပါသနည်း။ အဘယ်သို့သောသူသည် ဥစ္စာကို ရပါသနည်း၊ အဘယ်တရားဖြင့် ကျော်စောခြင်းသို့ ရောက်ပါသနည်း၊ အဘယ်သူသည် အဆွေခင်ပွန်းတို့ကို ရနိုင်ပါသနည်း၊ အဘယ်သူသည် ဤ ပစ္စုပ္ပန်လောကမှ တမလွန်လောကသို့ ရောက်သည်ရှိသော် မစိုးရိမ်ရပါသနည်း ဟု မေးလျှောက်၏။

**ဖြေ**။ မမေ့မလျော့သော ပညာရှိသူသည် တရားစကားကို ယုံကြည်စွာ နာယူခြင်းဖြင့် ပညာကို ရ၏၊ ဝီရိယရှိသူသည် ဥစ္စာကို ရ၏၊ မှန်ကန်စွာ ပြောဆိုခြင်း= ဝစီသစ္စာတရားဖြင့် ကျော်စောခြင်းသို့ ရောက်၏၊ စွန့်ကြဲ ပေးကမ်းသောသူသည် အဆွေခင်ပွန်းတို့ကို ရနိုင်၏၊ မှန်ကန်စွာ ပြောဆိုခြင်း= သစ္စာ၊ ပညာရကြောင်း= ဓမ္မ၊ အားထုတ်မှု= ဝီရိယ၊ စွန့်ကြဲပေးကမ်းခြင်း= စာဂ ဤတရားလေးပါးနှင့် ပြည့်စုံသောသူသည် ဤ ပစ္စုပ္ပန်လောကမှ တမလွန်လောကသို့ ရောက်သည်ရှိသော် မစိုးရိမ်ရဟု ဘုရားရှင် ဖြေကြားတော်မူသည်။ ဒုတိယဂါထာ အဖြေအဆုံး၌ အာဠဝကဘီလူးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ (သံ၊ ၁၊ ၂၁၆။ သုတ္တနိ၊ ၃၀၅။)

## ဟတ္ထကသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် အာဠဝီပြည် အနီး နွားတို့ သွားလာရာ လမ်းခရီး ယင်းတိုက်တောဝယ် သစ်ရွက်အခင်းပေါ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဟတ္ထကအာဠဝကမင်းသားသည် အညောင်းပြေလမ်းလျှောက် ထွက်လာခဲ့ရာ မြတ်စွာဘုရားကို ဖူးတွေ့ရသဖြင့် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။ "အရှင်ဘုရား... ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လော" ဟု လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က "မင်းသား... ငါဘုရားသည် ချမ်းသာစွာ ကျိန်းစက်ရ၏။ လောက၌ ချမ်းသာစွာ အိပ်စက်ကြရသူတို့တွင် ငါဘုရားသည် တစ်ဦး အပါအဝင်ဖြစ်၏" ဟု မိန့်တော်မူသည်။

ထိုအခါ ဟတ္ထကအာဠဝက မင်းသားက မြတ်စွာဘုရားအား "အရှင်ဘုရား... ဆောင်းည၌ ဖြစ်၍ အေးချမ်းလှပါ၏။ တပို့တွဲနှင့်

တပေါင်း အကူး 'အန္တရဋ္ဌက' ရက် ဖြစ်၍ ဆီးနှင်းများ ကျသောအခါ ဖြစ်ပါ၏။ မြေပြင်သည် နွားခွါရာတို့ဖြင့် ကြမ်းတမ်းလှပါ၏။ သစ်ရွက် အခင်းကလည်း ပါးလှပ်လှပါ၏၊ သစ်ပင်၏ အရွက်တို့ကလည်း ကျဲလွန်းလှ၏။ သင်္ကန်းတော်များလည်း အေးစက်၍ နေပါ၏၊ အရပ်လေးမျက်နှာမှ လေအေးကလည်း တိုက်ခတ်၍ နေပါသည်။ သို့ပါလျက်– 'မင်းသား... ငါဘုရားသည် ချမ်းသာစွာ ကျိန်းစက်ရ၏။ လောက၌ ချမ်းသာစွာ အိပ်စက်ကြရသူတို့တွင် ငါဘုရားသည် တစ်ဦး အပါအဝင် ဖြစ်၏' ဟု မိန့်တော်မူဘိ၏" ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "မင်းသား... ငါ မေးအံ့၊ သင် သဘောကျ ဖြေပါ။ ဤလောက၌ သူဌေးတစ်ဦးသည် ကောင်းမွန် လုံခြုံသော တိုက်အိမ်ကြီး ရှိရာ၏၊ ထိုတိုက်အိမ်ကြီး အတွင်း၌ ကောင်းမွန် လှပသော ကော်ဇော ကမ္ဗလာတို့ဖြင့် ခင်းထားပြီးလျှင် နီမြန်းသော ခြေအုံး၊ ခေါင်းအုံးတို့ဖြင့် ခင်းထားအပ်သည့် အိပ်ရာခုတင် ရှိရာ၏။ လှပသော ဆီမီးရောင်တို့ဖြင့်လည်း ထွန်းညှိထားပြီးလျှင် တင့်တယ် လှပသည့် ဇနီးမယား လေးယောက်တို့ကလည်း လိုလေသေး မရှိအောင် ပြုစု လုပ်ကျွေးကြရာ၏။ ထိုအရာကို သင်မင်းသား အသို့ မှတ်ထင်ပါသနည်း။ ထိုသူဌေးသည် ချမ်းသာစွာ အိပ်စက်ရသူလော၊ ချမ်းသာစွာ မအိပ်စက်ရသူလော" ဟု မေးတော်မူသည်။ ထိုအခါ ဟတ္ထကအာဠဝက မင်းသားက မြတ်စွာဘုရားကို "အရှင်ဘုရား... ထိုသူဌေးသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏။ လောက၌ ချမ်းသာစွာ အိပ်စက်ရသူတို့တွင် ထိုသူဌေးသည် တစ်ဦး အပါအဝင် ဖြစ်၏" ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက ဟတ္ထကအာဠဝက မင်းသားကို "မင်းသား... ရာဂကြောင့် ဖြစ်သော ပူလောင်ခြင်း၊ ဒေါသကြောင့် ဖြစ်သော ပူလောင်ခြင်း၊ မောဟကြောင့် ဖြစ်သော ပူလောင်ခြင်းတို့ဖြင့် ပူလောင်၍နေသော ထိုသူဌေးသည် ဆင်းရဲစွာ အိပ်ရသည် မဟုတ်လော" ဟု မေးတော်မူသည်။ ထိုအခါ ဟတ္ထကအာဠဝက မင်းသားက မြတ်စွာဘုရားကို "အရှင်ဘုရား... ဆင်းရဲစွာ အိပ်စက်ရသူ မှန်ပါ၏" ဟု

လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက ဟတ္ထအာဠဝက မင်းသားအား "မင်းသား... ငါဘုရားသည် ထို ပူလောင်ကြောင်း ဖြစ်သော ရာဂ၊ ဒေါသ၊ မောဟတို့ကို အကြွင်းမဲ့ ပယ်ပြီးလေပြီ။ ထို့ကြောင့် ငါဘုရားသည် ချမ်းသာစွာ အိပ်စက်ရ၏" ဟု မိန့်တော်မူသည်။ ထို့နောက် မြတ်စွာဘုရားသည် မင်းသားကို ဂါထာဖြင့် ဤသို့ ဟောတော်မူသည်။

သဗ္ဗဒါ ဝေ သုခံ ဝေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော၊
ယော န လိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။
သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟဒယေ ဒရံ၊
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသော။

ကိလေသာ ပရိနိဗ္ဗာန် ပြုပြီးသဖြင့် ကိလေသာ မရှိ အေးငြိမ်းသော ကိလေသာ ဟူသော ဥပဓိ မရှိသော အကြင် ရဟန္တာပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ မလိမ်းကျံ၊ ထို ရဟန္တာပုဂ္ဂိုလ်သည် အခါခပ်သိမ်း ချမ်းသာစွာ အိပ်ရ၏။ အလုံးစုံသော တဏှာတို့ကို ပယ်ဖြတ်လျက် စိတ်နှလုံး၌ ပူပန်ခြင်းကို ပယ်ဖျောက်သဖြင့် ငြိမ်းအေးသော ရဟန္တာ ပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ စိတ်ဖြင့် ရောက်၍ ချမ်းသာစွာ ကျိန်းစက်ရ၏။ (အံ၊ ၁၊ ၁၃၅-၇)။

## ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် အာဠဝီပြည်၌ (၁၆) ဝါမြောက် သောဠသမ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ (၁၇) ဝါမြောက် သတ္တရသမ ဝါကပ် တော်မူသည်။

## ဆေးဆရာ ဇီဝကအကြောင်း

ဆေးဆရာ ဇီဝကသည် ရာဇဂြိုဟ်ပြည်သူ သာလဝတီ ပြည့်တန်ဆာမ၏ သား ဖြစ်သည်။ ပြည့်တန်ဆာမ သီရိမာ၏ အစ်ကို ဖြစ်၏။ ထိုစဉ်အခါ ရာဇဂြိုဟ်ဝယ် ဘုရင် ဗိမ္ဗိသာရမင်း လက်ထက် လှပတင့်တယ် ရှုချင်စဖွယ် ရုပ်ဆင်းလက္ခဏာ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသည့် သာလဝတီ အမျိုးသမီးကို ပြည့်တန်ဆာမ အဖြစ် ပြည်သူတို့က တင်မြှောက်ကြသည်။ ပြည်သူတို့က ငွေ နှစ်သိန်း၊ ဗိမ္ဗိသာရဘုရင်ကြီးက ငွေ တစ်သိန်းအားဖြင့် သုံးသိန်း စုဆောင်းကာ ဥယျာဉ်ဗိမာန်၊ ဆင်၊ မြင်း၊ ရထား စသည်တို့ဖြင့် သာလဝတီအား ဝိုင်းဝန်း ထောက်ပံ့ပေးအပ်ကြလေသည်။ သာလဝတီနှင့် ပျော်ပါးလိုသူများသည် တစ်ညဉ့်လျှင် အသပြာငွေ တစ်ရာ ပေး၍ ပျော်ပါးရန်လည်း သတ်မှတ်ထားကြသည်။ အခါတစ်ပါး ဗိမ္ဗိသာရမင်း၏ သားတော် အဘယမင်းသားနှင့် ပျော်ပါးမှုကို အကြောင်းပြု၍ သာလဝတီ၌ ကိုယ်ဝန်သန္ဓေ စွဲကပ်လေသည်။ ဆယ်လ စေ့သောအခါ သားယောကျ်ားလေး ဖွားမြင်သဖြင့် ပြည့်တန်ဆာမတို့၏ ထုံးတမ်းစဉ်လာအတိုင်း အဖိုးတန် သားရတနာ ဇီဝကလောင်းလျာကို မြို့ပြင်ဒေသ အမှိုက် စွန့်ပစ်ရာအရပ်၌ စွန့်ပစ်လေသည်။

အဘယမင်းသားသည် နံနက်စောစော ထ၍ ဗိမ္ဗိသာရမင်းကြီးထံ ခစားရန် သွားသောအခါ ကျီးများ ဝိုင်းအုံနေသည်ကို တွေ့မြင်သဖြင့် နောက်ပါ ယောကျ်ားတစ်ယောက်ကို သွားရောက် ကြည့်ရှုစေရာ ကလေးငယ်တစ်ဦး ဖြစ်ကြောင်း သိရလေသည်။ အသက်ရှင်လျက် ရှိ မရှိ မေးမြန်းရာ အသက်ရှင်လျက် ရှိသေးကြောင်း သိရသဖြင့် ကောက်ယူစေကာ မိမိအိမ်၌ မွေးစားထားလေသည်။ တွေ့မြင်စဉ်က 'အသက်ရှင်သေးသလော' ဟု အဘယမင်းသား မေးမြန်းသည်ကို အစွဲပြု၍ 'ဇီဝက' ဟု အမည် မှည့်ကြသည်။ အဘယမင်းသား ကောက်ယူ မွေးစားထားသောကြောင့် 'ကောမာရဘစ္စ' ဟုလည်း ခေါ်တွင်ကြသည်။

ဇီဝကသည် ကစားနိုင်စ အရွယ်ကပင် အခြားသော မင်းသား ကလေးများနှင့် ကစားသောအခါ 'အမိမဲ့သား၊ အဖမဲ့သား' ဟု ပြောဆို ခံရသည်ကို လည်းကောင်း၊ ပွဲလမ်းသဘင် ရှိသောအခါ လက်ဆောင် ပဏ္ဏာ ပို့မည်သူ မရှိသည်ကို လည်းကောင်း တွေ့မြင်ကာ မိမိ၏ ဘဝ အဖြစ်မှန်ကို သိရှိ နားလည်ခဲ့လေသည်။ ၁၆ နှစ် အရွယ်ရောက် လူလား မြောက်သောအခါ 'ပညာမရှိက မင်းပရိသတ်အလယ် မတင့်တယ်နိုင်' ဟု တွေးဆ သိမြင်ကာ အတတ်ပညာ သင်ယူရန် စဉ်းစားလေသည်။ ပညာရပ်တို့တွင် 'ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ဓားခုတ်၊ လှံထိုး စသော အတတ်ပညာရပ်များသည် သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်ရန် အတွက်သာ ဖြစ်ချေသည်။ ဆေးပညာရပ်သည်ကား မေတ္တာရှေ့ထားပါက သတ္တဝါတို့၏ အကျိုးစီးပွား ချမ်းသာအတွက် ဖြစ်ပေသည်" ဟု အသိဉာဏ်သက်ဝင် အမှန်မြင်ကာ ဆေးပညာရပ်ကို သင်ယူရန် ဆုံးဖြတ်လေသည်။

အမှန်အားဖြင့်မူ ဇီဝကသည် ပဒုမုတ္တာဘုရား လက်ထက်တော် ကပင် ဆေးပညာရပ်ကို သင်ယူရန် ဆုံးဖြတ်ခဲ့လေသည်။ အခါတစ်ပါး ပဒုမုတ္တရာ ဘုရားရှင်အား လုပ်ကျွေး ပြုစုသော ဆေးဆရာတစ်ဦးကို ပဒုမုတ္တရာဘုရားရှင် ကိုယ်တော်တိုင် ပရိသတ်အလယ် 'ဧတဒဂ်' ဂုဏ်ထူးဖြင့် ချီးကျူးသည်ကို တွေ့မြင်ရ၍ ယင်းကဲ့သို့ ဧတဒဂ်ဂုဏ်ထူး ကို ရလိုမှုဆန္ဒကြောင့် ဘုရား အမှူးရှိသော သံဃာတော်အား ခုနစ်ရက် တိုင်တိုင် ဆွမ်းအလှူဒါနပြုကာ "အရှင်ဘုရားတို့ အလုပ်အကျွေး ဖြစ်သော ဆေးဆရာကဲ့သို့ နောင်အခါ ဘုရားရှင်၏ အလုပ်အကျွေး ဆေးဆရာ ဖြစ်ရပါလို၏" ဟု ဆုတောင်းပတ္ထနာ ပြုခဲ့လေသည်။ ယင်း ဆုတောင်းပတ္ထနာက တိုက်တွန်း နှိုးဆော်သောကြောင့်ပင် ဆေးပညာရပ် ကို သင်ယူရန် ဆုံးဖြတ်မိခြင်း ဖြစ်ပေသည်။

ဇီဝကသည် ယင်းသို့ ဆေးပညာရပ်ကို သင်ယူရန် ဆုံးဖြတ်ပြီး နောက် အဘယမင်းသားကို ခွင့်မပန်ဘဲ ဆေးပညာ သင်ယူရန် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆေးဆရာထံ ထွက်ခွာသွားလေသည်။ ဒိသာပါမောက္ခ ဆေးဆရာကြီးထံ ရောက်သောအခါ အခြားသော

မင်းသားများသည် ဆရာခ အဖြစ် ဥစ္စာငွေကြေး ပေးကာ ပညာသင်ယူကြလေသည်။ ဇီဝကသည် ဆရာခ အဖြစ် ဥစ္စာငွေကြေး မပေးနိုင်ဘဲ ဆရာကြီး၏ ဝတ်ကြီး ဝတ်ငယ် ပြုလုပ် ဆောင်ရွက်ကာ ပညာ သင်ယူရလေသည်။ ပညာသင်ယူသောအခါ ဉာဏ်ပညာ ထက်မြက်သူ တစ်ယောက် ဖြစ်၍ များစွာလည်း သင်ယူလေသည်၊ လျင်မြန်စွာလည်း သင်ယူလေသည်၊ ကောင်းစွာလည်း မှတ်သားထားလေသည်၊ သင်ပြီးသော ပညာများလည်း မမေ့ပျောက်ပေ။

ဇီဝကသည် ယင်းသို့ သင်ယူလာခဲ့ရာ သူတစ်ပါးတို့ ၁၆ နှစ်ကြာ သင်ယူရသော ဆေးအတတ်ပညာကို ခုနစ်နှစ်တာမျှဖြင့် ပါရဂူမြောက် တတ်ကျွမ်းလေသည်။ ခုနစ်နှစ် ပြည့်သောအခါ ဇီဝကသည် “ငါသည် များစွာလည်း သင်ယူခဲ့၏၊ လျင်မြန်စွာလည်း သင်ယူခဲ့၏၊ ကောင်စွာလည်း မှတ်သားထား၏၊ သင်ယူပြီးသော ပညာများလည်း မမေ့ပျောက်၊ ခုနစ်နှစ်လည်း ပြည့်ခဲ့ပြီ။ ဤဆေးပညာရပ်သည် ဘယ်သော်အခါ ဆုံးခန်းတိုင်မြောက် အပြီးသို့ ရောက်ပါမည်နည်း” ဟု အကြံဖြစ်၍ ဆေးဆရာကြီးထံ ချဉ်းကပ်ကာ “ဆရာကြီး... ဤ ဆေးပညာရပ်သည် ဘယ်သောအခါမှ ပြီးဆုံးပါမည်နည်း” ဟု မေးမြန်းလေသည်။ ဆေးဆရာကြီးသည် “ချစ်သား ဇီဝက... တူရွင်းတစ်ခု ယူကာ တက္ကသိုလ်ပြည်၏ အနီးပတ်ဝန်းကျင် တစ်ယူဇနာ အရပ်တွင် ဆေးဖက်မဝင်သည့် သစ်ပင် တွေ့ရှိက ဆောင်ယူခဲ့လော” ဟု မှာကြား စေခိုင်းလိုက်သည်။ ဇီဝကသည် ဆေးဖက်မဝင်သည့် သစ်ပင်များကို လေးရက်တိုင်တိုင် ရှာဖွေပါသော်လည်း တစ်ပင်မျှ မတွေ့ရှိရသဖြင့် ဆေးဖက်မဝင်သည့် သစ်ပင် တစ်ပင်မျှ မရှိကြောင်း ပြန်ပြောရာ ဆေးရာကြီးသည် “ချစ်သား ဇီဝက... သင်သည် ဆေးပညာရပ်ကို ကောင်းစာ သင်ကြား တတ်မြောက်ပေပြီ။ ဤဆေးပညာဖြင့် အသက်မွေးနိုင်ပေပြီ” ဟု ပြောဆိုကာ လမ်းစာရိက္ခာ အနည်းငယ်ပေး၍ ရာဇဂြိုဟ်ပြည်သို့ ပြန်ခွင့်ပြုလိုက်လေသည်။

ဆေးဆရာကြီးသည် နှမြော တွန့်တို၍ ပစ္စည်းဥစ္စာ ချို့တဲ့၍ လမ်းစာရိက္ခာ အနည်းငယ် ပေးလိုက်ခြင်း မဟုတ်ပေ။ ကောင်းမြတ်

သော ရည်ရွယ်ချက်ဖြင့် ပေးလိုက်ခြင်း ဖြစ်ပေသည်။ "ဇီဝကသည် အမျိုးမြတ်၏ သားဖြစ်သည်။ ရာဇဂြိုဟ်ပြည် ပြန်ရောက်သောအခါ အဘ၊ အဘိုးတို့ ထံမှ ဆုလာဘ်များစွာ ရပေလိမ့်မည်။ ထိုသို့ ရသောအခါ ဆရာ၏ ဂုဏ်ကျေးဇူးကို လည်းကောင်း၊ ဆေးပညာ၏ ဂုဏ်ကျေးဇူးကို လည်းကောင်း သိမြင်မည် မဟုတ်ပေ။ လမ်းခုလတ်တွင် ရိက္ခာပြတ်၍ ဆေးပညာရပ်ဖြင့် လမ်းစာရိက္ခာ ရှာဖွေသွားလေသော် ဆရာ၏ ဂုဏ်ကျေးဇူးနှင့် ဆေးပညာ၏ ဂုဏ်ကျေးဇူးကို ဧကန်မုချ သိမြင်ပေလိမ့်မည်" ဟူသော ကောင်းသော ရည်ရွယ်ချက်ဖြင့် ရိက္ခာအနည်းငယ်ပေးလိုက်ခြင်း ဖြစ်ပေသည်။ (ဝိ၊ ၃၊ ၃၇၇၊ ၃၈၀၊ ဝိ–ဋ္ဌ၊ ၃၊ ၃၉၆–၈။)

ဇီဝကသည် ဆရာ ပေးလိုက်သည့် ရိက္ခာ အနည်းငယ်ကို ယူဆောင်ကာ ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့ရာ လမ်းခရီးတစ်ထောက် သာကေတမြို့ အရောက်တွင် လမ်းစာရိက္ခာ ပြတ်လေတော့သည်။ ရိက္ခာအတွက် သာကေတ တစ်မြို့လုံး လှည့်လည်၍ လူနာ ရှာဖွေရာ ခုနစ်နှစ်ကြာ ခေါင်းကိုက်ရောဂါ စွဲကပ်နေသည့် သူဌေးကတော် တစ်ဦးကို တွေ့လေသည်၊ ဇီဝကသည် ထောပတ်ကို ဆေးအမျိုးမျိုးဖြင့် ရောချက်၍ နှာနှပ်ပေးရာ တစ်ကြိမ် နှာနှပ်ပေးကာမျှဖြင့် သူဌေးကတော်၏ ခုနစ်နှစ်ကြာ စွဲကပ်နေသော ခေါင်းကိုက်ရောဂါသည် ပျောက်ကင်းလေသည်။

## သူဌေးကတော်၏ အတုယူဖွယ်

သူဌေးကတော်သည် နှာနှပ်ပေးရာမှ ထွက်ကျလာသော ထောပတ်များကို ဝါဂွမ်းဖြင့် တို့၍ အယူခိုင်းသည်။ ထိုအခါ ဆရာဇီဝကသည် "ဤသူဌေးကတော်ကား အလွန် နှမြော တွန့်တိုလှ၏။ စွန့်ပစ်အပ်သော ထောပတ်ကိုပင် ဝါဂွမ်းဖြင့် ယူစေ၏။ ဆေးကုသမှုအတွက် ငွေကြေးကိုပင် ပေးပါမည်လော" ဟု သံသယ ဖြစ်မိသည်။ ဆရာဇီဝက၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍ ကြံတွေးသိသော ပညာရှိ သူဌေးကတော်သည် ဆရာဇီဝကအား "ဆရာ... ဆေးဖိုးအတွက် မစိုးရိမ်ပါနှင့်။ ထိုက်ထိုက်တန်တန် ဖြစ်ရပါမည်။ ငါတို့ အိမ်ရှင်မတို့

မည်သည် ပစ္စည်းဥစ္စာ ထိန်းသိမ်း စောင့်ရှောက်မှုကို သိရပါသည်။ ဤဝါဂွမ်းဖြင့် တို့ယူထားသော ထောပတ်များသည် အလုပ်သမားများ၏ ခြေနယ်ဆီအတွက် လည်းကောင်း၊ ဆီမီးထွန်းညှိရန် အတွက် လည်းကောင်း အသုံးပြုနိုင်ပါသေးသည်" ဟု ပြောဆိုလျက် ဇီဝကအား ဆေးကုသမှုအတွက် အသပြာငွေ လေးထောင် ပေးလေသည်။ သားနှင့် ချွေးမတို့ကလည်း လေးထောင်စီ ပေးကြသည်။ သူဌေးကြီးကလည်း ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်းရထားနှင့် တကွ အသပြာငွေ လေးထောင် ပေးလေသည်။

ဇီဝကသည် ဆေးကုသမှုအတွက် ရရှိခဲ့သော ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်းရထားနှင့် တကွ အသပြာငွေ တစ်သောင်းခြောက်ထောင်ကို ယူဆောင်၍ ပြန်လာခဲ့ရာ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ "အရှင်မင်းသား... ဤပစ္စည်းများသည် ကျွန်ုပ် ရှေးဦးစွာ ဆေးကု၍ ရသော ပစ္စည်းများ ဖြစ်ပါသည်။ မွေးကျေးဇူး ဆပ်သော အနေဖြင့် ပေးအပ်ပါသည်၊ လက်ခံတော်မူပါ" ဟု ပြောဆိုကာ ပါလာခဲ့သော ပစ္စည်းများကို အဘယမင်းသားအား ပေးအပ်လေသည်။ အဘယမင်းသားသည် လက်မခံဘဲ မိမိ အိမ်တော် အတွင်း၌ပင် အိမ်ဆောက်နေရန် ခွင့်ပြုလေသည်။ (ဝိ၊ ၃၊ ၃၈၀-၂။)

ထိုစဉ်အခိုက် မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရအား ဘဂန္ဒြလ်နာခေါ် 'ဂရင်ဂျီနာ' စွဲကပ်သဖြင့် ဇီဝက ဆေးကုသပေးရာ တစ်ကြိမ် ဆေးလိမ်းပေးကာမျှဖြင့် အနာရောဂါ ပျောက်ကင်းလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် ဆေးဖိုးအဖြစ် မိန်းမငါးရာ ဝတ်ဆင်ထားသော လက်ဝတ်တန်ဆာ ရတနာများကို ချွတ်၍ပေးရာ ဇီဝကသည် မယူဘဲ ငြင်းပယ်လေသည်။ ဗိမ္ဗိသာရမင်းကြီးသည် လက်မခံဘဲ ငြင်းပယ်သည်ကို အားရနှစ်သက်တော်မူသဖြင့် အသုံးအဆောင် အပြည့်အစုံ ပါရှိသည့် အိမ်သရက်ဥယျာဉ်နှင့်တကွ နှစ်စဉ် အခွန်တစ်သိန်း ထွက်သော ရွာကို ဆုလာဘ်အဖြစ် ပေးအပ်ကာ ငါဘုရင်နှင့်တကွ နန်းတွင်းသူ မောင်းမမိဿံများကို လည်းကောင်း၊ ဘုရား အမှူးရှိသော သံဃာတော်များကို

လည်းကောင်း လုပ်ကျွေး ပြုစုရန် တာဝန်ပေးအပ်လေသည်။ (ဝိ၊ ၃၊ ၃၈၂-၃။ ဝိ၊ ၄၊ ၃၊ ၃၉၈။)

ထို့ပြင် ဆရာများစွာ လက်လျှော့ခြင်း ခံရသည့် ရာဇဂြိုဟ်သူဌေး၏ ခုနစ်နှစ်ကြာ စွဲကပ်နေသော ခေါင်းကိုက်ရောဂါလည်း ဗိမ္ဗိသာရမင်းကြီး၏ စေခိုင်း တိုက်တွန်းချက်အရ ဇီဝကသည် ဦးခေါင်းကို ခွဲစိတ်၍ ပိုးတို့ကို ထုတ်ယူ ကုသပေးရာ ခေါင်းကိုက်ရောဂါ ပျောက်ကင်းလေသည်။ သူဌေးကြီးသည် ဆေးဖိုးအဖြစ် “ရှိသမျှ ပစ္စည်းအားလုံးကို ပေးအပ်၍ သူကိုယ်တိုင် ကျွန်ခံပါမည်” ဟု ပြောဆိုရာ ဇီဝကသည် လက်မခံဘဲ ဗိမ္ဗိသာရမင်းကြီးအတွက် ငွေတစ်သိန်းနှင့် မိမိအတွက် ငွေတစ်သိန်းကိုသာ ခံယူလေသည်။ (ဝိ၊ ၃၊ ၃၈၃-၆။)

ထို့ပြင် ဗာရာဏသီပြည် သူဌေးသားတစ်ယောက် ဘားကျွမ်းကစားခြင်းကြောင့် အူထုံးသော ရောဂါဖြစ်၍ စားအပ်သော အစာအာဟာရလည်း မကြေမကျက်၊ ကျင်ကြီး ကျင်ငယ်လည်း ဖြောင့်မှန်စွာ မသွား၊ တစ်နေ့တခြား သွေးသားခန်းခြောက်လျက် ရှိရာ ဗိမ္ဗိသာရမင်းကြီး၏ စေခိုင်း တိုက်တွန်းချက်ဖြင့် ဇီဝကသည် ဝမ်းဗိုက်ကို ခွဲ၍ အူထုံးကို ဖြေကာ ကုသပေးရာ အူထုံးရောဂါ ပျောက်ကင်း၍ ပကတိအတိုင်း ကျန်းမာခြင်း ရှိလေသည်။ ဆေးဖိုးအဖြစ် ငွေတစ်သောင်းခြောက်ထောင် ပူဇော်လေသည်။ (ဝိ၊ ၃၊ ၃၈၆-၇။)

ထို့ပြင် ဥဇ္ဇေနီပြည်၊ စဏ္ဍပဇ္ဇောတမင်း၏ ‘ပဏ္ဍုရောဂါ’ ခေါ် အရေအဆင်း ဖျော့တော့သော ရောဂါကိုလည်း ဇီဝက ကုသပေး၍ ပျောက်ကင်းလေသည်။ စဏ္ဍပဇ္ဇောတမင်းသည် ဆန် လှည်းအစီးငါးရာတိုက်၊ အသပြာငွေ တစ်သောင်း ခြောက်ထောင်၊ ပုဆိုး အစုံ တစ်ထောင်နှင့် တကွ အဖိုးများစွာ ထိုက်တန်သည့် သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ဇီဝကအား ပေးပို့ ချီးမြှင့်လေသည်။ (ဝိ၊ ၃၊ ၃၈၇၊ ၃၉၀။ အံ၊ ၄၊ ၁၊ ၃၀၇။)

ထိုမှတစ်ပါး မြတ်စွာဘုရား၏ လေ၊ သလိပ်၊ သည်းခြေ များသော ရောဂါကိုလည်း ဇီဝကသည် ဆေးတို့ဖြင့် ထုံမွမ်းထားသော ကြာသုံးလက်ကို နမ်းရှူစေကာမျှဖြင့် ဝမ်းသက်စေကာ ပျောက်ကင်းစေ

သည်။ (ဝိ၊ ၃၊ ၃၉၀-၁။) ဒေဝဒတ်သည် ဘုရားရှင်ကို အသေသတ်ရန် အကြံဖြင့် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်မောင်းဆင်ကာ ကျောက်တုံးကို လှိမ့်ချစဉ်က ဘုရားရှင်၏ ခြေတော်၌ ကျောက်ခဲ ထိမှန်သော အနာကိုလည်း ဇီဝကသည် ဓားငယ်ဖြင့် ခွဲ၍ မကောင်းသော သွေးသားတို့ကို ထုတ်ပစ်ကာ ဆေးတစ်ကြိမ် စည်းပေးကာမျှဖြင့် ပျောက်ကင်းစေသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၈၂။ ဇာ၊ ဋ္ဌ၊ ၅၊ ၃၅၅။)

ဇီဝကသည် စဏ္ဍပဇ္ဇောတမင်း ထံမှ ရရှိသော ပုဆိုးအစုံ တစ်ထောင်နှင့်တကွ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ယူဆောင်ကာ ဘုရားရှင်ထံ သွား၍ "မြတ်စွာဘုရား... တပည့်တော်၏ အဖိုးများစွာ ထိုက်တန်သော သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ခံယူတော်မူပါ။ ရဟန်းသံဃာတို့အားလည်း 'ဂဟပတိစီဝရ' ခေါ် လှူဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ခွင့်ပြုတော်မူပါ" ဟု လျှောက်ထားကာ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ဘုရားရှင်အား လှူဒါန်း၍ ကျန် ပုဆိုး အစုံ တစ်ထောင်ကို သံဃာတော်တို့အား လှူဒါန်းလေသည်။ ဘုရားရှင်သည် ဇီဝက လှူဒါန်းသော သိဝိတိုင်းဖြစ် ပုဆိုး တစ်စုံကို ခံယူတော်မူ၍ ရဟန်းသံဃာတော်တို့အားလည်း 'ဂဟပတိစီဝရ' ခေါ် အလှူဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ခွင့်ပြုတော်မူသည်။ မှန်၏။ ဘုရားဖြစ်တော်မူသည်မှ ဝါတော် နှစ်ဆယ် ရသည့်တိုင်အောင် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်များသည် ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံ သုံးဆောင်တော်မူကြသည်။ အလှူဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်တော် မမူကြပေ။ ဝါတော် နှစ်ဆယ်ကျော်မှ ဇီဝက၏ တောင်းပန် လျှောက်ထားမှုကြောင့် ရဟန်းသံဃာတော်တို့အား လှူဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ခွင့်ပြုတော်မူသည်။ ထိုအခါမှ စ၍ လှူဒါယကာများသည် သင်္ကန်း လှူခွင့်ရရှိကြသည်။ သင်္ကန်းအနုမောဒနာတရား ဟောကြားသော အဆုံး၌ ဇီဝကသည် သောတာပန် တည်လေသည်။ (ဝိ၊ ၃။ ၃၉၂။ ဝိ၊ ဋ္ဌ၊ ၃။ ၄၀၁။)

ထို့အပြင် ဇီဝကသည် ကာသိမင်း ပို့သသော ကမ္ဗလာထည်ကိုလည်း ဘုရားရှင်အား လှူဒါန်းရာ ဘုရားရှင်သည် ကမ္ဗလာထည်ကို

ခံယူတော်မူကာ ရဟန်းသံဃာတော်တို့အားလည်း ကမ္ဗလာသက်န်းကို ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၃၉၃။)

ဇီဝကသည် လိုဏ်၊ မဏ္ဍပ်၊ ကုဋီ စသော ကျောင်းအဆောက်အအုံတို့နှင့်တကွ ဘုရားရှင်အတွက် ဂန္ဓာကုဋီတိုက် ဆောက်လုပ်၍ ၁၈ တောင် အမြင့်ဆောင်သည့် ကြေးနီရောင်တံတိုင်း ကာရံကာ မိမိပိုင် သရက်ဥယျာဉ်ကို ဘုရား အမှူးရှိသော သံဃာတော်အား လှူဒါန်းလေသည်။ (ဒီ၊ ဋ္ဌ၊ ၁။ ၁၂၃။ မ၊ ဋ္ဌ၊ ၃၊ ၃၂။)

ဘုရားရှင် လက်ထက်တော်က အနာကြီး ငါးမျိုး ရှိကြသော လူများသည် ဇီဝကထံ ဆေးကုသခွင့် မရကြသဖြင့် သာသနာတော်သို့ ဝင်ရောက်ကာ ရှင်ရဟန်း ပြုကြ၍ အနာပျောက်ကာ လူထွက်ကြသည်ကို ဇီဝက သိမြင်သဖြင့် အနာကြီး ငါးမျိုးတွင် တစ်မျိုးမျိုး ရှိသောသူကို ရှင်ရဟန်းပြုခွင့် မပေးပါရန် ဘုရားရှင်အား လျှောက်ထားလေသည်။ မြတ်စွာဘုရားသည် ဇီဝက လျှောက်ထား တောင်းပန်မှုကို အကြောင်းပြု၍ အနာကြီး ငါးမျိုး ရှိသောသူကို ရှင်ရဟန်း ပြုခွင့် ပယ်မြစ်တော်မူသည်။ (ဝိ။ ၃၊ ၁၀၁–၃။) မြတ်စွာဘုရားသည် ဇီဝက လျှောက်ထား တောင်းပန်မှုကို အကြောင်းပြု၍ ရဟန်းတော်တို့အား စင်္ကြံသွားခြင်း၊ ဇရုံးအိမ် အသုံးပြုခြင်းကို ခွင့်ပြုတော်မူသည်။ (ဝိ၊ ၄၊ ၂၅၆။) ဇီဝကသည် ပုဂ္ဂိုလ်ကို ကြည်ညိုသော သူတို့တွင် အကြည်ညိုဆုံး ပုဂ္ဂိုလ်အဖြစ် 'ပုဂ္ဂလပ္ပသန္နဧတဒဂ်' ဘွဲ့ထူးဖြင့် ချီးကျူးခြင်း ခံရသည်။ (အံ၊ ၁၊ ၂၇၊ အံ၊ ဋ္ဌ၊ ၁၊ ၃၀၆–၇။)

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူစဉ် ဇီဝကသည် ဘုရားရှင်ထံတော်သို့ လာရောက်၍ "မြတ်စွာဘုရား ရဟန်းဂေါတမ အတွက် ရည်ရွယ်၍ သတ္တဝါတို့ကို သတ်ကြကုန်၏။ ရည်ရွယ်၍ သတ်သော အသားကို ရဟန်းဂေါတမသည် သိလျက် ဘုဉ်းပေး သုံးဆောင်၏" ဟု အချို့သော တိတ္ထိတို့သည် ပြောဆိုကြပါကုန်၏။ ထိုသူတို့သည် ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ပြောဆိုသည် မည်ပါကုန်သလော၊ ဘုရားရှင်ကို မဟုတ်မမှန် မစွပ်စွဲဘဲ ရှိပါကုန်၏လော" ဟု

လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဇီဝက ယင်းသို့ ပြောဆိုသော သူတို့သည် ငါဘုရား ဟောကြားသည့်အတိုင်း ပြောဆိုသည် မမည်ကုန်၊ ငါဘုရားကို မဟုတ်မမှန် စွပ်စွဲသည် မည်ကုန်၏။

ဒိဋ္ဌ= ရဟန်းတို့အတွက် ရည်ရွယ်၍ သတ်ဖြတ်ကာ ယူဆောင်လာသည်ကို ကိုယ်တိုင် မြင်သော အသား၊ သုတ= ရဟန်းတို့အတွက် ရည်ရွယ်၍ သတ်ဖြတ်၏ဟု ကြားသိသော အသား၊ ပရိသင်္ကိတ= ရဟန်းတို့အတွက် ရည်ရွယ်၍ သတ်ဖြတ်လေသလောဟု ယုံမှားသံသယ ရှိသောအသား ဤအသား သုံးမျိုးကို မသုံးဆောင်ကောင်းဟု ငါဘုရား ဟောကြား၏။ အဒိဋ္ဌ= ရဟန်းတို့အတွက် ရည်ရွယ်၍ သတ်ဖြတ်ကာ ယူဆောင်လာသည်ကို ကိုယ်တိုင် မမြင်သောအသား၊ အသုတ= ရဟန်းတို့အတွက် ရည်ရွယ်၍ သတ်ဖြတ်၏ဟု မကြားသိသော အသား၊ အပရိသင်္ကိတ= ရဟန်းတို့အတွက် ရည်ရွယ်၍ သတ်ဖြတ်လေသလောဟု ယုံမှားသံသယ မရှိသောအသား ဤအသား သုံးမျိုးကို သုံးဆောင်ကောင်း၏ဟု ငါဘုရား ဟောကြား၏။

'တိကောဋိပရိသုဒ္ဓ' ခေါ် မမြင်၊ မကြား၊ မယုံမှားခြင်း ဟူသော အစွန်းသုံးပါးမှ လွတ်ကင်း စင်ကြယ်သော အသားကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရား ပွားများနေသော ရဟန်းသည်ပင် ဘုဉ်းပေး သုံးဆောင်ကောင်းပေ၏။ ငါဘုရားကို လည်းကောင်း၊ ဘုရား၏ တပည့်သာဝကကို လည်းကောင်း ရည်ရွယ်၍ သတ္တဝါကို သတ်ဖြတ်သော သူသည် အကြောင်းငါးမျိုးတို့ဖြင့် အကုသိုလ်များစွာ ဖြစ်ပွားပေ၏ဟု ဟောတော်မူသည်။ ဇီဝကသုတ်။ (မ၊ ၂၊ ၃၀။ မ၊ ဋ္ဌ၊ ၃၊ ၃၂။)

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဇီဝက မေးမြန်း လျှောက်ထားသဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူသည် 'ဥပသကာ' မည်၏။ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းသူသည် 'သီလရှိသူ ဥပါသကာ' မည်၏။ မိမိသည်သာ သဒ္ဓါ သီလ စသည်နှင့် ပြည့်စုံ၍ သူတစ်ပါးအား သဒ္ဓါ သီလ စသည်နှင့်

ပြည့်စုံစေရန် မပြောဆို မတိုက်တွန်း မနှိုးဆော်သူသည် 'အတ္တဟိတ ပဋိပန္န= မိမိ အကျိုးအတွက်သာ ကျင့်သူ ဥပါသကာ' မည်၏။ မိမိလည်း သဒ္ဓါ သီလ စသည်နှင့် ပြည့်စုံ၍ သူတစ်ပါးကိုလည်း သဒ္ဓါ သီလ စသည်နှင့် ပြည့်စုံစေရန် ပြောဆို တိုက်တွန်း နှိုးဆော်သူသည် 'အတ္တ ပရဟိတပဋိပန္န= မိမိ၊ သူတစ်ပါး နှစ်ဦးသား အကျိုးအတွက် ကျင့်သူ ဥပါသကာ' မည်၏ဟု ဟောကြားတော်မူသည်။ ဇီဝကသုတ်။ (အံ၊ ၃၊ ၅၇။)

## စာလိယတောင်ကျောင်း၌ အဋ္ဌာရသမဝါ ကပ်တော်မူခြင်း

ဘုရားရှင် ကိုယ်တော်မြတ်သည် (၁၇) ဝါမြောက် သတ္တရသမဝါ ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေ တော်မူပြီး၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့ကို ဒေသစာရီ ကြွချီတော်မူ၍ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် (၁၈) ဝါမြောက် အဋ္ဌာရသမဝါကို စာလိယတောင်ကျောင်း၌ ဝါကပ်တော်မူ သည်။

## စူဠဓမ္မကမ္မဝိဘင်္ဂသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် စာလိယတောင်ကျောင်း၌ ဝါကပ်တော် မူပြီးနောက် ဒေသစာရီ ကြွချီတော်မူရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း သို့ ရောက်တော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် တောဒေယျပုဏ္ဏား၏ သား သုဘလုလင်သည် မြတ်စွာ ဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဤသို့ လျှောက်ထား၏။

မြတ်စွာဘုရား...လူချင်း တူပါလျက် အချို့ အမျိုးမြတ်၍ အချို့ အမျိုးယုတ်ညံ့ကြပါသည်။ အချို့ အခြံအရံများ၍ အချို့ အခြံအရံ မရှိကြပါ။ အချို့ စည်းစိမ်ဥစ္စာ ချမ်းသာ၍ အချို့ ဆင်းရဲနွမ်းပါးကြပါ သည်။ အချို့ အနာရောဂါ ကင်း၍ အချို့ အနာရောဂါ များကြပါသည်။ အချို့ အသက်ရှည်၍ အချို့ အသက်တိုကြပါသည်။ အချို့ ရုပ်အဆင်း

ပြုပကြ၍ အချို့ ရုပ်အဆင်းမလှ ဖြစ်ကြရပါသည်။ အချို့ ပညာရှိ၍ အချို့ ပညာမရှိကြပါ။ ဤသို့ ဖြစ်ကြရသည်မှာ အကြောင်း အဘယ်သို့ ပါနည်း မြတ်စွာဘုရားဟု ပုစ္ဆာ ၁၄ ချက်ကို မေးမြန်း လျှောက်ထား လေသည်။

ထိုအခါ မြတ်စွာဘုရားသည် သုဘလုလင်... သတ္တဝါတို့သည် ကံသာလျှင် မိမိ၏ ကိုယ်ပိုင် ဥစ္စာရှိကြကုန်၏။ ကံ၏ အမွေခံတို့ ဖြစ်ကြကုန်၏။ သတ္တဝါတို့၏ အယုတ်အမြတ် ဖြစ်ခြင်းငှာ ကံတရား သည် ဝေဖန် ပိုင်းခြား၏ ဟု မိန့်တော်မူ၏။

(၁) ထို့နောက် မြတ်စွာဘုရားသည် သုဘလုလင် ဤလောက၌ အချို့သောသူသည် မာန်ခက်ထန်၏။ ရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦး ကြိုဆိုထိုက်သူကို ခရီးဦး မကြိုဆို၊ နေရာ ပေးထိုက်သူကို နေရာ မပေး၊ အရိုအသေ ပြုထိုက်သူကို အရိုအသေ မပြု၊ ပူဇော်ထိုက်သူကို မပူဇော်။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ အပယ်ငရဲဘုံ သို့ ရောက်ရ၏။ အကယ်၍ အပယ်ငရဲသို့ မရောက်ဘဲ လူ့ဘုံသို့ ရောက်ခဲ့လျှင် ယုတ်ညံ့သော အမျိုး၌ ဖြစ်ရ၏။ သုဘလုလင် ထို မာန်ခက်ထန်ခြင်း၊ ရှိခိုးထိုက်သူကို ရှိမခိုးခြင်း၊ ခရီးဦး ကြိုဆိုထိုက်သူ ကို ခရီးဦး မကြိုဆိုခြင်း၊ နေရာ ပေးထိုက်သူကို နေရာ မပေးခြင်း၊ အရိုအသေ ပြုထိုက်သူကို အရိုအသေ မပြုခြင်း၊ ပူဇော်ထိုက်သူကို မပူဇော်ခြင်းသည် ယုတ်ညံ့သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။

(၂) သုဘလုလင် ဤလောက၌ အချို့သောသူသည် မာန်မာန မခက်ထန်၊ ရှိခိုးထိုက်သူကို ရှိခိုး၏၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦး ကြိုဆို၏၊ နေရာပေးထိုက်သူကို နေရာပေး၏၊ အရိုအသေပြုထိုက်သူကို အရိုအသေပြု၏၊ ပူဇော်ထိုက်သူကို ပူဇော်၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူ့ဘုံသို့ ရောက်ခဲ့လျှင် မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏။ သုဘလုလင် ထို မာန်မာန မခက်ထန်ခြင်း၊ ရှိခိုးထိုက်သူကို ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုထိုက်သူကို ခရီးဦးကြိုဆိုခြင်း၊ နေရာပေးထိုက်သူကို

နေရာပေးခြင်း၊ အရိုအသေပြုထိုက်သူကို အရိုအသေပြုခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။

(၃) သုဘလုလင် ဤလောက၌ အချို့သောသူသည် ငြူစူခြင်း= ဣဿာများ၏၊ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်၌ ငြူစူ၏၊ ငြူစူခြင်း၏ အစွမ်းဖြင့် ဆဲရေး ပြစ်မှား၏။ ထိုသို့ မနာလို ငြူစူသော သူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ရောက်ရ၏။ အပါယ်ငရဲသို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် အခြံအရံ နည်း၏။ သုဘလုလင်... ငြူစူမှု= ဣဿာများခြင်း၊ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်၌ ငြူစူခြင်း၊ ငြူစူခြင်း၏ အစွမ်းဖြင့် ဆဲရေး ပြစ်မှားခြင်းသည် အခြံအရံနည်းခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၄) သုဘလုလင် ဤလောက၌ အချို့သောသူသည် ငြူစူခြင်း= ဣဿာ မရှိ၊ သူတစ်ပါးတို့ လာဘ်ရခြင်း စသည်၌ မငြူစူ၊ ငြူစူခြင်း၏ အစွမ်းဖြင့် မဆဲရေး မပြစ်မှား။ ထိုသို့ မနာလို ငြူစူခြင်း ကင်းသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက် ၏၊ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူအဖြစ်သို့ ရောက်ခဲ့လျှင် အခြံအရံများ၏။ သုဘလုလင်... ငြူစူမှု ဣဿာ မရှိခြင်း၊ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည် မငြူစူခြင်း၊ ငြူစူခြင်း၏ အစွမ်းဖြင့် မဆဲရေး မပြစ်မှားခြင်းသည် အခြံအရံများခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၅) သုဘလုလင် ဤလောက၌ အချို့သောသူသည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိ၊ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ရောက်ရ၏၊ အကယ်၍ အပါယ်ငရဲသို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် စည်းစိမ်ဥစ္စာ နည်းပါး ချို့တဲ့၏။ သုဘလုလင် မစွန့်ကြဲ မပေးကမ်း မလှူဒါန်းခြင်းသည် စည်းစိမ်ဥစ္စာ နည်းပါး ချို့တဲ့ခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၆) သုဘလုလင် ဤလောက၌ အချို့သောသူသည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ

လူ့ပြည်သို့ ရောက်ခဲ့လျှင် စည်းစိမ်ဥစ္စာ ပေါများ၏။ သုဘလုလင်... စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းသည် စည်းစိမ်ဥစ္စာ ပေါများခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၇) သုဘလုလင် ဤလောက၌ အချို့သောသူသည် တုတ်၊ ဓား စသော လက်နက်တို့ဖြင့် သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်လေ့ ရှိ၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ရောက်ရ၏။ အကယ်၍ အပါယ်ငရဲသို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် အနာရောဂါ များ၏၊ သုဘလုလင်... တုတ်၊ ဓား စသော လက်နက်တို့ဖြင့် သတ္တဝါတို့ကို ညှဉ်းပန်း နှိပ်စက်ခြင်းသည် အနာရောဂါများခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၈) သုဘလုလင် ဤလောက၌ အချို့သောသူသည် တုတ်၊ ဓား စသော လက်နက်တို့ဖြင့် သတ္တဝါတို့ကို ညှဉ်းပန်း နှိပ်စက်လေ့ မရှိ၊ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် အနာရောဂါ ကင်း၏။ သုဘလုလင်... တုတ်၊ ဓား စသော လက်နက်တို့ဖြင့် သတ္တဝါတို့ကို မညှဉ်းပန်း မနှိပ်စက်ခြင်းသည် အနာရောဂါ ကင်းခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၉) သုဘလုလင် ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ရောက်ရ၏။ အကယ်၍ အပါယ်ငရဲသို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် အသက်တိုရ၏။ သုဘလုလင်... သူ့အသက်ကို သတ်ခြင်းသည် အသက်တိုခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၁၀) သုဘလုလင် ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် အသက်ရှည်၏။ သုဘလုလင်... သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၁၁) သုဘလုလင် ဤလောက၌ အချို့သောသူသည် အမျက်ဒေါသကြီး၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ အပါယ်ငရဲသို့ ရောက်ရ၏။ အကယ်၍ အပါယ်ငရဲသို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် အဆင်းမလှ၊ အရုပ်ဆိုး၏။ သုဘလုလင်... ဒေါသကြီးခြင်းသည် အဆင်းမလှ အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၁၂) သုဘလုလင် ဤလောက၌ အချို့သောသူသည် အမျက်ဒေါသ ထွက်လေ့ မရှိ။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် ရုပ်အဆင်းလှ၏။ သုဘလုလင်... အမျက်ဒေါသ မထွက်ခြင်းသည် ရုပ်အဆင်းလှခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၁၃) သုဘလုလင် ဤလောက၌ အချို့သောသူသည် ရဟန်းသမဏတို့ထံ ချဉ်းကပ်၍ တရားစကား ဆွေးနွေး မေးမြန်းလေ့ မရှိ၊ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ရောက်ရ၏။ အကယ်၍ အပါယ်ငရဲသို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် ပညာမရှိ ဖြစ်တတ်၏။ သုဘလုလင်... ရဟန်းသမဏတို့ထံ ချဉ်းကပ်၍ တရားစကား ဆွေးနွေး မေးမြန်းမှု မပြုခြင်းသည် ပညာမရှိခြင်း၊ ပညာမဲ့ခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း။

(၁၄) သုဘလုလင် ဤလောက၌ အချို့သောသူသည် ရဟန်းသမဏတို့ထံ ချဉ်းကပ်၍ တရားစကား ဆွေးနွေး မေးမြန်းလေ့ရှိ၏။ ထိုသူသည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ရ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ခဲ့လျှင် ပညာရှိ၏။ သုဘလုလင် ရဟန်းသမဏတို့ထံ ချဉ်းကပ်၍ တရားစကား ဆွေးနွေး မေးမြန်းခြင်းသည် ပညာရှိခြင်း၊ ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်တည်း ဟု ဟောတော်မူ၏။ (မ၊ ၃၊ ၂၄၃။)

## သဂြိုဟ်သရုပ်ဆန်းကျမ်း၌ ပြဆိုအပ်သော အကျဉ်းမှတ်သားဖွယ် လင်္ကာ

မြတ်ယုတ်မျိုးရိုး တန်ခိုးတင်းတိမ်
စည်းစိမ်ငွေးမွဲ နာနည်းများကြိမ်
ရှည်တိုအသက် ချောညက်ရုပ်သိမ်
ဉာဏ်ရှိမဲ့ တစ်ဆယ့်လေးမျိုးကို၊
မာန်ခက်ထန်မှု ပြုရှုဝန်တို
ညှဉ်းပန်းနှိပ်စက် သူ့သက်သတ်ဖြို
ဒေါသများရေး ဆွေးနွေးမဆို
ကြောင်းကံကွဲ ပြားမြဲဆယ့်လေးဖိုလ်။

### မဟာကမ္မဝိဘင်္ဂသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် စာလိယတောင်ကျောင်း၌ ဝါကပ်တော်မူပြီးနောက် ဒေသစာရီ ကြွချီတော်မူရာ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူ၏။ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ဤ 'မဟာကမ္မဝိဘင်္ဂ' သုတ်ကို ဟောတော်မူ၏။ ဟောတော်မူပုံကား–

(၁) ချစ်သား အာနန္ဒာ... ဤပုဂ္ဂိုလ် လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ် လေးယောက်တို့နည်းဟူမူ– ချစ်သား အာနန္ဒာ... ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ယခုဘဝ၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ ပိုင်ရှင် မပေးသော ဥစ္စာကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်လေ့ရှိ၏၊ မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ ကုန်းချောလေ့ရှိ၏၊ ကြမ်းတမ်းသောစကားကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏၊ သူ့စည်းစိမ်ကို မတရား ကြံစည်တတ်၏၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် ရှိ၏၊ မှားသော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ် ငရဲသို့ ကပ်ရောက်ရ၏။

(၂) ချစ်သား အာနန္ဒာ... ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ယခုဘဝ၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ ပိုင်ရှင် မပေးသော ဥစ္စာကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်လေ့ရှိ၏၊ မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ ကုန်းချောလေ့ရှိ၏၊ ကြမ်းတမ်းသော စကားကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏၊ သူ့စည်းစိမ်ကို မတရား ကြံစည်တတ်၏၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် ရှိ၏၊ မှားသောအယူ ရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ နတ်ပြည်သို့ ကပ်ရောက်ရ၏။

(၃) ချစ်သား အာနန္ဒာ... ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ယခုဘဝ၌ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏၊ ပိုင်ရှင်မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းချောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူ့စည်းစိမ်ကို မတရား မကြံစည်၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် မရှိ၊ မှန်သော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်ရ၏။

(၄) ချစ်သား အာနန္ဒာ... ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ယခုဘဝ၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ပိုင်ရှင် မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းချောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူ့စည်းစိမ်ကို မတရား မကြံစည်၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် မရှိ၊ မှန်သော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ကပ်ရောက်ရ၏။

(၁) ချစ်သား အာနန္ဒာ... ထို လေးယောက်သော ပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ ပိုင်ရှင်

မပေးသော ဥစ္စာကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်လေ့ရှိ၏၊ မမှန်သောစကားကို ပြောဆိုလေ့ရှိ၏၊ ကုန်းချောလေ့ရှိ၏၊ ကြမ်းတမ်းသောစကားကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ဆိုလေ့ရှိ၏၊ သူ့စည်စိမ်ကို မတရား ကြံစည်တတ်၏၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် ရှိ၏၊ မှားသော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ရှေးကလည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော မကောင်းသောကံကို ပြု၏၊ နောက်၌လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော မကောင်းသောကံကို ပြု၏၊ သေခါနီးကာလ၌လည်း မှားယွင်းသော အယူကို စွဲမြဲစွာ ဆောက်တည်၏။ ထိုပုဂ္ဂိုလ်သည် ထို မကောင်းသောကံကြောင့် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ အပါယ်ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် လူ့ပြည်၌ ပြုအပ်သောကံ၏ အကျိုးကို ယခုဘဝ၌ လည်းကောင်း၊ ဒုတိယဘဝ၌ လည်းကောင်း၊ တစ်ပါးသော ထိုထိုဘဝတို့၌ လည်းကောင်း ခံစားရ၏။

(၂) ချစ်သား အာနန္ဒာ... အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ ပိုင်ရှင်မပေးသော ဥစ္စာကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်လေ့ရှိ၏၊ မမှန်သောစကားကို ပြောဆိုလေ့ရှိ၏၊ ကုန်းချောလေ့ရှိ၏၊ ကြမ်းတမ်းသော စကားကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ဆိုလေ့ရှိ၏၊ သူ့စည်းစိမ်ကို မတရား ကြံစည်တတ်၏၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် ရှိ၏၊ မှားသော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ နတ်ပြည်သို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ရှေးကလည်း ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းသောကံကို ပြု၏၊ နောက်၌လည်း ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းသောကံကို ပြု၏၊ သေခါနီးကာလ၌လည်း မှန်သောအယူကို စွဲမြဲစွာ ဆောက်တည်၏။ ထိုပုဂ္ဂိုလ်သည် ထို ကောင်းမှုကံကြောင့် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် လူ့ပြည်၌ ပြုအပ်သော

ကံ၏ အကျိုးကို ယခုဘဝ၌ လည်းကောင်း၊ ဒုတိယဘဝ၌ လည်းကောင်း၊ တစ်ပါးသော ထိုထိုဘဝတို့၌ လည်းကောင်း ခံစားရ၏။

(၃) ချစ်သား အာနန္ဒာ... အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ပိုင်ရှင် မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းချောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူ့စည်းစိမ်ကို မတရား မကြံစည်၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် မရှိ၊ မှန်သော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေသေသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ရှေးကလည်း ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းသောကံကို ပြု၏။ နောက်၌လည်း ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းသောကံကို ပြု၏၊ သေခါနီးကာလ၌လည်း မှန်သောအယူကို စွဲမြဲစွာ ဆောက်တည်၏။ ထိုပုဂ္ဂိုလ်သည် ထိုကောင်းမှုကံကြောင့် ခန္ဓာပျက်ကြွေသေသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် လူ့ပြည်၌ ပြုအပ်သော ကံ၏အကျိုးကို ယခုဘဝ၌ လည်းကောင်း၊ ဒုတိယဘဝ၌ လည်းကောင်း၊ တစ်ပါးသော ထိုထိုဘဝတို့၌ လည်းကောင်း ခံစားရ၏။

(၄) ချစ်သား အာနန္ဒာ... အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ပိုင်ရှင် မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းချောခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူ့စည်းစိမ်ကို မတရားမကြံစည်၊ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် မရှိ၊ မှန်သော အယူရှိ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေသေသည်မှနောက်၌ အပါယ်ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည်

ရှေးကလည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော မကောင်းသောကံကို ပြု၏၊ နောက်၌လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော မကောင်းသော ကံကို ပြု၏၊ သေခါနီးကာလ၌လည်း မှားသောအယူကို စွဲမြဲစွာ ဆောက်တည်၏။ ထိုပုဂ္ဂိုလ်သည် ထိုမကောင်းမှုကံကြောင့် ခန္ဓာ ပျက်ကြွေ သေသည်မှနောက်၌ ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် လူ့ပြည်၌ ပြုအပ်သော ကံ၏အကျိုးကို ယခုဘဝ၌ လည်းကောင်း၊ ဒုတိယဘဝ၌ လည်းကောင်း၊ တစ်ပါးသော ထိုထိုဘဝတို့၌ လည်းကောင်း ခံစားရ၏။

ချစ်သား အာနန္ဒာ... ဤသို့လျှင် အကြောင်းမမှန်ဘဲ အကြောင်းမမှန်ကို ပြတတ်သော ကံလည်း ရှိ၏၊ အကြောင်းမမှန်ဘဲ အကြောင်းမှန်ကို ပြတတ်သော ကံလည်းရှိ၏၊ အကြောင်းမှန်လျက် အကြောင်းမှန်ကို ပြတတ်သော ကံလည်းရှိ၏၊ အကြောင်းမှန်လျက် အကြောင်းမမှန်ကို ပြတတ်သော ကံလည်းရှိ၏ဟု ဟောမိန့်တော်မူသည်။ (မ၊ ၃၊ ၂၄၉။)

## ရှင်းလင်းချက်

များစွာသော အကုသိုလ်ကံကို အားထုတ် ပြုလုပ်သည်ရှိသော် အားကောင်းသော အကုသိုလ်ကံသည် အားနည်းသော အကုသိုလ်ကံ၏ အကျိုးကို တားမြစ်၍ မိမိကံ၏ အကျိုးကို ခွင့်ပြု၏။ ဤကံသည် အဘဗ္ဗ အဘဗ္ဗာဘာသ= အကြောင်းမမှန်ဘဲ အကြောင်းမမှန်ကို ပြတတ်သော ကံမည်၏။ အကုသိုလ်ကံကို ပြုလုပ် အားထုတ်၍ သေခါနီး ကာလ၌ ကုသိုလ်ပြု၏။ ထို ကုသိုလ်ကံသည် အကုသိုလ်ကံ၏ အကျိုးကို တားမြစ်၍ မိမိကံ၏ အကျိုးကို ခွင့်ပြု၏။ ဤကံသည် အဘဗ္ဗဘဗ္ဗာဘာသ= အကြောင်းမမှန်ဘဲ အကြောင်းမှန်ကို ပြတတ်သော ကံမည်၏။ များစွာသော ကုသိုလ်ကံကို ပြုလုပ် အားထုတ်သည်ရှိသော် အားကောင်းသော ကုသိုလ်ကံသည် အားနည်းသော ကုသိုလ်ကံ၏ အကျိုးကို တားမြစ်၍ မိမိကံ၏ အကျိုးကို ခွင့်ပြု၏။ ဤကံသည် ဘဗ္ဗအဘဗ္ဗာဘာသ= အကြောင်းမှန်လျက် အကြောင်းမှန်ကို ပြတတ်သော ကံမည်၏။ ကုသိုလ်ကံကို ပြုလုပ် အားထုတ်၍ သေခါနီးကာလ၌ အကုသိုလ်

ပြု၏။ ထို အကုသိုလ်ကံသည် ကုသိုလ်ကံ၏ အကျိုးကို တားမြစ်၍ မိမိ အကုသိုလ်ကံ၏ အကျိုးကို ခွင့်ပြု၏။ ဤကံသည် ဘဗ္ဗအဘဗ္ဗာ ဘာသ= အကြောင်းမှန်လျက် အကြောင်းမမှန်ကို ပြတတ်သော ကံမည်၏။ (မ၊ ဠ၊ ၄၊ ၁၈၄။)

## စာလိယတောင်ကျောင်း၌ပင်လျှင် ဧကူနဝီသတိမ ဝါကပ်တော်မူခြင်း

ဘုရားရှင် ကိုယ်တော်မြတ်သည် (၁၈) ဝါမြောက် အဋ္ဌာရသမဝါကို စာလိယတောင်ကျောင်း၌ သီတင်းသုံးတော်မူ၍ ထိုထိုမြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် (၁၉) ဝါမြောက် ဧကူနဝီသတိမဝါကိုလည်း စာလိယ တောင်ကျောင်း၌ပင် ဝါကပ်တော်မူသည်။

## မာနတ္ထဒ္ဓသူတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် စာလိယတောင်ကျောင်း၌ ဝါကပ်တော်မူပြီးနောက် ဒေသစာရီ ကြွချီတော်မူရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ သာဝတ္ထိပြည်ဝယ် မာနတ္ထဒ္ဓပုဏ္ဏားသည် အလွန် မာန်မာန ခက်ထန်၏။ အမိကိုလည်း ရှိမခိုး၊ ဆရာကိုလည်း ရှိမခိုး၊ ကြီးသော အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး စသူတို့ကိုလည်း ရှိမခိုး။ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ပရိသတ်များစွာ ခြံရံလျက် တရားဟောတော်မူ၏။ မာနတ္ထဒ္ဓပုဏ္ဏားသည် "ငါသည် မြတ်စွာဘုရားထံ ချဉ်းကပ်ရပါမူ ကောင်းလေစွ၊ အကယ်၍ မြတ်စွာဘုရားသည် ငါ့ကို စကားပြောဆိုပါလျှင် ငါသည် မြတ်စွာဘုရားနှင့် စကားပြောဆိုအံ့၊ မြတ်စွာဘုရားသည် ငါ့ကို စကားမပြောဆိုပါမူ ငါသည်လည်း မြတ်စွာဘုရားနှင့် စကားမပြောဆိုအံ့" ဟု ကြံစည်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် တစ်ခုသော နေရာ၌

ဆိတ်ငြိမ်စွာ ထိုင်နေလေ၏။ မြတ်စွာဘုရားသည် မာနတ္ထဒ္ဓပုဏ္ဏားကို စကားပြောဆိုတော်မမူ။ ထိုအခါ မာနတ္ထဒ္ဓပုဏ္ဏားသည် "မြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို မသိ" ဟု အောက်မေ့လျက် ထိုအရပ်မှ ပြန်ဆုတ်ရန် စိတ်အကြံ ဖြစ်လေသည်။ ထိုအခါ မြတ်စွာဘုရားသည် မာနတ္ထဒ္ဓပုဏ္ဏား၏ စိတ်အကြံကို သိ၍ ဂါထာဖြင့် ဤသို့ မိန့်တော်မူသည်။

န မာနံ ဗြာဟ္မဏ သာဓု၊ အတ္ထိကဿီဓ ဗြာဟ္မဏ။
ယေန အတ္ထေန အာဂစ္ဆိ၊ တမေဝ မနုဗြူဟယေ။

ဗြာဟ္မဏ– အိုပုဏ္ဏား။ မာနံ– မာန်မူခြင်းသည်။ နသာဓု– မကောင်း။ ဗြာဟ္မဏ– အိုပုဏ္ဏား။ ဣဓ– ဤလောက၌။ အတ္ထိကဿ– အကျိုးစီးပွားကို အလို ရှိသောသူအား။ ယေနအတ္ထေန– အကြင်အကျိုးစီးပွားကြောင့်။ အာဂစ္ဆိ– လာ၏။ တမေဝ– ထို အကျိုးစီးပွားကို သာလျှင်။ အနုဗြူဟယေ– ဖြစ်ပွားစေရာ၏။

အိုပုဏ္ဏား... ဤလောက၌ မာန်မူခြင်းသည် မကောင်း၊ အိုပုဏ္ဏား... အကျိုးစီးပွားကို အလိုရှိသောသူအား အကြင် အကျိုးစီးပွားအတွက် ငါ့ထံသို့ လာ၏။ ထို မိမိ အလိုရှိသော အကျိုးစီးပွားကိုသာ လုပ်ဆောင်ရာ၏ ဟု မိန့်တော်မူသည်။

ထိုအခါ မာနတ္ထဒ္ဓ ပုဏ္ဏားသည် "ငါ၏ စိတ်အကြံကို မြတ်စွာဘုရား သိလေပြီ" ဟု အောက်မေ့၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့်လည်း တိုက်၏၊ ခံတွင်းဖြင့်လည်း စုပ်၏၊ လက်တို့ဖြင့်လည်း ဆုပ်နယ်၏။ "တပည့်တော် မာနတ္ထဒ္ဓပုဏ္ဏားပါ ဘုရား... တပည့်တော် မာနတ္ထဒ္ဓပုဏ္ဏားပါ ဘုရား" ဟု အမည်ကိုလည်း လျှောက်ထား၏။

ထိုအခါ ပရိသတ်အပေါင်းသည် "အချင်းတို့... ဤ မာနတ္ထဒ္ဓ ပုဏ္ဏားသည် အမိကိုလည်း ရှိမခိုး၊ အဖကို ရှိမခိုး၊ ဆရာကိုလည်း ရှိမခိုး၊ ကြီးသော အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး စသူတို့ကိုလည်း

ရှိမခိုး။ သို့ပါလျက် မြတ်စွာဘုရား၌မူ လွန်လွန်ကဲကဲ ရိုသေမြတ်နိုးမှုကို ပြုဘိ၏” ဟု ချီးမွမ်း အံ့ဩလျက် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ကြလေသည်။ ထို့နောက် မြတ်စွာဘုရားသည် မာနတ္ထဒ္ဓပုဏ္ဏားကို “ချစ်သား မာနတ္ထဒ္ဓ... ငါဘုရား အပေါ်၌ သင်၏ သဒ္ဓါတရား ဖြစ်ပွားခဲ့လေပြီ။ ထပါလော့... မိမိနေရာ၌ ထိုင်ပါလော့” ဟု မိန့်တော်မူ၏။ ထိုအခါ မာနတ္ထဒ္ဓ ပုဏ္ဏားသည် မိမိနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားကို ဤသို့ လျှောက်ထား မေးမြန်း၏။

**မေး။** မြတ်စွာဘုရား... အဘယ်ပုဂ္ဂိုလ်တို့၌ မာန်မာန မထားရပါသနည်း။ အဘယ်ပုဂ္ဂိုလ်တို့၌ အလေးအမြတ် ပြုအပ်ပါသနည်း။ အဘယ်ပုဂ္ဂိုလ်တို့ကို အရိုအသေ ပြုအပ်ပါကုန်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့ကို ကောင်းစွာ ပူဇော်အပ်ပါကုန်သနည်း ဟု မေးလျှောက်၏။

**ဖြေ။** ထိုအခါ မြတ်စွာဘုရားသည်– အို ပုဏ္ဏား... အမိ၌ လည်းကောင်း၊ အဖ၌ လည်းကောင်း၊ ဆရာ၌ လည်းကောင်း၊ ကြီးသော အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး စသူတို့၌ လည်းကောင်း မာန်မာန မထားရ။ ထိုပုဂ္ဂိုလ်တို့၌ အလေးအမြတ် ပြုရာ၏။ ထိုပုဂ္ဂိုလ်တို့ကို အရိုအသေ ပြုအပ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ကောင်းစွာ ပူဇော်အပ်ကုန်၏ ဟု မိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူလတ်သော် မာနတ္ထဒ္ဓပုဏ္ဏားသည် အသက်ထက်ဆုံး ရတနာသုံးပါး၌ ဆည်းကပ်သူ= ဥပါသကာ အဖြစ်ကို ခံယူလေသည်။ (သံ၊ ၁၊ ၁၇၉။)

## ဝေဘဒသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် စာလိယတောင်ကျောင်း၌ ဝါကပ်တော်မူပြီးနောက် ဒေသစာရီ ကြွချီတော်မူ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့အား သိကြားမင်း၏ အကျင့် ခုနစ်ပါးကို ဟောတော်မူသည်။

ချစ်သားတို့... သိကြားမင်းသည် ရှေး လူဖြစ်စဉ်အခါက ခုနစ်ပါးသော ကျင့်ဝတ်တရားတို့ကို ကောင်းစွာ ကျင့်သုံးခဲ့လေပြီ။

ယင်း ကျင့်ဝတ်ခုနစ်ပါးတို့ကို ကောင်းစွာ ကျင့်သုံးခဲ့လေသောကြောင့် ပင် သိကြားမင်း အဖြစ်ကို ရရှိခဲ့လေပြီ။ ထို ကျင့်ဝတ် ခုနစ်ပါးတို့ကား (၁) အသက်ထက်ဆုံး မိဘတို့ကို လုပ်ကျွေး မွေးမြူခြင်း၊ (၂) အသက် ထက်ဆုံး အမျိုးထဲ၌ ကြီးသူတို့ကို ရိုသေလေးစားခြင်း၊ (၃) အသက် ထက်ဆုံး နူးညံ့ သိမ်မွေ့သော စကားကို ပြောဆိုခြင်း၊ (၄) အသက်ထက်ဆုံး ကုန်းချောစကား မပြောဆိုခြင်း၊ (၅) အသက်ထက်ဆုံး မျှော်လင့်ချက် မထား လွတ်လွတ် စွန့်ကြဲ ပေးကမ်း လှူဒါန်းလေ့ရှိခြင်း၊ (၆) အသက် ထက်ဆုံး မှန်သောစကားကို ပြောဆိုခြင်း၊ (၇) အမျက်ဒေါသ ထွက်လေ့ မရှိခြင်း၊ အကယ်၍ အမျက်ဒေါသ ဖြစ်စေကာမူ အမျက်ဒေါသကို လျင်မြန်စွာ ပယ်ဖျောက်နိုင်ခြင်းတို့တည်း။ ဤသို့ ဟောတော်မူ ပြီးနောက် ဂါထာဖြင့် ဤသို့ မိန့်တော်မူသည်။

မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။
မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု 'သပ္ပုရိသော' ဣတိ။

မာတာပေတ္တိဘရံ- မိဘတို့ကို လုပ်ကျွေးမွေးမြူသော။ ကုလေ- အမျိုးထဲ၌။ ဇေဋ္ဌာပစာယိနံ- ကြီးသူတို့ကို ရိုသေလေ့ရှိသော။ သဏှံ သခိလသမ္ဘာသံ- သိမ်မွေ့ နူးညံ့သောစကားကို ပြောဆိုတတ်သော။ ပေသုဏေယျပ္ပဟာယိနံ- ကုန်းချောစကားကို ပယ်လေ့ရှိသော။ မစ္ဆေရ ဝိနယေ- ဝန်တိုမှုကို ပယ်ဖျောက်ခြင်း၌။ ယုတ္တံ- ယှဉ်သော။ သစ္စံ- မှန်သော စကားရှိသော။ ကောဓာဘိဘုံ- အမျက်ဒေါသကို နှိမ်နင်းတတ် သော။ တံ နရံ ဇန္တုံ- ထို လူသတ္တဝါကို။ ဝေ- စင်စစ်။ တာဝတိံသာ ဒေဝါ- တာဝတိံသာနတ်တို့သည်။ 'သပ္ပုရိသော' ဣတိ၊ 'သူတော် ကောင်း' ဟူ၍။ အာဟု- ပြောဆိုကြကုန်၏။ (သံ၊ ၁၊ ၂၃၀။)

## ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝီသတိမ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် (၁၉) ဝါမြောက် ဧကူနဝီသတိမဝါကို စာလိယ တောင်ကျောင်း၌ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ထိုထို မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ တရားဓမ္မ ဟောပြတော်မူပြီးလျှင် ဝါတော် (၂၀) မြောက် ဝီသတိမဝါကို ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ဝါကပ်တော်မူသည်။

## သုစိမုခိသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ တစ်နေ့သောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းခံပြီး၍ တစ်ခုသော ဆွမ်းစားဇရပ် နံရံကို နောက်မှီပြု၍ ဆွမ်းဘုဉ်းပေးနေတော်မူစဉ် သုစိမုခိပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဤသို့ မေးမြန်း လျှောက်ထား၏။ "အရှင်ဘုရား... အောက်သို့ ငုံ့၍ ဆွမ်းဘုဉ်းပေးပါသလော" ဟု လျှောက်၏။ "နှမ... ငါသည် အောက်သို့ ငုံ့၍ ဆွမ်းမဘုဉ်းပေး" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား... ထိုသို့ဖြစ်လျှင် အထက်သို့ မော့၍ ဆွမ်းဘုဉ်းပေးပါသလော" ဟု လျှောက်၏။ "နှမ.. ငါသည် အထက်သို့ မော့၍ ဆွမ်း မဘုဉ်းပေး" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား... သို့ဖြစ်လျှင် အရပ် လေးမျက်နှာသို့ လှည့်၍ ဆွမ်းဘုဉ်းပေးပါသလော" ဟု လျှောက်၏။ "နှမ... ငါသည် အရပ်လေးမျက်နှာသို့ လှည့်၍ ဆွမ်း မဘုဉ်းပေး" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား... သို့ဖြစ်လျှင် အထောင့် အရပ်လေးမျက်နှာသို့ လှည့်၍ ဆွမ်းဘုဉ်းပေးပါသလော" ဟု လျှောက်၏။ "နှမ...ငါသည် အထောင့်အရပ် လေးမျက်နှာသို့ လှည့်၍လည်း ဆွမ်း မဘုဉ်းပေး" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား... သို့ဖြစ်ပါလျှင် အရှင်ဘုရားသည် အဘယ်သို့ ဆွမ်းဘုဉ်းပေးပါသနည်း" ဟု လျှောက်၏။ ထိုအခါ အရှင်သာရိပုတ္တရာ

ပထေရ်မြတ်က "နမ... **'မြေကြန်အတတ်'** ဟူသော မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော ရဟန်းသမဏတို့ကို အောက်သို့ငုံ့၍ ဆွမ်းဘုဉ်းပေးသူတို့ ဟူ၍ ဆိုအပ်ကုန်၏။ **'ကောင်းကင် နက္ခတ်အတတ်'** ဟူသော မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော ရဟန်းသမဏတို့ကို အထက်သို့ မော့၍ ဆွမ်းဘုဉ်ပေးသူတို့ ဟူ၍ ဆိုအပ်ကုန်၏။ 'တမန်သွားခြင်း၊ အစေအပါးခံ၍ သွားခြင်း' ဟူသော မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော ရဟန်းသမဏတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍ ဆွမ်းဘုဉ်းပေးသူတို့ ဟူ၍ ဆိုအပ်ကုန်၏။ 'ဗေဒင် အင်္ဂဝိဇ္ဇာအတတ်' ဟူသော မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော ရဟန်းသမဏတို့ကို အထောင့်အရပ်လေးမျက်နှာသို့ လှည့်၍ ဆွမ်းဘုဉ်းပေးသူတို့ ဟူ၍ ဆိုအပ်ကုန်၏။ နမ... ငါကား ထိုကဲ့သို့ အသက်မွေးခြင်းကို မပြု၊ တရားသဖြင့် ဆွမ်းခံ လှည့်လည်၍ ရအပ်သော ဆွမ်းကို ဘုဉ်းပေး သုံးဆောင်၏" ဟု မိန့်တော်မူသည်။

ထိုအခါ သုစိမုခီပရိဗိုဇ်မသည် ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်ပြီးလျှင် "ဘုရားသားတော် ရဟန်းတော်တို့သည် တရားနှင့် လျော်ညီစွာ ဆွမ်းကို ဘုဉ်းပေး သုံးဆောင်ကြကုန်၏။ ဘုရားသားတော် ရဟန်းတော်တို့သည် အပြစ်ကင်းသောအားဖြင့် ဆွမ်းကို ဘုဉ်းပေး သုံးဆောင်ကြကုန်၏။ ဘုရားသားတော် ရဟန်းတော်တို့အား ဆွမ်းလောင်းလှူကြပါကုန်လော" ဟု လှည့်လည် ဟစ်အော် ကြွေးကြော်လေသည်။ (သံ၊၂။ ၂၀၀။)

## ဥတ္တရာဥပါသိကာမအကြောင်း

ဥတ္တရာ အမျိုးသမီးကား ရာဇဂြိုဟ်ပြည် ပုဏ္ဏသူဌေး၏ သမီးဖြစ်၏။ ဥတ္တရာသည် ငယ်ရွယ်စဉ်ကပင် မိဘများနှင့်အတူ သောတာပန်ဖြစ်ခဲ့သည်။ အရွယ်ရောက်သောအခါ ရာဇဂြိုဟ်သူဌေးသား မိစ္ဆာ အယူရှိသူနှင့် လက်ထပ်ရ၏။ ဥတ္တရာသည် ရာဇဂြိုဟ်သူဌေး အိမ်တွင် ဘုရားရှင်ကို ဖူးမြော်ခွင့်၊ တရားနာခွင့်၊ အလှူပေးခွင့်၊ ဥပုသ်စောင့်ခွင့်

မရသဖြင့် သိရိမာ ပြည့်တန်ဆာမကို မိဘတို့ထံမှ ပေးလိုက်သော တစ်သောင်းငါးထောင်သော အသပြာတို့ဖြင့် ငှားရမ်း၍ မိမိ၏ လင်ယောကျ်ားအား ၁၅ ရက်ပတ်လုံး ပြုစု လုပ်ကျွေးစေသည်။ ဥတ္တရာသည် ၁၅ ရက်ပတ်လုံး ဥပုသ်စောင့်သုံးလျက် ဘုရား အမှူးရှိသော သံဃာအား အလှူကြီး ပေးလှူလေသည်။

ဥတ္တရာ၏ လင်ယောကျ်ားကား သိရိမာနှင့်အတူ လေသာပြတင်းမှ ရပ်၍ အပြင်သို့ လှမ်းကြည့်ရာ ချွေးအလိမ်းလိမ်း၊ ပြာအလူးလူးဖြင့် ချက်ရေးပြုတ်ရေး စီမံနေသော ဥတ္တရာကို မြင်၍ "မိမိ၏ စည်းစိမ်ကို မသုံးဆောင် မခံစားဘဲ ကုသိုလ် ဆိုသည်ကို ပြုဘိ၏။ မိုက်မဲလေစွ" ဟု ကြံအောက်မေ့၍ ပြုံး၏။ ဥတ္တရာကလည်း သူ၏ လင်ယောကျ်ားကို ကြည့်၍ "တမလွန်ဘဝအတွက် ကုသိုလ်ကို မပြု၊ မိုက်မဲလေစွ" ဟု ကြံအောက်မေ့၍ ပြုံး၏။ သိရိမာသည် သူတို့နှစ်ဦး၏ အမူအရာကို မြင်၍ သူ့ကိုယ်သူ အိမ်ရှင်မဟု မှတ်ထင်ကာ ဥတ္တရာအပေါ် အမျက်ထွက်ပြီး အိမ်ပြာသာဒ်အောက်သို့ ဆင်းလာသည်။ ဥတ္တရာသည် သိရိမာကို မြင်၍ မေတ္တာစိတ်ကို ပွားများ၏။ သိရိမာသည် ကျိုက်ကျိုက်ဆူသော ထောပတ်ဆီပူကို ခပ်ယူ၍ ဥတ္တရာ၏ ဦးခေါင်းပေါ်သို့ လောင်းချလိုက်သည်။ မေတ္တာတန်ခိုးကြောင့် အေးမြသော ရေစင်ကဲ့သို့ လျှောကျ၍ သွားလေသည်။

သိရိမာသည် သူ၏ အမှားကို သိမြင်ပြီး သည်းခံပါရန် ဥတ္တရာအား တောင်းပန်လေသည်။ ထိုအခါ ဥတ္တရာသည် မြတ်စွာဘုရားရှေ့တော်မှောက်မှာ တောင်းပန်ပါရန် ပြောဆို၍ မိမိ၏ လင်ယောကျ်ားနှင့် ယောက္ခမများကိုလည်း မြတ်စွာဘုရား ထံမှောက် လာရောက်ပါရန် ကြိုတင်၍ ဖိတ်မံထားလေသည်။ သိရိမာသည် မိမိ၏ အခြံအရံ အမျိုးသမီး ငါးရာတို့နှင့်တကွ မြတ်စွာဘုရား၏ ရှေ့တော်တွင် ဥတ္တရာအား သည်းခံပါရန် တောင်းပန်လေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဥတ္တရာအား "ချစ်သမီး ဥတ္တရာ... သည်းခံလိုက်ပါလော့" ဟု မိန့်တော်မူလေသော် ဥတ္တရာက "မြတ်စွာဘုရား သည်းခံပါ၏" ဟု လျှောက်တင်လေ၏။ ထိုအခါ မြတ်စွာဘုရားသည်-

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ၊ သစ္စေနာလိကဝါဒိနံ။

ကောဓံ– အမျက်ထွက်သောသူကို။ အက္ကောဓေန– အမျက်မထား မေတ္တာပွားသဖြင့်။ ဇိနေ– အောင်နိုင်ရာ၏။ အသာဓုံ– မကောင်းသောသူကို။ သာဓုနာ– သည်းခံလေငြား စိတ်ကောင်းထားသဖြင့်။ ဇိနေ– အောင်နိုင်ရာ၏။ ကဒရိယံ– နှမြောတွန့်တို မပေးလိုသောသူကို။ ဒါနေန– စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်။ ဇိနေ– အောင်နိုင်ရာ၏။ အလိကဝါဒိနံ– မဟုတ်စကား ပြောကြားသောသူကို။ သစ္စေန– အမှန်ပြောကြား သစ္စာစကားဖြင့်။ ဇိနေ– အောင်နိုင်ရာ၏ဟု ဟောတော်မူ၍ သစ္စာလေးပါး ပြပြီးသည် အဆုံး၌ ဥတ္တရာသည် သကဒါဂါမိဖိုလ်၌ တည်လေသည်။ ဥတ္တရာ၏ လင်ယောကျ်ား၊ ယောက္ခမများနှင့် သီရိမာ အပါအဝင် အမျိုးသမီး ငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ (ပဋိသံ၊ ၄၊ ၂၊ ၂၈၆–၇။) အံ၊ ၄၊ ၁၊ ၃၄၅–၇။ ဓမ္မ၊ ၄၊ ၂၊ ၁၉၉–၂၀၂ လည်း ကြည့်။ ဥတ္တရာ ဥပါသိကာမသည် ဈာန်ဝင်စားလေ့ရှိသော ဥပါသိကာမတို့တွင် အမြတ်ဆုံး ဧတဒဂ်ရ ဥပါသိကာမဖြစ်သည်။ (အံ၊ ၁၊ ၂၇။)

## ခေနဋ္ဌိနီသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏား တစ်ယောက်၏ ဇနီး ခေနဋ္ဌိနီပုဏ္ဏေးမသည် ရတနာသုံးပါး၌ အလွန်ကြည်ညို၏။ တစ်နေ့သ၌ လင်ယောကျ်ား ပုဏ္ဏားအတွက် ထမင်း ယူဆောင်လာစဉ် ခြေချော်သွားသဖြင့် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ် ဥဒါန်းကျူးရင့်လေသည်။

ထိုအခါ ဘာရဒွါဇအနွယ် ဖြစ်သော ပုဏ္ဏားသည် ခေနဋ္ဌိနီပုဏ္ဏေးမကို "ဤသူယုတ်မသည် အရာရာ၌ ဦးပြည်းရဟန်း၏ ဂုဏ်ကျေးဇူး

ကို ဆိုဘိ၏။ ယခု ငါသည် သင်၏ ဆရာဘုရားအား အယူဝါဒကို တင်ပေအံ့” ဟု ပြောဆို၏။ ခနဉ္စနိပုဏ္ဏေးမသည် “အိုပုဏ္ဏား ဤလောက၌ ငါတို့ ဆရာ မြတ်စွာဘုရားအား အယူဝါဒတင်နိုင်သူကို အကျွန်ုပ် မမြင်၊ သင် သွားပါလေ၊ သင် သွားလျှင် ဘုရားရှင် အကြောင်းကို သိပါလိမ့်မည်” ဟု ပြောဆိုလေသည်။ ထိုအခါ ဘာရဒွါဇအနွယ် ဖြစ်သော ပုဏ္ဏားသည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်အား ဤသို့ ဂါထာဖြင့် လျှောက်ထားလေ၏။

> ကိံသု ဆေတွာ သုခံ သေတိ၊ ကိံသု ဆေတွာ န သောစတိ၊
> ကိဿသု ဧကဓမ္မဿ၊ ဝဓံ ရောစသိ ဂေါတမ ။

အရှင်ဂေါတမ အဘယ်ကို ဖြတ်တောက်သော် ချမ်းသာစွာ နေရပါသနည်း။ အဘယ်ကို ဖြတ်တောက်သော် မစိုးရိမ်ရသနည်း။ အဘယ်မည်သော တစ်ခုသော တရားအား ဖြတ်တောက်ခြင်းကို နှစ်သက်ပါသနည်း- ဟု လျှောက်၏။

> ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ န သောစတိ။
> ကောဓဿ ဝိသမူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ၊ ဝဓံ အရိယာ
> ပသံသန္တိ၊ န တံ ဟိ ဆေတွာ န သောစတိ။

အိုပုဏ္ဏား အမျက်ဒေါသကို ဖြတ်တောက်သော် ချမ်းသာစွာ နေရ၏။ အမျက်ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရ၊ အဆိပ်လျှင် အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင် အဖျားရှိသော အမျက်ဒေါသ ဖြတ်တောက်ခြင်းကို အရိယာ ပုဂ္ဂိုလ်တို့သည် ချီးမွမ်းကုန်၏။ ထို အမျက် ဒေါသကိုပင် ဖြတ်တောက်သည်ရှိသော် မစိုးရိမ်ရဟု မိန့်တော်မူ၏။

ထိုအခါ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် ဘုရားရှင်၏ တရားတော်ကို ရှင်လန်း ဝမ်းမြောက်စွာ လက်ခံ၍ ဘုရားရှင်ထံ ရဟန်း ပြုလေသည်။ ရဟန်းပြုပြီး၍ မကြာမီ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်လေသည်။ (သံ၊ ၁၊ ၁၆၂- ။)

## ဝါတော် ၂၁ ဝါမှစ၍ ဝါတော် ၄၄ ဝါ တိုင်အောင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံ ကျောင်းတို့၌သာ ဝါကပ်တော်မူခြင်း

မြတ်စွာဘုရားသည် ဝါတော် ၂၀ မြောက် ဝိသတိမဝါကို ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါကပ်တော် မူလျက် ဝါကျွတ် သောအခါ ထိုထိုမြို့ရွာ နိဂုံးတို့ကို ဒေသစာရီ ကြွချီတော်မူ၍ တရား အမြိုက်ဆေးကို တိုက်ကျွေးတော် မူပြီးလျှင် ၂၁ ဝါမြောက် ဧကဝိသတိမ ဝါမှ စ၍ ၂၄ ဝါတိုင်တိုင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းနှင့် ပုဗ္ဗာရုံ ကျောင်းတော်တို့၌သာ အလှည့်အကြိမ်အားဖြင့် ဝါကပ်တော်မူသည်။

## ကောသလမင်းကြီး အကြောင်း

ပသေနဒီ ကောသလမင်းကြီးသည် မဟာကောသလမင်းကြီး ၏ သားဖြစ်၏။ ရာဇဂြိုလ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ မိဖုရား ဝေဒေဟီ မင်းသမီး၏ အစ်ကို ဖြစ်သည်။ ဘုရားရှင် လက်ထက်တော် အခါက ကောသလတိုင်းကို အုပ်ချုပ်သော ဘုရင်ဖြစ်၏။ မင်းမဖြစ်မီ တက္ကသိုလ် ၌ ဝေသာလီပြည်သား လစ္ဆဝီမင်းသား မဟာလိ၊ ကုသိနာရုံ ပြည်သား မလ္လမင်း သား ဗန္ဓုလတို့နှင့် အတူ ပညာသင်ယူခဲ့သည်။ တက္ကသိုလ်မှ ပြန်လာသောအခါ သူ၏ ပညာစွမ်းကို ခမည်းတော် မဟာကောသလ မင်းကြီးက နှစ်သက်လှသဖြင့် သူ့အား ထီးနန်းကို လွှဲအပ်လေသည်။ ထိုအခါ ကျောင်းနေဖက် သူငယ်ချင်း ဗန္ဓုလကို စစ်သူကြီး ခန့်လေ သည်။ သူ၏ မိဖုရားများမှာ မလ္လိကာ ဒေဝီနှင့် ဝါသဘခတ္တိယတို့ ဖြစ်သည်။ ကောသလမင်းကြီးနှင့် ဝါသဘခတ္တိယတို့ သင့်မြတ်ရာတွင် ဝိဋူဍဘ မည်သော သားတစ်ယောက် ထွန်းကားသည်။

ကောသလမင်းကြီး၏ နှမဖြစ်သူ ဝေဒေဟီမင်းသမီးနှင့် ဘုရင်ဗိမ္ဗိသာရတို့ လက်ထပ်ပွဲတွင် ဖခင် မဟာ ကောသလမင်းကြီးက အခွန် တစ်သိန်းထွက်သော ကာသိရွာကို နံ့သာဖိုးအဖြစ် သမီး ဝေဒေဟီကို လက်ဖွဲ့ပေးအပ်လိုက်သည်။ အဇာတသတ်မင်းသည် ဘုရင် ဗိမ္ဗိသာရနှင့် ဝေဒေဟီ မိဖုရားတို့၏ သားဖြစ်၍ ပသေနဒီ ကောသလမင်းကြီးနှင့် တူဝရီး တောစပ်သည်။ ဗိမ္ဗိသာရနှင့် ဝေဒေဟီ မိဖုရားတို့ နတ်ရွာစံပြီးနောက် တူဝရီး နှစ်ယောက်တို့ ကာသိရွာအတွက် မကြာခဏ စစ်မက် ဖြစ်ပွားကြသည်။ နှစ်ကြိမ်တိုင်တိုင် ပသေနဒီကောသလမင်းကြီး စစ်ရှုံးသည်။ သကဋဗျူဟာနည်းကို အသုံးပြု တိုက်ခိုက်လျှင် အဇာသတ်ကို နိုင်မည်ဟု ဒတ္တထေရ်အား ပြောကြားသော ဓနုဂ္ဂဟတိဿထေရ်၏ စကားကို ကောသလမင်းကြီး၏ စုံထောက် သူလျှိုတို့ ကြားသိခဲ့ရသဖြင့် ထိုနည်းကို အသုံးပြု တိုက်ခိုက်သော တတိယ စစ်ပွဲတွင်မူ အဇာတသတ်မင်းကို အရှင် ဖမ်းယူကာ အနိုင်ရရှိလေသည်။

ထိုအခါ ကောသလမင်းကြီးသည် သမီးတော် ဝဇိရမင်းသမီးကို အဇာတသတ်မင်းနှင့် ထိမ်းမြား အပ်နှင်း၍ ကာသိရွာကိုလည်း သမီးတော်၏ နံ့သာဖိုး အဖြစ် ပေးအပ်လိုက်သဖြင့် ကာသိရွာလေးကို အကြောင်းပြု၍ ဖြစ်ပွားနေကြသော တူဝရီး နှစ်ဦးတို့၏ စစ်မီးသည် ငြိမ်းအေးလေသည်။ (သံ၊ဋ္ဌ၊ ၁၊ ၁၄၁။ အံ၊ ဋ္ဌ၊ ၃၊ ၃၀၅။ ဇာ၊ ဋ္ဌ၊ ၂၊ ၂၁၈၊ ၃၆၂။ ဇာ၊ ဋ္ဌ၊ ၄၊ ၁၄၉။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၁၅။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၆၈။

## ဇေတဝန်ကျောင်းအနီး တိတ္ထိတို့အား ကျောင်းဆောက်ခွင့်ပြုခြင်း

ပသေနဒီ ကောသလမင်းကြီးသည် တိတ္ထိတို့ထံမှ ငွေတစ်သိန်း လာဘ်ယူ၍ ဇေတဝန်ကျောင်း နောက်ကျော်ဘက်၌ တိတ္ထိအရာမ် ကျောင်း ဆောက်ခွင့်ပြုသည်။ ဘုရားရှင်သည် သာမန် ရဟန်းတော်များကို တစ်ကြိမ် အဂ္ဂသာဝက နှစ်ပါးကို တစ်ကြိမ် နှစ်ကြိမ် တိုင်တိုင် မင်းကြီးထံ စေလွှတ်၍ ဇေတဝန်ကျောင်းအနီး တိတ္ထိအရာမ်ကျောင်း ဆောက်လုပ်ခွင့် မပြုရန် တားမြစ်ခိုင်းသည်။ မင်းကြီးသည် ရဟန်းတော်များကို အတွေ့မခံပေ။ ထိုအခါ ဘုရားရှင်သည် ရဟန်း ငါးရာ

ခြံရုံလျက် မင်းကြီး၏ နန်းတော်သို့ ဆွမ်းခံကြွတော်မူပြီးလျှင် မြတ်သော နေရာ၌ ထိုင်နေတော်မူလျက် မင်းကြီးအား "မြတ်သောမင်းကြီး ရှေးက မင်းတစ်ပါးသည် လာဘ်ယူ၍ သီလဝန္တ ရသေ့ ရဟန်းတို့ကို အချင်းချင်း အငြင်းပွားအောင် ပြုလုပ်သဖြင့် တိုင်းနိုင်ငံအားလုံး ပျက်စီးခြင်းတို့ ရောက်ခဲ့ပြီ" ဟု မိန့်တော်မူ၍ 'ဘရုဇာတ်' ကို ဟောတော် မူသည်။ ထိုအခါ ကောသလမင်းကြီးသည် တိတ္ထိအရာမ်ကျောင်းကို ဖျက်ဆီး ခိုင်းလေသည်။ (ဇာ၊ ဋ္ဌ၊ ၂၊ ၁၅၅-၈။)

## ရဟန်းသံဃာများနှင့် အကျွမ်းဝင်အောင် ဆောင်ရွက်ခြင်း

ကောသလမင်းကြီးသည် တစ်နေ့သ၌ နန်းပြဿဒ်ထက်၌ ရပ်လျက် မြို့လမ်းခရီးကို ရှုကြည့်နေစဉ် အနာထပိဏ် သူဌေး ဝိသာခါ စသော အိမ်တို့၌ ရဟန်းများစွာ ထေရ်သံဃာတို့ ဆွမ်းခံကြွဝင်နေသည် ကို တွေ့မြင်ရလေသည်။ ထိုအခါ ကောသလမင်းကြီးသည် မိမိ နန်းတော်၌လည်း ရဟန်းတော်တို့ ဆွမ်းခံကြွဝင်စေလိုသဖြင့် ဘုရား ကျောင်းတော်သို့ သွား၍ ရဟန်းတော် တစ်ထောင်နှင့်တကွ ဘုရားရှင် ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းဒါန ပြုလေသည်။ ထို့နောက် ဘုရားရှင်သည် မင်းကြီး၏ လျှောက်ထားချက်အရ အရှင် အာနန္ဒာ မထေရ် အမှူးပြုသည့် ရဟန်းငါးရာတို့ကို နန်းတော်တွင်းသို့ နေ့စဉ် ဆွမ်းခံ ကြွရန် မိန်တော် မူသည်။

သို့ဖြစ်၍ အရှင်အာနန္ဒာ အမှူးရှိသော ရဟန်းငါးရာတို့ နန်းတော် တွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူကြရာ မင်းကြီး၏ နန်းတွင်းသူ နန်းတွင်း သား များက ကောင်းမွန် ရိုသေစွာ နေရာပေးခြင်း စသည်ကို မပြုသဖြင့် တဖြည်းဖြည်း ဆွမ်းခံကြွဝင်သော ရဟန်းတော်များ နည်းပါး လာခဲ့ရာ နောက်ဆုံးတွင် အရှင် အာနန္ဒာ တစ်ပါးတည်းသာ နန်းတွင်းသို့ ဆွမ်းခံ ကြွဝင်တော့သည်။ ထိုအခိုက် ဆွမ်းလောင်းလှူရာဌာနသို့ မင်းကြီး လာရောက် ကြည့်ရှုရာ ရဟန်းသံဃာတော်များ မကြွရောက်ဘဲ အရှင် အာနန္ဒာ တစ်ပါးတည်းသာ ကြွရောက်သည်ကို သိရှိသဖြင့် ရဟန်း

သံဃာတော်တို့ အပေါ် အမျက်ဒေါသ ဖြစ်ပွားကာ ဘုရားရှင်ထံ သွား၍ လျှောက်ထားလေသည်။

## ဒကာအကြိုက် ဘုရားမလိုက်

ထိုအခါ ဘုရားရှင်သည် ရဟန်းသံဃာတော်တို့ အပေါ် အပြစ်မတင်ဘဲ "မင်းကြီး ငါ၏ တပည့်သားကျော် ရဟန်းတော်များသည် သင်မင်းကြီးတို့နှင့် အကျွမ်းဝင်ခြင်း မရှိသောကြောင့် မကြွလာခြင်း ဖြစ်ပေလိမ့်မည်" ဟု မိန့်တော် မူ၍ ရဟန်းတော်တို့အား...

ချစ်သား ရဟန်းတို့ အင်္ဂါကိုးမျိုးနှင့် ပြည့်စုံသော ဒါယကာတို့ အိမ်သို့ မကပ်ရောက်ထိုက်၊ ကပ်ရောက်ပြီးသော် ထိုင်ခြင်းငှာ မထိုက်၊ အဘယ် ကိုးမျိုးတို့နည်း ဟူမူ... (၁) မြတ်မြတ်နိုးနိုး ခရီးဦး မကြိုဆိုသော အိမ်၊ (၂) မြတ်မြတ်နိုးနိုး ရှိမခိုးသော အိမ်၊ (၃) မြတ်မြတ်နိုးနိုး နေရာမပေးသော အိမ်၊ (၄) ထင်ရှားရှိသော လှူဖွယ် ပစ္စည်းများကို လျှို့ဝှက်သော အိမ်၊ (၅) လှူဖွယ် ပစ္စည်းများစွာ ရှိပါလျက် အနည်းငယ်သာ ပေးလှူသော အိမ်၊ (၆) ကောင်းမွန်သော လှူဖွယ်ဝတ္ထု ရှိပါလျက် မကောင်းသော လှူဖွယ်ဝတ္ထုကို ပေးလှူသော အိမ်၊ (၇) မရိုမသေ ပေးလှူသော အိမ်၊ (၈) တရားနာယူရန် ချဉ်းကပ်၍ မနေထိုင်သော အိမ်၊ (၉) တရားကို ရှိသေစွာ မနာယူသော အိမ်တို့တည်း။

ချစ်သား ရဟန်းတို့ အင်္ဂါ ကိုးမျိုးနှင့် ပြည့်စုံသော ဒါယကာတို့ အိမ်သို့ ကပ်ရောက်ထိုက်၏။ ကပ်ရောက်ပြီးသော် ထိုင်နေသင့်၏။ အဘယ် ကိုးမျိုးတို့နည်း ဟူမူ... (၁) မြတ်မြတ်နိုးနိုး ခရီးဦး ကြိုဆိုသော အိမ်၊ (၂) မြတ်မြတ်နိုးနိုး ရှိခိုးသော အိမ်၊ (၃) မြတ်မြတ်နိုးနိုး နေရာပေးသော အိမ်၊ (၄) ထင်ရှားရှိသော လှူဖွယ် ပစ္စည်းများကို မလျှို့ဝှက်သော အိမ်၊ (၅) လှူဖွယ် ပစ္စည်းများစွာ ရှိလျှင် များစွာ ပေးလှူသော အိမ်၊ (၆) ကောင်းမွန်သော လှူဖွယ်ဝတ္ထု ရှိပါလျှင် ကောင်းသော လှူဖွယ်ဝတ္ထုကို ပေးလှူသော အိမ်၊ (၇) ရိုရိုသေသေ ပေးလှူသော အိမ်၊ (၈) တရားနာယူရန် ချဉ်းကပ်၍ ထိုင်နေသော

အိမ်၊ (၉) တရားကို ရှိသေစွာ နာယူသော အိမ်တို့တည်းဟု ကုလသုတ်ကို ဟောတော်မူသည်။ (အံ၊ ၃၊ ၁၉၂။)

ထိုအခါ ကောသလမင်းကြီးသည် ရဟန်းသံဃာတော်များနှင့် အကျွမ်းဝင် ရင်းနှီးစေရန် ရည်ရွယ်၍ သာကီဝင်မင်းတို့ထံမှ သမီးကညာ ဆက်သရန် တောင်းခံလေသည်။ သာကီဝင် မင်းတို့သည် ကောသလမင်းကြီးအား ပရိယာယ်ဖြင့် လှည့်ပတ်၍ မဟာနာမ် မင်းကြီးကို စွဲမှီ၍ ဖြစ်သော ကျွန်မ၏ သမီး ရုပ်အဆင်း လှပသည့် ဝါသဘခတ္တိယကို ပေးဆက်ကြလေသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၁၆- ၂၂၀)

ကောသလမင်းကြီးသည် ဘုရားရှင်နှင့် အလွန် အကျွမ်းဝင် ရင်းနှီးသည်။ သို့ဖြစ်၍ ကောသလမင်းကြီးကို အကြောင်းပြု၍ များစွာသော တရား ဒေသနာတို့ကို ဟောကြားတော် မူခဲ့သည်။ ထိုတရား ဒေသနာ များမှ အနည်းငယ်ကို ထုတ်နှုတ်တင်ပြပါမည်။

အခါတပါး၌ ကောသလမင်းကြီးသည် ဆန်တစ်စိတ်ချက် ထမင်းနှင့် ဟင်းလျာတို့ကို သုံးဆောင်ပြီးနောက် ဘုရားရှင်ထံ သွားလေသည်။ ဘုရားရှင်ထံမှောက် ရောက်သောအခါ အိပ်ချင်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ဆင်းရဲ ဒုက္ခ ရောက်နေသည်ကို ဘုရားရှင် သိတော်မူသဖြင့် ဘုရားရှင်သည် မင်းကြီးအား "မင်းကြီး အတိုင်းအရှည်ကို မသိဘဲ စားသုံးခြင်းသည် ဆင်းရဲ၏။ အတိုင်းအရှည်ကို သိ၍ စားသုံးပါမူ ချမ်းသာ၏" ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူသည်။

မနုဇဿ သဒါ သတိမတော၊
မတ္တံ ဇာနတော လဒ္ဓဘောဇနေ၊
တနုကဿ ဘဝန္တိ ဝေဒနာ၊
သဏိကံ ဇီရတိ အာယုပါလယံ။

သဒါ၊ အခါခပ်သိမ်း။ သတိမတော၊ သတိရှိသော။ လဒ္ဓဘောဇနေ၊ စားသောက်သော အစားအစာ၌။ မတ္တံ၊ အတိုင်းအရှည်

ကို။ ဓာနတော၊ သိသော။ အဿမနုဇဿ၊ ထိုလူအား။ ဝေဒနာ၊ ဝေဒနာ တို့သည်။ တနုကာ၊ နည်းပါးကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အာယု ပါလယံ၊ သက်စောင့် ဇီဝိတရုပ်သည်၊ သဏိကံ၊ တဖြည်းဖြည်း၊ ဇီရတိ၊ အိုမင်း၏။

ကောသလမင်းကြီးသည် ထိုဂါထာကို သဘောကျ နှစ်သက်လှ သဖြင့် တူဖြစ်သူ သုဒဿနလုလင်ကို ဘုရား။ရှင်ထံမှ သင်ယူခဲ့ရန် မိန့်ကြားလေသည်။ ဘုရားရှင်သည် သုဒဿနလုလင်အား ထိုဂါထာကို သင်ပေးပြီးနောက် နေ့စဉ် မင်းကြီးအတွက် ပွဲတော်အုပ်တည်၍ မင်းကြီး နောက်ဆုံးထမင်းလုတ် စားသုံးနေချိန် ဤဂါထာကို ရွတ်ဆိုပါ။ ဤဂါထာ ရွတ်ဆို၍ သတိရကာ နောက်ဆုံး ထမင်းလုတ်ကို မသုံးဆောင် လတ်သော် ထိုထမင်းလုတ်၏ ဆန့်စေ့နှင့်အမျှ ထမင်းကို လျှော့ချက်ပါဟု မိန့်တော်မူသည်။ ထိုသို့ ဘုရားရှင် မိန့်တော်မူသည့် အတိုင်း ဆောင်ရွက်ရာ နောင်သောအခါ မင်းကြီးသည် တစ်စလယ်ချက် ထမင်းကိုသာ သုံးဆောင်တော့သဖြင့် လုံးကျစ်သော ခန္ဓာကိုယ် ရှိလျက် ကျန်းမာချမ်းသာစွာ နေရလေသည်။

တစ်နေ့သ၌ ကောသလမင်းကြီးသည် ဘုရားရှင်ထံ သွားရောက် ၍ ဘုရားရှင်အား ရှိခိုးပြီးလျှင် ဘုရားရှင်အား "မြတ်စွာဘုရား တပည့် တော် ယခု ကျန်းမာ ချမ်းသာပါတယ်။ ဘယ်လောက် ကျန်းမာ သလဲ ဆိုရင် အဟုန်ဖြင့် ပြေးသွားသည့် မြင်းကိုပင် အမီလိုက်၍ ဖမ်းယူ နိုင်ပါတယ်။ ရှေးက နယ်စပ် ကာသိရွာကို အကြောင်းပြုပြီး တူတော် မောင် အဇာတသတ်မင်းနှင့် ဖြစ်ပွားနေသော စစ်ပွဲဟာလည်း ပြီးငြိမ်း သွားပါပြီ။ သို့အတွက်လည်း ချမ်းသာ လှပါတယ်။ မနေ့က ပျောက်ဆုံး သွားတဲ့ နန်းစဉ် ပတ္တမြား ရတနာလည်း ယနေ့ ပြန်ရပါပြီ။ ဒါကြောင့် လည်း ချမ်းသာလှပါတယ်။ အရှင်ဘုရားရဲ့ ရဟန်း သံဃာတော်များနှင့် ရင်းနှီးအကျွမ်းဝင်ရန်အတွက် တောင်းခံထားတဲ့ သာကီဝင် မင်းသမီး ဟာလည်း နန်းတော်သို့ ရောက်လာပါပြီ၊ အဲဒီအတွက်လည်း ချမ်းသာ လှပါတယ်ဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် ကောသလမင်းကြီးအား ...

အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိပရမံ ဓနံ၊
ဝိဿာသ ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ

ဟူသော ဤဂါထာကို ဟောတော်မူသည်။

**အဓိပ္ပာယ်ကား။** ။ အနာရောဂါ ကင်းခြင်းသည် အကောင်းဆုံး ဆုလာဘ်တည်း။ ရောင့်ရဲ တင်းတိမ်ခြင်းသည် အကောင်းဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အကောင်းဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အမြတ်ဆုံး ချမ်းသာတည်း။ (သံ၊၁၊၈၂။ ဓမ္မ။ဋ္ဌ၊၂၊၁၇၁-၃။)

## အပ္ပကသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်းတော်၌ ကိန်းအောင်နေတော်မူစဉ် ပသေနဒီကောသလမင်းကြီးသည် ဘုရားရှင်ကို ဤသို့ လျှောက်ထား၏။ မြတ်စွာဘုရား ဆိတ်ငြိမ်သော အရပ်၌ ကပ်ရောက်စဉ် တပည့်တော်သည် ဤသို့ စိတ်အကြံ ဖြစ်ပေါ်လာပါ၏။ "လောက၌ မွန်မြတ်သော စည်းစိမ်ဥစ္စာတို့ကို ရ၍ မယစ်မူး မမေ့လျော့ မတပ်မက်သော သူတို့သည် နည်းပါးကုန်၏။ စင်စစ်သော်ကား မွန်မြတ်သော စည်းစိမ်ဥစ္စာ တို့ကို ရလတ်သော် ယစ်မူး မေ့လျော့ တပ်မက်သော သူတို့သည်သာ များကုန်၏" ဟု ဤသို့ စိတ်အကြံ ဖြစ်ပါ၏ ဘုရား ဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်သည် "မြတ်သော မင်းကြီး၊ မင်းကြီး ကြံစည်တွေးတောသည့်အတိုင်း မှန်လှပေ၏" ဟု မိန့်တော်မူပြီးလျှင် ဤဂါထာကို ဟောတော်မူသည်။

သာရတ္တာ ကာမဘောဂေသု၊ ဂိဒ္ဓါ ကာမေသု မုစ္ဆိတာ၊
အတိသာရံ န ဗုဇ္ဈန္တိ၊ မိဂါ ကူဋံဝ သြဍ္ဍိတံ၊
ပစ္ဆာ'သံ ကဋုကံ ဟောတိ၊ ဝိပါကော ဟိဿ ပါပကော။

ကာမဘောဂေသု၊ ကာမဂုဏ်စည်းစိမ်တို့၌။ သာရတ္တာ၊ လွန်စွာတပ်မက်ကုန်သော။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဂိဒ္ဓါ၊ မက်မောကုန်သော။ မုစ္ဆိတာ၊ တွေဝေမိန်းမောကုန်သော။ ယေ၊ အကြင်သူတို့သည်။ မိဂါ၊ သားသမင်တို့သည်။ ဩဍ္ဍိတံ၊ ထောင်ထားအပ်သော။ ကူဋံ၊ ထောင်ချောက် ကျော့ကွင်းကို။ ၊န ဗုဇ္ဈန္တိ ဣဝ၊ မသိကုန်သကဲ့သို့။ အတိသာရံ၊ မိမိလွန်ကျူးမှုကို။ န ဗုဇ္ဈန္တိ၊ မသိကုန်။ အာသံ၊ ထိုသူတို့အား။ ပစ္ဆာ၊ နောင်အခါ၌၊ ကဋုကံ၊ ခါးစပ်သော အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုသူအား။ ပါပကော၊ ယုတ်ညံ့သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ (သံ၊၁၊ ၇၃။)

## သတ္တဇဋိလသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ ညနေချမ်းအချိန် ပုဗ္ဗာရုံကျောင်းတိုက် တံခါးမုဒ်ပြင်ဘက်၌ ဘုရားရှင်သည် ပသေနဒီကောသလမင်းကြီးနှင့်အတူ ထိုင်နေတော်မူစဉ် ရသေ့ ၇ ယောက်၊ နိဂဏ္ဌတက္ကတွန်း ၇ ယောက်၊ အစေလကတက္ကတွန်း ၇ ယောက်၊ ဧကသာဋကတိတ္ထိ ၇ ယောက်၊ ပရိဗိုဇ် ၇ ယောက် တို့သည် မိမိတို့၏ အသုံးအဆောင်များကို ယူဆောင်လျက် ဘုရားရှင်နှင့် မနီးမဝေးမှ ဖြတ်သွားကြကုန်၏။

ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် နေရာမှ ထကာ လက်ယာ ပုဆစ်ဒူးဝန်းကို မြေ၌ ထောက်လျက်ထိုသူတို့ရှိရာဘက်သို့ လက်အုပ် ချီပြီးလျှင် "အရှင်ဘုရားတို့ တပည့်တော် ပသေနဒီ ကောသလ မင်းပါဘုရား" ဟု သုံးကြိမ် လျှောက်တင်သည်။ ထို့နောက် ပသေနဒီ ကောသလ မင်းကြီးသည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်အား "မြတ်စွာဘုရား၊ ဤ ပုဂ္ဂိုလ်တွေဟာ ရဟန္တာတွေပါ ဘုရား" ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ပသေနဒီ ကောသလ မင်းကြီးအား "ဒကာတော် မင်းကြီး၊ သင်တို့လို လူဝတ်ကြောင်များ အနေဖြင့် ရဟန္တာ ဟုတ် မဟုတ်၊ သီလ ရှိ မရှိကို သိနိုင်ခဲကုန်၏။ မင်းကြီး သီလ ရှိ မရှိကို ပေါင်းကြည့်မှ သိနိုင်၏။ ပေါင်းကြည့်

သော်လည်း ကြာကြာပေါင်းကြည့်မှ သိနိုင်၏။ ကြာကြာပေါင်းကြည့် သော်လည်း လေ့လာ နှလုံးသွင်းမှ သိနိုင်၏။ လေ့လာ နှလုံးသွင်း သော်လည်း ပညာရှိမှ သိနိုင်၏။

လူကောင်း ဟုတ် မဟုတ်ကိုလည်း နီးနော ပြောဆိုကြည့်မှ သိနိုင်၏။ နီးနော ပြောဆိုသော်လည်း ကြာမြင့်မှ သိနိုင်၏။ ကြာမြင့် သော်လည်း လေ့လာ နှလုံးသွင်းမှ သိနိုင်၏။ လေ့လာ နှလုံးသွင်း သော်လည်း ပညာရှိမှ သိနိုင်၏

အစွမ်းသတ္တိ ရှိ မရှိကိုလည်း ဘေးရန် ကြုံမှ သိနိုင်၏။ ဘေးရန် ကြုံသော်လည်း ကြာမြင့်မှ သိနိုင်၏။ ကြာမြင့်သော်လည်း လေ့လာ နှလုံးသွင်းမှ သိနိုင်၏။ လေ့လာ နှလုံးသွင်း သော်လည်း ပညာရှိမှ သိနိုင်၏။

ပညာ ရှိမရှိကိုလည်း ဆွေးနွေးကြည့်မှ သိနိုင်၏။ ဆွေးနွေးကြည့် သော်လည်း ကြာကြာဆွေးနွေးမှ သိနိုင်၏။ ကြာကြာ ဆွေးနွေး သော်လည်း လေ့လာ နှလုံးသွင်းမှာ သိနိုင်၏။ လေ့လာ နှလုံးသွင်း သော်လည်း ပညာရှိမှ သိနိုင်၏– မိန့်တော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအား "မြတ်စွာဘုရား... မြတ်စွာဘုရား ဟောသည့် အတိုင်း မှန်လှပါ၏။ ဤသူတွေဟာ တပည့်တော်၏ သူလျှို စုံထောက်တွေပါဘုရား၊ မြို့ရွာ နိဂုံးတို့သို့ လေ့လာ ထောက်လှမ်း စုံစမ်းပြီး ပြန်လာကြသူတွေပါဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် အောက်ပါ ဂါထာ ဒေသနာကို ဟောမိန့်တော်မူသည်။

န ဝဏ္ဏရူပေန နရော သုဇာနော၊
န ဝိဿာသေ ဣတ္တရဒဿနေန။
သုသညာတာနံ ဟိ ဝိယဉ္ဇနေန၊
အသညတာ လောကမိမံ စရန္တိ၊
ပတိရူပကော မတ္တိကာ ကုဏ္ဍလောဝ၊

လောဟာမုမာသောဝ သုဝဏ္ဏာဆန္နော။
စရန္တိ လောကေ ပရိဝါရဆန္နာ၊
အန္တော အသုဒ္ဓါ ဗဟိ သောဘမာနာ။

**မြန်မာပြန်**။ ။ အဆင်း သဏ္ဌာန်မျှဖြင့် လူ၏ သဘောကို မသိနိုင်၊ အခိုက်အတန့် တွေ့ကာမျှဖြင့် အကျွမ်း မဝင်ရာ၊ ကိုယ်နှုတ် နှလုံးကို မစောင့်စည်းသော သူတို့သည် ကိုယ်နှုတ် နှလုံးကို စောင့်စည်းသူတို့၏ အသွင်အပြင် အမူအရာ အသုံးအဆောင်ဖြင့် လူအပေါင်းကို လှည့်ပတ် ကုန်၏။

အတွင်း သန္တာန် မစင်ကြယ်သော သူတို့သည် အတုဖြစ်သော မြေနားတောင်း ပဲဝက်မျှ ထိုက်တန်သော ရွှေရည်စိမ် နားတောင်း ကဲ့သို့ အပေါ်ယံ တင့်တယ် လှပကုန်သည် ဖြစ်၍ အကာအရံဖြင့် ဖုံးလွှမ်းကုန်လျက် လောက၌ လှည့်လည် နေကြကုန်၏။ (သံ၊၁၊၇၇။)

## အပ္ပမာဒသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ပသေနဒီကောသလမင်းကြီးသည် မြတ်စွာ ဘုရားအား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား ပစ္စုပ္ပန် ကောင်းကျိုး၊ တမလွန် ကောင်းကျိုး နှစ်မျိုးကို ရရှိနိုင်သော တစ်ခု တည်းသော တရား ရှိပါသလား ဘုရား" ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "ဒကာတော် မင်းကြီး– ပစ္စုပ္ပန် ကောင်းကျိုး၊ တမလွန် ကောင်းကျိုး နှစ်မျိုးကို ရရှိနိုင်သော တစ်ခုတည်းသော တရားကား အပ္ပမာဒ= မမေ့မလျော့ကြောင်းဖြစ်သော ဉာဏ်နှင့် ယှဉ် သော သတိတရားတည်" ဟု မိန့်တော်မူပြီးလျှင် အောက်ပါ ဂါထာများကို ဟောကြားတော်မူသည်။

အာယုံ အရောဂိယံ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတာ၊
ရတိယော ပတ္ထယန္တေန၊ ဥဠာရာ အပရာပရာ။

အပ္ပမာဒံ ပသံသန္တိ၊ ပုညကြိယာသု ပဏ္ဍိတာ၊
အပ္ပမာတ္တော ဥဘော အတ္ထေ၊ အဓိဂ္ဂဏှာတိ ပဏ္ဍိတော။
ဒိဋ္ဌေဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော၊
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

**မြန်မာပြန်**။ ။အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ နတ်ပြည်သို့ ရောက်ရခြင်း၊ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်း စသော မွန်မြတ်သော မွေ့လျော်ဖွယ် အကျိုးအမျိုးမျိုးကို တောင့်တသော သူသည် အပ္ပမာဒတရားကို ဖြစ်ပွားစေရာ၏။

ပညာရှိတို့သည် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းကို ချီးမွမ်းကြကုန်၏။ မမေ့မလျော့သော ပညာရှိသည် ပစ္စုပ္ပန်ကောင်းကျိုး၊ တမလွန်ကောင်းကျိုး နှစ်မျိုးကို ရယူနိုင်ခြင်းကြောင့် ပညာရှိသူကို 'ပဏ္ဍိတ' ဟု ခေါ်ဆိုအပ်၏။ (သံ၊ ၁၊ ၈၇။)

## အယျိကာသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် တစ်နေ့သ၌ ပသေနဒီကောသလမင်းကြီးသည် နေ မွန်းတည့်သာသာ အချိန်လောက်တွင် ဘုရားရှင်ထံ ရောက်လာပြီးလျှင် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား၊ ယနေ့ အသက် ၁၂၀ အရွယ်ရှိ တပည့်တော်၏ အဘွား ကွယ်လွန်ပါတယ် ဘုရား။ တပည့်တော် အဘွားကို အလွန် ချစ်မြတ်နိုးပါတယ် ဘုရား။ ဆင်ရတနာ၊ မြင်းရတနာ၊ ရွာစားဆု၊ နယ်စားဆု တွေနှင့် လဲလှယ်လို့ ရနိုင်မယ် ဆိုလျှင် ဆင်ရတနာ စသည့် ဥစ္စာ အထွေထွေနှင့် လဲယူချင်ပါ တယ် ဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် မင်းကြီးအား "ဒကာတော် မင်းကြီး၊ မီးမဖုတ်ရသေးသည့် အိုးစိမ်း၊ မီးဖုတ်ပြီးသည့် အိုးကျက် ဟူသော အိုးဟူသမျှတို့သည် ကွဲခြင်းသဘော ရှိကုန်၏၊ ကွဲခြင်းလျှင် အဆုံး အပိုင်းအခြား ရှိကုန်၏၊ ကွဲခြင်းသဘောကို မလွန်ဆန်နိုင် သကဲ့သို့ ထို့အတူပင် သတ္တဝါမှန်သမျှတို့သည် သေခြင်း

သဘော ရှိကုန်၏။ သေခြင်းလျှင် အဆုံး အပိုင်းအခြား ရှိကုန်၏။ သေခြင်းသဘောကို မလွန်ဆန်နိုင်ကုန်" ဟု မိန့်တော်မူပြီးလျှင် အောက်ပါ ဂါထာကို ဟောကြားတော်မူသည်။

သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရဏန္တံ ဟိ ဇီဝိတံ၊
ယထာ ကမ္မံ ဂမိဿန္တိ၊ ပုညပါပဖလူပဂါ၊
နိရယံ ပါပကမ္မန္တာ၊ ပုညကမ္မာ စ သုဂ္ဂတိံ။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တာဝါတို့သည်။ မရိဿန္တိ၊ သေကြရကုန်လတ္တံ့။ ဇီဝိတံ၊ အသက်ရှင်၍ နေခြင်းသည်။ မရဏန္တံ၊ သေခြင်းလျှင် အဆုံးရှိ၏။ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ပုညပါပဖလူပဂါ၊ မိမိ ပြုအပ်သော ကောင်းကံ မကောင်းကံ တို့၏ ကောင်းကျိုး မကောင်းကျိုး တို့ကို ရယူကုန်လျက်။ ယထာကမ္မံ၊ မိမိပြုထားသည့် ကံအားလျော်စွာ။ ဂမိဿန္တိ၊ လားရကုန်လတ္တံ့။ ပါပကမ္မန္တာ၊ မကောင်းမှု ပြုသော သူတို့သည်။ နိရယံ၊ ငရဲသို့။ ဂမိဿန္တိ၊ လားရကုန်လတ္တံ့။ ပုညကမ္မာ၊ ကောင်းမှု ပြုသော သူတို့သည်။ သုဂ္ဂတိံ၊ နတ်ပြည်သို့။ ဂမိဿန္တိ၊ လားရကုန်လတ္တံ့။ (သံ၊ ၁၊ ၉၇။)

ကောသလမင်းကြီးသည် ဤမျှ ဘုရားရှင်နှင့် အကျွမ်းဝင်၍ တရားတော်များကို နာယူလေ့ ရှိသော်လည်း ဘုရားရှင် သာသနာတော်၌ မည်သည့် မဂ် ဖိုလ် တရားထူးကို ရသည်ဟု ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့၌ မတွေ့ရှိရပေ။ အနာဂတဝင် ကျမ်း၌သာ ရင့်မာတစ်ကျိပ် အပါအဝင် ဘုရားလောင်း ဖြစ်သည်ဟု ဆိုသည်။

မင်းကြီးသည် ဗန္ဓုလစစ်သူကြီးကို အကောက်ဉာဏ်ဖြင့် လုပ်ကြံပြီးနောက် ဗန္ဓုလ စစ်သူကြီး၏ ဂုဏ်ကျေးဇူးကို အောက်မေ့သဖြင့် ဗန္ဓုလ စစ်သူကြီး၏တူ ဒီဃာကာရာယနကို စစ်သူကြီး ခန့်လေသည်။ အပြစ်ကင်းမဲ့သော မိမိ၏ ဦးကြီးကို သတ်သဖြင့် မင်းကြီးအပေါ် မကျေမနပ် ဖြစ်နေသော ဒီဃာကာရာယနသည် မင်းကြီး မြတ်စွာဘုရားထံ ဖူးမြော်ရန် သွားရောက်စဉ် ဝိဋ္ဋူဘနှင့် ပေါင်း၍ နန်းတော်ကို သိမ်းယူ

လေသည်။ အခြေအရံမဲ့၊ လက်နက်မဲ့ ဖြစ်နေသော ပသေနဒီကောသလ မင်းကြီးသည် တူဖြစ်သူ အဇာတသတ် မင်းထံ အကူအညီ တောင်းရန် ရာဇဂြိုဟ်မြို့သို့ သွားရာ မြို့တံခါး ပိတ်ချိန်နှင့် ကြုံကြိုက်နေ၍ ဇရပ်တွင် အိပ်ရလေသည်။ ညဥ့်တွင် လေပူမိ၍ ထိုဇရပ်ပေါ်မှာပင် နတ်ရွာစံလေသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၅။)

## မလ္လိကာ မိဖုရားကြီးအကြောင်း

မလ္လိကာ မိဖုရားကြီးကား သာဝတ္ထိပြည် ပန်းသည်မ တစ်ဦး၏ သမီးဖြစ်၏။ တစ်နေ့သောအခါ အိမ်ဈေးမှ မုန့်တို့ကို ယူဆောင်၍ ပန်းခြံသို့ သွား၍ စားအံ့ဟု ကြံအောက်မေ့လျက် ပန်းခြံသို့ သွားသည် ရှိသော် ခရီးရင်ဆိုင် ရဟန်း အပေါင်း ခြံရံလျက် ဆွမ်းခံကြွဝင်တော်မူလာသော ဘုရားရှင်ကို ဖူးမြင်ရသဖြင့် ကြည်ညိုစိတ်ဖြစ်ကာ ထိုမုန့်တို့ကို ဘုရားရှင်အား လှူဒါန်းလေ၏။ ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာ ခင်းပေးသော သင်္ကန်းအခင်းပေါ်၌ ထိုင်တော်မူပြီးလျှင် ဘုဉ်ပေးတော်မူ၍ ခံတွင်းဆေးကြောပြီးသော် ပြုံးတော်မူ၏။ အရှင်အာနန္ဒာ မထေရ်သည် "မြတ်စွာဘုရား ဤအမျိုးသမီးသည် အဘယ်သို့သော အကျိုး ဖြစ်လိမ့်မည်နည်း" ဟု မေးလျှောက်၏။ "ချစ်သား အာနန္ဒာ၊ ယနေ့မှာပင် ငါဘုရားအား ရှေးဦးစွာ ဘောဇဉ်ကို ပေးလှူ၏။ ယနေ့ ပင်လျှင် ကောသလမင်းကြီး၏ မိဖုရား ဖြစ်လိမ့်မည်" ဟု မိန့်တော်မူ၏။

ထိုနေ့မှာပင် ကောသလမင်းကြီးသည် ကာသိရွာကို အကြောင်းပြု၍ အဇာတသတ်မင်းနှင့် စစ်ခင်းရာ ရှုံးနိမ့်သဖြင့် ပြေးလာပြီးလျှင် ပန်းခြံတွင်းသို့ ဝင်လာလေသည်။ ထိုအခါ မလ္လိကာ အမျိုးသမီးသည် ကောသလမင်းကြီး၏ မြင်းဇက်ကြိုးကို စွဲကိုင်ပြီးလျှင် ကောသလ မင်းကြီး၏ ဝတ္တရားများကို ပြုစုဆောင်ရွက်ပေး၏။ ကောသလမင်းကြီး သည် သဘောကြည်ဖြူ နှစ်သက်တော်မူသဖြင့် နန်းတော်သို့ ဆောင်ယူ ကာ အဂ္ဂမဟေသီ မိဖုရားကြီး အရာရောက် ချီးမြှောက်လေသည်။ (သံ၊ ဋ္ဌ၊ ၁၊ ၁၂၉။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၄၈။)

မိဖုရားကြီးသည် ပညာရှိ၏။ ရတနာသုံးပါး၌ အလွန် ကြည်ညို၏။ ကောသလမင်းကြီးသည် ပြည်သူများနှင့် ယှဉ်ပြိုင်၍ အလှူဒါန ပြုလုပ်စဉ်က မလ္လိကာ မိဖုရားကြီး၏ အကြံပြုဆောင်ရွက်မှုကြောင့် မင်းကြီးသည် ပြည်သူများကို အနိုင်ရကာ အသဒိသအလှူကြီး လှူဒါန်းနိုင်ခဲ့သည်။ ထို့ပြင် ကောသလမင်းကြီးသည် ၁၆ ချက် အိပ်မက်ကြီး မြင်မက်၍ ကြောက်ထိတ်လန့်ကာ ယဇ်ပူဇော်ရန် ပြုစီမံစဉ် အချိန်ကလည်း မလ္လိကာ မိဖုရားကြီး၏ အကြံပြု လျှောက်တင်မှုကြောင့် ယဇ်ကောင်အားလုံးတို့သည် သေဘေးမှ လွတ်မြောက်ကြသည်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၂၀။ ဇာ၊ ဋ္ဌ။ ၁၊ ၃၅၄။)

မလ္လိကာ မိဖုရားကြီးသည် ဘုရားရှင်နှင့် အကျွမ်းဝင်၍ အမြဲ မပြတ် ကောင်းမှုကုသိုလ် ပြုလုပ်ပါသော်လည်း တစ်နေ့သ၌ ရေချိုးအိမ်သို့ ဝင်စဉ် အကျွမ်းဝင်နေသော ခွေးတစ်ကောင်နှင့် ပြစ်မှားမိ၏။ ထိုမကောင်းမှုသည် မိဖုရားကြီး၏ စိတ်တွင် "ငါသည် ကြီးလေးသော မကောင်းမှုကို ပြုမိလေစွ" ဟု နေ့စဉ် နေ့တိုင်း တအုံ့နွေးနွေး ပူဆွေး အောက်မေ့နေ၏။ သို့ဖြစ်၍ မိဖုရားကြီးသည် သေခါနီး ကာလဝယ် မိမိ ပြုလုပ်ထားသည့် များစွာသော အလှူကောင်းမှုတွေကို မအောက်မေ့နိုင်ဘဲ ထိုမကောင်းမှုကိုသာ အောက်မေ့၍ သေလွန်သဖြင့် လူတို့ အရေအတွက်အားဖြင့် ၇ ရက်မျှ အဝီစိငရဲသို့ ကျရောက်ရှာလေသည်။

ဘုရားရှင်သည် ၈ ရက်မြောက် နေ့၌ ကောသလမင်းကြီး၏ နန်းတော်သို့ ဆွမ်းခံဝင်၍ ရှေးက နန်းစဉ် မင်းသုံး ရထားများ သိမ်းဆည်းထားရာ ရထားတင်းကုပ်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးသည် ဘုရားရှင်အား "မြတ်စွာဘုရား မလ္လိကာသည် အဘယ်ဘုံဘဝ ရောက်နေပါသနည်း ဘုရား" ဟု လျှောက်ထား၏။ ဘုရားရှင်သည် "မင်းကြီး တုသိတာ နတ်ဘုံ၌ ဖြစ်၏" ဟု မိန့်တော် မူသည်။ ထိုအခါ ကောသလမင်းကြီးသည် ဘုရားရှင်အား "မြတ်စွာ ဘုရား မလ္လိကာမှ တုသိတာနတ်ပြည် မရောက်လျှင် အခြား မည်သူ ရောက်နိုင်ပါမည်နည်း၊ မလ္လိကာနှင့် တူသော မိန်းမ မရှိပါ၊ မလ္လိကာ သည် နေ့စဉ်နေ့တိုင်

ဘုရားရှင်အတွက် ဤ အလှူ ဝတ္ထုကို လှူဒါန်း မည်၊ ဤ လှူဖွယ်ဝတ္ထု ကို ပြုလုပ်မည်" ဟု လှူဒါန်းရန် စိမ်နေခြင်းဖြင့်သာ အချိန်ကို ကုန်လွန် စေပါသည် ဘုရား။ မြတ်စွာဘုရား… တပည့်တော်သည် မလ္လိကာ ကွယ်လွန်သည်မှ စ၍ အမြဲတမ်း ကိုယ် စိတ် နှစ်ပါး ဆင်းရဲ၍ နေရပါ သည် ဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ကောသလမင်းကြီးကို "မင်းကြီး မစိုးရိမ် ပါလင့်၊ သေခြင်းတရားသည် သတ္တဝါ အားလုံး အတွက် ရှောင်လွှဲ၍ မရသည့် ဓမ္မတာ သဘောပါတည်း" ဟု မိန့်တော်မူ၍ နန်းစဉ်ရထားများ ၏ မှူးပိုင်ရှင်ကို မေးမြန်းတော်မူပြီးလျှင် "မင်းကြီး၊ သင့် အဘိုး၏ ရထားသည် သင့် အဘ၏ ရထားအဖြစ်သို့ မရောက်၊ သင် အဘ၏ ရထားသည်လည်း သင်မင်းကြီး၏ ရထား အဖြစ်သို့ မရောက်၊ ဤသို့ သဘောရှိသော ခိုင်မာလှသည့် သစ်တုံးသစ်သားသော်မှလည်း ဆွေးမြည့် ယိုယွင်း အိုမင်းရသေး၏။ ခန္ဓာကိုယ် အတ္တဘောသည်ကား အဘယ်မှာ လျှင် မဆွေးမြည့်၊ မယိုယွင်း၊ မအိုမင်းဘဲ ရှိနိုင်ပါမည်နည်း။ ဆွေးမြည့် ယိုယွင်း အိုမင်းရမည်သာတည်း။ မင်းကြီး… သူတော်ကောင်း တရား သည်သာ ဆွေးမြည့် ယိုယွင်း အိုမင်းခြင်း မရှိ၊ သတ္တဝါတို့သည် ကား မဆွေးမြည့်၊ မယိုယွင်း၊ မအိုမင်းသောသူ မည်သည် မရှိနိုင်ပါ" ဟု မိန့်တော်မူ၍ အောက်ပါ ဂါထာကို ဟောကြားတော်မူသည်။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

သုစိတ္တာ၊ ရတနာ ခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ် လွန်ဆန်း ကြယ် ကုန်သော။ ရာဇရထာ၊ မင်းစီးရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ ဆွေးမြည့် ယိုယွင်း အိုမင်းကုန်၏။ အထော၊ ထိုမှတပါး။ သရီရမ္ပိ၊

ခန္ဓာကိုယ် အတ္တဘောသည်လည်း။ ဇရံ၊ ဆွေးမြည့်ယိုယွင်း အိုမင်းခြင်းသို့၊ ဥပေတိ၊ အမှန်မသွေ ကပ်ရောက်ရပေ၏။ သတဉ္စဓမ္မော၊ သူတော်ကောင်းတို့၏ သန္တာန်၌ ဖြစ်ပွားသည့် ကိုးပါးသော လောကုတ္တရာ တရားသည်ကား၊ ဇရံ၊ ဆွေးမြည့် ယိုယွင်း အိုမင်းခြင်းသို့။ န ဥပေတိ၊ မကပ်ရောက်ပေ။ ဇဝံ၊ ဤသို့၊ သန္တော၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ ဟဝေ၊ စင်စစ်။ သဗ္ဘိ၊ ကိုယ်ကျင့်သိက္ခာ ကောင်းစွာ ထိန်းကျောင်း သူတော်ကောင်းတို့နှင့်။ သဒ္ဓိံ၊ နှစ်သက် ကြည်ဖြူ အတူတကွ။ ပဝေဒယန္တိ၊ နှီးနှော ပြောဟောကြကုန်၏။

ဒေသနာတော် အဆုံး၌ များစွာသော သူတို့သည် မဂ် ဖိုလ်၌ တည်ကြသည်။ (ဓမ္မ၊ ၌၊ ၂၊ ၇၅–၇၈။)

## နန္ဒမာတာ ဥပါတိကာမ အကြောင်း

တစ်နေ့သ၌ ဝေဠုကဏ္ဍကီမြို့နေ နန္ဒမာတာ ဥပါတိကာမသည် မိုးသောက်ယာမ် အချိန်၌ နံနက်စောစော အိပ်ရာမှ ထ၍ ပါရာယန သုတ္တန် ဒေသနာတော်ကို အသံဖြင့် ရွတ်ဆိုနေ၏။ နန္ဒမာတာ၏ ဂုဏ်ကျေးဇူးတို့ကား... စင်ကြယ်သော သီလရှိ၏။ အမြဲ ညစာ စားခြင်းမှ ရှောင်ကြဉ်၏။ ပိဋကတ် သုံးပုံကို ဆောင်၏။ အနာဂါမိဖိုလ်၌ တည်၏။ ထိုအချိန်အခါဝယ် ဝေဿဝဏ် နတ်မင်းကြီးသည် ကောင်းကင် ခရီးဖြင့် မြောက်အရပ်မှ တောင်အရပ်သို့ သွားစဉ် နန္ဒမာတာ ဥပါသိကာမ၏ ပါရာယန သုတ္တန်ရွတ်သံကို ကြားနာရ၍ ရွတ်ဆို ပြီးဆုံးသည် တိုင်အောင် ဆိုင်းငံ့ရပ်တည်လျက် ရွတ်ဆိုပြီးဆုံးသောအခါ "သာဓု သာဓု ဘဂိနိ" ဟု သာဓု ခေါ်ဆိုလေသည်။ ထိုအခါ နန္ဒမာတာ ဥပါသိကာမသည် "အို အရှင်... အရှင်သည် မည်သူပါနည်း" ဟု မေးမြန်းလေ၏။ "ချစ်နှမ... ငါသည် သင်၏ မောင်တော် ဝေဿဝဏ်နတ်မင်းပါတည်း" ဟု ဝေဿဝဏ်နတ်မင်းက ပြောဆိုလေသည်။ သို့ဖြစ်လျှင် အကျွန်ုပ် တရားဒေသနာ ရွတ်ဆိုသော ကုသိုလ်၏ အဖို့ဘာဂကို သင်နတ်မင်း အား ပေးကမ်းဖွယ် လက်ဆောင်

ပဏ္ဏာအဖြစ် ပေးကမ်းပါ၏” ဟု ပြောဆို၏။ “ကောင်းလှပါ၏ ချစ်နှမ... နက်ဖြန်၌ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာများသည် နံနက် ဆွမ်းမဘုဉ်းပေးမီ ဝေဠုကဏ္ဍကီမြို့သို့ ကြွရောက်တော် မူလာပါလိမ့် မည်။ ထို ရဟန်းသံဃာတော်တို့အား လှူဒါန်းသည့် ဆွမ်းဒါန ကုသိုလ် အဖို့ကိုလည်း လက်ဆောင်ပဏ္ဏာအဖြစ် အမျှပေးဝေပါဦး” ဟု ပြောဆို လေသည်။

ထိုအခါ နန္ဒမာတာ ဥပါသိကာမသည် နောက်တစ်နေ့ နံနက် အချိန်အခါ၌ ဝေဠုကဏ္ဍကီမြို့သို့ ကြွရောက်လာကြသော အရှင် သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အမှူးရှိသည့် ရဟန်းသံဃာတော် တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ဆက်ကပ် လှူဒါန်းလေသည်။ ထိုအခါ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် နန္ဒမာတာ ဥပါသိကာမ အရှင်သာရိပုတ္တရာ၊ အရှင် မဟာမောဂ္ဂလာန် အမှူးရှိသည့် ရဟန်းသံဃာတော်တို့အား ဆွမ်း ဆက်ကပ် လှူဒါန်းနေသည်ကို မြင်တော်မူ၍ ရဟန်းတို့အား “ချစ်သား ရဟန်းတို့... နန္ဒမာတာ ဥပါသိကာမသည် အရှင်သာရိပုတ္တရာ၊ အရှင် မဟာမောဂ္ဂလာန် အမှူးရှိသည့် ရဟန်းသံဃာတော်တို့အား အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံသည့် ‘ဆဠင်္ဂဒါန’ ကို ပြုစု လှူဒါန်းနေ၏။ အဘယ် အင်္ဂါခြောက်ပါးတို့နည်းဟူမူ– ပေးလှူသူ အလှူရှင်ဘက်မှ မလှူမီ ရှေးအဖို့၌ ဝမ်းမြောက်ခြင်း၊ ပေးလှူနေစဉ် စိတ်ကို ကြည်လင်စေခြင်း၊ ပေးလှူပြီးနောက် နှစ်သက် ဝမ်းမြောက်ခြင်း ဟူသော အင်္ဂါသုံးပါးနှင့် အလှူခံပုဂ္ဂိုလ်ဘက်မှ လောဘကင်းခြင်း သို့မဟုတ် လောဘကင်းရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်း၊ ဒေါသကင်းခြင်း သို့မဟုတ် ဒေါသ ကင်းရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်း၊ မောဟကင်းခြင်း သို့မဟုတ် မောဟကင်းရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်း ဟူသော အင်္ဂါသုံးပါးအားဖြင့် အင်္ဂါခြောက်ပါးတို့ပေတည်း” ဟု ဟောကြားတော် မူသည်။

အရှင်သာရိပုတ္တရာသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ နန္ဒမာတာ ဥပါသိကာမအား "နန္ဒမာတာ... ရဟန်းသံဃာများ ကြွလာမည့် အကြောင်းကို သင့်အား မည်သူ ပြောကြားပါသနည်း" ဟု မေးမြန်းလေ၏။ ထိုအခါ နန္ဒမာလာ ဥပါသိကာမသည် ဝေဿဝဏ်နတ်မင်း ပြောကြားကြောင်း လျှောက်ထားလေသည်။ ထိုသို့ လျှောက်ထားသော အခါ အရှင်သာရိပုတ္တရာမထေရ်သည် နန္ဒမာတာ ဥပါသိကာမအား "နန္ဒမာတာ... တန်ခိုးကြီးမားသည့် ဝေဿဝဏ်နတ်မင်းနှင့် ကိုယ်တိုင် မျက်မှောက် စကားပြောဆိုရသည်ကား အံ့သြဖွယ် ကောင်းလှပေစွ" ဟု မိန့်တော်မူသည်။ ထိုအခါ နန္ဒမာတာ ဥပါသိကာမက မိမိ၏ ချီးမွမ်း အံ့သြဖွယ်ဂုဏ် ခုနစ်မျိုးတို့ကို အရှင်သာရိပုတ္တရာအား လျှောက်ထား လေသည်။

နန္ဒမာတာဥပါသိကာမ၏ ချီးမွမ်း အံ့သြဖွယ်ဂုဏ် ခုနစ်မျိုး တို့ကား (၁) တန်ခိုးကြီးမားသည့် ဝေဿဝဏ်နတ်မင်းနှင့် ကိုယ်တိုင် မျက်မှောက် စကားပြောဆိုရခြင်း၊ (၂) သူမ၏ တစ်ဦးတည်းသော သား နန္ဒကို အစိုးရမင်းတို့က အကြောင်းတစ်စုံတစ်ခုကြောင့် ဖမ်းဆီး သတ်ဖြတ်သည့် အချိန်ကလည်း စိတ်မတုန်လှုပ်ခြင်း၊ (၃) ကွယ်လွန် သွားသည့် လင်ယောကျ်ားသည် တမလွန်ဘဝမှာ ဘုမ္မစိုး ဖြစ်၍ လူ ဖြစ်စဉ်က ခန္ဓာကိုယ်အတ္တဘောဖြင့် ထင်ရှားပြပါသော်လည်း စိတ် ဖောက်ပြန်မှု မရှိခြင်း၊ (၄) ငယ်ရွယ်စဉ်မှ စ၍ မိမိ၏ လင်ယောကျ်ား အပေါ်၌ စိတ်မျှဖြင့်ပင် လွန်ကျူး၍ မကျင့်ခြင်း၊ (၅) ဥပါသိကာမ အဖြစ်ကို ခံယူသည်မှ စ၍ မည်သည့် သိက္ခာပုဒ်ကိုမျှ လွန်ကျူးလိုသော စေတနာဖြင့် မလွန်ကျူးခြင်း၊ (၆) ဈာန်လေးပါးကို အလိုရှိတိုင်း ဝင်စား နိုင်ခြင်း၊ (၇) ကာမရာဂ ဗျာပါဒ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဟူသော အောက်ပိုင်း သံယောဇဉ်ငါးမျိုးတို့ကို အကြွင်းမဲ့ ပယ်ပြီး ဖြစ်ခြင်းတို့တည်း။ အရှင်သာရိပုတ္တရာသည် နန္ဒမာတာ ဥပါသိကာမ အား တရားဓမ္မ ဟောပြပြီးလျှင် နေရာမှ ထကာ ပြန်ကြွတော်မူသည်။ (အံ၊ ၂၊ ၂၉၅။ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၁၀၁။)

## အနာထပိဏ်သူဌေးကြီးအကြောင်း

အနာထပိဏ်သူဌေးကြီးသည် သာဝတ္ထိပြည်၊ သုမနသူဌေး၏ သား ဖြစ်၏။ သုဘူတိမထေရ်၏ အစ်ကို ဖြစ်သည်။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၅။ ထေရ၊ ဋ္ဌ၊ ၁၊ ၂၇။) ငယ်နာမည်မှာ 'သုဒတ္တ' ဖြစ်၏။ ကိုးကွယ်မဲ့သူတို့အား ထမင်းရေစာ ပေးတတ်သောကြောင့် နောင်သောအခါ 'အနာထပိဏ်သူဌေး' ဟု အမည်တွင်သည်။ (မ၊ ဋ္ဌ၊ ၁၊ ၆၁။) အနာထပိဏ်သူဌေး၏ သူဌေးကတော်ကြီးကား ပုညလက္ခဏာဒေဝီ အမည်ရှိသည်။ (ဇာ၊ ဋ္ဌ၊ ၂၊ ၃၆၈။) အနာထပိဏ်သူဌေးကြီး၏ ဇနီး သူဌေးကတော်သည် ရာဇဂြိုဟ်သူဌေး၏ နှမဖြစ်၍ ရာဇဂြိုဟ်သူဌေး၏ ဇနီး သူဌေးကတော်သည် အနာထပိဏ်သူဌေးကြီး၏ နှမ ဖြစ်သဖြင့် သူဌေးနှစ်ဦးတို့သည် အချင်းချင်း နှမပေး နှမယူ သမီးယောက်ဖ တော်စပ်ကြသည်။ (သံ၊ ဋ္ဌ၊ ၁၊ ၂၈၅။) အနာထပိဏ်သူဌေးကြီးသည် 'ကာလ' မည်သော သား တစ်ယောက်နှင့် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ မည်သော သမီးသုံးယောက် ရှိသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၇။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၂၃၊ ၂၉၀။) ထို့ပြင် ဓနဉ္စယ သူဌေး၏ သမီး ဝိသာခါ၏ ညီမဖြစ်သော သုဇာတာ မည်သော ချွေးမတစ်ယောက်လည်း ရှိသည်။ ၎င်းချွေးမကိုပင် အကြောင်းပြု၍ ဘုရားရှင်သည် မယား ခုနစ်မျိုးကို ဟောတော်မူသည်။ (အံ၊ ၂၊ ၄၆၇။ ဇာ။ ဋ္ဌ၊ ၂၊ ၃၁၃။) သူဌေးကြီးသည် ၅၄ ကုဋေ အသပြာငွေ အကုန်အကျခံ၍ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းပြီးနောက် နေ့စဉ်လည်း ရဟန်းသံဃာတို့အား ပစ္စည်းလေးပါးတို့ကို ရက်ရောစွာ လှူဒါန်းလေသည်။ သူဌေးကြီး အိမ်၌ နေ့စဉ် ရဟန်းသံဃာ နှစ်ထောင်တို့အား ဆွမ်း လှူဒါန်းသည်။ ၎င်းပြင် ကာသိတိုင်း၌ ရှိသော မိမိ၏ အလုပ်သမားရွာ၌လည်း လာသမျှသော အာဂန္တုရဟန်းတို့အတွက် ဆွမ်းဝတ်ကို တည်ထားသည်။ (ဝိ၊ ၂၊ ၂၁၁။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၇။) ယင်းသို့ ရက်ရောစွာ လှူဒါန်းလေ့ ရှိသည့်အတွက် ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီးအား ဒါနနဲ့ မွေ့လျော်သော ဒါယကာတို့တွင်

အမြတ်ဆုံး 'ဧတဒဂ်' ဘွဲ့ထူးကို ချီးမြှင့် ပေးအပ်တော်မူသည်။ (အံ၊ ၁၊ ၂၇။)

သူဌေးကြီးသည် တစ်ချိန်မှာ ကုန်သွယ်ဖက် ဖြစ်သူတို့ထံမှ ကြွေး ၁၈–ကုဋေ မရရှိခြင်း၊ မြစ်ကမ်းအနီး၌ မြှုပ်ထားအပ်သော ငွေ ၁၈–ကုဋေတို့ ရေ၌ မျောပါခြင်းကြောင့် ဥစ္စာနည်းပါး အနည်းငယ် ပစ္စည်း ဥစ္စာ ချို့တဲ့မှု ဖြစ်သွားဖူးသည်။ သို့သော်လည်း တတ်နိုင်သမျှ ဆန်ကွဲ ထမင်းနှင့် ပအုံးရည်ကို လှူဒါန်းလေသည်။ ယင်းသို့ မကောင်းသော အလှူဝတ္ထုကိုသာ လှူဒါန်းနိုင်သဖြင့် စိတ်မကောင်းဖြစ်နေသော သူဌေးကြီးကို စိတ်သက်သာရာ ရစေခြင်းငှာ ဘုရားရှင်သည် 'ဝေလာမ သုတ်' ကို ဟောတော်မူသည်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၇။ ဇာ၊ ဋ္ဌ၊ ၁၊ ၂၄၄။)

## သူဌေးကြီး၏ ဘုရားအပေါ် ငဲ့ညှာပုံ

သူဌေးကြီးသည် တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် ရံခါ ထို့ထက် အလွန် ဘုရားရှင်ထံ ဆည်းကပ်ရန် သွားရောက်လေ့ ရှိသည်။ ထိုသို့ သွားရောက်သောအခါ အချည်းနှီး လက်ချည်း မသွားရောက်ဘဲ နံနက် အခါ၌ ယာဂုခဲဖွယ် စသည်တို့ကို ယူဆောင်လျက် နေ့လယ်ပိုင်း အချိန် တွင် အဖျော်ရည် စတုမဓုတို့ကို ယူဆောင်လျက် ညနေပိုင်းအချိန်မှာမူ ပန်းနံ့သာ လက်စွဲလျက် သွားရောက်လေသည်။ ယင်းသို့ အစဉ်မပြတ် ဆည်းကပ်ပါသော်လည်း မိမိက ပြဿနာ မေးလျှောက်၍ ဖြေနေရလျှင် ဘုရားရှင် ပင်ပန်းတော်မူမည်စိုး၍ မေးလျှောက်ခြင်း မပြုပေ။ သို့သော် ဘုရားရှင်သည် သူဌေးကြီး ရောက်လာတိုင်း တရားဒေသနာ တစ်မျိုးမျိုး ကို ဟောတော်မူသည်သာ။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃။ ဇာ၊ ဋ္ဌ၊ ၁၊ ၂၄၃။)

သူဌေးကြီးသည် ဥဂ္ဂသူဌေးက သူ၏ သားအတွက် မိမိ၏ သမီး စူဠသုဘဒ္ဒါကို တောင်းရမ်း ပြောဆိုသောအခါ ဥဂ္ဂသူဌေးသည် မိစ္ဆာဒိဋ္ဌိ ဖြစ်သည့်အတွက် မပေးလိုပေ။ သို့ဖြစ်၍ ထိုအကြောင်းအရာကို မြတ်စွာ ဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည် ဥဂ္ဂသူဌေး၏ မဂ်ဖိုလ် ရရန် အားကြီးသော အကြောင်းကို မြင်တော်မူ၍ ခွင့်ပြုတော်မူသည်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂၈၁။)

သာဝတ္ထိပြည်မှ အခြားအရပ်သို့ ဘုရားရှင် ဒေသစာရီ ကြွချီတော်မူစဉ် ကိုယ်စားတော် ကိုးကွယ်ရန် တစ်စုံတစ်ခု ပြုလုပ်ပေးပါမည့်အကြောင်း အရှင်အာနန္ဒာမှ တစ်ဆင့် ဘုရားရှင်အား လျှောက်ထား၍ ဘုရားရှင် ခွင့်ပြုတော်မူချက်အရ ဇေတဝန်ကျောင်းတော် တံခါးအနီး၌ မူလဗောဓိပင်မှ ဗောဓိစေ့မှည့်ကို စိုက်ပျိုးရာတွင် ကောသလမင်းကြီး စေခိုင်းချက်အရ သူဌေးကြီး စိုက်ပျိုးသည်။ (ဇာ၊ ၌၊ ၄၊ ၂၂၈။)

အခါတစ်ပါး၌ အနာထပိဏ်သူဌေးကြီးသည် ဘုရား အမှူးရှိသော ရဟန်းငါးရာကို ဆွမ်းစားပင့်ထား၏။ ထိုည၌ လွန်မြောက်နောက်တစ်နေ့ နံနက် မိုးသောက်အချိန်တွင် ဘုရားရှင်သည် လောကကို ဉာဏ်ဖြင့် ကြည့်ရှုသည်ရှိသော် နန္ဒောပနန္ဒနဂါးမင်းကို ဉာဏ်၌ ဆင်ခြင်တော်မူသဖြင့် သူဌေးကြီး အိမ်သို့ မကြွမီ တာဝတိံသာ နတ်ပြည်ခရီးသို့ ကြွသွားစဉ် ဘုရားရှင် ခွင့်ပြုချက်အရ နန္ဒောပနန္ဒ နဂါးမင်းကို အရှင်မဟာမောဂ္ဂလာန် ဆုံးမ၍ အပြီးတွင် သူဌေးကြီး အိမ်သို့ ဘုရားအမှူးရှိသော ရဟန်းငါးရာတို့ကို ဆွမ်းစား ကြွတော်မူသည်။ ထိုအခါ သူဌေးကြီးသည် ဘုရားရှင် မိန့်တော်မူသဖြင့် အရှင်မဟာမောဂ္ဂလာန် ထေရ်၏ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမပုံ အလုံးစုံကို သိရ၍ ခုနစ်ရက်ပတ်လုံး အခြားမရှိ မိမိအိမ်၌သာ ဆွမ်းအလှူခံတော် မူပါရန် ပင့်လျှောက်ပြီး ဘုရား အမှူးရှိသော ရဟန်းငါးရာတို့အား ကြီးစွာသော ပူဇော်မှုကို ပြုလေသည်။ (ဝိသုဒ္ဓိ၊ ၂၊ ၂၇-၃၀။)

သူဌေးကြီးသည် ဝါဒဆိုင်ရာ အခြေအတင် ပြောရာ၌လည်း လိမ္မာ ကျွမ်းကျင်သည်။ တစ်ခါက ပရိဗိုဇ်တို့နှင့် ဝါဒရေးရာ အခြေအတင် ပြောရာတွင် အနိုင်ရခဲ့၍ ဘုရားရှင်အား ပြန်လည် လျှောက်ထားသောအခါ ဘုရားရှင်က ချီးကျူးစကား မိန့်ကြားတော်မူသည်။ (အံ၊ ၃၊ ၄၀၆-၉။) သူဌေးကြီးသည် နာမကျန်း ဖြစ်လာလျှင် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့ကို ပင့်၍ တရားနာယူလေ့ ရှိသည်။ (သံ၊ ၃၊ ၃၃၂-၈။) သူဌေးကြီးသည် ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ ကွယ်လွန်သည်။ နာမကျန်းဖြစ်၍ အပြင်းအထန် ဝေဒနာ ခံစားနေရစဉ်

အပင့် လွှတ်သဖြင့် အရှင်အာနန္ဒာနှင့် အတူ အရှင်သာရိပုတ္တရာ ကြွရောက်ပြီးလျှင် အနာထပိဏ်ကို ဩဝါဒသုတ်ကို ဟော၍ တရားပြတော်မူသည်။ ၎င်းနောက် မကြာမီ စုတေ၍ တုသိတာ နတ်ပြည်၌ အနာထပိဏ် ဟူသော အမည်ဖြင့် နတ်သား ဖြစ်လေသည်။ ယင်းသို့ နတ်သား ဖြစ်ပြီးနောက် ဘုရားရှင်ထံ လာ၍ ဇေတဝန်ကျောင်းတော် စသည်ကို ချီးမွမ်းသည့် ဂါထာများကို လျှောက်ထားသည်။ (ဒီ၊ ၄၊ ၂၊ ၃၃၂။ အဘိ၊ ၄၊ ၃၊ ၄၇။) ဘုရားရှင်သည် ကျောင်းဒကာ အနာထပိဏ် သူဋ္ဌေးကြီးအား ဓမ္မအထွေထွေ ဟောပြတော်မူသည်။ ယင်းသို့ ဟောပြတော်မူသည့် ဓမ္မဒေသနာ များစွာမှ အနည်းငယ် ထုတ်နုတ် တင်ပြပါမည်။

## ဗျာပန္နသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ မြတ်စွာဘုရားသည် မိမိထံမှောက် ရောက်လာသော အနာထပိဏ်သူဋ္ဌေးကြီးကို "ဒါယကာ သူဋ္ဌေးကြီး... အထွတ်တပ်သော အိမ်ကို ကောင်းစွာ မိုးမထားလျှင် အထွတ်လည်း ပျက်စီး၊ အခြင်တို့လည်း ပျက်စီး၊ နံရံလည်း ပျက်စီးသကဲ့သို့ ထို့အတူပင် စိတ်ပျက်စီးလျှင် ကာယကံလည်း ပျက်စီး၊ ဝစီကံလည်း ပျက်စီး၊ မနောကံလည်း ပျက်စီးတော့၏။ ကာယကံ ဝစီကံ မနောကံ ပျက်စီးသူအား ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်။

ဒါယကာသူဋ္ဌေးကြီး အထွတ်တပ်သော အိမ်ကို ကောင်းစွာ မိုးထားလျှင် အထွတ်လည်း မပျက်စီး၊ အခြင်တို့လည်း မပျက်စီး၊ နံရံလည်း မပျက်စီးသကဲ့သို့ ထို့အတူပင် စိတ်မပျက်စီးလျှင် ကာယကံလည်း မပျက်စီး၊ ဝစီကံလည်း မပျက်စီး၊ မနောကံလည်း မပျက်စီးပေ။ ကာယကံ ဝစီကံ မနောကံ မပျက်စီးသူအား ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်း ဖြစ်၏" ဟု ဟောတော်မူသည်။ (အံ၊ ၁။ ၂၆၅။)

## သဒ္ဓာသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် မိမိထံမှောက် ရောက်လာသော အနာထပိဏ်သူဌေးကြီးကို "ဒါယကာ သူဌေးကြီး... စားဖွယ် ဘောဇဉ်ကို ပေးလှူသောသူသည် အလှူခံပုဂ္ဂိုလ်တို့အား လေးမျိုးသော အရာကို ပေးလှူသည် မည်၏။ အဘယ် လေးမျိုးတို့နည်းဟူမူ- အသက်ကို ပေးလှူသည် မည်၏၊ အဆင်းကို ပေးလှူသည် မည်၏၊ ချမ်းသာကို ပေးလှူသည် မည်၏၊ ခွန်အားကို ပေးလှူသည် မည်၏၊ အသက်ကို ပေးလှူသည် မည်ခြင်းကြောင့် လူနတ်နှစ်တန် အသက်ရှည်ရန် ဖြစ်၏။ အဆင်းကို ပေးလှူသည် မည်ခြင်းကြောင့် လူနတ်နှစ်တန် အဆင်းလှရန် ဖြစ်၏၊ ချမ်းသာကို ပေးလှူသည် မည်ခြင်းကြောင့် လူနတ်နှစ်တန် ချမ်းသာရန် ဖြစ်၏။ ခွန်အားကို ပေးလှူသည် မည်ခြင်းကြောင့် လူနတ်နှစ်တန် ခွန်အားကောင်းရန် ဖြစ်၏" ဟု ဟောတော်မူသည်။ (အံ၊ ၁၊ ၃၇၄။)

## အာနဏျသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် မိမိထံမှောက် ကပ်ရောက်လာသော အနာထပိဏ်သူဌေးကြီးကို "ဒါယကာ သူဌေးကြီး... သင့်လျော်သော အချိန်အခါ၌ လူတို့ ရအပ်သော ချမ်းသာတို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်းဟူမူ- အတ္ထိသုခ= ရှိမှုချမ်းသာ၊ ဘောဂသုခ= သုံးဆောင်ခံစားမှု ချမ်းသာ၊ အာနဏျသုခ= ကြွေးကင်းမှု ချမ်းသာ၊ အနဝဇ္ဇသုခ= အပြစ်မရှိမှု ချမ်းသာတို့တည်း။ ထိုတွင် အတ္ထိသုခ= ရှိမှုချမ်းသာ ဟူသည် ဤလောက၌ အမျိုးကောင်းသားသည် မိမိ၏ ကြိုးစား ရှာဖွေမှုဖြင့် တရားနှင့်အညီ ရအပ်သော စည်းစိမ်ဥစ္စာတို့သည် ရှိကုန်၏။ ထိုအမျိုးကောင်းသားသည် မိမိ၏ ကြိုးစား ရှာဖွေမှုဖြင့် တရားနှင့်အညီ ရအပ်သော စည်စိမ်ဥစ္စာတို့သည် ငါ့အား ရှိကုန်၏ဟု အောက်မေ့လျက် ချမ်းသာမှု၊ နှစ်သက် ဝမ်းမြောက်မှုကို ရ၏။ ဤသည်ကို အတ္ထိသုခ= ရှိမှုချမ်းသာဟု ဆိုအပ်၏။

ဘောဂသုခ= သုံးဆောင် ခံစားမှု ချမ်းသာဟူသည် ဤလောက၌ အမျိုးကောင်းသားသည် မိမိ၏ ကြိုးစား ရှာဖွေမှုဖြင့် တရားနှင့်အညီ ရအပ်သော စည်းစိမ်ဥစ္စာတို့ကို မိမိလည်း သုံးဆောင် ခံစား၏။ ကုသိုလ် ကောင်းမှုတို့ကိုလည်း ပြုလုပ်၏။ ထိုအမျိုးကောင်းသားသည် ငါသည် မိမိ၏ ကြိုးစား ရှာဖွေမှုဖြင့် တရားနှင့်အညီ ရအပ်သော စည်းစိမ်ဥစ္စာ တို့ကို သုံးဆောင် ခံစားရ၏။ ကုသိုလ်ကောင်းမှု တို့ကိုလည်း ပြုလုပ် ရ၏ဟု အောက်မေ့လျက် ချမ်းသာမှု၊ နှစ်သက်ဝမ်းမြောက်မှုကို ရ၏။ ဤသည်ကို ဘောဂသုခ= သုံးဆောင်ခံစားမှု ချမ်းသာဟု ဆိုအပ်၏။

အာနဏျသုခ= ကြွေးကင်းခြင်း ဟူသည် ဤလောက၌ အမျိုးကောင်းသားသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တစ်စုံ တစ်ယောက်သောသူအား ပေးဆပ်စရာ ကြွေးမြီ မရှိ၊ ထို အမျိုးကောင်း သားသည် "ငါသည် မည်သူ့ကိုမျှ ပေးဆပ်စရာ ကြွေးမြီ မရှိ" ဟု အောက်မေ့လျက် ချမ်းသာမှု၊ နှစ်သက် ဝမ်းမြောက်မှုကို ရ၏။ ဤသည်ကို အာနဏျသုခ= ကြွေးကင်းမှုချမ်းသာဟု ဆိုအပ်၏။

အနဝဇ္ဇသုခ= အပြစ်မရှိမှု ချမ်းသာ ဟူသည် ဤလောက၌ အမျိုးကောင်းသားသည် အပြစ်မရှိသော ကာယကံ၊ ဝစီကံ၊ မနောကံ နှင့် ပြည့်စုံ၏။ ထိုအမျိုးကောင်းသားသည် "ငါသည် အပြစ်မရှိသော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံ၏" ဟု အောက်မေ့လျက် ချမ်းသာမှု၊ နှစ်သက် ဝမ်းမြောက်မှုကို ရ၏။ ဤသည်ကို အနဝဇ္ဇသုခ= အပြစ်မရှိမှုချမ်းသာဟု ဆိုအပ်၏ဟု ဟောတော်မူသည်။ (အံ၊ ၁၊ ၂၈၀။)

## အာဒိယသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် မိမိထံမှောက် ရောက်လာသော အနာထပိဏ် သူဌေးကြီးကို "ဒါယကာ သူဌေးကြီး... လောက၌ စည်းစိမ်ဥစ္စာ ရကြောင်းတို့သည် ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်းဟူမူ– ဤလောက၌ အမျိုးကောင်းသားသည် ကြိုးစား ရှာဖွေကာ တရားနှင့် လျော်စွာ ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကိုလည်း ချမ်းသာ

စေ၏။ မိဘတို့ကိုလည်း ချမ်းသာစေ၏။ သားမယား၊ အလုပ်သမားတို့ကိုလည်း ချမ်းသာစေ၏။ ဤကား ပထမ စည်းစိမ်ဥစ္စာ ရကြောင်းတည်း။

နောက်တစ်မျိုးကား အမျိုးကောင်းသားတို့သည် ကြိုးစားရှာဖွေကာ တရားနှင့် လျော်ညီစွာ ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် မိတ်ဆွေအပေါင်းအသင်းတို့ကို ချမ်းသာစေ၏။ ဤကား ဒုတိယ စည်းစိမ်ဥစ္စာ ရကြောင်းတည်း။

နောက်တစ်မျိုးကား အမျိုးကောင်းသားသည် ကြိုးစားရှာဖွေကာ တရားနှင့်လျော်စွာ ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် ရန်သူမျိုးငါးပါးတို့ကြောင့် ဖြစ်ပေါ်လာသော ဘေးရန်တို့ကို ပိတ်ဆို့ ကာကွယ်၍ မိမိကိုယ်ကို ချမ်းသာအောင် ပြု၏။ ဤကား တတိယ စည်းစိမ်ဥစ္စာ ရကြောင်းတည်း။

နောက်တစ်မျိုးကား အမျိုးကောင်းသားသည် ကြိုးစားရှာဖွေကာ တရားနှင့် လျော်စွာ ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် ဆွေမျိုးတို့အား ပေးကမ်းခြင်း= ဉာတိဗလိ၊ ဧည့်သည်တို့အား ကျွေးမွေးခြင်း= အတိထိဗလိ၊ ကွယ်လွန်ပြီးသော မိဘဆွေမျိုးတို့အား ရည်စူး၍ ကုသိုလ်ပြုကာ အမျှပေးဝေခြင်း= ပုဗ္ဗပေတဗလိ။ မင်းတို့အား ကျသင့်သော အခွန် ပေးဆပ်ခြင်း= ရာဇဗလိ၊ နတ်တို့အား ဗလိနတ်စာပေးခြင်း= ဒေဝတာဗလိ ဟူသော ငါးမျိုးသော ပူဇော်မှုကို ပြုလုပ်၏။ ဤကား စတုတ္ထ စည်းစိမ်ဥစ္စာ ရကြောင်းတည်း။

နောက်တစ်မျိုးကား အမျိုးကောင်းသားသည် ကြိုးစား ရှာဖွေကာ တရားနှင့်လျော်စွာ ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် မာန်ရစ်ခြင်း၊ မေ့လျော့ခြင်းကင်းလျက် သည်းခံခြင်း ကောင်းသောအမှု၌ မွေ့လျော်ခြင်း ရှိကြကုန်သော ရဟန်းသမဏတို့အား မြတ်သော အလှူကို ပေးလှူ၏။ ဤကား ပဥ္စမ စည်းစိမ်ဥစ္စာ ရကြောင်းတည်းဟု ဟောတော်မူသည်။ (အံ၊ ၂၊ ၃၈။)

## ဒေဝဒဟသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတော်၌ ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ သာကီဝင်မင်းတို့၏ စိုးစံရာ ဒေဝဒဟမြို့သို့ ကြွရောက် သီတင်းသုံးတော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်သော နေရာ၌ ထိုင်နေလျက် "ပစ္ဆာဘူမဇနပုဒ်သို့ သွားရောက်၍ နေထိုင်လိုကြောင်း" လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က "ချစ်သားရဟန်းတို့... ရှင်သာရိပုတ္တရာကို လျှောက်ထားပြီးပြီလား။ ရှင်သာရိပုတ္တရာကို လျှောက်ထားသွားကြ။ ရှင်သာရိပုတ္တရာသည် ပညာရှိ၏။ သီတင်းသုံးဖော်တို့ကို ကောင်းစွာ စောင့်ရှောက်ချီးမြှောက်လေ့ရှိ၏" ဟု မိန့်တော်မူ၏။

ထိုအချိန်အခါတွင် ရှင်သာရိပုတ္တရာသည် ဘုရားရှင်နှင့် မနီးမဝေးတန့်ကျဲချုံမဏ္ဍပ်အောက်တွင် သီတင်းသုံး နေတော်မူ၏။ ရဟန်းတော်တို့သည် မြတ်စွာဘုရားထံမှ ဖဲခွာခဲ့၍ ရှင်သာရိပုတ္တာထံ ချဉ်းကပ်ပြီးလျှင် အရှင်သာရိပုတ္တရာကို ဤသို့ လျှောက်ထားကြသည်။ "အရှင်ဘုရား သာရိပုတ္တရာ တပည့်တော်များသည် ပစ္ဆာဘူမဇနပုဒ်သို့ သွားရောက်၍ နေထိုင်လိုကြပါသည်။ ဘုရားရှင်ကိုလည်း လျှောက်ထား ပြီးပါပြီ" ဟု လျှောက်ထားကြသည်။

ထိုအခါ အရှင်သာရိပုတ္တ မထေရ်မြတ်က "ငါ့ရှင်တို့ နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ လာသော ရဟန်းတော်များကို ထိုအရပ်မှာ ရှိကြသည့် ရဟန်းပညာရှိ၊ မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ် ပညာရှိတို့က ပုစ္ဆာပြဿနာမေးတတ်ကြပါသည်။ အကယ်၍ ထို ပစ္ဆာဘူမ ဇနပုဒ်မှာ ရှိသည့် ပညာရှိများက သင်တို့ဆရာ မြတ်စွာဘုရားသည် အဘယ်ဝါဒ ရှိသနည်း။ အဘယ်သို့သော ဓမ္မကို ဟောပြလေ့ ရှိပါသနည်းဟု မေးလျှင် ငါ့ရှင်တို့... မည်သို့ ဖြေဆိုကြမည်နည်း" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား သာရိပုတ္တရာ... ဤစကား၏ အနက်အဓိပ္ပာယ်ကို အရှင်သည်ပင် တပည့်တော်များအား ရှင်းလင်း မိန့်ကြားတော်မူပါ ဘုရား" ဟု လျှောက်ထားကြသည်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်က "ငါ့ရှင်တို့... ထိုပညာရှိများက 'သင်တို့ဆရာ မြတ်စွာဘုရားသည် အဘယ်ဝါဒ ရှိသနည်း၊ အဘယ်သို့သော ဓမ္မကို ဟောပြလေ့ ရှိပါသနည်း' ဟု မေးမြန်းကြလျှင် "ငါတို့ဆရာ မြတ်စွာဘုရားသည် လိုချင်တပ်မက်မှု ဆန္ဒရာဂ ပယ်ဖျောက်ခြင်းကို ဟောပြ

တော်မူလေ့ရှိ၏” ဟု ဖြေဆိုကြ ကုန်လော့။

တစ်ဖန် တစ်ဆင့်တက်၍ ထိုပညာရှိများက “သင်တို့ဆရာ မြတ်စွာဘုရားသည် အဘယ်၌ လိုချင်တပ်မက်မှု= ဆန္ဒရာဂ ပယ်ဖျောက်ခြင်းကို ဟောပြတော်မူလေ့ရှိသနည်း” ဟု မေးမြန်းကြလျှင် “ငါတို့ဆရာ မြတ်စွာဘုရားသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လိုချင်တပ်မက်မှု= ဆန္ဒရာဂ ပယ်ဖျောက်ခြင်းကို ဟောပြတော်မူလေ့ ရှိ၏” ဟု ဖြေဆိုကြပါကုန်လော့။

တစ်ဖန် တစ်ဆင့်တက်၍ ထိုပညာရှိများက “သင်တို့ဆရာ မြတ်စွာဘုရားသည် အဘယ်သို့သော အပြစ်ကိုမူ မြင်တော်မူ၍ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၌ လိုချင်တပ်မက်မှု= ဆန္ဒရာဂ ပယ်ဖျောက် ခြင်းကို ဟောပြတော်မူလေ့ ရှိပါသနည်း” ဟု မေးမြန်းကြလျှင် “ဒါယကာတို့... ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လိုချင်တပ်မက်မှု မကင်းသူအား ခန္ဓာငါးပါး ရုပ်နာမ် တရားများက ဖောက်ပြန် ပျက်စီး သွားမယ်။ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမယ် ဆိုလျှင် ထိုသူမှာ စိုးရိမ်ရပါတယ်၊ ငိုကြွေးရပါတယ်၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ဖြစ်ရ ပါတယ်၊ ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသ တရားတို့၏ အနှိပ်စက်ကို ခံရပါတယ်။ ငါတို့ဆရာ မြတ်စွာဘုရားသည် ဤသို့သော အပြစ်ကို မြင်တော်မူ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လိုချင်တပ်မက်မှု= ဆန္ဒ ရာဂ ပယ်ဖျောက်ခြင်းကို ဟောပြတော်မူလေ့ရှိ၏” ဟု ဖြေဆိုကြပါကုန်လော။

တစ်ဖန် တစ်ဆင့်တက်၍ ထိုပညာရှိများက “သင်တို့ဆရာ မြတ်စွာဘုရားသည် အဘယ်သို့သော အကျိုးအာနိသင်ကို မြင်တော် မူ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လိုချင်တပ်မက်မှု= ဆန္ဒရာဂ ပယ်ဖျောက်ခြင်းကို ဟောပြတော်မူလေ့ ရှိပါသနည်း” ဟု မေးမြန်း ကြလျှင် “ဒါယကာတို့... ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လိုချင် တပ်မက်မှု ကင်းသူအား ထို ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ဖောက်ပြန် ပျက်စီးခြင်းကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခြင်းကြောင့် ထိုသူမှာ စိုးရိမ်ခြင်းလည်း မဖြစ်တော့၊ ငိုကြွေးခြင်းလည်း မဖြစ်တော့၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းလည်း မဖြစ်တော့၊ ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသ တရားတို့၏ အနှိပ်စက်ကို မခံရတော့။ ငါတို့ဆရာ မြတ်စွာ ဘုရားသည် ဤသို့သော အကျိုးအာနိသင်ကို မြင်တော်မူ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂ ပယ်ဖျောက်ခြင်းကို ဟောပြတော်မူလေ့ရှိ၏” ဟု ဖြေဆိုကြပါကုန်လောဟု မိန့်ကြားတော်မူသည်။ (ဒေဝဒဟသုတ်၊ သံ ၂၊ ၅။)

## ဝေလာမသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် ဆည်းကပ်ရန် ရောက်ရှိလာသည့် အနာထပိဏ်သူဌေးကြီးကို "ဒကာတော်... သင်၏ အိမ်မှာ အလှူဒါန ပေးလှူရပါ၏လော" ဟု မေးတော်မူ၏။ ထိုအခါ အနာထပိဏ် သူဌေးကြီးက "အရှင်ဘုရား တပည့်တော်၏ အိမ်မှာ အလှူဒါန ပေးလှူရပါ၏။ သို့သော်လည်း ဆန်ကွဲထမင်းနှင့် ပအုံးရည်ဟင်းကိုသာ ပေးလှူနိုင်ပါ၏" ဟု ဝမ်းနည်းစရာ ပြန်ကြား လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီးကို "ဒကာတော်... ညံ့သည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ စိတ်သာ မူလပဓာန ဖြစ်ပါ၏။ ရိုရိုသေသေ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊ စိတ်စေတနာ အပြည့်အဝ ဖြင့် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊ မိမိကိုယ်တိုင် လှူဒါန်းခြင်း၊ အဆက်မပြတ် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော အလှူဒါန ဖြစ်ပါမူ ညံ့သည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ ကြီးကျယ်ဖွံ့ဖြိုး ကောင်းမြတ်သော အကျိုးကို ရစေနိုင်၏ ဟု ဟောတော်မူ၏။

ထို့နောက် ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီးအား "ဒကာတော် ငါဘုရားသည် အလောင်းတော် ဝေလာမပုဏ္ဏား ဖြစ်စဉ် ဘဝက ငွေဖြင့် ပြည့်သော ရွှေခွက် ရှစ်သောင်းလေးထောင်၊ ရွှေဖြင့် ပြည့်သော ငွေခွက် ရှစ်သောင်းလေးထောင်၊ ရတနာ ခုနစ်ပါးနှင့် ပြည့်သော ကြေးခွက် ရှစ်သောင်းလေးထောင်၊ တန်ဆာဆင်ထားအပ်သော ဆင် ရှစ်သောင်းလေးထောင်၊ ရထား ရှစ်သောင်းလေးထောင်၊ နွားမ ရှစ်သောင်းလေးထောင်၊ ဝတ်စားတန်ဆာ ဆင်ယင်အပ်သော အမျိုးသမီးကညာ ရှစ်သောင်းလေးထောင်၊ ပလ္လင် ရှစ်သောင်းလေး ထောင်၊ အဝတ်ပုဆိုး ရှစ်သောင်းလေးထောင်တို့နှင့် ထမင်းရည်ချောင်းစီး

အလှူကြီး ပေးလှူခဲ့ဖူး၏။ ထိုအလှူပွဲ၌ မြတ်သောအလှူကို ခံယူထိုက်သူ 'ဒက္ခိဏေယျပုဂ္ဂိုလ်' တစ်ဦးတစ်ယောက်မျှ မပါရှိ။

ဝေလာမပုဏ္ဏား၏ ဤမျှ ကြီးကျယ်သော အလှူကြီးထက် သောတာပန်တစ်ဦးကို လှူရခြင်းက အကျိုးများ၏၊ သောတာပန် တစ်ရာထက် သကဒါဂါမ် တစ်ဦးကို လှူရခြင်းက အကျိုးများ၏၊ သကဒါဂါမ် တစ်ရာထက် အနာဂါမ် တစ်ဦးကို လှူရခြင်းက အကျိုးများ၏၊ အနာဂါမ် တစ်ရာထက် ရဟန္တာတစ်ပါးကို လှူရခြင်းက အကျိုးများ၏၊ ရဟန္တာ တစ်ရာထက် ပစ္စေကဗုဒ္ဓါ တစ်ပါးကို လှူရခြင်း က အကျိုးများ၏၊ ပစ္စေကဗုဒ္ဓါ တစ်ရာထက် သမ္မာသမ္ဗုဒ္ဓ တစ်ဆူကို လှူရခြင်းက အကျိုးများ၏၊ ထို့ထက် ဘုရား အမှူးရှိသော ရဟန်း သံဃာကို လှူရခြင်းက အကျိုးများ၏၊ ထို့ထက် အရပ်လေးမျက်နှာ၌ ရှိသော သံဃာ 'စတုဒ္ဒိသ သံဃာ' အား ရည်မှန်း၍ လှူဒါန်းအပ်သော ကျောင်းအလှူဒါနက အကျိုးများ၏၊ ထို့ထက် သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသီလကို ကျင့်သုံး ဆောက်တည်ခြင်းက အကျိုးများ၏၊ ထို့ထက် နို့တစ်ညှစ်စာ အချိန်ကာလမျှ မေတ္တာပွားများခြင်းက အကျိုး များ၏၊ ထို့ထက် လက်ဖျစ်တစ်တွက်ခန့်မျှ 'အနိစ္စ' ဟု ဝိပဿနာ ရှုမှတ်ခြင်းက အကျိုးများ၏ ဟု ဟောကြားတော်မူသည်။ (အံ၊ ၃၊ ၁၉၅-၇။)

### မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တကောသလ္လာ ဘိဝံသ ရေးသားအပ်သော 'ဝေလာမသုတ္တန်' လင်္ကာ

၁။ တစ်ရံရောခါ၊ တို့မြတ်စွာသည်၊ ပြည်တော်သာဝတ်၊
မြို့တော်မြတ်၌၊ စံလတ်ခိုက်ခါ၊ ဆည်းကပ်လာသည့်၊
ဒကာတော်ရင်း၊ သူဌေးမင်းအား၊ အိမ်တွင်းနိစ္စ၊ လှူဒါနကို၊
ပြုရ၏ လော၊ မေးစစ်ကြောသော် ၊ ညွှန့်သြော်ဘုရား၊

လူအများအား၊ လျှုကား လှူရ၊ မကောင်းလှတည်း၊ ကုဏ္ဍာ ဆန်ကွဲ၊ ပုန်းရည်ကျဲဟု၊ ဝမ်းနည်းစကား၊ ပြန်လျှောက်ကြား သော်၊ သို့လားဒကာ၊ လှူဒါန်းရာ၌၊ စိတ်သာမူလ၊ ပဓာန တည်း၊ ပဏီတနှင့်၊ လူခဖြစ်စေ၊ အင်ငါးထွေနှင့်၊ ညီပေမူ ကား၊ ကျိုးဖွံ့ထွား၏၊ မှတ်သားပါလေ၊ ရှေးအခါက၊ ဝေလာမခေါ်၊ ပုဏ္ဏားတော်၏၊ အလှူတော်ကြီး၊ ခြိမ့်ခြိမ့် ဟည်းသည်၊ ချောင်းစီးထမင်းရည်လျှင်းတည်း။

၂။ ဝေလာမခေါ်၊ အလောင်းတော်သည်၊ ဘိုးတော်ဘေးပေါင်း၊ ဆည်းစုဆောင်းသည့်၊ များတောင်းသချာ၊ ရတနာကို၊ သေချာကြည့်ရှု၊ သံဝေပြု၍၊ ဇမ္ဗူဒိပ်၊ ကျွန်းလုံးလျှံအောင်၊ ကမ်းယံဂင်္ဂါ၊ မြစ်ဆိပ်သာ၌၊ ယူဇနာဒွါဒ၊ ခုံလျောက်ချ၍၊ နေ့ညကျွေးမွေး၊ အလှူပေးမည်၊ ရှေ့ပြေးစိတ်ကြံ အဓိဋ္ဌာန် ဖြင့်၊ ဖန်ရေတကောင်း၊ မြေ၌စောင်း၍၊ မြတ်ကောင်းလှူခံ၊ မရှိမှန်လည်း၊ ထက်သန်စေတနာ၊ ဒါယကာ၏၊ သဒ္ဓါ ပြဋ္ဌာန်း၊ ပေးလှူဒါန်းသည့်၊ မှတ်တမ်းတွက်စစ်၊ ခုနစ်နှစ် နှင့်၊ စွန်းလစ်ခုနစ်လ၊ ခွန့်ရှည်လှသော်၊ (၁) ပြည်ထ ရွှေငွေ၊ (၂) ခွက်ရွှေငွေနှင့်၊ (၃) တထွေကြေးခွက်၊ အမျက်မျိုးစုံ၊ (၄) ဆင်စွယ်စုံတည်း၊ (၅) မြင်းစုံရထား၊ (၆) နွားနို့စားပါ၊ (၇) ပျိုကညာဟု (၈) ခေါမထည်ကောင်း၊ (၉) ပလ္လင်ပေါင်း သည်၊ ရှစ်သောင်းလေးထောင်၊ ကိုးလီတည်း။

၃။ ရှစ်သောင်းလေးထောင်၊ လှူကုန်အောင်ထက်၊ ဘုန်းခေါင် မြတ်စွာ၊ သာသနာ၌၊ အရိယာမှန် သောတာပန်အား၊ ဘောဇဉ်ကျွေးမွေး၊ သာမြတ်လေး၏၊ ရှေးရှေးတစ်ရာ၊ နောက်နောင်လာသည့်၊ သချာတစ်ပါး၊ အကျိုးများ၏၊ ဘုရားတိုင်ရောက်၊ စဉ်တိုင်မြှောက်လေ၊ ထို့နောက် ဗုဒ္ဓ၊ ပမုခနှင့်၊ သံဃကျောင်းဘုံ၊ သရဏဂုံတည်း၊ ငါးစုံသီလ၊ နွားမတစ်ညှစ်၊ နံ့သာပျစ်ကို၊ ယူလစ်ကာလ၊ သမထနှင့်၊ မျက်စိတစ်မှတ်၊ နာမ်ရုပ်စိတ်ကို၊ အနိစ္စဒုက္ခ၊ အနတ္တဟု၊

လုံ့လကြိုးစား၊ ရှုပွားများသည့်၊ တရားဝိသဿနာ၊ သာထက် သာသည်၊ ပမာဘုရား၊ ထီးတင်တည်း။

## ဘာရိယာသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် အနာထပိဏ်သူဌေး အိမ်သို့ ဆွမ်းခံ ကြွဝင်တော်မူ၍ ခင်းထားအပ်သော နေရာ၌ သီတင်းသုံး နေတော်မူ၏။ ထိုအချိန်ဝယ် အနာထပိဏ်သူဌေး အိမ်၌ လူသံသူသံ တို့ဖြင့် ဆူညံ၍နေ၏။ ဘုရားရှင်သည် ထံနီးမျက်မှောက် ချဉ်းကပ် ရောက်ရှိလာသော အနာထပိဏ်သူဌေးကြီးကို "ဒကာတော်... သင်၏ အိမ်မှာ အဘယ်ကြောင့် လူသံတို့ဖြင့် ဆူညံ၍ နေပါသနည်း" ဟု မေးတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်အား "အရှင်ဘုရား... ဝိသာခါ၏ ညီမ သုဇာတာ မည်သော ချွေးမသည် ယောက္ခမများကိုလည်း မလေးစား၊ လင်ကိုလည်း အလေးမထား၊ ဘုရား တရား သံဃာတို့ကိုလည်း မရိုသေ၊ ဆူညံ၍ နေပါသည် ဘုရား" ဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် သုဇာတာကို ခေါ်တော်မူ၍ "ချစ်သမီး သုဇာတာ လောက၌ မယား ခုနစ်မျိုး ရှိ၏။ အဘယ်ခုနစ်မျိုးတို့နည်းဟူမူ- အမိနှင့်တူသော မယား၊ နှမနှင့်တူသော မယား၊ အဆွေခင်ပွန်းနှင့် တူသော မယား၊ ကျွန်နှင့်တူသော မယား၊ သခင်နှင့်တူသော မယား၊ ခိုးသူနှင့်တူသော မယား၊ သူသတ်နှင့်တူသော မယားတို့တည်း။

(၁) ထိုတွင် အမိသည် သားသမီးကို စောင့်ရှောက်သကဲ့သို့ မိမိ၏ လင်ယောကျ်ားနှင့် စီးပွားဥစ္စာများကို အစဉ် စောင့်ရှောက် ထိန်းသိမ်းတတ်သော မယားသည် အမိနှင့်တူသော မယား မည်၏။

(၂) နှမသည် မိမိ၏ အစ်ကိုကို ရိုသေသကဲ့သို့ မိမိ၏ လင်ယောကျ်ား အပေါ်၌ ချစ်ကြောက် ရိုသေကာ လင်ယောကျ်ား၏ အလိုသို့ လိုက်တတ်သော မယားသည် နှမနှင့်တူသော မယား မည်၏။

(၃) အဆွေခင်ပွန်းသည် မိမိ၏ အဆွေခင်ပွန်းနှင့် တွေ့ရလျှင် လွန်စွာ ဝမ်းမြောက်သကဲ့သို့ လင်ယောကျ်ားနှင့် တွေ့ရလျှင် ပျော်ရွှင်

ဝမ်းမြောက်လျက် အကျင့်သီလနှင့် ပြည့်စုံသော မယားသည် အဆွေခင်ပွန်းနှင့် တူသော မယားမည်၏။

(၄) မိမိ၏ လင်ယောကျ်ား အပေါ်၌ အမျက်မထား၊ သည်းခံခွင့်လွှတ်ကာ လင်ယောကျ်ား အလိုကျ ဆောင်ရွက်တတ်သော မယားသည် ကျွန်မနှင့်တူသော မယား မည်၏။

(၅) အလုပ် မလုပ်ဘဲ ပျင်းရိဖင့်နွှဲလျက် ကိုယ်ကြမ်း၊ စိတ်ကြမ်း၊ အပြောအဆိုကြမ်းကာ လွှမ်းမိုး နှိပ်စက်တတ်သော မယားသည် အရှင်သခင်နှင့် တူသော မယား မည်၏။

(၆) မိမိ လင်ယောကျ်ား ရှာဖွေ၍ ရအပ်သော ဥစ္စာကို မိမိ၏ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့အား တိတ်တခိုးပေးတတ်သော မယားသည် ခိုးသူနှင့်တူသော မယားမည်၏။

(၇) စီးပွားဥစ္စာ ထိန်းသိမ်း စောင့်ရှောက်လေ့ မရှိဘဲ မိမိ၏ လင်ယောကျ်ားမှ အခြားယောကျ်ားအပေါ် စိတ်ဝင်စားလျက် မိမိ လင်ယောကျ်ားကို မရှိမသေ မထီမဲ့မြင်ပြုတတ်သော မိန်းမသည် သူသတ်နှင့်တူသော မယားမည်၏။

ချစ်သမီး သုဇာတာ... သင်သည် အဘယ် မယား အမျိုးအစား နည်းဟု မေးတော်မူ၏။ ထိုအခါ သုဇာတာသည် သောတာပတ္တိဖိုလ်၌ တည်သည်ဖြစ်၍ ဘုရားရှင်အား "မြတ်စွာဘုရား... ယနေ့မှစ၍ တပည့်တော်မကို ကျွန်မနှင့် တူသော မယား ဟူ၍ မှတ်တော်မူပါ ဘုရား" ဟု လျှောက်ထားလေသည်။ (အံ၊ ၂၊ ၄၆၆။ ဇာ၊ ၄၊ ၂၊ ၃၁၃။)

## စိတ္တသူကြွယ်အကြောင်း

စိတ္တသူကြွယ်သည် ပဒုမုတ္တရာဘုရားရှင် လက်ထက်၌ ဥပါသကာ တစ်ဦးကို ဓမ္မကထိကတေဒဂ်ရာထူး ဘုရားရှင် ချီးမြှင့် ပေးအပ်သည်ကို မြင်ရ၍ လွန်ကဲသော ကောင်းမှုကုသိုလ်ပြုကာ ဓမ္မကထိက တေဒဂ် ရာထူးကို ဆုတောင်း ပန်ဆင်ခဲ့သူ ဖြစ်သည်။ ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ပြီးလျှင် ကဿပဘုရားရှင် လက်ထက်ဝယ် မုဆိုးအိမ်၌ ဖြစ်လေသည်။ တစ်နေ့သ၌ တောလိုက်

သွားစဉ် ဖူးမြင် တွေ့ရှိခဲ့သော ရဟန်းတော် တစ်ပါးအား အရသာနှင့် ပြည့်စုံသော ဆွမ်းနှင့် အမျိုးမျိုးသော ပန်းတို့ကို လှူဒါန်း ပူဇော်ပြီးလျှင် "ဖြစ်လေရာရာ ဘဝသံသရာ၌ တပည့်တော် အထံသို့ များစွာသော လက်ဆောင်ပဏ္ဏာတို့သည် ရောက်ရှိလာပါစေ၊ အဆင်းငါးမျိုး ရှိသော ပန်းမိုးလည်း ရွာသွန်းပါစေ" ဟု ဆုတောင်းမှုကို ပြုခဲ့ဖူးလေသည်။

ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် အကြား လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ပြီးလျှင် ဂေါတမဘုရားရှင် ပွင့်တော်မူသော အခါ မဂဓတိုင်း၊ မစ္ဆိကာသဏ္ဍမြို့ သူဌေးအိမ်၌ ဖြစ်လေသည်။ သူ မွေးဖွားသောနေ့၌ ဒူးဆစ်မြုပ်မျှ အဆင်း ငါးမျိုးရှိသော ပန်းမိုး ရွာသွန်း သဖြင့် တစ်မြို့လုံး ထူးဆန်း အံ့သြဖွယ် ဆန်းကြယ်လှသောကြောင့် 'စိတ္တ' ဟု အမည်သညာ မှည့်ခေါ်ကြသည်။ ဖခင်သူဌေး ကွယ်လွန် သောအခါ သူဌေးရာထူး ရရှိ၍ 'စိတ္တသူကြွယ်' ဟု ကျော်စော ထင်ရှား လေသည်။ ထိုအချိန်အခါဝယ် ပဉ္စဝဂ္ဂီ ငါးပါးတွင် တစ်ပါး အပါအဝင် ဖြစ်သော မဟာနာမ မထေရ်သည် မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်လာ ရာ မဟာနာမ မထေရ်အတွက် မိမိပိုင် 'အမ္ဗာဋကာရာမ' မည်သော ဥယျာဉ်၌ ကျောင်း ဆောက်လုပ် လှူဒါန်းလျက် အမြဲမပြတ် ဆည်းကပ် ကိုးကွယ်လေသည်။ ထိုအခါ မဟာနာမ မထေရ်သည် စိတ္တသူကြွယ်အား အာယတန ခြောက်ပါး ဝေဖန်ချက်တရားကို ဟောပြလေရာ ဒေသနာတော် အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထို့နောက် အခါတစ်ပါး၌ အဂ္ဂမဟာသာဝက နှစ်ပါး အမှူးရှိသော ရဟန်းတော်များ မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်တော်မူလာရာ အရှင် သာရိပုတ္တရာ ထံမှ တရားဓမ္မ နာယူရသဖြင့် အနာဂါမိဖိုလ်၌ တည်လေ သည်။ ထိုအခါ စိတ္တသူကြွယ်သည် အဂ္ဂသာဝကနှစ်ပါး အမှူးရှိသည့် ရဟန်းတော်များအား နက်ဖြန်အတွက် ရှေးဦးစွာ ဆွမ်းပင့်ဖိတ်ပြီး မိမိ၏ ကျောင်းထိုင်ရဟန်း သုဓမ္မထေရ်ကို နောက်မှ ဆွမ်းစား ပင့်ဖိတ်လေ သည်။ ကျောင်းထိုင်ရဟန်း သုဓမ္မထေရ်သည် မိမိကို နောက်မှ ဆွမ်းစား ပင့်ဖိတ်ရကောင်းလား ဟု အမျက်ထွက်ကာ ပယ်မြစ်လေသည်။ သို့သော်လည်း နောက်တစ်နေ့ နံနက်၌ အဂ္ဂသာဝကနှစ်ပါး အမှူးရှိသော

ရဟန်းတော်များအား မည်သို့သော လျူဒါန်း ပူဇော်ဖွယ်တို့ဖြင့် လျူဒါန်း ပူဇော်လေသနည်းဟု သွားရောက် ကြည့်ရှုပြီးလျှင် 'လျူဒါန်းဖွယ်တွေ တော့ ကောင်းမွန် ပြည့်စုံလှပါရဲ့၊ နှမ်းပြစ်မုန့်ကလေး တစ်ခု လိုနေ တယ်" ဟု ရှုတ်ချ ပြောဆိုလေသည်။

မှတ်ချက်– နှမ်းပြစ်မုန့်သည်(သယ်) ကား စိတ္တသူကြွယ်၏ အမျိုးအနွယ်၌ ပထမဆုံး မုန့်သည်တစ်ဦး ဖြစ်၏။ ထို့ကြောင့် သုဓမ္မ မထေရ်သည် စိတ္တသူကြွယ်ကို အမျိုးဇာတ်အားဖြင့် ကဲ့ရဲ့ရှုတ်ချလိုသည် ဖြစ်၍ ဤသို့ဆို၏။ (ဝိ၊ ၄၊ ၄၊ ၄။)

ထိုအခါ စိတ္တသူကြွယ်သည် သုဓမ္မမထေရ်ကို "အရှင်ဘုရား... ရှေးက ဖြစ်ဖူးသည်မှာ ဒက္ခိဏာပထတိုင်းသား ကုန်သည်များသည် အရှေ့ ဇနပုဒ်သို့ ကုန်သွယ်ရန် သွားသောအခါ အရှေ့ဇနပုဒ်မှ ဆောင်ယူလာ သော ကြက်မသည် ကျီးနှင့် ပေါင်းဖော်မှုကို အစွဲပြု၍ ကြက်ငယ် တစ်ကောင် မွေးဖွားပါသည်။ ထိုကြက်ငယ်သည် ကျီးသံ မြည်လို သောအခါ 'အာအောက်ကလိ' ဟု မြည်၍ ကြက်သံတွန် လိုသောအခါ 'အောက်ကလိအာ' ဟု တွန်ပါသည် အရှင်ဘုရား။ ဤအတူပင် များစွာသော ဘုရား စကားတော် ရတနာများ ရှိပါလျက် အရှင်ဘုရား သည် နှမ်းပြစ်မုန့် ဟူသော ရှားပါးသော စကားကိုသာ ပြောဆိုဘိ၏" ဟု လျှောက်ထားလေသည်။

မှတ်ချက်။ ။ ဤ၌ ဆိုလိုရင်းမှာ ကြက်ငယ်၏ အသံသည် ကျီးသံလည်း မဟုတ်၊ ကြက်သံလည်း မဟုတ်သလို အရှင်၏ စကား သည်လည်း ရဟန်းစကားလည်း မဟုတ်၊ လူစကားလည်း မဟုတ် ဟု ဆိုလိုသည်။ (ဝိ၊ ၄၊ ၄။ ၄။)

ထိုအခါ သုဓမ္မမထေရ်သည် စိတ္တသူကြွယ်သည် သူ့ကို ဆဲရေး၏ ဟု အမျက်ထွက်ကာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဘုရားရှင်အား မိမိနှင့် စိတ္တသူကြွယ်တို့ ပြောဆိုကြပုံ စကားအလုံးစုံကို လျှောက်ထားလေသည်။ ဘုရားရှင်သည် သုဓမ္မထေရ် ကို ကဲ့ရဲ့စကား မိန့်ကြားတော်မူ၍ သုဓမ္မ... သင်သည် သာသနာတော် ၌ ကြည်ညို၍ ရဟန်း သံဃာများကို ပြုစု လုပ်ကျွေးတတ်သော စိတ္တ

သူကြွယ်ကို အဘယ်ကြောင့် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားဘိသနည်း ဟု မိန့်တော်မူပြီးလျှင် "စိတ္တသူကြွယ်ကို သည်းခံစေခြင်း= ပဋိသာရဏီယ ကံ ပြုစေတော်မူသည်။

တစ်နေ့သောအခါ စိတ္တသူကြွယ်သည် "ငါသည် မြတ်စွာဘုရားကို မဖူးတွေ့ရဘဲ ကြာမြင့်စွာသော အချိန်ကာလကို ကုန်လွန်စေခဲ့ပြီ။ ဘုရားရှင်ထံ သွားလျှင်လည်း လျူဖွယ်မပါ၊ လက်ချည်းသာ သွားရန် မသင့်" ဟု ကြံစည်ပြီးလျှင် လှည်းငါးရာတို့ဖြင့် ဆန်၊ ဆီ၊ ပျား၊ တင်လဲ စသည်ကို ယူဆောင်၍ ယောကျ်ားပေါင်း နှစ်ထောင် ခြံရံကာ ဘုရားရှင်ကို ဖူးမြော်ရန် သွားလေသည်။ ယူဇနာ ၃၀ ရှိ လမ်းခရီးဝယ် နတ်တို့ လက်ဆောင်ပဏ္ဏာ ဆက်သမှုကို ခံယူရသည်။ ဘုရားရှင်ထံ ရောက်၍ တည်ခြင်း ငါးပါးဖြင့် ဦးချစဉ် ခဏမှာပင် ကောင်းကင်မှ အဆင်း ငါးမျိုးရှိသည့် ပန်းမိုး ရွာသွန်းလေသည်။ ဘုရားရှင်သည် စိတ္တသူကြွယ် အား သူ၏ အဇ္ဈာသယနှင့် ကိုက်ညီသည့် အာယတန ခြောက်ပါး ဝေဖန်ချက်တရားကိုပင် ဟောပြတော်မူသည်။ နောင်သောအခါ ဥပါသကာ ဒါယကာတို့ကို ရာထူးဌာနန္တရ ချီးမြှင့်တော်မူရာဝယ် စိတ္တသံယုတ်ကို အကြောင်းအတ္ထုပ္ပတ်ပြု၍ စိတ္တသူကြွယ်သည် ဓမ္မကထိက ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်ဟု 'ဓမ္မကထိက ဧတဒဂ်' ဘွဲ့ထူးကို ချီးမြှင့် ပေးအပ်ခြင်း ခံယူရသည်။ ၎င်းပြင် ဘုရားရှင် ၏ မြတ်သော အလုပ်အကျွေး ဥပါသကာအဖြစ် အသိအမှတ် ပြုခြင်းကို လည်း ခံယူရသည်။ (ဝိ၊ ၄၊ ၃၇–၄၀။ အံ၊ ၁၊ ၂၇။ အပ၊ ၂၊ ၆၈။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၆– ၈။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၂၇– ၃၃၂။)

## သံယောဇနေသုတ္တန်ဒေသနာ

အခါတစ်ပါးဝယ် မစ္ဆိကာသဏ္ဍမြို့၊ အမ္ဗာဋကာရာမကျောင်း ဓမ္မာရုံတန်ဆောင်းဝန်း၌ စည်းဝေးကြကုန်သော များစွာသော မထေရ် ရဟန်းတို့အား "သံယောဇဉ်တရားနှင့် သံယောဇနိယတရား= သံယောဇဉ်၏ အာရုံဖြစ်သော တရားနှစ်ပါးတို့သည် အနက်လည်း

ထူး၊ သဒ္ဒါလည်း ထူးကုန်သလော၊ သို့မဟုတ် အနက်တူ၍ သဒ္ဒါသာ ထူးကုန်သလော" ဟူသော အမေးပုစ္ဆာပြဿနာသည် ဖြစ်ပေါ်လေ၏။ ထိုအခါ အချို့သော မထေရ်ရဟန်းတို့က "သံယောဇဉ်တရားနှင့် သံယောဇနိ တရားတို့သည် အနက်လည်း ထူး၊ သဒ္ဒါလည်း ထူးကုန်၏" ဟု ဖြေဆိုကြသည်။ အချို့သော မထေရ်ရဟန်း တို့ကမူ "သံယောဇဉ် တရားနှင့် သံယောဇနိရားတို့သည် အနက်တူ၍ သဒ္ဒါလျှင်ထူးကုန်၏" ဟု ဖြေဆိုကြသည်။ ထိုပြဿနာကို စိတ္တသူကြွယ် ကြားသိသောအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့အား "အရှင်ဘုရားတို့ သံယောဇဉ် တရားနှင့် သံယောဇနိ တရားတို့သည် အနက်လည်း ထူး၊ သဒ္ဒါလည်း ထူးကုန်၏"ဟု ဖြေဆိုသည်။ ဥပမာအားဖြင့် နွားနက်ကို လည်းကောင်း၊ နွားဖြူကို လည်းကောင်း တစ်ချောင်းတည်းသော ကြိုးဖြင့် ချည်ထားကုန်ရာ၏။ ထိုသို့ ချည်ထားရာ၌ 'နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့' ဟု ပြောဆိုနိုင်ပါသလောဟု လျှောက်ထား၏။ ထိုအခါ မထေရ်ရဟန်းတို့က "သူကြွယ်... နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့ မဟုတ်၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့ မဟုတ်၊ ထို နွားနှစ်ကောင်ကို ချည်ထားသော တစ်ချောင်းတည်းသော ကြိုးသည်သာ ထို နွားနှစ်ကောင်တို့၌ အနှောင်အဖွဲ့ ဖြစ်၏" ဟု မိန့်ဆိုကြသည်။

ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့အား "အရှင်ဘုရားတို့... ဤအတူပင် မျက်စိသည် ရူပါရုံ၏ အနှောင်အဖွဲ့ မဟုတ်၊ ရူပါရုံသည် မျက်စိ၏ အနှောင်အဖွဲ့ မဟုတ်၊ ထို စက္ခုပသာဒ၊ ရူပါရုံကို စွဲမှီ၍ ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည်သာ ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း။ နားသည် သဒ္ဒါရုံ၏ အနှောင်အဖွဲ့ မဟုတ်၊ သဒ္ဒါရုံသည် နား၏ အနှောင်အဖွဲ့ မဟုတ်။ ထို သောတပသာဒ သဒ္ဒါရုံကို စွဲမှီ၍ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည်သာ ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း။ နှာခေါင်းသည် ဂန္ဓာရုံ၏ အနှောင်အဖွဲ့ မဟုတ်၊ ဂန္ဓာရုံသည် နှာခေါင်း၏ အနှောင်အဖွဲ့ မဟုတ်၊ ထို ဃာနပသာဒ ဂန္ဓာရုံကို စွဲမှီ၍ ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'

သည်သာ ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း။ လျှာသည် ရသာရုံ၏ အနှောင်အဖွဲ့ မဟုတ်၊ ရသာရုံသည် လျှာ၏ အနှောင်အဖွဲ့ မဟုတ်၊ ထို ဇိဝှါပသာဒ ရသာရုံကို စွဲမှီ၍ ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည်သာ ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း။ ကိုယ်သည် ဖောဋ္ဌဗ္ဗာရုံ၏ အနှောင်အဖွဲ့ မဟုတ်၊ ဖောဋ္ဌဗ္ဗာရုံသည် ကိုယ်၏ အနှောင်အဖွဲ့ မဟုတ်။ ထို ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံကို စွဲမှီ၍ ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည်သာ ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း။ စိတ်သည် သဘောတရား၏ အနှောင်အဖွဲ့ မဟုတ်၊ သဘောတရားသည် စိတ်၏ အနှောင်အဖွဲ့ မဟုတ်၊ ထိုမန ဓမ္မာရုံကို စွဲမှီ၍ ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည်သာ ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့တည်း" ဟု လျှောက်ထားသည်။ ထိုအခါ မထေရ်ရဟန်းတို့သည် စိတ္တသူကြွယ်ကို "သူကြွယ်... သင်သည် နက်နဲ ခက်ခဲသော ဘုရား စကားတော်၌ ပညာမျက်စိကို ဆောင်နိုင်သည်ဖြစ်၍ သင့်အား အရတော်ပေစွ၊ ကောင်းစွာ ရအပ်ပေစွ" ဟု ချီးမွမ်းစကား ပြောဆိုကြသည်။ (သံ၊ ၂၊ ၄၇၄။)

## ဝိသာခါအကြောင်း

ဝိသာခါသည် ပဒုမုတ္တရာဘုရားရှင် လက်ထက်၌ ဥပါသိကာမ တစ်ဦးကို ပဒုမုတ္တရာဘုရားရှင်က အလှူဒါနၵ၌ မွေ့လျော်သော ဒါယိကာမတို့တွင် အမြတ်ဆုံး၊ အသာဆုံး 'ဧတဒဂ်' ဘွဲ့ထူး ချီးမြှင့်ပေးအပ်သည်ကို မြင်ရ၍ လွန်ကဲသော ကုသိုလ်ကောင်းမှုပြုလျက် အလှူဒါန၌ မွေ့လျော်သော ဒါယိကာမတို့တွင် အမြတ်ဆုံး 'ဧတဒဂ်' ဘွဲ့ထူးကို ဆုတောင်း ပန်ဆင်ခဲ့သူ ဖြစ်သည်။ ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ပြီးလျှင် ကဿပ ဘုရားရှင် လက်ထက်ဝယ် ဗာရာဏသီပြည်၌ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့တွင် အငယ်ဆုံး 'သံဃဒါသီ' မည်သော သမီးတော် ဖြစ်လေသည်။ ထို့နောက် ကဿပဘုရားရှင်နှင့် ဂေါတမဘုရား အကြား

လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ပြီးလျှင် ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ အင်္ဂတိုင်း ဘဒ္ဒိယမြို့၊ မေဏ္ဍကသူဌေး၏ သား ဓနဉ္စယ သူဌေး၏ သူဌေးကတော် သုမနဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေသည်။ ဖွားမြင်သောအခါ 'ဝိသာခါ' ဟု မှည့်ခေါ်ကြသည်။

ဘုရားရှင်သည် အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ ကြွလာတော်မူသောအခါ မေဏ္ဍကသူဌေးကြီးသည် မိမိ၏ မြေး ခုနစ်နှစ်အရွယ်ရှိ ဝိသာခါကို ဘုရားရှင်အား ခရီးဦးကြိုဆိုရန် သတို့သမီး ငါးရာ ခြံရံလျက် စေလွှတ်လိုက်သည်။ ဘုရားရှင်သည် ခရီးဦးကြို ရောက်လာသည့် ဝိသာခါ အမှူးပြုသော သတို့သမီး ငါးရာတို့အား စရိုက်နှင့် လျော်ညီသော တရားကို ဟောပြလေရာ ဒေသနာတော်အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ဗိမ္ဗိသာရမင်း၏ တိုင်းနိုင်ငံတွင် 'ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယ' ဟု အတိုင်းမသိ ဥစ္စာရှိသည့် 'အမိတဘောဂ သူဌေးကြီး ငါးဦး ရှိသည်။ ကောသလမင်း၏ တိုင်းနိုင်ငံမှာမူ တစ်ဦးမျှ မရှိ။ သို့ဖြစ်၍ ကောသလမင်းသည် ဗိမ္ဗိသာရမင်း ထံမှ အမိတဘောဂ သူဌေးတစ်ဦး ပေးပါရန် တောင်းခံလေသည်။ ထိုအခါ ဗိမ္ဗိသာရမင်းသည် မေဏ္ဍကသူဌေး၏ သား ဓနဉ္စယသူဌေးကို ကောသလမင်းထံ ပေးအပ်လေသည်။ ထို့ကြောင့် နောင်သောအခါ ဝိသာခါတို့ မိသားစုသည် ဘဒ္ဒိယမြို့မှ ကောသလမင်း၏ တိုင်းနိုင်ငံအတွင်း ပါဝင်သည့် သာကေတမြို့သို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ သာကေတမြို့ကား သာဝတ္ထိပြည်နှင့် ခုနစ်ယူဇနာ ကွာဝေးသည်။

ဝိသာခါသည် အချိန်တန် အရွယ်ရောက်သောအခါ သာဝတ္ထိပြည်မှ မိဂါရသူဌေး၏ သား ပုဏ္ဏဝဍ္ဍန သတို့သားနှင့် ထိမ်းမြားလက်ထပ်သည်။ လက်ထပ်မင်္ဂလာပွဲ မပြုမီ ဖခင် ဓနဉ္စယ သူဌေးကြီးသည် ဝိသာခါအတွက် မဟာလတာတန်ဆာကို ပြုလုပ်ပေးသည်။ မဟာလတာတန်ဆာ၌ ရွှေစင် နိက္ခတစ်ထောင် ပါဝင်၍ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ စိန် စသော ရတနာခုနစ်မျိုးတို့ဖြင့် စီခြယ်၍ ထားသည်။

၉-ကုဋေ အဖိုးထိုက်တန်၏။ ၎င်းပြင် ဓနဥ္စယ သူဌေးကြီးသည် ဝိသာခါ ကို ယောက္ခမ အိမ်သို့ မပို့မီ ဤသို့ ဆုံးမစကား ပြောကြားလေသည်။

ချစ်သမီး ဝိသာခါ... (၁) အတွင်းမီးကို အပြင်သို့ မထုတ်လေနှင့်၊ (၂) အပြင်မီးကို အတွင်းသို့ မသွင်းလေနှင့်၊ (၃) ပေးကမ်းသင့်သူကိုသာ ပေးကမ်းပါ၊ (၄) မပေးသင့်သူကို မပေးပါနှင့်၊ (၅) ပေးသင့်သူကို လည်းကောင်း၊ မပေးသင့်သူကို လည်းကောင်း အတိုင်းအရှည်ကို ကြည့်၍ ပေးပါ၊ (၆) ချမ်းသာစွာ နေပါ၊ (၇) ချမ်းသာစွာ စားပါ၊ (၈) ချမ်းသာစွာ အိပ်ပါ၊ (၉) မီးကို ကျွေးမွေးသုတ်သင်ပါ၊ (၁၀) အိမ်တွင်းနတ်ကို ရှိခိုးပါ ဟု ၁၀ မျိုးသော ဩဝါဒစကားကို ပြောကြားလေသည်။

ထိုတွင် (၁) **အတွင်းမီးကို အပြင်မထုတ်ပါလေနှင့်** ဟူသည် အတွင်းလူဖြစ်သူ ယောက္ခမနှင့် အရှင်လင်တို့၏ အပြစ်ကို အပဖြစ်သော အိမ်နီးချင်းတို့ကို မပြောကြားပါလေနှင့် ဟု ဆိုလိုသည်။

(၂) **အပြင်မီးကို အတွင်းသို့ မသွင်းလေနှင့်** ဟူသည် ပြင်ပ အိမ်နီးချင်းများက ယောက္ခမနှင့် အရှင်လင်တို့၏ အပြစ်စကားကို ပြောဆိုသောအခါ ထိုသူတို့၏ ပြောဆိုသော စကားကို ယောက္ခမနှင့် အရှင်လင်တို့ကို ပြန်၍ မပြောကြားပါနှင့် ဟု ဆိုလိုသည်။

(၃) **ပေးကမ်းသင့်သော သူကိုသာ ပေးကမ်းပါ** ဟူသည် တောင်းရမ်း ချေးငှား၍ ပြန်ပေးသူကိုသာ ပေးကမ်းပါ ဟု ဆိုလိုသည်။

(၄) **မပေးသင့်သူကို မပေးပါနှင့်** ဟူသည် တောင်းရမ်း ချေးငှား၍ ပြန်မပေးသူကို မပေးပါနှင့်ဟု ဆိုလိုသည်။

(၅) **ပေးသင့်သူကို လည်းကောင်း၊ မပေးသင့်သူကို လည်းကောင်း အတိုင်းအရှည်ကို ကြည့်၍ ပေးပါ** ဟူသည် ဆင်းရဲသော ဆွေမျိုးမိတ်ဆွေတို့ လာရောက် တောင်းခံသည်ရှိသော် ပြန်ပေးနိုင်သူကို ဖြစ်စေ၊ မပေးနိုင်သူကို ဖြစ်စေ အတိုင်းအရှည်ကို ကြည့်၍ ပေးသင့်သလောက် ပေးပါဟု ဆိုလိုသည်။

(၆) **ချမ်းသာစွာ နေပါ** ဟူသည် ယောက္ခမနှင့် အရှင်လင်တို့ကို တွေ့မြင်သောအခါ နေရာမှ ထသင့်သောအခါ ထပါ၊ ထိုင်၍ မနေပါနှင့် ဟု ဆိုလိုသည်။

(၇) **ချမ်းသာစွာ စားပါ** ဟူသည် ယောက္ခမနှင့် အရှင်လင်တို့၏ ရှေးဦးစွာ မစားဘဲ ယောက္ခမနှင့် အရှင်လင်တို့ကို ပြုစု ကျွေးမွေး၍ နောက်မှ မိမိ စားသုံးပါ ဟု ဆိုလိုသည်။

(၈) **ချမ်းသာစွာ အိပ်ပါ** ဟူသည် ယောက္ခမနှင့် အရှင်လင်တို့၏ ရှေးဦးစွာ မအိပ်ဘဲ ယောက္ခမနှင့် အရှင်လင်တို့ကို ဝတ္တရားပြုစု၍ နောက်မှ မိမိ အိပ်ပါ ဟု ဆိုလိုသည်။

(၉) **မီးကို ကျွေးမွေးသုတ်သင်ပါ** ဟူသည် ယောက္ခမနှင့် အရှင်လင်တို့ကို ပြုစု လုပ်ကျွေးပါ ဟု ဆိုလိုသည်။

(၁၀) အိမ်တွင်းနတ်ကို ရှိခိုးပါ ဟူသည် ယောက္ခမနှင့် အရှင်လင် တို့ကို နတ်ကဲ့သို့ ရိုသေ မြတ်နိုးပါ ဟု ဆိုလိုသည်။

ဤသို့ ဩဝါဒ ဆယ်ချက်ကို ပြောဆို ဆုံးမ၍ ဝိသာခါ သတို့သမီး ကို သာဝတ္ထိပြည်၊ မိဂါရသူဌေးအိမ်သို့ အခြွေအရံများနှင့်တကွ ပေးအပ် လိုက်သည်။ မိဂါရသူဌေးကြီးသည် မိစ္ဆာအယူရှိသူ ဖြစ်သည်။ သို့ဖြစ်၍ ခုနစ်ရက်ပတ်လုံး ထိမ်းမြားမင်္ဂလာပွဲ ကျင်းပသောအခါ ဘုရား အမှူးရှိသော သံဃာတော်များကို မပင့်ဖိတ်ဘဲ အဝတ်မစည်း အချည်းနှီး နေထိုင်ကြသည့် အစေလက တိတ္ထိတက္ကတွန်းတို့ကို ဆွမ်းပင့်ဖိတ်လေ သည်။ ထို့နောက်မှ ဝိသာခါ၏ တိုက်တွန်း တောင်းဆိုချက်အရ ဘုရား အမှူးရှိသော သံဃာတော်များကို ဆွမ်းပင့်ဖိတ်သည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် တရား ဟောကြားတော်မူသောအခါ မိဂါရသူဌေးကြီးသည် တရားဟောရာ နေရာကို ကာရံထားသည့် တင်းတိမ် ကန့်လန့်ကာ၏ အပြင်ပမှ နာယူလေသည်။ ဒေသနာတော် အဆုံး၌ မိဂါရသူဌေးကြီးသည် သောတာပတ္တိဖိုလ်၌ တည်၍ တင်းတိမ် ကန့်လန့်ကာကို မ,ကာ မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် မြတ်စွာဘုရား၏ ရှေ့တော်မှောက်မှာပင် ဝိသာခါကို "ချစ်သမီး ဝိသာခါ... ချစ်သမီးသည် ယနေ့မှ စ၍ ငါ၏ အမိပါတည်း" ဟု ဝိသာခါကို အမိအရာ၌ ထားရှိလေသည်။ ထိုအခါမှ စ၍ ဝိသာခါကို 'မိဂါရမာတာ' ဟု ခေါ်ဆိုကြသည်။

ဝိသာခါသည် နှောင်သောအခါ သား ၁၀ ယောက်၊ သမီး ၁၀ ယောက် ထွန်းကားသည်။ ယင်း သားသမီး နှစ်ဆယ်မှ တစ်ဦး တစ်ဦးလျှင် ဆယ်ယောက်စီ ဆယ်ယောက်စီ ထွန်းကားရကား မြေး ၄၀၀ ရှိသည်။ ယင်း မြေး ၄၀၀ မှ တစ်ဦး တစ်ဦးလျှင် ဆယ်ယောက်စီ ဆယ်ယောက်စီ ထွန်းကားပြန်ရကား မြစ် ၈၀၀၀ ရှိသည်။ ဤသို့လျှင် ဝိသာခါသည် သားသမီး မြေးမြစ် အခြံအရံ ရှစ်ထောင်လေးရာ နှစ်ဆယ် (၈၄၂၀) ရှိလေသည်။

တစ်နေ့သ၌ ဝိသာခါသည် သာဝတ္ထိမြို့၌ နက္ခတ်ပွဲသဘင် ဆင်ယင် ကျင်းပလတ်သော် 'မြို့ထဲမှာ နေ၍ ငါ့မှာ အကျိုးမရှိ' ဟု ကြံအောက်မေ့လျက် အခြံအရံများနှင့်တကွ မြတ်စွာဘုရားထံ တရား နာယူရန် သွားရောက်စဉ် "ဤကဲ့သို့ အဖိုးများစွာ ထိုက်တန်သည့် မဟာလတာ တန်ဆာကို ဆင်မြန်း၍ မြတ်စွာဘုရားထံ သွားခြင်းငှာ မသင့်လျော်" ဟု ဆင်ခြင်လျက် မဟာလတာတန်ဆာကို ချွတ်၍ ကျွန်မအား အပ်ထားလေသည်။ ထို့နောက် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား ထံမှ တရားတော်ကို နာယူပြီးလျှင် မြို့တွင်းသို့ ပြန်လာခဲ့သည်။ ထိုသို့ ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိမြို့တွင်းသို့ ပြန်လာစဉ် မဟာလတာ တန်ဆာကို ဆင်မြန်းရန် မေးမြန်းသောအခါ ကျွန်မသည် မဟာလတာ တန်ဆာကို ဇေတဝန်ကျောင်းတော်မှာ မေ့ကျန်ရစ်ကြောင်း ပြောကြားလေသည်။ ထိုအခါ ဝိသာခါသည် "မြတ်စွာဘုရား ကျောင်းတော်၌ ကျန်ရစ်သောပစ္စည်းကို ငါတို့အား သုံးဆောင် ဆင်မြန်းခြင်းငှာ မသင့်လျော်" ဟု ဆင်ခြင်ပြီးလျှင် ထို မဟာလတာ တန်ဆာကို တန်ဖိုးဖြတ်၍ ယူပြီးလျှင် သာဝတ္ထိမြို့၏ အရှေ့အရပ်၌ မြတ်စွာဘုရား အမှူးရှိသော သံဃာအား ကျောင်း ဆောက်လုပ်၍ လှူဒါန်းလေသည်။ ဝိသာခါ ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတော်သည် သာဝတ္ထိမြို့၏ အရှေ့အရပ်၌ ရှိသောကြောင့် 'ပုဗ္ဗာရုံကျောင်းတော်' ဟု မှည့်ခေါ်သည်။ ဝိသာခါသည် ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို မြေဖိုးအတွက် ၉– ကုဋေ၊ ကျောင်း ဆောက်လုပ်ရန် အတွက် ၉– ကုဋေ၊ ကျောင်းလွှတ် ပူဇော်ပွဲအတွက် ၉– ကုဋေ စုစုပေါင်း

၂၇- ကုဋေသော ဥစ္စာတို့ကို အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်း ပူဇော်သည်။ ပုဗ္ဗာရုံကျောင်းတော်ကြီးသည် အကျယ်အဝန်း ရှစ်ပယ် ရှိသော မြေနေရာ၌ နှစ်ထပ် ပြာသာဒ်ဆောင် ဆောက်လုပ်လေသည်။ အပေါ်ထပ်၌ အခန်းပေါင်း ၅၀၀၊ အောက်ထပ်၌ အခန်းပေါင်း ၅၀၀ ရှိသည်။ ထို့ပြင် အလယ်ကျောင်းကြီးကို ဝန်းရံ၍ ကမ္မဋ္ဌာန်းကျောင်း ၅၀၀၊ ပြာသာဒ်ငယ် ၅၀၀၊ တန်ဆောင်းရှည် ၅၀၀ တို့ကိုလည်း ဆောက်လုပ်လေသည်။ ကျောင်းတိုက်ကြီးကို ဆောက်လုပ်မှုသည် ကိုးလ ကြာမှ ပြီးစီးသည်။ ကျောင်းတော်ကြီး ဆောက်လုပ် ပြီးစီးသော အခါ လေးလပတ်လုံး ကျောင်းလှူတ် ပူဇော်ပွဲသဘင် ဆင်ယင် ကျင်းပ သည်။ ကျောင်းလှူတ် ပူဇော်ပွဲ၌ ဘုရား အမှူးရှိသော သံဃာတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် စွန့်ကြဲ ပေးကမ်း လှူဒါန်းလေရာ ၉-ကုဋေ ကုန်ကျသည်။ ကျောင်းလှူတ်ပူဇော်ပွဲ ပြီးဆုံး သောနေ့ မွန်းလွဲသာသာ အချိန်အခါ၌ ဝိသာခါကျောင်းအစ်မကြီးသည် အလွန် ဝမ်းမြောက်ဝမ်းသာ ရှိလှသဖြင့် သားသမီး မြေးမြစ်များ ခြံရံလျက် ကျောင်းတော်ကြီးကို လှည့်ပတ် ကြည့်ရှုကာ အောက်ပါ ငါးဂါထာတို့ဖြင့် နှစ်သက် ဝမ်းမြောက်စကားကို သီဆို ကျူးရင့်လေ သည်။

၁။ ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
၂။ ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
၃။ ကဒါဟံ သလာကဘတ္တံ။ သုစိံ မံသူပသေစနံ။
ဘောဇနံဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
၄။ ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
၅။ ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

၁။ အင်္ဂတေ မြေညက်တို့ ဖြင့် ကောင်းစွာ လိမ်းကျံ၊
မွေ့လျော်ဖွယ်ဖန်၊ ကျောင်းဆောက်လှူရန်၊ စိတ်အကြံ၊
အမှန်ပြည့်လေပြီ။
၂။ ညောင်စောင်း အင်းပျဉ်၊ ခုတင် ခေါင်းအုံး၊ ကျောင်း အသုံး
အဆောင်မှန်၊ လှူဒါန်းရန်၊ စိတ်အကြံ၊ အမှန် ပြည့်လေပြီ။
၃။ ဟင်းမျိုးစုံပြွမ်းသည့်၊ စာရေးတန်ဆွမ်းကို၊
လှူဒါန်းဖို့ရန်၊ စိတ်အကြံ၊ အမှန်ပြည့်လေပြီ။
၄။ ခေါမ ကာသိ၊ တိုင်း၌ဖြစ်သည့်၊ ချောညက်ရောင်လျှမ်း၊
မြတ်သင်္ကန်းကို၊ လှူဒါန်းလေရန်၊ စိတ်အကြံ၊ အမှန်
ပြည့်လေပြီ။
၅။ ဆီဥ ထောပတ်၊ တစ်ရပ် တင်းလဲ၊ ဆီ ပျားကွဲလျက်၊
ဆေးမျိုးငါးတန်၊ လှူဖို့ကြံ၊ အမှန် ပြည့်လေပြီ။

ဝိသာခါ ကျောင်းအမကြီးသည်လည်း အနာထပိဏ်သူဌေး ကဲ့သို့ပင် ရက်ရောစွာ လှူဒါန်းသူဖြစ်သည်။ နေ့စဉ် ရဟန်းသံဃာတော် နှစ်ထောင်တို့အား ဆွမ်းလှူဒါန်းသည်။ တစ်နေ့ သုံးကြိမ် ဘုရားရှင်ထံ ချဉ်းကပ်၍ နံနက်ပိုင်း၌ ယာဂုခဲဖွယ် စသည်တို့ကို ယူဆောင်လျက်၊ နေ့လယ်ပိုင်း အချိန်တွင် စတုမဓု အဖျော်ရည်တို့ကို ယူဆောင်လျက်၊ ညနေပိုင်း၌မူ ပန်းနံ့သာ စသည် လက်စွဲလျက် တရားနာရန် သွားရောက်လေသည်။ ထို့ပြင် ဝိသာခါသည် ဘုရားရှင် ထံမှ အသက်ထက်ဆုံး သံဃာအား မိုးရေခံသင်္ကန်း ပေးလှူလိုပါ၏၊ အာဂန္တုက ရဟန်းတို့အား လှူအပ်သော ဆွမ်း= အာဂန္တုဘတ်ကို ပေးလှူလိုပါ၏၊ ခရီးသွား ရဟန်းတို့အား လှူအပ်သောဆွမ်း= ဂမိကဘတ်ကို ပေးလှူလိုပါ၏၊ ဂိလာန ရဟန်းအတွက် ဆွမ်းကို ပေးလှူလိုပါ၏၊ သူနာပြုစုသော ရဟန်းအတွက် ဆွမ်းကို ပေးလှူလိုပါ၏၊ သူနာရဟန်းအတွက် ဆေးကို ပေးလှူလိုပါ၏၊ အမြဲ ယာဂု ပေးလှူလိုပါ၏၊ ဘိက္ခုနီသံဃာအား ရေသနုတ်သင်္ကန်း ပေးလှူလိုပါ၏ ဟု ဆုရှစ်မျိုး တောင်းလေသည်။

သို့ဖြစ်၍ ဘုရားရှင်သည် ဝိသာခါအား အလျှုဒါနၥ မွေ့လျော်သော ဥပါသိကာမတို့တွင် အမြတ်ဆုံး၊ အသာဆုံး 'ဧတဒဂ်' ဘွဲ့ထူးကို ချီးမြှင့် ပေးအပ်လေသည်။ (ဝိ၊ ၃၊ ၄၀၆။ အံ၊ ၁၊ ၂၇။ ဒီ၊ ဋ္ဌ၊ ၃၊ ၄၃– ၄။ အံ၊ ဋ္ဌ၊ ၁၊ ၃၁၁– ၃၂၀။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၇၊ ၂၄၂– ၂၆၅။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၁၅။)

ဝိသာခါ ကျောင်းအစ်မကြီးသည် သိကြားမင်း၊ အနာထပိဏ် သူဌေးကြီး ကဲ့သို့ ဝဋ္ဋျာသယ ဝဋ္ဋာဘိရတပုဂ္ဂိုလ် ဖြစ်၍ ဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ် ဖြစ်သည်။ ယခု နိမ္မာနရတိဘုံ၌ သုနိမ္မိတ နတ်မင်းကြီး၏ အဂ္ဂမဟေသီ နတ်မိဖုရားကြီး ဖြစ်နေသည်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၃၃၂။ ဝိမာန၊ ဋ္ဌ၊ ၁၇၁။)

## ဥပေါသထသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ထံနီးမျက်မှောက် ဥပုသ်စောင့်ရန် ချဉ်းကပ် ရောက်ရှိလာသော ဝိသာခါကို "ချစ်သမီး ဝိသာခါ... ဥပုသ်သည် ဂေါပါလဥပုသ်၊ နိဂဏ္ဌဥပုသ်၊ အရိယာဥပုသ် ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် နွားကျောင်းသားသည် ညနေချမ်း အချိန်၌ နွားရှင်အား နွားတို့ကို အပ်နှင်း၍ "ယနေ့ ငါသည် နွားတို့ကို ဤ မည်သောအရပ်၌ လှည့်လည် ထိန်းကျောင်းခဲ့၏။ ဤမည်သော အရပ်၌ ရေတိုက်ခဲ့၏၊ နက်ဖြန် ဤမည်သောအရပ်၌ လှည့်လည် ထိန်းကျောင်း မည်၊ ဤမည်သော အရပ်၌ ရေတိုက်မည်" ဟု ကြံစည်လျက် အချိန်ကို ကုန်လွန်စေသကဲ့သို့ အချို့သော ဥပုသ်သည် သည် စားရေး၊ ဝတ်ရေး၊ သွားရေး၊ သမီးရေးတို့ကို ပြောဆို ကြံစည်လျက် အချိန်ကို ကုန်လွန်စေ ၏။ ထို ဥပုသ်သည် ဂေါပါလဥပုသ် မည်၏၊ အကျိုးမများလှပေ။

တက္ကတွန်းတို့သည် သူတို့ တပည့်သာဝကများကို "အရှေ့ အနောက် တောင် မြောက် တစ်ယူဇနာ ပြင်ဘက်ရှိ သတ္တဝါတို့ကို နှိပ်စက် သတ်ဖြတ်ခြင်း မပြုကြလင့်" ဟု ဆောက်တည်စေကုန်၏။ ဤသို့လျှင် အချို့သော သတ္တဝါတို့ကို သနား စောင့်ရှောက်ခြင်းငှာ ဆောက်တည်စေ၍ အချို့သော သတ္တဝါတို့ကို သနားစောင့်ရှောက်

ခြင်းငှာ မဆောက်တည်စေသော များယွင်းသော တိတ္ထတက္ကတွန်းတို့၏ ဥပုသ်သည် နိဂဏ္ဌဥပုသ် မည်၏။ အကျိုးမပြီး အချည်းနှီးတည်း။

ဥပုသ်စောင့်သုံးပြီးနောက် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်၊ မိမိ၏ သီလဂုဏ်၊ နတ်တို့ကို သက်သေအရာထား၍ မိမိ၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင် အောက်မေ့လျက် အချိန်ကို ကုန်လွန်စေသော ဥပုသ်သည် အရိယာ ဥပုသ် မည်၏။ အကျိုးတရား ကြီးမားလှ၏။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော မင်း၏ စည်းစိမ်ထက်ပင် သာလွန် မြင့်မြတ်၏ဟု ဘုရားရှင် ဟောတော်မူသည်။ (အံ၊ ၁၊ ၂၀၆)

## ရဟန်းငယ်တစ်ပါး ဝတ္ထု

ဘုရားရှင် ရှေ့လက်ထက်တော် အခါက သာဝတ္ထိမြို့တော်၏ နံနက်ခင်းကဖြင့် အလွန် ကျက်သရေ ရှိလှပါဘိ၏။ မြို့တော်၏ လမ်းကြိုလမ်းကြား မကျန် ရဟန်းတော်တို့၏ သင်္ကန်းရောင်တို့ဖြင့် ဝင်းပြောင် ထိန်လင်းလို့ နေပါသည်။ အထူးသဖြင့် ဝိသာခါ ကျောင်း အစ်မကြီး အိမ်၊ အနာထပိဏ်သူဌေးကြီးအိမ်၊ စူဠအနာထပိဏ်တို့ အိမ်များတွင် ရဟန်းတော်တို့၏ သင်္ကန်းရောင်တို့ဖြင့် ပို၍ ဝင်းပြောင် ထိန်လင်းနေပါ၏။ အဘယ်ကြောင့်ဆိုသော် ထိုသူဌေး သုံးဦးတို့၏ နေအိမ်များတွင် ဆွမ်းခံ သံဃာတော်အပါး နှစ်ထောင်စီ ရှိကြသော ကြောင့်ပင် ဖြစ်ပါသည်။

တစ်နေ့သော နံနက်ခင်းတွင် သက်တော် ခြောက်ဆယ်ခန့်ရှိ မထေရ်ကြီး တစ်ပါးနှင့် ရဟန်းငယ် တစ်ပါးတို့သည် ဝိသာခါ ကျောင်းအစ်ကြီး အိမ်သို့ စိုက်စိုက်စိုက်စိုက်နှင့် ဆွမ်းခံ ကြွဝင်၍ လာကြ ပါသည်။ ဝိသာခါ ကျောင်းအစ်မကြီး အိမ်သို့ ရောက်သောအခါ ယာဂု ဆွမ်း ကပ်လှူသည့် နေရာသို့ ကြွရောက်၍ နှစ်ပါးအတူ ယာဂုဆွမ်း ဘုဉ်းပေးကြပါသည်။

ယာဂုဆွမ်း ဘုဉ်းပေးပြီးနောက် မထေရ်ကြီးသည် ရဟန်းငယ်ကို ဦးဇင်း... ငါ ပြန်လာသည်အထိ ဒီမှာ စောင့်နေပါဦး။ ငါ ပင့်လျှောက်

ထားတဲ့ ဒကာမတစ်ဦးအိမ် သွားစရာရှိတယ်၊ ကြားရဲ့လား” ဟု မိန့်တော်မူပြီး ဝိသာခါကျောင်းအစ်မကြီး အိမ်မှ ထွက်ခွာသွားပါသည်။

ဝိသာခါ ကျောင်းအစ်ကြီး အိမ်မှာလည်း ဝိသာခါ ကျောင်းအစ်မကြီးက ရဟန်းတော်များ၏ ဝေယျာဝစ္စ ဆောင်ရွက်ရန် အတွက် အစစ လွှဲအပ်ထားသည့် မြေးမကလေး သုဒတ္တာ ရှိသည်။ သုဒတ္တာသည် သွက်လက်၏၊ ထက်မြက်၏၊ ရဟန်းတော်တို့၏ ဝေယျာဝစ္စကိုလည်း စေတနာ ထက်ထက်သန်သန် ဆောင်ရွက်၏။ ရဟန်းတော်လေးကလည်း သွက်သွက်လက်လက် ထက်ထက်မြက်မြက် ပုံပင်။ သုဒတ္တာသည် ရဟန်းတော်လေးအတွက် စဥ့်အိုးထဲမှ ရေခပ်၍ ရေစစ်နေစဉ် စဥ့်အိုးထဲမှ မိမိ၏ မျက်နှာရိပ်ကို ကြည့်ကာ ရယ်လေ၏။ ရဟန်းတော်လေးကလည်း ဘာကြောင့်မသိ သုဒတ္တာကို ကြည့်ကာ ရယ်လေတော့သည်။

ထိုအခါ သုဒတ္တာသည် မိမိကို ကြည့်ကာ ရယ်ရကောင်းလားဟု စိတ်ဆိုးပြီး ရဟန်းငယ်လေးကို “ဦးပဥ္စင်း ခေါင်းပြတ် ဘာ ရယ်တာတုံး” ဟု ကဲ့ရဲ့ရှုတ်ချစကား ပြောကြားလေသည်။ ရဟန်းငယ်လေး ကလည်း ငံ့မခံဘဲ “နင်လည်း ခေါင်းပြတ်၊ နင့်အမေ၊ နင့်အဖေတွေလည်း ခေါင်းပြတ်ပဲ” ဟု စကားခွန်းလှန် ပြန် ပြောဆိုလေသည်။ ထိုသို့ ရဟန်းငယ်လေးက ငံ့မခံ ပြန်လှန် ပြောဆိုလိုက်သောအခါ သုဒတ္တာ သည် စိတ်မကျေမနပ် ဖြစ်ကာ မီးဖိုချောင်ထဲတွင် ချက်ပြုတ်ရေး စီမံနေသော အဘွား ဝိသာခါ ကျောင်းအစ်မကြီးထံ သွား၍ ငိုယို တိုင်တန်းလေသည်။

ထိုအခါ ဝိသာခါကျောင်းအစ်မကြီးသည် မြေးမကလေး သုဒတ္တာ နှင့် အတူ ရဟန်းငယ်လေးထံ လာရောက်ပြီး “ဦးပဥ္စင်းရယ်... စိတ်မဆိုးပါနဲ့၊ ဦးပဥ္စင်းရဲ့ ခေါင်းက ဆံပင်တွေလည်း ဓားနှင့် ရိတ်ဖြတ် ထားတယ်။ ပြီးတော့ လက်သည်း၊ ခြေသည်းတွေကလည်း မိန်းကလေး တွေရဲ့ လက်သည်းလို အရှည်ကြီး မဟုတ်ဘဲ ကိုက်ဖြတ်ထားတယ်။ ဦးပဥ္စင်း ဝတ်ရုံတဲ့ သင်္ကန်းကလည်း ဓားနဲ့ အပိုင်းပိုင်း ဖြတ်ပြီး ချုပ်စပ် ထားတယ်။ ဦးပဥ္စင်း ကိုင်တဲ့ သပိတ်ကလည်း အလယ်က ဖြတ်ထား

တဲ့ အိုးအတိုင်းပဲ။ ဒါကြောင့်မို့ ခေါင်းပြတ်လို့ ဆိုတာ စိတ်ဆိုးစရာ မဟုတ်ပါဘူး'' ဟု ပြောဆိုလေသည်။ သို့သော်လည်း ဝိသာခါ ကျောင်းအစ်မကြီး ပြောပုံကပင် ဂုဏ်ရှိသူတို့၏ ထုံးစံအတိုင်း နိမ်ပြော ပြောတဲ့ သဘော သက်ရောက်နေ၍လားတော့ မသိ၊ ရဟန်းငယ်လေးက စိတ်မကျေနပ်နိုင်၊ ရဟန်းငယ်လေးက ဝိသာခါ ကျောင်းအစ်ကြီးကို ''ဒကာမကြီး... ဦးပဥ္စင်းမှာ ခေါင်းရိတ်ဖြတ်ထားတာ အပိုင်းပိုင်း ဖြတ်ပြီး ချုပ်စပ်ထားတဲ့ သင်္ကန်းကို ဝတ်ရုံထားတာ၊ အိုးပြတ်နဲ့ တူတဲ့ သပိတ်ကို ကိုင်နေရတာကို ဒကာမကြီးက ပြောတယ်။ ဒါပေမဲ့ ဒကာမကြီး မြေးမ မသုဒတ္တာက ဦးပဥ္စင်းကို 'ဦးပဥ္စင်း ခေါင်းပြတ်' ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုတာ တော်ပါရဲ့လား ဒကာမကြီး'' ဟု ပြောဆို လေသည်။ ဝိသာခါကျောင်းအစ်မကြီးသည် မြေးမကလေး သုဒတ္တာကို လည်း ချော့လို့မရ၊ ရဟန်းငယ်လေးကို ကျေနပ်အောင် လျှောက်ထား လို့ မရ ဖြစ်နေသည်။

## မထေရ်ဆရာ ပြန်ကြွလာ

ထိုအခိုက်ဝယ် ရဟန်းငယ်လေး၏ ဥပဇ္ဈာယ် ဆရာတော်ကြီး သည် အခြား ဒကာမတစ်ဦး အိမ်သို့ ကြွရောက်၍ ကပ်လှူအပ်သော စားကောင်း သောက်ဖွယ်များကို ဘုဉ်းပေးပြီးလျှင် ရဟန်းငယ်လေးကို ခေါ်၍ ဆွမ်းခံ ဆက်သွားရန် ကျောင်းအစ်မကြီး ဝိသာခါ အိမ်သို့ ပြန် ကြွလာသည်။ ကျောင်းအစ်ကြီး ဝိသာခါ အိမ်သို့ ရောက်ရှိသောအခါ ကျောင်းအစ်ကြီး ဝိသာခါက ဖြစ်ပျက်ပုံ အလုံးစုံကို ဥပဇ္ဈာယ်ဆရာ မထေရ်ကြီးအား လျှောက်ထားလေသည်။ ထိုအခါ မထေရ်ကြီးက ရဟန်းငယ်လေးကို မျက်နှာထား ခပ်တင်းတင်းဖြင့် မာန်သွင်းပြီးလျှင် ''ရိတ်ဖြတ်ထားတဲ့ ဆံပင်၊ အပိုင်းပိုင်း ဖြတ်ထားတဲ့ အဝတ်ကို ဝတ်ရုံ၊ အလယ်ပြတ်နေတဲ့ အိုးနဲ့ တူတဲ့ သပိတ်ကို ကိုင်ဆောင်ပြီး အိမ်စဉ် လှည့်ကာ ဆွမ်းခံနေရတဲ့ ဦးပဥ္စင်းက ဦးပဥ္စင်း ခေါင်းပြတ်လို့ ဆိုတာ နာစရာလား၊ တိတ်တိတ်နေစမ်း၊ ဘာမှ မပြောနဲ့'' ဟု ငေါက်ငမ်း မာန်မဲလေတော့သည်။ ရဟန်းငယ်လေးကလည်း ငြိမ်မနေဘဲ ''အရှင်

ဘုရား... အရှင်ဘုရားက မိမိကို ပြုစု လုပ်ဒါန်းနေတဲ့ ဒကာ၊ ဒကာမ တွေတော့ မငေါက်ငမ်း မမာန်မဲဘဲနဲ့ တပည့်တော်ကိုချည်း ငေါက်ငမ်း မာန်မဲနေရသလား။ အရှင်ဘုရား ဆွမ်းအစ်မကြီး ဝိသာခါရဲ့ မြေးမ မသုဒတ္တာက တပည့်တော်ကို 'ဦးပဥ္စင်း ခေါင်းပြတ်' လို့ ဆိုတာကိုတော့ အရှင်ဘုရားက ကျေနပ်နေသလား ဘုရား" ဟု ခွန်းတုံ့စကား ပြန်ကြား လျှောက်ထားလေသည်။

## ဘုရားမြတ်စွာ ကြွလို့လာ

ထိုသို့ ပြောဆိုနေစဉ် အခိုက်ဝယ် ဘုရားရှင် ကြွလာတော်မူ၍ ဖြစ်ပျက်ပုံကို မေးမြန်းတော်မူသည်။ ထိုအခါ ဝိသာခါကျောင်းအစ်မကြီး သည် အစမှ အဆုံး ဖြစ်ပျက်ပုံ အလုံးစုံကို ဘုရားရှင်အား လျှောက်ထား လေသည်။ ဘုရားရှင်သည် ပုဂ္ဂိုလ်မျက်နှာကို မကြည့်ဘဲ ဓမ္မကိုသာ ကြည့်တော်မူ၍ ကျောင်းအစ်မကြီး ဝိသာခါကို "ဝိသာခါ... သင်ရဲ့ မြေးမကလေး သုဒတ္တာက ငါ့ရဲ့ သားတော် ရဟန်းတော်လေးကို ခေါင်းက ဆံပင် ရိတ်ထားကာမျှ၊ အပိုင်းပိုင်းဖြတ်၍ ချုပ်စပ်ထားတဲ့ အဝတ်သင်္ကန်းကို ဝတ်ရုံထားကာမျှ၊ အလယ်ပြတ်နေတဲ့ အိုးနဲ့ တူတဲ့ သပိတ်ကို ကိုင်ရုံမျှဖြင့် ဦးပဥ္စင်းခေါင်းပြတ်လို့ ပြောဆိုသင့်ပါသလား" ဟု မိန့်တော်မူသည်။

ထိုအခါ ရဟန်းငယ်လေးသည် "သြော်... ဘုရားရှင်သည် ပုဂ္ဂိုလ်မျက်နှာ မကြည့်၊ ဓမ္မအရိုကိုသာ ကြည့်တော်မူပါပေသည် ဟု ဘုရားရှင်၌ ကြည်ညိုသည့် သဒ္ဓါစိတ် တဖိတ်ဖိတ် ဖြစ်ပွားကာ နေရာမှ ထပြီးလျှင် ဘုရားရှင်ကို လက်အုပ်ချီလျက် "မြတ်စွာဘုရား... ဤဖြစ်ပျက်မှု ပြဿနာကို မြတ်စွာဘုရားသည်သာ မှန်ကန်အောင် ဖြေရှင်းတော်မူနိုင်ပါတယ် ဘုရား။ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာနှင့် ဝိသာခါ ကျောင်းအစ်မကြီးတို့ဟာ နည်းလမ်းကျအောင် ဖြေရှင်းမပေး နိုင်ကြပါ ဘုရား" ဟု လျှောက်ထားလေသည်။ ဘုရားရှင်သည် ရဟန်းငယ်လေး၏ သန္တာန်၌ သဒ္ဓါစိတ် ယိုဖိတ် ရှင်လန်းကာ အသိဉာဏ် ဝင်လာသည်ကို မြင်သဖြင့် "ချစ်သား ရဟန်း... ကာမဂုဏ်ကို

အကြောင်းပြု၍ ရယ်ရွှင်ခြင်း မည်သည် မကောင်း၊ ယုတ်ညံ့သော သဘောရှိ၏။ ယုတ်ညံ့သော အလုပ်ကို ပြုလုပ်ခြင်းငှာ မသင့်၊ သတိ မေ့လျော့ ပေါ့ပေါ့တန်တန် နေခြင်းငှာလည်း မသင့်" ဟု မိန့်တော်မူပြီးလျှင် ဤ တရားဂါထာကို ဟောကြားတော်မူသည်။

ဟီနံ ဓမ္မံ န သေဝေယျ၊ ပမာဒေန န သံဝသေ။
မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊ န သိယာ လောကဝဍ္ဎနော။

ဟီန- ယုတ်ညံ့သော။ ဓမ္မံ- ငါးပါးအာရုံ ကာမဂုဏ်တရားကို။ န သေဝေယျ- မပြုကျင့် မမှီဝဲရာ။ ပမာဒေန- သတိလွတ်ကင်း မေ့လျော့ခြင်းနှင့်လည်း။ န သံဝသေ- မယှဉ်တွဲ မဆက်ဆံစေရာ။ မိစ္ဆာဒိဋ္ဌိံ- ချို့ယွင်းဖောက်ပြန် မမှန်သောအယူကို။ န သေဝေယျ- မယူရာ။ လောကဝဍ္ဎနော- သံသရာလောက ဘုံဘဝမှာ အထပ်ထပ် ဖြစ်ရန် ချဲ့ထွင် တိုးပွားစေတတ်သူသည်၊ န သိယာ- မဖြစ်ရာ။

ဤ တရားဒေသနာကို ဟောကြား၍ သစ္စာပြပြီးသည် အဆုံး၌ ရဟန်းတော်လေးသည် သစ္စာလေးဆင့် ကောင်းစွာပွင့်ကာ သောတာပန် ဖြစ်သွားလေသည်။ (ဓမ္မ၊ ဌ၊ ၂၊ ၁၀၄။)

## ဝိသာခါသုတ်ကို ဟောတော်မူခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူ၏။ ထိုအခါဝယ် ကျောင်းအစ်မကြီး ဝိသာခါ၏ အမှုကိစ္စ တစ်ခုသည် ပသေနဒီကောသလမင်းကြီးနှင့် ဆက်နွှယ်နေသည်။ ထိုအမှုကိစ္စကို ပသေနဒီကောသလမင်းကြီးသည် ဝိသာခါ အလိုကျ ဆောင်ရွက်မပေးပေ။ ထို့နောက် ဝိသာခါ ကျောင်းအစ်မကြီးသည် နေမွန်းလွဲသာသာ အချိန်အခါ၌ မြတ်စွာဘုရား ထံ ချဉ်းကပ်၍ မြတ်စွာဘုရားအား "အရှင်ဘုရား တပည့်တော်မ၏ အမှုကိစ္စတစ်ခုသည် ပသေနဒီ ကောသလမင်းကြီးနှင့် ဆက်နွှယ်နေပါ

၏။ ထိုကိစ္စကို ပသေနဒီ ကောသလမင်းကြီးသည် တပည့်တော်မ၏ အလိုအကျ ဆောင်ရွက်မပေးပါ ဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည်-

သဗ္ဗံ ပရဝသံ ဒုက္ခံ၊ သဗ္ဗံ ဣဿရိယံ သုခံ။
သာဓာရဏေ ဝိဟညန္တိ၊ ယောဂါ ဟိ ဒုရတိက္ကမာ။

သူတစ်ပါး အလို လိုက်ရမှု ဟူသမျှသည် ဆင်းရဲ၏။ အစိုးရမှု ဟူသမျှသည် ချမ်းသာ၏၊ ယောဂလေးဖြာ သံသရာမှ မလွန်နိုင်သေး သောကြောင့် သတ္တဝါတို့သည် သူတစ်ပါးတို့နှင့် ဆက်ဆံရာ၌ ပင်ပန်း ကြရကုန်၏ ဟု မိန့်တော်မူသည်။ (ဥဒါန၊ ၉၇။ ဥဒါန၊ ဋ္ဌ၊ ၁၄၀။)

## ဝိသာခါဝတ္ထု

ဝိသာခါ ကျောင်းအစ်မကြီးသည် မြေးမကလေး သုဒတ္တာကို မိမိနေရာ၌ ထား၍ မိမိကိုယ်စား ရဟန်းသံဃာများ၏ ဝေယျာဝစ္စကို ပြုလုပ်စေသည်။ မကြာမီ မိမိ အားကိုးအားထား ပြုသည့် ချစ်လှစွာသော မြေးမကလေး သုဒတ္တာ ကွယ်လွန်လေသည်။ ထိုအခါ ကျောင်းအစ်မကြီး ဝိသာခါသည် သောကမီးကို ငြိမ်းစေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ဘုရားရှင်ထံသို့ သွားကာ သင့်လျော်သော နေရာ၌ ထိုင်၍ ငိုကြွေးနေ သည်။ ထိုအခါ ဘုရားရှင်သည် ကျောင်းအစ်မကြီး ဝိသာခါကို-

**မေး။** "ချစ်သမီး ဝိသာခါ... အဘယ်ကြောင့် မျက်ရည်ရွှဲစို ငို၍ နေပါသနည်း" ဟု မေးတော်မူသည်။

**ဖြေ။** "မြတ်စွာဘုရား... ဝတ္တရားကျေပွန်လှသည့် ချစ်လှစွာ သော တပည့်တော်မ၏ မြေးမကလေး သုဒတ္တာ ယနေ့ ကွယ်လွန်သွားပါ သည် ဘုရား" ဟု လျှောက်ထား၏။

**မေး။** ချစ်သမီး ဝိသာခါ... သာဝတ္ထိမြို့၌ လူဦးရေ အဘယ်မျှ ရှိသနည်း။

**ဖြေ။** သာဝတ္ထိမြို့၌ လူဦးရေ ခုနစ်–ကုဋေ ရှိသည်ဟု ဆိုပါသည် ဘုရား။

**မေး။** ချစ်သမီး ဝိသာခါ... သင်၏ ချစ်လှစွာသော မြေးမကလေး သုဒတ္တာနှင့် တူသည့် ခုနစ်–ကုဋေမျှသော မြေးမလေးတွေကို ရရှိမည် ဆိုလျှင် သင် အလိုရှိပါသလော။

**ဖြေ။** မှန်ပါ၊ အလိုရှိပါသည် ဘုရား။

**မေး။** သာဝတ္ထိမြို့၌ နေ့စဉ် သေလွန်နေသူတွေ အဘယ်မျှ ရှိသနည်း။

**ဖြေ။** ရေတွက်မရ များပြားလှပါသည် ဘုရား။

ချစ်သမီး ဝိသာခါ... ဒီလိုဆိုလျှင် သင့်မှာ မပူဆွေး၊ မငိုကြွေးရတဲ့ နေ့ရယ်လို့ ရှိပါဦးမည်လား။ အမြဲတမ်း ငိုကြွေးနေရမည်သာ မဟုတ်ပါလား ဟု မိန့်တော်မူသည်။ ထိုအခါ ဝိသာခါသည် မြတ်စွာဘုရားအား "မြတ်စွာဘုရား... တပည့်တော် နားလည် သဘောပေါက်ပါပြီ ဘုရား" ဟု လျှောက်ထားလေသည်။ ထို့နောက် မြတ်စွာဘုရားသည် ဝိသာခါကို "ချစ်သမီး ဝိသာခါ ထိုသို့ ဖြစ်လျှင် မစိုးရိမ်ပါလင့်၊ စိုးရိမ်ခြင်းသည် လည်းကောင်း၊ ဘေးရန်အပေါင်းသည် လည်းကောင်း ချစ်ခြင်းကြောင့်သာ ဖြစ်ပေါ်လာပါ၏" ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူသည်။

ပေမတော ဇာယတိ သောကော၊ ပေမတော ဇာယတိ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

**မြန်မာပြန်။** ။ ချစ်ခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်၏။ ချစ်ခြင်းကြောင့် ဘေးဖြစ်၏။ ချစ်ခြင်းမှ လွတ်မြောက်သော သူအား စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း မရှိတော့ပေ။ (ဓမ္မ၊ ၄၅။ ဓမ္မ၊ ဠ၊ ၂၊ ၁၈၁–၂။)

ဤသို့လျှင် ဘုရားရှင်သည် ဝါတော် (၂၁) ဝါမှ စ၍ ဝါတော် ၄၄ ဝါ အထိ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၊ ပုဗ္ဗာရုံကျောင်းတော် တို့၌ အလှည့်အကြိမ်အားဖြင့် ဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ

သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်သို့ ကြွတော်မူ၍ ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုသို့ ဘုရားရှင် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်း မွေ့လျော်စံနေတော်မူစဉ် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်မင်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့ကို စစ်တိုက်လိုသောဆန္ဒ ပြင်းထန်စွာ ဖြစ်၍ နေ၏။ စစ်တိုက်လိုသော အကြောင်းရင်းမှာ ဂင်္ဂါမြစ် အနီး နယ်စပ်ဆိပ်ကမ်းရွာလေးတွင် နှစ်စဉ် တောင်ခြေမှ အဖိုးတန် ရတနာများ ပေါ်ထွက်လာလေသည်။ ထိုအခါ အဇာတသတ်မင်းသည် သွားယူရန် စိမံနေစဉ်ပင် ဝဇ္ဇီမင်းတို့သည် နှစ်စဉ် လာ၍ ယူသွားကြသည်။ သို့ဖြစ်၍ အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို စစ်တိုက်လိုခြင်း ဖြစ်၏။

## ရာဇအပရိဟာနိယတရားကို ဟောတော်မူခြင်း

ထိုအခါ အဇာတသတ်မင်းသည် ဝဿကာရပုဏ္ဏားကို "အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို စစ်တိုက်လိုကြောင်း" မြတ်စွာဘုရားအား လျှောက်ထားခိုင်းသည်။ သို့ဖြစ်၍ ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားထံ သွား၍ အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို စစ်တိုက်လိုကြောင်း ဘုရားရှင်အား လျှောက်ထားလေသည်။ ထိုအချိန်အခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ထံတော်ပါးတွင် မြတ်စွာဘုရားကို ယပ်လေ ခပ်ပေးလျက် ထိုင်နေ၏။ မြတ်စွာဘုရားသည် ဝဿကာရပုဏ္ဏားအား တိုက်ရိုက် မဟောကြားဘဲ အရှင်အာနန္ဒာအား မင်းတို့၏ မဆုတ်ယုတ်ကြောင်း၊ ကြီးပွားကြောင်း ရာဇအပရိဟာနိယတရား ခုနစ်ပါးကို ဟောကြားတော်မူသည်။ ရာဇအပရိဟာနိယတရား ခုနစ်ပါးကား–

(၁) အမြဲမပြတ် စည်းဝေး တိုင်ပင်ခြင်း

(၂) အညီအညွတ် စည်းဝေး တိုင်ပင်၍ အညီအညွတ် စည်းဝေးရာမှ ထပြီးလျှင် အညီအညွတ် ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ခြင်း

(၃) ရှေးမင်းတို့ မပြဋ္ဌာန်းအပ်သော ဥပဒေကို ထပ်၍ မပြဋ္ဌာန်းဘဲ ရှေးမင်းတို့ ပြဋ္ဌာန်းအပ်ပြီးသော ဥပဒေကို မပယ်ဖျက်ခြင်း၊

(၄) ကြီးသော သူတို့ကို ရိုသေ လေးစားခြင်း၊ ကြီးသော သူတို့၏ စကားကို နားထောင်ခြင်း။

(၅) အမျိုးသမီး ကြီး ငယ်တို့ကို အနိုင်အထက် မပြုကျင့်ခြင်း၊

(၆) မြို့တွင်း မြို့ပြင်၌ ရှိသော နတ်ကွန်း နတ်နန်းတို့ကို နည်းလမ်းကျကျ ပူဇော်ပသခြင်း

(၇) ရဟန်းသံဃာတို့အား တရားနည်းလမ်းကျကျ စောင့်ရှောက်ခြင်းတို့တည်း။

ထို့နောက် မြတ်စွာဘုရားသည် ဝဿကာရပုဏ္ဏားကို "အို ပုဏ္ဏား... ငါသည် တစ်ချိန်တုန်းက ဝေသာလီမြို့ အနီး သာရန္ဒ ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝဇ္ဇီမင်းတို့အား ဤ ရာဇအပရိဟာနိယ တရားကို ဟောတော်မူခဲ့၏။ ဝဇ္ဇီမင်းတို့သည် ဤ ရာဇအပရိဟာနိယ တရား ခုနစ်ပါးကို လိုက်နာ ကျင့်သုံးနေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်း တို့၏ တိုးတက်မှုသာ ဖြစ်နိုင်သည်၊ ဆုတ်ယုတ်မှု မဖြစ်နိုင်" ဟု မိန့်တော်မူသည်။ ယင်းသို့ မိန့်တော်မူသည်ရှိသော် ဝဿကာရပုဏ္ဏား သည် မြတ်စွာဘုရားကို "မြတ်စွာဘုရား... ဤ ရာဇအပရိဟာနိယ တရား ခုနစ်ပါးတွင် တစ်ပါးပါးနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့၏ တိုးတက်မှုသာ ဖြစ်နိုင်ပါသည်၊ ဆုတ်ယုတ်မှု မဖြစ်နိုင်ပါ။ ခုနစ်ပါးလုံး ပြည့်စုံပါမူ အဘယ်မှာ ပြောဖွယ်ရာ ရှိနိုင်ပါမည်နည်း။ အဇာတသတ် မင်းသည် ဝဇ္ဇီမင်းတို့ကို **'ဥစ္စာတို့ဖြင့် ဖြားယောင်း သိမ်းသွင်းခြင်း၊ အချင်းချင်း ကွဲပြားအောင် ပြုလုပ်ခြင်း'** မှ တစ်ပါး စစ်တိုက်ခြင်းဖြင့် မအောင်မြင်နိုင်ပါ ဘုရား" ဟု လျှောက်ထား၍ ဘုရားရှင် ထံမှ ဖဲခွာ သွားလေသည်။

မှတ်ချက်။ ။ မြတ်စွာဘုရားသည် ဝဿကာရပုဏ္ဏား ဤသို့ ယူဆမည်ကို သိသော်လည်း ရာဇအပရိဟာနိယတရားကို မဟောကြား လျှင် အဇာတသတ်မင်းသည် ယခုပင်လျှင် ဝဇ္ဇီမင်းတို့ကို သေကျေ

ပျက်စီးစေလိမ့်မည်။ ဟောကြားလျှင်မူ သုံးနှစ်ခန့်မျှ ဝဇ္ဇီမင်းတို့၏ ညီညွတ်မှုကို ပျက်ပြားစေပြီးမှ ဝဇ္ဇီမင်းတို့ကို သေကျေ ပျက်စီးစေလိမ့်မည်။ သုံးနှစ်ခန့်မျှ အသက်ရှည်လျက် မိမိအတွက် ကုသိုလ်ကောင်းမှု ပြုနိုင်ပေလိမ့်မည်ဟု ကြံစည်လျက် ဝဇ္ဇီမင်းတို့ကို သနားစောင့်ရှောက် ချီးမြှောက်လိုသောကြောင့် ဟောကြားတော်မူသည်။ (ဒီ၊ ၄၊ ၂၊ ၁၁၂။)

## ဝေသာလီပြည်ကြီး ပျက်စီးပုံ

ဘုရားရှင်ထံမှ ပြန်လာပြီးနောက် ဝဿကာရပုဏ္ဏားသည် ပရိယာယ်ဆင်ကာ သူ့ကို တိုင်းပြည်မှ နှင်ထုတ်ရန် အကြံပြုသည်။ ဝဿကာရပုဏ္ဏား အကြံပေးချက်အတိုင်း အဇာတသတ်မင်းက နှင်ထုတ်သဖြင့် ဝေသာလီပြည်သို့ ရောက်သောအခါ ဝဿကာရပုဏ္ဏားကို ဝဇ္ဇီမင်းတို့က တရားသူကြီး ခန့်ထားလေသည် ဝဿကာရပုဏ္ဏားသည် တရားအဆုံးအဖြတ်၌ ကျွမ်းကျင်လှသဖြင့် လစ္ဆဝီမင်းသားတို့သည် ဝဿကာရပုဏ္ဏားထံ ပညာသင်ယူကြသည်။ ဝဿကာရပုဏ္ဏားသည် လစ္ဆဝီမင်းသားများ မိမိတပည့် ဖြစ်လာသောအခါ လစ္ဆဝီမင်းသားများကို တစ်ယောက်ချင်း ခေါ်၍ "မင်းတို့ဆီမှာ လူငယ်တွေ လယ်ထွန်ကြသလား၊ ဘာဟင်းနဲ့ ထမင်းစားသလဲ စသည်ဖြင့် ပေါ့ပေါ့ တန်တန် စကားများကို မေး၍ ပြန်လွှတ်လိုက်၏။ ထိုမင်းသားများကို အခြားမင်းသားများက "ဆရာ ဘာပြောသလဲ" ဟု မေးသောအခါ "ဒီလို ဒီအကြောင်း မေးတယ်" ဟု ဖြေဆိုရာ အခြားမင်းသားများက မယုံကြည်ကြသဖြင့် သုံးနှစ်ခန့် ကြာသောအခါ ဝဇ္ဇီမင်းတို့သည် အချင်းချင်း အားလုံး ကွဲပြားကြလေသည်။

ထိုသို့ ဝဇ္ဇီမင်းတို့ အချင်းချင်း ကွဲပြားကြသောအခါ ဝဿကာရပုဏ္ဏားသည် အဇာတသတ်မင်းအား ဝေသာလီပြည်ကို လာရောက် သိမ်းယူရန် အကြောင်းကြားလိုက်လေသည်။ အဇာတသတ်မင်းသည် စစ်စည်စစ်မောင်း တီးကာ လာရောက် တိုက်ခိုက် သိမ်းယူလိုက်သဖြင့် ဝေသာလီပြည်ကြီး ဆုံးရှုံး ပျက်စီးလေတော့သည်။ (ဒီ၊ ၄၊ ၂၊ ၁၁၂-၃။)

ဘုရားရှင်သည် ဝဿကာရပုဏ္ဏား ဖဲခွာသွား၍ မကြာမီပင် ရဟန်းတို့အား ဘိက္ခုအပရိဟာနိယ တရားများကို ဆက်လက် ဟောကြားတော်မူသည်။

### ဘိက္ခုအပရိဟာနိယတရား ခုနစ်ပါး

(၁) မပြတ် စည်းဝေး တိုင်ပင်ခြင်း၊
(၂) အညီအညွတ် စည်းဝေးတိုင်ပင်၍ အညီအညွတ် စည်းဝေးရာမှ ထပြီးလျှင် အညီအညွတ် သံဃကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း၊
(၃) ဘုရားရှင် မပညတ်အပ်သော သိက္ခာပုဒ်ကို ထပ်၍ မပညတ်ဘဲ ဘုရားရှင် ပညတ်အပ်သော သိက္ခာပုဒ်ကို မပယ်ဖျက်ခြင်း၊ လေးစားလိုက်နာခြင်း။
(၄) မထေရ်ကြီးတို့ကို ရိုသေလေးစား၍ မထေရ်ကြီးတို့ စကားကို နားထောင်ခြင်း၊
(၅) တဏှာ၏ အလိုသို့ မလိုက်ခြင်း၊
(၆) တောကျောင်း၌ နေလိုသော ဆန္ဒရှိခြင်း၊
(၇) သီတင်းသုံးဖော်များ မိမိကျောင်းတိုက်သို့ ကြွရောက်စေလိုခြင်း၊

### တစ်နည်း– ဘိက္ခုအပရိဟာနိယတရား ခုနစ်ပါး

(၁) သာသနကိစ္စမှ အခြားသော အလုပ်ကိစ္စတို့၌ မမွေ့လျော်ခြင်း၊
(၂) စကားပြောမှု၌ မမွေ့လျော်ခြင်း၊ စကားမများခြင်း၊
(၃) အိပ်မှု၌ မမွေ့လျော်ခြင်း၊ အအိပ်မများခြင်း၊
(၄) အပေါင်းအဖော်၌ မမွေ့လျော်ခြင်း၊
(၅) အလိုနည်းခြင်း၊
(၆) မကောင်းသော မိတ်ဆွေ မရှိခြင်း၊

(၇) အနည်းငယ်သော တရားထူး ရကာမျှဖြင့် ဝီရိယကို မလျှော့ချဘဲ အရဟတ္တဖိုလ် ရောက်အောင် အားထုတ်ခြင်း တို့တည်း။

**တစ်နည်း– ဘိက္ခုအပရိဟာနိယတရား ခြောက်ပါး**

(၁) သီတင်းသုံးဖော်တို့အပေါ် မေတ္တာကာယကံနှင့် ပြည့်စုံခြင်း၊
(၂) မေတ္တာဝစီကံနှင့် ပြည့်စုံခြင်း၊
(၃) မေတ္တာမနောကံနှင့် ပြည့်စုံခြင်း၊
(၄) တရားသဖြင့် ရရှိလာသော လာဘ်ကို သီတင်းသုံးဖော် တို့နှင့် အညီအမျှ ခွဲဝေ သုံးစွဲခြင်း။
(၅) မကျိုးမပေါက် မပျောက်မကျားသော သီလရှိခြင်း၊
(၆) သီတင်းသုံးဖော်တို့နှင့် တူမျှသော အယူရှိခြင်းတို့တည်း။

## အမ္ဗလဋ္ဌိကာဥယျာဉ်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံး နေထိုင်ပြီးနောက် အမ္ဗလဋ္ဌိကာဥယျာဉ်သို့ ကြွတော်မူ၍ အမ္ဗလဋ္ဌိကာဥယျာဉ်အတွင်း မင်းအိမ်တော်၌ သီတင်းသုံးတော်မူ၏။ အမ္ဗလဋ္ဌိကာဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်သည် များစွာသော ရဟန်းတို့အား "ဤတရားကား သီလတည်း၊ ဤတရား ကား သမာဓိတည်း၊ ဤတရားကား ပညာတည်း၊ သီလဖြင့် ထုံအပ် သော သမာဓိသည် များသော အကျိုးအာနိသင် ရှိ၏။ သမာဓိဖြင့် ထုံအပ်သော ပညာသည် များသော အကျိုးအာနိသင် ရှိ၏။ ပညာဖြင့် ထုံအပ်သောစိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်၏" ဟု သီလ၊ သမာဓိ၊ ပညာ တရားတို့ကို ဟောကြားတော်မူသည်။

## နာဠန္ဒာမြို့သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် အမ္ဗလဋ္ဌိကာဥယျာဉ်၌ ကျွတ်ထိုက်သော သတ္တဝါများ ရှိသလောက် သီတင်းသုံးတော်မူပြီးနောက် နာဠန္ဒာမြို့သို့

ကြွတော်မူ၍ နာဠန္ဒာမြို့ အနီး သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

## အရှင်သာရိပုတ္တရာ၏ သီဟနာဒစကား လျှောက်ထားခြင်း

ဘုရားရှင် နာဠန္ဒာမြို့အနီး ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား "မြတ်စွာဘုရား... အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍ သိသော အခြားသော သမဏဗြဟ္မဏမည်သည် ရှေးကလည်း မရှိ။ နောင်လည်း ရှိလိမ့်မည် မဟုတ်၊ ယခုလည်း မရှိဟု မြတ်စွာဘုရား အပေါ်၌ တပည့်တော်သည် ဤသို့ ယုံကြည်လျက် ရှိပါသည်" ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား "ချစ်သား သာရိပုတ္တရာ... အဘယ်သို့နည်း၊ ပွင့်တော်မူပြီး၊ ပွင့်တော်မူဆဲ၊ ပွင့်တော်မူလတ္တံ့ ဖြစ်ကြကုန်သော မြတ်စွာဘုရားတို့ကို 'ထိုမြတ်စွာဘုရားတို့သည် ဤသို့သော သီလရှိကုန်၏၊ ဤသို့သော သမာဓိ ရှိကုန်၏၊ ဤသို့သော ပညာ ရှိကုန်၏၊ ဤသို့သော နေခြင်း ရှိကုန်၏၊ ဤသို့သော လွတ်မြောက်ခြင်း ရှိကုန်၏' ဟူ၍ ထိုမြတ်စွာဘုရားတို့၏ စိတ်တော်ကို သင်၏ စိတ်ဖြင့် ပိုင်းခြား၍ သိပါသလော" ဟု မိန့်တော်မူ၏။ "မသိပါ အရှင်ဘုရား" ဟု လျှောက်ထား၏။

သို့ဖြစ်လျှင် "မြတ်စွာဘုရား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍ သိသော အခြားသော သမဏ ဗြဟ္မဏ မည်သည် ရှေးကလည်း မရှိ၊ နောင်လည်း ရှိလိမ့်မည် မဟုတ်၊ ယခုလည်း မရှိဟု မြတ်စွာဘုရား အပေါ်၌ တပည့်တော်သည် ဤသို့ ယုံကြည်လျက် ရှိပါသည်" ဟု ခြင်္သေ့မင်း ကဲ့သို့ ရဲတင်းသော စကားကို အဘယ်ကြောင့် ဆိုဘိသနည်းဟု မိန့်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား "မြတ်စွာဘုရား... တပည့်တော်သည် မြတ်စွာဘုရားတို့၏ စိတ်တော်ကို ပိုင်းခြား

၍ သိနိုင်သော စေတောပရိယဉာဏ် မရှိပါသော်လည်း မျက်မှောက် သိသော ပစ္စက္ခဉာဏ်သို့ အစဉ်လိုက်သော အနုမာနဉာဏ်ဖြင့် သိပါသည် ဘုရား။ ဥပမာအားဖြင့် ခိုင်ခံ့ လုံခြုံသော မြို့ရိုး၊ တံတိုင်း၊ တံခါးတိုင် ရှိသော တံခါး တစ်ပေါက်သာ ရှိသော နိုင်ငံ၏ နယ်စပ်မြို့သည် ရှိရာ ပါ၏။ ထိုမြို့၌ ပညာရှိ တံခါးစောင့်သည် ရှိရာပါ၏။ ထို တံခါးစောင့် သည် "ဤမြို့၌ ဝင်ကြ ထွက်ကြကုန်သော ကိုယ်ထည်ကြီးမား သတ္တဝါများတို့သည် ဤတံခါးဖြင့်သာ ဝင်ကြ ထွက်ကြကုန်၏" ဟု သိရာသကဲ့သို့ ထို့အတူ တပည့်တော်သည်လည်း မျက်မှောက်သိသော ပစ္စက္ခဉာဏ်သို့ အစဉ်လိုက်သော အနုမာနဉာဏ်ဖြင့် 'ပွင့်တော်မူပြီး၊ ပွင့်တော်မူဆဲ၊ ပွင့်တော်မူလတ္တံ့ ဖြစ်သော မြတ်စွာဘုရား အားလုံးတို့ သည် စိတ်၏ ညစ်ညူးကြောင်း နီဝရဏ တရားတို့ကို ပယ်ခွာ၍ သတိပဋ္ဌာန်တရား လေးပါးတို့၌ စိတ်ကို ကောင်းစွာ တည်စေ ကုန်လျက် ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွားများ တော်မူကြသဖြင့် အမြတ်ဆုံး အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ဆိုက်ရောက်ကာ ဘုရား အဖြစ်သို့ ရောက်တော်မူကြသည်" ဟု သိမြင်ပါသည် ဘုရား ဟု လျှောက်ထားလေသည်။

## ပါဋလိရွာသို့ ကြွတော်မူခြင်း

ထို့နောက် ဘုရားရှင်သည် နာဠန္ဒမြို့အနီး ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ ကျွတ်ထိုက်သော သတ္တဝါတို့အား ဓမ္မအထွေထွေကို ဟောပြတော်မူပြီးလျှင် ပါဋလိရွာသို့ ကြွတော်မူ၏။ ဘုရားရှင်သည် ပါဋလိရွာ ဧည့်သည်တို့ တည်းခိုရာ ဇရပ်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ထံနီးမျက်မှောက် ရောက်လာကြသော ပါဋလိ ရွာသူ ရွာသား ဥပါသကာ၊ ဥပါသိကာမ အပေါင်းတို့အား–

(၁) စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်း၊

(၂) မကောင်းသတင်း ပျံ့နှံ့ ကျော်စောခြင်း၊

(၃) ပရိသတ်အတွင်းသို့ ကြောက်ရွံ့စွာ ဝင်ရခြင်း၊

(၄) တွေဝေမိန်းမောလျက် သေရခြင်း၊
(၅) သေပြီးနောက် ငရဲဘုံသို့ ရောက်ရခြင်း

ဟူသော သီလ မရှိခြင်း၏ အပြစ်ငါးပါးကို လည်းကောင်း။

(၁) စည်းစိမ်ဥစ္စာ ပေါများခြင်း၊
(၂) ကောင်းသော ကျော်စောသတင်း ပျံ့နှံ့ခြင်း၊
(၃) ပရိသတ်အတွင်းသို့ ရဲတင်းစွာ ဝင်နိုင်ခြင်း၊
(၄) မတွေမဝေ သေလွန်ရခြင်း၊
(၅) သေပြီးနောက် နတ်ပြည်သို့ ရောက်ရခြင်း

ဟူသော သီလရှိခြင်း၏ အကျိုးငါးပါးကို လည်းကောင်း ဟောကြားတော်မူသည်။

## ပါဋလိပုတ်ပြည် တည်ထောင်ခြင်း

ထိုအချိန်အခါဝယ် မဂဓတိုင်း၌ အမတ်ကြီးများ ဖြစ်ကြသော သုနိဓအမတ်နှင့် ဝဿကာရ အမတ်တို့သည် ဝဇ္ဇီမင်းတို့ ရန်ကို တားဆီး ကာကွယ်ခြင်းငှာ ပါဋလိရွာကို မြို့အဖြစ် တည်ဆောက်နေကြသည်။ ထိုနေ့ ညဥ့်အချိန်၌ ဘုရားရှင်သည် တန်ခိုးကြီးသော နတ်တို့ နေရာရပ်ကွက်၌ တန်ခိုးကြီးသောလူတို့ အိမ်ရာတည်ဆောက်စေရန်၊ တန်ခိုး အလယ်အလတ် ဖြစ်သော နတ်တို့ နေရာရပ်ကွက်၌ တန်ခိုး အလယ်အလတ် ဖြစ်သော လူတို့ အိမ်ရာ တည်ဆောက်စေရန်၊ တန်ခိုး နည်းသော နတ်တို့ ရပ်ကွက်၌ တန်ခိုးနည်းသော လူတို့ အိမ်ရာ တည်ဆောက်စေရန် နတ်တို့ အိမ်ရာသတ်မှတ် သိမ်းပိုက်နေသည်ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူ၏။

## အမတ်နှစ်ဦး ဘုရားရှင်အား ဆွမ်းစားပင့်ခြင်း

နောက်တစ်နေ့ နံနက်၌ အမတ်ကြီး နှစ်ဦးတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ရဟန်းသံဃာများနှင့်တကွ ဘုရားရှင်အား ဆွမ်းစား ပင့်လျှောက်သည်။ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်

မူ၏။ ဆွမ်းစားချိန် ရောက်၍ ဆွမ်းစား ပင့်လျှောက်သောအခါ ဘုရားရှင်သည် သုနိဓနှင့် ဝဿကာရ အမတ်ကြီးနှစ်ဦးတို့၏ ရုံးခန်းမသို့ ဆွမ်းစား ကြွတော်မူ၍ ဆွမ်းစားပြီးသောအခါ သုနိဓ၊ ဝဿကာရ အမတ်ကြီးနှစ်ဦး အမှူးပြုသော ပုဂ္ဂိုလ်တို့ကို အောက်ပါဂါထာတို့ဖြင့် အနုမောဒနာတရား ဟောကြားတော်မူသည်။

ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော၊
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော၊
ယာတတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ၊
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။

## မြန်မာပြန်

ပညာရှိသူသည် မိမိ နေထိုင်ရာအရပ်၌ ကိုယ်နှုတ်နှလုံးကို စောင့်စည်းကြကုန်သော မြတ်သော အကျင့်ကို ကျင့်ကြကုန်သော ပုဂ္ဂိုလ်တို့ကို ဆွမ်း ပြုစု လုပ်ကျွေးပြီးလျှင် ထိုအရပ်၌ ရှိ ကြကုန်သော နတ်တို့အား အမျှပေးဝေရာ၏။

ဤသို့ အမျှပေးဝေသည်ရှိသော် နတ်တို့သည် ပူဇော်ခံရသဖြင့် ထို အမျှပေးဝေသောသူကို တုံ့ပြန် ပူဇော်ကြကုန်၏။ မြတ်နိုးခံရသဖြင့် လည်း တုံ့ပြန် မြတ်နိုးကြကုန်၏။ ထိုသို့ နတ်တို့အား အမျှပေးဝေကာ ပူဇော် မြတ်နိုးခြင်းကြောင့် မိခင်သည် ရင်ဝယ်သားကို အစဉ် စောင့်ရှောက် သကဲ့သို့ နတ်တို့သည် အမျှပေးဝေသောသူကို အစဉ် စောင့်ရှောက်ကုန် ၏။ နတ်တို့ စောင့်ရှောက်ခံရသော သူသည် အခါခပ်သိမ်း ကောင်းခြင်း မင်္ဂလာတို့ကိုသာ တွေ့မြင်ရလေ၏။

ဘုရားရှင်သည် အနုမောဒနာတရား ဟောပြီးနောက် ပါဋလိပုတ် ပြည်မှ ဖဲကြွတော်မူရာ မြတ်စွာဘုရား ထွက်တော်မူသော တံခါးကို

ဂေါတမတံခါး၊ ကူးတော်မူရာ ရေဆိပ်ကို 'ဂေါတမဆိပ်' ဟု အမည် မှည့်ခေါ်ကြသည်။

## ကောဋိရွာသို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ပါဋလိရွာမှ ကောဋိရွာသို့ ရဟန်းသံဃာများနှင့် အတူ ကြွတော်မူ၍ ကောဋိရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတော်တို့အား "ချစ်သား ရဟန်းတို့... ငါဘုရား သည် လည်းကောင်း၊ သင်ချစ်သားတို့သည် လည်းကောင်း ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါး အမှန် တရားကို ထိုးထွင်း၍ မသိခြင်းကြောင့် ရှည်လျားစွာသော ဤသံသရာ ကာလပတ်လုံး ကျင်လည် ပြေးသွားခဲ့ရလေပြီ။ ချစ်သား ရဟန်းတို့... ယခု ငါသည် သစ္စာလေးပါး အမှန်တရားကို ထိုးထွင်း၍ သိပြီ၊ ဘဝ တို့၌ တပ်မက်ခြင်း 'ဘဝတဏှာ' ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ 'ဘဝတဏှာ' သည် ကုန်လေပြီ။ ယခုအခါ ငါသည် တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ" ဟု မိန့်တော်မူပြီးလျှင် သီလ၊ သမာဓိ၊ ပညာ တရားများကို ဟောကြား တော်မူသည်။

## နာတိကရွာသို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ကောဋိရွာ၌ ဝေနေယျသတ္တဝါတို့အား ဓမ္မ အထွေထွေ ဟောပြတော်မူပြီးလျှင် နာတိကရွာသို့ ကြွတော်မူ၍ နာတိကရွာ၊ အုတ်တိုက်ကျောင်း၌ ရဟန်းသံဃာတို့နှင့် အတူ သီတင်းသုံး နေတော်မူ၏။

## ကွယ်လွန်သူတို့၏ ဖြစ်ရာဘဝကို လျှောက်ထားခြင်း

ထိုအခါ အရှင်အာနန္ဒာသည် နာတိကရွာ၌ ကွယ်လွန်ကြသော သာဠှရဟန်းနှင့် နန္ဒာရဟန်းမတို့သည် အဘယ်ဘဝ၌ ဖြစ်နေပါသနည်း။

သုဇာတာ ဥပါသိကာမသည် အဘယ်ဘဝ၌ ဖြစ်နေပါသနည်း၊ သုဒတ္တာ ဥပါသိကာမသည် အဘယ်ဘဝ၌ ဖြစ်နေပါသနည်း၊ ကုက္ကုဋ္ဋ ဥပါသကာ၊ ကာဠိမ္ဗဥပါသကာ၊ နိတင္ဋဥပါသကာ၊ ကဋိဿဘ ဥပါသကာ၊ တုဋ္ဌဥပါသကာ၊ သန္တုဋ္ဌဥပါသကာ၊ ဘဒ္ဒဥပါသကာ၊ သုဘဒ္ဒ ဥပါသကာတို့သည် အဘယ်ဘဝတို့၌ ဖြစ်နေကြပါသနည်း မြတ်စွာဘုရား ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် "ချစ်သား အာနန္ဒာ... သာဠ္ဍရဟန်းသည် ရဟန္တာ ဖြစ်သွားပြီး နန္ဒာရဟန်းမသည် ဗြဟ္မာ့ပြည်၌ ဖြစ်လေပြီ၊ သုဇာတာ ဥပါသိကာမသည် သောတာပန် ဖြစ်၍ နတ်ပြည်၌ ဖြစ်လေပြီ၊ သုဒတ္တ ဥပါသကာသည် သကဒါဂါမ် ဖြစ်၍ နတ်ပြည်၌ ဖြစ်လေပြီ၊ ကုက္ကုဋ္ဋဥပါသကာ၊ ကာဠိမ္ဗဥပါသကာ၊ နိတင္ဋဥပါသကာ၊ ကဋိဿဘဥပါသကာ၊ တုဋ္ဌဥပါသကာ၊ သန္တုဋ္ဌဥပါသကာ၊ ဘဒ္ဒ ဥပါသကာ၊ သုဘဒ္ဒဥပါသကာတို့သည် အနာဂါမ် ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်လေပြီ။ ဤ နာတိကရွာ၌ ကွယ်လွန်ကြသော ဥပါသကာ ၅၀ တို့သည် အနာဂါမ် ဖြစ်ကြသည်။ ၉၀ ကျော်တို့သည် သကဒါဂါမ် ဖြစ်ကြသည်။ ၅၀၀ ကျော်တို့သည် သောတာပန် ဖြစ်သည်" ဟု မိန့်တော်မူ၏။

## တရားကြေးမုံကို ဟောတော်မူခြင်း

ထို့နောက် ဘုရားရှင်သည် အရှင်အာနန္ဒာကို "ချစ်သား အာနန္ဒာ... လူသေတိုင်း ငါဘုရားအား မေးမြန်းနေကြလျှင် ငါဘုရား ပင်ပန်းရုံသာ ဖြစ်ရာ၏။ ထို့ကြောင့် ဆိုလတ္တံ့သော (၁) ဘုရား၌ ဉာဏ်ဖြင့် သိမြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်း၊ (၂) တရားတော်၌ ဉာဏ်ဖြင့် သိမြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်း၊ (၃) သံဃာ၌ ဉာဏ်ဖြင့် သိမြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်း၊ (၄) မကျိုးမပေါက် မပြောက်မကျားသော သီလ ရှိခြင်းဟူသော ဓမ္မာဒါသ= တရားကြေးမုံ တရားမှန်နှင့် ပြည့်စုံသော အရိယာတပည့်

သည် ပြောကြားလိုပါမူ "ငါသည် အပါယ်လေးဘုံသို့ မရောက်တော့ပြီ၊ သောတာပန် ဖြစ်ပြီ" ဟု ပြောကြားနိုင်ပေ၏ ဟု မိန့်တော်မူသည်။

## ဝေသာလီပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် နာတိကရွာ၌ ဝေနေယျသတ္တဝါတို့အား တရားဓမ္မ ဟောပြပြီးလျှင် ဝေသာလီပြည်သို့ ကြွတော်မူ၍ ဝေသာလီပြည်၊ အမ္ဗပါလီ၏ ဉယျာဉ်၌ ကိန်းအောင်း စံနေတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့အား သတိပဋ္ဌာန်တရားကို ဟောကြားတော်မူ၏။ ရဟန်းတို့... ရဟန်းသည် ကာယာနုပဿနာ ဘာဝနာကိုသော်လည်း ပွားများ၍ နေရာ၏။ ဝေဒနာနုပဿနာ ဘာဝနာကိုသော်လည်း ပွားများ၍ နေရာ၏။ စိတ္တာနုပဿနာ ဘာဝနာကိုသော်လည်း ပွားများ၍ နေရာ၏။ ဓမ္မာနုပဿနာ ဘာဝနာကိုသော်လည်း ပွားများ၍ နေရာ၏။ ဤသို့ ပွားများနေသည်ရှိသော် လိုချင်မှု အဘိဇ္ဈာကို လည်းကောင်း၊ စိတ်ဆင်းရဲမှု ဒေါမနဿကို လည်းကောင်း ပယ်ဖျောက်နိုင်၏ဟု မိန့်တော်မူသည်။

## အမ္ဗပါလီ ဘုရားရှင်ထံ လာရောက်ဖူးမြော်ခြင်း

အမ္ဗပါလီ ပြည့်တန်ဆာမသည် ဘုရားရှင် မိမိ၏ သရက်ဉယျာဉ်၌ ကြွရောက်တော်မူလာကြောင်း ကြားသိလေလျှင် အခြံအရံနှင့်တကွ အကောင်းဆုံးယာဉ်တို့ကို စီးလျက် ဘုရားရှင် ထံမှောက် လာရောက်လေသည်။ ဘုရားရှင် ထံမှောက်သို့ ရောက်သောအခါ တရားတော်နာယူပြီးလျှင် နက်ဖြန်၌ ရဟန်းသံဃာများနှင့်တကွ ဆွမ်းဘုဉ်းပေးကြွတော်မူပါရန် ပင့်လျှောက်လေသည်။ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ဘုရားရှင် လက်ခံတော်မူကြောင်းကို သိ၍ မိမိအိမ်သို့ ပြန်လာစဉ် လစ္ဆဝီမင်းသားတို့သည်လည်း အကောင်းဆုံးယာဉ်ကို စီးလျက် ဘုရားရှင် ထံသို့ လာရောက်ကြရာဝယ် လမ်းခရီး၌ ဆုံမိကြသောအခါ

အမ္ဗပါလီသည် လစ္ဆဝီမင်းသားငယ်တို့၏ ရထားဝင်ရိုးကို မိမိ၏ ရထားဝင်ရိုးဖြင့် လည်းကောင်း၊ မင်းသားငယ်တို့၏ ရထားဘီးတို့ကို မိမိ၏ ရထားဘီးဖြင့် လည်းကောင်း၊ မင်းသားတို့၏ ထမ်းပိုးကို မိမိ၏ ထမ်းပိုးဖြင့် လည်းကောင်း တိုက်ခိုက်စေသည်။

ထိုအခါ လစ္ဆဝီမင်းတို့က "အမ္ဗပါလီ... အဘယ်ကြောင့် တိုက်ခိုက်စေဘိသနည်း" မေးမြန်းလေလျှင် "နက်ဖြန်အတွက် ရဟန်းသံဃာများနှင့် တကွ ဘုရားရှင်ကို ဆွမ်းစားပင့်ခဲ့ပြီ၊ သို့ဖြစ်၍ ဝမ်းသာလှသဖြင့် တိုက်ခိုက်စေသည်" ဟု ပြောဆို၏။ လစ္ဆဝီမင်းတို့က "ထို ဆွမ်းဒါနကို ငါတို့အား လွှဲပေးပါ၊ အသပြာတစ်သိန်း ပေးပါမည်" ဟု ပြောဆိုလေသည်။ "အရှင့်သားတို့က တိုင်းခရိုင်နှင့် တကွ ဝေသာလီ ပြည်ကြီးကို အကျွန်ုပ်အား ပေးအပ်စေကာမူ ထို ဆွမ်းအလှူကို မပေးနိုင်ပါ" ဟု ပြောဆိုလေလျှင် လစ္ဆဝီမင်းသားတို့သည် "ငါတို့ကို အမ္ဗပါလီက နိုင်သွားပြီ။ ငါတို့ကို အမ္ဗပါလီက နိုင်သွားပြီ" ဟု လက်ဖျားခါကြသည်။

## လစ္ဆဝီမင်း ဝတ်ဆင်ကြပုံ

လစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားထံ လာရောက်ရာ၌ အချို့သော လစ္ဆဝီမင်းတို့သည် အညိုရောင်နှံ့သာ လိမ်းကျံလျက် ညိုသော အဝတ်ကို ဝတ်ဆင်ကာ ညိုသော တန်ဆာကို ဆင်မြန်းထားကြသည်။

အချို့သော လစ္ဆဝီမင်းတို့သည် အဝါရောင်နှံ့သာ လိမ်းကျံလျက် ဝါသောအဝတ်ကို ဝတ်ဆင်ကာ ဝါသော တန်ဆာကို ဆင်မြန်းထားကြသည်။

အချို့သော လစ္ဆဝီမင်းတို့သည် အနီရောင်နှံ့သာ လိမ်းကျံလျက် နီသောအဝတ်ကို ဝတ်ဆင်ကာ နီသော တန်ဆာကို ဆင်မြန်းထားကြသည်။

အချို့သော လစ္ဆဝီမင်းတို့သည် အဖြူရောင်နှံ့သာ လိမ်းကျံလျက် ဖြူသောအဝတ်ကို ဝတ်ဆင်ကာ ဖြူသော တန်ဆာကို ဆင်မြန်း

ထားကြသည်။ ဤသို့ လှပတင့်တယ်စွာ ဖက်ရှင် ဝတ်ဆင်ထားကြသည့် လစ္ဆဝီမင်း ပရိသတ်ကို ညွှန်ပြ၍ "ရဟန်းတို့... တာဝတိံသာနတ်တို့ကို မမြင်ဘူးသော ရဟန်းတို့သည် ဤ လစ္ဆဝီမင်းပရိသတ်ကို ကြည့်ရှုကြကုန်လော့" ဟု မိန့်တော်မူသည်။

မှတ်ချက်။ ။ ဤသို့ လစ္ဆဝီမင်းပရိသတ်တို့ကို ကြည့်ရှုစေတော်မူရာ၌ ရည်ရွယ်တော်မူသည်မှာ– မကြာသော ကာလ၌ ဤ လစ္ဆဝီမင်းတို့သည် အဇာတသတ်မင်းနှင့် စစ်ဖြစ်၍ အများစုမှာ သေကျေပျက်စီးကြလိမ့်မည်။ ထိုအခါ သံဝေဂဖြစ်စေဖို့ရန် ရည်ရွယ်၍ မိန့်တော်မူသည်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၆။)

လစ္ဆဝီမင်းတို့သည်လည်း မြတ်စွာဘုရားထံ ရောက်သောအခါ တရားတော်ကို နာယူပြီးနောက် နက်ဖြန် သံဃာတော်များနှင့်တကွ ဆွမ်းဘုဥ်းပေး ကြွတော်မူပါရန် ပင့်လျှောက်ကြသည်။ ထိုအခါ ဘုရားရှင်သည် အမ္ဗပါလီ ပင့်လျှောက်ထားပြီး ဖြစ်ကြောင်း မိန့်တော်မူသည်။ ဘုရားရှင်၏ စကား ကြားရသောအခါ လစ္ဆဝီမင်းတို့သည် "ငါတို့ထက် အမ္ဗပါလီက သာသွားပြီ" ဟု လက်ဖျား ခါကြပြန်သည်။

အမ္ဗပါလီ ပြည့်တန်ဆာမသည် ထိုည၌ လွန်မြောက် နံနက်ရောက်သော ကာလ၌ ဘုရား အမှူးရှိသော သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းပြီးလျှင် မိမိပိုင် သရက်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းလေသည်။

## ဝေဠုဝရွာ၌ ဝါကပ်တော်မူခြင်း

ဘုရားရှင်သည် ဝေသာလီပြည်၊ အမ္ဗပါလီ၏ သရက်ဥယျာဉ်၌ ဝေနေယျသတ္တဝါတို့အား ဓမ္မအထွေထွေ ဟောပြတော်မူပြီးလျှင် ဝေဠုဝရွာသို့ ကြွတော်မူ၏။ ထို ဝေဠုဝရွာ၌ သံဃာအများ နေဖို့ရန် နေရာမရှိသဖြင့် ရဟန်းတော်များကို ဝေသာလီပြည်၏ ပတ်ဝန်းကျင်အသိအကျွမ်း ရှိရာအရပ်၌ ဝါကပ်ကြရန် မိန့်တော်မူပြီးလျှင် မိမိကိုယ်တိုင်ကမူ ဝေဠုဝရွာ၌ပင် ဝါကပ်တော်မူသည်။

## ပြင်းထန်သော ဝေဒနာဖြစ်တော်မူခြင်း

ဘုရားရှင်သည် ဝေဠုဝရွာ၌ ဝါကပ်တော်မူသောအခါ အလွန်ပြင်းထန်သော ရောဂါဝေဒနာ ဖြစ်လေသည်။ ထို ရောဂါဝေဒနာကို သတိသမ္ပဇဉ်ဉာဏ်ဖြင့် ယှဉ်၍ သည်းခံတော်မူသည်။ ထိုအခါ ဘုရားရှင်သည် “ငါသည် ဒကာ၊ ဒကာမတို့ကို အသိမပေးဘဲ ရဟန်းသံဃာတို့ကိုလည်း ခွင့်မပန်ဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မသင့်လျော်။ ထို့ကြောင့် ငါသည် ဤရောဂါကို ဝီရိယဖြင့် တွန်းလှန်၍ အသက် မသေအောင် ပြုစီမံနိုင်သော ဖလသမာပတ်ကို ဝင်စား၍ နေရပါမူ ကောင်းလေစွ” ဟု ကြံစည်၍ ရောဂါဝေဒနာကို ဝီရိယဖြင့် တွန်းလှန်ကာ အသက် မသေစေနိုင်သော ဖလသမာပတ်ကို ဝင်စား၍ နေတော်မူ၏။ ထိုအခါ ဘုရားရှင်၏ ဝေဒနာသည် ပျောက်ကင်းသွားလေသည်။ ရောဂါဝေဒနာ ပျောက်ကင်းသောအခါ ဘုရားရှင်သည် ကျောင်းတော်မှ ထွက်၍ ကျောင်းအရိပ်ဝယ် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။

## အရှင်အာနန္ဒာ လျှောက်ထားချက်

အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ “မြတ်စွာဘုရား... မြတ်စွာဘုရား၏ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပြီ။ သို့သော် တပည့်တော်၏ ခန္ဓာကိုယ်သည်ကား မြတ်စွာဘုရား မကျန်းမာတော်မူခြင်းကြောင့် လေးလံ တောင့်တင်းသကဲ့သို့ ဖြစ်နေပါသည်။ အရပ်မျက်နှာတို့သည်လည်း မကွဲပြားတော့ပါ။ သတိပဋ္ဌာန် စသော တရားတို့သည်လည်း စိတ်၌ မထင်မြင်တော့ပါ။ သို့သော်လည်း မြတ်စွာဘုရားသည် ရဟန်းသံဃာများနှင့် စပ်လျဉ်း၍ အရေးကြီးသော မှာထားချက်ကို မမြွက်တော်မူသေးသမျှ ပရိနိဗ္ဗာန် ပြုတော်မမူတန်ရာ ဟု အောက်မေ့မိသည့်အတွက် အနည်းငယ် သက်သာခွင့် ရရှိပါသည် ဘုရား” ဟု လျှောက်ထားလေသည်။

## ဘုရားရှင်၏ မိန့်မြွက်တော်မူချက်

ချစ်သား အာနန္ဒာ... ရဟန်းသံဃာများသည် ငါ့ထံမှ မည်သည့် လက်ကိုင်တရားကို တောင်းတ၍ နေပါသနည်း။ ငါသည် ဟောသင့်သော တရားအားလုံးကို မခြွင်းမချန် ဟောပြီးပြီ၊ "ဤ ရဟန်းသံဃာကို ငါသာလျှင် ထိန်းသိမ်း ဆောင်ရွက်မည်၊ ရဟန်းသံဃာများကလည်း ငါ့ကိုသာ အားကိုးရမည်" ဟု ရည်ရွယ်သူများသာလျှင် ဆရာ့လက်ကိုင်တရားကို ချန်ထားရာ၏။ ငါဘုရားသည် ဤသို့ ရည်ရွယ်ချက် မရှိ။ သို့ဖြစ်၍ ငါဘုရားသည် ရဟန်းသံဃာများနှင့် စပ်လျဉ်း၍ အရေးကြီးသော မှာထားချက်ကို အဘယ်မှာ မြွက်ဆိုဖွယ် ရှိပါတော့မည်နည်း။

ချစ်သား အာနန္ဒာ... ငါဘုရားသည် အိုမင်းလာပြီ၊ သက်တော် ရှစ်ဆယ် အရွယ်ရှိသဖြင့် နောက်ဆုံး ပစ္ဆိမအရွယ်သို့ ရောက်နေပြီ၊ လှည်းအိုသည် ဖွဲ့စည်း ချည်နှောင်ထားသဖြင့်သာ တည်တံ့နိုင်သကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း ဖလသမာပတ် တည်းဟူသော ကြိုးဖြင့် ဖွဲ့ချည်ထားသဖြင့်သာ တည်တံ့လျက် ရှိပေ၏။ ထို့ကြောင့် အာနန္ဒာ... သင်တို့သည် မိမိကိုယ်ကိုသာ အားကိုး၍ နေကြကုန်လော့၊ တရားကိုသာ အားကိုးအားထားပြု၍ နေကြကုန်လော့၊ ဤသို့ တရားကို အမှီပြုကာ နေကြမှသာလျှင် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်ကြပေလိမ့်မည် ဟု မိန့်တော်မူ၏။

## အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ဘုရားရှင်သည် ဝါကပ်တော်မူရာ ဝေဠုဝရွာမှ ဝါကျွတ်သော အခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။ ဘုရားရှင် ကြွလာတော်မူသောအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ပြုသင့်သော ဝတ်ကိုပြု၍ နေ့အခါဝယ် နေ့သန့်ရာ အရပ်၌ ဖလသမာပတ်ကို ဝင်စားတော်မူ၏။ ဖလသမာပတ်မှ ထသောအခါ "ဘုရားရှင်တို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကြကုန်သလော၊

အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကြကုန်သလော” ဟု ဆင်ခြင်တော်မူလတ်သော် “အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကြကုန်၏” ဟု သိတော်မူ၍ မိမိ၏ အသက်အပိုင်းအခြားကို ဆင်ခြင်သောအခါ ခုနစ်ရက်မျှသာ ရှိတော့သည်ကို သိရသဖြင့် ပရိနိဗ္ဗာန်ပြုရာ အရပ်ကို စဉ်းစားတော်မူသည်။

## မယ်တော်ကြီးကို သတိရခြင်း

ထိုသို့ စဉ်းစားတော်မူသောအခါ မယ်တော်ကြီးကို သတိရလေသည်။ အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးသည် ခုနစ်ယောက်သော သားတော်၊ သမီးတော်တို့ ရဟန္တာ၊ ရဟန္တာမများ ဖြစ်ကြသော်လည်း ဘုရား၊ တရား၊ သံဃာကိုမျှ မကြည်ညိုသေး။ ဗြဟ္မာကိုသာ ကိုးကွယ်ရာ ဟု အယူသီးလျက် ရှိနေသေး၏။ ထို့နောက် မယ်တော်ကြီးသည် ကျွတ်ထိုက် မကျွတ်ထိုက် ဆင်ခြင်သည်ရှိသော် သောတာပတ္တိမဂ်ဉာဏ်၏ အားကြီးသော မှီရာအကြောင်း ရှိနေသည်ကို သိမြင်တော်မူ၍ “မည်သူ၏ တရားဖြင့် တရားထူးရမည်နည်း” ဆင်ခြင်သောအခါ မိမိ၏ တရားဖြင့်ပင် တရားထူး ရမည်ကို သိမြင်သဖြင့် “မိမိ၏ မွေးဖွားရာ တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်ပြုမည်” ဟု ဆုံးဖြတ်တော်မူသည်။

## ဘုရားရှင်ထံ ခွင့်ပန်တော်မူခြင်း

ထို့နောက် ငါးရာသော ရဟန်းတော်များနှင့် အတူ ဘုရားရှင်ထံ ချဉ်းကပ်၍ “ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်ပြုတော်မူပါ ဘုရား” ဟု လျှောက်ထားလေသည်။ ဘုရားရှင်သည် “ပရိနိဗ္ဗာန်ပြုတော့” ဟု မိန့်တော်မူလျှင် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းရာရောက်၏။ “ပရိနိဗ္ဗာန် မပြုနှင့်” ဟု တားမြစ်တော်မူလျှင် သံသရာဝဋ်၏ ဂုဏ်ကို ပြောဆိုရာ ရောက်၏။ သို့ဖြစ်၍ မိစ္ဆာအယူ ရှိသူတို့ အပြစ်တင်ခြင်းမှ လွတ်မြောက်စေခြင်းငှာ ထိုစကားနှစ်ရပ်ကို မိန့်တော်မမူဘဲ “အဘယ်အရပ်၌ ပရနိဗ္ဗာန် ပြုမည်နည်း” ဟု မိန့်တော်မူသည်။ ထိုအခါ မဂဓတိုင်း၊

နာတိကရွာဝယ် မိမိ မွေးဖွားရာ တိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုပါမည့် အကြောင်းကို လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် အရှင်သာရိပုတ္တရာကို "ပရိနိဗ္ဗာန် ပြုချိန်ကို မိမိကိုယ်တိုင် ဆုံးဖြတ်ပါလော့။ သို့သော်လည်း သင်၏ နောင်တော်။ ညီတော် ရဟန်းတို့သည် သင်ကဲ့သို့သော ရဟန်းတော်ကို ဖူးမြင်ဖို့ရန် မလွယ်ကူတော့။ သို့ဖြစ်၍ ထို နောင်တော် ညီတော် ရဟန်းတော်တို့အား ဩဝါဒတရား ဟောကြားတော် မူခဲ့ပါဦးဟု မိန့်တော်မူသည်။

## တန်ခိုးပြ၍ နောက်ဆုံး ရှိခိုးခြင်း

အရှင်သာရိပုတ္တရာသည် ထန်းတစ်ဖျား ပမာဏရှိသော အရပ် တိုင်အောင် တန်ခိုးဖြင့် တက်ကြွတော်မူ၍ တစ်ဖန် ပြန်ဆင်းလာ ပြီးလျှင် ဘုရားရှင်ကို ရှိခိုးဦးတင်လေသည်။ ထို့နောက် ထန်း ခုနစ်ဆင့် ပမာဏအရပ်ဝယ် ကောင်းကင်၌ တည်လျက် တန်ခိုးအမျိုးမျိုး ပြ၍ တရားဟောတော်မူသည်။ ထို့နောက် ကောင်းကင်မှ ဆင်းသက်လျက် ဘုရားရှင်ကို ရှိခိုးပြီးလျှင် "တပည့်တော် သွားချိန်တန်ပါပြီ ဘုရား" ဟု လျှောက်ထားလေသည်။ ဘုရားရှင်သည် တရားပလ္လင်မှ ထတော် မူ၍ ဂန္ဓကုဋီကျောင်းတော်သို့ ရှေးရှုသွားပြီးလျှင် ပတ္တမြားပျဉ်ချပ်ပေါ်၌ ရပ်တော်မူသောအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား သုံးကြိမ် အရိုအသေပြုကာ ဦးချပြီးလျှင် "မြတ်စွာဘုရား ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်–အသင်္ချေ ထက်၌ အနောမဒဿီ ဘုရားရှင်၏ ခြေတော်ရင်း၌ ရှင်တော်မြတ်ဘုရား ကို ဖူးမြင်နိုင်ဖို့ရန် ဆုပန်ခဲ့ပါသည်။

ထိုဆုတောင်း ပြည့်၍ ရှင်တော်ဘုရားကို ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်ဝယ် ပရိဗိုဇ်အသွင်ဖြင့် လာရောက်စဉ်က ပထမဆုံးအကြိမ် ဖူးမြင်ခဲ့ရပါသည်။ ယခုအခါ ဖူးမြင်ရခြင်းကား နောက်ဆုံး ဖူးမြင်ရခြင်း ဖြစ်ပါသည် ဘုရား။ နောက်ထပ် ရှင်တော်မြတ်

ဘုရားကို ဖူးမြော်နိုင်ခွင့် မရှိတော့ပါ ဘုရား" ဟု လျှောက်ထား၍ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရား မြင်တော်မူလောက်ရာ အရပ် တိုင်အောင် နောက်ဆုတ်သွားပြီးလျှင် မမြင်လောက်ရာအရပ် အရောက် တွင် ဘုရားရှင်အား တစ်ဖန် ဦးချ၍ ဖဲကြွတော်မူသည်။ ထိုအချိန်ဝယ် ကြီးစွာသော မြေတုန်လှုပ်ခြင်းသည် ဖြစ်၏။

ဘုရားရှင်သည် ရဟန်းတော်တို့ကို "သင်တို့၏ နောင်တော်ကြီး ကို လိုက်ပို့ကြပါ" ဟု မိန့်တော်မူသဖြင့် ရဟန်းတော် အားလုံးတို့သည် အရှင်သာရိပုတ္တရာကို ဇေတဝန်ကျောင်းတော် တံခါးမုခ်အရောက် လိုက်ပို့ကြသည်။ ကျောင်းတံခါးမုခ် ရောက်သောအခါ အရှင်သာရိပုတ္တာ သည် လိုက်ပါ ပို့ဆောင်ကြသော ရဟန်းတော်တို့ကို "ငါ့ရှင်တို့... မမေ့မလျော့ နေရစ်ကြလော့" ဟု နောက်ဆုံးအနေ မိန့်မှာတော်မူ၍ မိမိ၏ ရဟန်းပရိသတ် ငါးရာနှင့်အတူ ဇေတဝန်ကျောင်းတော်ကြီးမှ နောက်ဆုံးအနေဖြင့် ဖဲခွာတော်မူလေသည်။

## လူအများ ငိုယိုကာ လိုက်ပို့ကြခြင်း

နောက်တော်မှ ငိုယိုကာ လိုက်ပါ ပို့ဆောင်ကြသော သာဝတ္ထိ မြို့သူ မြို့သား လူအများကိုလည်း "ဒကာ၊ ဒကာမအပေါင်းတို့... သင်္ခါရ သဘောတရားကား ဤသို့လျှင် ဖြစ်ခြင်း၊ ပျက်ခြင်း၊ ကွေကွင်းခြင်း သဘောရှိ၏။ တရားနှင့်ယှဉ်ကာ မမေ့မလျော့ နေရစ်ခဲ့ ကြပါတော့" ဟု မိန့်တော်မူကာ ပြန်လွှတ်လိုက်ပြီးလျှင် လမ်းခရီး အကြားဝယ် ခုနစ်ရက်ပတ်လုံး လူအများကို တရားဖြင့် ချီးမြှောက်တော် မူလျက် ခုနစ်ရက်မြောက် ညနေချမ်း အချိန်လောက်တွင် နာဠကရွာသို့ ရောက်တော်မူ၍ ရွာတံခါးပေါက် ပညောင်ပင်အောက်ဝယ် ရပ်တည် နေတော်မူစဉ် တူဖြစ်သူ ဥပရေဝတသည် ရွာပြင်သို့ ထွက်လာသော အခါ ဦးရီးတော် အရှင်သာရိပုတ္တရာကို ဖူးတွေ့ရသဖြင့် အနားကပ်ကာ ဦးချလေသည်။

## နေရာအပြင်ခိုင်းခြင်း

အရှင်သာရိပုတ္တရာသည် "မင့် အဘွား ရှိရဲ့လား" ဟု မေးတော်မူ၍ "မိမိ ရောက်လာကြောင်းနှင့် မိမိအတွက် မွေးဖွားရာတိုက်ခန်းမှာ နေရာပြင်၍ ရဟန်းတော် ငါးရာအတွက်ပါ နေရာပြင်ထားရန်" အပြောခိုင်းလိုက်သည်။ ဥပရေဝတသည် အရှင်သာရိပုတ္တရာ မှာကြားသည့်အတိုင်း မယ်တော်ကြီးကို ပြောကြားသောအခါ မယ်တော်ကြီးသည် "ငါ့သားကြီး ငယ်စဉ်အခါက ရဟန်းပြုပြီး ယခု ကြီးကာမှ လူထွက်ချင်လေရော့သလား" ဟု တွေးတောလျက် မွေးဖွားရာတိုက်ခန်းကို ရှင်းလင်းစေပြီး ရဟန်းတော်များအတွက် နေရာပြင်ပြီးသောအခါ အပင့်လွှတ်လိုက်လေသည်။

## ပရိနိဗ္ဗာန်ပြုခါနီး ရောဂါဝေဒနာ ဖြစ်ပုံ

အရှင်သာရိပုတ္တရာသည် ကြွလာတော်မူ၍ မိမိ မွေးဖွားရာတိုက်ခန်း၌ နေထိုင်၍ မကြာမီမှာပင် အရှင်သာရိပုတ္တရာအား ပြင်းထန်သော သွေးအန်ဝေဒနာ ဖြစ်တော်မူ၏။ တစ်ခွက်ဝင် တစ်ခွက်ထွက်ဖြင့် ခွက်တစ်ခွက် ယူပြီးလျှင် ခွက်တစ်ခွက်ဖြင့် ခံထားရ၏။ မယ်တော်ကြီးသည် သား၏ ဖြစ်ပုံကို မိမိ အခန်းတံခါးကို မှီကာ ရပ်၍ ကြည့်ရှုနေသည်။

## နတ်ဗြဟ္မာတို့ ရောက်လာခြင်း

ထိုစဉ်အခါဝယ် အရှင်သာရိပုတ္တရာအား နောက်ဆုံး ဖူးမြော်ခြင်းဖြင့် ဖူးမြော်ကုန်အံ့ဟု နှလုံးသွင်း၍ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် အရှင်သာရိပုတ္တရာထံ လာရောက် ဖူးမြော်ကြသည်။ နတ်မင်းကြီးလေးယောက် ပြန်သွားပြီးနောက် သိကြားမင်းလာရောက် ဖူးမြော်သည်။ ထို့နောက် ဗြဟ္မာမင်းကြီးတို့သည်လည်း လာရောက် ဖူးမြော်ကြသည်။

## မယ်တော်ကြီး လာရောက် မေးမြန်းခြင်း

ရူပသာရီ မည်သော မယ်တော် ပုဏ္ဏေးမကြီးသည် နတ်ပြဟ္မာတို့ ဝင်ထွက် သွားလာနေသည်ကို မြင်၍ အရှင်သာရိပုတ္တရာ နေသော တိုက်ခန်း တံခါးပေါက်သို့ လာရောက်ပြီးလျှင် သားတော်အငယ် စုန္ဒမထေရ်ကို "ချစ်သား စုန္ဒ... ဖြစ်ပုံဘယ်လိုလဲ" ဟု မေး၏။ အရှင်စုန္ဒ သည် မယ်တော်ကြီး လာရောက်ကြောင်း အရှင်သာရိပုတ္တရာအား လျှောက်ထားလေသည်။ မယ်တော်ကြီးသည် အရှင်သာရိပုတ္တရာ ထံသို့ ဝင်ရောက်ပြီးလျှင် "ချစ်သား... အရောင်တဝင်းဝင်းဖြင့် ပထမဆုံး လာရောက် ဖူးမြော်သူတွေက အဘယ်သူနည်း" မေးသောအခါ နတ်မင်းကြီး လေးယောက် ဖြစ်ကြောင်း ဖြေတော်မူ၏။

**မေး။** ချစ်သားက နတ်မင်းကြီး လေးယောက်ထက် မြတ်သလောဟု မေးသောအခါ မြတ်စွာဘုရားကို ကြည်ညိုစေလိုသဖြင့် မြတ်စွာဘုရား မြတ်ကြောင်း ဖြေတော်မူလိုသည် ဖြစ်၍-

**ဖြေ။** မယ်တော်ကြီး... ထို နတ်မင်းကြီး လေးယောက်တို့ သည် သားတို့၏ ဆရာ မြတ်စွာဘုရား ပဋိသန္ဓေ ယူသည်မှ စ၍ ဖွားမြင်တော်မူသည့် တိုင်အောင် သန်လျက်ထမ်းလျက် စောင့်ရှောက်ကြရပါသည်။ ထို့ကြောင့် နတ်မင်းကြီး လေးယောက်တို့သည် မြတ်စွာ ဘုရား၏ ကျောင်းစောင့် ကပ္ပိယမျှလောက်သာ ရှိပါ သည်။

**မေး။** သူတို့နောက် ရောက်လာသူ တစ်ယောက်ကား မည်သူနည်း။

**ဖြေ။** ထိုသူကား နတ်တို့သနင်း သိကြားမင်း ဖြစ်ပါသည်။

**မေး။** သင်ချစ်သားက သိကြားမင်းထက်ပင် မြတ်သေး သလား။

ဖြေ။ မယ်တော်ကြီး... သားတို့ဆရာ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူရာ အခါက သိကြားမင်းသည် မြတ်စွာဘုရား၏ သပိတ်၊ သင်္ကန်းကို ကိုင်၍ လိုက်ပါရသူ ဖြစ်ပါသည်။ သို့ဖြစ်၍ သိကြားမင်းသည် မြတ်စွာဘုရား၏ သပိတ်၊ သင်္ကန်းကို ယူရသော ရှင်သာမဏေမျှပင် ဖြစ်ပါသည်။

မေး။ သိကြားမင်း ပြန်သွားပြီးနောက် ကိုယ်ရောင်ကိုယ့်ဝါ အလွန် တောက်ပစွာဖြင့် လာရောက်သူကား အဘယ်သူနည်း။

ဖြေ။ မယ်တော်ကြီး... ထိုသူကား မယ်တော်ကြီးတို့ ကိုးကွယ်နေသည့် မဟာဗြဟ္မာမင်းကြီး ဖြစ်ပါသည်။

မေး။ သားတော်တို့က မယ်တော်တို့ ကိုးကွယ်ရာ မဟာဗြဟ္မာမင်းကြီးထက်ပင် မြင့်မြတ်သေးသလောဟု မေးမြန်း၏။

ဖြေ။ မယ်တော်ကြီး... သားတို့ဆရာ မြတ်စွာဘုရား ဖွားမြင်သောနေ့၌ ဤဗြဟ္မာကြီး လေးယောက်တို့သည် ဘုရားအလောင်းတော်ကို ရွှေဇာတဘက်ဖြင့် ခံယူကြရပါသည်ဟု ဖြေတော်မူ၏။

## မယ်တော်ကြီး သောတာပန်ဖြစ်ခြင်း

ထိုအခါ မယ်တော်ကြီးသည် ငါ၏ သားသည်ပင် နတ်ဗြဟ္မာတို့ လာရောက် ဖူးမြော်ရအောင် တန်ခိုး အာနုဘော် ကြီးမားလှ၏။ သားတို့ ဆရာ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်သည်ကား မည်မျှလောက်ကြီးကျယ်ပေလိမ့်မည်နည်းဟု ဆင်ခြင် စဉ်းစားနေစဉ် ကိုယ်လုံးအနှံ့ ပျံ့လျက် နှစ်သက် ဝမ်းမြောက်ခြင်း ပီတိသောမနဿ ဖြစ်ပွားလေသည်။ ထိုအခိုက်ဝယ် အရှင်သာရိပုတ္တာရသည် မယ်တော်ကြီးအား ဘုရားရှင်၏ ဂုဏ်တော်နှင့်စပ်သော တရားဒေသနာတော်ကို ဟောပြလေရာ ဒေသနာတော် အဆုံးဝယ် မယ်တော်ကြီးသည် သောတာပန် ဖြစ်လေသည်။

## ပရိနိဗ္ဗာန်ပြုတော်မူခြင်း

မယ်တော်ကြီးအား ပြန်လွှတ်လိုက်ပြီးနောက် စုန္ဒမထေရ်အား ရဟန်းတော်များကို စည်းဝေးစေသည်။ ရဟန်းတော်များ အစုံအညီ ရောက်ရှိသည့်အခါ "ငါ့ရှင်တို့... ၄၄ ဝါ ကာလပတ်လုံး ငါနှင့်အတူ သွားလာ နေထိုင်ကြသော ငါ့ရှင်တို့အား ငါ့အပေါ်၌ မနှစ်သက်ဖွယ် ကာယကံ၊ ဝစီကံများ ရှိလျှင် သည်းခံကြပါ" ဟု မိန့်တော်မူသည်။ ရဟန်းတော်များကလည်း "အရှင်ဘုရား... ၄၄ ဝါ ကာလပတ်လုံး အရှင်ဘုရား၏ နောက်မှ အရိပ်ပမာ လိုက်ပါကြသော တပည့်တော်များမှာ အရှင်ဘုရား၏ မနှစ်သက်ဖွယ် ကာယကံ၊ ဝစီကံ အမှုကို တစ်ခုမျှ မတွေ့ရပါ။ အရှင်ဘုရားကသာ တပည့်တော်များ၏ ပြစ်မှားမိသော ကာယကံ၊ ဝစီကံများ ရှိပါက ခွင့်လွှတ် သည်းခံတော်မူပါ ဘုရား" ဟု လျှောက်ထားကြသည်။ ထိုသို့ အချင်းချင်း တောင်းပန် လျှောက်ထားပြီးသောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် လက်ယာနံပါးဖြင့် လျောင်းတော်မူလျက် သမာပတ်ကို အဖန်ဖန် အခါခါ ဝင်စားပြီးလျှင် စတုတ္ထဈာန် ဝင်စားပြီးသော အဆုံး၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ထိုအခါ ဤ မဟာပထဝီမြေကြီးသည် ပဲ့တင် ဟည်းလျက် တုန်လှုပ်လေသည်။

## ဓာတ်တော် မွေတော်များ ဘုရားထံပို့ခြင်း

အရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို သာစုကီဠနသဘင် ဆင်ယင် ကျင်းပပြီးနောက် ညီတော် စုန္ဒမထေရ်သည် အရှင်သာရိပုတ္တရာ ၏ သပိတ်၊ သင်္ကန်းနှင့် ဓာတ်တော်တို့ကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူသည်။ ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ အရှင်အာနန္ဒာမထေရ်ကို ခေါ်၍ အရှင်အာနန္ဒာမထေရ်နှင့် အတူ မြတ်စွာဘုရားထံ ချဉ်းကပ် ပြီးလျှင် သပိတ်၊ သင်္ကန်းနှင့် ဓာတ်တော်များကို ဘုရားရှင် လက်တော်

ရောက် ဆက်ကပ်လေသည်။ ဘုရားရှင်သည် ခတ်တော်များကို လက်ဖဝါးတော်ပေါ် တင်ထား၍ ရဟန်းတို့အား အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးနှင့် စပ်သော တရားစကားကို မိန့်တော်မူပြီးလျှင် ခတ်တော်တို့ကို ထည့်သွင်း၍ စေတီတည်ထား ကိုးကွယ်စေသည်။ (ဒီ၊ ဠ၊ ၂။ ၁၃၉- ၁၄၄။)

## ရာဇဂြိုဟ်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဝေနေယျသတ္တဝါတို့ကို ချေချွတ် ဆုံးမတော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

## အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရောက်တော်မူပြီးနောက် မကြာမီ အချိန်မှာပင် တိတ္ထိတို့သည် အရှင်မောဂ္ဂလာန် ရှိသောကြောင့် ဘုရားရှင်၌ လာဘသက္ကာရ ပေါများသည်။ ငါတို့မှာ လာဘသက္ကာရ ဆုတ်ယုတ်သည်ဟု တိုင်ပင် ဆွေးနွေးကြပြီးလျှင် ခိုးသားခားပြတို့အား ငွေတစ်ထောင် ပေး၍ အရှင်မောဂ္ဂလာန်ကို အသတ်ခိုင်းကြသည်။ ခိုးသားခားပြတို့သည် 'ကာဠသိလာ' မည်သော တော၌ သီတင်းသုံးနေတော်မူသော အရှင်မောဂ္ဂလာန်ကို သတ်ရန် ဝိုင်းရံကြလေသော် မထေရ်သည် သံကောက်ပေါက်မှ ထွက်၍ ရှောင်သွားတော်မူသည်။

ဒုတိယအကြိမ် သတ်ဖို့ရန် လာကြသောအခါ မထေရ်သည် ကျောင်း၏ အထွတ်ဝန်းကို ဖောက်၍ ကောင်းကင်သို့ ပျံကြွတော်မူသည်။ တတိယအကြိမ်၌မူ မထေရ်သည် "မိမိ၏ မကောင်းမှုကံ စီမံ ဖန်တီးလာပြီ" ဟု သိတော်မူ၍ ရှောင်ထွက်တော် မမူပေ။ ထိုအခါ ခိုးသားခားပြတို့သည် မထေရ်မြတ်ကို ဖမ်းဆီး၍ ဆန်ကျိုးလောက်မျှ အရိုးတွေ ကြေမွအောင် ရိုက်နှက် နှိပ်စက်လျက် ထွက်သွားကြသည်။

## ဘုရားရှင်ထံ ကြွသွားခြင်း

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် "ဘုရားရှင်ကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန်ပြုမည်" ဟု ကြံစည်၍ ကြေမွနေသော မိမိ၏ ခန္ဓာကိုယ်ကို ဈာန် တည်းဟူသော ကြိုးဖြင့် ရစ်ပတ် ချည်နှောင် ခိုင်မာအောင်ပြုပြီးလျှင် ကောင်းကင်ခရီးဖြင့် ဘုရားရှင် အထံတော်သို့ လာရောက်ပြီးလျှင် ရှိခိုးဦးတင်၍ 'ကာဠသိလာ' မည်သော တောသို့ ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း လျှောက်ထားလေသည်။

## တန်ခိုးပြ၍ ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ချစ်သား မောဂ္ဂလာန်... ငါဘုရား အထံတော်၌ ရဟန်းတော်များအား တရားဟောခဲ့ပါဦး။ ငါဘုရားသည် သင်ကဲ့သို့သော သာဝကကို နောက်ထပ် တွေ့နိုင်တော့မည် မဟုတ်ပါ" မိန့်တော်မူသောအခါ အရှင်မောဂ္ဂလာန်သည် ဘုရားရှင်ကို ဦးတင်၍ ကောင်းကင်သို့ တက်ပြီးလျှင် တန်ခိုးအမျိုးမျိုး ပြလျက် ရဟန်းတော်တို့ကို တရားဟောပြတော်မူသည်။ ထို့နောက် ကောင်းကင်မှ ဆင်းသက်၍ ဘုရားရှင်ကို ဦးတင်ပြီးလျှင် ကာဠသိလာ တောအုပ်သို့ ကြွ၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။ ဘုရားရှင်သည် အရှင်မောဂ္ဂလာန် မထေရ်မြတ်၏ ဓာတ်တော်တို့ကို ယူ၍ စေတီ တည်ထား ကိုးကွယ်စေသည်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၄၁-၃။)

အမှာ- အဇာတသတ်မင်းသည် အရှင်မောဂ္ဂလာန်ကို သတ်သော ခိုးသားဓားပြတို့ကို လည်းကောင်း၊ အသတ်ခိုင်းသော တိတ္ထိတို့ကို လည်းကောင်း စုံစမ်းထောက်လှမ်း ဖမ်းဆီးပြီးလျှင် အပြစ်ဒဏ် ပေးလေသည်။

## ဥက္ကာစေလာမြို့သို့ ကြွတော်မူခြင်း

အရှင်သာရိပုတ္တရာသည် ၁၄၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။ အရှင်မောဂ္ဂလာန်သည်

တန်ဆောင်မုန်း လကွယ်နေ့၌ ပရိနိဗ္ဗာန် ပြုတော်မူသည်။ (ဇာ၊ ဋ္ဌ၊ ၁၊ ၄၁၅။) မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် များစွာသော ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ဥက္ကစေလာမြို့သို့ ရောက်တော်မူ၍ ဥက္ကစေလာမြို့ အနီး ဂင်္ဂါမြစ်ကမ်း ဘေးဝယ် ငွေပြားအဆင်းနှင့် တူသော သဲသောင်ပြင်၌ သီတင်းသုံး နေတော်မူ၏။

## ဥက္ကစေလသုတ်ကို ဟောတော်မူခြင်း

ထိုအချိန်အခါ၌ ဘုရားရှင်သည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် လွင်တီးခေါင်၌ ထိုင်နေတော်မူလျက် ရဟန်းတော်တို့အား "ရဟန်းတို့... သာရိပုတ္တရာ၊ မောဂ္ဂလာန် ပရိနိဗ္ဗာန် ပြုပြီးလတ်သော် ငါဘုရား၏ ပရိသတ်သည် သုညကဲ့သို့ ထင်ရ၏။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ နေထိုင်ကြသော အရပ်၌ ငါဘုရားသည် ရှုငဲ့စရာ မလို စိတ်ချရသည်။ ရဟန်းတို့... အတိတ်ကာလက ပွင့်တော်မူကြသော ဘုရားရှင်တို့၏ အဂ္ဂသာဝကအစုံသည် ယခုအခါ ငါဘုရား၏ အဂ္ဂသာဝကအစုံတို့နှင့် အလားတူဖြစ်ကြ၏။ နောင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ အဂ္ဂသာဝကအစုံသည်လည်း ငါဘုရား၏ အဂ္ဂသာဝကများ ဖြစ်ကြသော သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့နှင့် အလားတူပင် ဖြစ်ကြပေလိမ့်မည်။

ရဟန်းတို့... ငါဘုရား၏ အဂ္ဂသာဝကအစုံသည် တော်လှပါပေစွ၊ ငါဘုရား၏ အဆုံးအမကို လိုက်နာကြကုန်၏။ ပရိသတ်လေးပါးတို့သည် ချစ်ခင်လေးစား မြတ်နိုးကြကုန်၏။ ရဟန်းတို့... ဤမျှလောက် ကြီးကျယ် မြင့်မြတ်သော အဂ္ဂသာဝကအစုံ ပရိနိဗ္ဗာန် ပြုပါသော်လည်း ငါဘုရားသည် သောက ပရိဒေဝ မဖြစ်ပေ။ ပျက်စီးခြင်း သဘောရှိသော အရာကို မပျက်စီးပါစေလင့်ဟု အဘယ်မှာ တောင့်တ၍ ရနိုင်မည်နည်း။

ရဟန်းတို့... အနှစ်ရှိသော ကြီးစွာသော သစ်ပင်ကြီး တည်ရှိနေစဉ် အကြီးဆုံး အကိုင်းကြီးနှစ်ကိုင်း ကျိုးပျက်ရာသကဲ့သို့ ဤအတူပင်

အကြီးဆုံး သစ်ကိုင်းကြီး နှစ်ကိုင်းနှင့် တူသော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်ပြုကြလေပြီ။ ဖြစ်ခြင်း သဘောရှိသော အရာ မှန်သမျှ ပျက်စီးရမည်သာတည်း။ ထို့ကြောင့် သင်တို့သည် ကိုယ့်ကိုယ်ကိုယ်သာ အားကိုး၍ နေကြကုန်လော့၊ တရားကိုသာ အားထားပြု၍ နေကြကုန်လော့၊ လုံ့လကြိုးကုတ် အားထုတ်ကြကုန်လျက် သတိသမ္ပဇဉ် အမြဲယှဉ်ကာ နေကြသည်ရှိသော် လိုချင်မှု 'အဘိဇ္ဈာ'၊ စိတ်မချမ်းသာမှု 'ဒေါမနဿ' တရားတို့ကို ပယ်ဖျောက်နိုင်ကြလိမ့်မည် ဟု ဟောတော်မူသည်။ (သံ၊ ၃၊ ၁၄၁။ သံ၊ ၄၊ ၃၊ ၂၅၇။)

## ပရိနိဗ္ဗာန်မပြုဘဲ နေနိုင်ကြောင်းကို အရိပ်အမြွက်မျှ မိန့်တော်မူခြင်း

ဘုရားရှင်သည် ဥက္ကစေလမြို့မှ ဝေသာလီပြည်သို့ ကြွတော်မူ၍ ဆွမ်းခံဝင်တော်မူသည်။ ဆွမ်းခံ ဝင်တော်မူပြီး၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် အရှင်အာနန္ဒာကို ခေါ်ကာ နေ့အခါ၌ နေခြင်းငှာ စာပါလစေတီသို့ ကြွတော်မူသည်။ ထို စာပါလစေတီ၌ ဘုရားရှင်သည် အရှင်အာနန္ဒာကို "အာနန္ဒာ... ငါဘုရား ဖြစ်စေ၊ အခြားသူဖြစ်စေ မည်သူမဆို ဆိန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် ဟူသော တန်ခိုး၏ အခြေခံဖြစ်သော ဤ ဣဒ္ဓိပါဒ်တရား လေးပါးကို ပွားများထားသောသူသည် အာယုကပ် (အနှစ်တစ်ရာ) ပတ်လုံး သော်လည်းကောင်း၊ အာယုကပ်ထက် အနည်းငယ် ပိုလွန်၍ သော်လည်းကောင်း နေလိုလျှင် နေနိုင်၏။ အာနန္ဒာ... ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို ကောင်းစွာ ပွားများထားပြီး ဖြစ်၏။ သို့ဖြစ်၍ ငါဘုရားသည် အာယုကပ်ပတ်လုံး သော်လည်းကောင်း၊ အာယုကပ်ထက် အနည်းငယ် ပိုလွန်၍ သော်လည်းကောင်း ပရိနိဗ္ဗာန် မပြုဘဲ နေလိုလျှင် နေနိုင်၏ ဟု သုံးကြိမ်တိုင်တိုင် အရိပ်အမြွက်စကား မိန့်ကြားတော်မူသည်။

သို့သော်လည်း အရှင်အာနန္ဒာသည် မာရ်နတ် နှောင့်ယှက်ထားသောကြောင့် သဘောပေါက် နားလည်ခြင်းငှာ မစွမ်းနိုင်။ "မြတ်စွာ

ဘုရား... သတ္တဝါတို့၏ အကျိုးစီးပွား အလို့ငှာ အာယုကပ်ပတ်လုံး နေတော်မူပါ” ဟု မတောင်းပန်နိုင်။ ထို့နောက် အရှင်အာနန္ဒာသည် ဘုရားထံမှ ဖဲခွာ၍ မနီးမဝေးသော သစ်ပင် တစ်ပင်အောက်၌ ထိုင်နေ လေသည်။

## ပရိနိဗ္ဗာန်ပြုရန် မာရ်နတ် တောင်းပန်ခြင်း

ထိုအခါ မာရ်နတ်သည် တစ်ပါးတည်း သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားကို “မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပါ။ ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ” ဟု လျှောက်ထားလေသည်။ “မြတ်စွာဘုရား... အရှင်ဘုရားသည် ဘုရား ဖြစ်ပြီးနောက် ရှစ်သတ္တာဟမြောက် အဇပါလ ညောင်ပင်အောက်ဝယ် သီတင်းသုံးနေတော် မူစဉ်အခါက မာရ်နတ်– ငါဘုရား၏ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ် ဤပရိသတ် လေးပါးတို့သည် ငါဘုရား၏ တရားတော်ကို ပိုင်ပိုင်နိုင်နိုင် မဆောင်ရွက်နိုင်သေးသမျှ၊ သူတစ်ပါးကို မဟောပြောနိုင်သေးသမျှ ဆန့်ကျင်ဘက် ပြောသူတို့ကို အကြောင်းမှန်ဖြင့် မနှိမ်နင်းနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မပြုသေး” ဟု မိန့်တော်မူဖူးပါသည်။

ယခုအခါ အရှင်ဘုရား၏ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ် ဤ ပရိသတ်လေးပါးတို့သည် အရှင်ဘုရား၏ တရားတော်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက် မှတ်သား၍ သူတစ်ပါးတို့အား ဟောပြောနိုင်ကြပါပြီ။ ဆန့်ကျင်ဘက် ပြောဆိုသူတို့ကို အကြောင်းမှန် ဖြင့် နှိမ်နင်း ပြောဆိုနိုင်ကြပါပြီ။ ထို့ကြောင့် ယခုအခါ ပရိနိဗ္ဗာန်ပြုချိန် တန်ပါပြီ၊ ပရိနိဗ္ဗာန် ပြုတော်မူပါ” ဟု တောင်းပန် လျှောက်ထားလေသည်။

## အာယုသင်္ခါရ လွှတ်တော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်သားကို “မာရ်နတ်... ငါဘုရား ပရိနိဗ္ဗာန်ပြုဖို့အရေး သင် ကြောင့်ကြစိုက်၍ အားမထုတ်လေ

နှင့်။ ငါသည် ယနေ့မှစ၍ သုံးလလွန်မြောက် အချိန်ရောက်သော အခါ၌ ပရိနိဗ္ဗာန် ပြုလိမ့်မည်” ဟု မိန့်တော်မူပြီးလျှင် စာပါလစေတီ၌ပင် သတိသမ္ပဇဉ် အမြဲယှဉ်လျက် အသက်ရှည်ရန် ဖလသမာပတ် ဝင်စားမှု ‘အာယုသင်္ခါရ’ ကို စွန့်လွှတ်တော်မူသည်။ ထိုအခါ ကြောက်မက်ဖွယ် ကောင်းသော မြေငလျင် တုန်လှုပ်လေသည်။ နတ်စည်တို့သည်လည်း အလိုလို မြည်ဟည်းကြသည်။ အခါမဟုတ်ဘဲ မိုးရွာသွန်း၍ မိုးသံ ခြိမ့်ခြိမ့် မြည်ဟည်းလျက် လျှစ်စစ်နွယ်တို့သည် ပျံသန်း လင်းလက် ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် အောက်ပါဂါထာဖြင့် ဥဒါန်းကျူးရင့် တော်မူသည်။

တုလမတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရမဝဿဇိ မုနိ၊
အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ ကဝစမိဝတ္တသမ္ဘာဝံ။

## မြန်မာပြန်

မြတ်စွာဘုရားသည် အတုမဲ့ ‘နိဗ္ဗာန်’ နှင့် အဖန်ဖန်ဖြစ်မှု ‘ဘဝ’ ကို ဉာဏ်ဖြင့် နှိုင်းချိန်တော်မူလျက် ‘ဘဝ’ ဖြစ်ရန် ပြုစီမံတတ်သော ‘ကံ’ ကို အရဟတ္တမဂ်ဉာဏ်ဖြင့် စွန့်ပယ်တော်မူခဲ့လေပြီ။ စစ်သူရဲကောင်း သည် စစ်ဝတ်တန်ဆာကို ဆုတ်ဖျက်သကဲ့သို့ ထိုအတူ မြတ်စွာဘုရား သည် မိမိသန္တာန်၌ မွေ့လျော်ကာ ကောင်းစွာ တည်ကြည်သော သမာဓိ ရှိတော်မူသည် ဖြစ်၍ မိမိ သန္တာန်၌ရှိသော ကိလေသာကွန်ရက်ကို ဖျက်ဆီးတော်မူပြီ။

## အရှင်အာနန္ဒာ လျှောက်ထား တောင်းပန်ခြင်း

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား အထံတော်သို့ ကြွလာ၍ “မြတ်စွာဘုရား... ပြင်းထန်စွာ မြေတုန်လှုပ်ခြင်း၊ နတ်စည်တို့ တခြိမ့်ခြိမ့် မြည်ဟည်းသံ ကြားရခြင်းတို့သည် ထူးဆန်းလှပါပေ၏။ အကြောင်း အသို့ပါနည်း ဘုရား ဟု လျှောက်ထားလေသည်။

အာနန္ဒာ... ငါဘုရားသည် စာပါလစေတီ၌ နေစဉ် အာယုသင်္ခါရကို လွှတ်တော်မူအပ်ပြီ ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာသည် "မြတ်စွာဘုရား... များစွာသော လူအပေါင်းတို့၏ အကျိုးစီးပွား အလို့ငှာ၊ နတ်လူတို့၏ ချမ်းသာခြင်း အကျိုးငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ ဘုရား" ဟု သုံးကြိမ်သုံးခါ လျှောက်ထား တောင်းပန် လေသည်။

## ဘုရားရှင် ပယ်မြစ်တော်မူခြင်း

ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာကို "အာနန္ဒာ... မတောင်းပန်နှင့်တော့၊ ယခုအခါ တောင်းပန်ရန် အချိန်အခါ မဟုတ်တော့။ သင်သည် ငါဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်သည် မဟုတ်ပါလော။ ယုံကြည်ပါသည် ဘုရား။ ထိုသို့ ယုံကြည်ပါလျက် အဘယ်ကြောင့် သုံးကြိမ်တိုင်အောင် တောင်းပန်ရသနည်း" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား... ဣဒ္ဓိပါဒ်တရား လေးပါးကို ပွားများထားသော သူသည် အာယုကပ် (အနှစ်တစ်ရာ) ပတ်လုံး သော်လည်းကောင်း၊ အာယုကပ်ထက် အနည်းငယ် ပိုလွန်၍ သော်လည်းကောင်း နေလိုလျှင် နေနိုင်၏။ ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို ကောင်းစွာ ပွားများ ထားပြီး ဖြစ်၏။ သို့ဖြစ်၍ ငါဘုရားသည် အလိုရှိလျှင် အာယုကပ်ပတ်လုံး သော်လည်းကောင်း၊ အာယုကပ်ထက် အနည်းငယ်မျှ အလွန် သော်လည်းကောင်း နေနိုင်၏ ဟု အရှင်ဘုရားထံမှ ကြားနာဖူးသော ကြောင့် ဤသို့ တောင်းပန် လျှောက်ထားရပါသည် ဘုရားဟု လျှောက် ထားလေသည်။

အာနန္ဒာ... သင့်ကို "ငါဘုရားသည် အာယုကပ်ပတ်လုံး တည်နိုင်၏" ဟု ထင်ရှားသော အရိပ်နိမိတ်စကားကို ပြောကြားပါလျက် သင်သည် 'အာယုကပ်ပတ်လုံး တည်တော်မူပါ ဘုရား' ဟု ငါဘုရားကို မတောင်းပန် မလျှောက်ထားခဲ့။ အကယ်၍ ထိုအခါက သင် တောင်းပန် ခဲ့လျှင် ငါဘုရားသည် နှစ်ကြိမ်သာ ငြင်းပယ်၍ သုံးကြိမ်မြောက်မှ

လက်ခံရာ၏။ ထိုအချိန်အခါက မတောင်းပန်ခြင်းသည် သင်၏အပြစ်၊ သင်၏ ချွတ်ယွင်းချက်သာ ဖြစ်၏” ဟု မိန့်တော်မူသည်။

ထို့နောက် ဘုရားရှင်သည် အရှင်အာနန္ဒာကို “အာနန္ဒာ... ရှေးမဆွကပင် ချစ်အပ် မြတ်နိုးအပ်သူ အားလုံးတို့နှင့် တစ်နေ့ ရှင်ကွဲဖြစ်စေ၊ သေကွဲဖြစ်စေ ကွဲကွာကြရလိမ့်မည် ဟု ဟောကြားခဲ့သည် မဟုတ်ပါလော။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိကုန်သော အရာမှန်သမျှ မပျက်ပါစေလင့် ဟု မျှော်လင့် တောင့်တချက်သည် အဘယ်မှာ ရနိုင်ပါအံ့နည်း။ ငါဘုရားသည် အသက်ရှည်ရန် ဖလသမာပတ် ဝင်စားမှု ‘အာယုသင်္ခါရ’ ကို စွန့်လွှတ်ပြီးပြီ။ ဤနေ့မှ သုံးလလွန်မြောက် အချိန်ရောက်သောအခါ၌ ငါဘုရားသည် ပရိနိဗ္ဗာန် ပြုလိမ့်မည် ဟု တိကျမှန်ကန်သော စကားကို မာရ်နတ်အား မိန့်ကြားပြီးပြီ။ ငါဘုရားသည် အသက်ရှည်စေလိုသော အကြောင်းကြောင့် ငါ၏ စကား၊ ငါ၏ စွန့်လွှတ်မှုကို အဘယ်မှာ ပြန်လည် ရုပ်သိမ်းနိုင်တော့မည်နည်း။ အာနန္ဒာ... မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတော်သို့ သွားကြကုန်စို့” ဟု မိန့်တော်မူလျက် ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရသာလာ ကျောင်းတော်သို့ ကြွသွားတော်မူသည်။

## သံဃာတော်များအား ဆုံးမစကား မိန့်ကြားတော်မူခြင်း

ဘုရားရှင်သည် ဝေသာလီပြည်၊ ကူဋာဂါရသာလာ ကျောင်းတော်သို့ ရောက်သောအခါ ဝေသာလီပြည်၌ နေကြကုန်သော ရဟန်းတော်အားလုံးကို စုရုံးစေပြီးလျှင် ရဟန်းတော်များ စည်းဝေးရာ ဓမ္မာရုံဝယ် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတော်တို့အား “ရဟန်းတို့... ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍ ဟောတော်မူအပ်သော တရားတော်တို့ကို သင်တို့သည် ကောင်းစွာ သင်ယူ၍ အဖန်ဖန် လေ့လာအပ်ကုန်ရာ၏၊ ပွားများအပ်ကုန်ရာ၏။ ယင်းသို့ လေ့လာ ပွားများသည်ရှိသော် ဤသာသနာတော်သည် အရှည်ခန့်လျက် ကြာမြင့်စွာ တည်တံ့ရာ၏။ ထိုသို့ သာသနာတော် ကြာမြင့်စွာ

တည်တံ့ခြင်းသည် နတ်လူအများ၏ စီးပွားချမ်းသာ အလို့ငှာ ဖြစ်၏။ လောကကို စောင့်ရှောက်ရန် အလို့ငှာ ဖြစ်၏။

အဘယ်တရားတို့နည်းဟူမူ- သတိပဋ္ဌာန်တရား လေးပါး၊ သမ္မပ္ပဓာန်တရား လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဤတရားတို့တည်း။

ရဟန်းတို့... ရုပ်နာမ်နှစ်ဝ သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘောရှိကုန်၏။ မမေ့မလျော့သော သတိတရားဖြင့် မိမိ၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ပြီးစီးအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကုန်ကြလော့။ ငါဘုရားသည် ဤနေ့မှ သုံးလ လွန်မြောက် အချိန်ရောက်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူပေလိမ့်မည်" ဟု မိန့်တော်မူပြီးလျှင် အောက်ပါဂါထာတို့ကို ဟောတော်မူသည်။

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ၊
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။
အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ၊
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ၊
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

## မြန်မာပြန်

ရဟန်းတို့... ငါဘုရား၏ အရွယ်တော်သည် ရင့်ရော်လှပေပြီ။ ငါဘုရား၏ အသက်သည် အနည်းငယ်သာ ကျန်တော့၏။ သင်တို့ကို စွန့်ခွာ၍ သွားရတော့မည်။ ငါဘုရားသည် မိမိ၏ ကိုးကွယ်ရာကို ပြုပြီးပြီ။

ရဟန်းတို့... မမေ့မလျော့သော သတိ အမြဲတမ်းရှိလျက် စင်ကြယ်သော သီလနှင့် ပြည့်စုံအောင် နေကြကုန်လော့၊ ကောင်းသော သမာဓိ၊ ကောင်းသော ကြံစည်ခြင်းရှိလျက် မိမိတို့၏ စိတ်ကို စောင့်ရှောက်ကြကုန်လော့။

ရဟန်းတို့... ဤသာသနာတော်၌ မမေ့မလျော့ နေသော သူသည် အဖန်ဖန်ဖြစ်၍ အဖန်ဖန်ပျက်ရာ 'ဘဝသံသရာ' ကို ပယ်စွန့်၍ ဒုက္ခဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေလိမ့်မည် ဟု မိန့်တော်မူပြန်သည်။

## ဝေသာလီပြည်ကို နောက်ဆုံး ကြည့်တော်မူခြင်း

မြတ်စွာဘုရားသည် နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်သောအခါ ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဝေသာလီပြည်မှ ထွက်တော်မူကာ မြို့တံခါးပေါက်၌ ရပ်တော်မူလျက် ဝေသာလီပြည်ကို ဆင်ပြောင်ကြီး ကဲ့သို့ ကိုယ်ပါ ပြန်လှည့်လျက် ကြည့်တော်မူပြီးလျှင် "အာနန္ဒာ... ယခု ဝေသာလီပြည်ကို ငါဘုရား ကြည့်တော်မူခြင်းသည် နောက်ဆုံး ကြည့်ခြင်းပေတည်း" ဟု မိန့်တော်မူသည်။ ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်မှ ဘဏ္ဍုရွာသို့ ရဟန်းသံဃာများနှင့် အတူ ကြွသွားတော်မူ၍ ဘဏ္ဍုရွာ၌ သီတင်းသုံးနေတော်မူသည်။

ဘဏ္ဍုရွာ၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့အား "ရဟန်းတို့... လေးပါးသော တရားတို့ကို မဂ် အားလျော်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ရှည်လျားလှစွာသော သံသရာခရီးကို ငါဘုရားသည် လည်းကောင်း၊ သင်တို့သည် လည်းကောင်း ကျင်လည် ပြေးသွားခဲ့ရလေပြီ။ အဘယ်လေးပါးတို့နည်းဟူမူ–

ရဟန်းတို့... အရိယာအဖြစ်ကို ပြုတတ်သော သီလကို မဂ် အားလျော်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ရှည်လျားလှစွာသော သံသရာခရီးကို ငါဘုရားသည် လည်းကောင်း၊ သင်တို့သည် လည်းကောင်း ကျင်လည် ပြေးသွားခဲ့ရလေပြီ။

ရဟန်းတို့... အရိယာအဖြစ်ကို ပြုတတ်သော သမာဓိကို မဂ် အားလျော်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍

မသိခြင်းကြောင့် ရှည်လျားလှစွာသော သံသရာခရီးကို ငါဘုရားသည် လည်းကောင်း၊ သင်တို့သည် လည်းကောင်း ကျင်လည် ပြေးသွားခဲ့ရလေပြီ။

ရဟန်းတို့... အရိယာအဖြစ်ကို ပြုတတ်သော ပညာကို မဂ်အားလျော်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ရှည်လျားလှစွာသော သံသရာခရီးကို ငါဘုရားသည် လည်းကောင်း ကျင်လည် ပြေးသွားခဲ့ရပေပြီ။

ရဟန်းတို့... အရိယာအဖြစ်ကို ပြုတတ်သော လွတ်မြောက်မှု အရဟတ္တဖိုလ်ကို မဂ်အားလျော်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ရှည်လျားလှစွာသော သံသရာခရီးကို ငါဘုရားသည် လည်းကောင်း၊ သင်တို့သည် လည်းကောင်း ကျင်လည် ပြေးသွားခဲ့ရလေပြီ။

ရဟန်းတို့... ငါဘုရားသည် ထို အရိယသီလ၊ အရိယသမာဓိ၊ အရိယပညာ၊ အရိယဝိမုတ္တိတို့ကို မဂ်အားလျော်သော ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝ၌ တပ်မက်တတ်သော ဘဝတဏှာကို အကြွင်းမဲ့ ပယ်ပြီးပြီ။ ဘဝသစ်ကို ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာကို ဖြတ်ပြီးပြီ။ ယခုအခါ ငါဘုရားသည် တစ်ဖန်ဘဝသစ်၌ မဖြစ်ဝေ့ာပြီ ဟု မိန့်တော်မူသည်။

## မဟာပဒေသ လေးပါးကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ဘဏ္ဍုရွာ၌ ဝေနေယျတို့အား တရားဓမ္မ ဟောပြပြီးနောက် ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာတို့သို့ အစဉ်အတိုင်း ကြွတော်မူ၍ နောက်ဆုံး ဘောဂမြို့သို့ ရောက်တော်မူသောအခါ ဘောဂမြို့ အနီး အာနန္ဒာစေတီ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား မဟာပဒေသ လေးပါးကို ဟောကြားတော်မူသည်။

ရဟန်းတို့... ဤသာသနာတော်၌ ရဟန်းတစ်ပါးသည် "ဤ တရားကို မြတ်စွာဘုရား အထံတော်မှ နာယူ မှတ်သားခဲ့၏။ ဤ

တရားတော်သည် တရားအစစ် ဝိနည်းအစစ် ဘုရား အဆုံးအမတော် အစစ် ဖြစ်ပါသည်ဟု ပြောဆိုအံ့၊ ထိုရဟန်း၏ စကားကို လက်ခံခြင်း၊ ပယ်မြစ်ခြင်း မပြုသေးဘဲ ကောင်းစွာ မှတ်သား၍ သုတ္တန်ပါဠိတော်၌ သွင်းချအပ်၏။ ယင်းသို့ သုတ္တန်ပါဠိတော်၌ သွင်းချအပ်သော် သုတ္တန် ပါဠိတော်၌ မပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော် ဝိနည်း ပါဠိတော်၌ မတွေ့မြင်အံ့၊ ထိုစကားကို မြတ်စွာဘုရား၏ စကားတော် မဟုတ်ဟု ဆုံးဖြတ်၍ ထိုစကားကို ပယ်စွန့်ကြလော့၊ အကယ်၍ သုတ္တန် ပါဠိတော်၌ သွင်းချအပ်သော် သုတ္တန်ပါဠိတော်၌ ပါဝင်အံ့။ ဝိနည်း ပါဠိတော်၌ ကြည့်ရှုအပ်သော် ဝိနည်းပါဠိတော်၌ တွေ့မြင်အံ့၊ ထိုသို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော် အစစ် တည်း" ဟု ဆုံးဖြတ်ကြလော့၊ ဤကား ပထမ မဟာပဒေသတည်း။

ရဟန်းတို့... ဤသာသနာတော်၌ ရဟန်းတစ်ပါးသည် ဤမည်သော ကျောင်းတိုက်၌ အကြီးအမှူး မထေရ်ကြီးနှင့် သံဃာတော် များ သီတင်းသုံးနေကြ၏။ တပည့်တော်သည် ထိုသံဃာတော်တို့ ထံမှ ဤတရားကို သင်ကြား နာယူခဲ့ပါသည်။ ဤတရားတော်သည် တရား အစစ်၊ ဝိနည်းအစစ်၊ ဘုရားအဆုံးအမတော် အစစ် ဖြစ်ပါသည်ဟု ပြောဆိုအံ့၊ ထိုရဟန်း၏ စကားကို လက်ခံခြင်း၊ ပယ်မြစ်ခြင်း မပြုသေးဘဲ ကောင်းစွာ မှတ်သား၍ သုတ္တန်ပါဠိတော်၌ သွင်းချအပ်၏။ ယင်းသို့ သုတ္တန်ပါဠိတော်၌ သွင်းချအပ်သော် သုတ္တန်ပါဠိတော်၌ မပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ နှီးနှောကြည့်ရှုအပ်သော် ဝိနည်းပါဠိတော်၌ မတွေ့မြင်အံ့၊ ထိုစကားကို မြတ်စွာဘုရား၏ စကားတော် မဟုတ်ဟု ဆုံးဖြတ်၍ ထိုစကားကို ပယ်စွန့်ကြလော့။ အကယ်၍ သုတ္တန်ပါဠိတော် ၌ သွင်းချအပ်သော သုတ္တန်ပါဠိတော်၌ ပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော ဝိနည်းပါဠိတော်၌ တွေ့မြင်အံ့၊ ထိုသို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော် အစစ်တည်း" ဟု ဆုံးဖြတ်ကြလော့။ ဤကား ဒုတိယ မဟာပဒေသတည်း။ ရဟန်းတို့... ဤသာသနာတော်၌ ရဟန်း တစ်ပါးသည် ဤတရားတော်ကို ဤမည်သော ကျောင်းတိုက်၌ သီတင်းသုံးနေကြသည့် များစွာသော

ဗဟုသုတရှိသော စာတတ်ပေတတ် ဆရာတော်ကြီးများ ထံမှ သင်ယူမှတ်သားခဲ့ပါ၏။ ဤတရားတော်သည် တရားအစစ် ဝိနည်းအစစ် ဘုရား အဆုံးအမတော် အစစ် ဖြစ်ပါသည်ဟု ပြောဆိုအံ့၊ ထိုရဟန်း၏ စကားကို လက်ခံခြင်း၊ ပယ်မြစ်ခြင်း မပြုသေးဘဲ ကောင်းစွာ မှတ်သား၍ သုတ္တန်ပါဠိတော်၌ သွင်းချအပ်၏။ ယင်းသို့ သုတ္တန်ပါဠိတော်၌ သွင်းချအပ်သော သုတ္တန်ပါဠိတော်၌ မပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော ဝိနည်းပါဠိတော်၌ မတွေ့မြင်အံ့၊ ထိုစကားကို မြတ်စွာဘုရား၏ စကားတော် မဟုတ်ဟု ဆုံးဖြတ်၍ ထိုစကားကို ပယ်စွန့်ကြလော့။ အကယ်၍ သုတ္တန်ပါဠိတော်၌ သွင်းချအပ်သော သုတ္တန်ပါဠိတော်၌ ပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော ဝိနည်းပါဠိတော်၌ တွေ့မြင်အံ့၊ ထိုသို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော် အစစ်တည်း" ဟု ဆုံးဖြတ်ကြလော့။ ဤကား တတိယ မဟာပဒေသတည်း။

ရဟန်းတို့... ဤသာသနာတော်၌ ရဟန်းတစ်ပါးသည် ဤတရားကို ဤမည်သော ကျောင်းတိုက်၌ သီတင်းသုံးနေသည့် များသော ဗဟုသုတရှိသော စာတတ်ပေတတ် ဆရာတော်ကြီး ထံမှ သင်ယူ မှတ်သားခဲ့ပါ၏။ ဤတရားတော်သည် တရားအစစ်၊ ဝိနည်းအစစ်၊ ဘုရား အဆုံးအမအစစ် ဖြစ်ပါသည်ဟု ပြောဆိုအံ့၊ ထိုရဟန်း၏ စကားကို လက်ခံခြင်း၊ ပယ်မြစ်ခြင်း မပြုသေးဘဲ ကောင်းစွာ မှတ်သား၍ သုတ္တန်ပါဠိတော်၌ သွင်းချအပ်၏။ ယင်းသို့ သုတ္တန်ပါဠိတော်၌ သွင်းချအပ်သော သုတ္တန်ပါဠိတော်၌ မပါဝင်အံ့၊ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော ဝိနည်းပါဠိတော်၌ မတွေ့မြင်အံ့၊ ထိုစကားကို မြတ်စွာဘုရား၏ စကားတော် မဟုတ်ဟု ဆုံးဖြတ်၍ ထိုစကားကို ပယ်စွန့်ကြလော့။ အကယ်၍ သုတ္တန်ပါဠိတော်၌ သွင်းချအပ်သော သုတ္တန်ပါဠိတော်၌ ပါဝင်အံ့။ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော ဝိနည်းပါဠိတော်၌ တွေ့မြင်အံ့၊ ထိုသို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော် အစစ်တည်း" ဟု ဆုံးဖြတ်ကြလော့။ ဤကား စတုတ္ထမဟာပဒေသတည်း။

## ရွှေပန်းထိမ်ဆရာ၏ သား စုန္ဒဝတ္ထု

မြတ်စွာဘုရားသည် ဘောဂမြို့၌ ဝေနေယျတို့အား ဓမ္မအထွေထွေ ဟောပြတော်မူလေပြီးလျှင် ရဟန်းသံဃာများနှင့် အတူ ပါဝါပြည်သို့ ကြွတော်မူ၍ ပါဝါပြည်အနီး ရွှေပန်းထိမ်ဆရာ၏ သား စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ စုန္ဒဥပါသကာသည် မြတ်စွာဘုရား ကြွလာတော်မူ၍ မိမိ၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေကြောင်း ကြားသိလျှင် မြတ်စွာဘုရား အထံတော်သို့ လာရောက်၍ တရားတော်ကို နာယူပြီးလျှင် "နက်ဖြန်၌ ရဟန်းသံဃာများနှင့် တကွ မိမိ၏ ဆွမ်းကို လက်ခံတော်မူပါရန်" ပင့်လျှောက်၍ မြတ်စွာဘုရားထံမှ ဖဲခွာသွားလေသည်။

စုန္ဒဥပါသကာသည် ထိုည၌လွန်မြောက် နံနက်ရောက်သော အခါ၌ မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို လည်းကောင်း၊ သုကရမဒ္ဒဝ မည်သော စားဖွယ်တစ်မျိုးကို လည်းကောင်း စီမံ၍ မြတ်စွာဘုရားထံ ဆွမ်းဘုဉ်းပေး ကြွတော်မူပါရန် ပင့်လျှောက်ခိုင်းသည်။ မြတ်စွာဘုရားသည် ရဟန်းသံဃာများနှင့် အတူ စုန္ဒဥပါသကာ၏ အိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးလျှင် "ဒကာ စုန္ဒ... သင် စီမံထားသည့် သုကရမဒ္ဒဝ မည်သော စားဖွယ်ကို ငါ့အား ဆက်ကပ်လော့။ အခြား ခဲဖွယ်ဘောဇဉ်တို့ကို ရဟန်းတော်များအား ဆက်ကပ်လော့" ဟု မိန့်တော်မူ၏။

စုန္ဒဥပါသကာသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း လှူဒါန်း ဆက်ကပ်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် မြတ်စွာဘုရားသည် စုန္ဒဥပါသကာကို "ဒကာ စုန္ဒ... သင် စီမံထားသည့် ကြွင်းကျန်နေသေးသော သုကရမဒ္ဒဝ မည်သော စားဖွယ်ကို တွင်းတူး၍ မြှုပ်လိုက်ပါ။ ဤအစာကို စားလျှင် ငါဘုရားမှ တစ်ပါး အခြား အစာကြေမည့် ပုဂ္ဂိုလ်ကို ငါ မမြင်တော်မမူ" ဟု မိန့်တော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် စုန္ဒဥပါသကာကို တရားဓမ္မ ဟောပြပြီးလျှင် ပြန်ကြွတော်မူသည်။ ရွှေပန်းထိမ်သည်၏ သား စုန္ဒဥပါသကာ၏ ဆွမ်းကို ဘုဉ်းပေးတော်

မှုပြီးနောက် မကြာမီ ပြင်းထန်သော ဝမ်းသွေးသွန် ရောဂါဝေဒနာ ဖြစ်ပေါ်လေ၏။ မြတ်စွာဘုရားသည် ထိုဝေဒနာကို သတိသမ္ပဇဉ် အမြဲ ယှဉ်လျက် ပင်ပန်း ဆင်းရဲလှသည်ဟု အောက်မေ့တော်မမူဘဲ သည်းခံ တော်မူသည်။

မှတ်ချက်– စုန္ဒဥပါသကာ၏ ဆွမ်းကို ဘုဉ်းပေးတော်မူသော ကြောင့် ဝမ်းသွေးသွန်ရောဂါ ဖြစ်သည် မဟုတ်၊ အကယ်၍ စုန္ဒ ဥပါသကာ၏ ဆွမ်းကို မဘုဉ်းပေးပါမူ ထို့ထက် ပြင်းထန်သော ဝေဒနာ ဖြစ်ရာ၏။ နူးညံ့သော အစာကို ဘုဉ်းပေးတော်မူသောကြောင့်သာ ဝေဒ သက်သာရာ ရသည်ဖြစ်၍ ခြေလျင် ကြွသွားတော်မူနိုင်သည်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၅၉။)

## ကုသိနာရုံသို့ ကြွတော်မူခြင်း

ဘုရားရှင်သည် စုန္ဒဥပါသကာ၏ သရက်ဥယျာဉ်၌ ခေတ္တ သီတင်းသုံးတော်မူပြီးနောက် ရဟန်းသံဃာများနှင့် အတူ ကုသိနာရုံ ပြည်သို့ ကြွသွားတော်မူ၏။ ထိုသို့ ကြွသွားတော်မူစဉ် လမ်းခရီးမှ ဖဲခွာတော်မူ၍ အရိပ်ကောင်းသည့် တစ်ခုသော သစ်ပင်ကြီးအောက်တွင် အရှင်အာနန္ဒာ ခင်းပေးအပ်သော လေးထပ် ခေါက်၍ ခင်းထားအပ် သည့် ဒုကုဋ် နှစ်ထပ်သင်္ကန်းပေါ်၌ ထိုင်နေတော်မူသည်။

## ရေသောက်တော်မူလိုခြင်း

ထိုသို့ ထိုင်နေတော်မူစဉ် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို "အာနန္ဒာ... ရေသောက်တော်မူလိုသည်။ သောက်ရေကို ဆောင်ယူချေ လော့" ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ကို "မြတ်စွာဘုရား... ဤအနီးအပါးက ချောင်းငယ်ကလေးကို ယခုပင် လှည်းငါးရာတို့ ကူးဖြတ်သွားသောကြောင့် ရေများ နောက်ကျု နေပါ၏။ ကကုဓာမြစ်သည် မဝေးလှတော့ပါ။ ထို ကကုဓာမြစ်သည် ကြည်လင်သော ရေ ရှိပါ၏။ အညစ်အကြေးကင်းသော ရေ ရှိပါ၏၊

ကောင်းသော ဆိပ်ကမ်း ရှိသည်ဖြစ်၍ မွေ့လျော်ဖွယ် ကောင်းလှပါ၏။ ကကုဓမြစ် ရောက်မှ အရှင်ဘုရားအတွက် သောက်တော်ရေကိုလည်း ရပါလိမ့်မည်။ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုတော်မူရပါလိမ့်မည်" ဟု လျှောက်ထားလေသည်။

## ရေများ ကြည်လင်နေခြင်း

ထိုသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို "အာနန္ဒာ... သောက်ရေကို ယူဆောင်ချေလော့" ဟု ထပ်မံ မိန့်တော်မူသောအခါ အရှင်အာနန္ဒာသည် သပိတ်ကို ယူ၍ လှည်းငါးရာ ဖြတ်ကူးထားသော ချောင်းဆီသို့ ကပ်ရောက်သောအခါ ချောင်းရေသည် မနောက်ကျူဘဲ ကြည်လင် သန့်ရှင်းစွာ စီးဆင်း၍ နေ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးမားပုံကို ချီးမွမ်း အံ့ဩလျက် သပိတ်တော်ဖြင့် သောက်တော်ရေကို ခပ်ယူပြီးလျှင် မြတ်စွာဘုရားကို ဆက်ကပ်လေသည်။

## ပုက္ကုသမလ္လမင်းသား ဘုရားရှင်ထံ ချဉ်းကပ်ခြင်း

ဘုရားရှင်သည် ရေသောက်တော်မူပြီး၍ သစ်ပင်အောက်မှာ ထိုင်နေတော်မူစဉ် ကုသိနာရုံပြည်မှ ပါဝါပြည်သို့ ခရီးထွက်လာသော ပုက္ကုသ မည်သော မလ္လမင်းသားသည် ဘုရားရှင်ကို မြင်၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား... ရဟန်းတော်များသည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူသည်မှာ အံ့ဩဖွယ် ကောင်းလှပါပေစွ။ ရှေးအခါက ကာလာမအနွယ် ဖြစ်သော အာဠာရ ရသေ့သည် ခရီးသွားနေစဉ် ခရီးလမ်းမှ ဖဲခွာ၍ လမ်းအနီး တစ်ခုသော သစ်ပင်အောက်၌ နေ့အခါ ထိုင်နေပါသည်။ လမ်းပေါ်မှာ လှည်းအစီး ငါးရာတို့သည် အာဠာရ ရသေ့ အနီးမှ ကပ်၍ ကပ်၍ ဖြတ်သွားကြပါသည်။ ထိုအခါ လှည်းများ၏ နောက်မှ လိုက်လာသော ယောကျ်ား တစ်ယောက်သည် အာဠာရ

ရသေ့ ထံသို့ ချဉ်းကပ်၍ "အရှင်ရသေ့... ဖြတ်သန်းသွားကြသော လှည်းငါးရာတို့ကို မြင်လိုက်ပါသလော" ဟု မေးလျှောက်၏။ ဒကာ... ငါ မမြင်လိုက်။

**ဒကာ။** လှည်းသံကိုကော ကြားလိုက်ပါသလား။

**ရသေ့။** ဒကာ လှည်းသံကိုလည်း ငါ မကြားလိုက်မိ။

**ဒကာ။** အရှင်ရသေ့ အိပ်ပျော်နေပါသလား။

**ရသေ့။** ဒကာ... ငါ အိပ်ပျော်မနေပါ။

**ဒကာ။** အရှင်ရသေ့... စိတ်သညာများ ရှိပါရဲ့လား။

**ရသေ့။** ဒကာ... ငါ့မှာ စိတ်သညာများ ရှိနေပါ၏။

**ဒကာ။** အရှင်ရသေ့... အရှင်သည် စိတ်သညာ ရှိ၍ နိုးကြားနေပါလျက် အရှင်၏ အနီး၌ ကပ်၍ ကပ်၍ ဖြတ်သန်းသွားကြသော လှည်းငါးရာတို့ကို မြင်လည်း မမြင်လိုက်၊ အသံကိုလည်း မကြားလိုက်ဟု ဆို၏။ သို့သော် အရှင်ရသေ့၏ အဝတ်သင်္ကန်း၌ မြူမှုန်အလိမ်းလိမ်း ကပ်နေသည် မဟုတ်ပါလား ဘုရား။

**ရသေ့။** ဒကာ ဟုတ်ပါတယ်။

ထိုအခါ ထိုယောကျ်ားသည် ရသေ့ ရဟန်းတို့၏ ငြိမ်သက်သော သမာပတ်ဖြင့် နေကြသည်မှာ ချီးမွမ်း အံ့သြဖွယ် ကောင်းလေစွ ဟု ဆင်ခြင်လျက် ကာလာမအနွယ် ဖြစ်သော အာဠာရ ရသေ့အပေါ် လွန်စွာ ကြည်ညိုပါကြောင်း လျှောက်ထား၍ ဖဲခွာသွားပါသည် မြတ်စွာဘုရား" ဟု လျှောက်ထားလေသည်။

ဤသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ပုက္ကုသကို "ဒကာ ပုက္ကုသ... တစ်ဦးသောသူသည် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မိမိ အနီး၌ ကပ်၍ ကပ်၍ လှည်းငါးရာ ဖြတ်သွားသည်ကို မြင်လည်း မမြင်လိုက်၊ အသံကိုလည်း မကြားလိုက်၊ တစ်ဦးသော သူသည်ကား စိတ်သညာရှိ၍ နိုးကြားနေပါလျက် မိုးရွာ၌ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များ ပြက်၍ မိုးကြိုးပစ်စဉ် မြင်လည်း မမြင်ရ၊

အသံကိုလည်း မကြားရ၊ ထိုသူ နှစ်ဦးတို့တွင် အဘယ်သူ၏ ဖြစ်ပုံက ပို၍ ခက်ခဲပါသနည်း'' ဟု မေးတော်မူ၏။

ထိုအခါ ကုက္ကုသသည် မြတ်စွာဘုရားကို ''မြတ်စွာဘုရား... လှည်းပေါင်း ငါးရာမက တစ်ထောင်၊ တစ်သိန်းပင် ဖြစ်ပါစေ နောက် ပုဂ္ဂိုလ်၏ အဖြစ်မျိုးက ပို၍ ခက်ခဲပါသည် ဘုရား'' ဟု လျှောက်ထား ၏။

ပုက္ကုသ... အခါတစ်ပါး၌ ငါဘုရားသည် အာတုမာမြို့ အနီး ကောက်ရိုးတဲကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၊ မိုးကြိုးပစ်သောကြောင့် ကောက်ရိုးတဲကျောင်းကလေး၏ အနီး၌ နေထိုင်ကြသော လက်သမား ညီအစ်ကို နှစ်ယောက်နှင့် နွား လေးကောင်တို့သည် သေကြလေသည်။ ပုက္ကုသ... ထိုအခါ များစွာသော လူတို့သည် အာတုမာမြို့မှ ထွက်လာ ၍ သေနေကြသော လယ်သမား ညီအစ်ကို နှစ်ယောက်နှင့် နွား လေးကောင်တို့ကို ကြည့်ရှုနေကြသည်။ ပုက္ကုသ... ထိုအခါ ငါဘုရား သည် ကောက်ရိုးတဲကျောင်းမှ ထွက်၍ ကောက်ရိုးတဲကျောင်း တံခါးပေါက် အနီး လမ်းလျှောက်နေ၏။ ထိုအခါ လူစုထဲမှ ယောကျာ်း တစ်ယောက်သည် ငါ၏ အနီးသို့ လာ၍ ရပ်နေ၏။ ''ဟို... များစွာ သော လူအပေါင်းသည် အဘယ်ကြောင့် စုဝေးကြသနည်း'' ဟု ထိုယောကျာ်းကို မေးသောအခါ မိုးရွာစဉ်က မိုးကြိုးပစ်သောကြောင့် လယ်သမားညီအစ်ကို နှစ်ယောက်နှင့် နွား လေးကောင်တို့သည် သေဆုံး သွားကြပါသည်။ ထို့ကြောင့် လူအများ စုဝေး ကြည့်ရှုနေကြပါသည် ဘုရား။ ''မိုးရွာစဉ် အရှင်ဘုရား အဘယ်အရပ်မှာ နေပါသလဲ'' ဟု မေးသောကြောင့် ''ဒကာ ငါသည် ဤ ကောက်ရိုးတဲကျောင်းမှာပင် နေ၏'' ဟု ပြောလိုက်သည်။

**ဒကာ။** အရှင်ဘုရား... ထိုပုဂ္ဂိုလ်များ မိုးကြိုးပစ်သည်ကို မြင်လိုက်ပါသလား။

**ဗုဒ္ဓ။** ဒကာ... ငါ မမြင်လိုက်။

**ဒကာ။** မိုးကြိုးပစ်သံကိုကော ကြားလိုက်ပါသလား။

ပုက္ကု။ မိုးကြိုးပစ်သံကိုလည်း မကြားမိလိုက်။
ဒကာ။ အရှင်ဘုရား အိပ်ပျော်နေသလော။
ပုက္ကု။ ဒကာ... ငါ အိပ်ပျော်နေသည် မဟုတ်ပါ။
ဒကာ။ အရှင်ဘုရား စိတ်သညာ ရှိနေပါရဲ့လား။
ပုက္ကု။ ဒကာ... စိတ်သညာ ရှိနေပါ၏။
ဒကာ။ အရှင်ဘုရား... အရှင်ဘုရားသည် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ်၊ လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မိုးကြိုးပစ်သည်ကိုလည်း မြင်တော်မမူလိုက်၊ အသံကိုလည်း ကြားတော် မမူလိုက်ဘဲ ဖြစ်ပါသလား။
ပုက္ကု။ ဒကာ... မှန်ပါ၏။

ပုက္ကုသ... ထိုအခါ ထိုယောကျ်ားသည် "ရဟန်းတော်တို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြသည်မှာ အံ့ဩဖွယ် ကောင်းလေစွ" ဟု ဆင်ခြင်လျက် ငါဘုရား အပေါ်၌ လွန်စွာ ကြည်ညိုခြင်း ဖြစ်မိပါကြောင်းကို လျှောက်ထား၍ ဖဲခွာသွားလေသည် ဟု မိန့်တော်မူသည်။

ထိုသို့ ဘုရားရှင် မိန့်တော်မူသောအခါ မလ္လမင်းသား ပုက္ကုသသည် မြတ်စွာဘုရားကို "မြတ်စွာဘုရား တပည့်တော်သည် ကာလာမ အနွယ်ဖြစ်သော အာဠာရ ရသေ့၌ ကြည်ညိုခြင်း သဒ္ဓါတရားကို လေထဲ လွှင့်လိုက်ပါပြီ။ မြစ်ရေထဲ မျှော်လိုက်ပါပြီ။ အရှင်ဘုရား၏ တရားတော်သည် အလွန် နှစ်သက်ဖွယ် ကောင်းလှပါပေ၏။ မှောက်ထားသော အိုးကို လှန်ဘိသကဲ့သို့ လည်းကောင်း၊ မျက်စိလည် လမ်းမှားသူအား လမ်းမှန်ကို ပြောပြသကဲ့သို့ လည်းကောင်း မြတ်စွာဘုရားသည် စကား ပရိယာယ် အမျိုးမျိုးတို့ဖြင့် တရားတော်ကို ဟောပြအပ်ပါပြီ။ တပည့်တော်သည် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ တပည့်တော်ကို ယနေ့မှစ၍ 'ဥပါသကာ' ဟူ၍ မှတ်တော်မူပါ ဘုရား ဟု လျှောက်ထားလေသည်။

## ရွှေရောင်ဝတ်စုံကို လှူဒါန်းခြင်း

ထို့နောက် မလ္လမင်းသား ပုက္ကုသသည် ရွှေရောင်အဆင်း ရှိသည့် အဝတ်ချော နှစ်ထည်ကို မြတ်စွာဘုရားအား လှူဒါန်း ဆက်ကပ်လေသည်။ ထိုအခါ ဘုရားရှင်သည် "ပုက္ကုသ... တစ်ထည်ကို ငါဘုရားအား လှူ၍ ကျန်တစ်ထည်ကို အရှင်အာနန္ဒာအား လှူလော့" ဟု မိန့်တော်မူ၏။ အဝတ်သင်္ကန်း လှူဒါန်း ဆက်ကပ်ပြီးနောက် ပုက္ကုသကို ဘုရားရှင် တရားဟောတော်မူသည်။ ပုက္ကုသသည် တရားတော်ကို နာယူပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍ နေရာမှ ထကာ မိမိ၏ ခရီးကို ဆက်လက်သွားလေသည်။

## အသားတော်အရောင်နှင့် အဝတ်ရောင်

ပုက္ကုသမလ္လမင်းသား ခရီး ဆက်လက် ထွက်ခွာသွားသောအခါ အရှင်အာနန္ဒာသည် ရွှေရောင် အဆင်းရှိသည့် အဝတ်အစုံကို ဘုရားရှင်၏ ကိုယ်တော်၌ ဆက်ကပ် တင်လွှမ်းပေးလိုက်၏။ ဘုရားရှင်သည် တစ်ထည်ကို ဝတ်၍ တစ်ထည်ကို အပေါ်၌ ခြုံတော်မူသောအခါ အဝတ်အစုံ၏ အရောင်ကို ဘုရားရှင်၏ အသားတော် အရောင်က လွှမ်းမိုးသွားသကဲ့သို့ အဝတ်အစုံ၏ အရောင်သည် မှေးမှိန်၍ သွား၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အရေအဆင်းတော် အလွန်ကြည်လင်နေပါကြောင်း လျှောက်ထားသောအခါ–

## ရုပ်အဆင်းတော် အကြည်လင်ဆုံး နှစ်ချိန်

အာနန္ဒာ... ငါဘုရား၏ ကိုယ်အရေအဆင်းသည် နှစ်မျိုးသော အချိန်အခါတို့၌ အခြားအခါထက် ပို၍ ကြည်လင်၏။ အလွန်ပင် ပြိုးပြိုးပြက် တောက်ပ၏။ အာနန္ဒာ... ထိုအချိန်အခါ နှစ်မျိုးတို့ကား အမြတ်ဆုံး ဘုရား အဖြစ်သို့ ရောက်တော်မူမည့် ညဉ့်အခါနှင့် ပရိနိဗ္ဗာန် ဝင်စံတော်မူမည့် ညဉ့်အခါတည်း။ အာနန္ဒာ... ယနေ့ညဉ့်၏

နောက်ဆုံး ပစ္ဆိမယာမ်၌ ကုသိနာရုံပြည်၊ မြို့ဝင်လမ်းကွေ့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင်ပျို အစုံတို့၏ အကြား၌ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံမည်ဟု မိန့်တော်မူပြီးလျှင် ရဟန်းသံဃာများနှင့် အတူ ကကုဓမြစ်သို့ ကြွသွားတော်မူသည်။

## ရေသုံးသပ်တော်မူခြင်း

ကကုဓမြစ်သို့ ရောက်တော်မူသောအခါ ကကုဓမြစ်တွင်းသို့ သက်ဆင်း၍ ရေ သုံးသပ်တော်မူသည်။ ရေသုံးသပ်တော်မူပြီးနောက် ကကုဓမြစ် အနီး တစ်ခုသော သရက်ဥယျာဉ်သို့ ဝင်တော်မူ၍ လေးထပ်ခေါက်၍ ခင်းထားအပ်သော ဒုကုဋ် နှစ်ထပ်သင်္ကန်းတော်ပေါ်၌ ဘုရားရှင်သည် လက်ယာခြေတော်ပေါ်၌ လက်ဝဲခြေထောက်ကို အနည်းငယ် လွန်၍ တင်ကာ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် လက်ယာနံပါးဖြင့် ခေတ္တမျှ လျောင်းစက်တော်မူသည်။

## အကျိုးထူးသည့် ဆွမ်းနှစ်မျိုး

လျောင်းစက်ရာမှ ထတော်မူသောအခါ အရှင်အာနန္ဒာကို "အာနန္ဒာ... တစ်စုံတစ်ယောက်သော သူက စုန္ဒ- သင်၏ ဆွမ်းကို ဘုဉ်းပေးသောကြောင့် ဘုရားရှင် ဝမ်းတော်လား၍ ပရိနိဗ္ဗာန်ပြုရသည်ဟု ပြောဆိုသဖြင့် စုန္ဒ နှလုံးမသာမယာ မဖြစ်အောင် ဤတရားကို ဟောကြားလိုက်ပါ။ ဒကာ စုန္ဒ... မြတ်စွာဘုရားအား ဘုရား ဖြစ်မည့်နေ့၌ လှူဒါန်းအပ်သော သုဇာတာသူဌေးသမီး၏ နို့ဃနာဆွမ်း၊ ပရိနိဗ္ဗာန် ဝင်စံတော်မူမည့်နေ့၌ လှူဒါန်းအပ်သော စုန္ဒ၏ ဆွမ်း ဤဆွမ်းနှစ်မျိုးသည် အကျိုးပေးတူမျှ၏။ အခြားသော ဆွမ်းအလှူတို့ထက် သာလွန်၍ အကျိုးကြီး၏ဟု မြတ်စွာဘုရား အထံတော်မှ ကြားနာလိုက်ရပါကြောင်း စုန္ဒအား ဟောကြား၍ စုန္ဒ၏ နှလုံးမသာယာခြင်းကို ပယ်ဖျောက်ပါလေ" ဟု မိန့်တော်မူသည်။

## အင်ကြင်းပင်ပျို အစုံအကြား၌ လျောင်းစက်တော်မူခြင်း

ထိုသို့ မိန့်တော်မူပြီးနောက် ဘုရားရှင်သည် ရဟန်းသံဃာများနှင့် အတူ ကုသိနာရုံပြည်သို့ ကြွတော်မူ၍ ကုသိနာရုံပြည်၊ မြို့ဝင်လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်တော်ဝယ် အင်ကြင်းပင်ပျိုနှစ်ပင်တို့၏ အကြား မြောက်ဘက်သို့ ဦးခေါင်းပြုကာ ခင်းထားအပ်သော ညောင်စောင်းပေါ်၌ လက်ယာခြေတော်ပေါ်၌ လက်ဝဲခြေတော်အနည်းငယ် လွန်ကာ တင်ထားလျက် သတိသမ္ပဇဉ် မပြတ်ယှဉ်၍ လက်ယာနံပါးဖြင့် လျောင်းစက်နေတော်မူသည်။

## ကုသိနာရုံ ကြွတော်မူခြင်း၏ ရည်ရွယ်ချက်

ဘုရားရှင် ကိုယ်တော်မြတ် ကုသိနာရုံပြည်သို့ ကြွတော်မူလာခြင်းမှာ "ဤမြို့ကလေး၌ ပရိနိဗ္ဗာန် ပြုတော်မမူသင့်ပါ" ဟု အရှင်အာနန္ဒာ လျှောက်ထားသဖြင့် မဟာသုဒဿနသုတ်ကို ဟောဖို့ရန်အကြောင်းအတ္ထုပ္ပတ် ပေါ်ပေါက်၍ မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်းငှာ လည်းကောင်း၊ ကုသိနာရုံမြို့၌ နေသော သုဘဒ္ဒပရိဗိုဇ်ကို ချီးမြှောက်ခြင်း အကျိုးငှာ လည်းကောင်း၊ ဓာတ်တော်များကို ငြိမ်းချမ်းစွာ ခွဲဝေ ယူနိုင်စေခြင်း အကျိုးငှာ လည်းကောင်း ဤရည်ရွယ်ချက် သုံးမျိုးဖြင့် ကုသိနာရုံမြို့သို့ ကြိုးစား၍ ကြွလာတော်မူခြင်း ဖြစ်သည်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၆၄။)

## နတ်တို့ ပူဇော်ကြခြင်း

ဘုရားရှင်သည် အင်ကြင်းပင် ဥယျာဉ်တော်ဝယ် အင်ကြင်းပင်ပျို နှစ်ပင်အကြား ညောင်စောင်းပေါ်၌ လျောင်းစက်နေတော် မူသောအခါ အင်ကြင်းဥယျာဉ်တော်ရှိ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ်ပွင့်ကြကုန်၏။ ရုက္ခစိုးနတ်တို့သည် ထို အင်ကြင်းပန်းတို့ကို လှုပ်ခါ၍ဘုရားရှင်၏ ကိုယ်တော်ပေါ်သို့ ကြဲဖြန့်လျက် ပူဇော်ကြကုန်၏။ အခြား

နတ်တို့သည်လည်း ကောင်းကင်မှ မန္ဒာရဝ မည်သော နတ်ပန်း၊ နတ်၌ ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့ကို ကြဲဖြန့်လျက် ဘုရားရှင်အား ပူဇော်ကြကုန်၏။ နတ်စောင်း၊ နတ်တူရိယာတို့ဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်နှင့် စပ်သော တေးဖွဲ့သီချင်းတို့ကို သီဆို တီးမှုတ်ကြကုန်လျက် ဘုရားရှင်အား ပူဇော်ကြကုန်၏။

## ဘုရားအကြိုက် ပူဇော်မှု

ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာကို "အာနန္ဒာ... ငါဘုရားကို ဤကဲ့သို့ ပန်းတို့ဖြင့် ပူဇော်ခြင်း၊ နတ်၌ဖြစ်သော တူရိယာတို့ဖြင့် သီဆို တီးမှုတ်၍ ပူဇော်ခြင်းသည် အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်။ ရဟန်းဖြစ်စေ၊ ရဟန်းမ ဖြစ်စေ၊ ဥပါသကာ ဖြစ်စေ၊ ဥပါသိကာမ ဖြစ်စေ ငါဘုရား ဆုံးမအပ်သော တရားနှင့် လျော်ညီသော အကျင့်ကို ကျင့်သုံးလျက် ထိုအကျင့်ဖြင့် ပူဇော်ခြင်းသည်သာ ငါဘုရားကို အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်သည် မည်၏။ ထို့ကြောင့် သင်တို့သည် ငါဘုရား ဆုံးမအပ်သော တရားနှင့် လျော်ညီသော အကျင့်ကို ကျင့်သုံးနေကုန်အံ့ဟု နှလုံးသွင်းလျက် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်" ဟု မိန့်တော်မူသည်။

## ဥပဝါဏမထေရ်ကို နေရာမှ ဖယ်စေတော်မူခြင်း

အင်ကြင်းပင်ပျို နှစ်ပင်အကြား ဘုရားရှင် လျောင်းစက်နေတော်မူစဉ် အရှင် ဥပဝါဏမထေရ်သည် ဘုရားရှင်ကို ယပ်ခတ်လျက် ဘုရားရှင်၏ ရှေ့တော်၌ တည်နေ၏။ အရှင်ဥပဝါဏမထေရ်ကား ခန့်ထည်သော ခန္ဓာကိုယ် ရှိ၏။ ထိုအချိန်၌ စကြဝဠာ တိုက်တစ်သောင်းမှ လာရောက်ကြသော နတ်ဗြဟ္မာတို့သည် အရှင်ဥပဝါဏမထေရ် ဘုရားရှင် ရှေ့တော်၌ ကွယ်နေခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ်၏ ကိုယ်ကို ထွင်းဖောက်၍ နတ်မျက်စိဖြင့် မမြင်နိုင်။ ထို့ကြောင့် နတ်ဗြဟ္မာတို့သည် အရှင်ဥပဝါဏမထေရ်ကို "ငါတို့သည် ဘုရားရှင်ကို

ဖူးမြော်ရန် အဝေးမှ လာခဲ့ကြရ၏။ ဘုရားရှင်သည် ယနေ့ညဉ့် ပစ္ဆိမယာမ်တွင် ပရိနိဗ္ဗာန် ပြုတော့မည်။ တန်ခိုးကြီးသော ဤရဟန်းသည် ဘုရားရှင်၏ ရှေ့တော်၌ ကွယ်နေဘိ၏။ ငါတို့သည် နောက်ဆုံးအချိန် ဘုရားရှင်ကို ဖူးမြော်ခွင့် မရတော့” ဟု ကဲ့ရဲ့နေကြသည်။ သို့ဖြစ်၍ ဘုရားရှင်သည် အရှင်ဥပဝါဏမထေရ်ကို “ငါ့ရှင်... ဘေးဖယ်ဦးလော့၊ ငါ၏ ရှေ့တည့်တည့်၌ မနေလင့်” ဟု မိန့်တော်မူသည်။

## သံဝေဂယူရန် လေးဌာန

အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို “မြတ်စွာဘုရား... ရှေးက အရပ်လေးမျက်နှာ၌ ဝါကပ်ကြကုန်သော ရဟန်းတော်တို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရားကို ဖူးမြော်ရန် ကြွလာကြပါသည်။ ထိုသို့ ကြွလာကြသော ကြည်ညိုဖွယ် ရဟန်းတော်တို့အား ဖူးမြော်ခွင့်ကို တပည့်တော် ရကြပါသည် ဘုရား။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားသော အခါ၌ကား ထို ကြည်ညိုဖွယ် ရဟန်းတော်များ ကြွလာကြမည် မဟုတ်သဖြင့် ကြည်ညိုဖွယ် ရဟန်းတော်တို့အား ဖူးမြော်ခွင့်ကို ကပည့်တော်တို့ ရကြတော့မည် မဟုတ်ပါ ဘုရား” ဟု လျှောက်ထားလေသည်။

အာနန္ဒာ... သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဖူးမြော်ထိုက်၊ သံဝေဂ ရစေထိုက်သည့် အရပ်ဌာန လေးမျိုး ရှိသည်။ ယင်း လေးမျိုးတို့ကား မြတ်စွာဘုရား ဖွားမြင်တော်မူရာ အရပ်ဌာန၊ ဘုရား ဖြစ်တော်မူရာ အရပ်ဌာန၊ ဓမ္မစကြာတရား ဟောတော်မူရာ အရပ်ဌာန၊ ပရိနိဗ္ဗာန် စံတော်မူရာ အရပ်ဌာနတို့တည်း။

## ဖွားတော်မူရာအရပ်

အာနန္ဒာ... သဒ္ဓါတရား ရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗနီဥယျာဉ်သို့

လာရောက် ဖူးမြော်၍ "ဤနေရာ၌ မြတ်စွာဘုရား ဖွားမြင်တော်မူခဲ့၏။ ယခုအခါ မြတ်စွာဘုရား သက်တော်ထင်ရှား မရှိတော့ပါတကား" ဟု သံဝေဂယူကာ ကုသိုလ်တရား ဖြစ်ပွားကြရပါသည်။

## ဘုရား ဖြစ်တော်မူရာအရပ်

အာနန္ဒာ... သဒ္ဓါတရား ရှိသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့သည် ဘုရား ဖြစ်တော်မူရာ မဟာဗောဓိအောင်မြေဌာနသို့ လာရောက် ဖူးမြော်၍ "ဤနေရာ၌ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့၏။ ယခုအခါ မြတ်စွာဘုရား သက်တော်ထင်ရှား မရှိတော့ပါတကား" ဟု သံဝေဂယူကာ ကုသိုလ်တရား ဖြစ်ပွားကြရပါသည်။

## ဓမ္မစကြာ ဟောတော်မူရာအရပ်

အာနန္ဒာ... သဒ္ဓါတရား ရှိသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့သည် ဘုရားရှင် ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်ဌာနသို့ လာရောက် ဖူးမြော်၍ "ဤနေရာ၌ မြတ်စွာဘုရားသည် ဓမ္မစကြာ တရားတော်ကို ဟောကြားတော်မူခဲ့၏။ ယခုအခါ၌ မြတ်စွာဘုရား သက်တော်ထင်ရှား မရှိတော့ပါတကား" ဟု သံဝေဂယူကာ ကုသိုလ်တရား ဖြစ်ပွားကြရပါသည်။

## ပရိနိဗ္ဗာန်စံတော်မူရာအရပ်

အာနန္ဒာ... သဒ္ဓါတရားရှိသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာ လုမ္ဗနီသာမော အင်ကြင်း ဥယျာဉ်တောသို့ လာရောက် ဖူးမြော်၍ "ဤနေရာ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့၏။ မသေသူ မည်သူတစ်ယောက်မျှ မရှိနိုင်ပါတကား" ဟု သံဝေဂယူကာ ကုသိုလ်တရား ဖြစ်ပွားကြရပါသည်။

## ဘုရားဖူးခြင်း၏ အကျိုး

အာနန္ဒာ... သဒ္ဓါတရားရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် "ဤနေရာဌာနၶ မြတ်စွာဘုရား မွေးဖွားတော်မူ၏။ ဤနေရာဌာနၶ မြတ်စွာဘုရား ဘုရား အဖြစ်သို့ ရောက်တော်မူ၏။ ဤနေရာဌာနၶ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားတော်မူ၏။ ဤနေရာဌာနၶ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူ၏ဟု ဆင်ခြင်ပွားများလျက် မြတ်စွာဘုရား၏ ကိုယ်စားတော် စေတီဘုရား ရုပ်ပွားဆင်းတုတော်များကို ကြည်ညိုသဒ္ဓါတရားဖြင့် သွားလာ လှည့်လည် ဖူးမြော်သူတို့သည် ကောင်းမြတ်သည့် သုဂတိဘုံဘဝတို့သို့ ရောက်ကြပေလိမ့်မည်" ဟု ဟောတော်မူသည်။

## မာတုဂါမများနှင့် စပ်၍ လျှောက်ထားချက်

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားကို–

**အာနန္ဒာ။** မြတ်စွာဘုရား... မာတုဂါမများနှင့် ပတ်သက်၍ တပည့်တော်များ မည်သို့ ပြုကျင့်ရပါမည်နည်း။

**ဗုဒ္ဓ။** မတွေ့မြင်အောင်နေ။

**အာနန္ဒာ။** မြတ်စွာဘုရား တွေ့မြင်ခဲ့လျှင် မည်သို့ ပြုကျင့်ရပါမည်နည်း။

**ဗုဒ္ဓ။** အကယ်၍ တွေ့မြင်ရလျှင် စကားမပြောဘဲ နေခြင်းသည် အကောင်းဆုံး။

**အာနန္ဒာ။** မြတ်စွာဘုရား မလွဲသာ၍ စကားပြောရလျှင် မည်သို့ ပြုကျင့်ရပါမည်နည်း။

**ဗုဒ္ဓ။** အာနန္ဒာ... အမိအရွယ် အမိ၊ အစ်မအရွယ် အစ်မ၊ ညီမအရွယ် ညီမဟု အမှတ်ပြုလျက် သတိရှေ့သွားပြုကာ ပြောဆိုရမည် ဟု မိန့်တော်မူသည်။

## အလောင်းတော် ပူဇော်မှုနှင့် ပတ်သက်၍ လျှောက်ထားချက်

အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို "မြတ်စွာဘုရား... တပည့်တော်များသည် မြတ်စွာဘုရား၏ အလောင်းတော်နှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်ရပါမည်နည်း ဟု လျှောက်ထားသောအခါ "အာနန္ဒာ ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှုနှင့် ပတ်သက်၍ သင်တို့ ကြောင့်ကြစိုက်ကာ အားမထုတ်ကြနှင့်။ သင်တို့သည် အမြတ်ဆုံး အရဟတ္တဖိုလ်ကို ရရှိအောင်သာ မမေ့သော သတိအမြဲရှိလျက် လုံ့လ ကြိုးကုတ် အားထုတ်ကာ နေကြ၊ ငါဘုရားကို ကြည်ညိုကြကုန်သော ပညာရှိမင်းများ၊ ပညာရှိပုဏ္ဏားများ၊ ပညာရှိသူကြွယ်များသည် ငါဘုရား ၏ အလောင်းတော် ပူဇော်မှုကို ပြုကြပေလိမ့်မည် ဟု မိန့်တော်မူသည်။

## ထပ်မံ လျှောက်ထားချက်

မြတ်စွာဘုရား... ပညာရှိမင်း စသူတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို အဘယ်သို့ ဆောင်ရွက်ကြရပါမည်နည်း ဟု ထပ်မံ လျှောက်ထားသောအခါ အာနန္ဒာ... စကြာမင်း၏ အလောင်းတော်ကို အသစ်ဖြစ်သော ဝါဂွမ်းနုဖြင့် ရစ်ပတ်ကြသည်။ ဤသို့ ဝါဂွမ်း တစ်ထပ်၊ အဝတ် တစ်ထပ်ဖြင့် အထပ်ငါးရာ တိုင်အောင် စကြာမင်း၏ အလောင်းတော်ကို ရစ်ပတ်၍ ဆီထည့်ထားသော ရွှေခေါင်း၌ ထည့်ပြီးလျှင် အခြား ရွှေခေါင်းတစ်ခုဖြင့် ဖုံးအုပ်၍ နံ့သာထင်းပုံပေါ်သို့ တင်၍ မီးသင်္ဂြိုဟ်ကြသည်။ ထို့နောက် အရိုးတို့ကို စေတီတည်ထား ကိုးကွယ်ကြသည်။ အာနန္ဒာ... ဤနည်းအတိုင်း ငါဘုရား၏ အလောင်းတော်ကို ဆောင်ရွက်ကြရမည် ဟု မိန့်တော်မူသည်။

## စေတီထိုက်သော ပုဂ္ဂိုလ်လေးဦး

အာနန္ဒာ... သမ္မာသမ္ဗုဒ္ဓဘုရား၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရား၏ အရိယာသာဝက၊ စကြာဝတေးမင်းဟု ပုဂ္ဂိုလ်လေးဦး ရှိသည်။ ထိုတွင်

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ စေတီတော်ကို "ဤစေတီသည် သစ္စာလေးပါး တရား သိမြင်တော်မူသည့် ဘုရားရှင်၏ စေတီတော်တည်း" ဟု ကြည်ညိုစိတ်ဖြင့် ကိုးကွယ် ဆည်းကပ်ကြကုန်သော သူတို့သည် နောက်ဘဝဝယ် နတ်ရွာသုဂတိသို့ ရောက်ရှိနိုင်သည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ စေတီတော်ကို "ဤစေတီသည် သစ္စာလေးပါးကို သိတော်မူပြီးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ စေတီတော်တည်း" ဟု ကြည်ညိုစိတ်ဖြင့် ကိုးကွယ် ဆည်းကပ်ကြကုန်သော သူတို့သည် နောက်ဘဝဝယ် နတ်ရွာသုဂတိသို့ ရောက်နိုင်ကြသည်။

မြတ်စွာဘုရား၏ တပည့် အရိယာရဟန်းတော်၏ စေတီတော်ကိုလည်း "ဤစေတီသည် မြတ်စွာဘုရား ပေးတော်မူသော နည်းဖြင့် သစ္စာလေးပါး သိတော်မူသည့် အရိယာရဟန်းတော်မြတ်၏ စေတီတော်တည်း" ဟု ကြည်ညိုစိတ်ဖြင့် ကိုးကွယ် ဆည်းကပ်ကြကုန်သော သူတို့သည် နောက်ဘဝဝယ် နတ်ရွာသုဂတိသို့ ရောက်နိုင်ပေသည်။

စကြဝတေးမင်း၏ စေတီတော်ကိုလည်း "ဤစေတီသည် တိုင်းသူပြည်သား လူအများကို ရင်ဝယ်သားကဲ့သို့ သနားစောင့်ရှောက်တော်မူသည့် တရားစောင့်သော တရားမင်းမြတ်၏ စေတီပေတည်း" ဟု ကြည်ညိုစိတ်ဖြင့် ကိုးကွယ် ဆည်းကပ်ကြကုန်သော သူတို့သည် နောက်ဘဝဝယ် နတ်ရွာသုဂတိသို့ ရောက်ရှိနိုင်ကြသည်။

## အရှင်အာနန္ဒာ ငိုကြွေးခြင်း

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား သိလိုသည်များကို လျှောက်ထားပြီးနောက် ကျောင်းတွင်းသို့ ဝင်ကာ တံခါးတိုင်ကို မှီလျက် "ယခု ငါသည် သေက္ခပုဂ္ဂိုလ်ဖြစ်သော ရှိသေး၏။ မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုတော့မည်" ဟု တွေးတော၍ ငိုကြွေးလေသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "အာနန္ဒာ... မငိုကြွေးပါလင့်။ အလုံးစုံသော ချစ်မြတ်နိုးသူတို့နှင့် တစ်နေ့ ကွဲကွာကြရလိမ့်မည် ဟု ငါဘုရား ကြိုတင် ဟောကြားထားသည် မဟုတ်ပါလော။ ဖြစ်ခြင်းသဘော ဟူသမျှ ပျက်စီးခြင်းသဘော

ရှိ၏။ ထို သဘောတရားကို ငါဘုရားသော်မှ မပျက်စီးပါစေလင့် ဟု တောင့်တ၍ မရနိုင်။ အာနန္ဒာ... သင်သည် ငါဘုရားကို ရှေ့တစ်မျိုး၊ ကွယ်ရာတစ်ဖုံ မဟုတ်၊ မျက်ကွယ် မျက်မှောက် ခြားနားခြင်း မရှိဘဲ ကြီးမားသော ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ဖြင့် ပြုစုလုပ်ကျွေးခဲ့၏။ သင်သည် များစွာသော ကုသိုလ်ကောင်းမှုကို ဆည်းပူး အားထုတ် ပြုလုပ်ခဲ့ပြီ၊ တရားရှုမှတ် ပွားများအားထုတ်ရစ်ပါလော့။ မကြာမီ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ပါလိမ့်မည် ဟု မိန့်တော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို "ရဟန်းတို့ အတိတ်ကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့၏ အလုပ်အကျွေးတို့သည် လည်းကောင်း။ နောင်အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့ ကုန်သော ဘုရားရှင်တို့၏ အလုပ်အကျွေးတို့သည် လည်းကောင်း အရှင်အာနန္ဒာနှင့် ဂုဏ်အားဖြင့် အလားတူသာ ဖြစ်၏။ အရှင်အာနန္ဒာထက် မသာလွန်ကြ။

ရဟန်းတို့... အာနန္ဒာသည် ပင်ကိုဉာဏ် ရှိ၏၊ ထိုးထွင်းဉာဏ် ရှိ၏၊ ဤအချိန်ကား ရဟန်းတော်တို့ မြတ်စွာဘုရားကို ဖူးမြော်ရန် အချိန်တည်း၊ ဤအချိန်ကား ဘိက္ခုနီမတို့ မြတ်စွာဘုရားကို ဖူးမြော်ရန် အချိန်တည်း၊ ဤအချိန်ကား ဥပါသကာတို့ မြတ်စွာဘုရားကို အချိန်တည်း၊ ဤအချိန်ကား ဥပါသိကာမတို့ မြတ်စွာဘုရားကို ဖူးမြော်ရန် အချိန်တည်း၊ ဤအချိန်ကား မင်း အမတ် စသူတို့ မြတ်စွာဘုရားကို ဖူးမြော်ရန် အချိန်တည်း ဟု ပိုင်းခြား၍ သိ၏ ဟု မိန့်တော်မူသည်။

## အရှင်အာနန္ဒာ၏ ဂုဏ်လေးမျိုး

ရဟန်းတို့... အာနန္ဒာသည် ဂုဏ်လေးပါးနှင့် ပြည့်စုံ၏၊ အဘယ် ဂုဏ်လေးပါးတို့နည်းဟူမူ–

(၁) ရဟန်းတို့... အရှင်အာနန္ဒာကို ဖူးမြင်ရန် လာကြကုန်သော ရဟန်းပရိသတ်သည် အရှင်အာနန္ဒာကို ဖူးမြင်ရသဖြင့် နှစ်သက်ဝမ်းမြောက်ကြ၏။ အရှင်အာနန္ဒာ ထံမှ တရားစကားကို နာယူကြရ

သဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏၊ တရားတော်ကို နာယူလို့ အားမရ မတင်းတိမ်နိုင်ကြ။

(၂) ရဟန်းတို့... အရှင်အာနန္ဒာကို ဖူးမြင်ရန် လာကြကုန်သော ဘိက္ခုနီမ ပရိသတ်သည်လည်း အရှင်အာနန္ဒာကို ဖူးမြင်ရသဖြင့် နှစ်သက် ဝမ်းမြောက်ကြကုန်၏၊ အရှင်အာနန္ဒာ ထံမှ တရားစကားကို နာယူကြရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြရ၏၊ တရားတော်ကို နာယူလို့ အားမရ မတင်းတိမ်နိုင်ကြ။

(၃) ရဟန်းတို့... အရှင်အာနန္ဒာကို ဖူးမြင်ရန် လာကြကုန်သော ဥပါသကာ ပရိသတ်လည်းလည်း အရှင်အာနန္ဒာကို ဖူးမြင်ရသဖြင့် နှစ်သက် ဝမ်းမြောက်ကြ၏၊ အရှင်အာနန္ဒာ ထံမှ တရားစကားကို နာယူကြရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏၊ တရားတော်ကို နာယူလို့ အားမရ မတင်းတိမ်နိုင်ကြ။

(၄) ရဟန်းတို့... အရှင်အာနန္ဒာကို ဖူးမြင်ရန် လာကြကုန်သော ဥပါသိကာမ ပရိသတ်သည်လည်း အရှင်အာနန္ဒာကို ဖူးမြင်ရသဖြင့် နှစ်သက် ဝမ်းမြောက်ကြသည်။ အရှင်အာနန္ဒာ ထံမှ တရားစကားကို နာယူကြရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏။ တရားတော်ကို နာယူလို့ အားမရ မတင်းတိမ်နိုင်ကြ။

## စကြဝတေးမင်း၏ ဂုဏ်လေးမျိုး

(၁) ရဟန်းတို့... မင်းပရိသတ်သည် စကြဝတေးမင်းကို ဖူးတွေ့ရသဖြင့် နှစ်သက် ဝမ်းမြောက်ကြ၏။ စကြဝတေးမင်း၏ စကားသံကို နာခံရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏။ စကြဝတေးမင်း ပြောစကားကို နားထောင်လို့ အားမရနိုင်ကြ။

(၂) ရဟန်းတို့... ပုဏ္ဏားပရိသတ်သည်လည်း စကြဝတေးမင်းကို ဖူးတွေ့ရသဖြင့် နှစ်သက် ဝမ်းမြောက်ကြ၏။ စကြဝတေးမင်း၏ စကားသံကို နာခံရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏၊ စကြဝတေးမင်း ပြောစကားကို နားထောင်လို့ အားမရနိုင်ကြ။

(၃) ရဟန်းတို့... သူဌေးသူကြွယ် ပရိသတ်သည်လည်း စကြဝတေးမင်းကို ဖူးတွေ့ရသဖြင့် နှစ်သက် ဝမ်းမြောက်ကြ၏။ စကြဝတေးမင်း၏ စကားကို နာခံရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏။ စကြဝတေးမင်း ပြောစကားကို နားထောင်လို့ အားမရနိုင်ကြ။

(၄) ရဟန်းတို့... သူတော်သူမြတ် ပရိသတ်သည်လည်း စကြဝတေးမင်းကို ဖူးတွေ့ရသဖြင့် နှစ်သက်ဝမ်းမြောက်ကြ၏။ စကြဝတေးမင်း၏ စကားကို နာခံရသဖြင့်လည်း နှစ်သက် ဝမ်းမြောက်ကြ၏၊ စကြဝတေးမင်း ပြောစကားကို နားထောင်လို့ အားမရနိုင်ကြ။

## မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း

ဤသို့ ဟောတော်မူပြီးနောက် အရှင်အာနန္ဒာသည် ဘုရားရှင်ကို ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား... ဤမြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်၊ အခြားသော စမ္ပာပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီပြည် စသော မြို့ကြီးတို့၌ ပရိနိဗ္ဗာန် ပြုတော်မူပါ။ ထိုမြို့ကြီးတို့၌ မြတ်စွာဘုရားကို ကြည်ညိုကြကုန်သော မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်တို့ များစွာ ရှိကြပါကုန်၏။ ထိုသူတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ကောင်းစွာ ပူဇော်ကြပါကုန်လိမ့်မည်" ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို "အာနန္ဒာ... ဤ ကုသိနာရုံမြို့ကို မြို့ငယ်ဟု မဆိုပါလင့်၊ အာနန္ဒာ... ရှေးအခါက ဤ ကုသိနာရုံမြို့၌ မဟာသုဒဿန စကြဝတေးမင်းကြီး မင်းပြုခဲ့ဖူး၏။ ထိုအချိန်အခါက ဤကုသိနာရုံမြို့သည် မဟာသုဒဿန စကြဝတေးမင်း၏ ကုသာဝတီ မင်းနေပြည်တော် ဖြစ်ခဲ့ဖူး၏။ အလျား ၁၂ ယူဇနာ၊ အနံ ၇ ယူဇနာ ရှိ၏။ အာဠကမန္ဒာ မည်သော နတ်မြို့တော်တမျှ စည်ကားလှ၏။ ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ စည်ကြီးသံ၊ မုရိုးစည်သံ၊ စောင်းသံ၊ သီချင်းသံ၊ ခရုသင်းသံ၊ ကြေးနင်းခွက်သံ၊ စားကြပါ သောက်ကြပါ ဟူသော အလှူပေးသံတို့ဖြင့် ခြိမ့်ခြိမ့်ညံနေ၏။ ဤသို့ စသည်ဖြင့် 'မဟာသုဒဿနသုတ်' ကို ဟောကြားတော်မူသည်။

## မလ္လမင်းတို့ လာရောက် ရှိခိုးကြခြင်း

အရှင်အာနန္ဒာသည် ဘုရားရှင်၏ ဆန္ဒတော်ဖြင့် ကုသိနာရုံပြည်၊ မလ္လမင်းတို့၏ လွှတ်တော်ရုံးသို့ ကြွသွားတော်မူ၍ "အို မလ္လမင်း အပေါင်းတို့. . . လာကြကုန်လော့။ ဤညဉ့်၏ နောက်ဆုံး ပစ္ဆိမယာမ်၌ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့။ ငါတို့ နိုင်ငံအတွင်း၌ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပါလျက် ငါတို့သည် နောက်ဆုံးအနေဖြင့် ဘုရားရှင်ကို ဖူးမြော်ခွင့် မရလိုက်ကြရဟု နောင်တပူပန်မှု မဖြစ်ကြစေကုန်လင့်" ဟု ပြောကြားလေသည်။

ထိုအခါ မလ္လမင်းအပေါင်းတို့သည် လည်းကောင်း၊ မလ္လမင်းတို့၏ မိဖုရား၊ သား၊ သမီး၊ ချွေးမ အပေါင်းတို့သည် လည်းကောင်း အလွန်ကြေကွဲ ဝမ်းနည်းကြကုန်လျက် "မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတာ မြန်လှချည်လား။ လောက၌ ပညာမျက်လုံးတော်ကြီး ကွယ်ပျောက်ပေတော့မည် ဟု ဆိုမြည်တမ်းလျက် အချို့ ဆံပင်တို့ကို ဖြန့်ကာ ဖြန့်ကာ ငိုကြွေးကြကုန်၏။ အချို့ လက်ရုံးလက်မောင်းတို့ကို မြှောက်ကာ မြှောက်ကာ ငိုကြွေးကြကုန်၏။ အချို့ မြေ၌ လူးလိမ့်၍ ငိုကြွေးကြကုန်၏။

အရှင်အာနန္ဒာသည် ရောက်လာကြသော မလ္လမင်းအပေါင်းတို့ကို အုပ်စုလိုက် စဉ်၍ ဘုရားရှင်ထံ ဝင်ရောက်ကာ ရှိခိုး ဖူးမြော်စေသည်။ ဤနည်းဖြင့် ညဉ့်ဦးယံ၌ပင် မလ္လမင်းတို့၏ ရှိခိုး ပူဇော်ခြင်းကိစ္စ ပြီးဆုံးလေသည်။

## သုဘဒ္ဒပရိဗိုဇ်အကြောင်း

ထိုအချိန်အခါ၌ သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ နေထိုင်၏။ သုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ညဉ့်၏ ပစ္ဆိမယာမ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည်" ဟု ကြားသိသောအခါ "သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ မည်သည် လောက၌ တစ်ခါ တစ်ရံသာ ပွင့်တော်မူကြ၏။

ယနေ့ ညဉ့်၏ ပစ္ဆိမယာမ်၌ပင် ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည်။ ငါ့မှာလည်း ယုံမှားသံသယ တစ်ခုရှိ၏။ ထို ယုံမှားသံသယကို ငါ ပယ်ဖျောက်နိုင်အောင် ဂေါတမဘုရားရှင်သည် ငါ့အား တရားဟောပြခြင်းငှာ စွမ်းနိုင်၏ ဟု ငါ ယုံကြည်သည် ဟု ကြံစည် စဉ်းစားပြီးလျှင် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွသွားလေသည်။

မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်သောအခါ အရှင်အာနန္ဒာ အထံ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် ပြုပါရန် ခွင့်ပန်လေသည်။ ထိုအခါ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို "ငါ့ရှင် သုဘဒ္ဒဘုရားရှင် ပင်ပန်းတော်မူနေပါသည်။ ဘုရားရှင်ကို မညှဉ်းဆဲပါနှင့်" ဟု ခွင့်မပြုသောအခါ သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်ကို ဖူးခွင့်ပြုပါရန် သုံးကြိမ်သုံးခါ ခွင့်တောင်းလေသည်။ အရှင်အာနန္ဒာကလည်း ခွင့်မပြုပေ။

## မြတ်စွာဘုရား ခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့် သုဘဒ္ဒပရိဗိုဇ်တို့ ပြောဆိုနေကြသော စကားသံကို ကြားတော်မူသောအခါ "အာနန္ဒာ... သုဘဒ္ဒကို မတားမြစ်ပါလင့်။ သုဘဒ္ဒအား ငါဘုရားကို ဖူးမြော်ခွင့် ပေးလိုက်ပါ။ သုဘဒ္ဒသည် ငါဘုရားအား ညှဉ်းဆဲလို၍ မေးခြင်းမဟုတ်ဘဲ သိလို၍ မေးခြင်း ဖြစ်ပါလိမ့်မည်။ ငါဘုရား ဖြေကြားလိုက်လျှင် သူ လျင်မြန်စွာ သိပါလိမ့်မည်" ဟု မိန့်တော်မူသည်။

သို့ဖြစ်၍ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို ဘုရားရှင်နှင့် ဖူးတွေ့ခွင့် ပေးလိုက်သောအခါ သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်အား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် သူတို့ ဝန်ခံချက်အတိုင်း သိကြပါကုန်သလော၊ မသိကြပါကုန်သလော၊ သို့မဟုတ် အချို့သော တိတ္ထိဆရာကြီးတို့သာ သိ၍ အချို့ မသိကြပါကုန်သလော" ဟု မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည် သုဘဒ္ဒပရိဗိုဇ်ကို "သုဘဒ္ဒ... သူများ အကြောင်း မမေးလေနှင့်။ သင့်အား တရားဟောမည်၊ ကောင်းစွာ နားထောင်ပါလော့" ဟု မိန့်တော်မူပြီးလျှင် "သုဘဒ္ဒ... မဂ္ဂင်ရှစ်ပါး အကျင့်တရား မရှိသော သာသနာတော်၌ သောတာပန် ရဟန်းလည်း မရှိနိုင်၊ သကဒါဂါမ်ရဟန်းလည်း မရှိနိုင်၊ အနာဂါမ်သည်လည်း မရှိနိုင်၊ ရဟန္တာရဟန်းလည်း မရှိနိုင်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားရှိသော သာသနာတော်၌ သောတာပန်ရဟန်းလည်း ရှိ၏၊ သကဒါဂါမ်ရဟန်း လည်း ရှိ၏၊ အနာဂါမ်သည်လည်း ရှိ၏၊ ရဟန္တာရဟန်းလည်း ရှိ၏။

သုဘဒ္ဒ... ငါဘုရား သာသနာတော်၌ မဂ္ဂင်ရှစ်ပါး အကျင့် တရား ရှိ၏။ ဤသို့ မဂ္ဂင်ရှစ်ပါး အကျင့်တရားရှိသော ငါဘုရား သာသနာတော်၌ သာလျှင် သောတာပန်ရဟန်းသည်လည်း ရှိနိုင်၏၊ သကဒါဂါမ်ရဟန်းသည်လည်း ရှိနိုင်၏၊ အနာဂါမ်ရဟန်းသည်လည်း ရှိနိုင်၏၊ ရဟန္တာရဟန်းလည်း ရှိနိုင်၏၊ ငါဘုရား သာသနာတော်မှ အခြား သာသနာတော်တို့သည် သစ္စာလေးပါး တရားသိမြင်သည့် ရဟန်း တို့မှာ ဆိတ်သုဉ်းကုန်၏။ သုဘဒ္ဒ... ဤ အရိယာရဟန်းမြတ်တို့သည် အဆင့်ဆင့် ဟောပြောလျက် နေကြပါမူ ဤကမ္ဘာလောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းကုန်ရာ ဟု ဟောတော်မူသည်။

ထိုနောက် သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားထံ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန် လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရား၏ ခွင့်ပြုတော်မူချက်ဖြင့် သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရား သာသနာတော်၌ ရှင်အဖြစ်ကိုလည်း ရလေပြီ၊ ရဟန်း အဖြစ်ကိုလည်း ရလေပြီ၊ ရဟန်း ဖြစ်ပြီး၍ မကြာမြင့်မီမှာပင် သုဘဒ္ဒ ရဟန်းတော်သည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း ဆိတ်ငြိမ်ရာ သို့ ကပ်လျှင် တရားရှုမှတ် ပွားများသဖြင့် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်လေသည်။ အရှင်သုဘဒ္ဒသည် မြတ်စွာဘုရား၏ မျက်မှောက်တော်ဝယ် နောက်ဆုံး သာဝက ဖြစ်ပေ သည်။

## မြတ်စွာဘုရား၏ နောက်ဆုံးစကားတော်

အာနန္ဒာ… ငါဘုရား ပရိနိဗ္ဗာန် စံပြီးသောအခါ 'ငါတို့ဆရာ မြတ်စွာဘုရား မရှိတော့ပြီ' ဟု မမှတ်ထင်ကြကုန်လင့်။ ငါဘုရား ဟောကြားအပ်သော သုတ်အဘိဓမ္မာ ဝိနည်းတရားတော်များသည် ငါဘုရား ပရိနိဗ္ဗာန် စံပြီးသောအခါ သင်တို့၏ ဆရာ ဘုရားအဖြစ် တည်ရစ်ကြပေလိမ့်မည်။

အာနန္ဒာ… ယခု ရဟန်းတော်တို့သည် အချင်းချင်း ကြီး ငယ် မရွေး အာဝုသော = ငါ့ရှင်ဟု ခေါ်ဝေါ် သုံးစွဲနေကြသည်။ ငါဘုရား ပရိနိဗ္ဗာန် စံပြီးသော အခါ၌ကား မထေရ်ကြီး ရဟန်းတို့က သီတင်းငယ် ရဟန်းတို့ကို အမည်ဖြင့် ဖြစ်စေ၊ အာဝုသော = ငါ့ရှင် ဟူသော စကားလုံးဖြင့် ဖြစ်စေ ခေါ်ဝေါ် သုံးစွဲရစ်ကြ။ သီတင်းငယ် ရဟန်းတို့က မထေရ်ကြီး ရဟန်းတို့ကို ဘန္တေ= အရှင်ဘုရား ဟူသော စကားလုံးဖြင့် ဖြစ်စေ၊ အာယသ္မာ = သက်တော်ရှည် အရှင်ဘုရား ဟူသော စကားလုံး ဖြင့် ဖြစ်စေ ခေါ်ဝေါ် သုံးစွဲရစ်ကြ။

အာနန္ဒာ… သံဃာတော်သည် ငါဘုရား ပရိနိဗ္ဗာန် စံလွန် တော်မူသောအခါ ခုဒ္ဒါနုခုဒ္ဒက= ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို ပယ်နုတ်လိုမူ ပယ်နုတ်ကြ၊ ငါဘုရား ပရိနိဗ္ဗာန် စံသော အခါ ဆန္နရဟန်းအား "ဆန္နရဟန်း ဘာပြောပြော ဘာလုပ်လုပ် ရဟန်း တို့က ဆန္နရဟန်းကို မပြောဆိုဘဲ မဆုံးမဘဲ ဂရုမစိုက်ဘဲ ထားခြင်း ဟူသော ဗြဟ္မဒဏ်ပေးကြ ဟု မိန့်တော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတော်များကို "ရဟန်းတို့ ဘုရား၌ဖြစ်စေ၊ တရားတော်၌ ဖြစ်စေ၊ သံဃာတော်၌ ဖြစ်စေ မဂ်အကျင့်၌ ဖြစ်စေ ယုံမှားသံသယရှိလျှင် မေးမြန်းကြ။ ငါတို့သည် မြတ်စွာဘုရား နှင့် အတူတကွ နေကြရပါလျက် မြတ်စွာဘုရားအား ငါတို့၏ သံသယ ကို မမေးမြန်းမိလေခြင်းဟု နောင်တပူပန်မှု မဖြစ်ကြစေကုန်လင့်" ဟု သုံးကြိမ်သုံးခါ မိန့်တော်မူသည်။ ရဟန်းတော်များကမူ ဆိတ်ဆိတ်ပင် နေကြသည်။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတော်များကို "ရဟန်းတို့ ငါဘုရားကို ရိုသေသဖြင့် မမေးမြန်းကြလျှင် သင်တို့အချင်းချင်း မိမိ၏ ယုံမှားသံသယကို ပြောကြားကြကုန်လော့" ဟု မိန့်တော်မူပြန်သည်။ ထိုသို့ မိန့်တော်မူသော်လည်း ရဟန်းတော်တို့သည် ဆိတ်ဆိတ်ပင် နေကြသည်။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို "မြတ်စွာဘုရား ဤရဟန်းသံဃာထဲ၌ တစ်ပါးသော ရဟန်းမျှ ဘုရား၌ဖြစ်စေ၊ တရား၌ ဖြစ်စေ၊ သံဃာတော်၌ ဖြစ်စေ၊ မဂ်အကျင့်၌ ဖြစ်စေ ယုံမှားသံသယ မရှိဟု တပည့်တော် ယုံကြည်ပါသည် အရှင်ဘုရား" ဟု လျှောက်ထား လေသည်။

အာနန္ဒာ... ဤရဟန်းထဲ၌ တစ်ပါးသော ရဟန်းမျှ ဘုရား စသည်၌ ယုံမှားသံသယ မရှိကြဟု သင် ယုံကြည်သည့်အတိုင်း ငါဘုရားလည်း သိတော်မူ၏။ အဘယ်ကြောင့်နည်းဟူမူ- ဤရဟန်း သံဃာထဲ၌ အောက်ထစ်ဆုံး ရဟန်းသည် သောတာပန် ဖြစ်သော ကြောင့်တည်း ဟု မိန့်တော်မူသည်။

ထို့နောက် မြတ်စွာဘုရးသည် ရဟန်းတော်တို့ကို နောက်ဆုံး မိန့်ခွန်းတော် အနေအားဖြင့်-

ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ။

ဘိက္ခဝေ- ရဟန်းတို့၊ ဟန္ဒ- ငါဘုရား တိုက်တွန်းတော်မူ၏၊ ဝေါ- သင်တို့ကို၊ အာမန္တယာမိ- သတိပေး နှိုးဆော် သိစေတော်မူ၏၊ သင်္ခါရာ- ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်၊ ဝယဓမ္မာ- ပျက်စီးခြင်းသဘော ရှိကုန်၏၊ အပ္ပမာဒေန- မမေ့မလျော့သော သတိတရားဖြင့်၊ သဗ္ဗကိစ္စာနိ- ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို၊ သမ္ပါဒေထ- ပြီးစီး ပြည့်စုံ ကြစေကုန်လော့ ဟု မိန့်တော်မူသည်။

## ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ထိုသို့ နောက်ဆုံး မိန့်ကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်၊ နိရောဓသမာပတ်တို့ကို အစဉ်အတိုင်း အနုလုံအားဖြင့် ဝင်စားတော်မူ၍ နိရောဓသမာပတ်မှ တစ်ဖန် ပထမဈာန်တိုင်အောင် ပဋိလုံအားဖြင့် ဝင်စားတော်မူပြီးလျှင် ပထမဈာန်မှ အစဉ်အတိုင်း စတုတ္ထဈာန် တိုင်အောင် ဝင်စားတော်မူ၍ စတုတ္ထဈာန် ဝင်စားတော်မူပြီးနောက် ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူပြီးလျှင် ပဋိသန္ဓေနေတော်မူစဉ်က စိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်နှင့် တစ်ပြိုင်နက် ကြောက်မက်ဖွယ် မြေငလျင်ကြီး မြည်ဟည်း တုန်လှုပ်လေသည်။ နတ်စည်သံတို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းကြလေကုန်သတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တစ်ပြိုင်နက် သဟမ္ပတိဗြဟ္မာမင်းသည် အောက်ပါဂါထာကို ရွတ်ဆိုလေပြီ။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ၊
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။

### မြန်မာပြန်

တရားအလုံးစုံကို ကိုယ်တိုင် သိတော်မူသည့် အားတော် ဆယ်ပါးပိုင်ရှင် အတုမဲ့ ဘုရားရှင် သော်မှလည်း ဤလောကဝယ် ပရိနိဗ္ဗာန်ပြုတော်မူရချေသေး၏။ ထိုလောက၌ ရှိရှိသမျှ သတ္တဝါအနန္တတို့သည် ရုပ်နာမ်နှစ်ခုကို စွန့်ပစ်ကြရမည်သာတည်း။

သိကြားမင်းသည် အောက်ပါဂါထာကို ရွတ်ဆိုလေပြီ။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

## မြန်မာပြန်

ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိသည့် သင်္ခါရတရားတို့သည် မမြဲလေကုန်စွတကား။ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေကုန်စွတကား။ ထို သင်္ခါရတရားတို့ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်သာ ချမ်းသာပေလိမ့်မည်တကား။

အနုရုဒ္ဓါသည် အောက်ပါဂါထာတို့ကို ရွတ်ဆိုလေပြီ။

နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရီ မုနိ။
အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။

## မြန်မာပြန်

တဏှာကင်းတော်မူသော မြတ်စွာဘုရားသည် အေးငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ စိတ်ဓာတ် ကြံ့ခိုင်၍ ကောင်းဆိုးနှစ်တန် လောကဓံကို အတူပြု၍ ရှုတော်မူနိုင်သော မြတ်စွာဘုရား၏ ထွက်သက် ဝင်သက်တို့သည် မရှိတော့ပြီတကား။

ဘုရားရှင်သည် ညှိုးငယ်ခြင်း မရှိသော စိတ်ဖြင့် ဝေဒနာကို သည်းခံတော်မူပြီ။ ထိုဘုရားရှင်၏ စိတ်တော်သည် ဆီမီးလျှံ ငြိမ်းသကဲ့သို့ ချုပ်ငြိမ်း လွတ်မြောက်တော်မူလေပြီတကား။

အရှင်အာနန္ဒာသည် အောက်ပါဂါထာကို ရွတ်ဆိုလေပြီ။

တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ၊
သဗ္ဗာကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

## မြန်မာပြန်

မြတ်သော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသည့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသည်ရှိသော် ကြောက်မက်ဖွယ် ကြက်သီးမွေးညင်းထဖွယ် မြေငလျင်သည် တုန်လှုပ်လေပြီတကား။

## အရှင်အနုရုဒ္ဓါ ရဟန်းတို့ကို ဆုံးမခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ရာဂမကင်းသေးသည့် ရဟန်းတို့သည် ငိုကြွေးကြကုန်၏။ ရာဂကင်းပြီးသော ရဟန်းတို့ကမူ "သင်္ခါရတရား မှန်သမျှ မမြဲသော သဘောရှိကုန်၏။ မမြဲသော သင်္ခါရတရားတို့၌ မြဲခြင်းသဘော အဘယ်မှာ ရှိနိုင်မည်နည်း" ဟု နှလုံးသွင်းလျက် သံဝေဂ ပွားကြကုန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတော်တို့ကို "ငါ့ရှင်တို့... မငိုကြွေးကြကုန်လင့်၊ ချစ်အပ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် တစ်နေ့မှာ ရှင်ကွဲသော်လည်း ကွဲကွာကြရလိမ့်မည်၊ သေကွဲသော်လည်း ကွဲကွာကြရလိမ့်မည်" ဟု ရှင်တော်ဘုရား ရှေးဦးမဆွကပင် ဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။ ပျက်စီးခြင်း သဘောရှိသော အရာကို မပျက်စီးပါစေလင့်ဟု ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ တောင့်တ၍ မရနိုင်ချေ" ဟု ဆုံးမတော်မူသည်။

ထိုည၌လွန်မြောက် နံနက်ခင်း ရောက်သောအခါ အရှင်အနုရုဒ္ဓါမထေရ်သည် အရှင်အာနန္ဒာကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီဖြစ်ကြောင်း မလ္လမင်းတို့အား သွား၍ ပြောကြားရန် အမိန့်ရှိလေသည်။

## မလ္လမင်းတို့ အလောင်းတော်ကို ပူဇော်ကြခြင်း

အရှင်အာနန္ဒာမထေရ် ထံမှ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီဖြစ်ကြောင်း ကြားသိကြသောအခါ ကုသိနာရုံပြည်သား မလ္လမင်းအပေါင်းတို့သည် ပန်းနံ့သာတို့ကို လည်းကောင်း၊ တီးမှုတ်စရာ တူရိယာမျိုးစုံတို့ကို လည်းကောင်း၊ အဝတ်ပုဆိုး အစုံငါးရာတို့ကို လည်းကောင်း

ယူဆောင်ပြီးလျှင် အင်ကြင်းဥယျာဉ်တော်အတွင်း မြတ်စွာဘုရား၏ အလောင်းတော်ရှိရာသို့ လာရောက်ကြကုန်လျက် မြတ်စွာဘုရား၏ အလောင်းတော်ကို ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့် လည်းကောင်း အရိုအသေပြုကာ ပူဇော်ကြကုန်၏။ မြတ်စွာဘုရား၏ အလောင်းတော် အပေါ်၌ ဗိတာန် မျက်နှာကြက်တို့ကို ဖွဲ့ကြက်ကုန်လျက် တန်ဆောင်ဝန်းပြုကာ ပူဇော် ကြကုန်၏။ ဤနည်းဖြင့် ခုနစ်ရက်တိုင်တိုင် ပူဇော်ကြကုန်၏။

## လူ့အလိုနှင့် နတ်အလို ကွဲပြားသဖြင့် အလောင်းတော်ကို မ၍ မရခြင်း

ခုနစ်ရက်မြောက်သော နေ့၌ကား အကြီးအမှူး မလ္လမင်း ရှစ်ယောက်တို့သည် ဦးခေါင်းဆေးလျက် အဝတ်သစ်တို့ကို ဝတ်ဆင် ပြီးလျှင် မီးသင်္ဂြိုဟ်ရန် မြတ်စွာဘုရား၏ အလောင်းတော်ကို ချီမ,ကြ ကုန်သည်ရှိသော် ချီ,မခြင်းငှာ မစွမ်းနိုင်ကြကုန်။ သို့ဖြစ်၍ အရှင် အနုရုဒ္ဓါမထေရ်အား လျှောက်ထားသောအခါ "မလ္လမင်းတို့... သင် တို့နှင့် နတ်တို့ အလိုဆန္ဒ ကွဲပြားနေကြတယ်။ သင်တို့က မြတ်စွာ ဘုရား အလောင်းတော်ကို မြို့ပြင် တောင်ဘက်လမ်းဖြင့် ယူဆောင်၍ မြို့တောင်ဘက် အရပ်၌ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးပူဇော် လိုကြတယ်။ နတ်တို့ကမူ မြို့ပြင် မြောက်ဘက်လမ်းဖြင့် မြို့ပြင် မြောက်ဘက်အရပ်သို့ ယူဆောင်၍ မြို့မြောက်တံခါးမှ မြို့တွင်းသို့ သွင်းပြီးလျှင် မြို့လယ်လမ်းဖြင့် မြို့အရှေ့တံခါးသို့ ထွက်ကာ မြို့ အရှေ့ဘက် မလ္လမင်းတို့၏ မကုဋဗန္ဓနစေတီဌာန၌ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးပူဇော်လိုကြတယ်။ ထိုသို့ အလိုဆန္ဒ ကွဲပြားနေ သောကြောင့် မ,ချီ၍ မရခြင်း ဖြစ်တယ်" ဟု မိန့်တော်မူသည်။

ထိုအခါ မလ္လမင်းအပေါင်းတို့သည် နတ်တို့ အလိုဆန္ဒအတိုင်း ပူဇော်ပါကုန်အံ့ ဟု ဆန္ဒပြုလျက် မြတ်စွာဘုရား၏ အလောင်းတော်ကို မ,ချီပြီးလျှင် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာ တို့ဖြင့် လည်းကောင်း အလောင်းတော်ကို ပူဇော်ကြကုန်လျက် မြို့ပြင် မြောက်ဘက်လမ်းဖြင့် မြို့၏ မြောက်ဘက်အရပ်သို့ ယူဆောင်၍ မြို့

မြောက်ဘက်တံခါးပေါက်မှ မြို့တွင်းသို့ သွင်းပြီးလျှင် မြို့လယ်လမ်းဖြင့် မြို့အရှေ့တံခါးသို့ ထွက်ကာ မြို့အရှေ့ဘက် မလ္လမင်းတို့၏ မကုဋဗန္ဓနစေတီဌာနၣ် မြတ်စွာဘုရား၏ အလောင်းတော်ကို ချထားကြကုန်၏။

ထို့နောက် မလ္လမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို မည်သို့ ဆောင်ရွက်ရပါမည်နည်း ဟု အရှင်အာနန္ဒာကို လျှောက်ထားသောအခါ အရှင်အာနန္ဒာသည် စကြဝတေးမင်း၏ အလောင်းတော်၌ ဆောင်ရွက်ကြသကဲ့သို့ ဆောင်ရွက်ကြပြီးလျှင် စေတီတည်ထားကိုးကွယ်ကြရမည် ဟု မိန့်တော်မူ၏။ ထိုအခါ မလ္လမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို အသစ်ဖြစ်သော ကာသိတိုင်းဖြစ် အဝတ်ဖြင့် ရစ်ပတ်ပြီးနောက် အသစ်ဖြစ်သော ဝါဂွမ်းနုဖြင့် ရစ်ပတ်ကြသည်။ ဤသို့ အဝတ်တစ်ထပ်၊ ဝါဂွမ်းတစ်ထပ်ဖြင့် အထပ်ငါးရာ တိုင်အောင် ရစ်ပတ်ကြပြီးလျှင် ဆီထည့်ထားသော ရွှေခေါင်း၌ ထည့်ကာ အခြားရွှေခေါင်းတစ်ခုဖြင့် ဖုံးအုပ်လျက် မြတ်စွာဘုရား၏ အလောင်းတော်ကို နံ့သာထင်းပုံပေါ်၌ တင်ထားကြကုန်၏။

## အရှင်မဟာကဿပ ကြွလာတော်မူခြင်း

ထိုစဉ်အခိုက်ဝယ် အရှင်မဟာကဿပ မထေရ်သည် ရဟန်းငါးရာတို့နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာတော်မူ၏။ အရှင်မဟာကဿပမထေရ်သည် ရဟန်းတော်များနှင့် အတူ လမ်းမကြီးအနီး တစ်ခုသော သစ်ပင်အောက်၌ အနားယူကာ ထိုင်နေတော်မူစဉ် မန္ဒာရဝနတ်ပန်းကို ထီးကဲ့သို့ ဆောင်းမိုးလျက် ကုသိနာရုံပြည်မှ ပါဝါပြည်သို့ လာနေသော အာဇီဝကတက္ကတွန်း တစ်ယောက်ကို တွေ့မြင်သဖြင့် အရှင်မဟာကဿပ မထေရ်သည် ထိုတက္ကတွန်းကို "ငါ့ရှင်... ငါတို့ဆရာ မြတ်စွာဘုရားကို သိပါသလား" ဟု မေးတော်မူ၏။ ဪ... သိပါ၏။ သင်တို့ဆရာ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ဆိုလျှင် ခုနစ်ရက် ရှိပြီ။ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤမန္ဒာရဝနတ်ပန်းကို အကျွန်ုပ် ဆောင်ယူခဲ့ပါသည် ဟု ပြောကြားလေသည်။ ထိုအခါ အရှင်မဟာကဿပမထေရ်၏ နောက်ပါ ရဟန်းငါးရာ

တို့တွင် ရာဂမကင်းကြသေးသည့် ရဟန်းတော်တို့သည် ငိုကြွေးကြကုန်၏။ ရာဂကင်းပြီးသော ရဟန်းတော်တို့ကမူ 'အနိစ္စ' ဟု ရှုမှတ်လျက် သံဝေဂတရား ဖြစ်ပွားကြကုန်၏။

ထို ရဟန်းငါးရာထဲတွင် ပါဝင်သော သုဘဒ္ဒ တောထွက်ရဟန်းကြီးသည် ငိုကြွေး ပူဆွေးနေကြသော ရဟန်းတော်တို့ကို "ငါ့ရှင်တို့... မငိုကြကုန်လင့်၊ မစိုးရိမ် မပူဆွေးကြကုန်လင့်။ ငါတို့သည် ရဟန်းကြီး ဂေါတမ လက်မှ ကောင်းစွာ လွတ်မြောက်လေပြီ။ ရဟန်းကြီးဂေါတမသည် ငါတို့ကို 'ဤဟာ မအပ်ဘူး၊ ဤဟာ အပ်တယ်' ဟု လွန်စွာ ချုပ်ချယ်ဘိ၏။ ယခုမူကား ငါတို့သည် အလိုရှိရာ ပြုလုပ်နိုင်ကြပြီ" ဟု ပြောဆိုလေ၏။

သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ စကားကို ကြားသောအခါ အရှင်မဟာကဿပ မထေရ်သည် ကြီးစွာသော ဓမ္မသံဝေဂ ဖြစ်တော်မူ၏။ ထို့နောက် အရှင်မဟာကဿပမထေရ်သည် ငိုကြွေးနေကြကုန်သော ရဟန်းတို့အား တရားဖြင့် ဖြေသိမ့်တော်မူပြီးလျှင် ကုသိနာရုံပြည်သို့ ခရီးဆက်၍ ကြွတော်မူလေသည်။

ထိုအချိန်အခါ၌ အကြီးအမှူး မလ္လမင်း လေးယောက်တို့သည် ဦးခေါင်း ဆေးကြောလျက် အဝတ်သစ်တို့ကို ဝတ်ဆင်ကာ မြတ်စွာဘုရား၏ အလောင်းတော် ထားရာ အတောင် တစ်ရာ့နှစ်ဆယ် အမြင့်ရှိသည့် နံ့သာထင်းပုံကို မီးရှို့ကြသည်ရှိသော် မီးစွဲလောင်ခြင်းငှာ မတတ်နိုင်ကြကုန်။ သို့ဖြစ်၍ မလ္လမင်းတို့သည် အရှင်အနုရုဒ္ဓါမထေရ်အား လျှောက်ထားကြသောအခါ အရှင်အနုရုဒ္ဓါမထေရ်သည် မလ္လမင်းတို့ကို "မလ္လမင်းတို့... သင်တို့၏ အလိုဆန္ဒနှင့် နတ်တို့၏ အလိုဆန္ဒ တစ်မျိုးစီ ဖြစ်နေသည်။ ယခု အရှင်မဟာကဿပ မထေရ်သည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းသံဃာများနှင့် အတူ ကြွချီတော်မူလာနေသည်။ နတ်တို့၏ အလိုဆန္ဒက "အရှင်မဟာကဿပ မထေရ်မြတ် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်၍ ရှိခိုးခြင်း မပြုရသေးမီ မြတ်စွာဘုရား၏ အလောင်းတော် တင်ထားရာ နံ့သာထင်းပုံသည် မီးမတောက်လောင်ပါစေသတည်း ဟု အဓိဋ္ဌာန်ပြုထားကြသည်" ဟု မိန့်တော်မူသည်။

ရဟန်းသံဃာတော်များနှင့် တကွ အရှင်မဟာကဿပ မထေရ်မြတ်သည် ကုသိနာရုံပြည်၊ မလ္လမင်းတို့၏ 'မကုဋဗန္ဓနစေတိ ဌာန' မြတ်စွာဘုရား၏ အလောင်းတော် တင်ထားရာ နံ့သာထင်းပုံသို့ ချဉ်းကပ်၍ သင်္ကန်းကို လက်ကန်တော့ တင်ကာ လက်အုပ်ချီမိုး ရှိခိုးလျက် နံ့သာထင်းပုံကို လက်ယာရစ် သုံးကြိမ် လှည့်ပတ်ပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို မိမိ၏ ဦးခေါင်းတော်ဖြင့် ဦးတိုက်၍ ရှိခိုးပြီးသော အခိုက်မှာပင် အလောင်းတော် တင်ထားရာ နံ့သာထင်းပုံ သည် အလိုလိုပင် တေဇောဓာတ် လောင်ကျွမ်းလေတော့သတည်း။

## ဓာတ်တော်တို့ကို မလ္လမင်းတို့ စောင့်ရှောက်ထားခြင်း

မီးတောက်လောင်သော ထောပတ်ဆီပမာ မီးတောက်လောင် သော မြတ်စွာဘုရား၏ အလောင်းတော်မှ အရေ၊ အသား၊ အကြော၊ အရိုး၊ အစေးတို့သည် ပြာ အဖြစ်သို့ မရောက်ဘဲ မြတ်လေးပန်းငုံ အဆင်း၊ ပုလဲအဆင်း၊ ရွှေအဆင်း ရှိသည့် သရီရဓာတ်တော် အဖြစ် ဖြင့်သာ ကြွင်းကျန်ရစ်လေသည်။ မလ္လမင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို မြို့တွင်းသို့ ပင့်ဆောင်ပြီးလျှင် လွှတ်တော်ရုံး၌ လှံကိုင် အစောင့်အရှောက်၊ လေးသည်တော် အစောင့်အရှောက်များဖြင့် ဝန်းရံ စောင့်ရှောက်ကြကုန်ပြီးလျှင် ခုနစ်ရက်ပတ်လုံး အတီးအမှုတ် အကအခုန်တို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့် လည်းကောင်း ပူဇော်ကြပြန်လေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်း၊ ဝေသာလီပြည် လစ္ဆဝီမင်းများ၊ ကပိလဝတ်ပြည် သာကီဝင်မင်းများ၊ အလ္လကပ္ပပြည် ဗုလိမင်းများ၊ ရာမရွာ ကောဠိယမင်းများ၊ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏား များ၊ ပါဝါပြည် မလ္လမင်းများ ဟူသော ခုနစ်ပြည်ထောင်မှ မင်းနှင့် ပုဏ္ဏား အပေါင်းတို့သည် စေတီ တည်ထား ကိုးကွယ် ပူဇော်ရန်အတွက် သူတို့အားလည်း ဓာတ်တော်ဝေစု ပေးပါရန် ကုသိနာရုံပြည် မလ္လမင်း တို့ထံ သံတမန် စေလွှတ်ကြသည်။

## ဓာတ်တော်တို့ကို ခွဲဝေခြင်း

ဤသို့ သံတမန် စေလွှတ်၍ တောင်းဆိုကြသည် ရှိသော် ကုသိနာရုံပြည် မလ္လမင်းတို့သည် "မြတ်စွာဘုရားသည် ငါတို့ နိုင်ငံ၌ ပရိနိဗ္ဗာန် ပြုတော်မူသည်။ သို့ဖြစ်၍ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ငါတို့သာ ရထိုက်သည်။ သင်တို့အား ခွဲဝေ၍ မပေးနိုင်ကုန်" ဟု ပြောဆိုလေသည်။

ထိုအခါ မင်းအပေါင်းတို့၏ ဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီးသည် မင်းအပေါင်းတို့ကို "မင်းအပေါင်းတို့ အကျွန်ုပ်၏ စကား တစ်ခွန်းကို နားထောင်ကြစမ်းပါ။ ကျွန်ုပ်တို့၏ ဆရာ မြတ်စွာဘုရားသည် 'သည်းခံခြင်းသည် အမြတ်ဆုံး ဟု ခန္တီဝါဒ' ကို လက်သုံးပြုတော်မူပါသည်။ ထိုကဲ့သို့ ခန္တီဝါဒကို လက်သုံးထားသည့် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေရေးအတွက် စစ်ပွဲ ဖြစ်ကြမည်ဆိုလျှင် ကောင်းဖွယ်ကို မမြင်ပါ။ သင်မင်းအပေါင်းတို့သည် ညီညီညွတ်ညွတ် ဝမ်းမြောက် ဝမ်းသာစွာဖြင့် သရီရဓာတ်တော်တို့ကို ရှစ်စု ရှစ်ပုံ ခွဲဝေ၍ လူအပေါင်းတို့ ပူဇော် ကြည်ညိုနိုင်ရန် တိုင်းနိုင်ငံအနှံ့ စေတီပုထိုးများ တည်ထား ကိုးကွယ်ကြပါ" ဟု ပြောဆိုလေသည်၊

ထိုသို့ ဒေါဏပုဏ္ဏားကြီး ပြောဆိုသည်ရှိသော် မင်းအပေါင်းတို့သည် သဘောတူ ကျေနပ် လက်ခံကြပြီးလျှင် ဆရာ ဒေါဏပုဏ္ဏားကြီးကိုပင် အညီအမျှ ရှစ်စုရှစ်ပုံ ခွဲဝေပေးပါရန် တောင်းပန်ကြသည်။ ထိုအခါ ဒေါဏပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင် မင်းအပေါင်းတို့အား တစ်ဆယ့်ခြောက်စလယ် (လေးပြည်) သော ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို တစ်ပြည်ထောင်လျှင် နှစ်စလယ်ကျနှုန်းဖြင့် အညီအမျှ ခွဲဝေပေးလေသည်။ ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်ခြင်သော ရွှေခွက်ကို မိမိအား ပေးပါရန် ပန်ကြားသဖြင့် ဓာတ်တော်ခြင်သော ရွှေခွက်ကို ပုဏ္ဏားကြီးအား ပေးကြသည်။ ဓာတ်တော်များကို ခွဲဝေပြီးမှ ရောက်လာကြကုန်သော ပိပ္ပလိဝနတိုင်းသား မောရိယမင်း

တို့သည်ကား အလောင်းတော် မီးသင်္ဂြိုဟ်အရပ်မှ မီးသွေးကို ယူဆောင်ကြသည်။

## စေတီတည်ထား၍ ပူဇော်ကြခြင်း

ရှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို အသီးသီး မိမိတို့ တိုင်းပြည်သို့ ပင့်ဆောင်၍ စေတီတည်ထားကာ ကိုးကွယ် ပူဇော်ကြသည်။ ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်ခြင်သော ရွှေခွက်ကို ဌာနပနာသွင်းကာ စေတီတည်ထား၍ ကိုးကွယ် ပူဇော်လေသည်။ ပိပ္ပလိဝနတိုင်းသား မောရိယမင်းတို့သည် အလောင်းတော် မီးသင်္ဂြိုဟ်ရာမှ ယူဆောင်ခဲ့သော မီးသွေးတို့ကို ဌာပနာသွင်းကာ စေတီတည်ထား၍ ကိုးကွယ် ပူဇော်ကြသည်။ ဤသို့လျှင် သရီရဓာတ်တော် စေတီရှစ်ဆူနှင့် ဓာတ်တော်ခြင်သည့် ရွှေခွက် စေတီတစ်ဆူ၊ မီးသွေး စေတီ တစ်ဆူအားဖြင့် စေတီ ဆယ်ဆူတို့သည် ကမ္ဘာလောက မြေအပြင်တွင် ထင်ရှားစွာ ဖြစ်ပေါ်လေသတည်း။ စွယ်တော်လေးဆူတို့တွင် တစ်ဆူကို တာဝတိံသာနတ်ပြည်၌ တာဝတိံသာနတ်တို့ ကိုးကွယ် ပူဇော်ကြသည်။ တစ်ဆူကို ဂန္ဓာရပြည်၌ ဂန္ဓာရ ပြည်သူ ပြည်သားတို့ ကိုးကွယ် ပူဇော်ကြသည်။ တစ်ဆူကို ကာလိင်္ဂတိုင်း၌ ကာလိင်္ဂမင်းနှင့် ပြည်သူတို့ ကိုးကွယ် ပူဇော်ကြသည်။ တစ်ဆူကိုမူ နဂါးပြည်၌ နတ်နဂါးတို့ ကိုးကွယ် ပူဇော်ကြသည်။

၁၃၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ ကြာသပတေးနေ့၊
နေ့လယ် ၃ နာရီ ၁၇ မိနစ် အချိန်တွင် ရေးသားစီကုံး၍
ပြီးဆုံးခြင်းသို့ ရောက်သည်။

# နိဂုံး

သိရီပဏ္ဍိတာဘိဝံသေန၊ ဗောဓျာရာမနိဝါသိနာ၊
ရစိတာယ မုသာဟေန၊ ဟိတာယ သဗ္ဗသာဓုနံ
ဋ္ဌမိနာ ပုညကမ္မေန၊ ဉာဏိဒ္ဓိကော ဘဝါဘဝေ၊
တေန ဉာဏဗ္ဗလေနေဝ၊ ဘဝေ ပရဟိတာဝဟံ၊

သိရီ– ကြက်သရေမင်္ဂလာ၊ ဝေဆာတင့်ဖြိုး၊ ကောင်းကျိုး ပြီးမြောက်ပါစေသော်။ ဗောဓျာရာမနိဝါသိနာ– မဟာဗောဓိဝိဟာရ နာမသမိုက် ကျောင်းတော်တိုက်၌ ယာပိုက်ရှင်ပြုး၊ သီတင်းသုံး နေထိုင် လေ့ရှိသော၊ ပဏ္ဍိတာဘိဝံသေန– ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ နာမမှည့်ခေါ် မထေရ်ကျော်သည်၊ သဗ္ဗသာဓုနံ– ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကို သိလိုကြွေား သူတော်စင် ဒကာ ဒကာမများတို့၏၊ ဟိတာယ–ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေခြင်းငှာ၊ ဥဿာဟေန– ကျမ်းဂန်အရပ်ရပ် မပြတ်ကြည့်လျက် အထပ်ထပ်စီရင် တီထွင်ကြိုးပမ်း လုံ့လစွမ်းဖြင့်၊ အယံဂန္ထော– ဒီပင်္ကရာ အစဖြာသည့် နှစ်ဆယ့်ငါးဆူသော ဘုရားရှင် တို့၏ ဘဝဖြစ်စဉ် ဗုဒ္ဓဝင်ကို၊ ရစိတော– ရေးသားတီထွင် စီရင်အပ် ခဲ့လေပြီတကား။

ဋ္ဌမိနာပုညကမ္မေန– ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကို စနစ်သစ်သွင် ခေတ်အမြင်ဖြင့် တီထွင်ရေးသား ဤကောင်းမှုများကြောင့်၊ ဘဝါဘဝေ– ဖြစ်လေရာရာ ဘဝသံသရာ၌၊ ဉာဏိဒ္ဓိကော– အသိဉာဏ်ထယ် စုံပြည့်ကြွယ်သည်၊ ဘဝေ ဘဝေယျံ– ဖြစ်ရပါလို၏၊ တေနဉာဏဗ္ဗလေ နေဝ– မသိမောဟ ကင်းရှင်းပ၍ အမြင်ထက်လျှမ်း ထိုအသိဉာဏ် အစွမ်းဖြင့်သာလျှင်၊ ပရဟိတာဝဟံ– အများသတ္တဝါ ဝေနေယျာတို့ ကောင်းစွာတိုးပွား အကျိုးများအောင် ရွက်ဆောင်နိုင်သည်။ ဘဝေ ဘဝေယျံ– ဖြစ်ရပါလို၏၊ ဝါ– ဖြစ်ရပါစေသား။

## မဟာဇယမင်္ဂလာ ၃၅ ဂါထာပါဠ်, နိဿယ

၁။ သိလာမယေ စတုပတ္တေ၊ မဟာရာဇေဟိ အာဘတေ။
ကတွာ ဧကံ ပဋိဂ္ဂဟိ၊ မဓုပိဏ္ဍံ တဟိံ ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂။ လဒ္ဓါနုတ္တရဓမ္မဿ၊ ဂမ္ဘီရတ္တာ လောကနာထော။
အပ္ပေါသုက္ကတမာပန္နော၊ ပါဏိနံ ဓမ္မဒေသနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃။ အဇ္ဈိဋ္ဌော ဗြဟ္မုနာ ဗုဒ္ဓေါ၊ ရမ္မေ ဗာရဏသီပုရေ။
ဓမ္မစက္ကံ ပဝတ္တေသိ၊ ပရိသာသု ဝိသာရဒေါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၄။ အညာသိ ကောဏ္ဍညမုခေ၊ ဘိက္ခူ ခိဏာသဝေ ဇိနော။
ဝိပ္ပါတုံ ဓမ္မဒူတေယျ၊ ဝိသဇ္ဇေသိ တဟိံ တဟိံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၅။ မာပယိတွာ ဓမ္မနာဝံ၊ ကတပုည မဟာဇနံ။
ဘဝဏ္ဏဝ မတာရေသိ၊ မဟာကာရုဏိကော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၆။ ဥရုဝေလံ ဇိနော ဂန္တွာ၊ အဇ္ဈေရံ ပါဋိဟာရိယံ။
ဒဿယိတွာ တဟိံ ဘိက္ခူ၊ ဒမေသိ ကဿပါဒိကေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၇။ သသာဝကော ဇိနော ဂန္တွာ၊ ရမ္မံ ရာဇဂဟံ ပုရံ။
ဗိမ္ဗိသာရံ သာရဏတ္ထ၊ မနုဂ္ဂဏှိ အဗောဓယိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၈။ ပဋိဂ္ဂဟိတော သမ္ဗုဒ္ဓေ၊ ရမ္မေ ဝေဠုဝနုတ္တမေ။
မဟာမဟိ အကမ္ပိတ္ထ၊ နစ္စမာနာဝ ပီတိယာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၉။ တတ္ထ ဝသံ ဝသိတ္ဝာန၊ နာထော ရာဇဂဟေ ပုရေ။
ဉာတိနံ သင်္ဂဟတ္ထာယ၊ အဂမံ ကပိလံ ပုရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၀။ ပါဋိဟိရံ ဇိနော ကတွာ၊ နဘော ရတနစင်္ကမေ။
သာကိယာနံ နရိန္ဒာနံ၊ အကါရိ မာနမဒ္ဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၁။ သံသာရသာဂရာ လောကံ၊ သန္တရန္တော သဒေဝကံ။
သာဝတ္ထိနာဂရေ ရမ္မေ၊ စိရကာလံ ဝသိ ဇိနော
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၂။ ကဏ္ဍမ္ဗရုက္ခမူလမှိ၊ ယမကံ ပါဋိဟာရိယံ။
ဒဿေတွာ တိတ္ထိယေ ဗုဒ္ဓေါ၊ ပလာပေသိ တဟိံ တဟိံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၃။ ပဒါနုဝီတိဟာရေဟိ၊ တဟိံ ဒေဝိဿရံ ပုရံ။
ပဋိဟိရာဝသာနမှိ၊ အဂမာသိ ဝရုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၄။ ဂန္တွာ ပုရိန္ဒဘဝနံ၊ မဟန္တေ ပဏ္ဍုကမ္ဗလေ။
နိသီဒိ ခုဒ္ဒကံပိ စ၊ ပတ္ထာရေ သိလာယတနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၅။ တာဝတိံသေ ဝသံ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရုဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၆။ တိဒသိန္ဒပုရေ ဝသံ၊ ဝသိ မာသတ္တယံ တဟိံ။
ဒေဝါနံ ဒေသယိ ဗုဒ္ဓေါ၊ အဘိမမ္မ မနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၇။ ဝုဋ္ဌဝုဿော ပဝါရေတွာ၊ မဏိနိဿေဏိနာမကေ။
ပဝတ္တမာနေ သက္ကရေ၊ မနုဿပထမာဂမိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၁၈။ ဒေါဝါရောဟနကာလမှိ၊ အာနုဘာဝေ မဟေသိနော။
ပဿိံသု ယေ တဒါ သဗ္ဗေ၊ ဗုဒ္ဓတ္တံ ပတ္ထယိံသု တေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၁၉။ သင်္ကဿနဂရဒွါရေ၊ ဓမ္မေ ဗုဒ္ဓေန ဒေသိတေ။
ဗဟူနံ ဇနကာယာနံ၊ ဓမ္မာဘိသမယော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၀။ ဝိဗ္ဘန္တိံ မဒဝေဂေန၊ နာဠာဂိရိဂဇိဿရံ။
မေတ္တာသမေန သမ္ဗုဒ္ဓေါ၊ နိမ္မာနံ အကရိ ဘုသံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၁။ ဝဓကေ ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထသမမာနသော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၂။ ယက္ခံ အာဠဝကံ ဗုဒ္ဓေါ၊ ဣဒ္ဓိမံ အတိကက္ခဠံ။
ဝေနေယျဥပဝိနေသိ၊ သောတာပတ္တိဖလုတ္တမေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၃။ နန္ဒောပနန္ဒဘောဂိန္ဒံ၊ ဥဂ္ဂတေဇံ မဟာဗလံ။
ဒမေတွာ ဥဂ္ဂတေဇေန၊ သရဏေသု ဝိယောဇယိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၄။ ဒတွော ယေ ဃာတနတ္ထာယ၊ ဇနေ ပေသေသိ စာပိနော။
တေသံ အာဒိဖလံ ဒတွာ၊ အဿာသေသိ ဝရုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၅။ မာဂဏ္ဍိတ္ထိမနာဒါယ၊ အက္ကောသေသိ ဗဟုဇနေ။
သဗ္ဗေဟိ ဒသဝတ္ထူဟိ၊ တံ သဟာသိ နရုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
၂၆။ စတုဒ္ဒိသာ ပဝါတေဟိ၊ ပဗ္ဗတောဝ အကမ္ပိယော။
အကမ္ပနိယော သမ္ဗုဒ္ဓေါ၊ လောကဓမ္မေဟိ အဋ္ဌဟိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂၇။ ဓမ္မာဓိပတိနော ပါဒေ၊ ဖုလ္လပင်္ကဇမာရုဟော။
ဒိသာ တေ သဗ္ဗသော သဗ္ဗေ၊ အယံ လောကေ အသင်္ကရော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂၈။ မုနိန္ဒော မူလဘာသာယ၊ ဓမ္မံ ဒေသေသိ ဥတ္တမံ။
တံ သုတွာ ပဋိပဇ္ဇန္တိ၊ သကာဘာသာယ တေ ဇနာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂၉။ သဒ္ဓမ္မဒေသနာကာလေ၊ ပိဋ္ဌိဘာဂမှိ နိသိန္နာ။
ပုဏ္ဏစန္ဒာဝ ဂဂနေ၊ မုခံ ပဿန္တိ သတ္ထုနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၀။ အာဘာဝဂ္ဂါ နိသိန္နာသု၊ ပရိသာသု ဝိနာယကော။
စိတ္တေ ဂဟေတွာ ဒေသေသိ၊ ဓမ္မံ တေသံ ဝိသုံ ဝိသုံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၁။ အစိန္တိယ ပဘာဝဿ၊ ဥတ္တမင်္ဂ မဟေသိနော။
ပဿိတုံ နေဝ သက္ကောန္တိ၊ ဗြဟ္မာလောကဂတာ အပိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၂။ ဗုဒ္ဓေါ ယံ ဒေသယိ ဓမ္မံ၊ အနုကမ္ပာယ ပါဏိနံ။
တံ သုတွာ ပဋိပဇ္ဇန္တိ၊ သဗ္ဗဒုက္ခာ ပမောစယ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၃။ ဉာတော သဗ္ဗတ္ထ သမ္ဗုဒ္ဓေါ၊ သဒ္ဓမ္မော စ တမောနုဒေါ။
သံဃော သုပ္ပဋိပန္နော စ၊ သန္တိ အဝိတထံ ဓုဝံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၄။ ဇာတိဒုက္ခပရေတာနံ၊ ဗုဒ္ဓေါဒိရတနတ္တယံ။
သဗ္ဗဒါ သဗ္ဗပါဏီနံ၊ တာဏံ လေဏံ ပရာယဏံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃၅။ ဇယန္တော ဗောဓိယာ မူလေ၊ သတျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၁။ သိလာမယေ စတုပတ္တေ၊ မဟာရာဇေဟိ အာဘတေ။
ကတွာ ဧကံ ပဋိဂ္ဂဟိ၊ မဓုပိဏ္ဍံ တပဿိဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော– ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ တပဿိ– လင်းလွန်း ပင်ရင်းဝယ် စံနေတော်မူရာ ထိုအခါ၌၊ မဟာရာဇေဟိ– နတ်မင်းကြီး လေးယောက်တို့သည်၊ အာဘတေ– ဆောင်ယူဆက်ကပ်အပ်ကုန်သော၊ သိလာမယေ– ပဲနောက်အဆင်းဓာတ် ကျောက်ရတနာမြတ်ဖြင့် ပြုလုပ် အပ်ကုန်သော၊ စ တုပတ္တေ– သပိတ်ကြီး လေးလုံးတို့ကို၊ ဧကံကတွာ– တစ်လုံးတည်း ဖြစ်အောင် ဖန်ဆင်း ပြုလုပ်တော်မူ၍၊ မဓုပိဏ္ဍံ– တပုဿနှင့် ဘလ္လိကညီနောင် လှူဒါန်း ပျားမုန့်ဆွမ်းကို၊ ပဋိဂ္ဂဟိ– ခံယူတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ် သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေ သတည်း။

၂။ လဒ္ဓါနုတ္တရမ္မဿ၊ ဂမ္ဘီရတ္တာ လောကနာထော။
အပ္ပေါသုက္ကတမာပန္နော၊ ပါဏိနံ ဓမ္မဒေသနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

လောကနာထော– လူသုံးပါးတို့၏ ကိုးစားရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ လဒ္ဓါနုတ္တရမ္မဿ– မိမိ ရအပ် သိအပ်သော နိဗ္ဗာနဓာတ် တရားမြတ်၏၊ ဂမ္ဘီရတ္တာ– အလွန် နက်ခဲ ခက်ခဲသည်၏ အဖြစ်ကြောင့်၊ ပါဏိနံ– လုံးစုံများစွာ သတ္တဝါတို့အား၊ ဓမ္မဒေသနေ– တရားတော်ကို ဟောတော်မူခြင်း၌၊ အပ္ပေါသုက္ကတံ– ကြောင့်ကြ အားထုတ်ခြင်း မရှိသည်၏ အဖြစ်သို့၊ အာပန္နော– ရောက်တော်မူလေ ပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကား ကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင် ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၃။ အစ္ဆိစ္ဆော ဗြဟ္မုနာ ဗုဒ္ဓေါ၊ ရမ္မေ ဗာရဏသိပုရေ။
ဓမ္မစက္ကံ ပဝတ္တေသိ၊ ပရိသာသု ဝိသာရဒေါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓေါ– သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ ဗြဟ္မုနာ– သဟမ္ပတိဟု– နာမထင်လင်း မဟာဗြဟ္မာမင်းသည်၊ အစ္ဆိစ္ဆော– လျှောက်ထား တောင်းပန်အပ်သည်ဖြစ်၍၊ ရမ္မေ– မွေ့လျော်ဖွယ် ကောင်းသော၊ ဗာရဏသိပုရေ– ဗာရာဏသီပြည်အနီး မိဂဒါဝုန် တောကြီးအတွင်း၌၊ ပရိသာသု– ဝန်းကျင်ရံပတ် ပရိသတ်တို့၌၊ ဝိသာ ရဒေါ– ရဲရဲရင့်ရင့်၊ ဓမ္မစက္ကံ– ဓမ္မစကြာတရားမြတ် ဒေသနာကို၊ ပဝတ္တေသိ– ဟောကြားတော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါ စေသတည်း။

၄။ အညာသိ ကောဏ္ဍညမုခေ၊ ဘိက္ခူ ခိဏာသဝေ ဇိနော။
ဝိပ္ပါတုံ ဓမ္မဒူတေယျ၊ ဝိသဇ္ဇေသိ တဟိံ တဟိံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော– ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ အညာသိ ကောဏ္ဍညမုခေ– အညာသိကောဏ္ဍညထေရ် အမှူးရှိကုန်သော၊ ဘိက္ခူ– သားချစ်ထေရ်မော် ရဟန်းတော်တို့ကို၊ ဓမ္မ ဒူတေယျ– တရားတမန်၏ အဖြစ်ကို (ဝါ) ဘုရားရှင်၏ တရားဒေသနာတော်တို့ကို အနယ်နယ် အစို့စို့ အမြို့မြို့ အရွာရွာတို့၌ လှည့်လည် ဖြန့်ချိခြင်း ဟူသော သာသနာပြုလုပ်ငန်းကို၊ ဝိပ္ပါတုံ– ပျံ့နှံ့စေခြင်းငှာ၊ တဟိံ တဟိံ– ဝန်းကျင်ပတ်ချာ ထိုထိုအရပ်မျက်နှာသို့၊ ဝိသဇ္ဇေသိ– စေလွှတ်တော် မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာ စကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံ ခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၅။ မာပယိတွာ ဓမ္မနာဝံ၊ ကတပုည မဟာဇနံ။
ဘဝဏ္ဏဝံ မတာရေသိ၊ မဟာကာရုဏိကော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မဟာကာရုဏိကော- ကြီးမြတ်သောကရုဏာ ရှိတော်မူသော၊ ဇိနော- ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ ဓမ္မနာဝံ- မဂ္ဂင်ရှစ်ဖော် တရားတော် တည်းဟူသော လှေသဘော်ကို၊ မာပယိတွာ- လုံ့လ ကြိုးကုတ် အားထုတ်ဖန်တီး ပြုလုပ်တော်မူပြီး၍၊ ကတပုညမဟာဇနံ- ပြုလုပ်ခဲ့ပြီး ပါရမီကောင်းမှုရှိကြား သတ္တဝါအများကို၊ ဘဝဏ္ဏဝံ- ဘဝ ခန္ဓာ ရှည်လျားလှစွာသော သမုဒ္ဒရာကို၊ အတာရေသိ- ကူးမြောက်စေ တော်မူပြီ။ ဧတေနသစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာ စကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၆။ ဥရုဝေလံ ဇိနော ဂန္တွာ၊ အစ္ဆေရံ ပါဋိဟာရိယံ။
ဒဿယိတွာ တဟိံ ဘိက္ခူ၊ ဒမေသိ ကဿပါဒိကေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော- ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ ဥရုဝေလံ- လွန်စွာ သာမော ဥရုဝေလတောသို့၊ ဂန္တွာ- ရွှေစက်နှစ်လီ ဖြန့်ချီ ကြွသွားတော် မူ၍၊ အစ္ဆေရံ- အလွန်အံ့ဩဖွယ်ကောင်းသော၊ ပါဋိဟာရိယံ- တန်ခိုး ပြာဋိဟာ အဖြာဖြာကို၊ ဒဿယိတွာ- ပြတော်မူပြီး၍၊ ကဿပါဒိကေ- ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ စသည့် သုံးဦး အမှူး ရှိကုန်သော၊ ဘိက္ခူ- တစ်ထောင်ပိုင်းခြား ရသေ့ ရဟန်းတော်များကို၊ ဒမေသိ- ချေချွတ် ဆုံးမတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါ စေသတည်း။

၇။ သသာဝကော ဇိနော ဂန္တွာ၊ ရမ္မံ ရာဇဂဟံ ပုရံ။
ဗိမ္ဗိသာရံ သာရဉာတ္တံ၊ မနုဂန္တွာ အဗောဓယိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သသာဝကော– တပည့်သားသံဃာနှင့် တကွသော၊ ဇိနော– ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ ရမ္မံ– မွေ့လျော်ဖွယ်ကောင်းသော၊ ရာဇဂဟပုရံ– တောင်ငါးလုံးကာခြံ ရာဇဂြိုဟ်ပြည်သို့၊ ဂန္တွာ– ရွှေစက်နှစ်လီ ဖြန့်ချီ ကြွသွားတော်မူ၍၊ ဗိမ္ဗိသာရံ– ဘုရင်ဗိမ္ဗိသာရကို၊ သာရဉာတ္တံ– သတိတရား ဖြစ်ပွား ရရှိပါစေခြင်းအကျိုးငှာ၊ အနုဂန္တွာ– အစဉ်လျောက်၍ သိခြင်းအကျိုးငှာ၊ အဗောဓယိ– တရားအမြိုက်ဆေးကို တိုက်ကျွေး သိစေတော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန– ဤသို့မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၈။ ပဋိဂ္ဂဟိတေ သမ္ဗုဒ္ဓေ၊ ရမ္မေ ဝေဠုဝနုတ္တမေ။
မဟာ မဟီ အကမ္ပိတ္ထ၊ နစ္စမာနာဝ ပီတိယာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သမ္ဗုဒ္ဓေ– မြတ်စွာဘုရားသခင်သည်၊ ရမ္မေ– နှလုံးမွေ့လျော်ဖွယ်ကောင်းသော၊ ဥတ္တမေ– ကောင်းမြတ်လှစွာသော၊ ဝေဠုဝနေ– ဝေဠုဝန်မည်ဟည်း ဝါးတောဥယျာဉ်ကြီးကို၊ ပဋိဂ္ဂဟိတေ– ခံယူတော်မူသည်ရှိသော်၊ ပီတိယာ– နှစ်သက် ဝမ်းမြောက်ခြင်းကြောင့်၊ နစ္စမာနာဝ– ကခုန်မြူးထူးသကဲ့သို့၊ မဟာမဟီ– လွန်စွာသိပ်သည်း မဟာပထဝီမြေကြီးသည်၊ အကမ္ပိတ္ထ– တုန်လှုပ်လေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၉။ တတ္ထ ဝသံ ဝသိတ္វာန၊ နာထော ရာဇဂဟေ ပုရေ။
ဉာတီနံ သင်္ဂဟတ္ထာယ၊ အဂမံ ကပိလံ ပုရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

နာထော- ကိုးစားရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ တတ္ထ ရာဇဂဟပုရေ- ထို ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန် ဥယျာဉ်တော်ကြီး၌၊ ဝသံ ဝသိတွာန- ချမ်းမြေ့ကြည်ဖြူ ဝါကပ်တော်မူပြီး၍၊ ဉာတီနံ- ဆွေမျိုးအပေါင်းတို့ကို၊ သင်္ဂဟတ္ထာယ- ကောင်းစွာ ထောက်ပံ့ ချီးမြှောက်ခြင်း အကျိုးငှာ၊ ကပိလပုရံ- မွေးရပ်ဌာနီ ကပိလဝတ် နေပြည်တော်သို့၊ အဂမာသိ- ကြွသွားတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၁၀။ ပါဋိဟီရံ ဓိနော ကတွာ၊ နဘေ ရတနစင်္ကမေ။
သာကိယာနံ နရိန္ဒာနံ၊ အကိရိ မာနမဒ္ဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဓိနော- ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ နဘေ- အာကာဝေဟင် ထက်ကောင်းကင်ဝယ်၊ ရတနစင်္ကမေ- ရတနာရောင်တို့ဖြင့် ထိန်ပြောင်းဝင်းလျှံ ရတနာစင်္ကြံ၌၊ ပါဋိဟီရံ- ရေမီးအစုံစုံ တန်ခိုး ပြာဋိဟာ အဖုံဖုံကို၊ ကတွာ- ပြသခြင်းအမှု ကောင်းစွာ ပြုတော်မူ၍၊ သာကိယာနံ နရိန္ဒာနံ- သာကီမျိုးဇာတ် လူမင်းမြတ်တို့၏၊ မာနမဒ္ဒနံ- ထောင်လွှားတက်ကြွ မာန်မာန ချိုးနှိမ်ခြင်းကို၊ အကရိ- ပြုတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၁၁။ သံသာရသာဂရာ လောကံ၊ သန္တရန္တော သဒေဝကံ။
သာဝတ္ထိနာဂရေ ရမ္မေ၊ စိရကာလံ ဝသိ ဓိနော
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော– ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ သံသာရသာဂရာ– ရှည်လျားလှစွာ ဘဝသံသရာ တည်းဟူသော သမုဒ္ဒရာမှ၊ သဒေဝကံ– နတ်နှင့် တကွသော၊ လောကံ– လူအပေါင်းကို၊ သန္တရန္တော– ကောင်းစွာ ထုတ်ယူ ကယ်ဆယ်တော်မူလျက်၊ ရမ္မေ– နှလုံးမွေ့လျော် ပျော်ဖွယ် ကောင်းသော၊ သာဝတ္ထိနဂရေ– သာဝတ္ထိမြို့ အနီး ဇေတဝန် ကျောင်းတော်ကြီး၌၊ စိရကာလံ– ကြာမြင့်စွာသော နှစ် လ ပတ်လုံး၊ ဝသိ– သီတင်းသုံး နေတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်။ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၁၂။ ကဏ္ဍမ္ဗရုက္ခမူလမှိ၊ ယမကံ ပါဋိဟာရိယံ။
ဒဿေတွာ တိတ္ထိယေ ဗုဒ္ဓေါ၊ ပလာပေသိ တဟိံ တဟိံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓေါ– သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ ကဏ္ဍမ္ဗရုက္ခမူလမှိ– ကဏ္ဍမည်ထူး ဥယျာဉ်မှူးသည် စိုက်ပျိုးလေခြင်း အကြောင်းရင်းကြောင့် ကဏ္ဍမည်သော သရက်ဖြူပင်အရင်း၌၊ ယမကံ– ရေမီးအစုံစုံသော၊ ပါဋိဟာရိယံ– တန်ခိုးပြာဋိဟာကို၊ ဒဿေတွာ– ရှင်လန်းကြည်ဖြူ ပြသတော်မူ၍၊ တိတ္ထိယေ– အယူသောင်းပြောင်း တိတ္ထိအပေါင်းတို့ကို၊ တဟိံ တဟိံ– ထိုထိုအရပ်ဒေသသို့၊ ပလာပေသိ– ပြေးသွားစေတော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၁၃။ ပဒါနုဝိတိဟာရေဟိ၊ တဟိံ ဒေဝိဿရံ ပုရံ။
ပဋိဟီရာဝသာနမှိ၊ အဂမာသိ ဝရုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဝရုတ္တမော- မြင့်မြတ်သူတို့ထက် အထူးသဖြင့် မြင့်မြတ်တော်မူသော မြတ်စွာဘုရားသည်၊ ပဋိဟိရာဝသာနမှိ- တန်ခိုးပြာဋိဟာ ပြတော်မူပြီးသည်၏ အဆုံး၌၊ ပဒါနဝီတိဟာရေဟိ- နှစ်လှမ်း သုံးဖဝါး လှမ်းကြွသွားခြင်းတို့ဖြင့်၊ တဟိံ ဒေဝိသဓရံပုရံ- သိကြားမင်းစံမြန်း ထို တာဝတိံသာ ဘုံကြငှန်းသို့၊ အဂမာသိ- တက်လှမ်း ကြွသွားတော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၁၄။ ဂန္တွာ ပုရိန္ဒဘဝနံ၊ မဟာန္တေ ပဏ္ဍုကမ္ဗလေ။
နိသီဒိ ခုဒ္ဒကံပိ စ၊ ပတ္ထာရေ သိလာယတနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ပုရိန္ဒဘဝနံ- တာဝတိံသာဘုံနန်း နတ်ကြငှန်းသို့၊ ဂန္တွာ- ကြွသွားတော်မူပြီး၍၊ ပတ္ထာရေ- လွန်စွာတင့်တယ် အပြန့်ကျယ်သော၊ သိလာယတနေ- ဣန္ဒနီလာ မြကျောက်နေရာဖြစ်သော၊ မဟန္တေ- ကြီးမြတ် ကောင်းမွန်လှစွာသော၊ ပဏ္ဍုကမ္ဗလေ- ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌၊ ခုဒ္ဒကံပိစ- ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာကို သေးငယ်သည့်အသွင် ထင်မြင် ယူဆရလောက်အောင်လည်း၊ နိသီဒိ- ကြီးမား ခန့်ထည် တင့်တယ်စွာ ထိုင်နေတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော် အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၁၅။ တာဝတိံသေ ဝသံ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ပုရိသုတ္တမော- ယောကျာ်းတကာတို့ထက် မြတ်တော်မူသော၊ ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ တာဝတိံသေ- တာဝတိံသာဘုံနန်း

နတ်ကြွငှန်း၍၊ ပါရိဆတ္တကမူလမှ– စည်ပင်ပွားစည်း ပင်လယ် ကသစ်ပင်ကြီး အရင်း၌၊ သိလာယံ ပဏ္ဍုကမ္ဗလေ– ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌၊ ဝဿံ– ဝါတွင်းသုံးလပတ်လုံး၊ ဝိဟာသိ– နေထိုင် သီတင်းသုံးတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၁၆။ တိဒသိန္ဒပုရေ ဝဿံ၊ ဝသိ မာသတ္တယံ တဟိံ။
ဒေဝါနံ ဒေသယိ ဗုဒ္ဓေါ၊ အဘိမမ္မ မနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓေါ–သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ တဟိံ တိဒသိန္ဒပုရေ– သုံးကျိပ်နတ်များ ပျော်ပါးစံရာ ထိုတာဝတိံသာ၌၊ မာသတ္တယံ– ဝါတွင်းသုံးလပတ်လုံး၊ ဝဿံ ဝသိ– ယာပထရွှင်ပြုံး ဝါကပ်သီတင်းသုံးတော်မူပြီ၊ ဝဿံ ဝသိတွာ– ဝါကပ်တော်မူ၍၊ ဒေဝါနံ– နတ်ဗြဟ္မာအများတို့အား၊ အနုတ္တရံ– လွန်ကဲထူးမြတ်လှစွာသော၊ အဘိဓမ္မံ– အဘိဓမ္မာ တရားဒေသနာတော်ကို၊ ဒေသယိ– ဟောကြားတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၁၇။ ဝုဋ္ဌဝုဿော ပဝါရေတွာ၊ မဏိနိဿေဏိနာမကော။
ပဝတ္တမာနေ သက္ကရေ၊ မနုဿပထမာဂမိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္

ဗုဒ္ဓေါ– သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ ဝုဋ္ဌဝဿော– ဝါကျွတ်သည်ဖြစ်၍၊ ပဝါရေတွာ– နတ်အများအား ပန်ကြား ပြောဆို၍၊ မဏိနိဿေဏိနာမကော– ပတ္တမြားသွယ်တန်း မြတ်စောင်းတန်းလှေကား၌၊ သက္ကရေ– ပူဇော်သက္ကာရကို၊ ပဝတ္တမာနေ–

ခမ်းနားကြီးကျယ် ခန့်ထည်စွာ ဆင်ယင်ကျင်းပလျက်၊ မနုဿပထံ– လူ့ရွာခရီးသို့၊ အဂမိ– ပြန်ကြွတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော် အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၁၈။ ဒေါဝေါရောဟနကာလမှိ၊ အာနုဘာဝေ မဟေသိနော။
ပဿိံသု ယေ တဒါ သဗ္ဗေ၊ ဗုဒ္ဓတ္တံ ပတ္ထယိံသု တေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဒေဝေါရောဟနကာလမှိ– တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူရာ အချိန်အခါ၌၊ မဟေသိနော– မြတ်စွာဘုရား၏၊ အာနုဘာဝေ– တန်ခိုးရှိန်စော် အာနုဘော်တို့ကို၊ ယေ– အကြင် လူနတ်ဗြဟ္မာ သတ္တဝါတို့သည်၊ ပဿိံသု– ကိုယ်တိုင်ဒိဋ္ဌ ဖူးမြင်ကြရကုန်၏။ တဒါ– ကိုယ်တိုင်မျက်မှောက် ဖူးခွင့်ရောက်ရာ ထိုအခါ၌၊ သဗ္ဗေ– အလုံးစုံကုန်သော၊ တေ– ထို လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်၊ ဗုဒ္ဓတ္တံ– ဘုရားဖြစ်ကြောင်း ဆုမွန်ကောင်းကို၊ ပတ္ထယိံသု– ဆုထူးပန်သတောင့်တကြကုန်ပြီ။ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၁၉။ သင်္ကဿနဂရဒွါရေ၊ ဓမ္မေ ဗုဒ္ဓေန ဒေသိတေ။
ဗဟူနံ ဇနကာယာနံ၊ ဓမ္မာဘိသမယော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သင်္ကဿနဂရဒွါရေ– သင်္ကဿမည်ဟီး မြို့တံခါးအနီး၌၊ ဗုဒ္ဓေန– သစ္စာသိမြင် ဘုရားရှင်သည်၊ ဓမ္မေ–သိမှတ်ဖွယ် အထွေထွေ တရားဓမ္မအမွေကို၊ ဒေသိတေ– ဟောဖော်ညွှန်ပြ ဆုံးမတော်မူအပ်သည် ရှိသော်၊ ဗဟူနံ ဇနကာယာနံ– များစွာသောင်းသောင်း လူအပေါင်းတို့၏၊

ဓမ္မာဘိသမယော- တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်၊ အဟု- ဖြစ်လေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၂၀။ ဝိဗ္ဘန္တံ မဒဝေဂေန၊ နာဠာဂိရိဂဇိဿရံ။
မေတ္တာသမေန သမ္ဗုဒ္ဓေါ၊ နိမ္မာနံ အကရိ ဘုသံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သမ္ဗုဒ္ဓေါ- မဖောက်မပြန် အမှန်သိမြင် ဘုရားရှင်သည်၊ မဒဝေဂေန- မာန်အဟုန်ဖြင့်၊ ဝိဗ္ဘန္တံ- ပြေးထွက်၍လာသော၊ နာဠာဂိရိဂဇိဿရံ- နာဠာဂီရိမည်သော ဆင်မင်းကို၊ မေတ္တာသမေန- မေတ္တာတရားမြတ် အငြိမ်းဓာတ်ဖြင့်၊ ဘုသံ- အလွန့်အလွန်၊ နိမ္မာနံ- မာနကင်းကွာ လိမ္မာသည်ကို၊ အကရိ- ပြုတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၂၁။ ဝဓကေ ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထသမမာနသော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဝဓကေ- သေအောင်စီမံ သေကြောင်းကြံသော၊ ဒေဝဒတ္တမှိ- ရှင်ဒေဝဒတ်၌ လည်းကောင်း၊ စောရေအင်္ဂုလိမာလကေ- အင်္ဂုလိမာလ နာမမှည့်ခေါ် သူခိုးကျော်၌ လည်းကောင်း၊ ဓနပါလေ- ဓနပါလ မည်လျှမ်း ဆင်ဆိုးဆင်ကြမ်း၌ လည်းကောင်း၊ ရာဟုလေစ- ရင်နှစ် သည်းချာ သားတော် ရာဟုလာ၌ လည်းကောင်း၊ သဗ္ဗတ္ထ- လုံးစုံများစွာ သတ္တဝါတို့၌၊ သမမာနသော- တူမျှသောစိတ် ရှိတော်မူ၏။ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၂၂။ ယက္ခံ အာဠဝကံ ဗုဒ္ဓေါ၊ ဣဒ္ဓိမံ အတိကက္ခဠံ။
ဝေနေယျဥ္စုပဝိနေသိ၊ သောတာပတ္တိဖလုတ္တမေ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓေါ– သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ ဣဒ္ဓိမံ– တန်ခိုးရှိန်စော် အာနုဘော်ကြီးသော၊ အတိကက္ခဠံ– အလွန် ကြမ်းတမ်းစွာသော၊ ဝေနေယျံ– ဆုံးမဖို့ရာ ထိုက်ကောင်းပါသော၊ အာဠဝကယက္ခံ– အာဠာဝက နာမမည်ထူး နတ်ဘီလူးကို၊ ဥတ္တမေ– မြတ်လှစွာသော၊ သောတာပတ္တိဖလေ– သောတာပတ္တိဖိုလ်၌၊ ဥပဝိနေသိ– ကပ်၍ တည်အောင် ဆွဲဆောင် ဆုံးမတော်မူလေပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၂၃။ နန္ဒောပနန္ဒဘောဂဠံ၊ ဥဂ္ဂတေဇံ မဟဗ္ဗလံ။
ဒမေတွာ ဥဂ္ဂတေဇေန၊ သရဏေသု ဝိယောဇယိ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဘဂဝါ– ဘုန်းတော်သခင် ဘုရားရှင်သည်၊ ဥဂ္ဂတေဇံ– ပြင်းထန်ထက်မြက်သော တန်ခိုးရှိသော၊ မဟဗ္ဗလံ– ကြီးမားသော စွမ်းအားရှိသော၊ နန္ဒောပနန္ဒဘောဂဠံ– နန္ဒောပနန္ဒမည်သော နဂါးမင်းကို၊ ဥဂ္ဂတေဇေန– ပို၍ ပြင်းထန် တန်ခိုးလျှံဖြင့် ဒမေတွာ၊ ချေချွတ် ဆုံးမတော်မူ၍၊ သရဏေသု– သုံးပါးအစုံ မြတ်သရဏဂုံတို့၌၊ ဝိယောဇေသိ– ကောင်းစွာမသွေ ယှဉ်စေတော်မူလေပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၂၄။ ဒတွော ယေ ယာတနတ္ထာယ၊ ဇနေ ပေသေသိ စာပိနော။
တေသံ အာဒိဖလံ ဒတွာ၊ အဿာသေသိ ဝရုတ္တမော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဒတွော– ဒေဝဒတ်သည်၊ ဃာတနတ္တာယ– ဘုရားရှင်ကို သတ်ဖြတ်ရန်အလို့ငှာ၊ စာပိနော– လေးသမားဖြစ်ကုန်သော၊ ယေဇနေ– အကြင်လူတို့ကို၊ ပေသေသိ– စေလွှတ်ပြီ၊ ဝရတ္တမော– အမြတ်ထွတ်တင် ဘုရားရှင်သည်၊ တေသံ– ထို လေးသမားဖြစ်ကြား လူအများတို့အား၊ အာဒိဖလံ– သောတာပတ္တိဖိုလ်ကို၊ ဒတွာ– မေတ္တာပွားကာ ပေးသနားတော်မူ၍၊ အဿာသေသိ– သက်သာရာ ရစေပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၂၅။ မာဂဏ္ဍိတ္ထိမနာဒါယ၊ အက္ကောသေသိ ဗဟုဇနေ။
သဗ္ဗေဟိ ဒသဝတ္ထူဟိ၊ တံ သဟာသိ နရုတ္တမော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မာဂဏ္ဍိတ္ထိ– ဥတေနမင်း၏ ကြင်ယာတော်သက်ထား မာဂဏ္ဍီ မိဖုရားသည်၊ အနာဒါယ– မရှိမသေ မလေးစား မကြည်ညိုသောအားဖြင့်၊ ဗဟုဇနေ– အရက်မူးသူ များစွာသောလူတို့ကို၊ သဗ္ဗေဟိ– အလုံးစုံကုန်သော၊ ဒသဝတ္ထူဟိ– ဆယ်မျိုးအစုံ ဆဲရေးစရာ အဖုံဖုံတို့ဖြင့်၊ အက္ကောသေသိ– ဆဲရေးစေပြီ၊ တံ– ထို ဆဲရေးခြင်းအမှုကို၊ နရုတ္တမော– လူမင်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သဟာသိ– သည်းခံတော်မူလေပြီ၊ တေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၂၆။ စတုဒ္ဒိသာ ပဝါတေဟိ၊ ပဗ္ဗတောဝ အကမ္ပိယော။
အကမ္ပနိယော သမ္ဗုဒ္ဓေါ၊ လောကဓမ္မေဟိ အဋ္ဌဟိ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ပဗ္ဗတော– တောင်မင်းသည်၊ စတုဒ္ဒိသာ– ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာမှ၊ ပဝါတေဟိ– ပြင်းစွာ တိုက်ခတ်အပ်ကုန်သော

လေပြင်း လေမုန်တိုင်းတို့ကြောင့်၊ အကမ္ပိယောဏ္ဏဝ- မတုန်လှုပ်သကဲ့သို့၊ သမ္ဗုဒ္ဓေါ- မဖောက်မပြန် အမှန်သိမြင် ဘုရားရှင်သည်၊ အဋ္ဌဟိ- ရှစ်ပါးကုန်သော၊ လောကဓမ္မေဟိ- ကောင်းဆိုးနှစ်ဖုံလောကဓံမျိုးစုံတို့ကြောင့်၊ အကမ္ပနိယော- တုန်လှုပ်တော်မမူ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၂၇။ ဓမ္မာဓိပတိနော ပါဒေ၊ ဖုလ္လပင်္ကဇမာရုဟေ။
ဒိသာ တေ သဗ္ဗသော သဗ္ဗေ၊ အယံ လောကေ အသင်္ကရော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဖုလ္လပင်္ကဇံ- ကားကားစွင့်စွင့် ကောင်းစွာပွင့်သော ကြာပန်းပေါ်သို့၊ အာရုဟေ- တက်ရောက်တော်မူသော၊ ဓမ္မာဓိပတိနော- တရားမင်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ပါဒေ- ခြေတော်၌၊ သဗ္ဗသော- အချင်းခပ်သိမ်း၊ သဗ္ဗေ- အလုံးစုံကုန်သော၊ တေဒိသာ- ထို အရပ်မျက်နှာ၌ တည်သော၊ အယံလောကော- ဤ သြကာသလောက နာမမည်ဟည်း မဟာပထဝီမြေကြီးသည်၊ အသင်္ကရော- ရောယှက် ထိစပ်ခြင်းမရှိ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၂၈။ မုနိန္ဒော မူလဘာသာယ၊ ဓမ္မံ ဒေသေသိ ဥတ္တမံ။
တံ သုတွာ ပဋိပဇ္ဇန္တိ၊ သကာဘာသာယ တေ ဇနာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မုနိန္ဒော- မုနိထွတ်တင် ဘုရားရှင်သည်၊ မူလဘာသာယ- အစဖြစ်ရာ ပါဠိဘာသာဖြင့်၊ ဥတ္တမံ- လွန်ကဲထူးမြတ်လှစွာသော၊ ဓမ္မံ-

တရားတော်မြတ်ကို၊ ဒေသေသိ– ဟောကြားတော်မူ၏။ တံ– ထို တရားဒေသနာတော်ကို၊ သုတွာ– ကြားနာရ၍၊ တေဇနာ– ကြားနာ ရသူ များဗိုလ်လူတို့သည်၊ သကဘာသာယ– မိမိတို့၏ ဘာသာစကား ဖြင့်၊ ပဋိပဇ္ဇန္တိ– သိကုန် ကျင့်ကုန်၏၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၂၉။ သဒ္ဓမ္မဒေသနာကာလေ၊ ပိဋ္ဌိဘာဂမှိ နိသိန္နာ။
ပုဏ္ဏစန္ဒာဝ ဂဂနေ၊ မုခံ ပဿန္တိ သတ္ထုနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သဒ္ဓမ္မဒေသနာကာလေ– မြတ်စွာဘုရား တရားဟောကြားတော်မူရာ အချိန်အခါ၌။ ပိဋ္ဌိဘာဂမှိ– မြတ်စွာဘုရား နောက်တော်ပါး၌။ နိသိန္နာ– ထိုင်၍ တရားနာကြသူတို့သည်၊ ဂဂနေ– ဟင်းလင်းအပြင် ထက်ကောင်းကင်၌၊ ပုဏ္ဏစန္ဒံ– အိအိရွှန်ရွှန်း လပြည့်ဝန်းကို၊ ပဿန္တိ ဣဝ– ရှုမြင်ကြရကုန်သကဲ့သို့၊ သတ္ထုနော– မြတ်စွာဘုရား၏၊ မုခံ– ရွှေမျက်နှာတော်ကို၊ ပဿန္တိ– ဖူးမြင်ကြရကုန်၏၊ ဧတေန သစ္စဝဇ္ဇေန– ဤသို့မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော် အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၃၀။ အာဘဝဂ္ဂါ နိသိန္နာသု၊ ပရိသာသု ဝိနာယကော။
စိတ္တေ ဂဟေတွာ ဒေသေသိ၊ ဓမ္မံ တေသံ ဝိသုံ ဝိသုံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဝိနာယကော– သတ္တဝါတို့ကို ဆုံးမပေတတ် ဘုရားမြတ်သည်၊ အာဘဝဂ္ဂါ– ဘဝဆုံးရာ နေဝသညာနာသညာယတနဘုံ အထိ၊ နိသိန္နာသု– ထိုင်နေကြကုန်သော၊ ပရိသာသု– ရေတွက်မရ များပြား

လှစွာသော ပရိသတ်တို့၌၊ စိတ္တေ ဂဟေတွာ- စိတ်၌ စွဲယူမှတ်သား၍၊ တေသံ- ထိုပရိသတ်တို့အား၊ ဝိသုံ ဝိသုံ- အသီး အသီး တစ်မျိုးစီ တစ်မျိုးစီ၊ ဓမ္မံ- တရားဒေသနာတော်ကို၊ ဒေသေသိ- ဟောကြားတော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော် အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၃၁။ အစိန္တိယ ပဘာဝဿ၊ ဥတ္တမင်္ဂံ မဟေသိနော။
ပဿိတုံ နေဝ သက္ကောန္တိ၊ ဗြဟ္မာလောကဂတာ အပိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

အစိန္တိယ ပဘာဝဿ- မကြံစည်အပ် မကြံစည်နိုင်သော တန်ခိုးအာနုဘော် ရှိတော်မူသော၊ မဟေသိနော- မြတ်စွာဘုရား၏၊ ဥတ္တမင်္ဂံ- အမြတ်အင်္ဂါ ဦးခေါင်းရတနာကို၊ ဗြဟ္မလောကဂတာအပိ- ဗြဟ္မာ့ဘုံ၌ တည်နေကုန်လျက်လည်း၊ ပဿိတုံ- ရှုမြင်ခြင်းငှာ၊ န သက္ကောန္တိ- မစွမ်းနိုင်ကုန်၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊ ဇယမင်္ဂလံ- လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၃၂။ ဗုဒ္ဓေါ ယံ ဒေသယိ ဓမ္မံ၊ အနုကမ္ပာယ ပါဏိနံ။
တံ သုတွာ ပဋိပဇ္ဇန္တိ၊ သဗ္ဗဒုက္ခာ ပမောစယ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓေါ- သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ ပါဏိနံ- သတ္တဝါတို့ကို၊ အနုကမ္ပာယ- သနားတော်မူခြင်းကြောင့်၊ ယံဓမ္မံ- အကြင် တရားဒေသနာတော်ကို၊ ဒေသယိ- ဟောကြားတော်မူပြီ၊ တံ- ထို တရားဒေသနာတော်ကို၊ သုတွာ- ကြားနာရ၍၊ သဗ္ဗဒုက္ခာ- အလုံးစုံသော ဝဋ္ဋဒုက္ခမှ၊ ပမောစယ- လွတ်မြောက်လိုသဖြင့်၊ ပဋိပဇ္ဇန္တိ- ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်၏။ ဧတေန သစ္စဝဇ္ဇေန- ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ- တပည့်တော်အား၊

ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၃၃။ ဉာဏော သဗ္ဗတ္ထ သမ္ဗုဒ္ဓေါ၊ သဒ္ဓမ္မော စ တမောနုဒေါ။
သံဃော သုပ္ပဋိပန္နော စ၊ သန္တံ အဝိတထံ ခုဝံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သမ္ဗုဒ္ဓေါ– အမှန်သိမြင် ဘုရားရှင်သည်၊ သဗ္ဗတ္ထ– သိစရာရှိသမျှ တစ်စမကျန် အလုံးစုံသော ဒေယျမိမ်၌၊ ဉာဏော– အမှန်မသွေ သိတော်မူပါပေ၏၊ သဒ္ဓမ္မော– ဘုရားဟောကြား သူတော်ကောင်းတရားသည်၊ တမောနုဒါ– အဝိဇ္ဇာတိမ်တိုက် မောဟ တည်းဟူသော အမိုက်ကို ပယ်ဖျောက်တတ်၏။ သံဃော– အရိယာရှစ်ဖော် သံဃာတော်သည်၊ သုပ္ပဋိပန္နော– ကောင်းစွာ ကျင့်တော်မူ၏၊ သန္တံ– နိဗ္ဗာန်သည်၊ အဝိတထံ– မချွတ်ဧကန်အမှန်၊ ခုဝံ– မြဲ၏။ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၃၄။ ဇာတိဒုက္ခပရေတာနံ၊ ဗုဒ္ဓါဒိရတနတ္တယံ။
သဗ္ဗဒါ သဗ္ဗပါဏီနံ၊ တာဏံ လေဏံ ပရာယဏံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓါဒိရတနတ္တယံ– ဘုရားစသား ရတနာမြတ်သုံးပါး အပေါင်းသည်၊ ဇာတိဒုက္ခပရေတာနံ– ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခသည် နှိပ်စက်အပ်ကုန်သော၊ သဗ္ဗပါဏီနံ– လုံးစုံများစွာ သတ္တဝါတို့၏။ သဗ္ဗဒါ– အခါခပ်သိမ်း၊ တာဏံ– ကိုးကွယ်ရာသည်၊ လေဏံ– ပုန်းအောင်းရာသည်၊ ပရာယဏံ– မှီခိုရာသည်၊ ဟောတိ– ဖြစ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော်အား၊ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

၃၅။ ဇယန္တော ဗောဓိယာ မူလေ၊ သတ္ထာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သက်ျာနံ– သာကီဝင်မင်းတို့၏၊ နန္ဒိဝဍ္ဎနော– နှစ်သက်ခြင်းကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည်၊ ဗောဓိယာ– ဗောဓိပင်၏၊ မူလေ– အနီးတစ်ခွင် အပရာဇိတ ပလ္လင်တော်၌၊ ဇယန္တောယထာ– မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ ဧဝမေဝ– ဤအတူသာလျှင်၊ မေ– တပည့်တော်အား၊ ဇယော– ဘေးရန်ခပင်း အောင်မြင်ခြင်းသည်၊ ဟောတု– ဖြစ်ပါစေသတည်း။ ဇယမင်္ဂလေ– အောင်ရာ အောင်ကြောင်း အောင်မင်္ဂလာအပေါင်းတို့ကို၊ ဇယဿု– ပြီးမြောက်လျှင်လျှင် အောင်မြင်ပါစေသတည်း။ ဧတေန သစ္စဝဇ္ဇေန– ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်၊ မေ– တပည့်တော် အား– ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

ရန်ကုန်မြို့

# မဟာဗောဓိ ပရိယတ္တိစာသင်တိုက်

နာယက ဆရာတော်

# အရှင်ပဏ္ဍိတာဘိဝံသ

ရေးသားပြုစုသော ကျမ်းစာများ

၁။ သဒ္ဒတ္ထဘေဒစိန္တာဝဗောဓိ

၂။ ပဋ္ဌာန်းပို့ချချက်

၃။ အထက်ယမိုက်ပို့ချချက်

၄။ မောဂ္ဂလ္လာန်သုတ်နက် (ပထမပိုင်း)

၅။ မောဂ္ဂလ္လာန် ဂိုဏ်းစဉ်

၆။ မောဂ္ဂလ္လာန် သုတ်နက် (ဒုတိယပိုင်း)

၇။ မောဂ္ဂလ္လာနာဝဗောဓိ (ပထမပိုင်း)

၈။ မောဂ္ဂလ္လာနာဝဗောဓိ (ဒုတိယပိုင်း)

၉။ ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး

၁၀။ မဟာဗောဓိ ကစ္စည်းသုတ်နက်

၁၁။ မဟာဇယ မင်္ဂလာ ပါဠိနိဿယ

၁၂။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်